# ဘာဝ ဝတ္ထု ခြောက်ပုဒ်

နှင့်

# လက်ရာစုံ ဆောင်းပါး ဆယ့်သုံးပုဒ်



ဒေါက်တာအောင်ကျော်
(သွား / ဆရာဝန်)
သ.ခ.၁၃၆

ရေးသားစီစဉ်လှူဒါန်းသည်။

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

**စာမူခွင့်ပြုချက်အမှတ်**

၄၀၀၁၇၉၀၂၁၂

❒

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**

၄၀၀၂၃၇၀၂၁၂

❒

**ထုတ်ဝေသူ**

ဦးနေမျိုး (၀၄၀၅၈)၊ နေမျိုးစာပေဒေသာ

အမှတ်(၁)၊ သုမင်္ဂလာလမ်း၊ ၅–ရပ်ကွက်၊ တောင်ဥက္ကလာပ။

❒

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ**

ဦးအုန်းဇော် (၀၂၆၇၂)

နဝရတ်ပုံနှိပ်တိုက်

အမှတ် (၁၈)၊ သင်္ဂဟာလမ်း၊ ကျောက်မြောင်း၊

တာမွေမြို့နယ်၊ ရန်ကုန်မြို့။

❒

၁၃၇၄–ခုနှစ်၊ ကဆုန်လဆန်း (၁၀)ရက်

**စာပေဒါန**

ပထမအကြိမ်၊ အုပ်ရေ – ၆၀၀၀

၀၁၀

အောင်ကျော်၊ ဒေါက်တာ(သွား/ဆရာဝန်)

ဘဝ ဝတ္ထုခြောက်ပုဒ်နှင့်လက်ရာစုံဆောင်းပါးဆယ့်သုံးပုဒ်/ ဒေါက်တာအောင်ကျော်(သွား/ဆရာဝန်)။ – ရန်ကုန်၊ နေမျိုးစာပေဒေသာ၊ ၂၀၁၂။

၂၅၀ – စာ၊ ၁၂.၅ X ၂၀ စင်တီမီတာ

(၁) ဘဝ ဝတ္ထုခြောက်ပုဒ်နှင့်လက်ရာစုံဆောင်းပါးဆယ့်သုံးပုဒ်

၁၃၇၄-ခုနှစ်၊ ကဆုန်လဆန်း (၁၀)ရက်နေ့တွင်
ကျရောက်သည့်

ရန်ကုန်မြို့၊ ကမ္ဘာအေး
**တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်ကြီး**

၏

**ပဓာန နာယကဆရာတော်**
**ဘဒ္ဒန္တ သုမင်္ဂလာလင်္ကာရ (Ph.D.)**
**တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက**
**အဂ္ဂမဟာပဏ္ဍိတ အဘိဓမ္မပါဠိပါရဂူ**

၏

# သက်တော် ၆၆-နှစ်ပြည့်မွေးနေ့

နှင့်

၁၃၇၄-ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃-ရက်နေ့တွင်
ကျရောက်မည့်

# လွန်တော်မူ ဆဋ္ဌမမြောက် နှစ်လည်ပူဇော်ပွဲ

## အမှတ်တရ စာပေဒါန

# မာတိကာ


၁။ အောင်တော်မူ ဂါထာတော် က
၂။ သရဏဂုံ စွမ်းရည်လက်ာ ဂ
၃။ သေမင်းကိုလျှင်၊ ငြိုးဖွဲ့ချင် င
၄။ စာရေးသူ၏ အမှာစာနိဒါန်း ဆ
၅။ ''ပါရမီတော်''အနှစ်ချုပ် (နှာ ၂၇–မှ ၄၁–ထိသာ) ၁
၆။ အမှတ်တရများ ရေးသားပူဇော် ၁၁
၇။ ဆန်းနှင့် ကြည် ၂၁
၈။ အာဇာနည်နေ့ ၂၉
၉။ ဗိုလ်ချုပ်အောင်ဆန်း၏ နောက်ဆုံးနေ့ ၃၁
၁၀။ သိက္ခာသည် ဘဝ ၃၉
၁၁။ မြို့ထဲသွား မြို့လားငယ် ၅၈
၁၂။ ရွှေတောင်စုံတွဲ လွမ်းပုံပွဲ ၈၃
၁၃။ ဆွေးမျှောအတိတ် ၁၀၈
၁၄။ မေ့ဘဝ အသူရကာယ်အလားနှယ် ၁၄၁
၁၅။ ကျွန်မ၏ ချစ်စံအိမ် ၁၅၂
၁၆။ ကျေးဇူးကုဋေ ဆုမွန်ခြွေ ၁၇၉
၁၇။ သုံးကြိမ်သာဓု ခေါ်ဆိုပြုပါ၏ ၁၈၀
၁၈။ အနုစာပေသဇင် ပန်းတော်ဝင် ၁၈၁
၁၉။ ဖြစ်မှဖြစ်ရလေ သူငယ်ချင်းရယ် ၁၈၄
၂၀။ ကျေးဇူးကြီးစွာ မြတ်ဆရာ ၁၈၈
၂၁။ သံဝေဂ ၁၉၅
၂၂။ လှိုင်ကျော်စမြဲ နံ့မရှဲသို့ ၁၉၉
၂၃။ အမေးနွားကျောင်းသား ၂၀၅
၂၄။ မစံပယ်နှင်းကြူသို့ ၂၁၂
၂၅။ များများကြိုးစားရပါဦးမည် ၂၁၆
၂၆။ C.C.A သင်ကြားရေးစနစ်၏ ကျေးဇူးများ ၂၁၉
၂၇။ ကြုံဆုံသေကွဲ မမြဲသောတရား ၂၂၂
၂၈။ စာဖတ်ရှိန် မြှင့်တင်ကြပါစို့ ၂၂၇
၂၉။ ငြိမ်းချမ်းကမ္ဘာ တည်ဆောက်ပါ ၂၃၀
၃၀။ စာရေးသူ၏ နိဂုံးအမှာစာ ၂၃၂
၃၁။ ပတ္တိဒါန အမျှပေးဝေ ၂၃၄
၃၂။ ကျမ်းပြီးဆုတောင်းပတ္ထနာ ၂၃၆

**အမရပူရမြို့၊ မဟာဂန္ဓာရုံတိုက်**

**ဘာသာဋီကာကျမ်းပြုအကျော်၊ တောင်မြို့ဆရာတော် အရှင်ဇနကာဘိဝံသ ၏**

# အောင်တော်မူ ဂါထာတော်

**ဉာံ နမောတေ ဝိဇေတုံမေ၊**
**ယေတော ဒဒတောယေ။**
**နဋ္ဌထမ္ဘံ သဗ္ဗသန္တံ၊**
**ကရမေ ယေမင်္ဂလံ။**

**ဉာံ** = အန္တရာယ်ခပင်း၊ ရန်စွယ်ရှင်း၍ ကောင်းခြင်းဆင်ကာ၊ မယှဉ်သာအောင်၊ မင်္ဂလာကြီး ဖြစ်ပါစေသတည်း။

**နဋ္ဌထမ္ဘံ** = ထောက်ပံ့မည့်သူ၊ ကူညီမည့်နတ်၊ ရံပတ်ဝဲယာ၊ ပြဟ္မာလည်း မရှိပါဘဲ၊

**သဗ္ဗသန္တံ** = ကိုယ်နေရှိန်မပျက်၊ တသိန်ထွက်ဖို့၊ ငြိမ်သက်ဖွေးဖြူ၊ အေးအေး လူသာလျှင်၊

**ယေတော** = ပါရမီစက်ဟုန်၊ လက်နက်စုံဖြင့်၊ ချက်ကုန်မလွဲ၊ ပွဲတိုင်းမရှောင်၊ နွဲတိုင်းပင် အောင်တော်မူပေထသော၊

**ယေံ ဒဒတော** = အောင်ရာစည်းကမ်း၊ အောင်နည်းလမ်း၌၊ မှိုငြမ်းမလစ်၊ အသစ်အဆန်း၊ တစ်ဂဏန်းက၊ မှန်းဆ၍မျှော်၊ ပန်းရအောင်လည်း၊ လမ်းပြပေးသနားတော်မူနိုင်ပေထသော၊

တော(တဝ) = မကိုဋ္ဌရောင်လျှံ၊ ဉသျှောင်ပျံမှာ၊ အောင်လံစွင့်စွင့်၊ လွင့်တလူလူ၊ အောင်တော်မူ မြတ်ဘုရားအား။

မေ (မမ) = မအောင်သေးခင်၊ အောင်ကြွေးတင်၍၊ အောင်မြင်ရန်မျှော်၊ တပည့်တော်၏။

ဝိဇေတုံ = မရှောင်ခပင်း အခေါင်နင်း၍၊ အောင်ခြင်းကြီး အောင်ရပါခြင်း အကျိုးငှာ၊

နမော = အောင်ခဲ့သည့် တန်ခိုးဂုဏ်ကို၊ အမျိုးစုံ မှန်းဆ၍၊ တမ်းတရှိခိုးပါ၏ အရှင်ဘုရား။

မေ (မမ) = မအောင်သေးခင်၊ အောင်ကြွေးတင်၍၊ အောင်မြင်ရန်မျှော်၊ တပည့်တော်အား။

ဇယမင်္ဂလံ = အောင်ရန်အတိတ်၊ အောင်နိမိတ်ဖြင့်၊ အောင်ဘိသိက်သွင်း၊ အောင်ဟိတ်ကျင်း၍၊ အောင်ခြင်းဆင်ကာ၊ မင်္ဂလာကို၊

ကရ = သပြေအနု၊ ငွေခရုဖြင့်၊ ဇေယျတုပုံ၊ မေရုတုန်အောင်၊ အပုံပုံအမှုအေးဖို့၊ ပြုပေးတော်မူပါ၊ အောင်တော်မူ အရှင်မြတ်ဘုရား။

❀❀❀❀❀❀

## စာပေဒါန

| | |
|---|---|
| ၁။ သိန်း၊ ခင်၊ ကြည်၊ မြ၊ လှ၊ သောင်း၊ ထွေး၊ မောင်နမ ၇-ဖော် ရွှမဝတိုက်၊ တောင်ကြီး။ | ၇၀၀၀ဝိ/- |
| ၂။ ဦးနေဝင်း+ဒေါ်ခင်လှလှ မိသားစု စမ်းချောင်း၊ ရန်ကုန်။ | ၃၀၀၀ဝိ/- |
| ၃။ ဦးဉာဏ်လှိုင်+ဒေါ်ဥ၊ ရတနာပုံရွာ၊ ရပ်စောက်။ | ၁၀၀၀ဝိ/- |
| ၄။ ယောဂီဒေါ်သင်းကြည် အတုလမာရ်အောင်ကျောင်း၊ ရန်ကုန်။ | ၁၅၀၀ဝိ/- |

ရန်ကုန်တိပိဋကစရဆရာတော် ဘဒ္ဒန္တသုမင်္ဂလာလင်္ကာရ(Ph.D.)
တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓမ္မပါဠိပါရဂူ ၏

# သရဏဂုံ စွမ်းရည်လင်္ကာ

**၁။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။**

သိရန်မှန်က၊ မကျန်ရအောင်၊ လုံးဝသိမြင်၊ ဘုရားရှင်ကို၊
အစဉ် ထာဝရ၊ သက်ဆုံးကျအောင်၊ မြတ်လှဂုဏ်တော်၊
ဉာဏ်ဖြင့် ဖော်၍၊ ရွှင်ပျော် ကြည်လတ်၊ ပီတိစာတ်ဖြင့်၊
ဆည်းကပ်ကိုးကွယ်ပါ၏ အရှင်ဘုရား။

**၂။ ဓမ္မံ သရဏံ ဂစ္ဆာမိ။**

အိုနာသေရ၊ ဘေးဒုက္ခမှ၊ လွတ်ထလွတ်ရန်၊
လွတ်ကြောင်းမှန်သည့်၊ ဆယ်တန်အကျော်၊ တရားတော်ကို၊
မြဲနော်ထာဝရ၊ သက်ဆုံးကျအောင်၊ မြတ်လှဂုဏ်တော်၊
ဉာဏ်ဖြင့်ဖော်၍၊ ရွှင်ပျော်ကြည်လတ်၊ ပီတိစာတ်ဖြင့်၊
ဆည်းကပ်ကိုးကွယ်ပါ၏ အရှင်ဘုရား။

**၃။ သံဃံ သရဏံ ဂစ္ဆာမိ**

ဘုရားဟောအပ်၊ ကျင့်စဉ်မြတ်ကို၊ ကျင့်လတ်ကျင့်ပြီး၊
ခရီးလွန်မြောက်၊ ရှစ်ယောက်အရိယာ၊ မြတ်သံဃာကို၊
မြဲစွာထာဝရ၊ သက်ဆုံးကျအောင်၊ မြတ်လှဂုဏ်တော်၊
ဉာဏ်ဖြင့်ဖော်၍၊ ရွှင်ပျော်ကြည်လတ်၊ ပီတိစာတ်ဖြင့်၊
ဆည်းကပ်ကိုးကွယ်ပါ၏ အရှင်ဘုရား။

သို့/ လှိုင်ကော်မြို့။

ဒေါက်တာအောင်ကျော် (သွား/ဆရာဝန်) ၁၂/၆/၁၁

ဆရာခင်ဗျား ...

လေးစားစွာဖြင့် စာရေးလိုက်ပါသည်။ ကျွန်တော် ဆရာကျော်(လှိုင်ကော်)ပါ။ ယခုနှစ် ရေးသား ဓမ္မဒါနပြုသော စာအုပ်ကို ဆရာဦးထွန်းဝင်းထံမှ တစ်ဆင့် ရပါသည်။ ကျေးဇူးတင် ဝမ်းမြောက်လှပါသည်။ ဆရာ့ထံ စာရေးရန် စဉ်းစားနေတာ ကြာပါပြီ။ အကြောင်းက ဆရာ့နောင်တော် တိပိဋကဓရ ရန်ကုန်ဆရာတော့် မွေးနေ့တိုင်း ရိုက်လှူနေကျ၊ ဆရာထုတ်ဝေသော ဓမ္မဒါနစာအုပ်တွေမှာ၊ ဆရာတော် ရွတ်ဆိုပေးနေကျ သရဏဂုံ အနက်လင်္ကာလေးကို ဖော်ပြပေးမလားလို့ စောင့်မျှော်ရင်း၊ ယခုစာအုပ်တွင်လည်း ပါတာ မတွေ့ရ၍၊ ယခု ဤစာ ရေးလိုက်ရတာပါ။

ရန်ကုန်ဆရာတော် သက်တော်ထင်ရှားရှိစဉ်က၊ မြန်မာ့ရုပ်သံမှ၊ ဝါတွင်းကာလ ဥပုသ်သီလပေးရာတွင်၊ ဆရာတော် ချီးမြှင့်သော နဝင်္ဂသီလကို၊ မြန်မာ့ရုပ်သံမှ နာယူရင်း၊ မိတ်ဆွေတစ်ယောက်က ကူးပေးထားရာ၊ ၎င်းထဲတွင် ရန်ကုန်ဆရာတော်က **"မိမိတို့ ကိုးကွယ်သော ဘုရား တရား သံဃာရဲ့ ဂုဏ်ကို ပေါ်အောင် လိုက်ဆိုပေးကြပါ"** ဆိုပြီး ချပေးသွားတာပါ။

ရန်ကုန်ဆရာတော်၏ တပည့်သားမြေးများကတော့ ရပြီး သိပြီးကြပေမဲ့ နောက်မျိုးဆက်တပည့်များအတွက်၊ ဆရာ့နောင်တော်၊ ရန်ကုန်ဆရာတော့် အမှတ်တရစာအုပ်တွေမှာ အခြားသော ကဗျာလင်္ကာတွေထက်၊ အဲဒီ သရဏဂုံစွမ်းရည်လင်္ကာလေးကို ထည့်ဖော်ပြပေးမလားလို့ ကျွန်တော် စောင့်စားမိပါတယ်။ နောက်ဆုံးထုတ် "ရသဝတ္ထု ၆-ပုဒ်"စာအုပ်မှာလည်း ပါမလာလို့ ဆရာ့ထံမှာ ကူးထားတာ မရှိလောက်ဘူး ထင်ပါသဖြင့်၊ ကူးပေးလိုက်ပါတယ်။ ရန်ကုန်ဆရာတော်၏ ပင်ကိုအသံကိုပါ ကြည့်ညိုလိုလျှင် ဆရာပြောပါ။ ပို့ပေးပါမည်။

ဆရာတို့ မိသားစုအပါအဝင် မိသားစုနှင့်စပ်သမျှ အားလုံး ကျန်းမာ ချမ်းသာကြပါစေ။

လေးစားလျက်

ဆရာကျော်(လှိုင်ကော်)

ဆရာဦးကျော်မြင့် (တိုင်းရင်းဆေး)

လှိုင်ကော်မြို့၊ ကယားပြည်နယ်။

❀❀❀❀❀❀

# သေမင်းကိုလျှင်၊ ငြိုးဖွဲ့ချင်

လွှန်တော်မှူ ၆–နှစ်ပြည့် အမှတ်တရ၊ အချိုညီ၊ အချုညီ၊ ပါဒညီ ရတုပိုဒ်စုံ

▲ **နော်မာကမ်းက၊** သိဒ္ဓတ္ထအား
ဆန္ဒဖွားဖက်၊ ခွဲခွါခက်မို့၊ ပင့်သက်ကိုချ
ကိုယ်နွမ်းလျှန်း၊ မျက်ရည်ဖုံးလျက်၊ နှလုံးမသာ
စိတ်ဆာဆာနှင့်၊ မာယာမနှော၊ ငိုပြောတောင်းပန်
သခင်ပြန်လှဲ့၊ ပြည်ဌာန်ငဲ့ပါ၊ ရာဟုလာသား
သက်ထားယသော်၊ မယ်တော်ခမည်း၊ နှလုံးသည်းပွတ်
ဆည်းညွတ်ကွဲကြေ၊ သေလုမြောပါ၊ သနားပါလင့်
ကြင်နာသင့်ဟု၊ ဆင့်ဆင့်တင်ပြ၊ နားတော်ချလဲ
ချွန်မြဆင်စွယ်၊ ဝင်ဖွယ်မရှိ၊ မြဲဘိဓိဋ္ဌာန်
ဆန္ဒပြန်ပြီ၊ ကဏ္ဍကရင်ကွဲ၊ သေပွဲဆက်ရှာ
**သက်ညှာလားလင့် ကဲ့သည်သို့ ။ ။**

▲ **သော်တာဆန်းစ၊** သုံးရက်လငယ်
ခုံးမျက်စနှယ်၊ နောက်ဆွယ်မိုးဖျား၊ ပိုးဝါးမှုန်ရီ
မပီတပီ၊ မကြည်တကြည်၊ ခြည်ဖြာရေးရေး
ကွေးကွေးလေးပေါ်၊ မျှော်တွေးမှန်းဆ၊ လွမ်းလျလျနှင့်
တမ်းတရှိုက်ဖော၊ သောကနှောလျက်၊ ပြောမထွက်နိုင်
စိတ်လက်ခိုင်ကျည်၊ ယိုင်မသီအောင်၊ ပြိုင်မီဆောင်လဲ
သောင်သဲကမ်းပါး၊ မကခြားခဲ့၊ ဆမျှားကုဋေ
ပြန်ခဲ့ပေငြား၊ နေမအားထိုက်၊ ညီဖွားစိုက်စိုက်
လိုက်လို့ဖူးချင်၊ လျှောက်ထားချင်သေး၊ အရှင်နောင်ဘုန်း
သံသရာဆုံးတိုင်၊ အပြုံးမပျက်၊ ခရီးဆက်ကာ
**ထွက်ခွါသွားနှင့် ခဲ့ပြီမို့ ။ ။**

▲ <u>အစွမ်းကုန် အားထုတ်ပြီး လုပ်</u>

ဘာပဲလုပ်လုပ် လေးလေးစားစားလုပ်။
ပေါ့ပျက်ပျက် မလုပ်ကြနဲ့။ ပေါ့ရင် ပျက်မှာပဲ။
ဘာပဲလုပ်လုပ် အစွမ်းကုန် အားထုတ်ပြီး လုပ်ကြ။
အခု ပေါ့ပျက်ပျက် လုပ်ရင် ကြီးတဲ့အထိ၊
ပေါ့ပျက်ပျက်အကျင့်ကြီး ပါသွားပြီး၊
ဘာမှ အောင်မြင်မှု မရဘဲ ဆင်းရဲတတ်တယ်။

ရန်ကုန်တိပိဋကဆရာတော်။

▲ ဖော်ကွာလွမ်းလှ၊ ဆွေးမြမြကြွယ်
တွေးဆဆခြယ်၊ မပျက်ပြယ်မောက်၊ သွယ်သွယ်အောက်မေ့
တငွေ့ငွေ့တည့်၊ ဆွေ့ဆွေ့ရင်ထက်၊ ရှိုက်မက်မက်မော
ရက်ဆက်သောက၊ ဒေါသခံပြင်း။ မောဟာချင်းခဲ့
သေမင်းရာဇ၊ မရဏကို၊ ခေါ်စွစောစော
ဘာသဘောဟု၊ စောကြောမေးလို၊ ရန်တွေ့လို၏
နေလိုသမျှ၊ နေခွင့်ရသော်၊ ကျွန်နောင်တော်မှာ
ပျော်ပျော်ကာသိုလ်၊ ပြုရေးဆိုလိမ့်၊ ပြီးပျက်ဘုရား
ကျောင်းအိုများပြင်၊ စာသင်ကျောင်းဆောက်၊ လမ်းကျယ်ဖောက်ခင်း
သောက်ရေတွင်းတူး၊ ဆေးဖြန့်ဖြူးဖို့၊ ထူးထူးမိန့်လျက်
ဆက်ကာကြားဆင့် လှဲ့မည်ကို ။ ။

မင်းသန့်ဦး(တောင်ကြီး)
၁၃၇၃–ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃–ရက်
(၃၁/၉/၁၁)
ညဦး ၇း၃၅ နာရီ။

❀❀❀❀❀❀

# စာရေးသူ၏ အမှာစာနိဒါန်း

၁၃၇၃–ခုနှစ်၊ နတ်တော်လပြည့်နေ့ (၁၀/၁၂/၁၁)

လေးစားရပါသော စာဖတ်ပရိသတ်များခင်ဗျား ...

လာမည့် ၁၃၇၄–ခုနှစ်၊ ကဆုန်လဆန်း ၁၀–ရက် (၃၀/၄/၁၂) နေ့သည် နောင်တော်ဘုန်းကြီး ရန်ကုန်တိပိဋကရေဆရာတော်၏ သက်တော် ၆၆–နှစ်ပြည့် မွေးနေ့ရက်မြတ်မဟာ ဖြစ်ပါမည်။ ၃၀/၉/၁၁–တုန်းက နောင်တော်လွန်တော်မူ ၅ – နှစ်တိတိ ပြည့်မြောက်ခဲ့၍ ၆ – နှစ်တွင်းသို့ ၇–လ ချင်းနင်းဝင်ရောက်ပေတော့မည်။ ၆၆–နှစ် ပြည့် မွေးနေ့ပူဇော်ပွဲ ဝိဇာတသဘင်ကို လွန်တော်မူ ၆–နှစ်အကြို နှစ်လည်ပူဇော်ပွဲပါ ပူးတွဲကျင်းပမည် ဖြစ်ပါသည်။

၂၀၀၀–ပြည့်နှစ်မှစ၍ မွေးနေ့ပူဇော်ပွဲအတွက် ကိုယ်တိုင်ရေး စာအုပ်တစ်အုပ်ဖြင့် ဓမ္မဒါန နှစ်စဉ်နှစ်တိုင်း ရိုက်နှိပ်လှူဒါန်းလာခဲ့ရာ၊ ယခုနှစ်အဖို့ ၁၂–အုပ်မြောက် ဖြစ်သလို၊ ကျွန်တော့် ၂၈–အုပ်မြောက် စာအုပ်လည်း ဖြစ်ပါမည်။ စာဖတ်မိတ်ဆွေတစ်ဦးက၊ ကျွန်တော်၏ သေခြင်းတရားဆောင်းပါးများကို ကြိုက်နှစ်သက်ခဲ့သည့်အားလျော်စွာ ''မဖတ်ရတာ ကြာပြီ၊ ဆက်မရေးတော့ဘူးလား''ဟု အမေးရှိလာ၍ သေခြင်းအကြောင်း စာတစ်အုပ်ရေးမည်ဟု ရည်ရွယ်ရင်း ရှိခဲ့ပါသည်။

ရှေ့ရေးကို ကြိုတင်ပြင်ဆင် ရည်ရွယ်ထားခဲ့သော်လည်း၊ မရွယ်သည်များ ဖြစ်လာတတ်ပါသည်။ လူ့ဘဝဟူသည် မွေးဖွားခြင်းမှသည် သေလွန်သည်အထိ၊ ကာလအပိုင်းအခြား ဖြစ်နေပေရာ၊ ဘဝအကြောင်းများကို ဖွဲ့ရေးသီကုံးချင်စိတ် ဖြစ်ပေါ်လာသဖြင့်၊ ဘဝ ဝတ္ထုများကို သရုပ်ဖော်ဖြစ်သွားပါသည်။

ထို့ကြောင့် ဘဝ ဝတ္ထုခြောက်ပုဒ်နှင့် လက်ရာစုံ အခြားဆောင်းပါးများ ဆယ့်သုံးပုဒ်တို့ကို စုစည်း၍ စာအုပ်ရိုက်လှူရန် ဖြစ်မြောက်သွားပါတော့သည်။

**ဘဝ** ဟူသည် အလွန်ကျယ်ပြန့်သလို၊ အင်မတန်မှလည်း နက်နဲပါပေသည်။ ကံဇာတ်ဆရာ၏ ညွှန်ကြားစီရင်သည့်အတိုင်း မမျှော်လင့်သော ဘဝအဆစ်အပိုင်းတွင် မထင်မှတ်သော ဘဝထောင့်ချိုးကြီးများနှင့် ကြုံဆုံတိုးကြရ၏။ အချို့တို့က ပြေပြေလေး မသိမသာ ချိုးကွေ့သွားကြသော်လည်း၊ အချို့သူတို့အဖို့ ထောင့်မှန်ချိုး ထောင့်ကျဉ်းချိုးတို့သည် တံတောင်ဆစ်ချိုး အလား ရုတ်တရက်ကြီး ချိုးကွေ့သွားပါသည်။ မည်သို့ပင်ဖြစ်စေ၊ လောကဓံတရားကို ကျွန်တော်တို့ ရင်စည်းခါးစည်း ခံနိုင်ရည်ရှိဖို့ လိုအပ်ပါသည်။ **"ကောင်းဆိုးနှစ်တန်၊ လောကဓံ၊ ခံနိုင်သူမှ၊ လူတော်ကွ"**ဟု ဘာသာမြန်မာ ကျမ်းပြုအကျော်၊ တောင်ငူမြို့မဟာဂန္ဓာရုံဆရာတော်ကြီးက စာချိုးပြု ဟောထားတော်မူသည် မဟုတ်ပါလား။

ဝတ္ထုဆိုသည်မှာ ဇာတ်လမ်းအကြောင်းအရာ ဖြစ်ပါသည်။ လူတိုင်းကိုယ်စီ၌ ဘဝ,ဝတ္ထုကိုယ်စီ ရှိကြပါသည်။ လူ့အကြောင်းကို စိတ်ဝင်စားလျှင်၊ ဝတ္ထုစာပေကို လျစ်လျူပြုထား၍ မရပါ။ **အလီမွာ စာမှာရှိ** ဆိုသည့်အတိုင်း စာမျိုးစုံ ဖတ်ရှုမှတ်သားသင့်ပါ၏။ မျက်မှောက်ခေတ် လူငယ်လူလတ်တို့ စာဖတ်ရှိန် တန့်ရုံမျှအဆင့် မဟုတ်မူဘဲ၊ စာဖတ်ရှိန်ပျက်ကာ အောက်ခြေသို့ ထိုးကျနေပေပြီ။ ရသစာပေကို တန်ဖိုးမထား၊ မလေ့လာ မဖတ်ရှုလျှင်၊ ဘဝမှာ မပြည့်စုံဘဲ၊ အသည်းနှလုံးမရှိသည့် ကောက်ရိုးလိုလူစား၊ ဦးနှောက်မရှိသည့် မှိုလိုလူစားများသာ ဖြစ်သွားပေရော့မည်။ စာဖတ်သူတို့ ကျွန်တော် ကြိုးစားဖွဲ့သီပြသည်တို့ကို ဖတ်ရှုပြီးနောက်၊ လက်လှမ်းမီရာ မိတ်ဆွေတို့အား စာမြည်းကြည့် ဖတ်ရှုကြည့်ကြရန် လက်တို့လိုက်ပါမည့်အကြောင်း စကားကြုံပါးလိုက်ပါရစေ။

ဤသို့ မေတ္တာရပ်ခံရခြင်းတွင် အကြောင်းခံလေးများ ရှိပါသည်။ အလွန်မတန်မှ တိုးတက်ဖွံ့ဖြိုးပါသော အနောက်နိုင်ငံများတွင်၊ စက်မှုဆိုင်ရာ ရုပ်ပိုင်းများ ခေတ်မီခေတ်လွန်စွာ တစ်နေ့တစ်မျိုး ပေါ်ထွန်းနေပေ၏။ ယနေ့ ပေါ်သော နည်းပညာအသစ်သည်၊ မနက်ဖြန်တွင် ခေတ်နောက်ကျသွားပြီ အဆင့်ရောက်အောင်ကိုပင်၊ အရှိန်အဟုန်ဖြင့် ရှေ့သို့သာ ပြေးနေတော့၏။ နည်းပညာ

သစ်တွေ သစ်ပြီးရင်း သစ်နေသဖြင့်၊ လူတို့သည် တီဗွီဖန်သားပြင်ရှေ့၊ ကွန်ပျူတာဖန်သားပြင်ထက်၊ လက်ဖ်တော့ပ်မျက်နှာစာပေါ်သို့သော မျက်စိအာရုံ စိတ်အာရုံ ညွတ်နေကြတော့သည်။

ကျောင်းသားလူငယ်တို့သည်၊ ဖျော်ဖြေရေးမျိုးစုံအပြင်၊ စက်ပစ္စည်းနှင့်အပြိုင် ဉာဏ်ကစားရသော တီဗွီဂိမ်းတွေကို ခလုတ်နှိပ်၊ အင်တာနက်တွေမှာ စူးစမ်းရှာဖွေ၊ မိတ်ဆွေသစ်များကို လူမမြင် အသံမကြား စာလုံးများဖြင့် ''ချက်တင်'' စကားပြော ဆက်သွယ်ကြ၊ အချိန်ဖြုန်းကြသည်။ ဤသို့ဖြင့် အမေရိကန်နိုင်ငံအဝှမ်း၌ အခြေခံအထက်တန်းကျောင်း ပြီးစီးသည်အထိ၊ စာသင် စာကျက် စာကြည့်ချိန် နာရီပေါင်းနှစ်သောင်း။ ပြင်ပ ခေတ်မီစက်မှုကွန်ရက်တွေမှာ နာရီလေးသောင်း သုံးပါသတဲ့။ ပြင်ပဗဟုသုတအတွက်နှင့် စိတ်အာဟာရ ကျွေးဖို့ သုတရသ စာပေ ဖတ်ရှုချိန်ကား အလွန်နည်းပါးလွန်းလှ၏။ နာရီနှစ်ထောင်ဝန်းကျင်ပါတဲ့။ ကျွန်တော်တို့ နိုင်ငံမှာတော့၊ တက္ကသိုလ်မရောက်မီ၊ သုတရသ စာပေ ဖတ်ရှုလေ့လာချိန် နာရီတစ်ထောင် ရှိနိုင်ပါ့မလား။ သိပ်တော့ မမျှော်လင့်ရဲပါပေ။ မည်သို့ဆိုစေ၊ အားလုံး စာဖတ်ရှိန်မြှင့်တင်ဖို့ လိုအပ်နေသည်ကတော့ အမှန်ပင် ဖြစ်၏။

စာမူအချို့ ရေးသားပံ့ပိုးခဲ့ကြသော စာရေးဆရာ ကြီး ငယ် သစ်ဟောင်း တို့အားလည်းကောင်း၊ လိုအပ်ရာရာ ကျမ်းညွှန်းများကို ရှာဖွေပေးသော ကျွန်တော့်ဦးဇင်း ဦးနရိန္ဒ(ဓမ္မာစရိယ၊ ဝိသိဋ္ဌဥဘတော ဝိဘင်္ဂရေ) အားလည်းကောင်း၊ မျက်နှာဖုံးအတွက် ပန်းချီတပ်ပုံရိုက်ပေးသော ဆရာဦးကျော်မိုးအားလည်းကောင်း၊ စာအုပ်ကို အချိန်မီ ထွက်နိုင်ရေး ကြိုးပမ်းပေးကြသော နဝရတ်အော့ဖ်ဆက်ပုံနှိပ်တိုက်ပိုင်ရှင် ဦးအုန်းဇော်နှင့် ဝန်ထမ်းများအားလည်းကောင်း၊ ကျေးဇူးအထူးတင်ရှိပါကြောင်း ဂုဏ်ပြုမှတ်တမ်းတင်လိုက်ရပါသည်။

တရားစစ် တရားထူး မြင်တွေ့ချမ်းမြေ့ကြပါစေ။

ဒေါက်တာအောင်ကျော်(သွား/ဆရာဝန်)
သ.စ. ၁၃၆။
၁၀/၁၂/၂၀၁၁။

❀❀❀❀❀❀

▲ **ငြိမ်းချမ်းရေးအတွက်**

☆ အချိန်မရွေး ကျရာတာဝန် ဘယ်ထောင့်ကပဲဖြစ်ဖြစ် ငြိမ်းချမ်းရေး တည်ဆောက်တဲ့ နေရာမှာ ကျွန်တော် ကူညီနိုင်တာရှိရင် ကူညီမယ်။ ကျွန်တော့်ကိုလည်း နိုင်းကြပါ။

☆ ကျွန်တော်တို့ နိုင်ငံသားတွေအားလုံး ငြိမ်းချမ်းရေး လိုချင်တာပဲ။ ငြိမ်းချမ်းရေး တည်ဆောက်တဲ့ နေရာမှာ၊ နည်းနာ မှန်ကန်ဖို့နဲ့ စေတနာ မှန်ကန်ဖို့ အရေးကြီးပါတယ်။

**ဒေါက်တာတူးဂျာနှင့်တွေ့ဆုံခြင်း**
**HOT NEWS အတွဲ ၂၊ အမှတ် ၇၂-မှ။**

▲ **လွတ်လပ်မှုလို**

☆ အနုပညာပဲဖြစ်ဖြစ်၊ ဘယ်အလုပ်ပဲလုပ်လုပ်၊ လွတ်လပ်မှု မရှိရင် မအောင်မြင်နိုင်ဘူး။ စာပေ၊ ရုပ်ရှင်၊ ဗွီဒီယို စတဲ့ နေရာတိုင်းမှာ လွတ်လပ်မှု လိုတယ်။ စည်းမဲ့ကမ်းမဲ့ ပရမ်းပတာကို ဆိုလိုတာ မဟုတ်ပါဘူး။ စိတ်ကြိုက်ဖန်တီးခွင့် ရရှိတာကို လွတ်လပ်မှုလို့ ဆိုလိုတာပါ။

**လူရွှင်တော်ဇာဂနာနှင့်တွေ့ဆုံခြင်း**
**ဂလိုဘယ်သတင်းဂျာနယ်၊ အမှတ် ၃၄-မှ။**

▲ **လုံးဝမပြောသင့်**

☆ လုံးဝမပြောသင့်တဲ့ စကားတစ်ခုပဲ ရှိတယ်။ အချိန်နှောင်းသွားပြီ ဆိုတာပါပဲ။

**· အကြည်တော်**
**ဂလိုဘယ်သတင်းဂျာနယ်၊ အမှတ် ၃၄-မှ။**

❀❀❀❀❀❀

ရန်ကုန်တိပိဋကဓရဆရာတော် ဘဒ္ဒန္တသုမင်္ဂလာလင်္ကာရ(Ph.D.) ၏

## အမှတ်(၁၇)ကျမ်းစာ "ပါရမီတော်" အနှစ်ချုပ်

**စာမျက်နှာ (၂၇) မှ စာမျက်နှာ (၄၁) အထိ။**

**ဒါနပါရမီလက္ခဏာများ။**

၁။ ဒါနဓာတ်ခံရှိ၍ ဒါန၌ အလွန်မွေ့လျော်၏။
၂။ လှူဖွယ်ရှိလျှင် မလှူဘဲ မနေနိုင်၊ လှူမြဲသာ ဖြစ်။
၃။ လှူခြင်း၌ တွန့်တိုမှု မရှိ။
၄။ အမြဲမပြတ် ခွဲခြမ်း ဝေဖန် လှူဒါန်း၏။
၅။ ဝမ်းမြောက်ဝမ်းသာ လေးစားစွာ လှူဒါန်း၏။
၆။ ပေါ့ဆသော စိတ်ထားဖြင့် လှူဒါန်းလေ့ မရှိ။
၇။ များစွာ ပေးလှူရသော်လည်း၊ တင်းတိမ်အားရမှု မရှိ။
၈။ အခြားသူတို့အား လှူချင်အောင် တိုက်တွန်းလေ့ ရှိ။
၉။ လှူဒါန်းခြင်း ဂုဏ်ရည်စကားကို ဟောကြားမြဲ ဖြစ်။
၁၀။ ဘေးရန်ပေါ်လျှင် အခြားသူတို့အား ဘေးမဲ့ပေးတတ်၏။

နှာ ၂၇။

**သီလပါရမီ၏ လက္ခဏာများ။**

၁။ သူတစ်ပါး၏ အသက်ကို သတ်ဖြတ်မှု မရှိ။
၂။ သတ်ဖြတ်ခြင်း ဒုစရိုက်ကို စက်ဆုပ်ထိတ်လန့်၏။
၃။ သတ္တဝါတို့အား ညှဉ်းဆဲနှိပ်စက်ခြင်း မရှိ။
၄။ ကောင်းမှု၌သာ မွေ့လျော်၍ ကောင်းလေ့မြဲ၏။
၅။ မာယာသာဋ္ဌေယျ မရှိ၊ ဖြောင့်မတ်သဘော ရှိ၏။

၆။ ဆိုဆုံးမလွယ်သူဖြစ်၍ နူးညံ့သိမ်မွေ့၏။
၇။ မာနမကြီးတတ်၍ ခက်ထန်မှု မရှိ။
၈။ သူများပိုင်ပစ္စည်း အသေးအဖွဲသော်မှ မခိုးယူတတ်။
၉။ မိမိ၌အပ်ထားသည်ကို မလွဲမချော် တိကျ ပြန်ပေးတတ်။
၁၀။ လော်လီမှုကင်း၍ ဣတ္ထိဗျသန စသော အကျင့်ဆိုးမရှိ။
၁၁။ မှန်ကန်သော စကားကိုသာ ပြောတတ်။
၁၂။ ကွဲကွာနေသူတို့ကို ညီညွတ်အောင် စေ့စပ်ပေးတတ်။
၁၃။ အပြုံးဖြင့် နှုတ်ဆက်တတ်ကာ၊ ကြောင်းကျိုးမှန်သော စကားသာ ပြောတတ်။
၁၄။ အဘိဇ္ဈာဗျာပါဒကင်းပြီး ကမ္မကတဉာဏ်၊ သစ္စာနုလောမဉာဏ်အမြင်ရှိ။
၁၅။ သူ့ကျေးဇူးကို သိတတ်ပြီး တုံ့ပြန်ပေးဆပ်တတ်။
၁၆။ အသက် သိက္ခာ ဂုဏ်ဝါကြီးသူတို့ကို ရိုသေလေးစားလေ့ရှိ။
၁၇။ အလွန်သန့်ရှင်းသော သက်မွေးမှု ရှိပြီး တရားကို လိုလားနှစ်သက်၏။
၁၈။ သူတစ်ပါးအားလည်း မသင့်မှု တားမြစ်၍ သင့်မှုကို ပြုအောင် တိုက်တွန်းတတ်၏။
၁၉။ မိမိကိုယ်တိုင်လည်း သင့်မှုကိုသာ ပြုလေ့ရှိ။
၂၀။ မသင့်မှုကို ပြုလုပ်မိခဲ့လျှင်၊ လျင်စွာ ရှောင်ကြဉ်တတ်မြဲ ဖြစ်၏။

နှာ ၂၇ ၂၈ နှင့် ၂၉။

**နိက္ခမပါရမီလက္ခဏာများ။**

၁။ ကိလေသာ နီဝရဏများ နည်းပါး၍ ဆိတ်ငြိမ်ရာနေ၌ နေထိုင်လို စိတ်ခံရှိ၊
၂။ မတည်ငြိမ်မှု ပျံ့လွင့်မှု နည်းပါး၏။
၃။ စိတ်ခေတ်တွင်းသို့ မကောင်းကြံစည်မှုများ မဝင်ရောက်ကြ။
၄။ စိတ်အစဉ်သည် မြန်စွာ တည်ကြည်၍ သမာဓိ ရလွယ်၏။

နှာ ၂၉။

**ပညာပါရမီလက္ခဏာများ။**

၁။ သတိတရား ကြီးမား၍ ကြာမြင့်စွာက ပြုခဲ့ပြောခဲ့သည်များကို မမေ့၊ အမှတ်တရ၏။
၂။ တိဟိတ်ပဋိသန္ဓေပညာနှင့် ပြည့်စုံ၍ ဉာဏ်ပညာ ကြီးမား၏။

၃။ ပြုသင့်ပြုထိုက်သော ကိစ္စတို့၌ ကျွမ်းကျင်၏။

နှာ ၂၉ နှင့် ၃၀။

**ဝီရိယပါရမီလက္ခဏာများ။**

၁။ သတ္တဝါတို့၏ အစီးအပွါးကို ပြုရာ၌ လွန်ကဲဝီရိယ ရှိ၏။

၂။ ကိစ္စပြီးရုံမျှ သဘောမထား။ ပိုမိုပြင်းထန်ဝီရိယထားမြဲ ဖြစ်။

နှာ ၃၀။

**ခန္တီပါရမီလက္ခဏာများ။**

၁။ ခန္တီပါရမီနှင့် ပြည့်စုံ၍ အရာအားလုံးကို လွှမ်းမိုးသည်းခံနိုင်။

၂။ မိမိကို ညှဉ်းဆဲသတ်ဖြတ်သော်မှ ဒေါသမထွက်ဘဲ သည်းခံနိုင်၏။

နှာ ၃၀။

**သစ္စာပါရမီလက္ခဏာများ။**

၁။ မှန်ကန်သော စကားကိုသာ ပြောကြားလေ့ ရှိ။

၂။ မုသားမပြောလျှင် သတ်မည် ဆိုသော်လည်း၊ မုသားမဆို အမှန်ကိုသာ ပြောလေ့ ရှိ၏။

နှာ ၃၀။

**အဓိဋ္ဌာနပါရမီလက္ခဏာများ။**

၁။ အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်တိုင်း၊ ပြောင်းလဲမှု မရှိတတ်။

၂။ ခိုင်ခိုင်မြဲမြဲ၊ တည့်မတ်စွာ ဆောင်ရွက်မြဲ ဖြစ်၏။

နှာ ၃၀ နှင့် ၃၁။

**မေတ္တာပါရမီလက္ခဏာများ။**

၁။ မိမိကို အကျိုးမဲ့ပြုသော ရန်သူသော်လည်း မေတ္တာ လျှင်မြန်စွာ ဖြစ်ပေါ်တတ်၊

၂။ ယင်းမေတ္တာစိတ်သည် စွဲမြဲသက်ဝင် တည်နေ၏။

၃။ ရန်သူ မိတ်ဆွေ မခွဲခြား၊ ရင်ဝယ်သားကဲ့သို့ တန်းတူညီမျှ မေတ္တာ ထားနိုင်၏။

နှာ ၃၁။

**ဥပေက္ခာပါရမီလက္ခဏာများ။**

၁။ ဥပေက္ခာထားထိုက်သော တရားတို့၌ ဥပေက္ခာထားမြဲ ဖြစ်၏။

၂။ အကျိုးမဲ့ပြုသော ပုဂ္ဂိုလ်၌ ဒေါသ မဖြစ်စေအောင်၊ စိတ်ကို အလယ် တည့်တည့် ထား၏။

၃။ ကောင်းကျိုးပြုသော ပုဂ္ဂိုလ်၌ လောဘ မဖြစ်စေအောင်၊ စိတ်ကို အလယ် တည့်တည့် ထား၏။

နာ ၃၁။

**ကလျာဏမိတ္တပါရမီလက္ခဏာများ။**

၁၊ သဒ္ဓါတရားနှင့် ပြည့်စုံသူ
၂။ သီလနှင့် ပြည့်စုံသူ
၃၊ အကြားအမြင်သုတနှင့် ပြည့်စုံသူ
၄၊ ပေးကမ်းလှူဒါန်းမှုနှင့် ပြည့်စုံသူ
၅။ ဝီရိယနှင့် ပြည့်စုံသူ
၆။ သတိနှင့် ပြည့်စုံသူ
၇။ သမာဓိနှင့် ပြည့်စုံသူ
၈၊ ပညာနှင့် ပြည့်စုံသူ

နာ ၃၁ နှင့် ၃၂။

**ရှင်းလင်းချက်**

၁၊ သဒ္ဓါတရားနှင့် ပြည့်စုံခြင်းကြောင့် (က)အရဟတ္တမဂ်ဉာဏ် (ခ) သဗ္ဗညုတ ဉာဏ် (ဂ) ကံ,ကံ၏ အကျိုးတို့ကို ယုံကြည်၏။ ထို့ကြောင့် သမ္မာသမ္ဗောဓိ ၏ အကြောင်းဖြစ်သော သတ္တဝါတို့ ရရှိမည့် အကျိုးစီးပွါးကို ရှာကြံ အားထုတ်မှုကို မစွန့်။

၂။ သီလနှင့် ပြည့်စုံခြင်းကြောင့် (က) သတ္တဝါတို့၏ ချစ်မြတ်နိုး၊ လေးစား မေတ္တာထားမှုကို ခံယူရ (ခ) အပြစ်ရှိသူအား တရားနည်းလမ်းကျ အပြစ်တင်တတ် (ဂ) မကောင်း ယုတ်မာသူအား ကဲ့ရဲ့ရှုတ်ချတတ် (ဃ) အခြားသူအား တရားနည်းလမ်းကျ ပြောဆိုတတ် (င) အခြားသူ များ ပြောစကားကိုလည်း သည်းခံတတ်။

၃၊ အကြားအမြင်သုတနှင့် ပြည့်စုံခြင်းကြောင့် (က) သတ္တဝါတို့၏ စီးပွါး ချမ်းသာကို ဆောင်နိုင် (ခ) နက်နဲသော သမထ ဝိပဿနာနှင့် စပ်သော တရားစကားကို ပြောကြားတတ်။

၄။ လှူဒါန်းမှုနှင့် ပြည့်စုံသောကြောင့် (က) ပစ္စည်းလေးပါး ရလိုမှု နည်း (ခ) တည်ကြည် (ဂ) ရောင့်ရဲလွယ် (ဃ) ဆိတ်ငြိမ်နေတတ် (င) လူသူ လေးပါးနှင့် မတော်မလျော် ရောယှက် ဆက်ဆံမှု ကင်း။

၅။ ဝီရိယနှင့် ပြည့်စုံခြင်းကြောင့်၊ သတ္တဝါတို့၏ အကျိုးစီးပွါးပြုရာ၌ အလွန် ကြိုးစားအားထုတ်။

၆။ သတိနှင့် ပြည့်စုံခြင်းကြောင့်၊ အပြစ်မဲ့ ကုသိုလ်တရားတို့၌ စွဲမြဲစွာ တည်သော သတိရှိ။

၇။ သမာဓိနှင့် ပြည့်စုံခြင်းကြောင့်၊ မပျံ့လွင့်ဘဲ တည်ကြည်စိတ် ရှိ။

၈။ ပညာနှင့် ပြည့်စုံခြင်းကြောင့် မဖောက်ပြန် အမှန်ကို သိမြင်။

နာ ၃၂ နှင့် ၃၃။

**ဘုရားလောင်း၏ အားတော် ၄–ရပ်။**

၁။ မိမိကိုယ်ကို မှီ၍ သမ္မာသမ္ဗောဓိ၌ ညွတ်ကာ၊ အဇ္ဈာသယဓာတ်ခံ သန်သော ဆန္ဒတော်သည်၊ အဇ္ဈတ္တိကဗလ အတွင်းအင်အား မည်၏။ မကောင်းမှုကို မှတ်တတ်သော ဟိရိကို မှီ၍ ...၊

၂။ အခြားပုဂ္ဂိုလ်ကို မှီ၍ သမ္မာသမ္ဗောဓိ၌ ညွတ်သော အဇ္ဈာသယဓာတ်ခံ ကြောင့်၊ ထက်သန်သော ဆန္ဒတော်သည်၊ ဗာဟိယဗလ ပြင်ပအား မည်၏။ လောကကို အကြီးအကဲပြု လေးစားသော ဩတ္တပ္ပကို မှီ၍...၊

၃။ ဥပနိဿယ၏ ပြည့်စုံခြင်းဖြင့် သမ္မာသမ္ဗောဓိ၌ ညွတ်သော အဇ္ဈာသယ ဓာတ်ခံကြောင့်၊ နှစ်သက်မှုဆန္ဒသည်၊ ဥပနိဿယဗလ အားကြီးသော အင်အား မည်၏။ အခြားသော သာဝကလောင်း, ပစ္စေကဗုဒ္ဓလောင်း တို့ထက်၊ ထက်မြက်သော ဣန္ဒြေ၊ သန့်ရှင်းသော အတွင်းဓာတ်ခံ၊ ကြီးမားသော သတိတရားတို့ ရှိ၍ ...၊

၄။ သမ္မာသမ္ဗောဓိဉာဏ်အား အမြဲမပြတ် ရှိသေလေ့ရှိသော ပယောဂ ပြည့်စုံမှုသည်၊ ပယောဂဗလ မည်၏။ စင်ကြယ်သော ပယောဂဗလကြောင့် သမ္မာသမ္ဗောဓိသို့ ရောက်ကြောင်း၊ အထောက်အပံ့ကုသိုလ်ပါရမီတို့ အဆက်မပြတ်ပြု၍ ...၊

အဘိနီဟာရနှင့် ပြည့်စုံအောင် ဖြည့်ကျင့်သဖြင့်၊ သမ္မာသမ္ဗောဓိ တည်းဟူသော အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်တော်သို့ ရောက်ရှိ၊

ဤသို့လျှင် အကြောင်းပစ္စယ ၄–ပါး၊ အကြောင်းဟိတ် ၄–ပါး၊ မိုလ် ၄–ပါးတို့နှင့် ဦးစွာအစ ပြည့်စုံလာခဲ့သည့်ပြင်၊ လူသားစင်စစ် စသော ဂုဏ်ရည် ၈–ချက်တို့ ပေါင်းဆုံညီညွတ် ပြည့်စုံမှုတို့ကြောင့် အဘိနီဟာရသည် ပါရမီတော်တို့အား မူလအကြောင်းအဖြစ်ဖြင့် ကျေးဇူးပြု။

နှာ ၃၄၊ ၃၅ နှင့် ၃၆။

**အံ့ရှီးဖွယ်ဂုဏ်ရည် ၄–မျိုး။**

နိယတဗျာဒိတ်ပန်း ဆင်မြန်းနိုင်သော ဘုရားအလောင်းတော်မြတ်သည်–

၁။ သတ္တဝါအားလုံးကို မိမိရင်ဝယ်သားကဲ့သို့ မေတ္တာစိတ်ထားနိုင်။ ကိလေသာအစွမ်းဖြင့် တဖန်ညစ်နွမ်းမှုမရှိ။

၂။ အတွင်းဓာတ်ခံ အဇ္ဈာသယနှင့် လုံ့လပယောဂသည်၊ သတ္တဝါတို့၏ စီးပွါးချမ်းသာကို ဆောင်တော်မူ။

၃။ ပါရမီတရားတော်တို့သည် အထက်သို့ တိုးတက်ကာ ရင့်ကျက်လာကြ။

၄။ ပါရမီကောင်းမှုတရားတို့ တိုးတက်ရင့်ကျက်လာမှုကြောင့် မွန်မြတ်သော ကောင်းမှုကုသိုလ်အလျဉ်များ တိုးပွါးကာ ချမ်းသာခြင်းနှင့် ပြည့်စုံပြီးလျှင် (က) သတ္တဝါတို့၏ ပေးလှူဖွယ်ကို ခံယူထိုက်သူ အလှူခံပုဂ္ဂိုလ်ထူး (ခ) မြင့်မြတ်စွာ အရှိအသေပြုဌာန (ဂ) အတူမရှိ ကောင်းမှုမျိုးစေ့ စိုက်ကြရာ လယ်မြေကောင်းသဖွယ် ဖြစ်လာ၏။

နှာ ၃၆ နှင့် ၃၇။

**မဟာကရုဏာတော်နှင့် ကောသလ္လဉာဏ်တော်။**

မဟာကရုဏာတော်နှင့် ဥပါယကောသလ္လဉာဏ်တော်တို့သည် ပါရမီတော်တို့အား အလွန်ကျေးဇူးများသော အကြောင်းတရား ၂–ပါး ဖြစ်၏။ ဥပါယကောသလ္လသည် ဒါန သီလ စသော ပါရမီတော်တို့ကို ဗောဓိဉာဏ်အား ထောက်ပံ့ပြု အကြောင်းတရားများ ဖြစ်အောင်၊ ဦးတည်စေသည့် ပညာ ဖြစ်၏။ မဟာကရုဏာတော်နှင့် ဉာဏ်ပညာတို့ကြောင့် ဘုရားအလောင်းတော်၏ စိတ်သည် မိမိအတွက် မငဲ့ကွက်၊ အခြားသူ၏ ချမ်းသာမှုကို အမြဲ လုံ့လစိုက်၏။ ခက်ခဲသော ကျင့်စဉ်များကို ပင်ပန်းမှုမရှိ ကြည်လင်စွာ ပြု၏။

၁။ ဉာဏ်ပညာတော်ကြောင့် ဘုရားအဖြစ်သို့ ပြီးစီးအောင်မြင်၍ မဟာကရုဏာတော်ကြောင့် အလုပ်များ ပြီးစီးအောင်မြင်၏။

၂။ ဉာဏ်ပညာတော်ကြောင့် သံသရာမှ ကိုယ်တော်တိုင် ကူးမြောက်၍ မဟာကရုဏာတော်ကြောင့် ဝေနေယျတို့အား ကူးမြောက်စေ၏။

၃။ ဉာဏ်ပညာတော်ကြောင့် ဝေနေယျတို့၏ ဆင်းရဲဒုက္ခများကို ပိုင်းခြား သိမြင်၍ မဟာကရုဏာတော်ကြောင့် ကုစားကယ်တင်ပေး၏။

၄။ ဉာဏ်ပညာတော်ကြောင့် ဆင်းရဲဒုက္ခကို ငြီးငွေ့တော်မူ၍ မဟာကရုဏာ တော်ဖြင့် ဆင်းရဲဒုက္ခကို လက်ခံ၏။

၅။ ဉာဏ်ပညာတော်ဖြင့် နိဗ္ဗာန်သို့ ရှေးရှု၍ မဟာကရုဏာတော်ဖြင့် ဝေနေယျတို့၏ ဆင်းရဲဒုက္ခကို လက်ခံဖြေရှင်းပေးလိုမှုသည် ပဓာနဖြစ်၏။

၆။ ဉာဏ်ပညာတော်ဖြင့် သံသရာကို ရှေးရှု၍ မဟာကရုဏာတော်ကြောင့် သံသရာ၌ မမွေ့လျော်သည့်ပြင်၊ သံသရာရှိ သတ္တဝါသင်္ခါရအပေါ် တပ်မက်မှု ကင်း၏။ (သို့သော် မဟာကရုဏာတော်တရားက စိတ်တော် အစဉ်၌ အမြဲလိုက်ပါနေ၍ သတ္တဝါအားလုံးကို အမြဲမသွေ ချီးမြှောက်နေ သည်သာ)

၇။ မဟာကရုဏာတော်ဖြင့် သတ္တဝါတို့ကို အစဉ်သနား စောင့်ရှောက်တော် မူ၏။ စိတ်တော်အစဉ်၌ ဉာဏ်ပညာတော် အမြဲလိုက်ပါနေ၍ သတ္တဝါ အားလုံးကို တပ်မက်သနားစိတ် အမြဲဖြစ်ပေါ်နေသည် မဟုတ်။ (မဟာ ကရုဏာတော်က သတ္တဝါတို့ကို သနား၍ ကယ်တင်ရန် ကြောင့်ကြ ကြိုးစားသော်လည်း ဉာဏ်ပညာတော်ဖြင့် ထိန်းကာ သတ္တဝါအာရုံမှ ပယ်ခွါလျက် နိဗ္ဗာန်သို့ ရှေးရှုကာ အာရုံပြု၏။)

၈။ ဉာဏ်ပညာတော်ကြောင့် စိတ်တော်အစဉ်၌ ''ငါ''ဟု ထောင်လွှားမာန၊ ''ငါ့ဥစ္စာ''ဟု တပ်မက်တဏှာမရှိ မဟာကရုဏာတော်ကြောင့် သတ္တဝါ တို့၏ စီးပွါးချမ်းသာကို မပျင်းရိ၊ မငြီးငွေ့ မပင်ပန်း ဆောင်ရွက်၏။

၉။ ဉာဏ်ပညာတော်ကြောင့် မိမိကို ကိုးကွယ်ရာအဖြစ် အားထား၍ မဟာ ကရုဏာတော်ကြောင့် ဝေနေယျတို့အား ကယ်တင်စောင့်ရှောက်မှု ဖြစ်ပေါ်၏။

၁၀။ ဉာဏ်ပညာတော်ကြောင့် ပညာရှိ၍ မဟာကရုဏာတော်ကြောင့် ရဲရင့်မှု ဖြစ်၏။

၁၁။ ဉာဏ်ပညာတော်ကြောင့် မိမိကိုယ်ကို ပင်ပန်းစေမည့် ကျင့်စဉ်ကို ရှောင်၍ မဟာကရုဏာတော်ကြောင့် သူတစ်ပါးကို ပင်ပန်းစေမည့် ကျင့်စဉ်များကို ရှောင်ရှားစေ၏။

၁၂။ ဉာဏ်ပညာတော်ကြောင့် မိမိစီးပွါးဖြစ်သော အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညု ဉာဏ်အကျိုးများ ပြီးစီး၍၊ မဟာကရုဏာတော်ကြောင့် ဝေနေယျတို့ကို ကယ်တင်မှုအကျိုးများ ပြီးစီးအောင်မြင်၏။

၁၃။ ဉာဏ်ပညာတော်ကြောင့် တရားတော်ကို အလေးဂရုပြု၍ မဟာကရုဏာ တော်ကြောင့် သတ္တလောက သတ္တဝါများကို အလေးပြုတော်မူ၏။

၁၄။ ဉာဏ်ပညာတော်ကြောင့် သူ့ကျေးဇူးအရပ်ရပ်ကို သိမှတ်တတ်၍၊ မဟာ ကရုဏာတော်ကြောင့် သူများအပေါ် ရှေ့ဦးကျေးဇူးတရား ပြုတော်မူ၏။

၁၅။ ဉာဏ်ပညာတော်ကြောင့် မောဟ ကင်းကွာ၍ မဟာကရုဏာတော်ကြောင့် တဏှာ ကင်းရှင်း၏။ (ဒေါသကင်းသည်လည်း သေချာကေန် ဖြစ်၏)

၁၆။ ဉာဏ်ပညာတော်ကြောင့် ဉာဏ်ဝိဇ္ဇာ ပြီးစီးပြည့်စုံ၍ မဟာကရုဏာတော် ကြောင့် အကျင့်စရဏ ပြီးစီးပြည့်စုံ၏။

၁၇။ ဉာဏ်ပညာတော်ကြောင့် အားတော်များ ပြည့်စုံ၍၊ မဟာကရုဏာတော် ကြောင့် ကြောက်ရွံ့ကင်း ရဲတင်း၏။

ဤဥပါယဉာဏ်တော်နှင့် မဟာကရုဏာတော် တရား ၂-ပါးသည်၊ ပါရမီ တော်၏ အကြောင်းဖြစ်သကဲ့သို့ ပဏိဓာန ဘုရားဆုပန်မှု၏ အကြောင်းလည်း ဖြစ်၏။

နာ ၃၇၊ ၃၈၊ ၃၉ နှင့် ၄၀။

**အဇ္ဈာသယ ၆-ပါး။**

အလောင်းတော်သည် -

၁။ နေက္ခမ္မဓာတ်ခံ အဇ္ဈာသယ ကြီးမားတော်မူ၍၊ ကာမဂုဏ်များ၌၊ အိမ်ရာ တည်ထောင်ခြင်း၌ ...

၂။ လူသူလေးပါးကင်းဆိတ်မှုကို လိုလားသော အဇ္ဈာသယ အားကြီးတော် မူ၍ အပေါင်းအဖော်နှင့် နေခြင်း၌ ...

၃။ အလောဘ အဇ္ဈာသယ အားကြီးတော်မူ၍ လောဘ၌ ...

၄။ အဒေါသ အဇ္ဈာသယ အားကြီးတော်မူ၍ ဒေါသ၌ ...

၅။ အမောဟ အဇ္ဈာသယ အားကြီးတော်မူ၍ မောဟ၌ ...

၆။ ဘဝမှ ထွက်မြောက်ရန် နိဗ္ဗာန်ကို လိုလားသော အဇ္ဈာသယ အားကြီးတော်မူ၍ အလုံးစုံသော ဘဝတို့၌ ...

အပြစ်ဟု ရှုမြင်လေ့ ရှိတော်မူ၏။ ထို့ကြောင့် အဇ္ဈာသယ ၆–ပါးတို့ကို ပါရမီတော်၏ အကြောင်းတရားဟု သိအပ်၏။ လောဘအပြစ်ကို မမြင်ဘဲ၊ အလောဘ မဖြစ်နိုင်၊ စွန့်ကြဲလှူဒါန်းခြင်း မဖြစ်နိုင်။

နှာ ၄၀ နှင့် ၄၁။

**အဇ္ဈာသယ ၁၀–ပါး။**

ဗောဓိဉာဏ်အကျိုးငှာ အလောင်းတော်တို့၏ အဇ္ဈာသယ ၆–ပါးအပြင်၊ တစ်နည်း ၁၀–ပါး ရှိသေး၏။

၁၊ လှူဒါန်းလိုသော အဇ္ဈာသယ ကြီးမား၍ နှမြောတွန့်တို မစ္ဆရိယတရား၌...

၂။ သီလစောင့်ထိန်းမှု အဇ္ဈာသယ ကြီးမား၍၊ သီလမစောင့်စည်းခြင်း၌...

၃၊ ကာမမှ ထွက်မြောက်လိုသော အဇ္ဈာသယ ကြီးမား၍၊ ကာမဂုဏ်တို့၌...

၄၊ ဟုတ်မှန်စွာ သိမြင်ခြင်းဓာတ်ခံ အဇ္ဈာသယ ကြီးမား၍၊ တွေးတောယုံမှား ဝိစိကိစ္ဆာတရား၌ ...

၅။ ဝီရိယဓာတ်ခံ အဇ္ဈာသယ ကြီးမား၍၊ ပျင်းရိမှု၌ ...

၆။ သည်းခံခြင်းအလေ့ အဇ္ဈာသယ ရှိတော်မူ၍၊ သည်းမခံမှု စိတ်ဆိုးမှု ဒေါသတရား၌ ...

၇။ မှန်ကန်စွာ ပြောဆိုခြင်းအလေ့ အဇ္ဈာသယ ရှိတော်မူ၍၊ လိမ်လည် လှည့်ဖြား ချွတ်ယွင်းစကား ပြောခြင်း၌ ...

၈၊ စွဲမြဲတည်တံ့ဆောင်ရွက်မှု၌ အဓိဋ္ဌာနအဇ္ဈာသယ ရှိတော်မူ၍၊ မတည်တံ့ လှုပ်ရှားပြောင်းလဲလော်လီခြင်း၌ ...

၉။ မေတ္တာတရားဓာတ်ခံ အဇ္ဈာသယ ကြီးမားတော်မူ၍၊ အမျက်ဒေါသတို့၌...

၁၀။ လျစ်လျူရှုမှု ဥပေက္ခာဓာတ်ခံ အဇ္ဈာသယ ကြီးမားတော်မူ၍၊ သုခ ဒုက္ခတို့၌ ...

အပြစ်ဟု ရှုမြင်လေ့ ရှိတော်မူ၏။

ဖော်ပြပါ ဝန်တိုမှု၊ မစောင့်စည်းမှု၊ ကာမစည်းစိမ်ခံစားမှု၊ ယုံမှားမှု၊ ပျင်းရိမှု၊ သည်းမခံမှု၊ လိမ်လည်လှည့်ဖျားမှု၊ မုသားပြောမှု၊ မတည်တံ့မှု၊ အမျက်ဒေါသဖြစ်မှု၊ ချမ်းသာခံစားမှု၊ ဆင်းရဲခံစားမှုတို့၌ အပြစ်ဟု မြင်အောင် ရှုနေမှု၊ ဒါနစသော ကုသိုလ်ပါရမီအစု၌ ညွတ်သောစိတ်ရှိမှုဟု ဆိုရသော၊ ဒါနအဇ္ဈာသယရှိမှု စသော၊ အဇ္ဈာသယ ၁၀-ပါးတို့သည် ဒါနစသော ပါရမီတို့ ဖြစ်ပေါ်ဖို့ရာအကြောင်းများ ဖြစ်၏။

ထို့အတူ၊ မစွန့်ကြဲနိုင်မှု၌ အပြစ်ကို ဆင်ခြင်ခြင်း၊ စွန့်ကြဲမှု၌ အကျိုးအာနိသင်ကို ဆင်ခြင်ခြင်းတို့သည်လည်း ဒါနအစရှိသော ပါရမီတော်တို့၏ အကြောင်းဖြစ်၏။

နှာ ၄၁ နှင့် ၄၂။

❁❁❁❁❁❁

▲ <u>မြင့်မြတ်သူတို့၏ အလုပ်သည် ပါရမီ</u>

ပရမာနံ ဥတ္တမ ပုရိသာနံ ကမ္မံ ပါရမီ။

မြင့်မြတ်သူတို့၊ အထက်တန်းကျသူတို့၏ အလုပ်သည် ပါရမီဖြစ်၏။

▲ <u>ရန်ကုန်တိပိဋကဆရာတော်၏ ဩဝါဒများ</u>

- လူကြီးဆိုတာ နီးနီးကြားကြားနဲ့ သတိလည်း ထားရတယ်။ နှစ်ဖက်လည်း ကြည့်တတ်ရတယ်။ နှစ်ဦးနှစ်ဖက် ကြည့်ရတယ်ဆိုတာ ကျောင်းတိုက်လည်း သိက္ခာမကျရအောင်၊ မထိခိုက်ရအောင်၊ စာသင်သားများလည်း မနစ်နာသင့်ဘဲ၊ မနစ်နာရအောင်၊ ကြည့်တတ်ရတယ်။ တော်ရုံတန်ရုံ ကိစ္စကို၊ သည်းခံတတ်အောင် ကြိုးစားကြ။
- စာသင်သားဆိုတာ အအိပ်အနေ နည်းရတယ်။ နေ့လယ်ဘက် နာရီဝက်လောက် အိပ်ရင် လုံလောက်ပါတယ်။ မအိပ်ဘဲလည်း မနေပါနဲ့။ စာအံကျောင်းချိန်မှာ အိပ်နေတာကို၊ တို့ မနှစ်သက်ပါဘူး။
- ပတ်ဝန်းကျင်ဆိုတာ ကိုယ်ထင်ရာကို ပြောပြီး၊ ဝေဖန်တတ်ကြတာ သဘာဝပဲ။ ဒါတွေ ဂရုမစိုက်ဘဲ ကိုယ်လုပ်ရမယ့်အလုပ်နဲ့ ကိုယ်ရည်ရွယ်တဲ့ ပန်းတိုင်ကို အရောက်သွားဖို့ပဲ။ စိတ်ထဲမှာ အမြဲ အားတင်းပြီး လုပ်ပါ။

# အမှတ်တရများ၊ ရေးသားပူဇော်

ဒေါက်တာအောင်ကျော် (သွား/ဆရာဝန်)

**ကေပိဒ်လင်္ကာ**

▲ ရှိသေပန်ကြား၊ ကျွန်လျှောက်ထားသည်၊
စကားသစ္စာ၊ ပျားသကာတည့်၊ သာမန်လူနတ်၊ ရဟန်းမြတ်ပုဂ္ဂိုလ်၊
များထိုထိုတို့၊ မဆိုထားနှင့်၊ မြင့်မားဘုံခြာ၊ ဗြဟ္မာကုဋေ၊
လျှာကုဋေဖြင့်၊ ကမ္ဘေကမ္ဘာ၊ ရှည်ကြာသရော်၊ ဆရာတော်ကြီး၊
သန္တျထီးလား၊ ကြီးမားသီလာ၊ သမာဓိပညာ၊ သုံးဖြာဂုဏ်ပုဒ်၊
ပြိုင်ဆိုင်ထုတ်ပြီး၊ ချီးပပူဇော်၊ ကော်ရော်သမှု တောက်လျှောက်ပြုလည်း၊
မိလုနီးမျှ၊ မပြီးပြည့်စုံ၊ မကုန်နိုင်လှ၊ လက်မှိုင်ချကာ၊ နေကြရှာမည်၊
ချုချာကလောင်၊ ဒကာဆောင်ထား၊ မလောက်လားမို့၊ ကြိုးစားသိမ်းရုံး၊
စာစီကုံးတောင်၊ ဟိုယောင်သည်ရောက်၊ ပြောင်မြောက်ဖို့ရေး၊
ဝေးပါသေး၏၊ တွေးဆတစ်ဆိတ်၊ အတိတ်ပုံဟောင်း၊ ပြန်ပြောင်းမြင်မိ၊
ရင်ထဲငြိတွယ်၊ ထိုဝယ်တစ်ဆုံ၊ ဖူးတွေ့ကြုံသား၊ အထုံရေစက်၊
ကြည့်ညိုသက်ဝင်၊ လွမ်းဆက်ငင်တွေး၊ ရေးချင်သည့်ဇာတ်၊ ထေရုပ္ပတ်ကို၊
မတတ်နိုင်နိုင်၊ တတ်နိုင်နိုင်ပါ၊ ဆိုင်ဆိုင်ငယ်ဘိ၊ တစ်မိုက်ထိသာ၊
လင်္ကာတိုတို၊ စာတစ်ညိုမှာ၊ အလိုသာရှိ၊ ပိုမရှိပြီ၊
မမိတမိ၊ လွမ်းစာစီလိုက်၊ ကေပိဒ်ရှင့်၊ မကြိုက်ကမူ၊
ပြစ်မယူလင့်၊ ကြည်ဖြူသင့်ရေး၊ ခွင့်လျှင်ပေးလျက်၊ အမျက်မသို၊
စိတ်မညိုကာ၊ ချီသာနားဆင်တော်မူပါဘုရား။ ။

**နိဒါန်းအချီး**

သပြေကန်ဆရာတော်ဘုရားကြီး၏ သက်တော်ရာပြည့်ရာကျော် အထိမ်းအမှတ် ဂုဏပူဇာစာအုပ်အတွက် စာမူတစ်ပုဒ် ရေးသားပူဇော်ခွင့်ရ၍ ဝမ်းမြောက်မှုနှင့်အတူ သတိရလွမ်းဆွတ်တမ်းတမှုလည်း ဖြစ်ရပါသည်။ ဆရာတော်ကြီး၏ ဂုဏ်ပုဒ်တွေက အလွန်မတန် ကြီးမားမြင့်ခေါင်၊ ကျွန်တော့်ကလောင်က သေးငယ်ပါးလွှားမို့ မဝံ့မရဲတော့ ရှိလှ၏။ အလှည့်ကျတော့ မနွဲ့စတမ်း သဘောပိုက်ကာ ကြိုးစားစီကုံး ခြယ်မှုန်းပူဇော်ဖို့ကို၊ စာမူတောင်းခံလာသူ ဆရာတော်ဦးခေမာစာရကြောင့် ဆုံးဖြတ်ရေးသားရပါကြောင်း ရှေးဦးဝန်ခံလိုက်ရပါသည်။ အကြောင်းအရာ တွေးဆင်ခြင်တော့ အမှတ်တရလေးများ ပေါ်လွင်ထင်ရှားလာကြ၍ ခေါင်းစီးတင်ကာ သတ္တိမွေးလိုက်ရ၏။ ကဗျာဉာဏ်က ရှေးဦးစွာ နေရာဝင်ယူလာကြပါသည်။

ကျွန်တော်သည် ကဗျာဝါသနာ ထုံ၏။ သို့သော်၊ ပါရမီနည်းတာကြောင့် စီကုံးမှု၌ စိတ်ထင်တိုင်း မပေါက်သည်က များ၏။ ရတုပိုဒ်စုံကိုဖြင့် မရည်မှန်းဝံ့ပါ။ ကေပိုဒ်လင်္ကာတစ်ပုဒ်တော့ ကြိုးပမ်းကြည့်၏။ ၆၄–ပါဒ ရှိသွားရာ ကျစ်လျစ်မှု နည်းပါးနေ၏။ ဆောင်းပါးအဖွင့်အတွက်တော့ ဖြစ်နိုင်ခြေရှိ၍ ဖော်ပြလိုက်၏။ ဒေါသသင့်ဖွယ်တွေပါလျှင် ခွင့်လွှတ်ပါရန် တောင်းပန်အပ်ပါသည်။

**စာအဆက်အသွယ်**

ဆရာတော်ကြီးကို မဖူးတွေ့ရသေးမီ၊ သပြေကန်ပရိတ်ကြီးနိဿယသစ်ကျမ်းစာအုပ်ကို ဦးစွာ ဖတ်ခွင့် ရလိုက်၏။ လှူဒါန်းသူကား၊ အတန်းဖော် ဒေါက်တာသိန်းထိုက်(ဗိုလစ်ရှိုန်) ဖြစ်၏။ ၁၉၅၉–ခုနှစ်ကတည်းကပါ။ နောင်သောအခါ၊ ဆရာတော်ကြီးထံ စာရေးဆက်သွယ်မိ၏။ ပြန်စာ ရလိမ့်မည်ဟုကား မမျှော်မှန်းရဲပါ။ သို့သော်၊ အထင်နှင့်အမြင် ပါစင်အောင် လွဲတော့၏။ တစ်ပတ်ခန့်အကြာမှာ ဆရာတော်ကြီး၏ ပြန်ကြားစာကို ရရှိခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

သက်ကြီးဝါကြီး သိက္ခာကြီး ဆရာတော်ကြီး၏ ဂုဏ်မဟာနှင့် ပြန်စာအနေအထားမှာ ဘာမှမဆိုင်ပေ။ အလွန်ရိုးတာလွန်းပြီး ကြည်ညိုဖွယ်အတိဖြစ်နေ၏။ ကိုယ်တိုင်ရေး လက်ရေးမူပြန်စာအဆုံး၌ လက်မှတ်မထိုးဘဲ၊

ဘွဲ့တော်ကိုသာ "အရှင်ဝါသေဋ္ဌာဘိဝံသ"ဟူ၍ ရိုးရှင်းစွာ ဖော်ပြ၏။ တံဆိပ်တုံး ဘာညာ ထုမထားခဲ့ပါပေ။ ပြန်စာအားလုံး ၁၂–စောင် ရရှိခဲ့ဖူး၏။ ကျွန်တော့် စာ လက်ခံရရှိလျှင် ရရှိချင်း၊ ပြန်ကြားသည်ချည်း ဖြစ်၏။

**ပထမပြန်စာ**

ကျွန်တော် အလွန်ကြည်နူးဂုဏ်ယူရပါသော ဆရာတော်ကြီး၏ ဇွဲဆော်ဦး ပြန်စာတွင် ၇/၂/၉၂–ဟူ၍ ရက်စွဲတပ်ထား၏။ စာမတိုမရှည်သည် နှစ်လိုဖွယ် အလွန်ကောင်း၏။ မေတ္တာစိတ် ကြီးမားကြောင်း ပေါ်လွင်နေ၏။ ကလောင် ကိုင်သူချင်းအပေါ်၌ ခင်မင်လေးစား၍ ချက်ချင်းစာပြန်ကြားခြင်းဟု ရိပ်စား မိ၏။ အနည်းငယ်မျှ ကောက်နုတ်ဖော်ပြပါရစေ။

"အလေးထား ရေးသားအပ်ပါသည်။ ဒကာဦးအောင်ကျော်တို့ မိသားစု လှူဒါန်းပူဇော်သော သိုးမွေးခြုံထည် ရရှိခဲ့ရာ ဝမ်းသာလှပါသည်။ အထူး လိုလား တောင့်တစိတ်ဆန္ဒ အလိုခပ်သိမ်း ပြည့်မြောက်ပါစေဟု အနုမောဒနာ ပြုရပါသည်။ ဘုန်းကြီး ယခုအခါ စာရေး တယ်မဖြစ်ချင်သလို ဖြစ်နေပါ၏။ သပြေကန်ပရိတ်ကြီးနိဿယသစ် ရေးတုန်းက ရှာန်ဝင်စားမှုမျိုး မရသကဲ့သို့ ဖြစ်နေပါသည်။ ထိုနိဿယ ပေါ်လာစဉ်က၊ ရဟန်းပညာရှိ လူပညာရှိတို့၏ အထူးအားရ ချီးကျူးဂုဏ်တင်ခြင်းကို ခံခဲ့ရပါသည်။ ယခုစာစောင်ထဲ ပါနေတဲ့ တရားတွေက ဟောတုန်းက တိတ်ခွေနဲ့ ဖမ်းထားသော တရားများသာ ဖြစ်ပါသည်။

လောက်လောက်လားလား ကျမ်းတစ်စောင် ဖွဲ့ရေးဦးမည် စိတ်ကူးသော် လည်း၊ ယခုတိုင် အထမမြောက်သေး။ တဖြည်းဖြည်း သတိက မကောင်း ချင်လှ၊ မျက်စိကလည်း အားနည်းလာ၊ စိတ်တော့ ကူးထားပါသေး၏။ ဒကာအောင်ကျော်စာတွေကိုလည်း ဖတ်ရပါ၏။ စာရေးစဆိုသော်လည်း ရေးနေကျ စာရေးဆရာတို့၏ အဆင့် ရောက်နေပြီဟု မြင်ရပါပေသည်။ ကြိုးစားလျှင် ကျော်နိုင်ပါသေးသည်။"

**တွန်းအားဖြစ်စေ**

ဆရာတော်ကြီး၏ မှတ်ချက်နှင့် အားပေးမိန့်ကြားချက်တို့သည် ကျွန်တော့် အဖို့ ကြီးစွာသော စိတ်အင်အားကို ဖြစ်စေသလို၊ စာတွေ ဆက်ရေးဖို့

စိတ်ထက်သန်စေခဲ့သည်မှာ အမှန်ပင် ဖြစ်၏။ စာပေခရီးကြမ်းကို ရှေ့ဆက်ချီတက်စေဖို့ သတ္တိထူးတွေ ဝင်စေခဲ့၍ ကျေးဇူးကြီးမားလှပါသည်။ သို့နှင့် ကျွန်တော်လည်း စာတွေ အဆက်မပြတ်အောင် ဆက်ရေးဖြစ်ရာမှ သေခြင်းတရားဆောင်းပါးတွဲ "နောက်ဆုံးထွက်သက် ဘယ်လိုလဲ၊ ဘယ်ကိုလဲ" စာအုပ်ငယ်သည် ၁၉၉၅-ခုနှစ်၌ ထွက်ပေါ်လာနိုင်ခဲ့၏။ သေသည့်အခိုက် ထွက်သက်နှင့် ဝိညာဉ်ချုပ်သလား၊ ဝင်သက်နှင့် ဝိညာဉ်ချုပ်သလား-ကြံကြံဖန်ဖန် တွေးမိကာ ဆရာတော်ကြီးထံ စာရေးမေးမိ၏။ ဆရာတော်ကြီး၏ အရှည်ဆုံးသော ယင်းပြန်ကြားစာမှာ ပညာအနှစ် ပြည့်လှပါ၏။ အောက်ပါ အတိုင်း ကျွန်တော့်ဆောင်းပါးတစ်ပုဒ်၌ ကိုးကားရေးသားဖြစ်ပါတော့သည်။

**စုတိသဘော**

"စိတ်ဖြစ်တိုင်း စိတ္တဇခေါ် စိတ်ကြောင့် ဖြစ်သော ရုပ်တွေ လျှင်လျှင်မြန်မြန် ဖြစ်ပေါ်လျက်ချည်း ရှိရလေသည်။ ထိုကမ္မဇရုပ်ဖြစ်တိုင်း၊ ဥတုကြောင့် ဖြစ်သော ဥတုဇရုပ်တွေလည်း အဆက်မပြတ် ဖြစ်လျက် ဖြစ်လျက်သာ ရှိ၏။ အတွင်းအာဟာရ အပြင်အာဟာရတို့ကြောင့် အာဟာရဇရုပ်တွေလည်း အဆက်မပြတ် ဖြစ်တော့၏။ ထိုသို့ ကမ္မဇရုပ်၊ စိတ္တဇရုပ်၊ ဥတုဇရုပ်၊ အာဟာရဇရုပ်တို့ ဆက်တိုက် ဆင့်ကာဆင့်ကာ အဆက်မပြတ် ဖြစ်ခြင်းသည် ပင်လျှင် ဖြစ်ခြင်းသဘောဟု ရှင်းလင်းနိုင်ပါသည်။

ဘဝတစ်ခုတွင် အစွန်ဆုံးသော နောက်ဆုံးစိတ်ကို စုတိဟု ခေါ်၏။ စိတ်ချုပ်ငြိမ်းလျှင် ဝိညာဉ်ချုပ်ငြိမ်းသည် သေသည်ဟု ဆို၏။ ထို့ကြောင့် ဝိညာဉ်ချုပ်ချိန် စုတိစိတ်ချုပ်ချိန်သည် ထွက်သက်အချိန်နှင့် တိုက်ချင်လည်း တိုက်မည်။ ဝင်သက်အချိန်နှင့်လည်း တိုက်ဆိုင်ချင် တိုက်ဆိုင်မည်။ သေခြင်း သဘောသည် ထွက်သက်ဝင်သက်ပေါ်မှာ မူမတည်။ စုတိစိတ် ချုပ်ငြိမ်းခြင်း၌သာ မူတည်ကြောင်း နားလည်ထားရမည်။

အသက်ရှင်နေစဉ်၊ စောစောက အဆက်မပြတ် ဖြစ်နေသော ရုပ်တွေထဲမှ၊ ခန္ဓာကိုယ်အတွက် အရေးကြီးသော ကမ္မဇရုပ်တို့သည် စုတိစိတ်နှင့် အပြိုင်ချုပ်ကြသည်။ စိတ်ဖြစ်တိုင်း စိတ္တဇရုပ်ဟု ဆိုသော စိတ်ကြောင့် ဖြစ်သည့် ရုပ်တို့ အဆက်မပြတ် ဖြစ်လာကြသလို၊ စုတိစိတ်ချုပ်ချိန်မှာလည်း၊ ယင်းစိတ္တဇရုပ်တို့သည် စုတိစိတ်နှင့် အချို့အတူတူ၊ အချို့အနည်းငယ် လွန်ကာ

ချုပ်ခဲ့ကြ၏။ တရစပ်ဖြစ်ဖြစ်နေသော စိတ္တဇရုပ်တို့သည် စုတိခါနီးတွင် အရှိန်ပျက်လာကြပြီ ဖြစ်သည်။

စုတိအထက် စိတ္တက္ခဏာ ၁၇–ချက်စာမျှသော စိတ်က စ၍ အသစ်မဖြစ်တော့။ ဤတွင် ထွက်သက်တို့သည်လည်း အသစ်မဖြစ်တော့။ စုတိရောက်နေသော ထွက်သက်ဝင်သက်တို့သည်လည်း အားမရှိလှ။ စုတိစိတ်နှင့်အပြိုင် ထွက်သက်ဝင်သက်တို့ ချုပ်ကြရကုန်၏။ (ထွက်သက်ဝင်သက် ဆိုသော်လည်း၊ ဘဝဆုံးရာ အသက်နှင့်တော့ မဆိုင်၊ ထိုအသက်က ရုပ်ဇီဝိတနာမ်ဇီဝိတသာ ဖြစ်၏။) ထိုနောက် အာဟာရဇရုပ်များလည်း ချုပ်တော့၏။

ထိုနောက် ကမ္မဇ၊ စိတ္တဇ၊ အာဟာရဇ ရုပ်တွေ ကင်းရုံမက၊ ဝိညာဉ်ပါကင်းနေသော ကိုယ်ကောင်ကြီးမှာ၊ ဥတုဇခေါ် ရုပ်တွေသာ ကျန်တော့၏။ ထိုဥတုဇရုပ်အကျန်တွေသာ အလောင်းကောင်ကြီး ဖြစ်နေသည်အထိ ဆက်ကာဆက်ကာ ဖြစ်နေတော့၏။ ကိုယ်ခန္ဓာကြီး မပုပ်သိုးရအောင် အငွေ့ပေး စောင့်ရှောက်ရသော ဥသ္မာဆိုသော တေဇောဓာတ်လည်း စုတိချုပ်စဉ်ကပင် တစ်ပြိုင်နက် ချုပ်ခဲ့ပြီးဖြစ်၍၊ ကျန်ရစ်သော အလောင်းကောင်ကြီးသည်လည်း တဖြည်းဖြည်း ယိုယွင်းပျက်စီးပုပ်ပွလာရတော့၏။''

**ကိုးကားစာ**

နောက်ဆုံးထွက်သက်စာအုပ်ငယ်သည် ဆရာတော်ကြီး၏ ပညာသားပါပါ ရှင်းလင်းစွာ ပြဆိုချက်ကို ကိုးကားနိုင်ခဲ့၍ ပြည့်စုံသွားခဲ့ရ၏။ ဖတ်ရသူတိုင်း ကျေနပ်အားရကြကာ၊ ကျွန်တော်သည်လည်း သိက္ခာရှိသော မွေကလောင်တစ်ချောင်း ဖြစ်ခဲ့ရပါသည်။ ပို၍ ဂုဏ်တက်စရာ ဖြစ်လာရသည်မှာ ၁၉၉၉–ခုနှစ်၊ ဒီဇင်ဘာလကုန်ပိုင်းရက်များတွင်၊ ညောင်ရွှေမြို့ ကန်ကြီးပရိယတ္တိစာသင်တိုက်၌ ကျင်းပသော၊ ၁၅–ကြိမ်မြောက် ရွှေကျင်နိကာယဂိုဏ်းလုံးကျွတ်စည်းဝေးပွဲကြီး၌ ကျွန်တော့်ဆရာ ဒေါက်တာမင်းတင်မွန်နှင့် တွေ့ဆုံစဉ်၊ ''အောင်ကျော်ရေ–မင်းကို ဆရာ ခွင့်တောင်းဖို့ ရှိတယ်။ မင်းစာအုပ်ထဲက စာအချို့ ဆရာ ယူသုံးထားလို့'' ဟူ၍ ဆိုလာသောကြောင့် ဖြစ်၏။

ဆရာ ဒေါက်တာမင်းတင်မွန် ရေးသားပူဇော်သော သပြေကန်ဆရာတော်ကြီး ထေရုပ္ပတ္တိစာအုပ်ကို ယင်းအစည်းအဝေးပွဲကြီး၌ ဆရာကိုယ်တိုင်လာရောက် လှူဒါန်း၏။ ထိုစာအုပ်တွင် အထက်ဖော်ပြပါ ဆရာတော်ကြီး၏

စုတိသဘော ရှင်းလင်းချက်စာပိုဒ်ကို ဆရာ ထည့်သွင်းကိုးကားဖော်ပြခဲ့ပါသည်။ ကျွန်တော် ၁၉၆၆–ခုနှစ်မှ ၁၉၆၈–ခုနှစ်ထိ၊ ဆေးတက္ကသိုလ် ၁– ပြည်လမ်း လိပ်ခုံး၌ ဆေးအကြိုသင်တန်း ၂–နှစ် တက်တုန်းက၊ ဆရာသည် ဓာတုဗေဒ ဌာနမှူး စာလည်းသင်ပြသော ကထိကဆရာ ဖြစ်၏။ တပည့်၏စာအုပ်မှ ဆရာက သူ့စာအုပ်အတွက် ယူငင်အသုံးပြုခြင်း၌ ကျွန်တော် အလွန်ဂုဏ်ယူ ဝမ်းသာပီတိဖြာရပါ၏။ ကျွန်တော့်ကိုယ်ပိုင်အစွမ်းတော့ မဟုတ်ပါ။ စိန်နားကပ် ကြောင့် ပါးပြောင် ဆိုသည့်ပမာ၊ ဆရာတော်ကြီး ကောင်းမှုကြောင့်၊ ဆရာတော်ကြီးကို မှီ၍ ကျွန်တော် အဆင့်တစ်ဆင့်သို့ ရောက်ခြင်းပါ။

**ဖူးတွေ့ရပြီ**

ဆရာတော်ကြီး၏ ပြန်ကြားစာများမှ အမှတ်တရ နှစ်ကွက်ကို ဖော်ပြ ပြီးနောက်၊ ပုဂ္ဂိုလ်ချင်း ဆုံတွေ့စဉ်က၊ အားရကြည်ညို ကြည်နူးစရာ အမှတ် တရများ ဆက်လက်ဖော်ကျူးချင်ပါသည်။ ၁၉၉၃–ခုနှစ်၊ ဧပြီလကုန်ရက်ပိုင်း မှာ၊ ကျွန်တော်နှင့် နှစ်တူ လတူ ရက်တူ ၁၆–နာရီ စောမွေးဖွားသူ၊ နောင်တော် ရန်ကုန်တိပိဋကရေဆရာတော် သိက္ခာထပ်မွေးနေ့အလှူတော် ကြီးကို ကျွန်တော် ပြုခွင့် ရလိုက်၏။ ပင့်သံဃာများစွာအနက် နောင်တော် ကြည်ညိုလေးစားသော သပြေကန်ဆရာတော်ကြီးလည်း ပါဝင်၏။ အခမ်း အနား၌ ဆရာတော်ကြီးသည် ဣန္ဒြေကြီးမြင့် တည်ကြည်ငြိမ်သက်လွန်းစွာ၊ အပူဇော်ခံပလ္လင်ပေါ်မှ သီလပေးတော်မူပါသည်။

ညနေပိုင်းတွင် ကျွန်တော့်သူငယ်ချင်း ဒေါက်တာအောင်သွင်ကျော်နှင့် ညီ ဦးကျော်သိန်းတို့ အဖော်ပြု၍၊ ပုဇွန်တောင် ရွှေကျင်ကျောင်းတိုက်သို့ အဖူးမြော်ရောက်၏။ စံကျောင်းတော်အောက်ထပ် တံခါးမကြီး သော့ခလောက် ခတ်ထား၍ လွဲပြီ ထင်မိ၏။ အောင်သွင်ကျော်က ရောက်နေကျမို့ အထာသိ၏။ ကပ္ပိယတစ်ဦးကို ရှာ၊ သော့ဖွင့်စေပြီး ဆရာတော်ကြီးအား လျှောက်ထားစေ၏။ အခမ်းအနားမှာကတည်းက ဆရာတော်ကြီး အအေးမိ သိပ်နေမကောင်း လှကြောင်း သိထား၍၊ ဖူးခွင့်မှ ရပါ့မလား စိတ်ထင့်နေခဲ့၏။ တကယ်တမ်း တွင်၊ ကျောင်းအပေါ်ထပ် တက်ခွင့်ရပါသည်။ တောင်ကြီးက ဒကာ ဒေါက်တာ အောင်ကျော် ဆို၍ အထူးအခွင့်အရေးပေးခြင်းဟု နားလည်သဘောပေါက် ရပါသည်။ ပရိသတ်ကို ရှောင်သည့်အနေဖြင့်၊ တစ်ကိုယ်တော်တည်း တရား

နှလုံးသွင်းကာ အေးငြိမ်းစွာ သီတင်းသုံးနေဟန် တူပါသည်။ ကျောင်းကြီးမှာ တိတ်ဆိတ်နေ၏။ ရန်ကုန်ကဆုန်နွေသည် အတော်ပူအိုက်၏။ အပေါ်ထပ်မှာ လှောင်ပြီး ပိုပူ၏။

**ဆေးတွေ့စဉ်**

ကျွန်တော်တို့ ထိုင်မိကြ၍ တစ်အောင့်အကြာမှာ၊ ဆရာတော်ကြီးသည် အတွင်းခန်းမှ ထွက်လှမ်းလာတော်မူသည်။ သတိထားမိသည်မှာ သကင်္န်းများ ချွေးတွေနှင့် ရွဲနစ်နေ၏။ ရာသီဥတုအပူရှိန်ကြောင့်ရော၊ သောက်ထားသော ဆေးဝါးအရှိန်ကြောင့်ရော ချွေးထွက်လွန်ကဲနေခြင်း ဖြစ်ပါမည်။ ချွေးဝင် အအေးပတ်ဖြစ်မည် စိုးသဖြင့်၊ ဆရာတော်ကြီးအား လျင်မြန်စွာ ဦးချကာ သကင်္န်းလဲလှယ်ရန် လျှောက်ထားရ၏။ ဆရာဝန်မျက်စိအမြင်အတွေး ရှေ့ဆောင်နေ၍ ဆရာလုပ်မိသလိုတော့ ဖြစ်သွား၏။ ကြည်ညိုစိတ်အပြင် စေတနာမေတ္တာတို့ကြောင့်ဖြစ်ကြောင်း အထူးပြောစရာမလို၊ နားလည်ကြမည် ယုံကြည်၏။ ဆရာတော်ကြီးကလည်း သကင်္န်းစိုကို ချက်ချင်းလဲပါ၏။ ဘေးအခန်း ကြိုးတန်းပေါ်မှာ ဖြန့်ကျင်းပေးလိုက်သည်။ ပြီးမှ ပဋိသန္ဓာရ စကား ဆက်လက်လျှောက်ထားရပါသည်။

ဆရာတော်ကြီးက ဖြည်းအေးစွာ၊ တိုးညင်လွန်းစွာ တစ်လုံးချင်း ဖြေကြား တော်မူ၏။ သို့သော် ဖြောင့်တန်းစွာ မိန့်တော်မမူနိုင်ပါ။ ချောင်းဆိုးဆက်နေ၏။ ချွဲသလိပ် ကပ်နေ၏။ သလိပ်ဟပ်၍လည်း မလွယ် ဖြစ်၏။ သို့နှင့် ညီ ကျော်သိန်းက မက်လင်ချဉ်ပါသော တိုင်းရင်းချောင်းဆိုးပျောက်ဆေး ကောင်း လှချည့်ဆိုကာ မြို့ထဲ ထွက်ရှာဝယ်၏။ ချက်ချင်းဆိုသလို ပြန်ရောက်လာ၏။ ဆေးဘူးကို ကျွန်တော့်လက်ထဲ ထည့်၏။ ဖွင့်ပြီး ကျွန်တော် ဦးစွာ မြည်းစမ်း ကြည့်၏။ ချဉ်တင်တင်နှင့် အဝင်မဆိုးလှပါ။ လျက်ဆားနှင့် ဆင်ဆင်တူ၏။ ဆရာတော့် ဘယ်လက်ဖဝါးကို ဖြန့်စေ၍၊ ညာလက်ညှိုးဖြင့် တို့လျက်စေ၏။ အဂါရဝများ ဖြစ်သွားလေမလား မသိပါ။

ထေနာကို မညည်းမညူသည့် ဆရာတော်ကြီး၏ ဒေါက်တာများ ကပ်ထား သည့် အင်္ဂလိပ်ဆေးတွေကိုလည်း သုံးနေပါလျက်၊ ကျွန်တော့်လျှောက်ထားချက် ကို မပယ်၊ ကလေးငယ်များ လူကြီးစကား လိုက်နာသည့်အတိုင်း လက်ဖဝါး ပေါ်ရှိ ထည့်ပေးသော ချောင်းဆိုးပျောက်ဆေးမှုန့်ကို ကုန်စင်အောင် ဘုဉ်းပေး တော်မူ၏။ ချောင်းဆိုး သက်သာလာ၏။ ဘာမှ စောဒကမတက်ရှာဘဲ၊

ကျွန်တော်ကပ်သည့် ဆေးကို သုံး၍ အံ့ဩမိ၏။ ပြီးတော့ ဝမ်းသာရ၏။ စကားပြောလို့လည်း အဆင်ပြေလာပြီ။ "ဆေးက အစွမ်းသား" ဟု မိန့်တော်မူပါသည်။

**သိစမ်းချင်လွန်း**

ကျောင်းတိုက်သို့ အဖူးမြော် မသွားရောက်သေးမီကပင်၊ ကျွန်တော် သိပ်သိစမ်းချင်နေသော အချက်တစ်ချက် ရှိ၏။ ထိုစဉ်တုန်းက ရန်ကုန် သန်လျင် မြစ်ကူးတံတားကြီး တည်ဆောက်နေဆဲကာလ ဖြစ်နေ၏။ ထို တံတား အကြမ်းထည် မပြီးတတ်သေးပါ။ ကြမ်းခင်းဆိုတာ အဝေးကြီး ရှိသေး၏။ နိုင်ငံခြားအင်ဂျင်နီယာများက ဗမာဘုန်းကြီးတစ်ပါး ဆောက်ဆဲ တံတားပေါ်မှနေ၍ လျှောက်လှမ်းကြွမြန်းသွားတာ မျက်စိနှင့် တပ်အပ်သေချာ လွန်းစွာ ထူးဆန်းလွန်းစွာ ဖူးတွေ့လိုက်ရသည်ဆိုကိုး။ လိုက်လံရှာဖွေဖူးတော့ ရန်ကုန်တစ်မြို့လုံး နှံ့ခဲ့ပြီ၊ ရုပ်ရည်ချင်း မတူပါ။ မဟုတ်ပါတဲ့၊ သို့နှင့် နောက်ဆုံး သပြေကန်ဆရာတော်ကြီးထံမှောက် ရောက်ကြတော့၏။ ဟုတ်ပြီ၊ ဟုတ်ပါ သည်။ ပေါဒီဘုန်းကြီးပါပဲတဲ့။ ဖြစ်ပေါ်နေသော သတင်းကို ကျွန်တော် ဤသို့ဤနှယ် ကြားထားရပါသည်၊ ဆရာတော်ကြီးနှင့် တွေ့တွေ့ဆိုင် ဖူးမြော်ခွင့် ရလျှင်၊ ယင်းအကြောင်းကို မေးလျှောက်မည်ဟု စိတ်ထဲ တေးမှတ်ထားခဲ့၏။

ဆရာတော်ကြီးက ကျွန်တော့်အတွင်းစိတ်ကို သိနေသလား မပြောတတ် ပါ။ ကျွန်တော် မလျှောက်ကြားရသေးမီမှာပင်၊ ဦးပြည်းခေါင်းကို ပွတ်ကာ ပွတ်ကာ "ခုတလော ဘုန်းကြီးမှာလည်း မြို့ထဲ ဟိုသတင်း ဒီသတင်းတွေ ဖြစ်နေသတဲ့"ဟု တိုးတိုးလေး မိန့်တော်မူ၏။ မျက်နှာတော်က တည်သည်လည်း မဟုတ်၊ ပြည်တည်တည်လည်း မဟုတ်၊ မချိမချဉ် ရှက်သွေးဖြာနေဟန် ပေါက်နေ၏။ ထို့ကြောင့် ကျွန်တော်ကလည်း၊ "နို့ – အရှင်ဘုရားကော မှန်နေတယ် မဟုတ်ပါလား ဘုရား" ပြန်လျှောက်ထားလိုက်မိ၏။ "မဟုတ် ရပါဘူး ဒကာရယ်၊ သပြေကန်ရွာဆီတော့ စိတ်ညွှတ်မိပါတယ်" ဟူ၍ မယုတ် မလွန် အမှန်အတိုင်း မိန့်တော်မူပါသည်။

**တစ်ကြိမ်တည်းသာ**

ဆရာတော်ကြီးကို ကျွန်တော် ထိုတစ်ကြိမ်တည်းသာ ဖူးမြော်လျှောက်ဒါန်းခွင့်၊ စကားလက်ဆုံကျခွင့် ကြုံလိုက်ရပါသည်။ ထိုစဉ်တုန်းက နောင်နှစ်တွေ

မှာလည်း၊ ရန်ကုန်ရောက်တိုင်း ဖူးမြော်ခွင့် ကြုံရလိမ့်ဦးမည် မျှော်လင့်ထားခဲ့မိပါသည်။ ရန်ကုန်သို့ ကျွန်တော် ဆင်းလေ့ မရှိသော်လည်း၊ ရန်ကုန် ဆရာတော်အား တစ်နှစ်ခြားတစ်ကြိမ်၊ သိက္ခာထပ်အလှူပြုရန် ရည်မှန်းထားရှိ၏။ ၁၉၉၅–ခုနှစ်မှာ ဒုတိယအကြိမ်အတွက်ကိုပင် ပန်ကြားထားခဲ့ပြီးပါပြီ။ ၁၉၉၇–ခုနှစ်မှာ တတိယအကြိမ်ဟု စိတ်ထဲ ကြိတ်စီစဉ်ထားခဲ့၍ ဖြစ်ပါသည်။ ရည်ရွယ်ရင်းအတိုင်း အလှူထမြောက်ခဲ့သော်လည်း၊ သပြေကန် ဆရာတော်ကြီးကား တစ်ဘဝ ချုပ်ငြိမ်းတော်မူပြီး ဖြစ်နေခဲ့ပါပြီ။

ကျွန်တော် မှတ်မိသရွေ့ ၁၉၉၄–ခုနှစ် လွတ်လပ်ရေးနေ့၌ သပြေကန် ဆရာတော်ကြီးကို အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်စာရင်း ကြေညာသည့် အထဲ ပါလာ၏။ ၁၉၉၅–ခုနှစ် ဖေဖော်ဝါရီလ ၅–ရက် ညပိုင်းမှာ လွန်တော်မူ၏။ ဖေဖော်ဝါရီလ ၁၂–ရက်မှာ အန္တိမဈာပနပူဇော်ပွဲသဘင် ဆင်ယင်ကျင်းပခဲ့ကြပါသည်၊ လောင်တိုက်အတွင်း မီးလျှံအကြား ညာလက်တော် မြှောက်တက်ရွေ့ဝါဝင်းလျက်၊ လက်မ လက်ညှိုးတော်များ မင်တံကိုင်ထားဟန် အနေအထား ဓာတ်ပုံတစ်ပုံကိုသာ ကျွန်တော် ပူဇော်ခွင့် ရလိုက်ပါသည်၊ သံသရာ၌ ဆုံဖို့လည်း မလွယ်တော့ပြီတည်း။

**သာသနာတော်တည်သရွေ့**

သာသနာတော်ခေတ် တည်ရှိသရွေ့ ဆရာတော်ကြီး၏ "ပရိတ်ကြီးနိဿယသစ်"ကျမ်းစာအုပ်သည်လည်း တည်ရှိနေပါလိမ့်မည်။ နာမည်မသေ၊ ဂုဏ်မညှိုး၊ တိုးလို့သာ ကျော်ကြားထင်ရှားနေမည်မှာ မုချမလွဲ ကေန် ဖြစ်ပါမည်။ အဘယ်ကြောင့်ဆိုသော်၊ လမ်းပြကြယ်ကြီး ဆိုအပ်သော ဓူဝံကြယ်ကြီး ထက်ကောင်းကင်ယံမှာ အမြဲ ထွန်းလင်းကာ တောက်ပလမ်းပြနေမည် ဖြစ်သလို၊ ပရိတ်ကြီးနိဿယသစ် ကျမ်းတစ်ဆူသည်လည်း၊ သာသနာလမ်း ပေါ်ဝယ် လျှောက်လှမ်းကြမည့် ရဟန်းပုဂ္ဂိုလ် လူပုဂ္ဂိုလ်အပေါင်းတို့အား မီးရှူးတန်ဆောင်သဖွယ် လမ်းပြနေမည်မို့ပါ။

စတုဓမ္မသာရကိုးခန်းပျို့ကို စီရင်သီကုံးခဲ့သော ရှင်မဟာရဋ္ဌသာရသည်၊ "**သာရဂန္ဓ၊ စန္ဒနလျှင်၊ ပင်လှညှိုးရော်၊ ခြောက်သွေ့သော်လည်း၊ လှိုင်ကျော် စမြဲ၊ နံ့မရှဲသို့**" (အပိုဒ် ၁၄၆) "**သီရိထုံသင်း၊ မြက်တံတင်းဝယ်၊ ပေါင်းမြင်းရှည်လျား၊ ခြောက်အောင်ထားလည်း၊ စံကားရွှေပွင့်၊**"

▲ **နိဗ္ဗာန်ဆိုတာ။**

နိဗ္ဗာန်ဆိုတာ မြို့ကြီးပြကြီး နန်းကြီး မဟုတ်။ ရွှေပြည် မဟုတ်။ ဆိပ်ကမ်းကြီး မဟုတ်။ ကိလေသာတို့ ကင်းရာ ကုန်ရာ ပျောက်ရာပဲ။ ဘုန်းကြီးတို့ လိုချင်စရာဆိုတဲ့ လောဘ၊ ဣဿာ မစ္ဆရိယ၊ မာနစတဲ့ တရားတွေ ကိလေသာတွေ ဘာမှ မရှိဘူး။ အဲဒီ ကိလေသာတွေ ငြိမ်းအေးမှုဆိုတဲ့ အငြိမ်းဓာတ်သာ ရှိတယ်။ အဲဒီအငြိမ်းဓာတ်ကိုပဲ နိဗ္ဗာန်ဆိုတာပါပဲ။

သပြေကန်ဆရာတော်ဘုရားကြီး၏
နိဗ္ဗာန်ချမ်းသာတရားတော်မှ။

▲ **ကိလေသာရေအလျဉ်။**

- နေရာတိုင်းပင်၊ စီးသွင်သွင်၊ ရေအလျဉ် တူလှသည်။
- ရေအလျဉ်တူစွာ၊ ကိလေသာ၊ လူ့ရွာစီးနေသည်။
- သတိဖြင့်ကား၊ ရေလျဉ်များ၊ ဆီးတားနိုင်လေသည်။
- ပညာဖြင့်ပင်၊ ထိုအလျဉ်၊ အစဉ်ပြတ်တော့သည်။

ရွှေမင်းဆရာတော်ဘုရားကြီး၏
အဆုံးအမသြဝါဒတော်များမှ။

▲ **အစဉ်ငြိမ်းအေးချမ်းသာရေး။**

- ဒေါသကြီးသူအား၊ မေတ္တာထား၊ ပွါးများအနိုင်ယူ။
- ကြမ်းတမ်းသူအား၊ ခန္တီတရား၊ စွဲထားအနိုင်ယူ။
- နှမြောသူအား၊ ပေးကမ်းငြား၊ မှတ်သားအနိုင်ယူ။
- လိမ်ညာသူအား၊ မှန်စကား၊ ပြောကြားအနိုင်ယူ။
- လူ့ရွာငြိမ်းသား၊ ချမ်းသာပွါး၊ တရားမြတ်လေးဆူ။

ရန်ကုန်တိပိဋကဆရာတော်၏ သြဝါဒများမှ။

နှံ့မလွှင့်သို့'' (အပိုဒ် ၁၈၁) ဟူ၍ ဥပမာပေး စပ်ဆိုခဲ့သည့်အတိုင်း၊ ဆရာတော်ကြီး၏ ဂုဏ်သတင်းကား မွှေးမြဲမွှေးနေပါမည်ဟု ဂုဏ်ပြုစကားဖြင့် နိဂုံးကမ္ပတ် အဆုံးသတ်ကာ ရေးသားပူဇော်လိုက်ရပါတော့သည်။

စာဖတ်သူတို့ တရားစစ် မြင်တွေ့ ချမ်းမြေ့ကြပါစေ။

ဒေါက်တာအောင်ကျော်(သွား/ဆရာဝန်)

❀❀❀❀❀❀

# ဆန်း နှင့် ကြည်

ဒဂုန်တာရာ

(က)

ဂျပန် ဝင်ရောက်လာသော ၁၉၄၂–ခုနှစ်တွင်၊ ကျွန်တော် ရန်ကုန် ရောက်ပါပြီ။ အင်္ဂလိပ်များ ထွက်ခွါပြီးနောက် ဂျပန်တို့ ဝင်ရောက်လာသည်။ ပိုလ်မှူးရန်နိုင်က ကျွန်တော်နှင့် ကျောင်းသားသမဂ္ဂလုပ်ဖော်လုပ်ဖက်။ တက္ကသိုလ်သမဂ္ဂအတွင်းရေးမှူး ကိုထွန်းရှိန်၊ သူက "ရန်ကုန်သိမ်းပြီးပြီဗျ။ ဗမာ့လွတ်လပ်ရေးတပ်မတော်က သိမ်းတာ။ အဲဒါ ခင်ဗျား ရန်ကုန်သွား။ အလံပြဘုရားလမ်းကိုသွား။ ပတ်ခ်ဟိုတယ်မှာ ကျွန်တော်တို့ လူတွေ ရှိတယ်" ပြောသည်။ သဘော်ကြုံနှင့် ကျွန်တော် ရန်ကုန်သွားသည်။ အရှေ့အာရှ စစ်ဖြစ်သည်နှင့် ရန်ကုန်ကို ဂျပန်တို့က ဗုံးကြဲလိုက်သည်။ ထိုအခါ အသွား အလာများ ပျက်ကုန်တော့သည်။ ခါတိုင်း သွားနေကျ ရေဝတီသဘော်လည်း မရှိတော့။ သည်တော့ ဘိုကလေးမှ ဂျာနယ်ကျော်ဦးချစ်မောင်နှင့် ပန်းချီဆရာ ကိုအုန်းလွင်တို့ ပါလာသော မော်တော်ဘုတ် ကျိုက်လတ် ဆိုက်သည်နှင့် ကျွန်တော် လိုက်သွားသည်။ ညဘက် ရန်ကုန်ဆိပ်ကမ်းသို့ ကပ်ခွင့်မရ၍ ခနောင်တိုဘက်တွင် တစ်ညအိပ်၍၊ နောက်နေ့ နံနက်စောစော ရန်ကုန် ရောက်သွားသည်။

ကြည့်မြင်တိုင်ဆိပ်ကမ်းမှနေ၍ အလံပြဘုရားလမ်းမှနေ၍ အလံပြ ဘုရားလမ်းရှိ ပတ်ခ်ဟိုတယ်သို့ တန်းသွားလိုက်သည်။ ကျွန်တော်တို့ မိတ်ဆွေ များနှင့် တွေ့ပါပြီ။ ကျောင်းသား သမဂ္ဂလုပ်ဖော်လုပ်ဖက်များ။ သူတို့သည်

ဗမာ့လွတ်လပ်ရေးတပ်မတော်သားများ ဖြစ်နေကြပေပြီ၊ လန်ကာတ်စတာလမ်း ထောင့်ရှိ မက်သဒစ်ကျောင်း (ယခု အထက–၁ ဒဂုံ)သည် BIA ခေါ် ဗမာ့ လွတ်လပ်ရေးတပ်မတော်၏ စစ်ရုံးချုပ် ဖြစ်နေပေပြီ။ ယင်းဗမာ့တပ်မတော် စစ်ရုံးချုပ်ရှေ့ဘက်ရှိ ယခင် အင်္ဂလိပ်သံအမတ်ကြီးအိမ်တွင် ဗိုလ်အောင်ဆန်း ကို သွားတွေ့ရသည်။

ဗိုလ်လက်ျာက ခေါ်၍ သွားသည်။ ကိုအောင်ဆန်းကို ရေညှိစိမ်းရောင် သက္ကလတ်စစ်ဝတ်စုံနှင့် ခါးတွင်လည်း ဓားချိတ်လျက်။ ကျွန်တော့်စိတ်ထဲတွင် တစ်မျိုး ဖြစ်သွားသည်။ အံ့လည်း အံ့ဩသွားသည်။ ကျွန်တော် မျှော်လင့် သော သခင်အောင်ဆန်း၏ ရုပ်ပုံလွှာမဟုတ်။

ယခင်မြင်နေကျ၊ သခင်အောင်ဆန်း၏ ရုပ်ကားချပ်ကတော့ ပင်နီအပေါ်ဖုံး ရှေ့တောင်လုံချည်နှင့်၊ သမိုင်းဆိုသည်ကလည်း ပြောင်းလဲတတ်သည် မဟုတ် ပါလား။ ယခင်ကတော့ သခင်အောင်ဆန်း။ သူက သခင်အောင်ဆန်း ခေါ်လျှင် ကြိုက်သူ၊ ယခု ဗိုလ်ချုပ်အောင်ဆန်းတဲ့။ ထိုအခါက ဗိုလ်တေဇ ဟုလည်း ခေါ်သည်။ နာမည်မတွင်။ ဗိုလ်အောင်ဆန်းနာမည်ကသာ သမိုင်း တွင်သွားသည်။

ခရစ်ယာန်ဘုရားရှိခိုးကျောင်းအနီးရှိ ပတ်ခ်ပိုတယ်တွင် ကျွန်တော် မတည်း။ လူများနေသည်။ ကျွန်တော်နှင့် ကျောင်းနေဖက် ကိုထွန်းလှ ခေါ်သွား သော လန်ကာတ်စတာလမ်းရှိ ထရီနီတီဂေဟာဟု ခေါ်သော အမျိုးသမီးဆောင် သို့ ရောက်သွားသည်။ အမျိုးသမီးဆောင်တွင် တနင်္သာရီဘက်တွင် ရောက်ရှိ နေသော ဗမာ့လွတ်လပ်ရေးတပ်မတော် ချီတက်ရာ လမ်းကြောင်းရှိ အုပ်ချုပ်ရေးဖွဲ့လျှင် သုံးရန် ခေါ်လာသော တက္ကသိုလ်ကျောင်းသားများ စုနေ သည်။ ဘော်ဒါဆောင်သဘော၊ ကျွန်တော် အဲသည်မှာ တည်းလိုက်သည်။ ကျွန်တော့်အတွက် စန္ဒရားတစ်လုံး ယူထားပေးသည်။ အတော်ပဲ။

(၈)

တစ်ညနေတွင် ကိုအောင်ဆန်း ဆေးရုံဘက်နေသည်ဆို၍ သွားကြည့်ရန် ကျွန်တော့်ကို လာခေါ်ကြသည်။ သူတို့ကတော့ သခင်သန်းထွန်း၊ ကိုဗဟိန်း၊ ဗိုလ်လက်ျာ၊ ကိုကျော်ငြိမ်းတို့ ဖြစ်ကြသည်။ အခန်းကျယ်ကြီးထဲတွင် ဗိုလ် အောင်ဆန်းကို ခုတင်တစ်လုံးနှင့် တွေ့ရသည်။ သူတို့က ကျွန်တော့်ကို

''ခင်ဗျားလူကြီး ကြည့်လုပ်ဦးဗျ။ ကြည့်တိုက်မှ ဆေးသောက်မယ် ဖြစ်နေတယ်ဗျ''ဟု သူ့ဇာတ်လမ်းကို ပြောပြကြသည်။ ကိုအောင်ဆန်းကတော့ မထုံတက်သေး။ ကျွန်တော်ကတော့ ပြုံးလိုက်မိသည်။

''ခင်ဗျားနဲ့ မိတ်ဖွဲ့ပေးရမယ်ဗျ။ လာ၊ မခင်ကြည်နဲ့ မိတ်ဖွဲ့ပေးရမယ်။ အပေါ်ဆုံးထပ်မှာ နေတယ်''ဟု တစ်ယောက်က ပြော၍ ကျွန်တော်တို့လူစုသည် ဆေးရုံကြီးလုပ်ထားရာ အပေါ်ထပ်သို့ တက်သွားကြသည်။ (ဗိုင်အိုမိန်းကလေးကျောင်းကို စစ်အတွင်းက ပြည်သူ့ဆေးရုံအဖြစ် ပြုလုပ်ထားသည်) သုံးထပ်တွင် ဖြစ်မည် ထင်သည်။

အထဲ ရောက်သောအခါ၊ ဆရာမ မခင်ကြည်နှင့် မိတ်ဆက်ပေးသည်။ ဧည့်ခန်းတွင် စန္ဒရားကြီးတစ်လုံး ရှိသည်။ ''တစ်ယောက်ကို သီချင်းဆိုခိုင်းရမယ်ဗျ၊ ခင်ဗျား တီး'' ကျွန်တော့်ကို စန္ဒရားရှေ့သို့ ပို့လိုက်သည်။ မခင်ကြည်က အခန်းထဲ ပြန်ဝင်သွားသည်။ စန္ဒရားခလုတ်များကို ကျွန်တော် စမ်းကြည့်လိုက်သည်။ တီးလို့မရ၊ အသံများ ပျက်နေသည်။ ကြိုးညှိမထားသဖြင့် ဘယ်လိုမှ တီး၍မရ၊ ကျွန်တော်ကလည်း ဇီဇာကြောင်သည်။ စန္ဒရားသံကောင်းကောင်းမှ တီးချင်သည်။

''လုပ်လေဗျာ၊ သီချင်းတစ်ပုဒ်'' တစ်ယောက်က ပြောလိုက်သည်။ ''တီးလို့ မရဘူးဗျ။ ကြိုးကျနေတယ်၊ တီးရင် အသံကြောင်တယ်'' သူတို့က နားမလည်။ ထို့နောက် ကော်ဖီများ ရောက်လာသည်။ ကိုအောင်ဆန်း၏ ချစ်သူ မခင်ကြည်က ပြန်ထွက်မလာ၊ ကျွန်တော် ကောင်းစွာ မှတ်မိနေသည်။ ထိုနောက် ကျွန်တော်တို့ ပြန်ခဲ့ကြသည်။ သူတို့အသိုင်းအဝိုင်းတွင် ကျွန်တော်တစ်ယောက်သာ စန္ဒရားတီးတတ်၍ ကျွန်တော့်ကို မကြာခဏ တီးခိုင်းသည်။ မခင်ကြည် ပြန်ထွက်မလာသည်ကို သတိပြုမိသည်။ ရှက်နေဟန် တူသည်။ ကျွန်တော်တို့လူစုမှာ အသက်ပင် ၃၀-မကျော်သေး၊ ကျွန်တော်က သည်အသိုင်းအဝိုင်းထဲတွင် အသက်အငယ်ဆုံး။ ထိုအခါက အသက် ၂၂-နှစ်။ ကိုအောင်ဆန်းက ၂၆-နှစ်၊ အခြား ကိုကျော်ငြိမ်း၊ သခင်သန်းထွန်း၊ ကိုဗဟိန်းတို့ကလည်း ကျွန်တော့်ထက် ကြီးကြသူများ ဖြစ်သည်။

မခင်ကြည်ကို ကျွန်တော်က ကြည့်ကောင်းသူဟု ခံစားမိသည်။ မျက်ခုံးမွေး ထူထူ၊ မျက်နှာထားလည်း ချိုသည်။ ကြည်လင်ချိုမြ၊ လေ့ကားထစ်မှ

ကျွန်တော်တို့ ဆင်းလာသောအခါ ''ချောသားပဲဗျ။ ကိုအောင်ဆန်း ရွေးတာ မဆိုးဘူး''ဟု ကျွန်တော်က ပြောလိုက်သည်။ သူတို့ကလည်း တစ်ယောက် တစ်ပေါက် ပြောကြသည်။ ထိုအခါက ကျွန်တော်တို့သည် ငယ်ရွယ်သူများ ဖြစ်ကြသည်။

(ဂ)

ကိုအောင်ဆန်း ပြည်သူ့ဆေးရုံကြီးမှ မခင်ကြည်ကို လက်ထပ်မည် ဟူသော သတင်းမှာ ကျွန်တော်တို့ အသိုင်းအဝိုင်းတွင် ပျံ့နှံ့သွားသည်။ ယင်းသို့ ဂျပန်ဝင်စက ကျွန်တော်တို့ အသိုင်းအဝိုင်းမှာ၊ တစ်ယောက်ပြီး တစ်ယောက် လက်ထပ်သွားကြသည်။ ပထမဦးဆုံး လက်ထပ်သူက ကိုလှအောင်။ သူက ဖျာပုံသူ ''သန်းသန်း''နှင့် လက်ထပ်သည်။ မင်္ဂလာ လက်ထပ်ထမင်းစားပွဲတွင် ကျွန်တော် စန္ဒရားတီးသည်။ လူများများမဟုတ်။ ကျွန်တော်တို့ အသိုင်းအဝိုင်းသာ။ ဗိုလ်လက်ျာ ရွှေတောင်ကြားရှိ ဧည့်ခန်း ဆောင်တွင် ကျွန်တော်တို့လူစု စုဝေးနေကြသည်။ ကျွန်တော် ရောက်သည့် အချိန်တွင်တော့ ထိုအခါက နာမည်ကျော်ကြားနေသော စန္ဒရားဆရာ စိန်ဝေလျှံက တီးနေသည်။ ကိုအောင်ဆန်းက ကျွန်တော်ရောက်ပြီး မကြာခင် စိန်ဝေလျှံရှိရာသို့ သွားကာ ''ခဏနေဦးဗျ။ ဒွေးမြိုင် စန္ဒရား တီးမလို့''ဟု ပြောလိုက်သည်။ ကျွန်တော် အံ့သြသွားသည်။ ဘယ်နှယ်ဗျာ၊ တစ်ယောက် တီးနေစဉ် သီချင်းမဆုံးခင် ရပ်ခိုင်းလိုက်ရသည်လို့၊ ကျွန်တော် မအံ့သြတော့။ ကိုအောင်ဆန်းက သည်လိုလူမျိုး။

လွန်ခဲ့သော တစ်ပတ်ခန့်ကပင် သခင်မြအိမ်ရှိ စန္ဒရားကို ကျွန်တော် တီးနေစဉ်၊ ကိုအောင်ဆန်း စစ်ဝတ်စစ်စားနှင့် ဝင်လာသည်။ ကျွန်တော့် ဘေးတွင် ကိုထွန်းလှက သီချင်းဆိုနေသည်။ ''သည်လိုအခါမျိုးမှာ ချစ်ကြ မယ် ကြင်နာကြမယ် သီချင်းက မဟပ်ဘူးဗျ''ဟု ကျွန်တော့်ကို ကြည့်ကာ ပြောလိုက်သည်။

ကျွန်တော်က ပထမတော့ သူ့ကို လှည့်ကြည့်ရင်း ဘယ်လိုလူပါလိမ့်ဟု တွေးမိသည်၊ ကျွန်တော် ဆက်တီးသည်၊ ကိုအောင်ဆန်းကလည်း ဆက်ပြော သည် မဟုတ်။ ချက်ချင်း ဒေါက်ဒေါက်နှင့် အပြင်သို့ ထွက်သွားသည်။ ဟော အခုကျတော့ ကျွန်တော့်ကို အတင်းတီးခိုင်းပြန်သည်။ ကျွန်တော်က

မတီးချင်။ မတီးချင်သည်မှာ အခြားမဟုတ်၊ စိန်ဝေလှျံ တီးနေသည်ကို ရပ်ခိုင်း၍ ကျွန်တော့်ကို တီးခိုင်းသည်ကို ကျွန်တော် မကြိုက်။ သူကတော့ မရ။ ကျွန်တော်က ထိုင်နေရာမှ မထသည်ကို လက်နှင့်ခေါ်ပြီး အတင်း ''လုပ်ပါဦးဗျူ။ ကဋ္ဌနသီချင်း''ဟု ဆိုလိုက်သည်။ အားလုံး ပျော်ပျော်ပါးပါး၊ ကျွန်တော် သီချင်းတီးလိုက်သည်။ ဖန်ခွက်ထဲတွင် ရွှေရောင်တဖျပ်ဖျပ် ဆာကေးနံ့ တသင်းသင်း။

အပေါင်းအသင်းများမှာ ကသူက။ ဦးဘဂျမ်းက ဖိုးဝရုပ်ကြီးကဲ့သို့ တလှုပ်လှုပ်၊ တစ်ယောက်ပြီးတစ်ယောက် လက်ထပ်သွားကြသည်ကို ကျွန်တော် အံ့ဩနေသည်။ သခင်ချစ်၊ ကျောင်းဆရာ သခင်ချစ်က သူ့တပည့်မလေး ခင်သန်းညွန့်နှင့် လက်ထပ်သည်။ သည်လူတွေ ဘယ်လိုလူတွေလဲ၊ ကျွန်တော် တွေးမိသည်။ သူတို့ကို ကောင်းစွာ နားမလည်။ ကျွန်တော့်ကိုလည်း တစ်ယောက်ယောက်နှင့် စနေကြသည်။ အဆိုးဆုံးက ဗိုလ်စကြာ၊ သူက ကျွန်တော့် စန္ဒရားလက်သံကို သဘောကျနေသည်။ သူ့အိမ်ရှိ ပြင်သစ် ပလေရယ်သုံးချောင်းထောက်စန္ဒရားကြီး၊ ဂရင်းပီယာနို ကျွန်တော်ပဲ တီးရသည်။ သူနှင့် အတူနေသူ ဂျော်ဂျီကိုတင်အောင်က အင်္ဂလိပ်သီချင်းကြီးများကို ကောင်းစွာ တီးတတ်သူ၊ ဗမာသီချင်းတော့ သူ မတီးတတ်၊ ကိုတင်အောင်မှာ ၁၉၃၆–ခုနှစ်က အိုးဝေမဂ္ဂဇင်းကော်မတီတွင် ပါသူ။ (နောက်ပိုင်းတွင် ကိုတင်အောင်သည် မခင်ကြည်၏ညီမ အမာနှင့် လက်ထပ်သွားသည်) ကျွန်တော်ကတော့ ကိုအောင်ဆန်း လော်တာ ဖြစ်မှာပဲဟု တွေးမိသည်။ ဟုတ် မဟုတ်တော့ မသိ။

ထိုအခါက ကျွန်တော်သည် ရွှေတောင်ကြားရှိ ဗိုလ်လက်ျာအိမ်မှ စန္ဒရားကို တီးဖြစ်သည်။ ရွှေတောင်ကြားရှိ ဗမာ့လွတ်လပ်ရေးတပ်မတော်အရာရှိကြီးများ နေထိုင်သော အိမ်တိုင်းလိုလို စန္ဒရားရှိသည်။ သို့သော် တီးသူက မရှိ၊ ကျွန်တော့်ကို သူတို့က မျှော်တတ်ကြသည်။ ကျွန်တော်က ဗိုလ်လက်ျာအိမ်မှ စန္ဒရားကို သိပ်ကြိုက်သည်။ အသံက ချိုသည်။ ကျွန်တော် တီးနေစဉ် ကိုအောင်ဆန်း ကားကြီးနှင့် ရောက်လာသည်။ ထိုအခါက ဗိုလ်လက်ျာအိမ်တွင် ကိုဗဟိန်း နေသည်။ ''ဗဟိန်း ဘယ်မလဲ''ဟု ကျွန်တော့်ကို လှမ်းမေးမှ စန္ဒရားကို ရပ်ကာ ''မရှိဘူး ကိုအောင်ဆန်း၊ ကိုဗဟိန်း အပြင်ထွက်သွားတယ်'' ဟု ဖြေလိုက်ပါသည်။

''လာဗျာ၊ ကျွန်တော်နဲ့ လိုက်ခဲ့စမ်းပါ။ မဂိုလမ်းမှာ ပလာတာ သွားစား ရအောင်''ဟု ရပ်ရင်း ပြောသည်။ ''နေပါဦးဗျ၊ ဖြည်းဖြည်းပေါ့'' ကျွန်တော်က မဂိုလမ်းကို ပလာတာသွားစားမည်ကို သိပ်မကြိုက်။ သူက ဗိုလ်ချုပ် ဖြစ်နေပြီ မဟုတ်လား။ သည်နေရာမျိုးကို တစ်ယောက်တည်း မသွားသင့်ဟု ထင်သည်။ ကျွန်တော်က သိပ်မလိုက်ချင်။ သူ ထိုင်ပြီးနောက် ကျွန်တော်တို့ နှစ်ယောက် စကားတပြောပြော၊ သူက လက်ထပ်မည့်အကြောင်း ကျွန်တော့်ကို ပြောသည်။ ''ကျွန်တော် သိနေတဲ့ ကိစ္စပဲ။ အိမ်ထောင်မှုဆိုတာလည်း အနုပညာ ရှိတယ်ဗျ''ဟု သူက ကျွန်တော့်ကို အင်္ဂလိပ်ဘာသာဖြင့် ပြောလိုက်သည်။

ကိုအောင်ဆန်းက အင်္ဂလိပ်လို တစ်ခါတစ်ရံ ပြောတတ်သည်။ ကျွန်တော် က ပြုံးလိုက်သည်။ ကျွန်တော်က အနုပညာသမားဆို၍ ကျွန်တော့်ကို သည် စကား ပြောခြင်း ဖြစ်မည်။ ကျွန်တော်တို့ စကားပြောလိုက်သည်မှာ အတော် ကြာသွားပြီ။ သူလည်း ပလာတာစားချင်စိတ် ပျောက်သွားပြီလားမသိ။ ကျွန်တော့်ကို မခေါ်တော့။

မကြာမီပင် ပြည်သူ့ဆေးရုံကြီးဧည့်ခန်းအောက်ထပ်တွင် လက်ထပ်ပွဲ ကျင်းပသည်။ ထိုအခါကတော့ ဗိုလ်ချုပ်အောင်ဆန်း လက်ထပ်သည့် သတင်း မှာ ဟိုးဟိုးကျော်သွားသည်။ ကိုအောင်ဆန်း လက်ထပ်သွားသည်။ လက်မထပ် ခင် ၂–လလောက်ကလားမသိ။ သူနှင့် ကျွန်တော်တို့ အတူနေကြသေးသည်။

ပထမ ကျွန်တော် ဗိုလ်ဇေယျအိမ်တွင် နေသည်။ ဗိုလ်ဇေယျ အထက် ပမာပြည် စစ်ထွက်သွားပြီး၊ သခင်တင်ဦးနှင့် ကျွန်တော်တို့ ကိုအောင်ဆန်း အိမ်သို့ ပြောင်းသွားကြသည်။ ကိုအောင်ဆန်းက သူနှင့် အတူလာနေရန် ခေါ်သဖြင့် ပြောင်းသွားခြင်းဖြစ်သည်။ လက်ထပ်အပြီးတွင် ရွှေတောင်ကြား ရှိ အမြောက် ၂–လက်နှင့် အိမ်မှ၊ အင်းလျားကန်ဘေးရှိ တစ်ထပ်အိမ်လေး သို့ ပြောင်းသွားသည်။ ထိုအခါက အရေးတော်ပုံရာဇဝင် အမည်ရှိ စာအုပ် တစ်အုပ် ရေးနေသည်။ ယင်းစာအုပ်ကို ကိုဗဟိန်းနှင့် ကျွန်တော့်ကို တာဝန် ပေးသည်။ ကိုဗဟိန်းကတော့ ကျွန်တော့်ကိုသာ ရေးစေသည်။ ရေးစေလိုသည် မှာ အခြားအကြောင်းမဟုတ်။ ဂျပန်သို့သွားသည့်အကြောင်း။

ကျွန်တော်က ရဲဘော်သုံးကျိပ်ဝင်များကို လိုက်မေးရသည်။ ထိုအခါက တော့ ဗိုလ်ရန်အောင်နှင့်သာ မေးရသည်။ ယင်းစာအုပ်ရေးသည့် ကိစ္စနှင့်

ပတ်သက်၍ ကျွန်တော် ကိုအောင်ဆန်းထံ သွားသည်။ သူက လက်ထပ်ခါစ အင်းလျားကန်ဘေးရှိ အိမ်တွင် နေသည်။ သခင်တင်ဦးနှင့် ကျွန်တော်တို့ သွားကြသည်။ မခင်ကြည်နှင့် အတူတွဲ၍ အိမ်ပေါ်မှ ဆင်းလာကြသည်။

ကျွန်တော်တို့သည် ဆင်ဝင်မှနေ၍ အိမ်ထဲသို့ဝင်ပြီး စကားပြောကြသည်။ သူတို့နှစ်ယောက် ရွှင်ပျနေသည်ကို ကျွန်တော် သတိထားမိသည်။ ကိုအောင်ဆန်းသည် ယခင်လို ရှုသိုးသိုးမျက်နှာပေးမျိုး မဟုတ်တော့။ ယခုတော့ ပြုံးစစ၊ ချိုမြမြ မခင်ကြည်ကိုလည်း ကျွန်တော်က ယခင်က ထင်ထားသည့်အတိုင်း ချောမောသူဟု နားလည်ထားသည်။ သခင်တင်ဦးနှင့် ကျွန်တော်တို့ နှစ်ယောက်သည် ကိုအောင်ဆန်းတို့လင်မယား အိမ်မှ ပြန်လာကြသည်။

သခင်တင်ဦးနှင့် ကျွန်တော်က စာအုပ်အကြောင်းလည်း တွေး၊ ကိုအောင်ဆန်းတို့ အကြောင်းလည်း တွေး၊ သူ့ဘဝ ဆန်းသစ်လာပြီဟု ကျွန်တော်က တွေးနေသည်။ ကျွန်တော်တို့ အသိုင်းအဝိုင်းတွင် သူက တစ်မျိုး၊ မျက်မှောင်ကြုတ်ကြုတ်၊ သူက လွတ်လပ်ရေးအကြောင်းကိုသာ တွေးနေသည်။ ယခု အိမ်ထောင်ကျပြီဆိုတော့ သူ၏ဘဝသည် ရွှန်းပလာပြီဟု ကျွန်တော်က တွေးနေမိသည်။

ထိုကာလက ကျွန်တော်တို့၏ အသိုင်းအဝိုင်းများဖြစ်သော ဗိုလ်ဇေယျစသူတို့လည်း လက်ထပ်သွားကြသည်။ သခင်သန်းထွန်းက မခင်ကြည်အစ်မနှင့် လက်ထပ်သွားသည်။ ဗိုလ်ဇေယျမှာ ၁၉၃၉-ခုနှစ် မန္တလေးအရေးတော်ပုံတွင် ပုလိပ်များ ပစ်ခတ်မှုကြောင့် ဒဏ်ရာရ၍ ဆေးရုံတက်နေစဉ်က၊ ပန်းသီး လာပေးသော ကျောင်းသူလေးနှင့် လက်ထပ်လိုက်သည်။ ဗိုလ်လက်ျာကလည်း ပဲခူးသူ မခင်လှနှင့် လက်ထပ်သွားသည်။ အလှက ကျွန်တော်နှင့် သီချင်းဆိုဖက်။

သူတို့ တစ်ယောက်ပြီးတစ်ယောက် လက်ထပ်သွားကြသည်ကို ကျွန်တော်က ဤသို့ တွေးသည်။ ကျွန်တော်က ကိုဗဟိန်း လက်ထပ်ပြီးစ စစ်မဖြစ်မီကာလက အိမ်ထောင်ရေးအကြောင်း ဆွေးနွေးဖူးသည်။ ကျွန်တော် ကိုဗဟိန်း အတွေးအခေါ်ကို မှတ်မိနေသည်။

ကိုဗဟိန်းက "လက်ထပ်တယ်ဆိုတာ ဒုက္ခ သုက္ခတွေကို ဝေမျှဖို့ပဲဗျ" ဟု ပြောသည်။ ယခုလည်း သူတို့သည် ဖက်ဆစ်ဂျပန်များနှင့် ပေါင်းရန်

ရည်ရွယ်ချက် ရှိသည် မဟုတ်။ သို့သော် သမိုင်းဆိုသည်က တစ်မျိုး။ ကိုအောင်ဆန်း သွားသည်က တရုတ်ပြည်၊ ကွန်မြူနစ်ပါတီနှင့် ဆက်သွယ်ရန် အမွိုင်သို့ သွားခြင်း ဖြစ်သည်။ သို့သော် 'သမိုင်းကံကြမ္မာ' ကြောင့် ဂျပန်သို့ ရောက်သွားသည်။ သူတို့ ဖက်ဆစ်များနှင့် မပေါင်းချင်သည်ကို ကျွန်တော် သိနေသည်။ ထို့ကြောင့် သူတို့ စိတ်ဓာတ်ကျနေသည်ဟု ကျွန်တော် တွေးသည်။ စိတ်ဓာတ်ကျသည့်အခါ မိမိ၏ စိတ်ဆင်းရဲမှုကို ဝေမျှမည့် ချစ်သူကို တမ်းတ မိသည်။ ထို့ကြောင့် သူတို့သည် တစ်ယောက်ပြီးတစ်ယောက် လက်ထပ်သွား ကြသည်ဟု ယူဆမိသည်။ ကိုကျော်ငြိမ်းလည်း ဂျပန်ခေတ်ကတည်းက လက်ထပ်သွားသည်။ သူ့ဇနီးမနွယ်က ကျွန်တော်နှင့် ကျောင်းနေဖက်။

လက်ထပ်ခြင်းဆိုသည်မှာ မိမိတို့ဘဝ၏ အဆိုးအကောင်း အတွေ့အကြုံ ကို ဝေမျှခံစားခြင်းဟု ယနေ့တိုင် တွေးနေသည်။ တစ်ယောက်တည်း စိတ် ဆင်းရဲခြင်းထက် မိမိစိတ်ဆင်းရဲခြင်းကို ဝေမျှမည့် ချစ်သူနှင့် နေရခြင်းသည် စိတ်ချမ်းသာခြင်း ဖြစ်မည်။ ထို့ကြောင့်လည်း ကျွန်တော်တို့ အသိုင်းအဝိုင်းက သူတို့သည် လက်ထပ်ကြလေသလား။ အသက်ထက်ဆုံးပင် သူတို့ဇနီးများနှင့် ပေါင်းသင်းနေထိုင်ကြသည့် အထောက်အထား ရှိကြသည်မှာ ထင်ရှားသည်။ သူတို့ လက်ထပ်သွားကြသော်လည်း သူတို့၏ မူလယုံကြည်ချက်သည် ပြောင်းလဲမသွား။ ယင်းသည် ချစ်မေတ္တာစစ် မဟုတ်ပါလား။

ဒဂုန်တာရာ

၂၃/ ၅/ ၁၉၉၆

(ထုတ်ဝေခြင်း မပြုရသေးသည့် ချစ်ခြင်းမေတ္တာစာအုပ်အတွက် ရေးသားပေးသည့် စာမူ ဖြစ်ပါသည်)

ပြည်သူ့ခေတ်ဂျာနယ်၊ ၁၊ ဒီဇင်ဘာ၊ ၂၀၁၁၊ ကြာသပတေးနေ့၊ အတွဲ ၂ အမှတ် ၇၁ သမိုင်းပုံရိပ်ကဏ္ဍ၊ စာမျက်နှာ ၂၅နှင့် ၃၈-တို့ မှ။

❁❁❁❁❁❁

# အာဇာနည်နေ့

**အုံ့မောင်**

၁၉၄၇–က အာဇာနည်ခေါင်းဆောင်ကြီးများကို သတ်သော တရားခံသည် ''လူမသမာ ဦးစော''မဟုတ်။ နယ်ချဲ့သမားဆိုးတို့သာ ဖြစ်သည်။ ဦးစောအား မြောက်မြားလှသော လက်နက်များကို ထုတ်ပေးလိုက်ခြင်းမှာ မြန်မာနိုင်ငံ၏ လွတ်လပ်ရေးတိုက်ပွဲကြီးကို ဖျက်ဆီးရန်ဖြစ်သည်။ နယ်ချဲ့သမားဆိုးတို့၏ အခိုင်းအစေ အကူအညီ အထောက်အပံ့ အမြူအဆွယ် မပါဘဲ၊ ဦးစောသည် ဤလုပ်ကြံမှုကြီးကို စိတ်ကူးတောင် ထည့်နိုင်မည် မဟုတ်ပါ။ ထို့ကြောင့်၊ ဗိုလ်ချုပ်အောင်ဆန်းတို့အား သတ်သော တရားခံအစစ်မှာ နယ်ချဲ့စနစ်သာ ဖြစ်သည်။

နယ်ချဲ့သမားတို့သည် ဗိုလ်ချုပ်အောင်ဆန်းတို့ကို သတ်ပြီးနောက် သူတို့ ပြစ်မှုကြီးကို ဖုံးကွယ်ရန် ဦးစောကို ကြိုးစင်ပေါ်သို့ ကန်တင်လိုက်ခြင်း ဖြစ်သည်။ နယ်ချဲ့သည် ဗိုလ်ချုပ်အောင်ဆန်းကို ညာလက်နှင့် ပစ်သတ်ပြီး၊ ဦးစောကို ဘယ်လက်နှင့် သတ်လိုက်သည်။ ဆိုးညစ်ယုတ်မာနယ်ချဲ့နှင့် အလားတူ 'God father' များကို ယုံကြည်မှီခိုအားထားနေသူတို့သည် ဦးစော၏လမ်းကို လိုက်ကြရဖို့သာ ရှိသည်။

ဗိုလ်ချုပ်အောင်ဆန်းကို နယ်ချဲ့က ဘာကြောင့် သတ်သလဲ။

(၁) မြန်မာနိုင်ငံ၏ လွတ်လပ်ရေးကို ဖျက်ဆီးရန်၊

(၂) မြန်မာနိုင်ငံကို အားအင်ပြည့်ဝသော၊ စီးပွါးရေးကောင်းသော၊ ငြိမ်းချမ်းသော ညီညွတ်သော နိုင်ငံအဖြစ် မရပ်တည်နိုင်စေရန် ဖြစ်သည်။

(၃) ပြိုကျနေသော နယ်ချဲ့စနစ်ကို ကျားကန်ရန်လည်း ဖြစ်သည်။

**တာဝန်**

မြန်မာနိုင်ငံသူ နိုင်ငံသားတို့သည် မိမိတို့တိုင်းပြည်ကို ချစ်သည်ဆိုလျှင်၊ ဗိုလ်ချုပ်အောင်ဆန်းကို လေးစားရိုသေသည်ဆိုလျှင်၊ နိုင်ငံ၏ ငြိမ်းချမ်းရေး၊ ညီညွတ်ရေးတို့ကို ထိန်းသိမ်းစောင့်ရှောက်၍၊ တစ်လုံးတစ်စည်းတည်းဖြင့် တိုင်းပြည်အင်အား ပြည့်ဝအောင်၊ စီးပွါးရေးကောင်းအောင်၊ ပြည်သူတို့ဘဝ ငြိမ်းချမ်းသာယာ တရားမျှတ လွတ်လပ်အောင် ဆောင်ရွက်ကြရမည် ဖြစ်သည်။

အုံမောင်

၁၃/၇/၂၀၁၁

❁❁❁❁❁❁

**အာဇာနည်သီချင်း**

ရေး – ရန်နိုင်စိန်

ဆို – မေလှမြိုင်

နှစ်လရာသီ ခါရာသီရွှေ့ပေမယ့်
အာဇာနည်နေ့ကိုဖြင့် မမေ့သင့်ပါသလေ ...
ယနေ့ဖြင့် အသိတရားထားဖို့အခြေ
(အများပြည်သူတွေ ...)၂
အာဇာနည်နေ့ကိုလေ တွေးရှုကာပဲ အလေးပြုပါမယ်လေ ...
စနစ်အခြေဟောင်းပေမယ့်
အဖြစ်ဟောင်းများတော့ ဖြေသော်မပြေ
လွမ်းမျက်ရည် မြေခပြီမို့ ဆွေးတာသသ တွေးဆမရှင်ပေ ...
ရွှေရင်ဆူကဲ ကြေကွဲဝမ်းနည်း ကြုံကြပုံတွေ ...
ယနေ့ထက်တိုင်အခြေ သြော် ... မမေ့ရက်နိုင်ပေ
(အာဇာနည်ခေါင်းဆောင်ကြီးတွေ)၂
ကောင်းရာသုဂတိ ရောက်ရှိကြပြီလေ
တေးကဗျာ အနုစာခွေရေးကာ အလေးပြု အလေးပြုပါလေ ...
(အလေးပြုတယ် ... မြိုင်)

# ဗိုလ်ချုပ်အောင်ဆန်း၏ နောက်ဆုံးနေ့

## စာအုပ်ဖတ်ရင်း မျက်ရည်ကျရတယ်။

**အံ့မောင်**

**မျက်ရည်ကျရသည်။**

''ဗိုလ်ချုပ်အောင်ဆန်း၏ နောက်ဆုံးနေ့မှတ်တမ်း''စာအုပ်ကို ဖတ်ရင်း မျက်ရည်ကျရသည်။ လွန်ခဲ့သော ၆၄–နှစ်မှ အဖြစ်အပျက်တို့သည် ယခုပင် ဖြစ်နေသလို အာရုံခံစားရ ယူကျုံးမရ ဝမ်းနည်းကြေကွဲ၊ ဒေါသလှိုင်းတံပိုး ထရပြန်သည်။ ထိုအကြောင်းတို့ကို အကြိမ်ကြိမ် ဖတ်ဖူးပြီးသား၊ ကြားဖူး ပြီးသား၊ စိတ်ပေါက်ကွဲမှုများ ဖြစ်ဖူးပြီးသား ဖြစ်ပါသော်လည်း၊ ယခု ဗိုလ်ချုပ် အောင်ဆန်း၏ နောက်ဆုံးနေ့မှတ်တမ်းစာအုပ်ကို တစ်စုတစ်စည်း တွေ့ရ ဖတ်ရပြန်သောအခါ ခံစားမှုတို့သည် အသစ်တစ်ဖန် ပေါက်ကွဲပွင့်ထွက် လာပြန်သည်သာ ဖြစ်သည်။ ဗိုလ်ချုပ်ကား ဆွဲဆောင်မှု ကြီးလွန်းလှသည်။ သူ ဖြစ်ရပုံမှာလည်း ရင်ထုမနာဖြစ်စရာ အကောင်းဆုံး။ သူ လုပ်ကြံခံရပြီး သည့်နောက်၊ ရှည်လျားလှသော မြန်မာ့သမိုင်းကာလတွင် ဖြစ်ပျက်ပုံတို့က လည်း သာ၍ပင် ရင်ထုမနာဖြစ်စရာ။ ဗိုလ်ချုပ်ကို ပြန်သတိရမှု မဖြစ်မနေ နိုင်စရာ ဖြစ်သည်။

**အလွမ်းစာတ်ကြီး**

ယဉ်မျိုးစာအုပ်တိုက်မှ ယဉ်ထွန်း စုစည်းထုတ်ဝေလိုက်သော ထိုစာအုပ် သည် ၆၄–နှစ် အတိတ်ကာလမှ မှန်ကွဲစများကို လွမ်းစရာ ရုပ်ပုံလွှာကြီး ပေါ်လာအောင် ရုပ်လုံးပန်းချီကားကြီး ရေးပေးလိုက်သည်။ မထင်မှတ်နိုင်

အောင် ရှားရှားပါးပါးစာများ၊ စကားသံများကို ပြန်၍ ဖော်ထုတ်ပေးလိုက်သည်။ တစ်အုပ်လုံးမှာ ကြီးကျယ်ခမ်းနားလှသော အလွမ်းဇာတ်ကို ပြန်၍ စင်တင်လိုက်ခြင်း ဖြစ်သည်။ Shakespeare ၏ အလွမ်းဇာတ်ပုံစံနှင့် တူပါလေဘိခြင်း။ ကြမ္မာငင်ပုံတွေ။ မျက်ရည်ရှိသူ မျက်ရည်ကျကြရှော့။ အသည်းရှိသူ နာကျင်ကြေကွဲကြရှော့။

**ကြေးစည်သံ**

စေတနာရှိ၊ စိတ်ရိုးစိတ်ကောင်းနှင့် ဖတ်နိုင်ကြလျှင်၊ ဤစာအုပ်နှင့်တကွ အခြားဗိုလ်ချုပ်အောင်ဆန်းအကြောင်း စာအုပ်စာစောင်များသည်၊ ဤမြန်မာနိုင်ငံတွင် မိုးခေါင်ကာလကြီးအလယ် မိုးရေစင်အေး ရွာလိုက်သကဲ့သို့၊ တိုင်းပြည်တွင် အလွန်အမင်း လိုအပ်နေသော အမျိုးသားညီညွတ်မှုကြီး ပြန်လည်တည်ဆောက်ရေးအတွက် စေတနာ့၊ သတိနှိုး မေတ္တာနှိုး ကြေးစည်သံ၊ ခရာသံ၊ မောင်းသံ ဖြစ်နိုင်ကောင်းသည်ဟု အောက်မေ့မိသည်။

**ပြည်ရွာညီညာဖို့ အလုပ်ပေပါ**

ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ အာဇာနည်ဗိမာန်လေးချိုးကြီးကို အချိုးပြည့်ပြည့်ဝဝ၊ ခွါထောက်တိတိကျကျ၊ စကားလုံး သူမမိအောင် ကြွယ်ဝစွာ မျက်ရည်နှင့် ရေးထားသည်ကို တွေ့ရသည်။

> " **ဖြေမကြည် နေရီတော့ လွမ်းစေဖို့**
> **မြန်မာပြည်ပေါ်ကို ဓမ္မစည်တော်ရွှမ်းရှိန်မို့**
> **အစွမ်းကုန်သည်တစ်ခါဖြင့်**
> **ပြည်ရွာညီညာဖို့ အလုပ်ပေပါ** "

ဟု ဆရာကြီးက အမျိုးသားညီညွတ်ရေးလမ်းကို ညွှန်ခဲ့သည်။

> " **အာဇာနည်ဗိမာန် ပုထိုးကိုဖြင့်**
> **ပါရမီအဓိဋ္ဌာန် တစ်မျိုးရယ်နှင့်**
> **ရှိနိုးကာ ဆရာကန်တော့ချင်ရဲ့** "

ဟု သားမြေးများ၏ ဗိမာန်ကိုပင်၊ အဘိုးဖြစ်သူက ကန်တော့ချင်သည်ဟု သုံးစွဲရာ၌လည်း၊ မြတ်စွာဘုရားနှင့် စကြဝတေးမင်းတို့မှာ စေတီထိုက်သူများ ဖြစ်လေရာ၊ ဗိုလ်ချုပ်အောင်ဆန်းလို တစ်ပြည်လုံး တစ်မြေလုံး (နယ်ချဲ့

နှင့် လက်ပါးစေများမှ လွဲ၍) ကြည်ညိုခံရသူမှာလည်း စေတီထိုက်သည် ဆိုလျှင်၊ မဟာအမှားဟု ဆိုရခက်ချိမ့်မည်။ စေတီဆိုသည်မှာ ပါဠိစကား စေတိယ၊ လူတို့ အရိုအသေပြုရာ ပူဇော်ရာနေရာ။

**ဦးဗဆွေ၏ စကား**

ဖဆပလအဖွဲ့ချုပ်၏ အထွေထွေအတွင်းရေးမှူး ရဲဘော်ဗဆွေက "သစ္စာဖောက် နယ်ချဲ့အလုပ်အကျွေးတို့သည် ဤသို့သော လုပ်ကြံမှုဖြင့် အာဏာသိမ်းကာ၊ သူတို့၏ သခင်နယ်ချဲ့အားရ အခစားပြုနိုင်လိမ့်မည်။ ငါတို့၏ လုံးဝလွတ်လပ်ရေးလုပ်ငန်းစဉ်ကို ဖျက်ဆီးနိုင်လိမ့်မည်ဟု ယုံကြည်ကြသည်။ သစ္စာဖောက် နယ်ချဲ့အလုပ်အကျွေးနှင့်တကွ နယ်ချဲ့စနစ်ကြီးကိုသာ အပြင်းအထန် ချေမှုန်းဖြိုဖျက်ရန် လိုသည်"ဟု ထုတ်ပြန်ကြေညာလေသည်။

(မြန်မာ့အလင်း၊ ၂၃/၇/၄၇)

**သခင်သန်းထွန်း လက်ကမ်းခြင်း**

ဗမာပြည်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၏ အထွေထွေအတွင်းရေးမှူး သခင်သန်းထွန်းကလည်း ထိုလုပ်ကြံမှုကြီး ဖြစ်ပွါးသော ၁၉/၇/၄၇-၌ပင် ကြေညာချက်ထုတ်၍ "အမျိုးသားခေါင်းဆောင်ကြီးများ အသတ်အဖြတ်ခံရခြင်းမှာ ... အင်္ဂလိပ်နယ်ချဲ့သမား၊ ဗျူရိုကရက်များနှင့် အလိုတော်ရိဂိုဏ်းသားများ၏ တိတ်တိတ်ပုန်းလုပ်ကြံမှုဟု ငါတို့ အတိအလင်း စွပ်စွဲပေသည်။ ဖဆပလနှင့် ကွန်မြူနစ်၏ ညီညွတ်ရေးသာလျှင် ငါတို့ ရင်ဆိုင်လျက်ရှိသော အကျပ်အတည်းကို ကျော်နင်းနိုင်လိမ့်မည်။ ဤညီညွတ်ရေးလမ်းစဉ်သာလျှင် နယ်ချဲ့သမားကို နောက်ဆုံးတိုက်ပွဲဆင်နွှဲရန် တစ်မျိုးသားလုံးကို ရှေ့ဆောင်နိုင်လိမ့်မည်"ဟု ညီညွတ်ရေးလက်ကမ်းသည်ကို တွေ့ရ၏။

**နောက်မှာ ဘယ်သူရှိသလဲ**

မန္တလေးလူထုသတင်းစာ (၂၄/၇/၄၇)ကမူ "ဂဠုန်ဦးစော၏ အိမ်ဝင်းသို့ ပုလိပ်တို့ ဝိုင်း၍ ရှာဖွေကြရာတွင်၊ လက်နက်အမျိုးမျိုးနှင့် ခဲယမ်းမီးကျောက်အမြောက်အမြားကို တွေ့ရှိသဖြင့်၊ ဦးစောနှင့်တကွ လူပေါင်း ၂၀-ကို ၎င်း၏ အိမ်ဝင်းအတွင်းမှ ဖမ်းဆီးလိုက်၏။ ဤမျှသော စက်သေနတ်များနှင့် ကျည်ဆန်အမြောက်အမြားကို ဦးစော ဘယ်က ရသနည်း။ ဘယ်သူ့ထံက

ဝယ်သနည်း။ သူ၏နောက်မှာ ဘယ်သူများ ကျောထောက်နောက်ခံ လုပ်နေကြသနည်း''ဟု ခေါင်းကြီးပိုင်းမှ ရေး၍ မေးလိုက်သည်။

၂၀/၇/၁၉၄၇–ထုတ် ကွန်မြူနစ်နေ့စဉ်သတင်းစာကမူ လုပ်ကြံမှုကြီးဖြစ်ချိန်၌ ''အနီးအနားတွင် လက်နက်ကိုင်ပုလိပ်၊ ရိုးရိုးပုလိပ်များဆို၍ တစ်ယောက်တလေမျှ စောင့်ကြပ်နေသည်ကို မတွေ့ရ၊ ခုခံကာကွယ် တားဆီးမည့် သူများလည်း အလျှင်းမတွေ့ရ''ဟု ရေးသားထားသည်။

**<u>ပြည်သူတို့အသံ</u>**

''အင်္ဂလိပ်နယ်ချဲ့သမားနှင့် အပေါင်းပါ အင်္ဂလိပ်သူလျှိုများတို့အား လက်စားချေ၍ အပြီးအပိုင်တိုက်ထုတ်''ဟု ဗဟိုတပ်နီဌာနချုပ်မှ ကြေညာသည်။

''အဓိကတရားခံဖြစ်သော နယ်ချဲ့သမားကို လက်စားချေရန် အဓိဋ္ဌာန်ပြုကြကုန်အံ့။ အလုပ်သမားတိုင်း စုရုံးကြကုန်လော့''ဟု ဗမာပြည်အလုပ်သမားသမဂ္ဂက နိူးဆော်သည်။

ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂကလည်း ''တစ်တရားခံဖြစ်သော နယ်ချဲ့သမားနှင့် ၎င်းတို့၏ လက်ပါးစေ အတိုက်အခံ အကြမ်းသမားများကို ချေမှုန်းသုတ်သင်။ ပြည်တွင်းစစ် အလိုမရှိ၊ လက်ဝဲညီညွတ်ရေး အမြန်ဆုံး တည်ဆောက်ရန်'' တောင်းဆိုသည်။

ပြည်သူ့သံဃာအဖွဲ့ချုပ်၊ ရှမ်းပြည် ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်၊ ရခိုင်ဖဆပလ ဦးပညာသီဟ၊ ကရင်လူငယ်များအစည်းအရုံး၊ ကရင်ကာကွယ်ရေးတပ်ဖွဲ့ဌာနချုပ်၊ မွန်လူငယ်များအစည်းအရုံး၊ ရဲဘော်ဟောင်းများအစည်းအရုံး၊ ဗမာနိုင်ငံလုံးဆိုင်ရာလူငယ်များအစည်းအရုံး၊ ပြည်သူ့ရဲဘော်ဌာနချုပ်ဒုတိယတပ်ဖွဲ့သေနာပတိ ဗိုလ်အောင်(ဗိုလ်မှူးအောင်) စသော စသော အဖွဲ့ပေါင်းစုံနှင့် နိုင်ငံခြားခေါင်းဆောင်များစွာတို့ကလည်း ဝမ်းနည်းကြောင်းကြေညာကြသည်။ ဗီယက်နမ်နှင့် အင်ဒိုနီးရှားတော်လှန်ရေးအသံလွှင့်ဌာနများကလည်း မြန်မာပြည်သူတို့နှင့် သွေးစည်းညီညွတ်ကြောင်း ဖော်ပြကြေညာကြသည်။

**<u>ချင်းခေါင်းဆောင် ရင်ထုရပုံ</u>**

ချင်းအမျိုးသားများ၏ ရှုမြင်ပုံမှာ စိတ်ဝင်စားစရာ ကောင်းသည်။

''ခင်ဗျားတို့ မနှစ်နာရပါဘူးဗျာ''ဆိုသော ကတိပင်လျှင်၊ ထိုအာဇာနည် ဗိုလ်ချုပ်နှင့် အတူတကွ ပါသွားတော့မည်ကဲ့သို့ စိတ်အားငယ်ကျန်ရစ်ပါ ကြောင်းဟု တောင်ပိုင်းချင်းအစည်းအရုံးဥက္ကဋ္ဌ ဦးကာက သဝဏ်လွှာ ပို့သည်။

ကမ္ဘာ့စာရိတ္တပြုပြင်ရေးအဖွဲ့ကြီးကမူ ''ဗိုလ်ချုပ်အောင်ဆန်း၏ အဝိက အင်္ဂါရပ်များမှာ တိုင်းပြည်အတွက် စိတ်အားထက်သန်ခြင်းနှင့် တံစိုး လက်ဆောင်ပေး၍ မရနိုင်ခြင်းပင် ဖြစ်ကြောင်း'' ဖော်ပြသည်။

**ဂန္ဒီကြီး ရင်လေးတယ်**

သူတော်စင်ခေါင်းဆောင်ကြီး ဂန္ဒီကမူ ''ဤကဲ့သို့ လုပ်ပုံများမှာ ကမ္ဘာ့ နိုင်ငံရေးလုပ်ငန်းများတွင် ခေတ်စားနေပြီဖြစ်၍၊ လူသတ္တဝါတို့၏ အနာဂတ် ရေးရာမှာ အလွန်ဆိုးဝါးသော အခြေအနေသို့ ဆိုက်ရောက်နေလေပြီ''ဟု ထောက်ပြကြေညာသည်။ (၁၉၄၈၊ ဇန်နဝါရီ ၃၀–တွင် ဂန္ဒီ ပစ်သတ်ခံရသည်)

''ဗြိတိသျှစစ်တပ်အားလုံးမှ အကြီးအမှူးအားလုံး ပါဝင်သော ကာကွယ် ရေးကော်မတီ၏ အစည်းအဝေးကို ယနေ့နံနက် ဒေါင်းနင်းလမ်းတွင် ကျင်းပ ကြောင်း'' ဇူလိုင် ၂၀– ရိုက်တာကြေးနန်းသတင်းက ဖော်ပြသည်။ မြန်မာ နှင့် အင်ဒိုနီးရှားအခြေအနေကို ဆွေးနွေးသည်။

''မြန်မာနိုင်ငံ၌ စစ်တပ်များသုံးရန် လိုခဲ့လျှင် အိန္ဒိယစစ်တပ်များကို အသုံးပြုရန် တောင်းဆိုထားကြောင်း'' ဗြိတိသျှနန်းရင်းဝန်က ပြောသည်။

**ဗိုလ်ချုပ်စိတ်ကူး**

ဗိုလ်ချုပ်အောင်ဆန်း တွေးတောပုံ အချို့မှာလည်း စိတ်ဝင်စားစရာ ကောင်းသည်။ ''နိုင်ငံရေးသမားတွေဟာ လွတ်လပ်ရေးရပြီးရင် စစ်သားစိတ် ဖျောက်ပြီး အရပ်သားစိတ် မွေးမြူကြဖို့ အရေးကြီးတယ်''ဟု လုပ်ကြံခံခါနီး ဆဲဆဲတွင်ပင် ဗိုလ်ချုပ်က သူ့အား ပြောပြကြောင်း၊ ဝန်ကြီး ဦးဗဂျမ်းက ရေးသား ဖော်ပြသည်။

''ကွာ ... လွတ်လပ်ရေးရပြီးရင်တော့ ငါတို့လဲ နိုင်ငံရေးက အနားယူပြီး စာကလေး ဘာကလေး အေးအေးထိုင်ရေးဦးမှပဲကွာ''ဟု ဗိုလ်ချုပ်က ဗိုလ်ထွန်းလှ(တက္ကသိုလ်နေဝင်း)နှင့် ရဲဘော်များအား ၁၉၄၇–ခုနှစ်၊ ဧပြီလက မေမြို့(ပြင်ဦးလွင်)မှာ ပြောပြခဲ့သည်ဟု မေ့ပျောက်၍ မရသော အောင်ဆန်း ဆောင်းပါး(၁၉၆၆–ဇူလိုင်)တွင် ရေးသားသည်။

**အမျိုးသား ပျက်စီးခြင်း**

ဗိုလ်ချုပ်တို့ ကျဆုံးရသည်မှာ ''အမျိုးသားပျက်စီးခြင်း တစ်ရပ်ပဲ''ဟု ဆရာဇော်ဂျီက ဒဂုန်တာရာအား ညည်းတွားပြောကြားခဲ့သည်။

(ဒဂုန်တာရာ၊ ဦးအောင်ဆန်း၏ နောက်ဆုံးနေ့၊ တာရာ၊ ဩဂုတ်၊ ၁၉၄၇)

''ဗိုလ်ချုပ်အောင်ဆန်းသာ ရှိနေခဲ့သေးရင်၊ တိုင်းပြည် ဒီလောက် စည်းကမ်းပျက်၊ လာဘ်စား၊ အကျင့်ပျက် မဖြစ်နိုင်ပါ။ လွတ်လပ်ရေး ညီညွတ်ရေး၊ စားဝတ်နေရေးကောင်းမွန်ဖူလုံရေး၊ ကြီးပွါးတိုးတက်ရေးတွေ ဘယ်လောက်မြှင့်မြှင့်ဆိုင်ဆိုင် ရှိမလဲ''ဟု ဗိုလ်သိန်းဆွေက လွတ်လပ်ရေး တိုက်ပွဲဆောင်းပါးတွင် ရေးခဲ့သည်။ (၁၉၆၅၊ အောက်တိုဘာ)

ဆရာမကြီးဒေါ်ခင်မျိုးချစ်ကမူ ''ဩော် ... ဗိုလ်ချုပ်၊ ဗိုလ်ချုပ် အရိုးဆွေး သည်အထိ လွတ်လပ်ရေးအတွက် တိုက်ပါမည်ဟူ၍များ ဆုပန်ခဲ့လေသလား'' ဟု တိုင်းရင်းသူဂျာနယ်တွင် ရေးလေသည်။

**ဦးစောကို ဘယ်သူကူသလဲ**

ဗိုလ်ချုပ်နှင့်အတူ အပစ်ခတ်ခံရသော ဝန်ကြီး ဦးအောင်ဇံဝေက ''လက်နက်ကျည်ဆံများကို လက်နက်ဂိုထောင်မှ ဦးစော ထုတ်ယူနိုင်အောင် အကူအညီပေးခဲ့သူ စစ်ဗိုလ် မစ္စတာဗီလောက်နှင့် မစ္စတာဗွီဗွီယန်းတို့ကို ဖမ်းဆီးသည်''ဟု ဖော်ပြသည်။ (၁၉၆၇–ရွှေလိုင်၊ လမ်းစဉ်သတင်းစာ)

၁၉/၇/၂၀၁၁–ထုတ် TRUE NEWS ဂျာနယ်တွင် ဒေါက်တာရန်မျိုးသိမ်း ရေးသော ''သမိုင်းသင်ခန်းစာ ယူတတ်ကြရမည်'' ဆောင်းပါး၌ ဗိုလ်ချုပ် အောင်ဆန်းနှင့် ခေတ္တပြည်ထဲရေးဝန်ကြီး ပျော်ဘွယ်ဦးမြ တို့သည် ၁၅/၇/၁၉၄၇–ရက်က ဘုရင်ခံဆာဟူးဘတ်ရန့်စ်အား တွေ့ဆုံပြီး ဘရင်းဂန်း ၂၀၀–ပျောက်ကြောင်း တင်ပြရာ၊ ဘုရင်ခံက အင်းမလုပ် အဲမလုပ် တုံ့ပြန် ခဲ့သည်။ ဖဆပလ–ကွန်မြူနစ် ပြန်ပေါင်းဖြစ်မည်ကိုသာ စိုးရိမ်နေပုံရသည် ဟု ရေးထားသည်။

ဦးစောကို လတ်တလော သနားညှာတာမှု ပေးပါဟု မြန်မာနိုင်ငံ ဘုရင်ခံ ဟောင်း ဆာဒေါမန်ဆမစ်က သမ္မတကြီး စဝ်ရွှေသိုက်ထံ ၁၉၄၈၊ မေ ၇– ရက်က မေတ္တာရပ်ခံထားသည်ဟု TRUE NEWS ဂျာနယ် ၂၉/၇/၂၀၁၁–

ထုတ်တွင် ဒေါက်တာရန်မျိုးသိမ်းက ရေးထားသည်။ (မပြေနိုင်သော အပြစ်တွေနှင့် အာဇာနည်နေ့)

ထိုဆောင်းပါး၌ပင် ဦးစောသည် ထောင်အတွင်းမှ ဗြိတိသျှကောင်စီ ဘင်ဂလေထံသို့ ဩဂုတ် ၂၂ နှင့် ၂၃–တွင် စာနှစ်စောင် ပေးပို့သည်ဟု ဖော်ပြသည်။

## မောင်မဲရဲ့အမြင်

သတင်းစာဆရာကြီးမောင်မဲက "**ကျွန်ုပ်သိသော အာဇာနည်နေ့**"ဟု လူထုသတင်းစာတွင် ရေးရာ၌ သူသည် ဝန်ကြီး သခင်မြနှင့် နီးစပ်သော ဆိုရှယ်လစ်အဝန်းအဝိုင်းမှ ဖြစ်ကြောင်း ဖော်ပြ၍ ၂၀/၇/၁၉၄၇ – ၌ ကော့ကရိတ်မြို့၊ မြို့မကျောင်းတွင် မြို့လုံးကျွတ်လူထုအစည်းအဝေးကြီး ကျင်းပ၍ အဓိဋ္ဌာန် ပြုခဲ့ကြပုံကို ပြန်ပြောပြသည်။

" ၁ – နယ်ချဲ့ကို အရှုံးမပေး၊ မှုန်မှုန်ညက်ညက်ကြေအောင် တိုက်ဖျက်မည်။

၂ – မာ့က်စ်ဝါဒသဘောတရားအရ ဆိုရှယ်လစ်လောကသို့ အရိုး ကြေကြေ၊ အရေစုတ်စုတ် အသက်ကို ဖက်နှင့်ထုပ်ကာ ချီတက်မည်။

၃ – နယ်ချဲ့အန္တရာယ်မှ ကာကွယ်ရေးအတွက် အမျိုးသားစည်းလုံး ညီညွတ်ရေးကို မရမနေ တည်ဆောက်မည်။

အချိန်သည် ယနေ့အထိ တွက်ကြည့်လျှင် ခေါင်းဆောင်ကြီးများ၏ အရိုးတို့သည် ဆွေးလောက်ပေပြီ။

၁။ မာ့က်စ်ဝါဒသဘောတရားအရ ဆိုရှယ်လစ်လောကသို့ ချီတက်လာကြသည်မှာ မာ့က်စ်ဝါဒသဘောတရားရေးရာများ မဟုတ်တော့ဘဲ၊ ဆိုရှယ်ဒီမိုကရက်တစ် ဖြစ်လိုဖြစ်၊ ပြည်တော်သာဆိုရှယ်လစ် ဖြစ်လိုဖြစ်၊ ဘာမှမတိကျသော ပန်းတိုင်ကြီး ဖြစ်လိုဖြစ်ဖြင့် ချို့ယွင်းချက်အမျိုးမျိုးနှင့် ကြုံနေရပါသည်။

၂။ နယ်ချဲ့အန္တရာယ် ချေမှုန်းရေးမှာလည်း နယ်ချဲ့နှင့် လက်တွဲလိုတွဲ၊ ဖိတ်ခေါ်လို ခေါ်ဖြင့်၊ ကပေါက်ချိ ကပေါက်ချာ တံခါးဝသို့ ရောက်ရှိနေပါပြီ။

▲ ညီညွတ်စေချင်တယ်။

– ကျွန်တော် သည်ကို ရောက်လာတဲ့ ကိစ္စ နားလည်တာ တစ်ခု ရှိပါတယ်။ ဘာလဲဆိုလျှင် မြန်မာပြည်ကြီး လွတ်လပ်စေချင်တယ်။ ညီညွတ်စေချင်တယ်။ ကြီးပွါးချမ်းသာစေချင်တယ်။ သည်ဟာပါပဲ။

– ကိုယ့်ဒေသအလိုက်၊ ကိုယ်ယုံကြည်တာကို ကိုယ် ကိုးကွယ်နေထိုင်ကြပြီ။ တစ်တိုင်းတစ်ပြည်လုံးနဲ့ သက်ဆိုင်တဲ့ ကိစ္စကြီးမှာ ညီညီညွတ်ညွတ် လုပ်ကြရင်၊ ဒါဟာ တစ်မျိုးတည်းလို့ ယူဆကြရမယ်။

– တစ်တိုင်းပြည်လုံး ကြီးပွါးတိုးတက်စေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့ စုပေါင်းပြီး၊ အင်တိုက်အားတိုက် လုပ်နိုင်မှ၊ အကျိုးခံစားခွင့်ရှိကြမှာပဲ။ ဗမာကတစ်မျိုး၊ ကရင်ကတစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့က တစ်ခြား၊ အကွဲကွဲအပြားပြား လုပ်နေကြရင် အကျိုးရှိမှာ မဟုတ်ဘူး။

၁၉၄၇–ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁–ရက်နေ့ ည
ပင်လုံစော်ဘွားများထမင်းစားပွဲ၌
ဗိုလ်ချုပ်အောင်ဆန်း မြွက်ကြားချက်မိန့်ခွန်းမှ။

၃။ အမျိုးသားစည်းလုံးညီညွတ်ရေး ဆိုသည်မှာလည်း ကျွန်ုပ်တို့ မည်မျှစည်းလုံးနေနိုင်သည်ကို အချင်းချင်း မုန်းတီးရေး၊ လူမျိုးငယ်များကို ဖိနှိပ်ရေးနှင့် ပြည်တွင်းစစ်အရေးက သက်သေခံနေပါသည်။''

အထက်ပါတို့ကို ရေးသော မောင်မဲ(လူထု)ခေါ် သခင်တင်ဟိန်းလည်း ၁၈/၁၁/၂၀၀၄– အသက် ၉၀–တွင် ကွယ်လွန်ခဲ့ပါပြီ။

အမြုတေ

ဗိုလ်ချုပ်အောင်ဆန်း၏ နောက်ဆုံးနေ့မှတ်တမ်းမှ အမြုတေကြီးတစ်လုံး ရရှိလိုက်ပါ၏။ ယင်းကား တိုင်းပြည်အပေါ် ပြည်သူအပေါ် ထာဝစဉ် မယွင်းကွက်သော ဗိုလ်ချုပ်အောင်ဆန်း၏ ရိုးသားမှု၊ ဖြောင့်မတ်မှုနှင့် သစ္စာတရားပါပင်တည်း။

အံ့မောင်

၂၀/၇/ ၂၀၁၁။ ရန်ကုန်။

၁၄ ဩဂုတ် ၂၀၁၁ - ထုတ် အတွဲ ၁၊ အမှတ် ၁၅
ပေါ်နီတာသတင်းဂျာနယ်၊ စာမျက်နှာ ၁၂–မှ။

❁ ❁ ❁ ❁ ❁ ❁

# သိက္ခာသည်သာ ဘဝ

**မင်းသန့်ဦး (တောင်ကြီး)**

**အခန်း ၁။ <u>မေးခွန်းနှင့်မှတ်ချက်</u>**

ကျွန်တော့်တွင် လူမျိုးမတူ ဘာသာမတူသော ဆရာဝန်သူငယ်ချင်းများစွာ ရှိပါသည်။ ပုံစံတွေကမျိုးစုံသလို စရိုက်တွေကလည်း အထွေထွေကွဲပြားကြကုန်၏။ လောကကြီးကို မကျေနပ်နေသော ဂျစ်တူးတူးသူငယ်ချင်း။ ပျော်ပျော်သာနေ ကိုယ့်လူတွေဟု၍ တဟီးဟီးတဟားဟား အမြဲပျော်ပါးနေတတ်သော သူငယ်ချင်း။ တစ်လောကလုံး သူ့လုပ်စာ ထိုင်စားနေသူချည်း အောက်မေ့ပုံစံမျိုးဖြင့် အလွန်မာရေကျောရေရှိလှသော သူငယ်ချင်း။ စကားကို နှိမ့်ချစွာ ရိုကျိုးစွာပင် ပြောတတ်ပြီး, မာန်မာနကင်းလှသော သူငယ်ချင်း။ ထစ်ဆို လက်က အလျင်ရောက်နှင့်တတ်သည့် စိတ်မြန် ဒေါကန် လက်ယဉ်တတ်သည့် သူငယ်ချင်း။

စကားကို နှစ်လုံးကွဲအောင် မပြောတတ်, အလွန်အနေအေး နှုတ်နေးတတ်သော သူငယ်ချင်း။ အမြဲတမ်း ပေါင်ဖွာပေါင်ဖွာ အသံကျယ်လောင်စွာ စကားဖောင်တတ်သော သူငယ်ချင်း။ တစ်ပြားကို နှစ်ပြားခွဲ, နေရာတကာ ကပ်စေးနှဲတတ်လွန်းလှသည့် သူငယ်ချင်း။ ငွေကို ရေလို လေလို သုံးတတ်၍, အသုံးအဖြုန်းကြီးလွန်းသူ ကိုကြွေးထူ သူငယ်ချင်း။ အကူအညီတောင်းခံဖို့ ဘယ်တော့မှ ဝန်မလေး, သူကတစ်ပြန် အကူအညီပေးဖို့ကျတော့ တွန့်တိုရှောင်တိမ်းတတ်သည့် သူငယ်ချင်း။ သူတစ်ပါးကိစ္စ သူ့ကိစ္စဟု မှတ်ယူလျက် အကူအညီကို မတောင်းခံသည့်တိုင် ဝင်ကူတတ်ပြီး သူကတော့ ဘယ်တော့မှ အကူအညီ မတောင်းခံတတ်သည့် သူငယ်ချင်း... စသည် စသည်အားဖြင့် သူငယ်ချင်းပေါင်း ပြောက်မြားစွာ ရှိသည့်အနက် ကိုပေဒါးနှင့် ကိုအဝမ်းဟူသော သူငယ်ချင်းနှစ်ယောက်လည်း ပါဝင်နေပါသည်။

ကိုဗေဒါး (ဗေဒါမဟုတ်) နာမည်ကြားရရုံဖြင့် ကုလားလူမျိုးဟု သိရှိနိုင်သလိုပင်၊ ကိုအဝမ်းကိုလည်း တရုတ်လူမျိုးဟု ရိပ်စားမိကြပြီးသား ဖြစ်ပါမည်။ ကုလားမှ ဥပုသ်စောင့်လျှင် တံတွေးကိုပင် မျိုခွင့်မရှိသော ဘာသာကိုးကွယ်သူ ဖြစ်လျက်၊ တရုတ်ကလည်း မဟာယာနဗုဒ္ဓဘာသာ ကိုးကွယ်သူဖြစ်၏။ မွေးရာပါအခွင့်အရေးကြောင့် မိရိုးဖလာဘာသာကို ကိုးကွယ်ခဲ့ကြသော်လည်း၊ ဆရာဝန် ပညာတတ် ဉာဏ်ရည်မြင့်သူတို့မို့၊ ဘာသာစုံကိုလေ့လာကြည့်ကြပြီးသည့် အနေအထားမှာ ရှိကြပါသည်။ သူတို့၏သားဦးများအရွယ်မရောက်တရောက်တွင် သူတို့ မျှော်လင့်မထားသော အမေးတစ်ရပ်နှင့် အချဉ်ပေါက်သော မှတ်ချက်တစ်ရပ်တို့ ကြုံဆုံရစဉ်မှာ သူတို့ အတော်လေးစိတ်မကောင်းဖြစ်ကြရတော့သည်။

"ဖေဖေက ဆရာဝန်တစ်ယောက်ဖြစ်ပြီး ဘာကြောင့် ဆင်းရဲနေရတာလဲ" ဟူသော မေးခွန်းကို သားမောင်အောင်မြတ်က ဖခင်ကိုဗေဒါးအား မေးလိုက်ခြင်း ဖြစ်၏။ "ဆရာဝန့်သား ဖြစ်ရတာ နာတယ်"ဟူသော မှတ်ချက်ကိုမူ သူ့သားမောင်သူရက ဖခင်ကိုအဝမ်းရှေ့မှောက်၌ ပြောထွက်လိုက်ခြင်းရယ်ပါ။ မေးခွန်းက အားငယ်သံ နှောနေ၏။ မှတ်ချက်ကတော့ မကျေနပ်သံ စွက်နေပါ၏။ မေးခွန်းရှင် မောင်အောင်မြတ် မျက်လုံးများ ရီဝေနေပါသည်။ မှတ်ချက်ရှင် မောင်သူရ၏ မျက်လုံးများ စိမ်းစိမ်းတောက်နေသည်ကို အထူးဖော်ပြရန် လိုအပ်မည် မထင်ပါ။ စာဖတ်သူတို့အား သားသမီးများက အလားတူမေးခွန်းမျိုးနှင့် မှတ်ချက်မျိုး မေးခဲ့သည်၊ ပြောထွက်လာသည် ဆိုငြားအံ့။ မည်သို့ တုံ့ပြန်ပြောဆို ဖြေရှင်းကြပါမည်နည်း။

• • • • • • • • • • • • •

**အခန်း ၂။ <u>ဘဝခယောင်းတော</u>**

ကိုဗေဒါးသည် ပန်းခင်းသော ဘဝလမ်းကို လျှောက်လှမ်းခဲ့ရသည် မဟုတ်ပါ။ ဆူးပွှမ်းသော၊ ပပ်ကြားအက်သော၊ ကြမ်းတမ်းသော ဘဝခယောင်းတောကို တိုးဝှေ့ဖြတ်သန်းလာခဲ့ရသူ ဖြစ်၏။ ဆရာဝန်ဖြစ်မှသာဖြစ်လာရသည်။ တကယ်ဆိုတော့ ဆရာဝန် ဖြစ်မလာနိုင်သည့် ဘဝအနေအထားရယ်ပါ။ ငယ်စဉ်ကလေးဘဝကတည်းက မတန်တဆ ရုန်းကန်ခဲ့ရသူဖြစ်သည်။ သူ့မျက်စိအစုံက ငယ်ဘဝမှာကို မွဲခဲ့ အားနည်းခဲ့ရသည့်အထဲ၊

ဖခင်မျက်နှာကို ကောင်းကောင်း မကျက်မိသည့် တတောက်တောက် ပြေးလွှား သင်စ, လမ်းလျှောက်သင်စ အရွယ်မှာ ဖခင် ဆုံးရှာ၍ ဖတဆိုးသား ဖြစ်ခဲ့ရ၏။ ညီအစ်ကို နှစ်ဦးရှိသည့်အနက် သူက အငယ်ဖြစ်ကာ၊ သူ့အစ်ကို သည်ပင် သူ့ထက် အသက် သုံးနှစ်ခန့်သာ ပိုပြီးကြီးပါသည်။ မုဆိုးမမိခင် သည် မိန်းမသားအင်အားလေးဖြင့် ပါးစပ်သုံးပေါက်အတွက် မောပန်းကြီးစွာ ရှာဖွေခဲ့ရ၏။ ရိုးရာဓလေ့အရ မိခင်လုပ်တတ်သည့် ဟာလဝါ၊ ဆနွင်းမကင်း၊ မလိုင်မုန့်၊ ပဲကြော် စသည်တို့ကို မျက်နှာရဲရဲ ချွေးသဲသဲ လက်ပူခံကာ ချက်ဟယ် ထိုးဟယ် ကြော်လှော်ဟယ်နှင့် နေ့မီးညမီးထွန်း၊ မနားမနေ နေ့စဉ် စီမံပြုလုပ် ရောင်းချရရှာ၏။ မုန့်ဆိုင် ဈေးဆိုင် လက်ဖက်ရည်ဆိုင် တွေမှာ သွင်းတန်သွင်း ကိုယ်တိုင်လည်ရောင်းတန်ရောင်း၊ အော်ဒါလက်ခံ ရလျှင်တော့ ပိုပင်ပန်းပေမယ့် ငွေပိုငွေလျှံလေး ဝင်သည်မို့ မောသည် ပန်းသည် သဘောမပိုက်၊ မှာသူ့အကြိုက် အချိန်မီ ပေးအပ်နိုင်အောင် ညမအိပ်စတမ်းပင် ချွေးတလုံးလုံးနှင့် ပြုံးပန်းဝေဝေ ကြိုးစားရတော့သည်။

သူတို့ ညီအစ်ကိုနှစ်ယောက် ကျောင်းနေဖို့ အရွယ်ရောက်လာတော့၊ အမေသည် ကြိုးစားပြီး ကျောင်းထားပေး၏။ "အမေ့မှာ တခြား ရွှေငွေ မြေယာ အမွေပေးစရာ မရှိဘူးကွယ့်။ ပညာအမွေကိုသာ ပေးနိုင်မယ်။ သားတို့ စာကြိုးစားကြ။ ပညာတတ်ကြီးတွေ၊ ဆရာဝန်တွေ ဖြစ်ပါမှ အနေ ချောင် ဂုဏ်ရှိမယ်၊ အမေ သေပျော်မယ်။ ပင်ပန်းရကျိုးနပ်မယ် သားတို့ရယ်" ဟူ၍ နားလည်အောင် အမြဲမပြတ် ဆိုဆုံးမစကား သတိပေး ပြောကြားလေ့ ရှိ၏။ ညီအစ်ကိုနှစ်ဦးသားတို့ကလည်း အိမ်စရိတ်စက၊ ကျောင်းလခ စာအုပ်ဖိုး ကာမိ ဖာမိအောင် တစ်ဖက်တစ်လမ်းမှ မိခင်ကို ကူညီပေးခဲ့ကြရပါသည်။ မိခင်လက်ရာ မုန့်များ အကြော်များကို ကျောင်းမတက်မီနှင့် ကျောင်းဆင်း ပြီးချိန်တို့၌ လှည့်ပတ် လှည့်လည် ရောင်းချပေးကြ၏။ အချိန်ပိုင်း ကလေး ဈေးသည်များအဖြစ် ကျေနပ်စွာ ခံယူလိုက်ကြ၏။ မိမိတို့ အရွယ်ရလာ အတန်းရလာသည်နှင့်အလိုက် ငွေ ပို၍ ပို၍ ကုန်ကျများလာရာ၊ မိခင်ကိုလည်း သနားသည့်စိတ်ကြောင့်၊ အမေ တားမြစ်သည့်ကြားက ဈေးရောင်းထွက်ကြ ခြင်း ဖြစ်ပါသည်။ မနက်ပိုင်း ကျောင်းမသွားမီ၊ မီးရထားပေါ်မှာ တက်ရောင်း ရခြင်းကို မိခင်က အန္တရာယ်များလှသည်ဟု စိတ်မချခြင်းဖြစ်၍၊ စိုးရိမ်ကြောင့်ကြ ခြင်း ဖြစ်ရှာ၏။ စိတ်မချချင်စရာပါ။ ရထား ခေတ္တရပ်နားထားရာမှ စထွက်

လျှင် အရှိန်က တဖြည်းဖြည်း မြန်လာ၏။ ကသောကမျော ခုန်ချဆင်းနေရစ် ရသည်ကိုက စွန့်စားခြင်းတစ်ရပ်။ အသက်အန္တရာယ်နှင့် နီးကပ်လှသည် မဟုတ်ပါလား။

ကိုပေဒါးတို့ မိသားစုက ပုသိမ်မြို့ ဆင်ခြေဖုံးရပ်ကွက်မှာ နေကြသည်။ မနက်ခင်း မီးရထားရပ်ထားစဉ်၊ ဘူတာရုံပလက်ဖောင်းပေါ်ကရော၊ တွဲ တစ်ဖက်ခြမ်း သံလမ်းဘေး အနိမ့်ပိုင်းကနေရော "ဟာလဝါရမယ် ... ဟာလဝါ။ ပုသိမ်ဟာလဝါ။ မလိုင်မုန့် ပဲကြော်တွေလည်း ပါတယ်"ဟူ၍ အသံစာစာဖြင့် အော်ဟစ်ဈေးခေါ်ရ၏။ တွဲအောက်မှာထက် တွဲပေါ်မှာ အော်ရောင်းရတာက ပို၍ အဆင်ပြေ အရောင်းသွက်နိုင်၏။ ပုသိမ် ကြံခင်း ရထား စက်ခေါင်းနောက်က ကပ်လျက် ထိပ်ဆုံးတွဲကနေ နောက်ဆုံး ဘရိတ်တွဲ အထိ လျှောက်ရင်း အော်ရောင်းရသည်မှာ အသံဝင်ချင်ချင်။ တွဲတစ်တွဲနှင့် တစ်တွဲ အကူးမှာ မကျွမ်းကျင်လျှင်၊ ခြေချော်လက်ချော်ကျလျှင် လူလည်း နာ ပစ္စည်းလည်းဆုံးမို့ မိခင်က စိတ်မချခြင်း ဖြစ်၏။ ရထား တဖြည်းဖြည်း လိမ့်ထွက်ပြီဆိုပါက အရှိန်မပြင်းခင် ခုန်ဆင်းနေရစ်ရ၏။ ညစ်ပတ်စိတ်ဖြင့် ငွေအပေးနှေးသော ဝယ်သူကြောင့် ဆုံးရှုံးသည်နှင့်လည်း ကြုံရ၏။ ရှာစား ဖွေစား မလွယ်လှပါ။ ကိုပေဒါးက ငယ်ရွယ်သူမို့ တွဲအောက်ကပဲ အော်ရောင်း ရ၏။ အစ်ကိုကမူ တွဲပေါ် တက်ရောင်းမြဲဖြစ်၍ ရောင်းစွံလှပါသည်။

"ညီလေး ... ရထား ထွက်ခါနီးပြီ။ မင်း အိမ်ပြန်နှင့်တော့။ မဟုတ်ရင် ကျောင်းမမီဘဲ နေလိမ့်မယ်။ အစ်ကိုကတော့ ရထားထွက်ပြီးမှပဲ ကျောင်းကို တစ်ခါတည်း တန်းသွားလိုက်တော့မယ်။ ကျောင်းဝတ်စုံ ဝတ်လာပြီးသားကွ" ဟု ပြောကာ၊ ကိုပေဒါးထံမှ ကျန်သော မုန့်များ အကြော်များကို ယူ၍ ကူရောင်းပေးရှာ၏။ ကျောင်းစိမ်းဝတ်စုံကြောင့် ဖြစ်မည် ထင်ပါသည်။ ကျောင်းသားငယ် ဈေးသည်လေးကို သနားကရုဏာစိတ် ပိုထားမိကြ၍ ခရီးသည်များ ပိုမိုအားပေး ဝယ်စားကြဟန် တူ၏။ ရထားထွက်ချိန်လောက်ဆို အစ်ကို၏ အကြော်ဗန်းမှာ ရောင်းစရာ ကောက်ညှင်းပေါင်း၊ အကြော်စုံနှင့် မုန့်များ အပြတ်ကုန်သွားမြဲ ဖြစ်၏။ ကိုပေဒါး မှတ်မိနေသေးသည်ကား၊ ဈေးရောင်းရငွေ အကြွေတွေကို အမေ့အား ပြန်အပ်ချိန်မှာ၊ မျက်ရည်စမ်းစမ်း ဝေ့ဝေ့ အမေ့မျက်လုံးစုံဖြင့် သူ့ကို အကြည့်မှာ၊ သူ့ရင်တွင်းနက်နက် အသည်း

ထဲထိ စူးစိုက်ဝင်သွားလိုက်ပုံ မြင်ကွင်းနှင့် ခံစားချက်။ အမေ၏ တုန်ခါနေသော လက်ချောင်းပိန်ပိန်လေးများဖြင့် အပ်ငွေကို လှမ်းယူရင်း "အမေကာသားတို့ကို ဈေးမန်းနဲ့ အရောင်းထွက်တာ မကြည့်ရက်ပါဘူးကွယ်"ဟူသော ကွဲအက်အက် ရှိုက်သံနှောသော ပြောစကား တုန်ရီရီနှုတ်ထွက်သံ။ ပညာကိုသာ ကြိုးစားသင်ယူစေချင်သော အမေ့စေတနာ၊ အမေ့မေတ္တာ၊ အမေ့ဆန္ဒတို့ကို သိပင်သိငြားပါသော်လည်းလေ၊ အမေ့တစ်ဦးတည်း ရှာစာနှင့် စားမဝ၊ ဝတ်မလှ၊ ကျောင်းစရိတ်မှ မကာမိပါဘဲလေ။ နုံချာလေသည့် ဘဝအကျိုးပေး။

• • • • • • • • • • • • • •

## အခန်း ၃။ မိဘမဲ့လေပြီ

နေပူစပ်ခါးမရှောင်၊ ပင်ပန်းလွန်းသည့် ဒဏ်တွေ ၁၀-နှစ်ကျော်လာတော့ အမေ့မှာ ခံနိုင်ရည် မရှိတော့ပြီ။ နေပူပြင်းပြင်းမှာ အကြော်စုံပန်း ခေါင်းပေါ်တင်၊ ချွေးသံတရွှဲရွှဲ အသံတကြော်ကြော် အော်ရောင်းပြီး၊ မောမောပန်းပန်း နွမ်းလျလျ အိမ်အပြန်မှာ၊ မူးတူးတူး ဝေတေတေ ဖြစ်နေခဲ့ပြီ။ လုပ်ကိုင်စရာတွေက တန်းစီစောင့်နေတာကြောင့်၊ ချွေးသိပ်အောင် နားချိန် မယူနိုင်။ လူ လန်းသွားမလား အတွေးရယ်နဲ့၊ ရေတန်းပြီး ချိုးလိုက်ရာ၊ ဘိုင်းခနဲ ပစ်လဲကျတော့၏။ အရုပ်ကြိုးပြတ်ကြီးရယ်ပါ။ လေဖြတ်ခြင်းမှာမှ လေသင်ဓုန်းဖြတ် ဆိုကိုး။ သေမင်းက အချိန်းအချက် မရှိဘဲ၊ အသက်ဇီဝိန် နှုတ်ယူသွားခဲ့၍ အမေ့ကို လက်လွှတ်ဆုံးရှုံးလိုက်ရပြီ။ ကိုပေဒါးတို့ ညီအစ်ကို နှစ်ဦးသားမိဘမဲ့လူငယ်များ ဖြစ်ခဲ့ရ၏။ ကိုပေဒါးက ရှစ်တန်း၊ သူ့အစ်ကိုက ဆယ်တန်း။ အမေ့အသက်ကမှ ၃၆-နှစ်သာ ရှိသေးသော အရွယ်ကောင်းအချိန်။ မှန်းတည့်မှာ နေဝင်ခဲ့လေပြီ၊ ရွှေတောင်ကြီးနှင့်တူသော ဖခင် ပြိုလဲစဉ်က ရေးတေးတေးတောင် မသိ နားမလည်လိုက်။ ငွေတောင်ကြီးပမာ အရိပ်တကြည့်ကြည့်နှင့် အားကိုးတကြီး အမှီသဟဲပြုနေရသည့် မိခင် ပြိုလဲကျပြန်ပြီကော။ ရှေ့ရေးဖြင့် မတွေးဝံ့စရာ။ အမေ ဖြစ်စေချင်လှသော ပညာတတ်ကြီး၊ သူ ဖြစ်ချင်ခဲ့သော ဆရာဝန်ဘဝ။ ဝေးရတော့မည့် အဖြစ်ဆိုး။

ကံအလှည့်အပြောင်းက အနည်းငယ် ဖေးမဖော်ရ၍ တော်ပါသေးသည်။ နာရေးသတင်းအကြား၊ အခြားတစ်မြို့နေ၊ ဟိုး ... ရွှေမြို့တော်ရန်ကုန်က မိခင်၏ အစ်ကိုကြီး ပုသိမ်သို့ ရောက်လာတော့၏။ သူတို့ညီနောင်ကို လာခေါ်

သွား၏။ ဦးကြီးက ဗိုလ်တထောင်ဘုရားအနီးမှာ ထမင်းဆိုင် ဖွင့်ရောင်းရာ၊ အိမ်အလုပ် ဆိုင်အလုပ် ကူရင်း၊ ဦးကြီးသားသမီးများ (သူတို့၏ တစ်ဝမ်းကွဲ မောင်နှမများ)ကြား တိုးဝှေ့အိပ်ရင်း၊ မိဘမဲ့သား ရေနည်းငါးပေမယ့် နေတတ်တော့လည်း ကျေနပ်စရာ ဘဝအချိုးအကွေ့လေး ဖြစ်ခဲ့ပါသည်။ ၁၀–တန်း အောင်သော အစ်ကိုသည် မီးရထားဌာန ကြေးနန်းဆက်သွယ်ရေးမှာ အလုပ်ဝင်ခွင့်ရသည့် နှစ်မှာပင်၊ ကိုဖေဒါး ၁၀–တန်းကို ၃–ဘာသာ ဂုဏ်ထူးဖြင့် အောင်၏။ မိခင်မျက်နှာကို ပြေးမြင်ကာ ဝမ်းသာဝမ်းနည်းကြီး ဖြစ်ရ၏။ ဆေးတက္ကသိုလ်ကို အမှတ်မီနိုင်ပါသော်လည်း၊ ၇–နှစ်တာ မာရသွန်ပြေးပွဲ ဝင်နွှဲဖို့ မလွယ်ကြောင်း တွေးမိပြန်တော့ မချိဝမ်းနည်း မျက်ရည်ရွှဲခဲ့ရပြန်၏။ သိန်းဆု (ထိုစဉ်က) ပေါက်ပြီး၊ ထီလက်မှတ် ပျောက်ရသည့် ကိန်းမို့လေ။ မတတ်နိုင်တော့ပြီ။ အစ်ကိုလိုပင် မီးရထားဌာနမှာ အလုပ်ဝင်လျှင်၊ ၁၀–တန်း အောင်ပြီးမို့ ရုံပိုင်ရာထူးတော့ ရနိုင်ကောင်း၏ဟု အမြင့်ဆုံး မျှော်မှန်း မိခဲ့ဖူးသည်ကို ဝန်ခံရပါလိမ့်မည်။

သည်တစ်ကြိမ်လည်း ကံအကျိုးပေး ကောင်းပြန်ပါ၏။ အကြောင်းမှာ ဦးကြီးက "သားဖြစ်ချင်တဲ့ ဆရာဝန်ဘဝကို ဦးကြီး ရောက်အောင် ပို့မယ်။ ဦးကြီး ကျန်းမာရေးကောင်းသရွေ့ပေါ့ သားရယ်"ဟု ခေါ်ပြောသောကြောင့်ပါ။ သို့သော် ဦးကြီးနှင့် သူ၏သားသမီးများတို့မှာလည်း လမ်းဘေးဈေးရောင်း ရသည့် အဆင့်မို့ ဝမ်းလည်း မသာနိုင်ပါ။ ဦးကြီး၏ စေတနာစကားအတွက် အားရှိသွားသော်လည်း၊ ဘဝအနေအထားက လမ်းခုလတ်မှာ မုန်တိုင်း ဝင်မွှေ့ သွား၍ ပြိုလဲကုန်ကြမှဖြင့်၊ အကျိုးနည်းရချည်ရဲ့ဟု တွေးကာ၊ သူ စိုးရွံ့ အားလျော့မိရတော့သည်။ ဆေးတက္ကသိုလ် တက်ရောက်ရေးကို၊ သူ့ခမျာ မဝေခွဲနိုင် မဆုံးဖြတ်နိုင်၊ လိပ်ခဲတည်းလည်း ဖြစ်ရ၏။ တက်လည်း အလွန် တက်ချင်၏။ ဆရာဝန်လည်း အလွန်ဖြစ်ချင်၏။ အမေ့ဆန္ဒကြောင့် ပိုတက်ချင် နေ၏။ ပိုင်ပိုင်မဆုံးဖြတ်ရဲ၊ နောင်ရေးအာမခံချက် လုံးဝ သူ့မှာ ရှိမနေခဲ့၍ ဖြစ်၏။ တက်ရေး မတက်ရေး ရင်ထဲ လွန်ဆွဲနေတော့၏။ "တက်မယ်ကွာ။ မဟုတ်သေးဘူး ထင်တယ်။ တက်လို့ မဖြစ်သေးပါဘူး။ လေ့လေ့ော်ရင်း တက်ကျိုးမှဖြင့် ဟိုမရောက် သည်မရောက် ဖြစ်ရော့မယ်" အတွေးတွေက အပေါင်းပြလိုက်။ အနှုတ်ပြလိုက်။

ကယ်တင်ရှင်တစ်ဦး ပေါ်လာပြန်၏။ အခြားသူ ဟုတ်ပါရိုးလား။ သူ့အစ်ကိုရယ်ပါ။ အစ်ကိုက "အမေ ဖြစ်စေချင်တဲ့ ပညာတတ်၊ အမေ သိပ်မျှော်မှန်းခဲ့ဖူးတဲ့ ဆရာဝန်အဖြစ်ကိုတော့ ညီလေး ဖြစ်အောင် ကြိုးစားရယူရလိမ့်မယ်။ အစ်ကိုလည်း အလုပ်ရနေပြီပဲ။ ညီလေး ကျောင်းစရိတ်ဖြစ်အောင် ပေးမှာပေါ့။ ပေးကို ပေးပါ့မယ်ကွာ၊ ကြိုးစားဖို့က ညီလေးတာဝန်။ စရိတ်ထောက်ဖို့က အစ်ကိုတာဝန်ထား"ဟူ၍ အားပေးစကားနှင့်အတူ ကတိစကား ပြောကာ၊ တွန်းအားကြီးစွာ ပေးလာပါသည်။ ချို့ချို့တဲ့တဲ့နှင့် ဆေးတက္ကသိုလ် တက်ခဲ့ရသော်လည်း၊ လုံးဝ အားမငယ်ခဲ့ပါပေ၊ သူ့စံပြပုဂ္ဂိုလ်များ ဖြစ်ခဲ့ကြသော နှလုံးလှဆရာဝန် နော်မန်ဗက်သွန်း၊ ဗန်းမော်တင်အောင်၏ ဒေါက်တာရေချမ်း။ သူ ငယ်ဘဝတုန်းက ဖျားနာတိုင်း ဆေးကုသပေးခဲ့သည့် စေတနာဆရာဝန်ကြီး ဒေါက်တာရှားမန်းတို့လို ဖြစ်အောင် ကြိုးစားအားထုတ်မည်ဟူသော သန္နိဋ္ဌာန်ခိုင်မြဲ ဖွဲ့ကာလည်း ခတ်ခဲ့ရာ၊ အချိန်တန်တော့ ဆရာဝန်ဘွဲ့ကို ရရှိခဲ့ပါပြီ။

ကိုဗေဒါး ဆရာဝန် ဖြစ်လာတော့၊ သူ့အသက်သခင် ကျေးဇူးရှင် ဒေါက်တာရှားမန်းကို ပိုပြီး သတိရ လွမ်းဆွတ်မိ၏။ ဆရာဝန်ကြီး ရှားမန်း၏ လူမမာအပေါ် ထားသည့် စေတနာဖြူဖြူ၊ မေတ္တာကြီးကြီးကို သူ သိပ်သဘောကျ၏။ တကယ့်စေတနာဆရာဝန်၊ အသပြာဆရာဝန် မဟုတ်ခဲ့ပါ။ ပုသိမ်ကနေပြောင်းရွှေ့မိန့်ကျလို့ ပြောင်းရချိန်၊ ပုသိမ်ကမ်းလုံးညွတ်အောင် သဘောာဆိပ်လိုက်ပို့သည့် လူအုပ်ကြီး နည်းရော့သလား၊ ထိုလူအုပ်ကြီးထဲမှာ ကိုဗေဒါးတို့သားအမိတွေလည်း ပါဝင်ခဲ့ကြပါသည်။ ဆရာဝန်ဆိုသူမှာ လူနာတွေ အသက်ချမ်းသာအောင်၊ ရောဂါဝေဒနာ ပျောက်ကင်းသက်သာအောင် ကုသပေးရမည့် အလုပ်ကို လုပ်ရမည့်သူ၊ ငွေရရေး မရရေးနှင့် လားလားမှ မသက်ဆိုင်၊ လူမမာတွေအပေါ် ထားအပ်သည့် စေတနာ မေတ္တာ ကရုဏာတွေကိုသာ အပြည့်အဝ ထားခဲ့သော ဆရာဝန်ကြီး ဒေါက်တာရှားမန်းသည် ကိုဗေဒါး၏ စံပြဆရာဝန်ကြီး ဖြစ်ခဲ့၏။ အသပြာဆိုသည်ကို မေ့ထားနိုင်သည့် ဘဝမျိုးကို သူ လိုလားတောင့်တခဲ့၏။ ဆေးကုသခြင်းဖြင့် အသက်မွေးပါသော်လည်း ဆေးပညာဖြင့် သူ စီးပွါးမရှာဟု ကိုဗေဒါး – အခုတော့ ဒေါက်တာဗေဒါး ဆုံးဖြတ်ခဲ့၏။ တကယ်လည်း ကျေးလက်သို့အရောက် သွားခဲ့၏။ တိုက်နယ်ဆေးရုံတွေမှာ ဖြတ်သန်းတာဝန်ကျေခဲ့ပေမင့်၊ သူ ကိုယ်ပိုင်ဆေးခန်း မဖွင့်

ခဲ့ပါ။ လက်ကုန်လျှင် လစာရမည်။ ချွေတာသုံး။ ကုသိုလ်များများယူ။ ပြည်သူ့ဆရာဝန်ပေါ့။

•••••••••••••

**အခန်း ၄။ <u>တိုက်ဆိုင်လွန်း</u>**

''ဟလို ... သူငယ်ချင်း အင်းဆားကူးလား''

''ဟုတ်တယ် ကိုပေဒါး။ အဆက်ပြတ်တာ ကြာပြီနော်။ မိသားစုနေကောင်းကြရဲ့လား''

''မင်း ငါ့အသံ မှတ်မိသေးတာပဲ။ အားလုံး နေကောင်းကြတယ်။ အကြောင်းထူးကတော့ကွာ ငါ မင်းတို့တောင်ကြီးကို လာဖို့ ရှိတယ်။ မင်းနဲ့တွေ့ချင်တယ်။ စကားပြောဖို့''

''ရပါတယ်။ ငါ အိမ်မှာပဲ အမြဲလိုလို ရှိနေပါတယ်။ ဆေးခန်းမထိုင်ဘူးဆိုတော့ဟာ အိမ်စောင့် သော့ကိုင်ပေါ့ကွာ။ မြေးထိန်းတဲ့ ရာထူးကိုလဲ ဘယ်သူမှ မပေးဘဲနဲ့ ရနေတယ်။ လာမယ့်အတူတူ တန်ဆောင်တိုင်ပွဲအမီ လာရောပေါ့ကွ။ ခုတော့ – ပွဲက ပြီးသွားပြီဟ''

''ငါ တောင်ကြီးရောက်တာနဲ့ ဖုန်း ထပ်ဆက်သွယ်ပါ့မယ်။ နားညည်းတော့မယ်ဆိုပြီး ရှောင်မနေနဲ့ဦးကွ။ ငါ မေးချင်တာတွေ အများကြီးပဲ၊ မင်းတော့ ဖြေနိုင်မှာပါကွာ''

''မရှောင်မပုန်း မပြေးပါဘူး။ စိတ်ချ။ ငါကလဲ မင်းကို သိပ်တွေ့ချင်နေတာပါ။ ဖုန်းသာ ကြိုဆက်လိုက်။ ဆုံကြရအောင်။ မျှော်နေပါ့မယ် သူငယ်ချင်း ကိုပေဒါး''

တိုက်ပဲ တိုက်ဆိုင်လွန်းပါသည်။ ဆောင်းပါးတစ်ပုဒ် ဖတ်မိရင်း ကိုပေဒါး ငယ်ဘဝက ဇာတ်ကြောင်းလေးနှင့် တူလိုက်တာဟု တွေးမိပြီး သူ့ကို သတိရမိနေစဉ်မှာပင်၊ ကြိုးဖုန်းသံ မြည်လာပါသည်။ ကောက်ကိုင် နားထောင်လိုက်တော့ ကိုပေဒါးနှင့် တည့်တည့်ကြီးကို တိုးနေ၏။ အံ့ဩလွန်း၍ အံ့အားကြီးသင့်နေမိတော့၏။ ဆေးပညာသုတပေး ကျန်းမာရေးမဂ္ဂဇင်းတစ်စောင်ဖြစ်သော ၂၀၁၁–ခုနှစ် အောက်တိုဘာလထုတ် ဇီဝကမဂ္ဂဇင်း၌ ပါရှိသည့် ''ရှင်သန်ခြင်းရဲ့အဓိပ္ပါယ်''ဆောင်းပါး ဖြစ်ပါသည်။ ထိုစာရေးသူ ကလောင်ရှင်

မှာ "ရဲသျှမ်း"။ ခေါင်းစီးကို ကြိုက်၍ ဖတ်ဖြစ်လိုက်၏။ အမှန်ကတော့ ပင်ပန်းလွန်း၍ စာဖတ်ချင်စိတ် သိပ်ရှိမနေပါ။ စာတိုတစ်ပိုဒ်လောက်မှ မဖတ်ဘဲ မအိပ်စက်တတ်သည့် မိမိအကျင့်ကြောင့် မဂ္ဂဇင်းဟောင်းတစ်ထပ်ကို လှန်လှောလျက်၊ အငြိုးဖြေ ကာတွန်းတွေ ဖတ်၊ စာမူသရုပ်ဖော်ပုံ ပန်းချီတွေ ကြည့်ရင်း၊ ဟိုတစ်ကြောင်း သည်တစ်ပိုဒ် စာမြည်းနေခြင်း ဖြစ်ပါသည်။

တောင်ကြီးတန်ဆောင်တိုင်ပွဲ ပြီးလျှင်၊ လူက သိပ်မဟန်ချင်တော့ပါ။ ပွဲလည်၍ မဟုတ်ရပါ။ ညည့်ထောင်း၍ ခြေကုန်လက်ပန်းကျခြင်းရယ်ပါ။ ပွဲရက်က အတော်ရှည်၏။ တန်ဆောင်မုန်းလဆန်းသည်နှင့် ပွဲဈေးတန်းက ဖြစ်နေပြီ၊ လဆန်း ၇–ရက်မှာ တရားဝင် ပွဲစပြီ။ နေ့လွတ် မီးပုံးပျံအကောင်ဗလောင် ရွှေငါး၊ ယုန်၊ ကြက်၊ ဝက်၊ ဘဲ၊ ဆိတ်၊ ဆင်၊ မြင်း၊ ရှဉ့်၊ ကြွက် စသည်တို့ အုပ်စုလိုက်ရော၊ တစ်ကောင်ချင်းရော၊ နေ့ခင်းမှာ စလွှတ်ပါပြီ။ ညနေပိုင်းမှာ ကွင်းဖွင့်ပွဲတဲ့လေ။ ညလွှတ်စိန်နားပန်တို့၊ ညမီးကျည်တို့ အပြိုင်အဆိုင် အနိုင်ကြဲကြပြီ၊ ခနအိုးစည်သံက ပွဲခင်းတစ်ခုလုံးကို လွှမ်းလောက်အောင် ဟိန်းပြီး ထွက်လာနေကျပေါ့။ မြူးလည်းမြူး မူးလည်းမူး ရူးလည်းရူးကြ၊ ကကြခုန်ကြ၊ မမောနိုင်မပန်းနိုင်။ သံချပ်တွေ ပြိုင်အော်တာ အသံဝင်ကာမှ ဝင်ပါရော။

ရပ်ဝေးရပ်နီး ရွှေညော်သည်တွေကလည်း အုံနှင့်ကျင်းနှင့် ပွဲခင်းမှာ တိုးမပေါက်အောင် ကျပ်ညပ်တိုးခွေ့ ရွေ့လျားရသည့် အနေအထားမျိုး။ အစည်ကားဆုံး လပြည့်ညမှာ မြန်မာပြည် တစ်နံတစ်လျားက လူတွေအားလုံး ပွဲခင်းထဲ ရောက်နေသလိုလို ထင်မှတ်ရ၏။ ကျွန်တော့်အိမ်မှာလည်း ညည့်လွတ် သည့် နှစ်ဟူ၍ မရှိစဖူးပါ။ တစ်သုတ်ပြန် နောက်တစ်သုတ်ရောက်။ အဝင်နှင့် အထွက်၊ အထွက်နှင့်အဝင်။ ညည့်နှစ်သုတ် သုံးသုတ် ထပ်နေတတ်သည် ကလည်း ရှိလိုက်သေး။ ညည့်တရုန်းရုန်းနှင့် ပျော်စရာပျော်စရာကြီးပါ။ ပွဲသာ ပြီးသွားရော။ အဝေးက ရောက်လာသည့် ညည့်များ အင်းလေးဖောင်တော်ဦး တဲ့၊ ထမ်စန်းဂူတဲ့၊ ကက္ကူဘုရားတဲ့၊ ပင်းတယ ရွှေဥမင်ဘုရားတဲ့၊ သွားလိုက် လာလိုက်ပေါ့။ ညည့်လည်းပြန်သွားပြီးရော။ အိမ်ကို သိမ်းဆည်းရှင်းလင်းရ သည်မှာ ဖတ်ဖတ်ကို မောရော။ လူလည်း ခြေကုန်လက်ပန်းကျယူရော။ ပွဲတွင်းမှာပဲ၊ မတွေ့ကြရတာ ကြာပြီ ဖြစ်သည့်၊ တောင်ငူဖက်က သူငယ်ချင်း ကိုအဝမ်းတို့ မိသားစု ရောက်လာကြ၏။ ကျောင်းတုန်းက အကြောင်းတွေ ပြောမဆုံးပေါင် တောသုံးထောင်အပြင်၊ အိမ်ထောင်ရှင်ဘဝ သားသမီးကိစ္စ

တွေ့ပါ ရောနှောပြောဆိုကြရတာ ပျော်လည်း ပျော်ရ၏။ ရင်လည်း မောရပါ၏။ ခေတ်ရေစီးကြောင်းအတိုင်း မျှောမပါလို့ကလည်း မရ၊ ကျွန်တော်တို့ ငယ်ဘဝ ခေတ်နှင့်က တခြားစီ ဖြစ်ကုန်ပြီလေ။ ဟော...အခု...ကိုဖေဒါးက လာပါဦး မည်ဆိုကို။ စကားတွေ အများကြီး ပြောချင်ပါသတဲ့။ ဗုဒ္ဓဘာသာရှုထောင့်က မေးမြန်းချင်ပါသတဲ့။ တိုက်ပဲတိုက်ဆိုင်လွန်းလှ၏။ ရဲသုံးဖော် တစ်ချိန်တည်း ဆုံလိုက်ရလို့ကတော့ဗျာ စကားကို လုပြောကြရမည့်ကိန်း ဖြစ်ရော့မည်။ တော်ပါသေး၏။ တစ်ဦးချင်း တစ်ခါစီမို့။

ဟော ... ရောက်လာပါပြီ ကိုဖေဒါး။ မတွေ့ရတာ ကြာလှပြီမို့ ရုတ်တရက် မမှတ်မိချင်။ သူ့ငယ်ရုပ်လေး ကျန်နေသေး၍သာ ပုံဖမ်းမိခြင်းပါ။ ခန္ဓာကိုယ် ပိုပြည့်ဖြိုးလာကာ မျက်နှာလည်း ပိုပြီးရင့်ကျက်တည်ငြိမ်သွားသည်ဟု ချက်ချင်း အကဲခတ်မိပါ၏။ ဆံပင်ဖြူတွေ ဟိုတစ်ပင် သည်တစ်ချောင်း ထိုးထိုးထောင်ထောင် ရောနှောကာ၊ ဆံပန်းပွင့်လာခဲ့ပေပြီ။ ဆံအုပ်လည်း ပါးလျားသွားကာ၊ ထိပ် နည်းနည်းပြောင်ချင်လာပြီ။ သူ ငယ်တုန်းကဆို ဆံအုပ်ထူ ဘုတ်သိုက်ကြီးပါ။ ဆံလုံးကလည်း တုတ်၊ ဆံရှည်ကလည်း မြန်၊ သန်လည်း သန်လှ၏။ တစ်လတစ်ကြိမ် ဆံသဆိုင် သွားရသော ကျွန်တော်တို့ အုပ်စုထဲမှာ သူက တစ်မူထူးခြားစွာ ရက် ၂၀–လောက်မှာ တစ်ကြိမ် ဆံပင်ညှပ်ရသူ ဖြစ်နေခဲ့ပါသည်။

• • • • • • • • • • • • • •

**အခန်း ၅။ ခေတ်ကွာခြား**

"ငါကွာ ... ငါ့သားက မေးလိုက်တဲ့ မေးခွန်းကို အတော်ကြီး ကြိုးစား အဖြေပေးလိုက်ရတယ်။ ရှင်းပြလိုက်တော့လည်း သားက နားလည်သွားပါ တယ်။ စိတ်တော့ မကောင်းဘူးပေါ့ကွာ"

"ဟော... မင်းသား မောင်အောင်မြတ်က ဘာများ အမေးရှိလို့လဲ ဟ"

"ဖေဖေက ဆရာဝန်တစ်ယောက် ဖြစ်ပြီး ဘာကြောင့် ဆင်းရဲနေရတာ လဲ ... တဲ့ဟာ"

"ဟ ... မင်းတို့မိသားစု လူတန်းစေ့တော့ နေနိုင်စားနိုင်သားဟာပဲ။ ဆင်းရဲတယ်လို့ မင်းသားက ယူဆနေသတဲ့လား ကိုဖေဒါးရ"

"သူ့အတန်းဖော် သူငယ်ချင်းတွေက ပြည့်စုံချမ်းသာကြတာကိုး။ တိုက်နဲ့ကားနဲ့၊ လက်ကိုင်ဖုန်းနဲ့ မော်တော်ဆိုင်ကယ် ကိုယ်စီနဲ့လေ။ ၉-တန်းရောက်ပြီဆိုတော့ ကျူရှင်တစ်ခုက နောက်တစ်ခုအကူးမှာ အချိန်မီအောင် မြန်ဆန်အောင် မော်တော်ဆိုင်ကယ် စီးချင်ရှာတယ်နဲ့ တူပါရဲ့ကွာ"

"နို့ မောင်အောင်မြတ်က ဘာနဲ့ သွားနေရလို့တုံး"

"စက်ဘီးစုတ်လေးကို ငါ့မှာ မနည်းကြီး ကြိုးစား ဖန်တီးပေးထားရတာလေ။ ငါ့တုန်းကဆိုရင် ခြေကျင်ကြိတ်ရတာကွ"

"ခေတ်ကြီးက မတူတော့ဘူးလေ။ ငါတို့က လိုက်လို့ မမီတော့ဘူး ပြောရမလားပဲ။ ဒီတော့ မင်း ဘယ်လို ရှင်းပြလိုက်သလဲ"

"သားက ဆင်းရဲချမ်းသာကို ရုပ်ဝတ္ထုတွေနဲ့ တိုင်းတာနေတယ် ထင်တယ်လို့ စ ချင်းချင်း ပစ်ထည့်လိုက်ရတယ်။ မှန်တယ်လေကွာ။ ရုပ်ချမ်းသာပြီး စိတ်ဆင်းရဲနေရတဲ့ သူတွေမှ လောကကြီးထဲမှာ ပြည့်လို့။ ရုပ်မချမ်းသာချင်နေပါစေ၊ စိတ်ချမ်းသာမယ်၊ လိပ်ပြာသန့်မယ်၊ သိက္ခာထိန်းထားနိုင်မယ်ဆိုရင် အတိုင်းထက်အလွန် ပြည့်စုံနေပြီ မဟုတ်လား သူငယ်ချင်း"

"ဟုတ်တော့ ဟုတ်ပါတယ်။ မင်းခံယူချက်က မြင့်လွန်းနေတယ်။ မင်းသားက ခုမှ လူ့လောကထဲ တစ်လှမ်းဝင်မယ် ရွယ်ရုံ ရှိသေးတာ၊ သူ့ခမျာ အတော်ကြီး လိုက်ယူရရှာမယ်ဟ"

"ငါလဲ တတ်နိုင်သမျှတော့ ရှင်းပြရတာပေါ့။ သားသူငယ်ချင်းတွေ ဆိုင်ကယ်စီးတာ၊ ဖုန်းလှလှကိုင်တာ၊ စိတ်ကြိုက်ဒေးစပါယ်ရှယ်တက်တာ၊ ငွေရွှင်ရွှင်သုံးတာ၊ ဝတ်စားတာတွေကို အားကျနေလား။ အားမကျရဘူးလို့ ဖေဖေ မပြောလိုဘူးသား။ တော်ရုံတန်ရုံ ဝတ်စားတာတော့ ကောင်းပါတယ်။ အပိုအလျှံ သုံးစွဲရင် ဖြုန်းတီးရာကျတယ်။ ဂုဏ်တုဂုဏ်ပြိုင်ပြုရာ ကျတယ်လို့ ဖေဖေ အမြဲရှင်းပြဖူးတယ်လေ။ တန်ဆေး လွန်ဘေးတဲ့။ ကျန်းမာရေးနဲ့ ညီညွတ်အောင်၊ ဝတ်တယ် စားတယ် သုံးတယ်။ တော်ပြီပေါ့။ သားတို့ မဝရေစာ စားနေရလို့လား။ မလုံမခြုံ ဝတ်နေရလို့လား...လို့ မေးလိုက်ပါတယ်။ သူ့ကိုယ်သူ ပြန်ဆင်ခြင်မိတယ်နဲ့ တူပါတယ်။ ရှက်သွေးလေးဖြန်းပြီး ဝဝလင်လင် စားသောက်ရပြီး လုံခြုံပြည့်စုံအောင် ဝတ်ဆင်ရပါတယ်လို့ ဖြေရှာတယ်"

''မင်း ရိုးရိုးသားသား တရားသဖြင့် ရှာဖွေကျွေးမွေး စောင့်ရှောက်တာ ရှင်းမပြဘူးလား''

''ပြောပြပါတယ်။ သားလဲ ဖေဖေ့ငယ်ဘဝအကြောင်း သိထား ပြီးသား ပဲလေ။ ဖေဖေ့ရည်မှန်းချက် ရောက်အောင် ဘယ်လို ကြိုးစားအားထုတ်ခဲ့ ရတယ်။ ဘူတာရုံ ရထားတွဲတွေမှာ ဈေးရောင်းခဲ့ရတာ၊ ဦးကြီးထမင်းဆိုင်မှာ လုပ်ကိုင်ခဲ့ရတာတွေ သား သိပါတယ်။ ဖေဖေရဲ့စိတ်ထား၊ ဖေဖေဖတ်တဲ့ စာအုပ်၊ ဖေဖေ လူမမာတွေအပေါ် ထားတဲ့ စေတနာ၊ တောသူတောင်သား ကျေးရွာလေးတွေမှာ မေတ္တာရောင်ခြည်ဆေးခန်းလေးတွေ ဖွင့်ပြီး၊ စက်ဘီး လေး တစ်စီးနဲ့ လှည့်ပတ် ဆေးကုပေးခဲ့တာ၊ သားတက်ရတဲ့ ကျူရှင်တွေထက် အဆပေါင်း အများကြီး ပိုဝေးတဲ့ ခရီးတွေပေါ့ သား။ ဆိုင်ကယ်နဲ့ သွားရင် ပိုမြန်သက်သာမှာ သိသားပဲ၊ ငွေပိုငွေလျှံမှ မရှိတာ၊ အသပြာဆရာဝန်ဘဝကို မှ မရွေးချယ်ခဲ့တာ၊ စေတနာဆရာဝန်ဘဝကို လျှောက်လှမ်းခဲ့တာဆိုတော့ စက်ဘီးစုတ် စီးနိုင်တာတောင် လွန်လှပြီသား။ သားတို့ စားဝတ်နေရေး ပြေလည်အောင် ဖေဖေ ဖြိုးခြဲခဲ့တာပါ။ လိပ်ပြာသန့်ခဲ့လို့ ဖေဖေ စိတ်ချမ်းသာ ပါတယ်ကွာလို့ ရှင်းပြတဲ့အပြီးမှာ – သား သိပါပြီ ဖေဖေ၊ ဖေဖေ့သား ဖြစ်ရတာ သားဂုဏ်ယူကျေနပ်တတ်ပါပြီလို့ မျက်ရည်ဝဲဝဲ၊ ခေါင်းလေးငုံ့ပြီး ပြောရှာတယ် သူငယ်ချင်း''

''မင်း တော်တယ် ကိုပေဒါ။ သားမောင်အောင်မြတ်လည်း အပုံကြီး တော်ရှာပါတယ်။ ဒါနဲ့ မင်း မေးချင်တယ်ဆိုတဲ့ ကိစ္စလေးတွေက ဘာလဲဟာ''

''ငါ စိတ်ကောင်းထားပြီး ကူညီဖေးမ ကုသပေးတာဟာ ကုသိုလ်စိတ် မဟုတ်ဘူးလား''

''ကုသိုလ်စိတ် ဟုတ်တာပေါ့။ ကုသိုလ်လည်း အများကြီး ရပါတယ်။ အကျိုးပေးပါလိမ့်မယ်''

''စေတနာ ကံတရားလို့လဲ ပြောတယ်။ ငါ စေတနာကြီးကြီး ထား သလောက်၊ ကံက ဘာကြောင့် ကြီးကြီးမကောင်းဘဲ မချမ်းသာရတာလဲလို့ တစ်ခါတစ်ခါ စဉ်းစားနေမိတယ်ကွာ''

''ဒီလို ရှိတယ် ကိုပေဒါ။ ကံ ဆိုတာမှာ၊ အတိတ်ကံနဲ့ ပစ္စုပ္ပန်ကံရယ် လို့ ခွဲခြားသိထားဖို့ လိုသေးတယ်။ အတိတ်ကံ အားနည်းခဲ့ရင်၊ ပစ္စုပ္ပန်ကံ

အကောင်းတွေ အများကြီး ပြုနေပေမယ့်လဲ အကျိုးပေး သိပ်မကြီးမား မများပြားတတ်ဘူးတဲ့။ ပစ္စုပ္ပန်ကံကောင်းပြုတာ နည်းပါးချင်လဲ နည်းပါးမယ်။ အတိတ်ဘဝတုန်းက ပြုခဲ့ဖူးတဲ့ ကံကောင်းတွေက များပြားအားကြီးနေရင် အကျိုးပေးက ထက်သန်ကြီးမားတတ်ပြန်သတဲ့။ ရှင်းအောင် ပြောရရင်၊ အရင်းများပြီး အမြတ်နည်းတာ၊ အရင်းနည်းပြီး အမြတ်များတာ၊ အကျိုးပေးချင်း တစ်ခုနဲ့ တစ်ခု မတူလို့တဲ့။ အတိတ်ကံကိုချည်း အားကိုးပြုလို့ မရသလို၊ မျက်မှောက်ကံကိုချည်းပဲလဲ အားကိုးလို့ မရဘူးဆိုတဲ့ သဘောပါ။ အလွန်ပဲ သိမ်မွေ့တဲ့ အကြောင်းအရာတွေမို့ တစ်ထိုင်ထဲ အတိုချုပ် ပြောရတာ သိပ်မလုံလောက်ချင်ဘူးဟ''

''အေကွာ ... ငါကလဲ အလုပ်ကိစ္စကို ခဏ အမေ့ခံပြီး လစ်ထွက်လာတာ ဆိုတော့၊ အချိန် အများကြီး မပေးနိုင်ဘူးပေါ့ကွာ။ ငါ ဖတ်သင့်တဲ့ စာအုပ်တွေ ညွှန်းရင်လဲညွှန်း ပေးရင်လဲ ပေးလိုက်ပါလားကွာ။ ဒါနဲ့ ကိုအဝမ်း လာသွားသေးတယ်ဆို''

''သူ့မှာလဲ သူ့သားကိစ္စက မင်းသားထက်တောင် ကြမ်းတမ်းပါသေးတယ်၊ ခေတ်က ကြမ်းတယ်လေကွာ။ အချိန်ရရင် အသေးစိတ် ပြောပြချင်တာ၊ မင်းက ပြန်ဖို့ တပြင်ပြင်နဲ့''

''မင်း စာတစ်ပုဒ် ဖြစ်အောင် ရေးကွာ။ အေးအေးဆေးဆေး ဖတ်ကြည့်ရအောင်''

• • • • • • • • • • • • •

**အခန်း ၆။ နာသတဲ့။**

ပြောရင်းဆိုရင်း ဟန်တပြင်ပြင်၊ နာရီတကြည့်ကြည့်နှင့် ကိုပေဒါး ထရပ်လေပြီ။ စကားပြောလို့က အရှိန်ကောင်းတုန်း ရှိသေး၏။ သူကမှ အချိန်မပေးနိုင်တာ၊ မတတ်နိုင်တော့ပါ။ သူ့အတွက် လက်ဆောင်ပေးရန် ပြင်ဆင်ထားသော စာအုပ်အချို့နှင့်၊ ပင်လောင်းမိုးလွတ်ရွှေဖီလက်ဖက်ခြောက်ထုပ်ကြီးတို့ကို ကမ်းပေးလိုက်ရ၏။ သူကလည်း ကျွန်တော့်အတွက် ပုဆိုးလက်ဆောင် တုံ့ပြန်ပေးပါ၏။ သူဝယ်ရတာ မဟုတ်ပါတဲ့၊ သူ့လူနာ ကန်တော့သော ပုဆိုးမို့ အမြတ်တနိုးထားကာ ကျွန်တော့်ကို ဝတ်စေချင်၍ မေတ္တာဖြင့် ပေးခြင်းပါတဲ့။ ကျွန်တော်ကလည်း သူ ကုသိုလ်ပိုရအောင် ဥပုသ်စောင့်သည့်

အခါ၊ ဘုန်းကြီးကျောင်းတက်သွား၊ တရားနာသွားသည့်အခါ ဝတ်ပြီး မေတ္တာပို့ပေးပါမည်ဟု ကတိပေးလိုက်ပါ၏။ ထွက်ခွါသွားသော ကိုပေဒါး၏ နောက်ကျောကို ကြည့်ရင်း၊ ယခင်နှစ်ပတ်ကမှ လာရောက်တည်းခိုသွားသည့် ကိုအဝမ်းတို့ သားအဖကို မျက်စိထဲ ပြန်မြင်ယောင်လာပါ၏။ အဝမ်း၏သား မောင်သူရ၏ မှတ်ချက်ကလည်း ကြည့်ပါဦး။ "ဆရာဝန့်သား ဖြစ်ရတာ နာတယ်" တဲ့လေ။

လျှပ်စီးလက်သလို ဖျတ်ခနဲရောက်လာ၊ ချက်တစ်ဖြုတ်ပဲနေ၊ စကားတွေ တရမန်းကြမ်း ပြော၊ မြန်းစားကြီး ထပြန်လေသူ ကိုပေဒါးအား၊ သူ ကြိုက် တတ်လှသည့် ကော်ဖီခါးခါးတစ်ခွက်သာ ညှော်ဝတ်ပြုလိုက်နိုင်ပါသည်။ ကိုအဝမ်းတို့ မိသားစုကျတော့ အိမ်မှာ တည်းခိုတာမို့ ရှမ်းပြည်နယ်တောင်ပိုင်း အင်းလေ့ အစားအစာတွေကို တစ်ဝကြီး ကျွေးမွေးညှော်ခံလိုက်နိုင်ပါသည်။ အင်းမုန့်တီကို ကြိုက်လှချည့်ဆိုသော ကိုအဝမ်း ဝင်တစ်ပွဲ ထွက်တစ်ပွဲ အဝအပြဲ စားပေရော့ဟု - အိုးကြီးနှင့် တည်ထားပေးလိုက်၏။ ပြာပူအုပ် မီးကျီးခဲအရှိန်ကြောင့် အမြဲပူနွေးနေ၏။ ဆောင်းအေးအေးမှာ ပူနွေးနွေး မတရား လွေးပေတော့ပေါ့။ ဆန်လုံးစီကြော် ပွပွရွရွ ကြွပ်ကြွပ်နှင့် လိုက်ဖက် လွန်းလှ၏။ ကျွန်တော့်လက်ရာ ဟင်းထုပ် လွမ်းလှချည့် ဆိုပြန်၍၊ ပွဲရက် တွင်း၊ ခေါင်ခိုက်အောင် စျေးမြင့်နေသော ကြက်သွန်မြိတ်ကို မရမက ရှာဝယ် ပြီး၊ ဖန်တီးပေးရပြန်၏။ ငှက်ပျောဖက်တောင် ခပ်ပါးပါးတစ်အုပ်ကို ကျပ် သုံးရာတဲ့လေ။ လုပ်လိုက်လေ။ ပွဲတွင်းမှ သူဌေး မဖြစ်လျှင်၊ ကုန်စိမ်းသည် တွေ ဘယ်တော့မှ သူဌေး ဖြစ်တော့မည် မဟုတ်၊ ဗမာနံ့နံ့ပင်အစည်းသေးသေး တောင် ကျပ်နှစ်ရာ၊ ကြက်သွန်ဥနီ ဥသေးသေးလည်း တစ်ပိဿာ ကျပ် နှစ်ထောင်ကျော်။ ခရမ်းချဉ်သီးက တစ်ပိဿာ ထောင့်ရှစ်ရာ။

"ပဲပုပ်နံ့မွှေးမွှေးနဲ့ ရှမ်းထမင်းချဉ်သုပ် လုပ်ကျွေးပါဦး သူငယ်ချင်း"

"လွယ်ပါတယ်ကွာ။ ပဲပုပ်ချပ် ရှိရင် ပြီးနေပေါ့ပဲဟာ။ ဒါနဲ့ ကိုအဝမ်းတို့ တစ်တွေကို ကျောက်နီထမင်းသုပ် လုပ်ကျွေးဦးမယ်"

"ဘယ်လို ... အင်းသားကူး။ ကျောက်နီထမင်းသုပ် ဟုတ်လား"

"ဟုတ်တယ်လေ။ တို့ဘွားအေကြီး ပေါင်ဆိန်းက မိုင်းသောက်သူ၊ မိုင်းသောက်ဇာတိ။ မိုင်းသောက်မှာ ကျောက်နီတောရကျောင်းဆိုတာ ရှိတယ်။ ဟိုးတစ်ချိန်တုန်းက ကျောက်နီ ထွက်ဖူးခဲ့တယ်တဲ့ကွ"

"ကျောက်နီဆိုတာ ပတ္တမြားကို ပြောတာလား အင်းဆားကူး"

"အနီရောင်ရှိတဲ့ တွင်းထွက်ကျောက်အားလုံးကို ကျောက်နီလို့ပဲ သိမ်းကျုံး ခေါ်လိုက်ကြတာပါ။ ပတ္တမြားကိုတော့ အမှာရည်ဝင် ကျောက်နီတဲ့။ အညံ့ပန်းလည်း အလွန်လှတဲ့ ပတ္တမြားရိုးစွဲ အနီရောင်ကျောက် ရှိတယ်ဟ။ နတ်သွေးဆိုတဲ့ တွင်းထွက်အနီရောင်ကျောက်လည်း မျက်စိစွဲအောင် လှရှာသား"

"အောင်မာ။ အင်းဆားကူးက ကျောက်မျက်အကြောင်း အတော် နားလည်သကိုး"

"ဟဲ ... ဟဲ ... ဘွားအေကြီး ကျေးဇူးပါကွာ။ ဘွားအေကြီးက မိုးကုတ်မှာ နေခဲ့ဖူးတာတဲ့။ ဒါနဲ့ ကဗျာဆန်ဆန် ကျောက်နီထမင်းသုပ်လို့ နာမည်ပေးခဲ့ တာလဲ ဘွားအေကြီးပဲပေါ့ကွာ"

"ကျောက်နီထမင်းသုပ်က ဘာမျိုးလဲဟ"

"ဆန္ဒင်း(နန္ဒင်း)ဆီကျက်ဝါဝါ၊ ကြက်သွန်ဖြူကြော် ကြွပ်ကြွပ်မွှေးမွှေး။ ဆားဖွေးဖွေးနဲ့ နှံ့အောင် ဆွထားတဲ့ ရှမ်းဆန်ထမင်းအိအိပေါ်မှာ မြေပဲဆန် ကြော် နီနီ ဆမ်းထားတာပါပဲကွာ"

"ဟား ... ဟား ... ဒါများ အဆန်း လုပ်လို့ကွာ"

"မဆန်းပေမယ့်၊ ငါ လုပ်ကျွေးမယ်။ မင်း စားကြည့်။ လျှာစွဲသွားရစေ့ မယ် ဟာ"

"မကြွားလွန်းဘူးလားဟ။ ရိုးရိုးလေးကို အမွှမ်းတင်နေလိုက်တာကွာ"

"အေ့ ပါ။ ရိုးရိုးလေးက ဘယ်တော့မှ မရိုးနိုင်တာ မောင့်။ ဆန္ဒင်း (နန္ဒင်း)ဝင်းဝင်း၊ ကြက်သွန်ဖြူကြော်ကြွပ်ကြွပ် နံ့မွှေးမွှေး၊ ဆားအသင့်အတင့်၊ မြေပဲဆန်ခွံနီမချွတ်တမ်း အကြွပ်ရွရွကြော်၊ တစ်ဇွန်း ကော်စားမိတာနဲ့ လက်နဲ့ ဇွန်း တပ်လျက်သား ဖြစ်စေရမယ်ကွ"

"အလဲ့ ... တယ်ဆိုတဲ့ စာပါလား။ ကေန္တတော့ လက်ဆိပ်ဆိုတဲ့ ဟင်းချိုမှုန့် ကူပြီ နေမှာ"

"ဟင်းချိုမှုန့် ခိုးထည့်ရင်တောင် အရသာက အသိသာကြီးပါဟ။ လက် ဆိပ်ဆိုတာ အချိုးအစားမှန်မှန် လက်ဆကောင်းကောင်းနဲ့ အနုပညာမြောက် အောင် ဖန်တီးထားတဲ့ လက်ရာပါကွာ"

—

''မင်းဟာက ကြီးကျယ်လွန်းပါတယ်။ ထမင်းသုပ်တောင် အနုပညာတဲ့လား ဟ''

ထိုနေ့လယ်ခင်းမှာ ကျောက်နီထမင်းသုပ်၊ နမ့်ပျစ်ဖူး (ခရမ်းချဉ်မီးဖုတ်+ပဲပုပ်မီးဖုတ်+သားရေပွကြော်ထောင်း+ငရုတ်သီး+ကြက်သွန်မြိတ်+ပမာနံနံ+ရေဖြင့် ဖျော်ထားသော ရှမ်းအစားအစာ)စပ်စပ်၊ ပင်လောင်းမိုးလွတ်ရွှေဖီအခါးရည် (ရေနွေးကြမ်း)ပူပူတို့ဖြင့် အရသာတွေ့သွားကြတော့၏။ နမ့်ပျစ်ဖူးကလည်း ညှောင်ရွှေနမ်းထုမုန့်ကြွပ်နှင့် အလွန်လိုက်ဖက်သည်ကို။ ကျောက်နီထမင်းသုပ်တစ်မယ်တည်းနှင့်တော့ လျှာသိပ်မစွဲနိုင်ပါ။ အရံအစားအစာများနှင့်တွဲဖက်ပေးရ၏။ လိုက်ဖက်သော အရံအစားအစာများ ဖြစ်ဖို့ကလည်း လိုသေး၏။ ယင်းနေ့လယ်စာ စားပွဲမှာပင် ကိုအဝမ်း၏သား မောင်သူရအား အမြင်မှန် ခံယူတတ်ရန် ရှင်းပြပေးရပါသည်။

''မောင်သူရက ဘာကြောင့် ဆရာဝန့်သား ဖြစ်ရတာ နာသလဲကွယ်''

''တစ်ပြားနှစ်ပြား ခွါသုံးနေရတော့ ဆရာဝန်သားလည်း ဂုဏ်မရှိပါဘူး အန်ကယ်''

''မင်းအဖေက မင်း ပျက်စီးမှာစိုးလို့ အတိုင်းအတာနဲ့ တွက်ချက်ပြီး ပေးတာပါကွာ''

''အပေါင်းအသင်းတွေအလယ်မှာ မျက်နှာငယ် ဂုဏ်သိမ်ရတာပေါ့ အန်ကယ်''

''တိုင်းတာပြီး ငွေဖြုန်းခွင့်ချွေတာရတာနဲ့ ဂုဏ်မသိမ် မျက်နှာမငယ်ပါဘူးကွာ။ မင်းအဖေက သမ္မာအာဇီဝနည်းနဲ့ ရှာဖွေရရှိတဲ့ ငွေမို့ သန့်ရှင်းတယ်။ စိတ်ချလက်ချသုံး။ မိစ္ဆာအာဇီဝ ငါးမျိုးကို မောင်သူရ သိသလား''

''ပြောပြပါဦး အန်ကယ်''

''သူ့အသက်သတ်ပြီး စီးပွါးရှာတာ–သားသတ်လိုင်စင်စီမျိုး။ မူးယစ်စေတဲ့ ပစ္စည်းများနဲ့ စီးပွါးရှာတာ–အရက်လိုင်စင်စီမျိုး။ ခုခေတ်တော့ ဘိန်းဖြူတို့ ဆေးပြားတို့။ လက်နက်နဲ့ စီးပွါးရှာတာ–ဓားလှံလေးမြား။ ခုခေတ်တော့ ခေတ်မီလက်နက်တွေနဲ့ အနုမြူဗုံး။ အဆိပ်နဲ့ စီးပွါးရှာတာ–ပိုးသတ်ဆေးတွေပေါ့။ လူကုန်ကူးတာနဲ့ဆို အားလုံးငါးမျိုးကွယ့်။ မင်းအဖေ ဒီငါးမျိုးနဲ့ ကင်းတယ်လေ''

"အဖေရှာတာ သန့်ရှင်းပေမဲ့ ငွေကို စိတ်ရှိတိုင်းမှ မသုံးနိုင်တာ အန်ကယ်"

"ဆေးခန်းထိုင်တာ ငွေထုတ်တဲ့စက်မှ မဟုတ်ဘဲကွာ။ အတိုင်းအတာ တစ်ဆင့်အထိပဲ သုံးနိုင်မှာပေါ့။ ဒါပေမဲ့ အန်ကယ် တစ်ခု ပြောနိုင်တာကတော့ မင်းအဖေဆီက ငွေငါးကျပ်ဟာ သူများငွေငါးရာ ငါးထောင်နဲ့ မလဲနိုင်ဘူး။ သန့်ရှင်းတဲ့ငွေကို ဂုဏ်ယူပါ။ စိတ်ချလက်ချ သုံးပါ။ နောက်ပိုင်းအေးပြီးသား။ မသမာတဲ့ နည်းနဲ့ ရတဲ့ ငွေဟာ၊ လွယ်လွယ်ရ လွယ်လွယ်သုံးနေကြပေမယ့် ထောင်နှုတ်ခမ်းပေါ် လှမ်းလျှောက်နေတာနဲ့ အတူတူပဲ၊ အချိန်မရွေး ထောင် တန်းကျနိုင်တယ်။ မင်းလို အဖေဆရာဝန်မျိုးရဲ့သား ဖြစ်ရတာ ဂုဏ်ယူပါ။ သူက စေတနာဆရာဝန်။ အသပြာဆရာဝန် မဟုတ်လို့ပဲ။ သူ့သန့်ရှင်းတဲ့ ငွေ နည်းပေမယ့် ရဲရဲသုံး။ ဂုဏ်လည်းယူ။ အပြစ်မရှိ ဘေးမငြိတဲ့ ဓမ္မတရား နည်းနဲ့ ရှာဖွေရရှိတဲ့ ငွေမို့လို့။ ဟုတ်ပြီလား။ သိက္ခာအပြည့် ရှိတယ်"

• • • • • • • • • • • • • •

**အခန်း ၇။ <u>သိပါပြီ</u>။**

ကျွန်တော် တတ်အားသမျှ ရှင်းပြ ပြောပြ ပောာပြနေသော်လည်း မောင်သူရ မျက်နှာမှာ အလိုမကျသေးသည့် အရိပ်အယောင်များ ဖုံးလွှမ်း နေဆဲပါ။ သူ ရိုသေလေးစားစွာ ဂရုတစိုက် နားထောင်နေပါ၏။ ကျွန်တော့် အိမ်မှာ တည်းခိုနေရခိုက်မို့ အားနာ၍ပဲလား မပြောတတ်ပါ။ သူ့ဖခင်ကတော့ ကျွန်တော့်လို ရှည်ရှည်ဝေးဝေးကြီး ရှင်းပြနေမည် မဟုတ်ပါ။ အစိုးရအလုပ်က တစ်ဖက်၊ ဆေးခန်းထိုင်ရသည်က တစ်ဖက်၊ အချိန်ပိုက မရှိ၊ ခေတ်ကြီးကို က နေ့မီးညမီးထွန်းပြီး ရှာဖွေနိုင်ပါမှ တန်ရုံကျသည် မဟုတ်ပါလား။ မိသားစု နွေးနွေးထွေးထွေး ဆွေးနွေးနှီးနှောဖို့ အချိန်သိပ်မပေးနိုင်ကြပါ။ လူကြီးတွေ က ပြေးဟဲ့လွှားဟဲ့၊ ရှာဟဲ့ဖွေဟဲ့။ ကုန်ဈေးနှုန်းတွေက အကျမရှိ၊ အတက် ချည်းသာ ရှိ၏။ လစဉ် ပုံမှန်ဝင်ငွေရအောင် ပြူးပြဲရှာသည့်တိုင်၊ ဈေးနှုန်း အတက်ကို လိုက်မမီနိုင်၍ အခက်တွေ့ကြရ၏။ အဝင်အထွက်မမျှလျှင် ကြွေး တင်ပြီ။ "ကြွေးတင်လျှင် ဘုရင်ဆပ်" စကားပုံသာ ရှိ၏။ ရှင်ဘုရင်ခေတ် လည်း မဟုတ်တော့ပါ။ ကိုယ့်ကြွေး ကိုယ်သာဆပ်၊ မဆပ်နိုင်လျှင် သံသရာ ကြွေး ပါပြီ။ သံသရာကြွေး တင်ပြီ။

ဟိုး တစ်ခေတ် ကျွန်တော်တို့ မူလတန်း အလယ်တန်းကျောင်းသား ဘဝတုန်းက ကျူရှင်ဆိုတာ ချိန့်င့်လားဟု မေးမြန်းယူရ၏။ ကျောင်းသင်နှင့် လုံလောက်၏။ ကျောင်းမှန်မှန်တက် စာမခက်သည်မှာ တကယ်အမှန်ပါ။ ညနေ ကျောင်းဆင်းလာလျှင်၊ ခြံဝင်းတွင်းရှိ သီးနှံစိုက်ပျိုးခင်းထဲဝင်၊ မြေတောင်မြှောက်၊ ပေါင်းသင်ရေလောင်း၊ ပန်းပင်တွေကို ပြုစု၊ ဘုရားလှူရန် ကောင်းနိုးရာရာ ပန်းတွေ ရွေးခူး၊ ကြည်နူးစရာ ကောင်းလှ၏။ ကျန်းမာရေးနှင့်လည်း ပြည့်စုံ၊ ကုသိုလ်လည်းရ ဝမ်းလည်းဝ၏။ အိမ်စာပေးလိုက်လျှင် လုပ်။ ခုခေတ်ကလေးတွေကတော့ အိမ်မှ ကျောင်း။ ကျောင်းမှ ကျူရှင်။ ကျူရှင်မှ အိမ်ပြန်ရောက်တော့လည်း စာကျက်ဝိုင်းမှာ ဂိုက်ဆိုသော စာကျက်ဖော် ဆရာပေါက်စတွေနှင့်။ ပြီးတော့ အိပ်ရော။ ဘယ်မှာလဲ အားကစား။ ဘယ်မှာလဲ စိုက်ပျိုးမွေးမြူ။ ဘယ်မှာလဲ အပိုချိန် နားချိန် အပြင်စာဖတ်ချိန်။ ဘာမှ မရှိ။ နတ္ထိ။ ဘယ်လို လူလုပ်ကြမည် မသိ။ စက်ရုပ်လူသားတွေပဲ ဖြစ်ရော့မည်။ သစ်ပင်ပန်းပွင့်တို့ကိုမှ မချစ်တတ်၊ မပြုစု မပျိုးထောင်တတ်လျှင် အသည်းနှလုံးမဲ့လူသား ဖြစ်ပြီ၊ အကြင်နာကင်းမဲ့ပြီ၊ မေတ္တာခေါင်းပါးပြီ၊ လူတော့ လူသား၊ ဒါပေမယ့် စက်ရုပ်သာသာ။

ရုတ်တရက် ဖုန်းသံ မြည်လာ၍ အတွေးလွန်နေသော ကျွန်တော် လန့်ဖျပ်သွား၏။ ဖုန်းကို ကောက်ကိုင် နားထောင်လိုက်တော့ ကိုအဝမ်း ဖြစ်နေ၏။ ဘာကိစ္စထူး ရှိပါလိမ့်။

''သူငယ်ချင်း အင်းဆားကူး။ သား မောင်သူရက စကားပြောချင်လို့ တဲ့ကွ''

''အေး...အေး...ပေးလိုက်ပါ။ ဟဲလို...သား မောင်သူရလား။ ပြောပါ''

''ဟုတ်ကဲ့ အန်ကယ်။ ကျွန်တော် သိပါပြီ။ အန်ကယ်ပြောတာ အဟုတ်ကို မှန်သွားတယ်''

''ဘာများတုံး သားရယ်။ ဘာတွေ မှန်တာလဲ မောင်သူရ''

''အဖေရှာတဲ့ငွေ သန့်ရှင်းတယ်။ စိတ်ချချ သုံး။ အပြစ်မရှိ ဘေးမငြိဘူး ဆိုတာလေ။ အခု ကျွန်တော့်သူငယ်ချင်းအဖေ အဖမ်းခံရတယ်။ အိမ်ကို အစောင့်ချပြီး ဝိုင်းဖမ်းကြတာ။ ဆေးပြားတွေနဲ့ ပတ်သက်တယ်လို့ သတင်းထွက်လာတယ်။ ဒါကြောင့် သူ ဒီလောက် သုံးနိုင်စွဲနိုင် ဖြုန်းနိုင်တာကိုး အန်ကယ်ရဲ့ မျက်နှာငယ်ငယ် ညှိုးညှိုးနဲ့ သူငယ်ချင်းကို တွေ့ရတော့လည်း

သနားမိပါတယ်။ သိန်းထောင်ကျော်ကားလည်း သိမ်းသွားပြီဗျ။ ကျွန်တော့် လိုပဲ ဖိနပ်စက်ဘီးလေးနဲ့ ကျောင်းတက်နေရရှာတယ်။ အပြောင်းအလဲကြီး ပြောင်းလဲသွားရတာ မျက်လှည့်လိုပဲ၊ သိပ်အံ့သြဖို့ ကောင်းတယ် အန်ကယ်။ အဖေ့ကို ဂုဏ်ယူတတ်ပါပြီ။ နားလည်ပါပြီ။ သိပါပြီ။ ကျေးဇူးတင်တယ် အန်ကယ်''

''အန်ကယ်ကလည်း မောင်သူရကို ဂုဏ်ယူဝမ်းသာပါတယ်ကွာ''

''သိက္ခာတန်ဖိုးကို ကျွန်တော် သိပါပြီ အန်ကယ်''

မင်းသန့်ဦး (တောင်ကြီး)

❁❁❁❁❁❁

▲ <u>သိက္ခာနှင့်ရိက္ခာ။</u>

- သိက္ခာဆိုသည်မှာ၊ မသင့်သော လုပ်ပြောကြံစည်တို့ကို ရှောင်ကွင်းပြီး လူပီသစွာဖြင့် လူ့ကျင့်ဝတ်ကို လိုက်နာခြင်း ဖြစ်၏။
- ရိက္ခာမှာ ဝမ်းစာရေးအတွက် သမ္မာအာဇီဝနည်းဖြင့် ရိုးသားဖြောင့်မတ်စွာ ရှာဖွေရရှိသော စားသောက်ဖွယ်ရာများ ဖြစ်၏။
- လူသည် ဝမ်းစာပြည့်စုံနေရုံမျှဖြင့် သက်ရှည် ကျန်းမာစွာ မရပ်တည် နိုင်ပါ။ စားဝတ်နေရေးတည်းဟူသော လူ့ပဓာန အခြေခံလိုအပ်ချက် အရေးသုံးပါး အားလုံး ပြည့်စုံပါမှ၊ ပြည့်စုံသော ဘဝ၊ သာယာသော မိသားစု၊ စည်ပင်တိုးတက်သော တိုင်းပြည်ကို တည်ဆောက်နိုင်ပါမည်။
- ထို့ကြောင့် ရိက္ခာ၏ တိုက်ရိုက်အနက်မှာ စားသောက်စရာဖြစ်ပြီး၊ ဝတ်ရေးနှင့် နေထိုင်ရေးတို့ပါ ပူးတွဲပါရှိသည်ဟု ဆင့်ပွါးအနက်လည်း ပါဝင်နေပါသေးသည်။
- ရိက္ခာအတွက် သင့်ရုံမျှနှင့် မကျေနပ်နိုင်ဘဲ၊ ပိုကောင်းဘာတွေကို အလျှံပယ် ပိုင်ဆိုင် စည်းစိမ်ခံချင်ပါက ရိုးစင်းစင်ကြယ်သော ဘဝနေမှု အား ရှုပ်ထွေးညစ်ပေသော အကျင့်ဆိုးနှင့် လဲကြရပါလိမ့်မည်။
- သိက္ခာကို ရိက္ခာနှင့် လဲလိုက်ရ၍ လူယုတ်မာ ဖြစ်ရပါတော့၏။

ဒေါက်တာအောင်ကျော် (ဘွား/ဆရာဝန်)

# မြို့ထဲသွား၊ မြို့လားမယ်
## (သုံးနာရီအတွင်း၊ မြင်တွေ့ တွေးမိသမျှ)

ဒေါက်တာအောင်ကျော်(သွား/ဆရာဝန်)

**စောစောစီးစီး**

''ကိုချိုရေ ... မဝင်းရီ ဆုံးတယ်လို့ လာပြောသွားတယ်''

'' ဘယ်မဝင်းရီလဲ။ ကန်အောက် မသိန်းတင်ဆေးလိပ်ခုံကလား''

''ဟုတ်တယ်။ သူတို့ အိမ်ကပဲ။ လူကို သိတယ်။ နာမည် မမှတ်မိဘူး''

''မောင်မောင်ဖြစ်မယ် ထင်ပါတယ်။ လူမမာမေး သွားဦးမယ် ရှယ်နေတာ၊ ဒီလောက်ကြီး မြန်သွားလိမ့်မယ် မထင်ထားမိခဲ့ဘူးလေ''

''မနေ့ညနေ ၆–နာရီခွဲက ဆုံးတာတဲ့။ တော်ကြာနေ သွားလိုက်ဦးပေါ့''

ယနေ့ ၇/၈/၁၁– မနက်စောစော ထနေကျအတိုင်း ၅–နာရီခန့် အိပ်ရာထသည်။ ရေချိုးတစ်ကရား သူတော့၊ ထမင်းတစ်အိုး တည်၏။ ထမင်းနပ်လျှင် ဆွမ်းတော်ပွဲကပ်၊ ဘုရားဆောင်က ထွက်လာတော့ မနက် ၆–နာရီကျော်ပြီ။ မြေးနှစ်ကောင် မနိုးမီ၊ လုပ်စရာရှိတာတွေ လုပ်ထားရ၏။ သူတို့ နိုးလာလျှင် အကြီးမစုစုက တစ်မျိုး အငယ်ကောင် အောင်အောင်က တစ်ဖုံနှင့်၊ ကျွန်တော်တို့ အဘိုးအဘွားနှစ်ဦးတို့မှာ လုံးချာလိုက်နေကြရော။

ဇနီးမနှင်းကြူ အပေါ်ထပ်က ဆင်းလာတော့ မြေးတွေ ပါမလာ၊ အိပ်လို့ကောင်းနေဆဲ ဖြစ်မည်။ သူ အိမ်ရှေ့အထွက်မှာ မောင်မောင် လာအပြောနှင့် ဆုံလိုက်ရခြင်းဖြစ်၍ ကျွန်တော်နှင့် မတွေ့လိုက်ရပါ။ အခု မနက် ၆–နာရီ

ခွဲ ရှိနေပြီ။ ဩော်–သူငယ်ချင်းမ မဝင်းရီ လူ့လောကကြီးထဲက ထွက်ခွါသွားခဲ့တာ ၁၂–နာရီတောင်မှ ရှိသွားခဲ့ပြီကော။ လွန်ခဲ့သော အပတ်ထဲက သူ့မောင် "ကိုနောင်း"နှင့် တွေ့ဆုံစဉ်မှာ၊ "မဝင်းရီ ထွန်းဆေးရုံ တက်လိုက်ရသေးတယ်။ ခုတော့ ကန်အောက်အိမ် ပြန်ရောက်နေပါပြီ။ တရားသဘောလေးတွေ လာပြောပေးပါဦး"ဟု သတင်းပေးပါ၏။ မြုန်းစားကြီး ခုလို ဆုံးလိမ့်မည် ထင်မထားမိခဲ့ပါ။ နှလုံးကြီးတာဆိုတော့လည်း၊ မြန်ချင်လျှင် မြန်လှချည့်ပေါ့။ ဖြစ်မှ ဖြစ်ရလေ ...။

**ဗာဟီရတွေ**

ခုတစ်လော (လောလောလတ်လတ်) ဗာဟီရတွေ များပြီး၊ ကျွန်တော် အိမ်အပြင် သိပ်မထွက်ဖြစ်တာ ၂–လကျော် ရှိသွားပြီ။ အိမ်အလုပ်ဆိုတာ ပြစရာလည်း မရှိ အနားလည်း မနေရ၊ ပြောပြလို့လည်း ယုံချင်မှ ယုံကြပါလိမ့်မည်။ အဘိုးအဘွားအိမ်မှာ ပျော်နေသော မြေးနှစ်ယောက်၏ ကိစ္စဝိစ္စတွေ အများဆုံး ဖြစ်၏။ တရားမေ့ ငယ်စဉ်က အတော်အသင့် ရှာထားလုပ်ထား၍ပဲ တော်ပါသေး၏။ ခုနေပုံမျိုးဖြင့် "စိတ်ပုတီးကိုချ၊ မြေးကိုမ၊ မိုက်ပဲ့အဘိုးကြီး"ကိန်း ဆိုက်နေပါပြီ။ ဘဝဆိုသည်မှာ သံယောဇဉ်ကြိုးတွေနှင့် လုံးထွေးရစ်ပတ်နေစမြဲပဲကိုး။

စာရေးစာဖတ်တောင် အတော်လျော့နည်း လစ်ဟာကုန်ပြီ။ စာဖတ်မည်ဟု မဂ္ဂဇင်းကောက်ကိုင်လိုက်သည်နှင့် မြေးအငယ်ကောင် အောင်အောင်က "ဘိုးဘိုး...အဲဒါ ပဒူကြီးလဲ" စာအုပ်မျက်နှာဖုံးကို လက်ညှိုးထိုး မေးပါပြီ။ အသက် ၂–နှစ်ကျော်ရုံ၊ စကားပြောသင်စမို့ အလွန်စပ်စုချင်၏။ စကားကလည်း သိပ်မပီချင်သေးပါ။ "ဘယ်သူ"ကို "ပဒူ" အသံထွက်နေ၍ မသိသူတို့က "ပျားတူ–ပိတုန်း" (အသံထွက် ပဒူ–ပဒုံး)ဟူ၍ ထင်ကြပေလိမ့်မည်။ "အဲဒါကြီးက မမ"ဟု ပြန်ဖြေပေးရ၏။ သူ့အမေးအမြန်းကို ဂရုမစိုက်၊ ပြန်မဖြေလျှင် မကြိုက်။ အဖြေမရမချင်း ဆက်တိုက်မေးနေပါတော့သည်။ ရုပ်က အဘိုးနှင့်တူသလို စကားပေါ(များ)တာလည်း အဘိုးအတိုင်းပင်။

ကလောင်တံလေး ကိုင်၍၊ စာတစ်ကြောင်း နှစ်ကြောင်းမျှ ရေးခြစ်ရသေး၏။ "ဘိုးဘိုးရေ ...။ စုစု စာရေးကျင့်တော့မယ်။ စာအုပ်နဲ့ ခဲတံဘယ်နားထားတုံး" ဆိုကာ မြေးမကြီးစုစုက စာရေးစားပွဲနား ကပ်လာပြီ။

စာအုပ်နှင့် ခဲတံ ယူပေးရုံနှင့် မပြီးသေးပါ။ သူ့ကောင်းကင်သစ် (**NEW SKY**) မူကြိုကျောင်းက သင်ပေးသည့်အတိုင်း၊ ကကြီး ခခွေး မြန်မာဗျည်းများကို အစက်ချပေးရ၏။ အေ၊ ဘီ၊ စီ၊ ဒီ (**A B C D**) အင်္ဂလိပ်စာလုံးများကို ဒေါ့(**dot**)ချပေးရ၏။ ယင်းအစက်ချထား၊ ဒေါ့ချထားသော စာလုံးတွေအပေါ်မှ သူက ထပ်ရေးခြင်း ဖြစ်၏။ မြန်မာဗျည်း က,မှ အ,ထိ ၃၃–လုံး၊ အင်္ဂလိပ်စာလုံး **A** မှ **Z** ထိ ၂၆–လုံးကို သူရေးပြီးချိန်၊ ကျွန်တော့်မှာ စာတစ်ပိုဒ် ရေးလို့ မပြီးချင်သေးပါ။ ''ထပ်ရေးဦးမယ်''ဟု တောင်းဆိုပါပြီ။ အဘိုး စာရေးဆရာလို သူ စာရေးဆရာမ ဖြစ်လာလျှင်လည်း အကောင်းသား။ သူ့ဒေါ်လေး၊ ကျွန်တော့်သမီး မစံပယ်ကတော့ လက်စလက်န မဆိုးသော်လည်း၊ စာရေးပျင်းတာ ခက်၏။ သူ့အစ်ကို ကိုဦးက ပိုမရေးဖြစ်သေးပါ။

စာရေးစာဖတ်ရင်း အနားယူရသော ကျွန်တော့်အဖို့ တစ်ချိန်တည်းမှာ အလုပ်နှစ်ခု ဆောင်ရွက်ခြင်း မည်ပါပေသည်။ သို့သော် ဖြောင့်ဖြောင့် မလုပ်ရတတ်ပါ။ စာဖတ်စာရေး ဈာန်ဝင်စားလို့ ကောင်းနေဆဲ၊ မြေးနှစ်ယောက်တို့၏ အနှောင့်အယှက်များအပြင်၊ ရုံဖန်ရံခါ ပြင်ပအနှောင့်အယှက်များကလည်း ဝင်လာတတ်သေး၏။ အခြားမဟုတ်ပါ။ ဧည့်သည်များ ဖြစ်၏။ ဆွေမျိုးဧည့်သည်၊ သူငယ်ချင်းဧည့်သည်၊ စာဖတ်ပရိသတ်ဧည့်သည်၊ အလှူခံဧည့်သည်များအပြင်၊ ဆေးခန်းနားပါပြီဆိုမှ လူနာဟောင်း လူနာသစ် ဧည့်သည်တွေကလည်း ပေါ်ပေါ်လာတတ်၏။ အထိုက်အလျောက် ဧည့်ခံရ၏။ မြို့တွင်းအလှူခံကို ချင့်ချိန်လှူရ၏။ ရပ်ဝေးအလှူခံကို တောင်းပန်ရ၏။ တိုင်ပင်သူကို အကြံဉာဏ်ပေးရ၏။ စာရေးချင်သူကို အကူအညီလည်း ပေး၊ ဩဝါဒလည်း ခြွေရသည့်ပြင်၊ ရေးဖြစ်အောင်လည်း အားပေးရပြန်သည်။

**အိမ်ကအထွက်**

အသုဘရှုသွားရန် အိမ်မှထွက်တော့ မနက် ၈–နာရီခွဲ ကျော်နေပြီ။ မြေးအကြီးမ စုစု မူကြိုကျောင်း သွားပြီ။ သူ့အဖေ ကိုဦး လာကြိုတော့၊ အငယ်ကောင် အောင်အောင်ကလည်း၊ မလိုက်ရ မနေနိုင် အော်ဗိုတော့၏။ သွေးက စကားပြော၏။ အဘိုးအဘွားဆီမှာ ဘယ်လိုပင် အလိုလိုက်ခံရစေဦးတော့၊ မိဘတွေ့လျှင် အငမ်းမရ တွယ်ဖက်ကြတော့သည်။ ဘွားအေကြီး၏ စောင့်ရှောက်ခံရသော ကျွန်တော် ငယ်စဉ်တုန်းကလည်း ဤအတိုင်းပင်

ဖြစ်၏။ ထို့ကြောင့် "မပိုင်ဝက်မွေး"ဟူ၍ ဘွားအေကြီးက စကားနာထိုး။ ရင်နာစကား ဖွင့်ဟခြင်း ဖြစ်ကြောင်း၊ ယခုမှ ကိုယ်တွေ့မို့ ပိုသိပါပြီ။

ကျွန်တော် နေထိုင်ရာ၊ ကံသာရပ်အိမ်မှ မြို့မဈေးကို ဖြတ်ပြီး၊ ကန်အောက်ရပ်သို့ သွားရမည် ဖြစ်၏။ ဈေးအနောက် နာရီစင်အနီးသို့ လမ်းပေါက်သော၊ မညိုအိမ်နှင့် ဒေါ်တင်တို့ အိမ်ကြားလမ်းမှ ဖြတ်သွားစဉ်၊ ခေါင်းမွေး(ဆံပင်)ဖြူဖွေးဖွေးနှင့် အိမ်တံခါးဝ၌ ထိုင်နေသူ မညိုကို တွေ့၏။ "မညို ... နေကောင်းလား"ဟု လှမ်းပြီး နှုတ်ဆက်ရ၏။ နှစ်ရှည်သီးချီကြောင့် မညို မျက်စိမှုန်၊ နားလေးနေရှာပါပြီ။ လူလည်း အတော်အိုပြီ။ ပိန်ချုံးသွား၏။ ကျွန်တော့်နှုတ်ဆက်သံ ကြား၍ နုန့်နဲ့နေးကွေးစွာ တစ်လှမ်းချင်း ခြေစည်းရိုး အစပ်နား ကပ်လာပြီး၊ စေ့စေ့ကြည့်ကာ "သြော်–ချိုချိုပဲ၊ ဘယ်သွားမလို့တုံး" ဟု နှုတ်ဆက်ဖော် ရ၏။ မှတ်မိလို့ တော်ပါသေး။

"မသိန်းတင်ဆေးလိပ်ခုံက မဝင်းရီ ဆုံးလို့တဲ့"

"အို ... ဟုတ်လား။ မညိုထက် နည်းနည်းငယ်တယ်။ အသက် ဘယ်လောက်တုံးတဲ့"

"နာရေးဖိတ်စာ မရသေးလို့တဲ့။ မောင်မောင် နှုတ်နဲ့ လာဖိတ်တာ။ သူက ကျွန်တော့်ထက်တော့ နည်းနည်းကြီးမယ်။ ကျွန်တော်အခု ၆၆–နှစ် ထဲမှာလေ"

"ဟုတ်မှာပေါ့။ မညိုက ရရ၊ မငယ်တော့ဘူး။ နီးနေပြီ"

"ကျွန်တော့်ထက် ၁၀–နှစ်ကျော် ကြီးတယ်နော်။ မထင်မိဘူး မညို"

"မညို အပျိုလုပ်တော့၊ ချိုချိုက နှပ်တွဲလောင်းနဲ့ ပေါင်ဆိန်း(ဘွားသိန်း) ထဘီ ဆွဲလိုက်နေတဲ့ ချာတိတ်လေးပေါ့"

"မညိုမျက်နှာ နည်းနည်းအနီး(ရောင်)နေသလားလို့"

"နေလို့ သိပ်မကောင်းနေဘူး။ အပြင်မထွက်နိုင်တာလည်း ကြာပြီ။ စာအုပ်ထွက်ရင် ပေးဖတ်ဦးနော်။ အိမ်လည်း လာလည်ပါဦး"

ကျွန်တော့်ငယ်ပေါင်းတွေက ငယ်နာမည် နှုတ်ကျိုးနေကြ၍၊ မောင်ချို့၊ ကိုချို့၊ ဖိုးချို့၊ ချိုချို စသဖြင့် ခေါ်တတ်ကြ၏။ လက်တစ်ဖက်အရေအတွက်

မပြည့်တော့ပါပြီ၊ ငယ်မိတ်ဆွေ၊ ငယ်ပေါင်း၊ ငယ်သူငယ်ချင်းဆိုတာတွေက အသက်ကြီးလာလေ ရှားပါးပစ္စည်း ဖြစ်သွားလေ မဟုတ်လား။ ဘွားအေကြီး ကတော့ စိတ်ကောင်းဝင်နေချိန်၊ မြေးချွဲချွဲ့ ဖိုးချွဲ ခေါ်တတ်ပြီး စိတ်ထွက် နေချိန်မှာတော့ ငချွဲတဲ့လေ။

**ငယ်ပေါင်းတစ်ဦး**

မညိုကို နှုတ်ဆက်ထွက်ခွါ၊ မြို့မဈေးကြီးကို ဖြတ်၊ ဈေးရှေ့မျက်နှာစာ မင်းလမ်းမကြီး (ဗိုလ်ချုပ်အောင်ဆန်းလမ်း)ဘေးကို ရောက်စဉ်၊ ဟိုအရှေ့ဖက် ပလက်ဖောင်းမှ ကျွန်တော်ရှိရာ လမ်းအနောက်ဖက်သို့ ဖြတ်ကူးလာနေသူ့ အမူအရာ သိပ်သိပါသည်။ ထပ်ပြီး စောင့်နေလိုက်ရ၏။ ဟုတ်တာပေါ့။ ငယ်ပေါင်း "ကိုရန်အောင်" ဖြစ်နေပါ၏။

"ဟေး ... ကိုရန်အောင်။ မတွေ့တာ ကြာပြီ၊ သောက်နေတုန်းပဲလား"

"လုပ်ရော့မယ် ကိုအောင်ကျော်ကြီး။ နားထားပါပြီ"

"မျက်နှာလေး ပြည့်သန့်နေလို့ ယုံလိုက်ပါ့မယ်။ သားတွေကော"

"စင်ကာပူမှာ တစ်ယောက်၊ ရန်ကုန်မှာ နှစ်ယောက်"

"မြေးရနေပြီလား"

"တစ်ယောက် ရပြီ။ ကိုယ်တို့ အဘိုးအဘွားဆီမှာပဲ၊ ကိုအောင်ကျော် ကော မြေးဘယ်နှယောက်တုံး"

"နှစ်ယောက်။ ဘဝတူတွေပါပဲ၊ သားကြီးတော့ မြေးထိန်းပေါ့ကွာ"

"စာအုပ်တွေ ပြန်ပြန်ဖတ်ပါတယ်။ သူငယ်ချင်း ရေးတာ ဖတ်လို့ ကောင်းတယ်ဟ"

"နောက်ဆုံးထွက်တာ ရပြီးပြီလား။ ရသဝတ္ထုခြောက်ပုဒ်လေ"

"အဲဒါတော့ မရသေးဘူးကွ။ လုပ်ပါဦး"

"မတွေ့ဖြစ်တော့ မရဘူးကိုး။ ရော့ - အဆင်သင့်ပါလာတုန်း ပေးခဲ့ ပါ့မယ်"

"ဒါနဲ့၊ အခု ဘယ်သဝေထိုးမှာလဲ"

"အောင်မာ–သူ့လို အောက်မေ့နေတယ်။ ဘယ်မှ သဝေမထိုးရပါဘူး။ မဝင်းရီ ဆုံးလို့တဲ့။ ကန်အောက်အိမ် သွားမလို့ပါ"

"ကိုနောင်းအစ်မလား။ ကိုနောင်းက ကန်အရှေ့ နေတာပါ"

"ဟုတ်တယ်လေ။ မသိန်းတင် ဆေးလိပ်ခုံက အဒေါ်တွေနဲ့ မဝင်းရီ နေတာကိုး"

ကိုရန်အောင့်မျက်နှာက အမြဲပြုံးနေတတ်၏။ ပြုံးလိုက်လျှင် မျက်နှာပွင့်ပြီး ခင်မင်စရာ အလွန်ကောင်း၏။ အတန်းမတူ ကျောင်းမတူဘဲ ဘယ်ရှိတွဲမိကြသည် မမှတ်မိတော့ပါ။ ကျွန်တော့်ထက်တော့ အသက် ၂–နှစ်ခန့်ကြီးမည် ထင်၏။ ကျွန်တော် ကလေးစိတ် မကုန်သေးချိန်မှာ၊ သူက မိန်းမနောက်ပိုး လုပ်တတ်နေပြီ၊ သူ သည်းခြေခိုက်နေသော လူမျိုးခြား ဘာသာခြား "မကြွေ"ကို "လမ်းလျှောက်သံပေး"လုပ်ဖို့ ကျွန်တော့်ကို လာခေါ်နေကျမို့ အဖော်လုပ်ပေးရ၏။ "ချောင်းကြည့်ပြုံးပြန်" အဆိုရှိသော်လည်း၊ ချောင်းကြည့်ရုံမျှသာ။ ပြုံးပြန်ဖို့ ဝေးစွ၊ ကုပ်ချောင်းချောင်းသာ ပြန်ခဲ့ရသည်က များ၏။ အဘယ်ကြောင့်ဆိုသော်၊ ရိပ်ခနဲ တွေ့မြင်ရဖို့တောင် ခက်လှ၍ပါ။ ကံကော်ပြီး ရိပ်ခနဲ တွေ့လိုက်ရလျှင်၊ သူ့ကျောနပ်ပြုံးကြီးက သွားတွေ ဖွေးခနဲ ပေါ်အောင် ရယ်သည့်အဆင့် ရောက်သွားတော့၏။ ဖူးစာလည်း ဆုံခွင့်မရလိုက်ကြပါ။

ဈေးထောင့်တွင်၊ ကုန်သည်လမ်းဘက်မှ မင်းလမ်းကို ဖြတ်ကူးလာသော ဒေါ်လှရီနှင့် ဒေါ်မေညွန့်၊ ငယ်မိတ်ဆွေ အစ်မကြီး နှစ်ဦးနှင့် ဆုံ၏။ သူတို့လည်း အသုဘရှုသွားမှာမို့ အတူတူ စကားပြောရင်း သွားကြ၏။ တိုက်အပေါ်ထပ်တက်တော့ တံခါးမကြီးအနီးမှာ ထိုင်ပြီး၊ ညှိုကြို့ညှိုခံနေကြတာတွေက မဝင်းရီနှင့် ဝမ်းကွဲညီအစ်မတွေ ညီမလေးနှင့် မီးမီး။

အိပ်နေသလိုလို

"လာလာ … အောင်ကျော်။ ခုမှပဲ တွေ့ကြရတော့တယ်"

"အေကွာ … နင်တို့အိမ် ပြောင်းသွားတာ ကိုစိုးလှနဲ့ တစ်ခါ လာပါသေးတယ်။ သူလည်း မျက်စိလည်ပြီး တိုက်ခန်းများတက်မိလို့ လွဲသွားကြတာ။ ဂိတ်စောင့်ကလည်း ခုနကပဲ ထွက်သွားကြတာလို့ ပြောတော့၊ စောင့်မနေတော့ဘူးလေ။ "တင်ရီမ"ကော တောင်ကြီး လာသေးလား"

"မနှစ်နွေတုန်းက ရောက်လာသေးတယ်။ သူလည်း အခု ကျောက်ကပ်သိပ်မကောင်းလို့တဲ့။ မကြာခင်တော့ တောင်ကြီးလာဖို့ ရှိပါတယ်"

"အေကွာ။ မေးတယ်ပြောပါ။ အထွေးကော နေကောင်းရဲ့လား"

"ကောင်းလိုက်တာမှ ဝဖီးလို့ပဲ"

"ညီမလေးလည်း ဝလာတယ်။ မီးမီးရောပဲ ဝလို့လှလို့"

"အောင်ကျော်လည်း ပြည့်ဖြိုးလာတယ်။ အသက်ကြီး ဝလာတာ ကောင်းပါတယ်။ ပိန်နေရင် ခေတ်မီရောဂါ ဖြစ်နေတယ် အထင်လွဲနိုင်တယ်လေ"

မတ်တတ်ရပ် နှုတ်ဆက်ပြီး ဘုရားဆောင်ရှေ့ ဦးသုံးကြိမ် ချ၏။ ပြီးမှ မဝင်းရီအလောင်းစင်သို့ ချဉ်းကပ်ကာ၊ မျက်နှာပေါ် လွှားထားသည့် ဇာပဝါကို ဖွင့်ပြီး အသုဘာရှုရ၏။ အိပ်နေသလား ထင်မှတ်များရ၏။ မျက်နှာကလည်း ပြည့်ပြည့်ဖြိုးဖြိုးကြီးပါပဲ။ လူမမာရုပ် ပေါက်မနေပါ။ အေးချမ်းစွာ တစ်ဘဝ ချုပ်ငြိမ်းခဲ့ပြီ။ ကျန်ရစ်သူ ကျွန်တော်တို့တစ်တွေမှာသာ အဟောင်းအသစ် ဖြစ်ရပြန်၏။

သူ ကားမှောက်သည့် ဒဏ်ချက်တွေကြောင့်၊ နံရိုးတွေ လက်တွေပါမက အောက်မေးရိုးတောင် ကျိုးခဲ့ဖူး၏။ ဂရုစိုက် ကုသသော်လည်း နဂိုအနေတော့ ပြန်မဖြစ်နိုင်တော့ပြီ။ သွားတွေကလည်း မကောင်းတော့ပြီမို့၊ အကုန်လုံး နုတ်ပြီး အစုံလိုက် သွားတုခွေ စိုက်ရတော့၏။ သူများတွေ ၆–လစောင့်လျှင် အရိုးအသားသေပြီ။ သူ့ခမျာမှာ အသားမသေနိုင်၍ ၉–လကြီးများတောင် စောင့်ရရှာ၏။ စိုက်ပေးပါတော့ တပူဆာဆာ။ အံပုံယူတော့လည်း ကြည့်ပါဦး။ စိတ်ကြည်လင်စဖွယ် သင်းရနံ့ မွှေးပျံ့နေသည့် ကျောက်ကျောပျစ်ပျစ်၊ သူ့ခံတွင်းထဲ ပုံစံခွက်ဖြင့် သွင်းလိုက်သည်နှင့် ပျို့အန်ပါတော့သည်။ စိတ်ကြိုက် မရလျှင် သူများတကာအတွက် အလွန်အကျွံ နှစ်ကြိမ်ပေါ့။ သူ့မှာတော့ မဟုတ်ပေါင်။ အပေါ်အံ လေးကြိမ်၊ အောက်အံ လေးကြိမ်၊ ပေါင်း ရှစ်ကြိမ် ဆိုတော့၊ ကျွန်တော့်မှာ ဒိုင်လျော်ပါပြီ။

သွားအံပုံ ဆက်လုပ်တော့လည်း၊ အဆင့်တိုင်းမှာကို အခက်အခဲတွေနှင့် တစ်ကြိမ်မရ၊ နှစ်ကြိမ်မရ၊ တစ်ကြိမ်တည်းနှင့် မပြီး၊ နှစ်ကြိမ်နှင့် မပြီး။ အခါခါအလီလီမို့ တော်ရုံသွားဆရာဝန်တို့ စိတ်ရှည်နိုင်မည် မဟုတ်။ ကျွန်တော့်

မှာတော့ သူငယ်ချင်း ဟုတ်လား။ သည်းခံပေတော့ပေါ့။ အောက်မေးရိုး ကျိုးထားပြီး ပြန်ဆက်တော့ ရွဲ့နေရှာတာမို့၊ အထက်အောက် အံကိုက်ဖို့ အကြိမ်ကြိမ် သွားပြန်စီ၊ ပြန်စမ်းသပ်နှင့် စိတ်မောလူမောပါပဲ။ ဟော – အံပုံခွေ အချောထွက်လာလို့ စမ်းတပ်ကြည့်ပါတယ်။ ပျို့ပျို့ပြီး အန်ချင်။ အော်ဂလီဆန်နေ၍ အတော်အခက်တွေ့ရ၏။

သူ့ကို စိတ်အရှည်ဆုံး ထားရ၏။ အစုံလိုက်ကြီး တစ်ပြိုင်နက်တည်းကို ကျင့်ခိုင်း၍ မဖြစ်နိုင်ပြီ၊ အပေါ်အခွေကိုချည်းသက်သက် ၁၅–ရက် ကျင့်ခိုင်းရ၏။ ပျို့ချင်အန်ချင်စိတ် ထိန်းနိုင်အောင်၊ ဆားငန်သီး ငုံခိုင်းရ၏။ ချိုချဉ် ငုံခိုင်းရ၏။ ဗလရှင်ဆေးပြား၊ ငုံဆေးပြားတစ်ခုခု ငုံခိုင်းရ၏။ တစ်မျိုးကို တစ်လှည့်စီပေါ့။ အပေါ်ခွေ နေသားကျလောက်ချိန်မှာ၊ အောက်ခွေချည်း သက်သက် ၁၅–ရက် ကျင့်ခိုင်းရ၏။ ပြီးမှ အစုံလိုက် ၁၅–ရက်၊ အားလုံးပေါင်း ၄၅–ရက်။ တစ်လခွဲတိတိ။ သည်တော့မှ ဟုတ်တုတ်တုတ် ရှိလာသည်။ စကားပြော မပီသေး၊ အစာရေစာမျိုဖို့ ခက်ခဲနေသေး၍ စိတ်ရှည်ရှည် ထပ် လေ့ကျင့်စေရပါ၏။ သူငယ်ချင်းမကြီးခမျာ ပြောစကား လိုက်နာပြီး၊ လေ့ကျင့် ၍ အောင်မြင်သွားပါတော့သည်။ သူ့ကို ကျေးဇူးတင်ရပါသည်။ မအောင်မြင် လျှင် ကျွန်တော် နာမည်ပျက်ရချည့်ရဲ့။

နှစ်ပေါင်း ၂၀–ကျော် သုံးခဲ့ရသည့် အံသွားခွေအစုံမှာ၊ ဝါးကြိတ်မျက်နှာ ပြင် ပြုန်းလာချောလာ နိမ့်ဆင်းလာခဲ့၏။ အသစ်တစ်စုံ လုပ်ချင်စိတ်ရှိကာ၊ လာပြီး တိုင်ပင်၏။ အသက်အရွယ်တွေ ကြီးလာကြပြီ၊ နှစ်ဦးလုံး စိတ်ရှည် နိုင်ပါ့မလား၊ အလေ့အကျင့်ရပြီးသား ဆိုသော်လည်း၊ အခွေစုံအသစ်အတွက် အစမှ ပြန်လေ့ကျင့်ယူရပေလိမ့်မည်။ လူနာတို့သဘာဝက အဟောင်းကိုသာ တွယ်မက်တတ်ကြစမြဲ၊ စဉ်းစားခိုင်းထားရင်း သူ့ကျန်းမာရေး ချူချာလာသည်။ ကျွန်တော့်ဆေးခန်း ဘုံနေရာလေး ပျောက်သွားတော့၊ အိမ်ပြန် အနားယူ နေခဲ့၏။ ဆေးခန်းပြန်ဖွင့်ရန် စိတ်မကူးတော့။ အသက်ရပြီလေ။

''အိပ်နေတဲ့ အတိုင်းပါပဲ ညီမလေးရယ်''

''သူက အစားမပျက်ဘူး''

''နှလုံးကြီးတာဆိုတော့လည်း နှလုံးရပ်ချင်တဲ့အချိန် ထိုးရပ်တဲ့ သဘောပဲ''

''အသေကောင်းပါတယ်။ သိပ် ဒုက္ခမရောက်လိုက်ဖူးပေါ့ဟာ''

''မိးမိးရေ ... ဦးမောင်မောင်ကို မေးတယ် ပြောပြပါ။ ဝင်းကျယ်ကြီးနဲ့ တောင်ခြေအိမ်မှာတုန်းကလည်း၊ သမီး မစံပယ်, မြေး စုစုတို့နဲ့ တစ်ရက် လာကြသေးတယ်။ ဈေးသွားတယ်ဆိုလို့ ပြန်လာကြတာ။ အခု ဘာဂါဟောက်စ် နားက အိမ်ကြီးကို ပြောင်းတော့၊ အိမ်တက်ဖိတ်တာ၊ ခြေမျက်စိရောင်ပြီး ခြေမထောက်နိုင်လို့ မလာရဘူး။ တစ်ရက် လမ်းကြုံလို့ ဝင်လည်မယ်ဆိုပြီး ဝင်းတံခါးရှေ့ ရောက်သေးတယ်။ ဘဲလ်နှိပ်တာ အကြာကြီးပဲ။ ဘယ်သူမှ ထွက်မလာတာနဲ့ ပြန်ခဲ့ရတာ''

''မိးတို့ မရှိကြဘူးနဲ့ တူပါတယ် အစ်ကိုကြီး။ နောက်လာမယ်ဆို ဖုန်း ကြိုဆက်ပါနော်။ ဟောဒါ မိးမိးရဲ့ သမီးလေ''

''အယ် ... မမှတ်မိအောင် ချောလှလာတာကိုး။ လမ်းတွေ့ရင် ခေါ်နော''

''ပင်စင်တွေ တိုးတာ အစ်ကိုကြီး ဘယ်လောက်ရတုံး''

''လက်မှတ်ထိုး နုတ်ထွက်ခဲ့တာဆိုတော့ ဘဲဥပဲပေါ့ မိးမိးရယ်''

''မမက အသေစောသွားတယ်။ နာမကျန်းပင်စင် နည်းနည်းလေးပဲ ရရှာတယ်''

အစ်မအကြီးဆုံး ဒေါ်တင်ညွန့်ရီကို ပြောခြင်းပါ။ ဦးနှောက်အကျိတ် ခွဲစိတ်ခံယူပြီး၊ ၄–နှစ်ခန့်မှာ ပင်ခရိယ(မုန့်ချိုအိတ်)ကင်ဆာ ဖြစ်လာ၏။ နောက်ထပ် ၂–နှစ် နေရသေး၏။ စိတ်ဓာတ်ကြံ့ခိုင်ပြီး စိတ်ထားတတ်လှ၏။ အထက ၄–မှာ အင်္ဂလိပ်ဆရာမမို့၊ တပည့်ဆရာဝန်တွေ ရာကျော် ရှိ၏။ အလှည့်ကျ ပြုစုပံ့ပိုး အားပေးကြပါသည်။ ဆရာဖြစ်ရသည့်ဂုဏ်၊ အခြား အသက်မွေးဝမ်းကြောင်းထက် သာသော အချက် ဖြစ်၏။ ရောက်လေရာရာ မှာ တပည့်တစ်ဦးဦးနှင့် တွေ့ရတတ်ပြီး၊ အားလုံးက ချစ်ခင်လေးစားကြသည် မဟုတ်ပါလား။ မမ ဆုံးတာတောင် ဘာလိုလိုနှင့် ၅–နှစ်ကျော်ခဲ့ပြီပဲ။

<u>ပညာညွန့်ဖူး</u>

လက်ပတ်နာရီ ကြည့်လိုက်တော့ ၉–နာရီခွဲ ကျော်နေပြီ၊ စကားပြောလို့ ကောင်းပေမင့် ထပြန်ရန် သင့်ပြီ၊ ဒေါ်ဒေါ်ပု လာနှုတ်ဆက်၏။ သူ့မောင်နှမ အုပ်စုထဲမှာ သူသာ ကျန်၏။ ပိန်ပေမင့် ကျန်းမာ၏။ ''ခါးတော့ နာတယ်'' ပြောပြရာ၊ ''ကျွန်တော်တို့တောင် ခါးနာချင်ချင်ရယ်''ဟု ပြန်အားပေးရသည်။

သူ့အောက် ၁၅–နှစ်မက ငယ်ရွယ်သော တူမက အရင်သွားနှင့်ပြီ။ ကံချင်းမတူ၊ သီလချင်းမတူ၊ အကျိုးပေးချင်းလည်း မတူပါ။

ရပ်တော်မူကျောင်းဆရာတော် ကြွလာ၏။ "ဒေါက်တာအောင်ကျော်–ကျောင်းမရောက်တာ ကြာပြီ"ဟု မိန့်၏။ "မှန်ပါဘုရား၊ သတိအမြဲရပေမယ့် အိမ်က ထွက်ဖို့ မပွန်(မဖြစ်)နေဘူး။ တစ်ရက် လာခဲ့ပါဦးမယ် ဘုရား"ဟု ပြန်လျှောက်ရ၏။ ညီမလေးတို့ ဒေါ်ဒေါ်ပု၊ မောင်မောင်တို့ကို နှုတ်ဆက်ပြီး ပြန်ခဲ့ရ၏။ မူလကပင် ရည်ရွယ်ထားခဲ့သည့်အတိုင်း လမ်းကြုံဝင်စရာ အိမ်တွေကလည်း တန်းစီနေ၏။ အိမ်မှ ထွက်လာနိုင်တုန်း။ အလုပ်တွေ ကျုံးလုပ်ထားမှ၊ ညောင်ရွှေရေကန်ထောင့်နားက ဓာတ်ပုံကိုမျိုးသန့်၊ ဖနီး မခင်နှင်းဆီတို့ထံ ဦးစွာ ဝင်ရ၏။ ဤလမ်းကြောင်း မသင့်၍ အဆက်ပြတ်နေခဲ့သည်မှာ ၂–လကျော် ကြာမြင့်ခဲ့ပြီ။

"ဆရာ့ကို သတိရပြီး မျှော်နေတာ။ အတော်ပါပဲရှင်"

"ဆို – ဘာကိစ္စများတုံး မနှင်း"

"ကိုမျိုးသန့်တို့ ဖိတ်ခေါ်ဓာတ်ပုံပြိုင်ပွဲဝင်ဖို့ ရှိတာ။ ဓာတ်ပုံကို နာမည်ပေးဖို့ လိုနေတယ်။ အင်္ဂလိပ်လို ပေးရမှာဆိုတော့ တိုင်ပင်ချင်တာပေါ့ ဆရာ"

"ဘာအကြောင်းအရာတဲ့တုံး"

"ဆင်းရဲနွမ်းပါးခြင်း ပပျောက်ပြီး ချမ်းသာလာစေဖို့ ဆောင်ရွက်ကြပုံဆိုတဲ့ ခေါင်းစီးမျိုးနဲ့တဲ့ ဆရာ"

"စိတ်ထဲပေါ်လာတာ ပြောကြည့်မယ်နော်။ နွမ်းပါးတာ **poverty** တဲ့။ ချမ်းသာပြည့်စုံတာ **prosperity** တဲ့။ ပြကွက်အနေနဲ့ နွားတစ်ရှဉ်း ထွန်တုံးနဲ့ ရှေးမူလယ်ထွန်နေတဲ့ အကွက်ဘေးမှာပဲ၊ လယ်ထွန်စက်နဲ့ မောင်းပြီး လယ်ထွန်တာ ယှဉ်တွဲရိုက်ပြနိုင်ရင်"**From poverty to prosperity**" လို့ စာလုံးလေးလုံးထဲနဲ့ လိုရင်းတိုရှင်း ဖြစ်ပြီပေါ့"

"အတွေးပုံကြမ်း ကောင်းလိုက်တာ။ စာရေးဆရာလို့ မပြောရဘူးရှင်"

"မြှောက်နေပြန်ပြီ၊ ကြိုက်မှ၊ အသုံးသင့်မှ သုံးပါ။ စိတ်မဆိုးကြေးပါ"

"ဆရာ ပင်စင်တွေ တိုးပြီ။ ဘယ်လောက်ရသလဲ"

"ပညာညွန့်ဖူး မစားထိုက်ခဲ့ပါဘူး။ လုပ်သက် ဆယ်နှစ်ခွဲနဲ့ နုတ်ထွက်ခဲ့တာကို။ ဆရာမ ဒေါ်သန်းတင်ကတော့ နားချတားမြစ်ရှာသား။ ကျွန်တော်

က စိတ်မချမ်းသာဘူးဆိုတော့ ဘာမှ မက်မနေတော့ဘူးလေ။ ထိုင်ကန်တော့ပြီးကို ထွက်ခဲ့တာ။ အကန်တော့ကောင်းလို့ ထွက်ခွင့်ရလိုက်တာဗျို့။ ကဲ- လမ်းကြုံကိုသာဦးဆီ ဝင်လိုက်ပါဦးမယ်''

ဟိုစဉ်တုန်းက ''ပညာညွှန့်ဖူး''ကို အဓိပ္ပါယ် သိပ်နားမလည်ခဲ့ရုံ အမှန်ပါ။ ပင်စင်လစာ စားရခြင်းသည် ပညာညွှန့်ဖူး မည်ပါပေသည်။ ဆရာမတို့များ စိတ်ကောင်း စေတနာကောင်း ကံလည်းကောင်းတော့၊ ပြီးခဲ့သည့် ၂၀၁၀- ပြည့်နှစ် ဝါမကျွတ်ခင်မှာ အသက် ၉၀-ပြည့်ပါသတဲ့။ လုပ်သက် ၃၀- ကျော်၊ ပင်စင်သက်ကလည်း ၃၀-ပြည့်ခဲ့ပြီးပြီ။ လုပ်သက်နှင့်ဆတူ ပင်စင်သက် စားခွင့်ရှိ၍ ကံကောင်းလှချည့်ပါ။ ကျွန်တော့်မှာတော့ မခိုမကပ် ပင်ပန်းအောင် လုပ်ခဲ့ပြီး၊ ကန်တော့ထွက်ရသည်လို့ပဲ။ မိခင်စကားကို နားထဲ ပြန်ကြားယောင်လာ၏။ ''သားကြီး၊ မင်း အလုပ်ရဖို့ ကုန်ခဲ့ရပြီးပြီ၊ အခု အလုပ် ထွက်တော့လည်း ထပ်ကုန်ရဦးမှာလား''တဲ့၊ ''ကျွန်တော်က ထွက်ချင်နေတော့ ထပ်ကုန်ရဦးမှာပေါ့ အမေရယ်''ဟူ၍သာ လေသံပျော့နှင့် ပြန်ဖြေခဲ့ရ၏။ ထွက်ဖို့ အားပေးသူက ဖခင် ဖြစ်၏။ ''သားကြီး-မင်းစစ်ကြောင်း ပြန်မရောက်မချင်း ငါ အိပ်မပျော်ဘူး။ မင်းလခလောက်တော့ ငါပေးပါ့မယ်။ အလုပ်ထွက်လိုက်တော့'' တဲ့လေ။

ပြောလည်း ပြောလောက်၏။ ၄၅ဝိ/-စကေးမို့၊ တစ်နှစ်ပြည့်တိုင်း ငွေအစိတ် (၂၅/-)တိုး။ ဆယ်နှစ်ပြည့်တော့ ၇ဝိ/- ဘားထိနေပြီ၊ ရှားပါးစရိတ် ၉ဝိ/- ဆောင်းပေး၍ ၇၉ဝိ/- ရပါ၏။ မိသားစုသုံးယောက်အတွက် ဆန်နှင့်ဆီ တစ်လစာ မရချင်နေပါ။ လစာထုတ်တိုင်း စာကလေးအမြီးနုတ်၊ ခေါင်းနုတ် ဆိုသည့်အတိုင်းပင်၊ အဖြတ်အတောက်တွေက ရှိစမြဲမို့ လစာလေး နွေးအောင် မကိုင်လိုက်ရပါ။ ဝန်ထမ်းဆန် ဝါညစ်ညစ် ၆-ပြည်နှုန်းနှင့် ရ၍ ခံသာပါသည်။ မိဘကို မကန်တော့နိုင်ပါ။ ကျွန်တော်တို့ကိုသာ မိဘများက ပြန်ကြည့်ရှု ထောက်ပံ့နေရသည်ကို။

**ပါရှုပ်ကြီး**

ကိုမျိုးသန့်တို့ အိမ်မှ တစ်ဝင်းကျော်တွင် စာရေးဆရာ သာဦး(သျှမ်းပြည်) ရှိ၏။ သူက ကျန်းမာရေး နည်းနည်းညံ့ဖျင်း၏။ တစ်ခါတုန်းက သွေးကင်ဆာ လိုလို၊ သေတော့မှာလိုလို သတင်းဖြစ်၍ သူ တက်သော စစ်စံထွန်းဆေးရုံသို့

အပြေးအလွှား ကြည့်ရ၏။ လူကောင်ကြီးသလောက် အသည်းငယ်တတ်သူမို့ အားပေးစကားပြော၊ တရားသဘောလည်း နှလုံးသွင်းတတ်အောင် နှပ်ကြောင်း ပေးခဲ့ရ၏။ သူငယ်ချင်းအတွက် စိတ်မကောင်းဖြစ်ကာ၊ ထိုစဉ်က လုံမလေး မဂ္ဂဇင်းတွင် လစဉ် ကျွန်တော်ရေးနေသော "ချစ်မေတ္တာတွေတဝေဝေ" ခေါင်းစီးကြီးအောက်မှာ ရောဂါဝေဒနာအကြောင်း ရေးရင်း သူ့အကြောင်း ပါဝင်ခဲ့ပါသည်။

နောင်တော့ သူ ပီတိ ကောင်းမွန် ကျန်းမာလာ၏။ ဆောင်းပါးက ချက်ချင်း ပါမလာသေး။ နံပါတ်စဉ်တပ်ပြီး ရေးပို့ထားတာတွေ ရှိနှင့်နေ၍ သူ့အကြောင်း ပါလာတော့၊ ဖတ်ရသည့် သူ့အပေါင်းအသင်း အဝေးရောက် တွေ စိတ်ပူစွာ ဖုန်းဆက်မေးကြ၊ စာရေးမေးကြနှင့် သူ အတော် အလုပ်ရှုပ် သွားခဲ့ပုံ ပေါ်ပါသည်၊ နောက်ပိုင်း သူလာတွေ့ပြီး "ကိုအောင်ကျော် ဆောင်းပါး ကြောင့် စိတ်ပူပန်ပေးတဲ့သူတွေ အများကြီးဆိုတာ သိရတယ်။ ဝမ်းသာပါ တယ်။ ဒေါင်ဒေါင်မြည်နေပါပြီလို့ စာတစ်ပုဒ် လုပ်ပေးမှ ဖြစ်မယ်ဗျို့"ဟု တောင်းဆိုခဲ့ဖူး၏။ ကျွန်တော် မရေးဖြစ်ခဲ့ပါ။

"ဗျို့ ... ကိုသာဦးကြီး နေကောင်းရဲ့လား" ဝင်းဝတံခါးပေါက်ကို ကျော်ပြီး ဟစ်အော်ရ၏။ "လာပြီ ... လာပြီ..." သူ့ယောက်ဖ ကိုထွေး သော့လာဖွင့် ပေး၏။ သူ့ဇနီး ခင်မြမူ(မမော်လီဒွေးဒိုး)ကလည်း "ကံကောင်းလို့ မသေတာ၊ ကိုအောင်ကျော် မလာတဲ့ ၂–လအတွင်း သူအတော်ဖြစ်လိုက်တယ်၊ မရပေါ့ လို့တောင် အောက်မေ့ရတဲ့ အထိပါပဲ။ ခုတော့ ပုံမှန် ပြန်ဖြစ်လာပါပြီ"ဟု သတင်းဆီးပေး၏။ ခြေ ၄–ချောင်းထောက် စတီးစင်လေးကို တွန်းကာ တွန်းကာ သူ တရွေ့ရွေ့ လျှောက်လှမ်းလာပါ၏။ မျက်နှာပြည့်ဖြိုး ကြည်လင်၏။ အသားအရေလည်း ကောင်းမွန်၏။ မျက်နှာမှာ ပြုံးပန်းတွေ တဝေဝေနှင့်ပါ။ တော်ပါသေး၏။ "သူငယ်ချင်းကောင်းကြီး နောက်ထပ် တုံးကျော်ပြန်ခဲ့ပြီ တစ်ခါ"ဟု ရင်ထဲမှာ မှတ်ချက်ချမိ၏။

"မမာတဲ့သတင်းတော့ သဲ့သဲ့ကြားတယ်။ သမီးက မန်ကျည်းပင်ရွာမှာ တာဝန်ကျတော့၊ ဒီဘက်ကို ခြေဦးမတော်တော့ဘူးလေ။ ဒီလို မြင်တွေ့ရတာ ဝမ်းသာတယ်ဗျို့။ ကျန်းမာရေး ဂရုစိုက်နော။ ကျွန်တော် တောင်းထားတဲ့ ဆောင်းပါး ဘယ်တော့ရေးပေးမှာလဲ ကိုသာဦး"

''ဖြည်းဖြည်းပေါ့ ကိုအောင်ကျော်ရယ်။ တက္ကသိုလ်လိုဂို(Logo) သုံးခု အကြောင်း စဉ်းစားထားတာ ရှိပါတယ်။ မရေးဖြစ်သေးတာပါ''

''နှုတ်တိုက် ချပေးမယ်ဆိုရင်လည်း ကျွန်တော် လာရေးယူပါ့မယ်ဗျာ။ သူငယ်ချင်းပါရှုပ်ကြီး - အဲလေ - ယောင်လို့ ဘွာဘွာ - ပါချုပ်ကြီးရဲ့ ဆောင်းပါးကို ဂုဏ်ယူဖော်ပြပေးချင်လို့ပါ။ လုပ်ပါဦး''

''ရပါစေမယ်။ စိတ်ချပါ။ တမြန်နေ့ကတောင်၊ ကိုစိန်ထွန်း လာသွားသေး တယ်။ သူ့မြေးလေးလည်း အတော်ကောင်းလာပြီတဲ့''

''ဟုတ်တယ်။ ကျွန်တော် ဖါဆိုသက်န်းကပ် အေးသာယာမိတ်ဆွေ ဖိတ်လို့ သွားတယ်။ ဆရာမဒေါ်ခင်သန့်အိမ်လည်း ဝင်ခဲ့တယ်။ ဦးညွန့်မောင်နဲ့ နှစ်ဦး ပေါင်း မြေ ၂-ကွက်စာ တစ်ဆက်တည်း ရတာ ကံကောင်းလှချည့်ဗျာ။ လင်ကိုယ်မယားကိုယ် နှစ်ဦးသား၊ နှစ်ထပ်တိုက်ငယ်လေးမှာ အေးချမ်းလိုက် တာ။ တိုက်နောက်ဖက်နံရံမှာ အဖီဆွဲထားတယ်။ တပည့်မိသားစု ထားတယ် တဲ့။ စောင့်ရှောက်ဖော် ရတာပေါ့။ ကျန်မြေကွက်လပ်ကြီးမှာ သပြေနဲ့နှင်းဆီ တွေ ချထားတယ်။ မနောသုခ တဲ့။ နာမည်နဲ့အလိုက် စိတ်ချမ်းသာစရာပါ။ ဟိုသီချင်းတစ်ပုဒ်လေဗျာ။ ဘာတဲ့၊ ခြံကျယ်ကျယ်မှာ အိမ်ငယ်ငယ်ဆောက်- ဆိုတဲ့အတိုင်းပဲ၊ အားကျစရာကြီး''

ပင်လုံတက္ကသိုလ်ပါချုပ်(ပါမောက္ခချုပ်) ရာထူးဖြင့် ပင်စင်ယူခဲ့သူ သူငယ်ချင်း ကိုသာဦးတို့ ဇနီးမောင်နှံလိုပင်၊ ဦးညွန့်မောင်တို့မှာလည်း တစ်နှင့် တစ်ပေါင်း 'သုံး'၊ 'လေး' မဖြစ်ဘဲ၊ သစ္စာရှိစွာ 'နှစ်'အမြဲမှန်သာ ရရှိသူများ ဖြစ်ကြ၏။ ဒေါ်ခင်သန့်သည် ပထမ မော်ကွန်းထိန်း၊ နောက်တော့ တောင်ကြီး တက္ကသိုလ် စိမံတဏ္ဍာဌာနမှူးဟု မှတ်မိပါသည်။ သူ့မောင် ဒေါက်တာဖေဝင်း နှင့် ကျွန်တော် ကလောမြို့ ပြည်သူ့ဆေးရုံမှာ ဆုံကြသည့် လုပ်ဖော်ကိုင်ဖက် များ ဖြစ်ကြ၏။

''ဒေါ်ခင်သန့်က ကျွန်တော်အပြန်မှာ သပြေပန်းတွေ တစ်ပွေ့ ချက်ချင်းပဲ ဖြတ်ထည့်ပေးလိုက်တယ်။ ပတ္တမြားသပြေတဲ့။ အညွန့်နီနီရဲရဲလေးတွေနဲ့။ အဲဒီကအပြန် ကိုစိန်ထွန်းဆီ ဝင်တာ။ သပြေညွန့်တချို့ ခွဲပေးခဲ့တယ်။ သူ့ မြေးလေးကို ဝင်တွေ့ချင်တယ်လေ။ သွေးဖြူဥများနည်းတဲ့ရောဂါ၊ ထိုင်းမှာ

သွားကုတာ သောက်သောက်လဲ ကုန်တာပေါ့။ တစ်လ နေခဲ့ရတာကို။ ကျွေးတဲ့ ဆေးအရှိန်ကြောင့် ဝတုတ်ခဲနေတဲ့အပြင်၊ မျက်နှာလုံးမွေးထူထူကြီး။ တစ်ကိုယ်လုံး လည်း အမွေးရှည်တွေ ပေါက်လာပါသတဲ့။ မင်းတုန်းမင်းခေတ်က လူမျောက် ဆိုတာ သတိရကြောင်းကို ကိုစိန်ထွန်းက ပြောသေးတယ်။ အမွေးရှည်တာ အရေးမကြီး။ အသက်ရှည်ဖို့ အရေးကြီးတာနော်။ နောင်တော့လည်း ပုံမှန် ပြန်ဖြစ်သွားမှာပါ။ ကဲ–ကိုသာဦးရေ၊ ဒီဘက်ခြမ်း ရောက်တုန်း၊ သမီးတို့ ဆရာမကြီး ဒေါ်ပြုံးရီအိမ် ဝင်လိုက်ဦးမယ်"

ပြောဆို နှုတ်ဆက်နေစဉ်မှာ သူ့အိမ်နားနီးချင်း ကြီးကျော်ဝင်း (ဦးကျော်ဝင်း–အင်း) ရောက်လာ၏။ ကြီးကျော်ဝင်းလည်း ကျန်းမာရေးက ချူချူချာချာပင်။ အသက်တော့ ရှည်၏။ ရှေ့နေပီပီ စကားတတ် ရှည်လှ၏။ အချိန်နည်းနေပြီမို့ နှုတ်ဆက်ပြီး ထထွက်ခဲ့ရသည်။ ၁၀–နာရီတစ်မတ် (နာရီ တစ်စိတ်=၁၅ မိနစ်) ကျော်နေပြီ။

<u>မ၄–မူလွန်</u>

ညောင်ရွှေရောက်နေတော့ကို ရောက်လျှင်၊ ဟိုမှာ ဦးကျော်ညွန့်+ဒေါ်မြင့်ရီ တို့အိမ်။ သည်ဘက်မှာက ဦးစီလှိုင်+ဒေါက်တာသန်းငွေတို့အိမ်။ အပြန်မှပဲ ဝင်နှုတ်ဆက်တော့မည်။ သိပ်မလျှောက်လိုက်ရပါ။ မ၄–မူလွန်ကျောင်းရှေ့ ရောက်ပါပြီ။ ပြည်သူပိုင်မသိမ်းမီက ဒေါ်ကြီးဒေါ်ငယ်ကျောင်းလေးပါ။ တောင်ကြီးမြို့မှာက "၄"တွေ နာမည်ကြီး၏။ မူလတန်းကျောင်းတွေအနက် အမက ၄(ယခုတော့ မူလွန်)၊ အလယ်တန်းကျောင်းတွေအနက် အလက ၄ နှင့် အထက်တန်းကျောင်းတွေအနက် အထက ၄–တို့ နာမည်ကောင်း ထွက် ၏။ သမီးမစံပယ်က လ၄–ကျောင်းမှာ ရှစ်တန်း (ယခု **Grade 9**) အထိ နေခဲ့၏။ ဟော ... တောင်ကြီးပညာရေးကောလိပ် တက်၍ တန်းပြဆင်းရတော့ မ၄ – မူလွန်တဲ့။

ပထမနှစ်တုန်းက ၆–ပတ်အပြည့် ဆင်းရ၏။ အခန်း ၁၈–ခန်း ရှိပြီး။ ဆရာ ဆရာမ ၁၈–ယောက် ကွက်တိမို့ ပင်ပန်းကြရှာ၏။ တန်းပြဆင်း လုပ်အားကူညီမှုရ၍ အသက်ရှူချောင်ကြ၏။ ဒုတိယနှစ် ပြန်မတက်မီ နားချိန် ၂–လနီးပါး ရှိသဖြင့်၊ ကျောင်းအုပ်ကြီး ဒေါ်ပြုံးရီက လုပ်အားပေးရန် တောင်းဆို၍၊ သမီးကလည်း စေတနာထက်သန်စွာ ကူခဲ့ပါ၏။ ဒုတိယနှစ်

တန်းပြဆင်းရပြန်တော့လည်း မ ၄-မူလွန်မှာပင် တာဝန်ကျပြန်၏။ ရေစက်ကို ဆုံပါသည်။

တကယ် ရေစက်မဆုံတာကတော့ အလုပ်ဝင်ရောက်ရသည့် အခါမှာ ဖြစ်၏။ မြို့နယ်ပညာရေးမှူးရုံး၊ ပြည်နယ်ပညာရေးမှူးရုံး စသည်တို့၌ ခင်ရာခင်ကြောင်း မကောင်းရာမကောင်းကြောင်း အပေါင်းအသင်းတွေ ရှိပါ၏။ ပထမဆုံး အလုပ်ခန့်စာအတွက်၊ ဆရာမလက်သစ်လေးတွေ အတွေ့အကြုံ ပိုရအောင်၊ နယ်သို့သာ ပို့ရိုး ထုံးစံ ရှိပါသတဲ့။ လုပ်သက်လေး အတော်ရတော့မှ၊ မြို့ပေါ်သို့ ပြန်ခေါ်တတ်ကြပါသည်။ မူအရဆိုတော့လည်း အားလုံးနည်းတူပါပဲ။ နည်းနည်းပိုနီးတာနှင့် များများပိုဝေးတာပဲ ကွာခြားမှု ရှိမည်။ နယ်သို့ အားလုံး ဆင်းကြရသည်ချည်းပင်။ ထို့ကြောင့် ဤလမ်းကြောင်းသို့ ခြေဦးမလှည့်မိသည်မှာ ကြာပြီ။ သမီးမစံပယ် တန်းပြဆင်းနေစဉ်တုန်းက အကြိုအပို့ တစ်နေ့နှစ်ကြိမ်မှာ ကျွန်တော်က အသွားအပြန် လေးခေါက်။ သည်တော့ လမ်းကြုံမိတ်ဆွေအိမ်တွေကို အလှည့်ကျ ဝင်နှုတ်ဆက်၊ တစ်အောင့်နား၊ စာဖတ်ဝါသနာကြီးသူတို့အား စိတ်တွေ့မည့် စာအုပ်မျိုးတွေ ငှားတန်ငှား၊ ပေးတန်ပေး၊ သွားရင်းလာရင်း အကျိုးရှိသော အလုပ်များများ ကြိုးစားလုပ်ဖြစ်၏။ 'ကွဲကူးရေပါ' ဆိုသည့်အတိုင်း အချိန်လေးနည်းနည်း ပိုပေးလိုက်ရုံမျှနှင့် ပူးတွဲအလုပ်တွေ အများကြီး ပြီးစီးနိုင်သည်လေ။ တစ်ချက်ခုတ် နှစ်ချက် သုံးချက် ပြတ်ပေါ့။

ညောင်ရွှေရေကန်ဝင်းကြီးကို မျှော်ကြည့်လိုက်တော့ အဆောက်အဦငယ်တွေက ပုံပန်းခေတ်မီလှပ ရောင်စုံမြူးကြွနေ၏။ ပန်းခင်းတွေ အကွက်ကျကျ မျက်စိပသာဒ ရှိလှ၏။ မြကန်သာပန်းခြံအဖြစ်သို့ ပြောင်းလဲထားပြီမို့ မြို့ကျက်သရေဆောင်နေပေပြီ၊ ဟိုနှစ်ပေါင်း ၅၀-ကျော် ကာလတုန်းက၊ ရေကန်၏ အရှေ့တောင်ထောင့် တောချုံအုပ်ကြီးထဲမှာ ကျားသစ်မကြီး သားပေါက်နေထိုင်ခိုလှုံခဲ့ဖူးကြောင်း ပြောပြလျှင် ခေတ်လူငယ်တို့ ယုံချင်ကြလိမ့်မည် မဟုတ်ပါ။ ခုတော့ လမ်းကျယ်ကြီးတွေ၊ အုတ်တံတိုင်းကြီးတွေနှင့်၊ သစ်ပင်ကြီးငယ် ကျန်သရွေ့တော့ ကျန်ရှိသေးရာ၊ ကျေးငှက်သာရကာတို့ လွတ်လပ်စွာ မြူးထူးရာ ဘုံဌာနတစ်ခု ဖြစ်နေပြီ။ အထူးသဖြင့် တအာအာနှင့် အသံဆူညံတတ်သည့် ကျီးကန်းမည်းတွေ။ မြို့လယ်ထဲမှာ မမြင်တွေ့နိုင်ပြီ။ မြေးစုစုကို လမ်းကြုံစဉ်တုန်းက လက်ညှိုးထိုး ပြခဲ့ဖူးပါသေးသည်။

မ ၄–မှုလွှန်ကျောင်းဝင်းကြီးကို လှမ်းကြည့်လိုက်တော့ တနင်္ဂနွေကျောင်းပိတ်ရက်မို့ လူသူကင်းမဲ့ ငြိမ်သက်နေ၏။ ကျောင်းဝင်းမှာ အတန်ငယ်ကျဉ်းသော်လည်းပဲ အဆောက်အအုံတွေ သူ့နေရာနှင့်သူ အစီအစဉ်တကျရှိ၍ နိုင်ငံတော်အလံကို စုဝေးအလေးပြုဖို့၊ ဆရာမကြီး၏ ဩဝါဒ ခံယူနိုင်ဖို့ ကွင်းလွတ် ကျယ်ကျယ်လေးတော့ ကျန်ရှိသေး၏။ ကြောင်လျှာပင်အိုလေးကိုလည်း ကွက်ချန်ထားနိုင်သေး၏။ ကြောင်လျှာသီးကို ငယ်စဉ်ကပင် ဈေးမှဝယ်ချက်စားခဲ့သော်လည်း၊ အပင်ကိုမူ အသက် ၆၀–ကျော်မှ၊ မ ၄–မှုလွှန်ကျောင်းမှာ ပထမဦးဆုံး မြင်ဖူးခြင်းပါ။ ဘွားအေကြီးက အခါးဓာတ်ပါသော အစားအစာများကို ကြိုက်တတ်လှ၏။ ကြောင်လျှာသီးသည် နားလေးနားထိုင်း နားလေထွက်အတွက် ကောင်းလှသည် မှတ်သားဖူး၏။ သမီးတန်းပြဆင်းစဉ်တုန်းက အသီးတွဲလောင်းတွေ မြင်ရတော့၊ "ဩော်–သည်လိုမျိုး သီးတာကိုး"ဟု ဝမ်းသာအံ့ဩရပါ၏။ အသီးစားဖူးပြီး အပင်မမြင်ဖူးသည့် မြို့သားစာရေးဆရာအဖြစ်က ပြုံးချင်စရာပါပေ။

## စာဖတ်ဖြစ်အောင်

ကျောင်းဝင်းမြောက်ဘက် နှစ်ခြံကျော်လောက်မှာ အရှေ့မှ အနောက်သို့ ဖြတ်ဆင်းသော ကတ္တရာကားလမ်း ရှိ၏။ ကားရေဆေး ဝပ်ရှော့နားက မြောက်သို့ ချိုးဝင်သော လမ်းသွယ်ထဲမှာ ဆရာမကြီးဒေါ်ပြုံးရီအိမ် ရှိပါသည်။ ၂၀၁၁–ခုနှစ်၊ မေလ ၁၀–ရက်မှာ ကျရောက်သည့် ကျွန်တော့်အသက် ၆၅–နှစ်ပြည့် မွေးနေ့အတွက် ရိုက်လှူသော 'ရသဝတ္ထု ၆–ပုဒ်' စာအုပ်ကို အမှတ်တရ လက်ဆောင်ပေးရန် တမင်တကာ ထည့်ယူလာ၏။ အပိုတစ်အုပ်ကိုတော့ ကိုရန်အောင်ကို ဈေးရှေ့ ကြုံတုန်း ပေးလိုက်နိုင်၏။ ယင်းစာအုပ်ကို ကျွန်တော်သည်နှစ်၊ တောင်ကြီးမြို့နယ်၊ ညောင်ရွှေမြို့နယ်၊ ကလောမြို့နယ်နှင့် ပင်းတယမြို့နယ် ဟူ၍ မြို့နယ်လေးမြို့နယ်အတွင်းရှိ မူ လယ် ထက် ကျောင်းတိုင်းဈေး တစ်ကျောင်းတစ်အုပ်နှုန်း – ကျောင်းစာကြည့်တိုက် အင်အားဖြည့်အနေနှင့်၊ မြို့နယ်ပညာရေးမှူးများမှတစ်ဆင့်၊ ကျောင်းဖွင့်အမီ၊ မေလကုန် လစာထုတ်ရက် ဝေငှနိုင်ရန် လှူခဲ့ပြီးပါပြီ။ မ ၄–မှုလွှန်အတွက်လည်း ရရှိပြီးလောက်ပြီ။ ဆရာမကြီးကို သီးခြားပေးချင်ပါ၏။ နှစ်တိုင်းလည်း အမှတ်တရ ပေးနေကျပါ။ သည်နှစ်အတွက် နောက်ကျနေ၏။ သမီးမစံပယ်၊ မန်ကျည်းပင်ရွာ အမကမှာ တာဝန်ကျသည့် အကြောင်းလည်း ပြောပြချင်၏။

ဆရာမကြီးနှင့် အခန့်သင့်ပင် တွေ့ရ၏။ "ကျောင်းက ဆရာမ စိုးစိုးဝေ ပြောပြလို့ ကျွန်မ သိထားပြီးပါပြီ"ဟု မှတ်မှတ်ရရ ပြောပါသည်။

"ဟုတ်တယ် ဆရာမကြီး။ ဒေါ်စိုးစိုးဝေ (အိမ်နာမည် မီးငယ်) က ကျွန်တော့်အိမ် တောင်ဘက်ဝင်းမှာ အရင် နေခဲ့ဖူးတယ်၊ ၁၉၈၈–ခုနှစ်တုန်းက သူလဲ အဲဒီရွာကို တာဝန်ကျသွားဖူးတယ်။ ရွာငယ်လေးက အိမ်ခြေ ၃၀– ကျောင်းသား ၂၀–တဲ့လေ။ ခုတော့ အိမ်ခြေ ၆၀– ကျောင်းသား ၄၀–ဖြစ် လာပြီမို့ နှစ်ဆ တိုးနေပြီပေါ့။ ဒါပေမယ့် ဆရာမကြီးရယ်။ လယ်လုပ်ငန်း အားပြုတဲ့ အင်းရွာငယ်လေးမို့ ချူချာနွမ်းပါးကြတယ်။ ရွာမှာ လျှပ်စစ်မီး တောင် မရှိလေတော့၊ ကျောက်ခေတ် ပြန်ရောက်သွားသလိုပါပဲဗျာ"

"အရိုင်းကို နေပူထဲကစောင့်–လို့ အဆိုရှိပါတယ် ဆရာ၊ နောင်တော့လည်း မြို့ပေါ် ပြန်ရောက်လာမှာပေါ့။ မစံပယ်က စာသင်ဝါသနာကြီးတော့ ပျော်နေ လောက်ပြီ"

"သူ့အဒေါ်တစ်ယောက် အဖော်ထည့်ပေးလိုက်ရတယ်၊ နှစ်ယောက်သား တစ်လကို တစ်သိန်းလောက် ကုန်တယ်။ သူရတဲ့ လခကမှ လေးသောင်း ခုနစ်ထောင်၊ အရင်ဆို ရွာက ကျောင်းဆရာမတွေအပေါ် နည်းနည်း အထင် သေးချင်ပါသတဲ့၊ မစံပယ် ရောက်လာပြီး ကျွန်တော်တို့ မိသားစုက ကျောင်း နံကပ် အုတ်စီနိုင်ဖို့ ငွေငါးသိန်း မတည်လှူဒါန်းပေးတော့၊ 'ဩော် ... ချမ်းသာသူတွေလည်း ကျောင်းဆရာမအလုပ်အတွက် တောရွာဆင်းကြ သကိုး'လို့ နားလည်ပြီး ပိုလေးစားလာပါသတဲ့"

"ဟိုတစ်ချိန်တုန်းက ပညာရေးဝန်ထမ်းတွေကို အားလုံးကပဲ ရှေ့တန်းမှာ နေရာပေး လေးစားကြပါတယ် ဆရာရယ်"

"ဟုတ်တယ် ဆရာမကြီး။ ကျွန်တော်တို့ ဆွေအုပ်မျိုးအုပ်ထဲမှာကို ကျောင်းဆရာ ဆရာမတွေ အများကြီး ရှိတယ်။ ဘွားအေကြီးကဆို၊ အိမ် ခုနစ်လုံးတန်းသာ ရှိတဲ့ ရွာသိမ်ရွာငယ်လေးမှာတောင်၊ ဆရာသမားဆိုတာ စားဖို့ မပူရဘူးတဲ့။ တစ်အိမ် ဟင်းတစ်ခွက်နဲ့တင် ဘုန်းကြီးဆွမ်းပွဲလို ဖြစ် ရောတဲ့။ ကုသိုလ်လည်းရ၊ ဝမ်းလည်းဝ၊ ခါးလည်းလှတဲ့အပြင်၊ ပညာပါရမီ ဖြည့်ရာလည်း ရောက်ပါသတဲ့။ ခုတော့ ခေတ်ကြီး ပြောင်းသွားပြီလေ"

''စေတနာ ကံတရား၊ ကိုယ့်စေတနာက ကိုယ့်ကို ပြန်အကျိုးပေးပါတယ် ဆရာရယ်''

''အခု လူလတ် လူငယ်တွေ စာဖတ်အား သိပ်ကျသွားတယ်။ တခြား ဆက်သွယ်ရေးမီဒီယာတွေက သိပ်ဖွံ့ဖြိုးလာတော့ စာဖတ်ချိန် ဖဲ့မပေးနိုင်ကြ တော့ဘူး။ စာဖတ်ဖြစ်အောင် စာအုပ်တွေ လှူပေမယ့်လည်း မျှော်မှန်းသလို တော့ ဖြစ်မလာနိုင်သေးဘူး။ သမီးရွာက ပိုဆိုးတယ်။ ကျွန်တော်ဖြင့် ရွာ စာကြည့်တိုက်လေး ထူထောင်ပေးချင်တာ၊ စာမဖတ်ကြဘဲ၊ စာအုပ်တွေ ဗီရိုထဲ အိပ်နေကြရမယ့် အဖြစ်ကို မြင်ယောင်မိပြီး၊ ဖောတွေ နောက်လှန် ကျကျကုန်ရော ဆရာမကြီးရေ့''

''ဆယ်ရေးတစ်ရေး ကိုးရေးတစ်ရာတဲ့ ဆရာ။ တစ်ယောက်ဖတ်တော့ တစ်ယောက်အကျိုးရှိ ကိုးယောက်ဖတ်တော့ ကိုးယောက်အကျိုးရှိလို့ သဘော ပိုက်ရမှာပါရှင်။ စစ်မထွက်ခင် မြားမကုန်ချင်ပါနဲ့ ဆရာရယ်။ ကြိုးစားပါ။ အောင်မြင်ပါစေ။ ဆရာလိုအပ်တာ ရှိရင်လည်း ပြောပါနော်''

နာရီက ၁၁–နာရီမတ်တင်း (၁၀း၄၅–နာရီ) ပြနေပြီ။ လေရှည်နေ၍ မဖြစ်သေးပါ။ ကိုသာဦးကြီး ကျန်းမာရွှင်လန်းနေတုန်း၊ တစ်ကျော့ပြန်ဝင်ပြီး ဆောင်းပါးပူဆာရင်းနှင့် သမီးဆရာမအတွက် ဩဝါဒလေး မိန့်ခွန်းခြွေဖို့ တောင်းဦးမှ စိတ်ကူးမိ၏။ ဆရာမကြီးထံက စာရွက်လွတ်တစ်ရွက် တောင်း၊ နှုတ်ဆက်ပြီး ထွက်ခွါလာခဲ့ရပါသည်။

**ဩဝါဒ**

အိမ်ကို ၁၁–နာရီခွဲခန့် ပြန်ရောက်ရမည်မို့ အချိန် အလွန်နည်းနေပြီ။ ဒေါက်တာသန်းငွေအိမ်နှင့် ဦးကျော်ညွန့်တို့အိမ် ဝင်နှုတ်ဆက်ဖို့ မဖြစ်နိုင်တော့ ပါ။ ကပ်ကျော်ဖြတ်သန်းလာခဲ့ရ၏။ လှမ်းကြည့်တော့လည်း လူရိပ် လူယောင် မမြင်ပါ။ မြင်လျှင်တော့လည်း အနည်းဆုံး လက်ဝှေ့ယမ်းပြပြီး နှုတ်ဆက်ဖို့ပါပဲ။ ကိုသာဦးအိမ် တစ်ဖန် ပြန်ဝင်တော့ အံ့ဩစွာ ''ကိုအောင်ကျော်ကြီး ဘာကျန်ခဲ့လို့တုံး''ဟု မေးရှာပါသည်။

''ဘာမှ မကျန်ရပေါင်ဗျာ။ ကိုသာဦးကို တမင် ပြန်လာတွေ့တာ။ သမီး မစံပယ်က မြန်မာစာအဓိက စာပေးစာယူ ပထမနှစ် တက်နေပြီ၊ မူလတန်းပြ

ဆရာမအလုပ်လည်း ဝင်နေပြီဆိုတော့၊ မြန်မာစာပါမောက္ခကနေ ပါမောက္ခချုပ် အထိ ဖြစ်ခဲ့တဲ့ သူငယ်ချင်းဆီက တစ်သက်တာမှတ်သားစရာ ဩဝါဒ ပေးပါဦး လို့ တောင်းခံပါရစေ''

''ရတယ် ... ရတယ် ... ရေး၊ ရောက်လေရာရာ၊ ရပ်တကာမှာ၊ ပမာငွေလဝန်းနှယ်၊ ထွန်းနိုင်ပါစေ''

''ကောင်းလိုက်တာဗျာ။ စာရေးဆရာလား မပြောရဘူး။ လိုဂိုသုံးခု အကြောင်း သိချင်နေတာဗျာ။ ပြောပြပါဦး''

''တောင်ကြီးတက္ကသိုလ်ပါချုပ် ဦးစောလှိုင်လက်ထက် ၁၉၉၂–၉၃ ဝန်းကျင်မှာပေါ့။ ကိန္နရာရုပ် ကနေဟန်ရယ်၊ ''ပညာရွှေအိုး''စာတန်းရယ်ကို လိုဂို ပေးခဲ့ပါတယ်''

''ဒုတိယလိုဂိုက ဘယ်တက္ကသိုလ်အတွက်လဲဗျ''

''လှိုင်ကော်တက္ကသိုလ်အတွက်ပါ။ ၂၀၀၀–ပြည့်နှစ်ပေါ့။ လိုဂိုက ကိန္နရီရုပ် ပါ။ စာတန်းက 'ပညာမြတ်မြင့် လူမျိုးတင့်'တဲ့''

''ကောင်းတယ်ဗျာ။ ကယားအလံတော်မှာလည်း ဖားစည်နဲ့ ကိန္နရီရုပ် ပါတယ်လို့ မှတ်သားမိတယ်၊ တက္ကသိုလ်ကောလိပ်တွေအတွက်ဆိုတော့ ပညာနဲ့ ပတ်သက်တဲ့ ဆောင်ပုဒ်က ပိုဆီလျော်တယ်လေ၊ တတိယလိုဂိုလည်း ပညာနဲ့ပဲ ဆက်စပ်နေမှာပါ''

''တောင်ကြီးတက္ကသိုလ်အတွက်တုန်းက 'ပညာရွှေအိုး လူမခိုး' စကားပုံ ကို အကြံပြုခဲ့တာ၊ ပါချုပ်က လူမခိုးကို ဖြုတ်လိုက်တယ်။ အပေါင်းအသင်း တွေက သူ့ယောက္ခမကြီး ဒေါက်တာဦးရွှေအိုးနာမည် ပါအောင် ဆောင်ပုဒ် လုပ်တယ်လို့ ကျီစယ် နောက်ပြောင်ကြတာပေါ့။ ဒါနဲ့ ပင်လုံတက္ကသိုလ်အတွက် ငါ့နာမည် ပါအောင်ကို ဆောင်ပုဒ်လုပ်မယ် – စဉ်းစားဆုံးဖြတ်ခဲ့တယ်''

''ဆိုစမ်းပါဦးဗျာ။ ဘယ်လိုတဲ့လဲ''

''၂၀၀၂–ခုနှစ် နောက်ပိုင်းမှာပေါ့။ ပင်လုံတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဖြစ်နေပါပြီ။ ရှမ်းပြည်နယ်အလံတော် ဝါစိမ်းနီ၊ အလယ်လဝန်းဖြူထဲမှာပဲ ပင်လုံကျောက်တိုင်ပုံ ထည့်လိုက်တယ်။ လိုဂိုဆောင်ပုဒ် 'ပညာသာမှ လူမျိုး သာမည်' တဲ့''

"ကောင်းပါ့ဗျာ။ ဘဝအဆစ်အချိုးမှာ အမှတ်တရမျိုးလေးတွေပေါ့။ ကိုသာဦး အလွန်ကံကောင်းလှတယ်။ တက္ကသိုလ် သုံးတက္ကသိုလ်အတွက် တစ်ယောက်တည်းက လိုက်သုံးခု တီထွင်သတ်မှတ်ပေးခွင့်ရလိုက်တာ ကံထူးလို့ပဲ။ ကဲ–လိုချင်တာ ရပြီ။ အချိန်လည်း လင့်ပြီ။ ပြန်ဦးမှ။ လာခဲ့ပါဦးမယ် ကိုသာဦး။ ကျန်းမာသက်ရှည်အောင် နေပါနော်"

ကိုသာဦးအိမ်မှ ထွက်လာတော့ ၁၁–နာရီတောင် ကျော်လွန်နေပြီ။ မခင်နှင်းဆီက အပြန်ဝင်ခဲ့ပါဦးဆိုလို့ ဝင်နူတ်ဆက်တော့ "ဆရာ့အတွက်၊ ကိုမျိုးသန့် ပေါင်မုန့် သွားဝယ်နေတယ်။ ခဏတစ်ဖြုတ် စောင့်ရင်း၊ နာနတ်သီး လေး စားပါဦး"ဟု အတင်းအထိုင်ခိုင်းနေ၏။ သူတို့က စာချစ်သူ စာရေးဆရာ ချစ်သူတွေမို့ ကျွန်တော် ရောက်သွားလျှင်၊ တော်တော်နှင့် ထမပြန်ချင်အောင် စွမ်းဆောင်နိုင်ကြ၏။ ကျွန်တော်ကလည်း လေပေါပေါ၊ စကားတံရှည်ရှည် ဟုတ်လာ။ "ဗဟုသုတ အများကြီး ရတယ် ဆရာ" ဟု ချွေးသိပ်စကား သူတို့ ပြောတတ်လှ၏။

ခွဲစိတ်ထားသော နာနတ်သီးမှာ ဝင်းမှည့်အိစို မွှေးပျံ့နေ၏။ နှာညွှန့်ကို ချူနေ၏။ စားချင်စိတ် ပေါ်လာ၏။ တကယ်တော့ ဂေါက်ရောဂါ ရှိနေသည့် ကျွန်တော်နှင့် မတည့်ပါ။ "တစ်တုံးတော့ စားမယ်" ပြောပြီး မြည်းကြည့်၏။ ချိုဆိမ့်ရဲ လျှာစွဲသွား၏။ သို့နှင့် အတုံးငယ်ငယ် သုံးတုံး စားဖြစ်သည်။ "နာနတ်သီးက ချိုလိုက်တာ။ ပျားနာနတ်နှင့် တူတယ်"ဟု ချီးမွမ်းလိုက်၏။ မခင်နှင်းဆီက "ပျားနာနတ်လို့တော့ ပြောတာပဲ ဆရာ။ ပျားတွေတော့ လာဝဲ နေတယ်" ပြန်ဖြေ၏။ "စားပါဦး။ အားမနာပါနဲ့ ဆရာ" တိုက်တွန်းနေသော် လည်း၊ "ဆရာနဲ့ မတည့်ဘူး။ သုံးတုံးဆို လွန်နေပြီ။ ကြိုက်ပေမယ့်လည်း အဆစ်အမြစ် ရောင်ကိုက်ခဲမှာ ကြောက်တယ်။ စားဆေးတွေက ပြင်းတော့ အစာအိမ်ထိ၊ နှလုံးထိ၊ အစာအိမ်နာ၊ နှလုံးခုန် မြန်တတ်တယ်လေ"ဟု ရှင်းပြရပါသည်။

**<u>ရှမ်းပြည်နှင့် ရှမ်းပြည်နယ်</u>**

မျှော်တုန်းမျှော်ဆဲ၊ ကိုမျိုးသန့် အထုပ်ဆွဲပြီး၊ မော်တော်ဆိုင်ကယ်ဖြင့် ထိုးရပ်လာ၏။ "ဆရာရေ့–ဒေါက်တာကိတ်(**Dr. Cake**)ရဲ့ ပေါင်မုန့်ကြမ်းက အရသာကောင်း အားရှိသတဲ့"ဟု သူတို့လက်ဆောင်ကို ညွှန်းနေပါသည်။ မှန်၏။ ယခုအခါ နို့ပေါင်မုန့်ဆိုသော နူးညံ့သင်းပျံ့ ပေါင်မုန့်ချောတွေ ခေတ်စား

လာတော့၊ ကျွန်တော်တို့ ငယ်တုန်းက ရှိခဲ့သော ပေါင်မုန့်ကြမ်းတွေ ရှာဝယ်ဖို့ ခက်သွားပြီ။ ပေါင်မုန့်ညို (**Brown Bread**)ဆို မတွေ့ဖူးတာ ကြာပြီ။ လူတွေ ပြုပြင်သန့်စင်ထားသော အစာချောတွေ စားလာလွန်းလို့ သွားတွေပိုမို ပျက်စီးရ၏။ အစာကြမ်း သိပ်မဝါးဖြစ်၊ မစားဖြစ်တော့ ဝမ်းချုပ်တတ်ကြ၏။ ကြာရှည်မှာ မျိုးဆက် နှစ်ဆက် သုံးဆက် ရောက်လာတော့၊ အံဆုံးမြုပ်နေတာ၊ တချို့ သွားစုံ မပေါက်ဘဲ လျော့နည်းနေတာ တွေဖြစ်လာကြ၏။

"ကျေးဇူးတင်တယ်နော်၊ နောက်လည်း များများကျွေးနိုင်မွေးနိုင် လှူဒါန်းနိုင်ပါစေ" ဆုတောင်းပေးတော့၊ "ကျွေးနိုင် ပေးနိုင် လှူဒါန်းနိုင်တာကတော့ ကောင်းပါတယ်။ မမွေးပါရစေနဲ့တော့ဗျို့။ မြေးလေး ထိန်းရတာ မလွယ်ဘူး၊ အသက်တွေက ရလာပြီ ဆရာ"ဟု ရယ်ရယ်မောမော ပြန်ပြောကြ၏။ "သားသမီး မွေးထားတော့၊ မြေးထိန်းရမှာပေါ့။ ဆရာတို့လည်း မြေးထိန်းနေရတာပါပဲ။ လူတိုင်း အိမ်တိုင်း အတူတူချည်းပါကွာ။ တစ်ခေတ်ထဲ ဟုတ်လား" ဟု ဘဝတူဖြစ်ကြောင်း ကြွားဝါလိုက်ရ၏။ ကိုမျိုးသန့်တို့အိမ်က ထွက်လာတော့၊ ၁၁–နာရီ ခွဲလုတော့မည်။ ကိုမျိုးဝင်း+စဝ်မြတ်ထွေး(စာရေးဆရာမ နွေဦးမေ–တောင်ကြီး)တို့ဆီလည်း မဝင်နိုင်ပါတော့ပြီ၊ အသာလေး ဖြတ်ကျော်ခဲ့ရ၏။ ဒေါ်ခင်လှတို့ မူမူမြတို့အိမ်ဆို ပိုဝေးသေး။

ကိုသာဦးဆီ တစ်ခေါက်လာရင်း၊ ကိုမျိုးသန့်တို့အတွက် စာအုပ် ယူခဲ့ပေးရဦးမည်ဟု စိတ်ထဲ တေးမှတ်ထားလိုက်၏။ ကိုသာဦး ပင်စင်ယူခဲ့တာ ၄–နှစ်လောက် ရှိခဲ့ပါပြီ။ အလုပ်နားရတော့ အေးအေးဆေးဆေး စာတွေပိုရေးဖြစ်မည် ထင်ထားခဲ့၏။ စာတွေသာ ပိုဖတ်ဖြစ်ပြီး၊ စာမရေးဖြစ်ပါတဲ့။ လူငယ်တွေအတွက် တစ်ပုဒ် လုပ်ပေးစမ်းပါ ပြောထားတာ သုံးနှစ်မကတော့ပေ။ ပြုစုပျိုးထောင်လာခဲ့ရသည့် ကလောင်တစ်ချောင်း နှမြောစရာကောင်းလှ၏။ ကလောင်ကို ဘယ်လို ဒုက္ခခံ မွေးမြူခဲ့ရကြောင်း စာရေးသူအချင်းချင်း ပိုသိ၏။ ပြောလွန်းအားကြီးတော့မှ သာဦး(သျှမ်းပြည်) ကလောင်အမည်မှာ "ရှမ်းပြည်" သုံးခွင့်မရှိ၊ "ရှမ်းပြည်နယ်"ဟု "နယ်"တစ်လုံးတိုးရမည့် အဖြစ်ကြောင့်၊ စာရေးချင်စိတ် ကုန်ခန်းသွားခဲ့ပါသတဲ့။

"မဆိုင်ပါဘူး ကိုသာဦးရယ်။ (ရှမ်းပြည်) ပါပါ မပါပါ၊ ကိုသာဦးစာဟာ ကိုသာဦးစာပါပဲ၊ ကိုယ်ပိုင်ဟန်ရှိပြီးသား ကလောင်အတွက် အမည်တိုးမထား

တာတောင် 'ဒါဟာ ကိုသာဦးလက်ရာ'လို့ တန်းသိပြီးသားပါ။ ဆိုကြပါစို့။ မခင်လေး(ရန်ကုန်တက္ကသိုလ်)က နောက်ပိုင်းမှာ (ရန်ကုန်တက္ကသိုလ်) ဖြုတ်လိုက်တယ်။ သူ့လက်ရာ ခန့်မှန်းသိနေတော့ 'တခြားမခင်လေး မဟုတ်၊ တို့မခင်လေးပဲ' သိတာပါပဲ ကိုသာဦးရော။ ကျွန်တော် မင်းသန့်ဦး(တောင်ကြီး) လို့ ကလောင်ခွဲလိုက်တော့လည်း 'ဒါ အောင်ကျော်ပါကွာ' သိကြတာပဲ။ နောက်တော့–ဒေါက်တာလွမ်းဝေ(တောင်ကြီး) ကလောင်ခွဲပြန်တော့လည်း 'ဒါလည်း အောင်ကျော်ပါပဲ'လို့ သိကြတာပါပဲ။ ဒီတော့ ကိုသာဦး ရေးသာရေးပါဗျူ။ ရေးသမျှ ကျုန်ရစ်ခဲ့မှာပါ'' ရှည်ရှည်ဝေးဝေးကြီး ရှင်းပြရ၏။ (ရှမ်းပြည်) နာမည်နောက်မှာ ထည့်ကြသော၊ ရှမ်းပြည်နယ်သားတွေမှ အများကြီးရယ်။ မှတ်မိသရွေ့ တင်ဆ(ရှမ်းပြည်)၊ ခွန်ထီး(ရှမ်းပြည်)၊ သူရ(ရှမ်းပြည်) ခွန်စော(ရှမ်းပြည်)၊ မောင်လင်းယုန်(ရှမ်းပြည်)၊ ခွန်ကျော်(ရှမ်းပြည်)၊ နန်းနန်း (ရှမ်းပြည်) တဲ့လေ။

နောက်ပိုင်း မင်းသန့်ဦး(တောင်ကြီး) ကလောင်ခွဲ ယူသောအခါ၊ ကျွန်တော့်အား ''ခွန်ကျော်(ရှမ်းပြည်)''က ဘာကြောင့် (ရှမ်းပြည်) မထည့်ဘဲ၊ (တောင်ကြီး) ထည့်ရသလဲဟု မကျေမချမ်းနိုင် အပြစ်တင်ပါသည်။ အောင်ကျော်တွေ ပေါလွန်းလို့ (ရှမ်းပြည်)ထည့်ရင်၊ ကလောင်နာမည် တူသွားမလား စိုးရိမ်ပြီး ''တောင်ကြီးက အောင်ကျော်'' သိနိုင်အောင်ပါ–ဟု ဆင်ဖေ့ ရန်ရှောင် နားထောင်ကောင်းအောင် ဆင်ခြေပေးလိုက်ရပါ၏။ အမှန်မှာ (ရှမ်းပြည်)နှင့် (ရှမ်းပြည်နယ်) အသုံးနှစ်ခုမှာ ပြဿနာ ခဏခဏ ဝင်တတ်လွန်းကြောင်း ကြိုသိထားနှင့်ပြီးဖြစ်ရာ၊ ပြဿနာ ရင်ဆိုင်မတိုးအောင်၊ တမင်ရှောင်ကွင်းခြင်း ဖြစ်ပါသည်။ ဘကြီးဟော ကျွန်တော် ရှိသေလေးမြတ်စွာ ခေါ်သော ပင်လုံစာချုပ်လက်မှတ်ထိုးခဲ့သူ ဦးတင်ဆ – ကလောင်အမည် တင်ဆ(ရှမ်းပြည်)၏ ရှင်းလင်းပြောပြချက်ကို ဤနေရာတွင် အလျဉ်းသင့်၍ ဖော်ပြချင်ပါသည်။

''ဘကြီးတို့ စာစရေးတော့ စစ်ကြိုခေတ်၊ ရှမ်းပြည်အသုံးပဲ ရှိနေတာကိုး။ တကယ်လည်း ရှမ်းစော်ဘွား နယ်ရှင်ပယ်ရှင်တွေက အုပ်ချုပ်နေကြတာလေ။ ကလောင်နောက်မှာ (ရှမ်းပြည်)ထည့်ရတာက တခြားတင်ဆ မဟုတ်ဘူး။ ရှမ်းပြည်က တင်ဆလို့ ကွဲပြားစေချင်တာရော၊

ကိုယ့်ဇာတိဒေသကို ဂုဏ်တင်ချင်တာရော ပါတာပေါ့လေ။ ကလောင်အမည် နိုင်ငံမြဲနေပြီမို့ မပြင်ဖြစ်တော့ဘူး။

နာမည်တို့ ကလောင်နာမည်တို့ကို ကာယကံရှင်ကိုယ်တိုင် အကြိုက်ရွေး မှည့်ထားတာကြောင့် ခွင့်ပြုပေးရတော့မှာပေါ့။ မျိုးမြင့်ကို မြိုးမျင့်ဆိုပြီး အရစ် အပင့် ပြောင်းပြန်လုပ်ထားလည်း သတ်ပုံမှားနေတယ် သွားဝေဖန်လို့ မရဘူးလေ။ တစ်နဲ့ တ–စာရေးထုံး ပြင်ကြတော့၊ ဗိုလ်တထောင်ကို ဗိုလ်တစ်ထောင်လို့ မပြင်တော့ဘူး ဟုတ်လား။ သူက နာမည်လေ။ ကျယ်ကျယ်ပြန့်ပြန့်ကြီးလည်း သုံးနေကြပြီ။ ဗိုလ်တထောင်ဘုရား ဗိုလ်တထောင်သတင်းစာ တို့ကို ကြည့်ပေါ့။

၁၉၄၈–ခုနှစ် မတိုင်မီက မွေးဖွားခဲ့သူတွေဟာ ရှမ်းပြည်အနေနဲ့ ရှိဆဲမှာ မွေးခဲ့ကြတာကိုးနော်။ ဒါကြောင့် သူ့ကလောင်နာမည်မှာ (ရှမ်းပြည်) ထည့်ထားရင် စစ်ကြိုခေတ်၊ လွတ်လပ်ရေးအကြိုခေတ်မှာ မွေးတယ်ဆိုတာ မမေးပဲ သိနိုင်တာပေါ့။ ၁၉၄၈–ခုနှစ် ဇန်နဝါရီလ ၄–ရက်၊ နံနက် ၄–နာရီ ၂၀–မိနစ်ကျမှ တို့ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟာ အချုပ်အခြာအာဏာပိုင် တိုင်းပြည်တစ်ပြည်အဖြစ်၊ လွတ်လပ်ရေးရခဲ့တာကိုး။ လွတ်လပ်ရေး ရချိန်မှာတော့၊ အဲဒီတုန်းက ပြည်မကြီးတစ်ခု၊ ပြည်နယ်ငါးခု ရှိခဲ့လို့၊ အလယ်ကြယ်ဖြူကြီးဘေးမှာ အရန်ကြယ်ဖြူသေးငါးပွင့် ခြံရံနေတာပေါ့''

<u>အတိတ်ပုံရိပ်</u>

ရုပ်တစ်ချက် ဖြစ်ပျက်စဉ်မှာ၊ စိတ် ၁၇–ချက်ကျော်ကျော် ဖြစ်ပျက်ပြီးနေပြီ ဆိုသည်ကား မှန်လွန်းလှ၏။ ၁၉၅၄–ခုနှစ်ကုန်အထိ၊ ၄–နှစ်တာမျှ ကျွန်တော်တို့ မြေးအဘွား၊ ကန်ရှေ့ရပ် ကိုမောင်အေး+တင်မကြီးတို့ ဝင်းထဲ၌ နေခဲ့ဖူး၏။ ဒါ ဆိုးပေတို့အိမ်၊ ဒါကတော့ စိုးမြင့်ဖောတို့အိမ်၊ ဟိုဟာက ဦးစံတင်။ အဲဒီရှေ့ဝင်းက မေသန်းနွဲ့တို့အိမ်၊ ဟောဒါက ပွဲစားဖန်+ဒေါ်မြ၊ ပြီးတော့ ဦးအောင်ဖေနဲ့ ကပ်လျက်က ဦးမြစိန်၊ ဦးဖန်အိမ်ပြီးရင် နောက်တစ်ဝင်းက အပါ အတာ အတူးတို့အိမ်၊ သူနဲ့ ကျောချင်းကပ်က ဒေါ်လုံးအိမ်၊ ပြီးတော့ အန်တီအေးအိမ် စသည်ဖြင့် အစီအရီ အတွေး၌ ပေါ်လာကြ၏။ ကုန်သည်လမ်းထောင့် ရောက်တော့ တိုက်အထပ်မြင့်ကြီးက ဝါညိုဖျော့ဆေးသုတ်ထား၏။ မြဓာတ်ပုံတိုက် နေရာပဲ၊ ဇောတိကလက်ဖက်ရည်ဆိုင်၊

သိပ်နာမည်ကြီး သိပ်ရောင်းကောင်းခဲ့တာလေ။ လမ်းမကြီးဟိုဘက် ရှမ၀တိုက်အောက်က ရန်မျိုးအောင် လက်ဖက်ရည်ဆိုင်က နောက်မှ ပေါ်လာတာ။ မြဝတ်ပုံတိုက်နှင့် မျက်နှာချင်းဆိုင်က ကိုစိုးမြင့်တို့အိမ်။ မင်းလမ်းက တူးမြောင်းနှင့် မျဉ်းပြိုင်ပေါ့။ ကြားမှာ မြေကွက်လပ်ကြီး။ တူးမြောင်းအရှေ့ခြမ်းမှာ ၂–ထပ်တန်းလျားကြီးရဲ့အောက်ထပ် ကျင်နိုင်တို့ ဆင်းကားတို့ အောင်ဖေကားပစ္စည်းဆိုင်တို့ ရှိခဲ့တာပေါ့။ နောင်တော့ တူးမြောင်းအနောက်ခြမ်းမြေလွတ်မှာ ရိုးလ်တိုက် ပေါ်လာတယ်၊ လိပ်ပြာတောင်အမိုး ခေတ်စားချိန်လေ။ အချို့လည်း လိပ်ပြာတောင်တိုက်လို့ ခေါ်ကြတယ်၊ အခုတော့ အဆောက်အအုံတွေ ပြည့်နှက်နေပြီ။ ကိုစိုးမြင့်တို့ အိမ်နေရာမှာ မှန်အပြာနုတွေ အပြည့်တပ်ဆင်ထားတဲ့ အထပ်မြင့်ဟိုတယ် ဆွစ်ဒရင်းပါ။

မြို့မဈေးကြီးလည်း သုံးထပ် လေးထပ် တိုက်တန်းမြင့်ကြီး၊ မင်းလမ်းမျက်နှာပြု ထည်ဝါနေပြီ၊ အရင်တုန်းက သံတိုင်တွေ ကာလို့ ညောင်ပင်တွေလည်း အများကြီးပဲ၊ ဈေးရှေ့ညောင်ပင်အောက်က ချာပါတီဆိုင်လေး လွမ်းလှချည့်၊ ဈေးအလယ်ပေါက် တံခါးကြီး တောင်ဘက်မှာ ဒေါ်သောင်းစာအုပ်ဆိုင်၊ ဦးဝီနာဂီပြင်ဆိုင်၊ ဒေါ်လေးသီဖွါလူဒါနဲ့အအေးဆိုင်တွေလည်း မျက်စိထဲ ပြန်ပေါ်လာတယ်။ ဈေးတောင်ဘက်က ကုန်းမြင့်စာပေ၊ ဘီအိုစီပန်း၊ ကမ္ဘောဇ မလိုင်မုန့်ဆိုင်၊ သမဝါယမဆိုင်တွေကိုလည်း အမှတ်ရပါသေးရဲ့။ အခုတော့ မြို့မဈေးကြီးပတ်လည် အထပ်မြင့်တိုက်တန်းကြီး ဝိုင်းပတ်လို့၊ အတွင်းမှာလည်း ရှေးကလို တစ်ထပ်ဆိုင်တန်းတွေနဲ့၊ ကြားမှာ ဟင်းသီးဟင်းရွက်တန်းတွေ မရှိကြတော့။ အထပ်မြင့်အဆောက်အအုံတွေ နေရာယူထားကြပြီ။ တောဈေးသည်တွေ ဟိုမှာကပ်ရောင်း သည်မှာကပ်ရောင်း။ ဖမ်းရင် တောင်းလေးပိုက်ပြီး ပြေးလိုက်ကြ။ ဈေးနေ့ဆို ရပ်ကွက်လမ်းတွေပေါ်မှာ ဈေးခင်းကြရရှာတာ။ မိုးပြိုပြိုနဲ့ ရောင်းသူလည်းဒုက္ခ ဝယ်သူလည်းဒုက္ခ။ မြို့ကြီးပြကြီးဖြစ်လာတော့လည်း မြို့ပြစရိုက်၊ မြို့ပြအင်္ဂါအတိုင်း ဖြစ်ရတော့တာပါပဲ။

အိမ်ဆီကို အပြေးလေး လှမ်းလာခဲ့ရ၏။ အိမ်က နိဗ္ဗာန်လမ်းဆုံမှတ်တိုင်ကပ်လျက်ပါ။ ငါးလမ်းလောက် ဆုံနေတော့၊ ကားရှောင် ဆိုင်ကယ်ရှောင်နှင့်စောင့်ဆိုင်းရသည်မှာ ၅–မိနစ်လောက် ကြာပါ၏။ ဩော် ... ၁၉၅၇–ခုနှစ် သည်ခြံဝင်းကို ဝယ်ဖြစ်တော့၊ မိတ်ဆွေတွေက ဖခင်ကို ဘာကြောင့် သင်္ချိုင်းကုန်းနားမှာ သွားဝယ်ရသလဲဟု အပြစ်တင်ခဲ့ကြသေး၏။ မှန်လည်း

▲ __အမြင်မှန်ဆိုတာ။__

အရှိကို အရှိအတိုင်း မြင်မှ အမြင်မှန်။ အရှိအတိုင်း မမြင်ရင်၊ အမြင်မှန် မဟုတ်ဘူး။ "ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ"တဲ့။ မြတ်စွာဘုရား တိုက်ရိုက် ဟောထားတဲ့ စကား။ ယထာဘူတံ=အရှိသဘာဝအတိုင်း၊ သမ္မပ္ပညာယ= အမှန်သိဉာဏ်ဖြင့်၊ ဒဋ္ဌဗ္ဗံ=ရှုသိရမည်တဲ့။

▲ __အမှန်တရားလေးပါး။__

၁။ ဆင်းရဲအမှန်တရားဆိုတာ ဒုက္ခသစ္စာ။
၂။ ဆင်းရဲဖြစ်ကြောင်း အမှန်တရားဆိုတာ သမုဒယသစ္စာ။
၃။ ဆင်းရဲချုပ်ငြိမ်းခြင်း အမှန်တရားဆိုတာ နိရောဓသစ္စာ။
၄။ ဆင်းရဲချုပ်ငြိမ်းရာသို့ ရောက်ကြောင်း အကျင့်လမ်း အမှန်တရားဆိုတာ မဂ္ဂသစ္စာ။

ချမ်းမြေ့ဆရာတော်၏ တရားသိုလ်မှတ်သားဆောင်ပုဒ်။

မှန်၏။ နောက်တစ်လမ်းထောင့်နားမှာ ဝက်ကုမ္ပဏီအိမ် ရှိကာ၊ ဒေါ်ရွှေမှန်အိမ် နောက်ကျောသည် ဝက်ထားရာ ဝက်ခြံနှင့် ဝက်သတ်ကုန်းပါ။ ပြီးလျှင် သင်္ချိုင်းတွေ ဆက်ကုန်လေပြီ၊ နေခင်းတစ်ချက်ထိုးဝန်းကျင်မှာ ကြေးစည်သံတဝေဝေနှင့် အသုဘ ချလာကြပြီ။ ကုလားမသာ၊ တရုတ်မသာတွေက ဝေးဝေးရက်ကြာမှ တစ်လောင်း။

အိမ်ရောက်တော့ ၁၂–နာရီမတ်တင်း။ ဖုန်းနှစ်ခါ ခေါ်သည်တဲ့။ စာရေးဆရာမ ငြိမ်းငြိမ်း(ကျိုင်းတုံ) ကလောက ခေါ်၏။ စာရေးဆရာ သာဒိုးကျော်(အင်းလေး) ရွှေသူဌေးကုန်းက ခေါ်၏။ ဖုန်းပြန်ခေါ်ပေးပါတဲ့။ မိတ်ဆွေနှစ်ဦး လာ၏။ ဦးတင်မောင်က ဓမ္မမိတ်ဆွေပါ။ မန္တလေးသွား ဆီးရောဂါကု ပြန်လာပြီကိုး။ ပြီးတော့ သွားလူနာဟောင်းတစ်ဦး၊ တိုင်ပင်ဆွေးနွေးချင်လို့တဲ့။ ဆွေးနွေးရုံပဲဖြစ်မည်။ ကျွန်တော်က ဆေးခန်းနားထားပြီလေ။ ၁၂–နာရီကျော်မှာ ပြန်လာကြမည်။ စောင့်ပေးပါတဲ့၊ ဘဝအမောတွေပေါ့။ ၃–နာရီကြာလောက် မြို့ထဲ ထွက်ခဲ့တာမှာ ရေးပြစရာတွေ အများကြီး၊ မြို့ထဲသွား မြို့လားငယ်တစ်ပုဒ် ရေးဖြစ်ဦးမှာပါ။ မှတ်တမ်းငယ်ပေါ့လေ။

ဒေါက်တာအောင်ကျော်(သွား/ဆရာဝန်)

❀❀❀❀❀❀

# ရွှေတောင်စုံတွဲ လွှမ်းပုံပွဲ

**ဒေါက်တာလွှမ်းဝေ (တောင်ကြီး)**

<u>**သင်္ချိုင်းမြေ**</u>

၂၀၀၁ – ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ – ရက်နေ့သည်၊ အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်ကြီး၌ ဘာသာဋီကာကျမ်းပြုအကျော်၊ တောင်မြို့ ဆရာတော်ကြီး၏ သက်တော်ရာပြည့်ပွဲကို ခြိမ့်ခြိမ့်သဲပူဇော်နေချိန် ဖြစ်၏။ ဆရာတော်ဘုရားကြီးသည် ၁၉၀၀–ပြည့်ဖွားမို့၊ အမှန်ဆိုလျှင် သက်တော် ၁၀၁–နှစ်ပြည့် ဖြစ်ကာ၊ ရာကျော်ပွဲ မည်သင့်ပါ၏။ ကျွန်တော်သည် ယင်း ပူဇော်ပွဲသို့ မသွားရောက်နိုင်ခဲ့ပါ။ အကြောင်းမှာ တောင်ကြီးမြို့၌ သင်္ချိုင်းများ ပြောင်းရွှေ့ပေးရဆိုက်နှင့် ကြုံနေသောကြောင့်ပါ။ ပူဇော်ပွဲရောက်၊ ကျွန်တော့် စာဖတ်ပရိသတ်အချို့နှင့် ဓမ္မမိတ်ဆွေများ၊ ကျွန်တော့်ကို မုချသေချာ တက်ရောက်လာလိမ့်မည်ဟု တွက်ဆပြီး ကျွန်တော့်အား လိုက်လံ မေးမြန်း ရှာဖွေကြသည်ဟု ပြန်လည် သိရှိရ၏။ နေမကောင်း မကျန်းမာ၍ မလာဖြစ် လေသလား ပူပန်စိတ်ဖြင့် စာရေးမေးမြန်းကြပါသည်။ သူတို့မေတ္တာ တန်ဖိုးထားလေးစား ဝမ်းမြောက်ဝမ်းသာ ဖြစ်ရ၏။ စာပေရေးသားခြင်း၏ ရောင်ပြန်ဟပ်မှု တစ်ရပ်ပါပေ။

ကျွန်တော့်မိဘနှစ်ပါး၊ မောင်နှမများ၊ ယောက္ခမများ၊ မယားညီအစ်ကို တစ်ဦးတို့၏ သင်္ချိုင်းဂူကို ဖောက်ပြီး၊ သင်္ချိုင်းသစ်သို့ ပြောင်းရွှေ့ပေးဖို့ တာဝန်ကြီး ရှိနေရာ၊ ဆရာတော်ကြီး၏ သက်တော်ရာပြည့်ပူဇော်ပွဲသို့ အလွန် မတန်ပင် သွားရောက်ပူဇော် ကြည်ညိုလိုသော်လည်း လက်လွှတ်လိုက်ရပါ

တော့၏။ "နှာရည်ယိုရွဲ တပို့တွဲ"စာဆိုအတိုင်းပင်၊ ရှမ်းပြည်နယ်၌ တပို့တွဲလသည်ကား အအေးဆုံးလ၊ အလွန်မှ စိမ့်ချမ်းနေဆဲ ဖြစ်၏။ မနက်စောစောနေခြည်မပွင့်တပွင့်၊ နှင်းငွေ့မပြယ်သေးချိန်၊ မြက်ပင်ဖျားများပေါ်ဝယ်၊ နှင်းရည်စက်တို့ သီးခိုနေသေးချိန်၊ ပေါက်ပြား, ပေါက်တူး, တူးရွင်း, ထင်း, ထင်းရှူးဆီချောင်း, ဒီဇယ်ဆီပုံး, မီးခြစ်, ဖယောင်းတိုင်, အမွှေးတိုင် စုံစီနဖာအပြည့်ဖြင့် သုသာန်သို့ ကျွန်တော်တို့တစ်တွေ ချီတက်နေရ၏။ တောင်ကြီးမြို့သို့ မှန်းရည်ကာ လက်အုပ်ချီမိုး၊ ကန်တော့ရှိခိုးရုံမှတစ်ပါး၊ အခြား မတတ်နိုင်ပါတော့ပြီ။

မနေ့ညက တစ်ညလုံးလိုလို ကြက်အိပ်ကြက်နိုး မပျော့်တပျော် မှေးမိုတ်ရုံမျှသာ မှေးစက်ခဲ့ရ၏။ စိတ်ဆန္ဒက စောနေ၏။ စိတ်လည်း မကောင်းဖြစ်ရ၏။ လမ်းတွေချဲ့၍ အိမ်ရှေ့ဥပစာမြေလွတ်ကို ဖဲ့ပေးရစဉ်တုန်းက အုတ်ဝင်းထရံကို ဖြို၊ အသစ်ပြန်ကာရသည်လည်း အကြောင်းမဟုတ်လှသေးပါ။ အိမ်ဝင်းရှေ့ ဘိုးဘွားမိဘများ စိုက်ပေးခဲ့သည့် သစ်ပင်ကြီးငယ်တို့ကို ခုတ်ထွင်ရှင်းလင်းပေးရတုန်းကတော့ နှမြောမိရုံမျှသာပါ။ ဟော ... သင်္ချိုင်းရွှေ့ကြရမည်။ အုတ်ဂူတွေကိုဖောက်၊ အလောင်းကောက်ပြီး ပြောင်းရွှေ့ကြဆိုတော့ကာ၊ အတော်လေး စိတ်ထိခိုက်ရပါသည်။ ကြုံရ ဆုံရ ဘုံဘဝဟုညည်းညူမိတော့၏။

ခေတ်ကြီးကိုက ဆုတ်ကပ်မို့လား မပြောတတ်ပါပေ။ လမ်းဘေး သစ်ပင်ကြီးငယ်၊ အိမ်ဝင်းရှေ့ သစ်ပင်ကြီးငယ်တို့လည်း အေးအေးမနေရပါ။ ခုတ်ဟယ် ထစ်ဟယ် ဖယ်ရှားဟယ်နှင့်။ အရိပ်ရပြီး အသီး အညွန့် အပွင့်အတွက် နှစ်ရှည်ပြုစုခဲ့ရသည်မို့ နှမြောမိရခြင်းပါ။ သေပြီးလို့ အုတ်ဂူထဲ အေးချမ်းစွာလဲလျောင်းနားနေကြရှာသည့် လူသေအရိုးတို့တွေလည်း မအေးချမ်းနိုင်ကြတော့ပါ။ သင်္ချိုင်းတွေ ပြောင်းရွှေ့ရလိမ့်မည်ဟု ဘယ်တုန်းကမှ မစဉ်းစားမိခဲ့ပေ။ တွေးပင် အတွေးမပေါက်ခဲ့စဖူးပါ။ အခုတော့ နားနှင့်ဆတ်ဆတ်ကြားရ၏။ မျက်စိနှင့် တပ်အပ်သေချာ မြင်တွေ့ရ၏။ ကိုယ်တိုင်ပင်၊ ဖောက်ဖျက်တူးဆွ၊ ကျန်သမျှ အရိုးစုအကောင်းရော အဆွေးပါ တစ်စမကျန်ကောက်ကြ။ ပြောင်းရွှေ့ကြ။ ဩော် ... သင်္ခါရနယ်မြေဆီမှာ၊ ထပ်ပြီး သင်္ခါရပြန်ပါတကား ...။

<u>ရွှေတောင်ကြီးပြို</u>

လေးပင်သောစိတ်၊ တုံ့နှေးသော ခြေလှမ်းများဖြင့် သုသာန်သို့ တစ်လှမ်းချင်း လှမ်းနေစဉ်၊ လွန်ခဲ့သော ၁၈–နှစ်တုန်းက ရင်မဆိုင်ချင်သော်လည်းပဲ၊ ရင်ဆိုင် ဖြတ်ကျော်ခဲ့ရဖူးသည့် ဘဝတစ်ဆစ်တစ်ပိုင်း၊ ထောင့်ချိုးကွေ့ကြီးကို ပြန်လည်မြင်ယောင်နေမိပါ၏။ ထိုစဉ်က မြည်တမ်းရေးသီဖြစ်ခဲ့သော ကဗျာတစ်ပိုင်းတစ်စသည်လည်း၊ ရင်ထဲမှာ တစ်ပါဒချင်း ပြန်ပေါ်လာပါတော့သည်။

▲ နေမင်းမည်းမှောင်၊ ရွှေတောင်ပြိုလဲ
ငိုပွဲတွေဆက်၊ မှုသွေပျက်ကာ၊ ကွဲအက်နှလုံး၊ ကိုယ်စိတ်နုံးခွေ၊
ကြေပြုန်းအသဲ(သည်း)၊ အကွဲကွဲနှင့်၊ မစဲမျက်ရည်၊ ဖြေမဆည်နိုင်
ဆွဲချည်၍များ၊ ကန့်ကွက်ထားလျက်၊ တားမြစ်လိုက်ချင်၊ နေထိုက်ချင်သေး
ကျေးချင်သေးလည်း၊ ရှင်ရေးမရှိ၊ သေဘေးထိတိုင်၊ အယိုင်ယိုင်ဖြင့်
ဆိုင်မိယမ၊ မလွတ်လှကြောင်း၊ မရဏမောင်းထု၊ ပြောင်းလှုစုတေ
ကုသိုလ်ဝေလို့၊ အဖေထွက်ခွါ၊ သံသရာခရီးနှင်လေပြီ ။ ။

ပါဒရေ အညီအမျှရှိကာ၊ အပိုဒ်သုံးပိုဒ် ပါရှိသော ကဗျာတစ်ပုဒ်၏ အပိုဒ်တစ်ပိုဒ် ဖြစ်၏။ ရင်နှင့်အမျှ ခံစားပြီး၊ မျက်ရည်ဖြင့် ရေးသီကုံးခဲ့ခြင်းပါ။ ရက်လနှစ်ကို တွက်ဆစစ်လိုက်တော့၊ ၁၃၄၅–ခုနှစ်၊ တော်သလင်းလပြည့်၊ ဗုဒ္ဓဟူးနေ့ (၂၁/၉/၈၃) ညဉ့်ဦးပိုင်းမှာ ဖြစ်၏။ ဆေးပုလင်းကြီး ချိတ်ဆွဲထားလျက်၊ အသက်ကို မျှင်းမျှင်းလေး ရှူနေရှာသည့် ဖခင်ကြီး၊ ခုတင်ပေါ်မှာ ပက်လက်။ မလှုပ်မယှက်၊ ငြိမ်ချက်သား ကောင်းလှချည့်။ ခေါင်းရင်းစားပွဲခုံပေါ်မှာ ကက်ဆက်တစ်လုံး၊ ပရိတ်တရားသံက တိုးညင်းဖြည်းမှန်စွာ လွင့်ပျံ့ဝဲခိုနေချေ၏။ အားလုံး ငြိမ်သက်စွာ မမိတ်မသုန် စောင့်ကြည့်နေကြ၏။ ဘာစကားသံ၊ ဘာလှုပ်ရှားသံမှ ·မထွက်။ အသက်ကိုတောင် အောင့်ပြီး ရှူကြ၍ ပကတိငြိမ်သက်လွန်းနေကြ၏။ မကြာတော့မည့် နောက်ဆုံးတစ်ချိန်ကို စောင့်စားနေကြရသောကြောင့် စိတ်အလွန်ပင်ပန်း နွမ်းနယ်နေကြပြီ။

ဆေးရည်စက်များ၊ တစ်စက်ချင်း၊ အကျနှေးကွေးသွားသလို၊ အသက်ကို မျှင်းမျှင်းရှူနေပုံကလည်း ပိုမို၍ ဖြည်းညင်းနှေးကွေးလာပါတော့သည်။ ပရိတ်တရားသံအဆုံးသတ်မှာ၊ ကြေးစည်သံလွင်လွင် ပေါ်ထွက်လာပြီ၊ ထို့နောက် သာဓု...သာဓု...သာဓု... သုံးကြိမ်ခေါ်သံတို့ ကက်ဆက်မှ ပျံ့ဝဲလာချိန်မှာပင်၊

ဖခင်၏ ဦးခေါင်းသည် ခေါင်းအုံးညာဘက်ခြမ်းပေါ်သို့ လှည့်ကျသွားပြီ။ တစ်ပြိုင်နက်တည်းမှာပင်၊ ရင်ဘတ်ပေါ် လက်နှစ်ဖက် ယှက်ပူးထားသည်တို့၊ ဘေးတစ်ဖက်တစ်ချက်စီသို့ ပြုတ်ကျငြိမ်သက်သွားခဲ့ပြီ။ သံသရာခရီးရှည်ကြီးကို ဖခင်သည် နှုတ်မဆက်ဘဲ အပြီးထွက်ခွါသွားခဲ့ပြီကော။ ကျွန်တော်တို့ မိသားစုအတွက်တော့ ရွှေတောင်ကြီး ပြိုလဲသွားခဲ့ရပြီတည်း။

## ကင်ဆာဆိုတာ

ဖခင်သည် ကင်ဆာရောဂါဖြင့် ကွယ်လွန်ရှာ၏။ ဘာကင်ဆာနည်း။ အစာအိမ်ကင်ဆာတဲ့လေ။ "**သဗ္ဗေသတ္တာ အာဟာရဋ္ဌိတိကာ**" သက်ရှိသတ္တဝါတို့သည် အစာအာဟာရပေါ် မှီ၍ တည်၍ အသက်ရှင်၏။ ရှည်၏။ အစာအိမ်မှာ ကင်ဆာနာ ဖြစ်မှတော့၊ အစားအစာကိုလည်း ကောင်းကောင်း မခြေညက်နိုင်ပြီ၊ ခံတွင်းလိုက်၍ စားကောင်းသောက်ဖွယ်တို့ကို စားဦးတော့၊ အစာအိမ်ကမှ လက်မခံဘဲလျက် မည်သို့ အသက်ဆက်နိုင်ပါမည်နည်း။ ပြင်ပမှ သွေးကြောထဲသို့ သွင်းပေးနိုင်လျှင် သက်ဆိုး နည်းနည်းပိုရှည်နိုင်လိမ့်မည်။ သို့မဟုတ်လျှင် ကင်ဆာရောဂါက သွေးသားတို့ကို ဝါးမျိုနေသည်ဖြစ်ရာ၊ အမြန်ဆုံး ဘဝချုပ်ငြိမ်း ဆုံးခန်းတိုင်ရတော့သည်သာ။

ကင်ဆာရောဂါဆိုသည်ကား ပွါးများနှုန်း အလွန်လျင်မြန်၏။ ပုံမှန်မဟုတ်ဘဲ စံသွေလွဲနေသည့် ရောဂါကလပ်စည်းများသည်၊ နှစ်ဆ လေးဆ ရှစ်ဆ စသည်အားဖြင့် ဆတိုးပွါးနှုန်းဖြင့် လျင်လျင်မြန်မြန်ကြီး ရောဂါကြီးထွားစေ၏။ လူနာ၏ ကျန်အစိတ်အပိုင်းများ ပါးလျားပိန်ကပ် ချည့်နဲ့ရတော့၏။ အရိုးပေါ်အရေတင် ကမ္ဘောဒ္ဓာန်းရုပ် ဆိုသည်မှာ မသေခင်ကပင်ပေါက်နေချေပြီ။ လူတိုင်း ဖြစ်ပါသလားတဲ့။ လူတိုင်းတော့လည်းပဲ မဖြစ်ပါ။ ဖြစ်နိုင်ခြေတော့ ရှိ၏။ ဆရာသမားတစ်ဦး၏ အတ္တနောမတိ၊ သူ့ယူဆချက်တစ်ရပ်မှာ၊ လူတိုင်းတွင် ကင်ဆာရောဂါ ဖြစ်နိုင်ခြေ ရှိကြသော်လည်း၊ မည်သည့်အသက်အရွယ်၌ ဖြစ်ထွန်းလာမည်ကို ကြိုတင်မမှန်းဆ မသိရှိနိုင်ပါတဲ့။ စောစောဖြစ်နှင့် နောက်ကျဖြစ်ပဲ ကွာခြားမည်။ နောက်ကျလွန်းသူအတွက် ကွယ်လွန်သွားချိန်အထိ ကင်ဆာ မဖြစ်သေးသည်မို့ လွတ်မြောက်သွားရခြင်းပါတဲ့။ ဒါကိုပင် ကံတရား ဆိုရလေမလားပဲ။

ဖခင်၏ ကင်ဆာမှာ မယုံကြည်နိုင်လောက်အောင်ပင် အပွါးနှုန်း မြန်ဆန်လွန်းလှပါ၏။ ဆေးရုံတက်ရစဉ်တုန်းက ပြုံးရွှင်ကြည်လင်နေပါသေး၏။ တစ်လအတွင်း ကြီးထွားလွန်းသည့်အပြင်၊ အခြားအင်္ဂါများသို့လည်း လျင်မြန်စွာ ပျံ့နှံ့အမြစ်တွယ်ခဲ့လေပြီ။ အဆိုးဆုံးကား အသည်းသို့ ကူးစက်သွားခြင်းပါ။ ခွဲစိတ်ဆရာဝန်ကြီးက ဗိုက်ဖွင့်၍ အစာအိမ်အထက် (ကင်ဆာနေရာအထက်) နားဆီက ဖောက်၊ အစာအိမ်အောက်နားဆီမှာ ပြန်ဆက်ပေးခြင်း (**by passed**) နည်းကို ရွေးချယ်၏။ ဖခင်အတွက် အကောင်းဆုံးနည်းလမ်းကို ရွေးပေးခြင်းပါ။ တနင်္လာမနက်ပိုင်း ခွဲစိတ်ခန်း ဝင်ခဲ့၏။ ခွဲစိတ်မှုကား ရည်ရွယ်ရင်း အတိုင်း မပြုလုပ်နိုင်တော့။ မထင်မှတ်စွာ၊ အသည်းသို့ တရားလွန်ပျံ့နှံ့ကာ ရောဂါကြီးထွားနေပြီမို့၊ ဗိုက်ဖွင့်ပြီးပြန်ချုပ် (**O&C=opened and closed**) အဆင့်မျှသာ။ လူနာ အတွက်တော့ မေ့ဆေးအရှိန်၊ ခွဲစိတ်ဗိုက်ဖွင့်ဒဏ်ကြောင့်၊ ပိုမိုဆိုးဝါး နွမ်းဖတ်သွားခဲ့ရပါပြီ၊ ဗိုက်ဖွင့်မှ တွေ့ရသောကိစ္စပေကိုး။ ဟိုး – လွန်ခဲ့သော နှစ်သုံးဆယ်နီးပါးတုန်းက ဆေးပညာသည်လည်း မျက်မှောက်ခေတ်လောက် မဖွံ့ဖြိုးသေးဘူးလေ။

ခွဲခန်းက ထုတ်လာတော့ အသက်ယှဲ့ယှဲ့သာ ကျန်ရှိ၏။ ဒါတောင် ဆေးဝါးအစုံ အဆင်သင့် ပြင်ဆင်ထားခဲ့၍၊ ခွဲစိတ်စားပွဲပေါ်၌ အသက်ပါမသွားခြင်းပါတဲ့။ ဗိုက်ဖွင့်လိုက်သည်နှင့် ဝေါခနဲ ကျဆင်းလာသော ဝမ်းခေါင်းတွင်းရည်ကြည်များကြောင့်၊ သွေးပေါင်ချိန် ရုတ်ခြည်းကျဆင်းသွားခဲ့၏။ အသက်ကယ်ဆေး အချိန်မီ ထိုးပေးလိုက်နိုင်၍သာ၊ ချက်ချင်း ကိစ္စမချောဘဲ၊ ခန္ဓာကိုယ်နှင့် အသက်တွဲလျက် ခွဲခန်းမှ ထွက်လာနိုင်ခြင်း ဖြစ်ပါသည်။ အခြေအနေကတော့ မကောင်းလှပါ။ ဆေးသက်သာ ရှိတော့၏။ အသိကား ရှိ၏။ မြဲ၏။ သတိတစ်ချက် မလွတ်ခဲ့၊ ကြိုးစားအသက်လုခဲ့ခြင်း အကျိုးကား နောက်ထပ်နာရီ ၅၀–ခန့် အသက်ဆက်နိုင်ခြင်း ဖြစ်ပါ၏။

ဗုဒ္ဓဟူးညနေပိုင်းမှာ သိပ်မဟန်နိုင်တော့ပြီမို့၊ လက်မှတ်ထိုး၍ ဆေးရုံဆင်းခွင့် တောင်းရ၏။ အိမ်ပြန်ခေါ်ခဲ့၏။ အိမ်ကို ညနေ ၄–နာရီကျော်မှာ ရောက်လာပြီ၊ အိပ်နေကျအခန်းရှိ ခုတင်ပေါ် ရောက်ပြီဟု ဖခင်သိရချိန်မှာ စိတ်ချလက်ချရှိသွားဟန် ပေါ်ပါသည်။ ညဦးပိုင်း ၈–နာရီတစ်မတ် (၁၅–မိနစ်)မှာ တစ်ဘဝ ချုပ်ငြိမ်းရှာသည်။ ဆေးရုံပေါ်မှာ ရက် ၅၀။ အိမ်ပြန်အရောက် မိနစ် ၂၅၀–ခန့် အကြာမှာ ဖြစ်ခြင်းအဆုံး။ ပျက်။ သေ။

**အဟောင်းအသစ်ဖြစ်**

မိုးမဆုံး မြေမဆုံး၊ မီးခိုးကြွက်လျှောက်၊ အတွေးပင်လယ်ဝေလို့ ကောင်းနေဆဲမှာ သချိုင်းအဝင်ဝသို့ ရောက်ခဲ့ပြီ၊ ဂူဖောက် အရိုးကောက်ရန်၊ သချိုင်းစောင့်မှတစ်ဆင့် သူ၏ တပည့်များကို အပ်နှံချိန်းဆိုထား၏။ စောသေး၍ ပေါ်မလာကြသေး။ ကျွန်တော်တို့ ဆွေမျိုးတစ်သိုက်၊ အုတ်ဂူအသီးသီးရှေ့မှာ ဖယောင်းတိုင်ထွန်း၊ အမွှေးတိုင်မီးညှိပြီး ရိုသေလေးမြတ်စွာ ရှိခိုးကန်တော့ကြ၏။ ပြုပြုခဲ့သမျှ ကောင်းမှုကုသိုလ်များကို သွားနှင့်လေသူများအား အမျှပေးဝေ၏။ တစ်အောင့်အကြာမှာ လူတစ်စု သချိုင်းကုန်းပေါ်သို့ တက်လာကြပြီ။ နေခြည်လေးဖျော့ဖျော့ဝင်းလက် ပျို့အန်လာပြီ။ မြူနှင်းငွေ့များပျောက်ပြယ်စ ပြုပြီ၊ ရာသီဥတုကတော့ အေးမြလို့ ကောင်းဆဲ၊ ယနေ့အထိ အသက်ရှင်လျက် ရှိနေကြဦးမည်ဆိုလျှင်၊ အသက်အရွယ်အကြီးဆုံးဖြစ်မည့်ဂူကို ဦးစားပေး စတင်၍ ဖောက်ရပါမည်။ ယောက္ခမကြီး၊ ပြီးတော့ အလှည့်ကျသူက ကျွန်တော့်ဖခင်။

ဒုတ် ... ဒုတ် ... ဒုတ် ...

တူးရွင်းတူးသံ ဒုတ် ဒုတ် ဒုတ်နှင့်အတူ ကျွန်တော့်နှလုံးခုန်သံကလည်း တဒုတ်ဒုတ် သံပြိုင် စည်းချက်ဝါးချက်ညီညီ ခုန်နေချေပြီ။ ကမ္ဘည်းကျောက်ပြားချပ်ကြီးကို မကျိုးမပဲ့ မကွဲအက်စေရန် ဂရုစိုက် တူးခွါပေးဖို့ မေတ္တာရပ်ခံထား၏။ အင်္ဂတေဖြင့် ကပ်ထားခြင်းမို့ ယင်းစကျင်ကျောက်ဖြူပြားကြီးကို နာရီဝက်အတွင်း ချောမောအောင်မြင်စွာ ခွါထုတ်လိုက်နိုင်ပါပြီ။ ကျောက်ပြားကာထားသော နေရာသည် ဂူ၏လိုဏ်ပေါက် အဝင်ဝနေရာပင်ဖြစ်၏။ မြေနီခဲအုတ်တစ်လွှာသာ ပိတ်ထားခဲ့သဖြင့် ခဏတွင်းမှာပင် ပွင့်သွားခဲ့ပါပြီ။ သပြေညိုရောင်ပေါလစ် သုတ်ထားသည့် ကျွန်းခေါင်းကြီးသည် အကောင်းပကတိအတိုင်း ရှိဆဲပါ။ လိုဏ်ခေါင်းမှာ ၅–ပေကျော် မြင့်ပြီး၊ ၅–ပေကျော် ကျယ်ဝန်းလှ၏။ အလျား ၈–ပေ ကျော်သဖြင့် လူ ၆–ဦး ချောင်ချိစွာ ဝင်နိုင်၏။

အုတ်ဂူလိုဏ်ပေါက် ပွင့်သွားစဉ်မှာ၊ အမြင်အာရုံတွင်းသို့ ဖခင်၏ သပြေညိုရောင် ခေါင်းတလားကြီး ဝင်ရောက်လာတော့၊ ရင်တွင်း တင်းကျပ်ဆို့နစ်နေခဲ့ပြီ၊ ခေါင်းအဖုံးကိုလည်း ဖွင့်လိုက်ရော၊ ကျွန်တော့်မှာ မျက်ရည်ပွင့်ကြွေ မသိမ်းနိုင်အောင် စီးကျသည်အထိ ငိုကြွေးမိပါသည်။ အဟောင်းက အသစ်

ပြန်ဖြစ်ချေပြီ။ ၁၈–နှစ်ဆိုသော ကာလအတိုင်းအတာ အတိတ်ပုံရိပ်တို့သည် မနေ့တစ်နေ့ကလိုလို အထင်ရောက်စေခဲ့၏။ တမ်းတလွမ်းဆွေးမှုသည် မဟောင်းမြင်းသေးပါကလား။ ဖခင်တည်းဟူသော အသိမှတ်စိတ်ဖြင့် ခေါင်းအဖုံးကို လှပ်ဖွင့်ပြီး ငုံ့ကြည့်လိုက်ရာ၊ မှန်းဆမျှော်ရည်ထားပြီးသည့်တိုင်၊ မျက်တွင်းဟောက်ပက် ဦးခေါင်းခွံရိုးသည် ကျွန်တော့်အား စူးစိုက်ကြည့်နေသည့်အလား။ ဘုရား ... ဘုရား ... ဘုရား။ ရင်ထဲသို့ နက်ရှိုင်းစွာ စူးနစ်ဝင်ရောက်လာသည့် ခံစားမှုဝေဒနာဆိုးကြောင့်၊ မျက်လုံးအစုံတို့မှ မျက်ရည်များ၊ ရေကာတာကျိုး၍ တရဟော စီးဆင်းလာကြလေပြီ။

ဟိုစဉ်တုန်းက

ဖခင်အား အုတ်ဂူသွင်းခဲ့သည့် နေ့ကို ပြန်လည် အမှတ်ရစေ၏။ ထိုစဉ်တုန်းက ကျွန်တော့်အသက် ၃၇–နှစ်မျှ တရားလိုက်စားထားသည် ဆိုသော်ငြားလည်း၊ ကျူကျူပါအောင် ဆွေးဆွေးမြည့်မြည့်ကြီး ငိုကြွေးခဲ့ရဖူး၏။ တောင်ကြီးမြို့ ဒေသန္တရကျန်းမာရေးဌာနတွင် တာဝန်ထမ်းဆောင်နေဆဲဖြစ်ရကား၊ လုပ်ဖော်ကိုင်ဘက်များ အသုဘပို့ ရောက်ပြန်မဟုတ်ကြဘဲ၊ ဂူသွင်းပြီးချိန်အထိ အဖော်လုပ်ပေးနေကြ၏။ ကျွန်တော့်ငိုကြွေးသံသည် သူတို့ရင်ထဲထိ ရောက်အောင်၊ အဆွေးဓာတ် ကူးစက်ကာ၊ မျက်ရည်အိုင်ထွန်း စီးကျကြကုန်၏။

"ဆရာရယ် ... ဆရာ့ရင်ခေါင်းထဲက လာတဲ့ ဆွေးမြည့်ငိုကြွေးသံကို ဆရာ ထိန်းပြီး ငိုနေခဲ့ပေမယ့်၊ ကျွန်မတို့ တင်းမခံနိုင်တော့ဘူး။ မျက်ရည်တွေ ဘယ်ကဘယ်လို အိုင်ထွန်းယိုစီးကျလာလဲ မသိဘူး၊ သိလိုက်ချိန်မှာ လက်ဖမိုးနဲ့ အတွင်းသား သိမ်းသုတ်နေကြရပြီလေ" ဟူ၍ ဆရာမ မခင်အုန်းလွင်၊ ဒေါ်မြင့်သန်း၊ ဒေါ်တင်တင်၊ ဒေါ်ခင်ကြည်၊ ဒေါ်မြင့်ရီတို့ ပြန်လည် ပြောပြကြပါသည်။ မိတ်ဆွေအပေါင်းအသင်းတို့ ဆိုသည်မှာ ပျော်ရွှင်စရာများကို နှစ်ဆ တိုးပွါးစေပြီး၊ ဝမ်းနည်းကြေကွဲဖွယ်ရာများကို ထက်ဝက် မျှဝေယူကြ၊ ခံစားပေးကြစမြဲပဲလေ။ သူတို့ ပြန်ပြောင်းပြောပြ၍ သိရခြင်းပါ။ မိမိကိုယ်တိုင်ကမူ အပူမီး တောက်လောင်နေသဖြင့်၊ ဘေးဘီကို ဂရုမစိုက်နိုင်အားခဲ့ပေ။ မိမိကိုယ် မိမိတောင်မှ၊ သူတစ်ပါး ကဲ့ရဲ့လိမ့်မည် မတွေးနိုင်အားဘဲ၊ တရားလက်လွတ် ငှက်အတောင်ကျွတ် ဖြစ်ခဲ့ရပါသကော။ မိမိဖခင် မဟုတ်ပါလား။

ရိပ်သာကြီးနှစ်ရိပ်သာလုံးက ဓမ္မမိတ်ဆွေများလည်း အသုဘ လိုက်ပို့ကြရာ၊ ''ကျွန်တော့်အား တရားလက်လွတ် ဖြစ်ရပ်ပါ့မလား၊ တရားသာသိ၊ ကိုယ်မှာမရှိ ရှက်ဖွယ်လိလိ''ဟူ၍ တီးတိုးဝေဖန်ကြသည် ဆို၏။ နောင်ကြာမှ ပြန်ကြားသိရသောအခါ ကျွန်တော်သည် ထိုသူတို့အား အပြစ်မတင်ပါ။ ဘုန်းကြီးတစ်ပါး၏ မယ်တော် ဈာပနမှာ၊ ဘုန်းကြီးကိုယ်တိုင် ငို၍၊ စကားတင်း ဆိုကြတော့ ''အဲဒီတုန်းက ဒကာကြီးတို့အမေ၊ အခုဟာက ဘုန်းကြီးအမေဟ'' ဟု တုံ့ပြန်မိန့်ဆိုချက်ကို အမှတ်ရလိုက်၍ ဖြစ်၏။ မည်မျှ တရားလိုက်စားပြီး အမှတ်သတိကပ်ထားသည် ဆိုစေဦး၊ ''အနာဂါမ် မောင်မဟုတ်လေ၍'' ဆိုစကားအတိုင်းပင် ဖြစ်ပေမည်။ တတိယမဂ် ဆိုက်ရောက်ပြီး၍၊ ဒေါသကုန်သည့် အနာဂါမ်အရိယာများသာ ငိုခြင်း ရယ်ခြင်း ကင်းပပြီတဲ့၊ ကျွန်တော့်မှာတော့ မောင်ပန်(သောတာပန်)တောင်မှ မဟုတ်သေး၊ ပုထုဇဉ်မျှသာမို့… စိတ်လွတ်သည်နှင့် အပူလုံးကြွ၊ ငိုလုံးပြုခဲ့ရပြီလေ။

<u>ပြာအချမှာ</u>

အရိုးများကို တစ်စမကျန်ရစ်ရအောင် စေ့စေ့စပ်စပ် ကောက်ယူကြရ၏။ ကျွန်းခေါင်းကြီးမှာ အသစ်စက်စက်လို ပကတိ ကောင်းနေသေး၍ အခက်အခဲမရှိလှပါ။ ပြာချရန် တရားနာဇရပ်အနီး၊ ညောင်ပင်ကြီးအောက်သို့ ရွှေ့ပြောင်းကြ၏။ ဖခင်ဦးခေါင်းခွံရိုး၌ ထူးဆန်းတာတစ်ခု သတိပြုမိ၏။ ညာဘက်နားထင်တစ်ပိုက်ရှိ ဦးရေနှင့် ဆံပင်တို့မှာ မဆွေးမမြည့်ဘဲ၊ ဦးခေါင်းခွံရိုးမှာ ကပ်လျက် ခြောက်သွေ့စွာ ရှိနေ၏။ ပို၍ထူးဆန်းနေသည်မှာ ယင်းဆံပင်တို့သည် ရွှေဝါရောင် ဝင်းတောက်နေခြင်းပါ။ ဆံပင်ဆိုးဆေး ဓာတုဗေဒပစ္စည်းတွေကြောင့် အရောင်ပြောင်းကုန်သည် ယူဆရအောင်ကလည်း၊ ဖခင်သည် တစ်သက်လုံးမှာ တစ်ကြိမ်တစ်ခါမှ ဆံပင်နက်ဆေး ဆိုးခဲ့ဖူးသည် မဟုတ်ပါ။

''မင်းအဖေ အသက် ၄၀–မှာ မင်းကို ချီပိုးခွင့် ရတာပါ။ ဆံပင်တွေတောင် ဖွေးဖွေးလှုပ် ဖြူနေခဲ့ပြီ''ဟူ၍၊ ဘွားအေကြီး ပြောပြခဲ့ဖူးသည်ကို ပြန်လည်အမှတ်ရလိုက်ပါ၏။ ၇၇–နှစ်ထဲမှာ ဆုံးတာမို့၊ နှစ်ပေါင်း ၃၇–နှစ်ခန့် ဆေး လုံးဝမဆိုးခဲ့ခြင်း ဖြစ်၏။ ဖခင်ငယ်စဉ်က အလှအပကြိုက်ပြီး ရှိုးအလွန်ထုတ်ခဲ့သည် ဆို၏။ စမတ်ကျကျ ဝတ်စားတတ်လှပြီး၊ ဓာတ်ရှင် (ရုပ်ရှင်)မင်းသားလို သန့်ပြန့်ရုပ်ချောခဲ့ပါသတဲ့။ ''မင်းချောတယ်ဆိုတာ

အလကား။ မင်းအဖေခြေဖျား မမီသေးဘူး။ မိန်းမတွေ မျက်စိကျတာလည်း မပြောနဲ့။ ယောက်ျားချင်းတောင် ငေးကြည့်ယူရအောင် ရုပ်စားခဲ့တာကလား" ဟု ဘွားအေကြီးက နငယ် အမြီးဆက်လိုက်ချေသေး၏။ သို့သော် ဖခင် အိမ်ထောင်ကျ အလွန်မှ နောက်ကျခဲ့ပါ၏။ ၃၉–နှစ်ကျမှ လူပျိုဘဝ ကျွတ်တော့၏။ အသက် ၅၁–မှ သားအထွေးဆုံးကို ရလိုက်၏။

ထင်းချောင်းလေးတွေ စီထပ်ထားသည့် အပေါ်မှာ၊ ခြေသားလုံးရိုး၊ ပေါင်ရိုး၊ တင်ပါးဆုံရိုး၊ လက်မောင်းရိုး၊ လက်ဖျံရိုးတို့ကို စီပြီး တင်၏။ နံရိုးချောင်းများ၊ ကျောရိုးဆစ်များ၊ ခြေဖျားရိုး၊ လက်ဝါးရိုးတို့ကို ရံပြီး အုံ၏။ ဦးခေါင်းခွံရိုးကို နောက်ဆုံးမှ အပေါ်ဆုံးမှာ တင်၏။ ဒီဇယ်ဆီ ဆွတ်ထားသော ရှမ်းစက္ကူ (မိုင်းကိုင်စက္ကူ)များ၊ ထင်းရှူးဆီချောင်းများ၊ ထင်းကြားမှာ ထိုးသွင်း၏။ မီးညှိလိုက်သည်နှင့် ဟုန်းခနဲ မီးလျှံမီးခွယ်တို့ တက်လာကြကုန်၏။ မီးလျှံမီးညွှန့်များကြားမှ ဖခင်၏ ကျေနပ်ပြုံးကို မြင်ယောင်လာမိ၏။ ယင်းသို့ ပြုံးခဲလွန်းသော ဖခင့်အပြုံးကို မှတ်မှတ်ရရ၊ ဆေးရုံမတက်မီ တစ်ရက် ညနေခင်း အိပ်ခန်းတွင်း၌ လျှပ်တစ်ပြက် မြင်လိုက်ရခြင်းရယ်ပါ။

<u>ဖျက်ချင်တော့</u>

သမားတော်ကြီးက ဖခင်အား ဆေးရုံတက်ရန် အကြံပြု၏။ ခွဲစိတ်ဆရာဝန်ကြီးထံ လွှဲပေး၏။ ရက်ချိန်း မနက်ဖြန်တဲ့။ အခန်း ခုတင် သတ်မှတ်ပေးပြီးပြီ၊ မနက် ၈–နာရီအရောက်တဲ့။ စစ်စံထွန်းဆေးရုံကြီးသို့ တက်ရောက်ရပေတော့မည်၊ ဖခင်ကြီးသည် တစ်သက်လုံးမှာ ကြီးကြီးကျယ်ကျယ် တစ်ခါမှ မဖျားနာဖူး၍ ဆေးရုံလည်း တစ်ကြိမ်မှ မတက်ရောက်ခဲ့ဖူးပါ။ ဆေးရုံတို့ ဆေးခန်းတို့ကိုလည်း အလွန်ကြောက်တတ်ရှာပါသည်။ သူ့ကိုယ်သူ အအိပ် အစား၊ ခေါင်းရိတ်ခေါင်းလျှော်၊ ရေချိုးမိုးချိုး အလွန်ပင် ဆင်ခြင်တတ်လွန်း ရှာ၍လည်း မဖျားမနာတတ်ခြင်းပါ။ အသက် ၇၅–နှစ်အထိ၊ ဘယ်အချိန် မှာပဲ ကျွန်တော် သွေးကောက်တိုင်းတိုင်း အပေါ်သွေး ၁၂၀၊ အောက်သွေး ၇၀ မီလီမီတာပြဒါးချိန် ပြမြဲ ဖြစ်၏။ ကောင်းလိုက်သည့် သွေးပေါင်ချိန် အဖြေပါပေ။

"ဒီပုံအတိုင်း ဆိုရင်တော့၊ အဖေ အသက်အများကြီး ရှည်ဦးမှာ။ ပျင်းရိ အောင်ကို နေရဦးမှာ။ အနောက်တိုင်းနိုင်ငံ အသက်အာမခံကုမ္ပဏီတွေက

သွေးပေါင်ချိန် ၁၂၀/၇၀–မမပြဒါးချိန် ပြနေသူတိုင်းကို အာမခံနှစ်များများ ပေးတတ်တယ်တဲ့။ ကျန်းမာရေး ဒေါင်ဒေါင်မြည်နေလို့ တော်တော်နဲ့ မသေနိုင်သေးဘူးဆိုတဲ့ သဘောပေါ့ ဖေဖေရာ'' ဤသို့ ကျွန်တော် ရှင်းပြတော့၊ ဘာမှ ခွန်းတုံ့မပြန်၊ ပြုံးယဲ့ယဲ့လေးတော့ ပြုံးပြတတ်လေ၏။

ပျက်ချင်တော့ သိပ်မကြာလိုက်ပါ။ ဖခင် အသက် ၇၆–နှစ်ထဲမှာ နည်းနည်းချူချာချင်ပါသည်။ အစာမကြေချင်သလို ဖြစ်သတဲ့။ အမှန်မှာ ဖခင်သည် အစာ အလွန်ကြေလွယ်လွန်းသူ ဖြစ်၏။ ဗိုက်လေးနာလိုက်၊ ဆန်ပြုတ်လေးသောက်လိုက်၊ နို့မှုန့်လေး၊ အိုဗာတင်းလေး၊ ဟောလစ်လေး တစ်လှည့်စီ ဖျော်သောက်လိုက်၊ ပေါင်မုန့်တို့၊ မုန့်ကြွပ်တို့ကို စိမ်ပြီး စားလိုက်နှင့်၊ နေသာသလို နေရှာ စားရှာ သောက်ရှာ၏။ ''ငါ့ကို စိတ်မပူကြပါနဲ့။ ငါ့ကိုယ်ငါ ထိန်းနိုင် ကြည့်နိုင်ပါတယ်''ဟူ၍လည်း ပြောတတ်ပါသေး၏။ သူကြိုက်တတ်လှပြီး တစ်သက်လုံး သောက်ခဲ့သည့် လက်ဖက်ရည်ချိုကျကိုတောင် မသောက်တာ ကြာခဲ့ပြီပဲ။ ဝမ်းမချုပ်စဖူး ချုပ်တတ်လာ၍ ဖြစ်ပါသည်။ လက်ဖက်ရည်ကို ရှောင်ပါသတဲ့၊ မတ်တတ်နာရယ်လို့တောင် ပြောရ အခက်ကြီးပါ။ ပုံမှန်လို့ပဲ ကျွန်တော်တို့ ထင်မှတ်ထားခဲ့ကြ၏။

တစ်ညနေ၊ ဖခင်က သွားတစ်ချောင်း နုတ်ချင်တယ် ဆိုလာ၍၊ ကျွန်တော် ကိုယ်တိုင် နုတ်ပေးရ၏။ သွေးအထွက် သိပ်နည်းနေသည်ကို သတိပြုမိပြီး၊ လက်ဖဝါး နူတ်ခမ်းတို့ကို ဂရုပြုကြည့်မိတော့၊ ပန်းသွေးရောင် လွှမ်းနေကျဟာ ဖြူဖျော့လွန်းနေ၏။ သွားဖုံးကို စစ်ဆေးတော့လည်း ဖြူဖပ်ဖြူရော်၊ စိတ်ပူပြီး မျက်ခွံအတွင်းသားကို လှန်ကြည့်လိုက်၏။ ဖြူရော်ရော်။ ဟုတ်ပါပြီ၊ သွေးအားနည်းနေပြီ ဖြစ်ကြောင်း လက္ခဏာများ ပြနေပြီ။ ဘာကြောင့်ပါလိမ့်။ ဒါကြောင့်ပဲ ဖြစ်မည်။ ခုတလော၊ သွေးတိုင်းကြည့်လိုက်တိုင်း ၁၂၀/၇၀– ပုံမမှန်ချင်၊ ၁၀–မှတ်လောက် တိုးချင် လျော့ချင်နေတတ်၏။ အသက်ကြီး၍ အနည်းငယ် အပြောင်းအလဲ ဖြစ်တာ နေမှာဟု ဖော့တွေးခဲ့၏။ ပေါ့ဆခဲ့၏။ ဆေးခန်းပြမှ ဖြစ်တော့မည်။ အထွေထွေ ဆေးစစ်ချက် ယူကြည့်ဖို့။

**<u>သက်ကြီးစကား</u>**

ဖခင်အား ဆေးခန်းပြရန် မိသားစု ခေါင်းချင်းဆိုင် ဆွေးနွေးရ၏။ ခေတ္တကျောင်းပိတ်ထား၍ အိမ်ပြန်ရောက်နေသော၊ မန္တလေးဆေးတက္ကသိုလ်

နောက်ဆုံးနှစ်အပိုင်း(ခ) တက်နေသူ ညီအငယ်ဆုံး၊ မောင်တင်ရွှေကလည်း အရေးယူ သဘောတူပါ၏။ သူ့ကို ဖခင်က အချစ်ဆုံးမို့၊ သူ့စကားကို ဖခင်က လက်သင့်ခံစမြဲပါ။ ယခုလည်း သူ့ဖျောင်းဖျစကားကို တစ်ခွန်း မငြင်းဘဲ၊ ရှောရှောရှုရှု လက်ခံသဖြင့်၊ ဆေးခန်း အမြန်ဆုံး ပြဖြစ်၏။ အထွေထွေဆေးစစ်ချက်များ၏ အဖြေလွှာတွေကို မူတည်လျက်၊ ဆန်းစစ် ကောက်ချက်ချကြည့်တော့၊ အစာခြေလမ်းကြောင်း တစ်နေရာရာမှာ အနာ ရှိပြီး သွေးနည်းနည်းချင်း စိမ့်ယိုနေဟန် ရှိသည်တဲ့လေ။ အမြန်ဆုံး ဆေးရုံ တက်ပါတဲ့။ ဆေးခန်း ဆေးရုံကို ကြောက်တတ်လွန်းတဲ့ ဖခင်အဖြစ်က။ မနက်ဖြန်မနက် ၈–နာရီတဲ့။

ညနေပိုင်းမှာ မိခင် လက်တို့ခေါ်၍ ဖခင့်အိပ်ခန်းသို့ ရောက်၏။ ခုတင် ပေါ်မှာ ငြိမ်သက်စွာ ထိုင်နေ၏။ တုန်လှုပ်ချောက်ချားမှု မပြသော်လည်း၊ မျက်လုံးများက မှေးမှိန်အားပျော့နေ၏။ မျက်နှာလည်း အတန်ငယ် ညှိုးလျှ နေ၏။ ဖခင်သည် အဆုံးစွန်တွေးတော အကွက်ချထားပြီးပြီ ဖြစ်မည်။ ကျွန်တော့်ကို စကားစပြောပါပြီ။

"သားကြီး၊ အဖေ ဆေးရုံတက် ကုတာမှာ၊ ကောင်းချင်လည်း ပြန်ကောင်း လာနိုင်မယ်၊ မကောင်းဘဲလည်း ဆိုးသွားနိုင်တာပဲ။ ဒါကြောင့် မင်းကို ခေါ် တိုင်ပင်ရတာ။ မင်းနှမကို အိမ်ထောင်ချပေးချင်တာ သူကမှ လက်မခံခဲ့ဘဲ။ အမွေခန်းကို ဘယ်လို စီစဉ်ကြရင် ကောင်းမလဲ" ဤကား ဖခင်၏ ပထမ ဦးစားပေး ပြောလာသော အကြောင်းအရာ။

"မခက်ခဲပါဘူး အဖေ။ ငါးပုံခွဲဖို့ဟာ ညီငယ်သန်းထွန်းက စောစော ထွက်ခွါသွားလိုက်လို့၊ လေးပုံ အညီအမျှ ခွဲပေးလိုက်ပေါ့။ ကျွန်တော်က အကြီးဆုံးဆိုပြီး များများ ပိုမယူချင်ပါဘူး အဖေ"

"ဟုတ်ပြီ။ အဖေ ကျေနပ်ပြီ။ နောက်တစ်ခု။ မင်းညီအငယ်ဆုံး ဆေး ကျောင်း မပြီးသေးဘူး။ သူပြီးလာရင် ဆေးခန်းဖွင့်ဖို့ နေရာလိုမယ်။ မင်း စီစဉ်ဆောင်ရွက်ပေးနိုင်မလား သိချင်တယ်"

"ကျွန်တော် လုပ်ပေးပါ့မယ် အဖေ"

"အေး ဟုတ်ပြီ၊ နောက်တစ်ချက် ကျန်သေးတယ်။ သူ့မင်္ဂလာဆောင် ကိစ္စဟာလဲ သားကြီးခေါင်းပေါ် ကျရောက်လာတော့မှာ"

"ကျွန်တော့်တာဝန် ထားလိုက်ပါ အဖေ။ စိတ်ချချ နေပါဗျာ"

"ကောင်းပြီ။ ငါ စိတ်ချပြီ။ မင်းတို့အကြီးစုံတွဲကို ငါ စိတ်ချထားပြီးသား ပါ။ ဟို နို့ညှာအငယ်စုံတွဲကိုတော့ ငါ စိတ်မချနိုင်ပါဘူး"

ဖခင်သည် ညည်းညည်းညူညူ ပြောရင်း အသံတိမ်ဝင်သွား၏။ မောပန်း သွားသလို ရှိ၏။ စိတ်လျှော့ချလိုက်ခြင်းလည်း ဖြစ်နိုင်၏။ ဖခင် စိတ်မချသည့် အတိုင်းပင်၊ ထိုညီငယ်စုံတွဲတို့ နောင်သောအခါ စိတ်မချချင်စရာများ ဖြစ်ပေါ် လာတော့၏။ သက်ကြီးစကားများ မှန်လွန်းတတ်လှ၏။ အထူးသဖြင့် သား သမီးအကြောင်းကို မိဘများ အသိဆုံး ဖြစ်ကြပါ၏။ ဖခင်ပြောစဉ်က သိပ် အတွေးမပေါက်ခဲ့၊ မိဘမောင်နှမများ လွန်ကုန်ကြတော့မှ ပိုမိုသဘောပေါက် ရတော့၏။ ဩော် ... သည်အရည်ကို ကြိုမြင်လို့ ဖခင် ပြောခဲ့တာကိုး ... ဟု မှတ်ချက်ပြုရပါ၏။

"အဖေ ဘာမှ နောက်ဆံမတင်းပါနဲ့။ အဖေ့စိတ်တိုင်းကျ ကျွန်တော် ဆောင်ရွက်ပေးပါ့မယ်။ စိတ်ချပါနော်။ အမေ သက်သေရှိပါတယ် အဖေ"

ဖခင်သည် နှစ်ခြိုက်စွာ ပြုံး၍၊ ကျွန်တော့်လက်ကို တင်းတင်းဆွဲဆုပ် ပါသည်။ ဤတစ်ကြိမ်လောက် နှစ်နှစ်ကာကာပြုံးသော အပြုံး။ ထို ကျေနပ် နှစ်သိမ့်သော အပြုံးမျိုးကို ရှေးက ကျွန်တော် မမြင်ဖူးခဲ့ပါ။ ပထမဆုံးနှင့် နောက်ဆုံး ဖြစ်မည်ဟုလည်း ထိုစဉ်ခါတုန်းက မထင်မှတ်မိခဲ့ပါပေ။ အနားယူ ချင်ပြီဆို၍ အသာအယာ လဲလျောင်းပေးကာ စောင်ပါးကို လွှားခြုံပေးလိုက်၏။ မျက်စိအစုံ မှေးမှိတ်ပြီး၊ အနားက ခွါကြဖို့ လက်အမူအရာဖြင့် ပြ၏။ မိခင် ကြီးကတော့ မျက်ရည်များကို ခြင်ထောင်အကွယ်မှာ သုတ်နေရှာ၏။ ကျွန်တော့် ရင်သည် လေးနစ်သွားကာ လည်လာသော မျက်ရည်များကို မကျမိအောင်၊ အမြန်ဆုံး မျက်တောင်ခတ်ပြီး ထိန်းသိမ်းလိုက်ရပါတော့သည်။

ယခုလည်း၊ ဖခင်၏ အရိုးများ ပြာချနေရင်း စီးကျလာသည့် မျက်ရည် များကို ညာလက်ဖမိုးဖြင့် သုတ်နေရပါပြီ။

**မွေသံဝေဂ**

၁၈–နှစ်ဆိုသော နှစ်များအတွင်း၊ လုံခြုံသော လိုဏ်အတွင်း ကိန်းအောင်း ခဲ့ရသည် ဆိုသော်လည်း၊ အရိုးသေးများသည် အထိုက်အလျောက်တော့ ဆွေးချင်ချင်မို့ မီးကျွမ်းလွယ် ပြာဖြစ်လွယ်ကြ၏။ အရိုးကြီးများကိုမူ စိတ်ရှည်

လက်ရှည် မီးရှို့မြှိုက်ရ၏။ တင်ပါးဆုံရိုးနှင့် ဦးခေါင်းခွံရိုးတို့ အကြာမြင့်ဆုံး အချိန်ယူ၏။ အားလုံး ပြာချရန် မလိုပါ။ ဆီနှစ်ပိဿာခွဲဝင် စဉ့်အိုးငယ်အတွင်း ဝင်ဆံ့ရန် အရိုးကျန်သရွေ့ ကျန်ကလည်း ဖြစ်ပါ၏။ အရိုးပြာတို့ အိုးထက်ဝက် ကျော်ရုံလေး ချောင်ချောင်ချိချိလေး ဖြစ်လျှင်တော့မူ အကောင်းဆုံးပါ။ မြန်မြန် အေးအောင်လည်း ယပ်ခတ်ပေးရပြန်ပါသည်။

ဆေးရုံတက်ဖို့ စီစဉ်တုန်းက ရက်ပိုင်းမျှသာပါဟု ချော့မော့ထားခဲ့ရ၏။ တကယ်တမ်းမှာ တဖြည်းဖြည်း ရက်တွေ ကြာမြင့်လာပြီး ငြီးငွေ့ပင်ပန်းရှာပြီ၊ ရောဂါသည် လျော့မလာ၊ တန့်မနေ၊ တိုး၍သာ လာနေပါတော့သည်။ အစာအိမ်မှာ ကင်ဆာအနာ ရှိနေပြီ။ ခွဲစိတ်ဖို့ အားမွေးစီစဉ်နေဆဲမှာပင် ခြေလက် မျက်နှာ ရောင်အန်းလာ၏။ အသားဓာတ် ချို့တဲ့၍ ဖောရောင်ခြင်း ပါတဲ့။ မိုရာမင်းသွင်းဆေး ပေးသင့်မပေးသင့် ချင့်ချိန်ရပြန်၏။ ဂျပန်ဖြစ် မိုရာမင်းဆေးတွင် အရေးကြီးဆုံး အသားဓာတ် အမိုင်နိုအက်စစ်ရှစ်မျိုး ပါဝင်၏။ လတ်တလော အဖောအရောင် သက်သာစေမည် မှန်သော်လည်း၊ ကင်ဆာရောဂါ ပွါးများနှုန်းကို မြန်မြန်ကြီး မြင့်တက်စေအောင် အားပေးရာ ကျပါလိမ့်မည်။ မပေးလည်း အခက်၊ ပေးပြန်လျှင်လည်း အခက်ပါလား။

ဆေးကျောင်းသား ညီအငယ်ဆုံးနှင့် တာဝန်ကျ လက်ထောက်ဆရာဝန် တို့ ဆွေးနွေးပြီး ပေးကြမည်ဟု ဆုံးဖြတ်ကြ၏။ ၅၀၀–စီစီ ပုလင်းကြီးသည် မိုရာမင်း ထုတ်လုပ်ထုပ်ပိုးရာ၌ အများဆုံး အကြီးဆုံး ဖြစ်၏။ ယင်းပုလင်း ကြီးကို ချိတ်ပေး၏။ ယူပစ်လိုက်သလိုပင် အဖောအရောင်တို့ ချက်ချင်းကြီး ကျသွား၏။ မိခင်သည် အတော်ကြီး အားရဝမ်းသာရှာ၏။ ဖခင်ကတော့ ကာယကံရှင်မို့ ပို၍ပင် အားတက်နေ၏။ လန်းဆန်းကြည်လင်နေ၏။ ဤကား သက်သာတိုးတက်သယောင် ဆေး၏ လှည့်စားချက် ဖြစ်ကြောင်းကို ကျွန်တော် တို့ကတော့ သိနှင့်ပြီးသားပါ။ ဟန်ဆောင်ပန်ဆောင်၊ ပြင်ပန်းလက္ခဏာပြခြင်း မျှသာပါ။ ယာယီစိတ်ချမ်းသာမှု ပေးသဖြင့် သွင်းရတာ တန်သည် ဆိုရပါမည်။

မိုရာမင်းသွင်းဆေးကြောင့်၊ အစာအိမ်တွင်းရှိ ကင်ဆာအနာတို့သည် ကား၊ လျင်လျင်မြန်မြန်ကြီး ပွါးများကြီးထွားနေပေလိမ့်မည်။ မံသစက္ခုဖြင့် မမြင်နိုင်ပါ။ ပညာစက္ခုဖြင့်တော့ မှန်းဆသိနိုင်ပါ၏။ သေရာပိုင်ပိုင်သို့ တွန်းပို့ မည့် ရောဂါဝေဒနာဆိုး ရရှိထားမှတော့၊ သိကြားမင်း နားကင်းကြီးနှင့် ဆင်းကာယ်လည်း မရနိုင်တော့ပြီ၊ ကံပြတ်သည့် တစ်နေ့တစ်ချိန်မှာ၊ စုတိစိတ် ကျရတော့မည် အမှန်ဖြစ်၏။ ကံစီမံသည့်အတိုင်းသာ လောကဇာတ်ခုံပေါ်ဝယ်

ကပြအသုံးခံနေကြရ၏။ ငါ့အလိုသို့မလိုက်၊ ပါ့အကြိုက်ကို မဆောင်၊ သူ့သဘော သူဆောင်နေချေတကားဟု ဓမ္မသံဝေဂ ရမိပါသည်။

**မြေးများသံယောဇဉ်**

အစာအိမ်ကင်ဆာနာသည် မိုရာမင်းဆေး၏ အသားဓာတ်တို့ကြောင့်၊ တိတ်တိတ်လေး တိုးပွါးကြီးထွား ပျံ့နှံ့နေလောက်ပြီ၊ ကျွန်တော်တို့ မမြင်ကြရပါ။ အလွန်လှည့်ဖျား လှည့်စားလွန်းလှသည်။ နေ့ကို ညစား၍၊ ခုနစ်ရက်တစ်ပတ်ကား ကုန်လွယ်လွန်း၏။ တစ်လကုန်၍ နောက်တစ်လသို့ ကူးပါပြီ၊ ထပ်ပြီး နှစ်ပတ်လွန်ပြန်သောအခါ၊ အရိုးပေါ် အရေတင် ဖြစ်ပြီ၊ ခြောက်ပတ်ကျော် ဆိုသည်မှာ ၄၅–ရက်၊ ဆေးရုံပေါ်မှာ ကြာခဲ့ပြီ၊ ခွဲစိတ်ရက် သေချာပြီ၊ ဖခင်သည် တုတ်ကောက် မှာ၏။ ခွဲခန်းမဝင်မီမှာ ရှေ့တစ်ရက် လမ်းစမ်းလျှောက်ကြည့်၏။ လမ်း လုံးဝ မလျှောက်ဖြစ်ခဲ့သည်ကား ဆေးရုံတက်ပြီးစကတည်းကဆိုတော့၊ လမ်းမှ လျှောက်တတ်သေးရဲ့လား စိတ်ပူပင်ဟန် ရှိ၏။ ကျွန်တော့်စိတ်ထဲ ထူးဆန်းသည်ဟု မတွေးမိပါ။ စိတ်ဓာတ်ရော လူပါ တိုးတက်လာသည်ဟု အကောင်းမြင် အကောင်းတွေးနှင့် ဝမ်းသာပိုမိခဲ့ရိုး အမှန်ပါ။ တကယ်တော့ ရှေးလူကြီးများ အယူတစ်ချက် ရှိ၏။ မသေခင် လမ်းကြည့်ခြင်းပါတဲ့၊ ဖခင်လွန်ပြီးမှ ပြောပြကြတာပါ။

ထိုနေ့ညနေပိုင်းမှာ မြေးများကို တွေ့လိုသည် မှာသဖြင့်၊ ဆေးရုံသို့ ခေါ်ပြပေး ဆုံခွင့်ပေးရ၏။ ပြုံးပြုံးလေးနှင့် စကားစမြည် ပြော၏။ လေသံမျှသာ တိုးညင်းလွန်းစွာမို့ မနည်းကြီး နားစိုက်ထောင်ရ၏။ အမှန်တော့ နောက်ဆုံးခေါ်တွေ့ခြင်း ဖြစ်ပါ၏။ ဤသို့ဖြစ်စဉ်လေးကို ကျွန်တော့်ကဗျာ ဒုတိယပိုဒ်၌ ထည့်သွင်း စပ်ဆိုဖြစ်ခဲ့ပါသည်။

▲ မထားရက်ရက်၊ ထားရက်ရက်နှင့်
သက်ထက်ကြင်ပွါး၊ မယားဇနီး၊ သမီးနှင့်သား၊ မြေးများကိုလည်း
မခွဲချင်ချင်၊ ခွဲချင်ချင်သာ၊ ဗျာပါနှောင့်နှေး၊ မှာလိုသေးတောင်
ချွေးပြာယောင်ယမ်း ဟိုသည်စမ်းလျက်၊ ရှေ့လှမ်းနောက်တွေး၊ အရေးမပါ
အရာမရောက်၊ လေသံပျောက်ခဲ့၊ ဆောက်တည်တရား ကျင့်ကြံထား၍
အမှားမတွယ်၊ မကွယ်သေးခင်၊ ဆင်ခြင်ဓမ္မ၊ တည်ငြိမ်လှ၏
နှုတ်မြွမဆို၊ စိတ်မညိုသား၊ ဝဋ်များတိုဖို့ ရည်ရွယ်ပြီ ။ ။

<u>အရိုးပြာအိုး</u>

ဖခင် ခွဲစိတ်ရမည့်ရက် နီးလာသောအခါ၊ ကျွန်တော်တို့ မဆုံးဖြတ်ကြပါ။ အကျိုးအကြောင်း ရှင်းလင်းပြောပြပြီး၊ ဖခင်ကိုယ်တိုင် ဆုံးဖြတ်စေခဲ့၏။ မခွဲစိတ်ချင်လည်း အိမ်ပြန်ခွင့် တောင်းပေးပါမည်ဟု ကြိုတင် အသိပေးထား၏။ ဖခင် စိတ်ချမ်းသာဖို့သာ အဓိကထားပါသည်။

"အဖေသဘောအတိုင်း ဖြစ်စေရပါမယ်။ အဖေ မခွဲစိတ်ချင်ဘူးဆိုရင်၊ အိမ်ပြန်ပြီး နေပေါ့။ တိုင်းရင်းဆေးလည်း အစွမ်းထက်ပါတယ်။ ဗမာဆေး၊ တရုတ်ဆေးတွေနဲ့ တစ်လှည့်ကုကြည့်လို့လည်း ရပါတယ်၊ အဖေ စိတ်ချမ်းသာသလို ဆုံးဖြတ်ပါဗျာ။ အဖေ စိတ်မပါဘဲ အတင်းအကျပ် မလုပ်စေပါဘူး။ ဖြည်းဖြည်းအေးအေး အချိန်ယူ ဆုံးဖြတ်ပါနော်" ဤသို့ ရှင်းပြသဖြင့်၊ နှစ်ရက်နှင့်တစ်ည အဖေ အချိန်ယူ ဆုံးဖြတ်ပါ၏။

"ဒီပုံအတိုင်းကြီး နှာခေါင်းမှာ ပိုက်တန်းလန်း၊ လက်မှာ ပိုက်တန်းလန်း၊ ဆီးပိုက်တန်းလန်းတွေနဲ့ ရေရှည်ဆက်နေသွားလို့ မဖြစ်နိုင်ပါဘူး သားကြီးရာ။ ဒီတော့ အဖေ ခွဲစိတ်ခံဖို့ ဆုံးဖြတ်ပါတယ်။ အောင်မြင်ရင်လည်း နေရဖို့ ကုသိုလ်ကံ ရှိသေးလို့ပေါ့။ မအောင်မြင်ရင်လည်း စောစောနားရ အိပ်စက်ရတာပေါ့ကွာ"တဲ့။ အဖေ့စကားက ဓမ္မဓိဋ္ဌာန်ကျပြီး၊ သတ္တိရှိရှိ ရင်ဆိုင်ပါတော့မည့် သဘော ဖြစ်၏။ ဘ၀နောက်ဆုံး အပိုင်းကဏ္ဍအတွက် ပြတ်ပြတ်သားသား ဆုံးဖြတ်ချက်ကြီးလည်း ဖြစ်ပါတော့သည်။

ကျွန်တော်သည် ဖခင်အရိုး ပြာချပြီးနောက်၊ အေးအောင် ယပ်ခတ်ပေးရင်း၊ အတွေးပင်လယ်ကြောမှာ မျောပါနေခဲ့၏။ မြေးများကို ခေါ်တွေ့ခြင်းသည် "သားအချစ် မြေးအနှစ်" ဆိုစကားအတိုင်း၊ သံယောဇဉ်ချည်နှောင်တည်းခြင်း သင်္ကေတ မဟုတ်ပါလား။ မထားရက် ထားရက်၊ မခွဲချင် ခွဲချင် လွန်ဆွဲနေဟန်ကို ကဗျာထဲ ထည့်စပ်ခဲ့ဖူးရာ၊ ကာရန်သံစဉ်တို့ နှလုံးအိမ်ဝယ် ဆွတ်ပျံ့ဖွယ် တဝဲလည်လည် ပေါ်လာကြ၏။ တီးတိုးလေး ပြန်ရွတ်ဆိုကြည့်နေ၏။ ကဗျာဆုံးလျှင် အရိုးပြာများလည်း အေးလောက်ပါပြီ။ အရိုးပြာများ၊ အရိုးအကြွင်းအကျန်များတို့ကို စဉ့်အိုးငယ်လေးထဲမှာ စီပြီး ထည့်လိုက်၏။ ရည်မှန်းသည့်အတိုင်း အိုးထက်ဝက်ကျော်ရုံမျှလေးပါ။

စလောင်းဖုံးကို ဖုံးအုပ်၏။ နူတ်ခမ်းသားများကို ဘိလပ်မြေနှင့် ရေ
ပျစ်ပျစ်ခဲအောင် ရောစပ်နိုင်နယ်ကာ၊ ပိပိရိရိ စိနေအောင်၊ ပိတ်စည်း
လိုက်ပါတော့၏။ အိုးချင်းမမှားစေရန် အမှတ်အသား ပြုရ၏။ ဖခင်အမည်
''ဦးကြီးစိန်'' ဟူ၍။

**မွေးမိခင်**

ကျွန်တော့်မွေးမိခင်သည် ဖခင်ထက် အသက် ၁၃–နှစ်ကျော် ငယ်ပါ၏။
ဖခင်သည် အသက် ၇၇–နှစ်တွင်း ၄–လအဝင်မှာ လွန်ခဲ့၍၊ မိခင် မုဆိုးမ
ဖြစ်ရှိန်၌ အသက် ၆၃–နှစ် ပြည့်လုပြည့်ချင်၊ ရက်ပိုင်းမျှသာ လိုပါတော့သည်။
တော်သလင်းလပြည့် ညဥ့်ဦးပိုင်းမှာ ဖခင် စုတိပြတ်စဲ၍၊ မိခင်ခမျာမှာ
နောက် ၁၆–ရက်အကြာ၊ သီတင်းကျွတ်လဆန်း ၂–ရက်နေ့တွင် မွေးနေ့
ကျရောက်ပါတော့မည်။ မိခင် ကွယ်လွန်ချိန်၌ အသက် ၇၄–နှစ်တွင်းသို့
၅–လကျော် ဝင်ခဲ့ပြီ။ ၁၃၅၅–ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂–ရက်၊
ကြာသပတေးနေ့ (၇/၄/၉၄) ညဥ့်ဦးပိုင်းမှာ ကွယ်လွန်ခဲ့ပါသည်။ ၉/၄/၉၄–
နေ့မှာ ဂူသွင်းကာ၊ ၁၁/၄/၉၄–နေ့မှာ ဆွမ်းပြင် (သပိတ်သွတ် တရားနာ)
ပါ၏။ ၇–ရက်လည်၍တော့ မဟုတ်ပါ။ ၅–ရက်ဖြင့် ကိစ္စပြီးပြတ်စေရ၏။
အကြောင်းမှာ ၁၂/၄/၉၄–သည် သင်္ကြန်အကြိုနေ့ ဖြစ်ပြီ၊ ရပ်ဝေးမှ လာကြ
ရသော ဆွေမျိုးများ နေရပ်ပြန်ဖို့ အဆင်ပြေရေး စီစဥ်ရ၍ ဖြစ်ပါ၏။

လွန်ခဲ့သော ၁၀ – နှစ်ခွဲခန့်မှာ ဖခင်ကိစ္စတုန်းကလည်း ကွယ်လွန်၍
သုံးရက်မြောက်နေ့၊ တော်သလင်းလပြည့်ကျော် ၂ – ရက်မှာ ဂူသွင်း။
လပြည့်ကျော် ၃ – ရက်နေ့မှာ ဝယ်ခြမ်းချက်ပြုတ် (ရှမ်းပြည်နယ် အသုံး
ဝေါဟာရကတော့ ဆွမ်းရင်း)၊ လပြည့်ကျော် ၄ – ရက်နေ့ သပိတ်သွတ်
တရားနာ၊ အစနှင့်အဆုံးထိ ၅–ရက်သာ၊ ၇–ရက်တစ်ပတ် ရက်မလည်နိုင်ပါ။
ရှေးကလို ရက်လည်ပြီးမှ ပြန်ရသော ဓလေ့ မရှိပြီ။ ရင်းနှီးသူတို့ တစ်လ
ကိုးသီတင်း အဖော်အလျော်ပြုပေးခြင်းလည်း ယခုခေတ်မှာ မရှိတော့ပြီ။
ခေတ်ကျပ်ကြီးထဲမှာ အချိန်ပို အချိန်အား မရှိကြ။ အားလုံး ရှန်းကန်လှုပ်ရှား
ရှာဖွေနေကြရ၍ ကိစ္စမြန်မြန်ပြီးအောင် သုတ်တက်ရိုက် ဆောင်ရွက်ကြရ၏။

ဆွေမျိုးတွေက မိခင်အား ''သေတတ်လိုက်တာ'' ဟု ချီးကျူးကြ၏။
ကျန်ရစ်သူတို့ အဆင်ပြေပြေ ဆောင်ရွက်နိုင်ရန်၊ ရက်ရွေး သေပေးသလို

ဖြစ်နေသောကြောင့်ပါတဲ့။ တစ်ရက်မျှ နောက်ကျပြီး ကွယ်လွန်လျှင်ပင်၊ သကြိန်ရက်အခါတွင်း ဝင်ရောက်သွားပြီမို့ ကသီလင်တ ဖြစ်ကြရပါဦးမည်။ ရပ်ဝေးဆွေမျိုးများ နေရင်းရပ်ရွာပြန်ဖို့ အခက်အခဲ ရှိပါတော့မည်။ ဤကား သေသည့်ရက် အဆင်ပြေပုံနှင့် ပတ်သက်၍ အများက ချီးကျူးပြောစကား ဖြစ်၏။ တိုက်ဆိုင်မှု ဖြစ်နိုင်ပါသည်။ ကာယကံရှင်၏ စိတ်ကောင်းစေတနာ ကောင်းလည်း ဖြစ်နိုင်ပါ၏။ ကျန်ရစ်သူ စိတ်လက်မများ အလုပ်မရှုပ်အောင် စိတ်ပြဋ္ဌာန်းပေးခြင်းလည်း ဖြစ်မည်ဟု ယူဆနိုင်သောကြောင့်ပါ။

တကယ်တမ်းမှာမူ ကံဖြတ်၍ သေလွန်ခြင်း အမှန်ဖြစ်ကြောင်း တရားကြောင်းအရ လက်ခံရပါမည်။ မိခင်စိုးရိမ်သည့်လည်း အမှန်ပင် ဖြစ်၏။ သူ့ကျန်းမာရေးအခြေအနေကို သူကိုယ်တိုင် တွက်ဆကြည့်ပြီး သကြိန်ရက် အတွင်း ကိစ္စပေါ်မည် စိုးရိမ်ရှာပါ၏။ ဝယ်ရခြမ်းရ လုပ်ရကိုင်ရ အလွန် ခက်ကုန်တော့မည်ဟု တွေးပြီး ရှေ့ပွဲနောက်ပွဲအတွက် ကန်တော့ပွဲများမှ အစပြု၍ အသုဘအလောင်းစံရန် အဝတ်အထည်၊ ရိပ်ဟုခေါ်သော ဗိတာန် အတွက် ဇာတို့ ပိတ်ဖြူစတို့ သင်ဖြူးဖျာတို့အလယ်၊ ပင့်သံဃာတော်များ အတွက် သင်္ကန်းဒွိစုံ၊ ချက်ရေးပြုတ်ရေးအားလုံးအဆုံး၊ ကြိုတင်ဝယ်ခြမ်း ထားစေ၏။ မှာစရာရှိသည်တို့ကိုလည်း အပြည့်အစုံ အသေးစိတ် မှာကြား စီစဉ်ထားခဲ့၏။ မိခင်ကိုယ်တိုင်က စိတ်ချပြီဆိုသောအခါကျမှ၊ တရားခွေ နာကြားရင်း၊ ဝေဒနာကို ရှုမှတ်ရင်း၊ ဖြတ်ကျော်ရမည့် တစ်ချိန်ကို တည်ငြိမ်စွာ စောင့်စားနေပါတော့သည်။

## တရားပြပုံ

မိခင်သည် တကယ်လည်း အသေတတ်ခဲ့ပါသည်။ တရားနှလုံးသွင်း မလွတ်ခဲ့သောကြောင့် လောကဓံဒဏ်ကို ခံနိုင်ရည် ရှိခဲ့၏။ သတ္တိရှိရှိ လွန်မြောက်ခဲ့သည်ချည်း ဖြစ်၏။ သေရာညောင်စောင်း၊ ပက်လက်လျောင်းစဉ် မှာပင် သံယောဇဉ် ဖြတ်စရာ ရှိသည်ကို အချိန်တန်သောအခါ တကယ် ဖြတ်တောက်ခဲ့၏။ မှာစရာ စီစဉ်စရာရှိသည်များကို မှာကြားစီစဉ်ပြီးသည့် နောက်၊ သံသရာခရီးအတွက် စိတ်ကို ဒုံးဒုံးချလိုက်နိုင်ပါပြီ။ အမှတ်တရား ဖြင့် ဖြတ်ကျော်ဖို့ ရှုမှတ်နေ၍လည်း ဝေဒနာပြင်းထန်သည်ကို သည်းခံနိုင်စွမ်း ရှိခဲ့၏။ တစ်ချက် မညည်းညူခဲ့ပေ။

ကျွန်တော်တို့မှာသာ မချိတင်ကဲ၊ မျက်ရည်လည်ရွဲဖြင့် လိုအပ်ရာရာတို့ကို ပြင်ဆင်ပြုစုပေးနေရ၏။ မိခင်ကို မစွန့်လွှတ်နိုင်သော စိတ်က နှောင်ကြိုး တည်းနေခြင်းကြောင့် ဖြစ်ပါသည်။ ဤသည်ကို ရိပ်စားမိသော မိခင်သည် ကျွန်တော် ခံနိုင်ရည်ရှိအောင် အေးအေးဆေးဆေး တရားဟောပြခဲ့ပါသေး၏။ ဖြစ်ပုံမှာ ဧပြီလဆန်းတွင် ဖြစ်ပါ၏။ မိခင်သည် သူ့ကိုယ်သူ သိပ်မဟာန်ကြောင်း သိသည်နှင့်၊ သေခြင်းကို ရင်ဆိုင်ဖို့အရေး ကြိုတင်စီမံ မှာကြားပါတော့၏။ သေမည့်သူက အမှာစကားကို ဣန္ဒြေရရ တည်ငြိမ်အေးဆေးစွာ ပြောနိုင် နေလျက်၊ နားထောင်ရသူ ကျွန်တော့်အဖို့မှာတော့ ရင်ထဲ ဆို့နစ်လေးပင် နေပြီး၊ မျက်ရည်အသွယ်သွယ် ကျဆင်းရလေပြီ၊ ထိုအခါ၊ ကျွန်တော် ဖြေသာ ပြီး မျက်ရည်သိမ်းနိုင်ရန် ဤသို့ ဆိုဆုံးမတရားပြသည်ကို လေ့လာကြည့်ပါဦး။

''သားကြီး၊ ဘာဖြစ်လို့ ဝမ်းနည်းပမ်းနည်း မျက်ရည်ကျသလဲ။ မင်း တရားလိုက်စားထားတာပဲ၊ တရားစာတွေ ရေးပြီး စာအုပ်ရိုက်လှူနေတာပဲ ကွယ်။ လူဆိုတာက သေမျိုးပဲ၊ မသေတဲ့သူ မရှိပါဘူး၊ လောကကြီးထဲမှာ မသေတဲ့သူ တစ်ဦးတစ်ယောက်ရှိရင် အမေ့ကို ဆွဲပြစမ်းပါ။ မရှိဘူး မဟုတ် လား၊ ဘာမှ ဝမ်းမနည်းနဲ့၊ မင်းတို့မိသားစု နေထိုင်ဖို့ တိုက်နဲ့ဝင်းနဲ့ ထားခဲ့ပြီ၊ မင်းကိုယ်တိုင် ဆရာဝန်ပဲ၊ ဘာ အားငယ်စရာ ရှိသလဲ။ အမေ ဒီရောဂါ ဝေဒနာဆိုး ခံနေရတာ ကြာပြီ၊ ပင်ပန်းလှပြီ၊ အမေ အနားယူချင်နေပြီ၊ ပြန်မနိုးတဲ့ အိပ်စက်ခြင်းမျိုး အိပ်ချင်ပြီ၊ အမေ့အတွက် မပူနဲ့၊ လှူခဲ့တာ အများကြီး၊ အရင်လထဲမှာတောင် အောင်မြေသာစည်အုတ်ရေကန်အတွက် ငွေတစ်သိန်း ရေစက်ချ လှူထားတာ ပူပူနွေးနွေးကြီး ရှိသေးတာ၊ ဥပုသ်စောင့် တရားစခန်းဝင် အမေ့မှာ အားကိုးရှိပါတယ်၊ တရားရှိတယ်၊ သားကြီးတို့ အတွက်လည်း အမေ မပူပါဘူးကွယ်''

မိခင်ကိုယ်တိုင် ကြီးကြပ် အပင်ပန်းခံ ဆောက်ထားပေးခဲ့သော တိုက်ကြီး ကို ကျွန်တော် မမက်ပါ။ ဖခင် ရောဂါသည်းနေချိန်၊ ဝေဒနာသက်သာပြီး ပြန်ရှင်နိုင်မည် ဆိုပါက၊ ကျွန်တော် တိုက်ကြီးပေါ်က ဆင်းချပေးနိုင်သည် အထိ ပစ္စည်းဥစ္စာကို တွယ်မက်ခဲ့သူ မဟုတ်ပါ။ မွေးမေမိခင်အတွက်ဆို ကျွန်တော် အားလုံးကို စွန့်လွှတ်နိုင်ပါသည်။ သို့သော် သေမင်းကို ဘာနှင့်မှ လာဘ်ထိုး၍ မရစကောင်းဘူး မဟုတ်ပါလား။ ကျွန်တော့်အနေနှင့် ၃၈–ည

တိတိ အနီးကပ်အိပ်ပြီး ပြုစုခွင့်ရလိုက်သည်ဖြစ်ရာ မိခင်နှင့်သား ၃၈–နှစ်စာမက ပိုမိုရင်းနှီး နားလည်မှု ရလိုက်၏။ ထို့ပြင် မိခင် တရားသိ၊ တရားရှိ၊ တရားနှလုံးသွင်းကောင်းလှပုံတို့ကို မြင်တွေ့ကြားသိရသဖြင့် မိခင်အား ပို၍ အားရကျေနပ်ပါ၏။ ပို၍ ကြည်ညိုချစ်ခင်၏။ ပို၍လည်း ဝမ်းသာမိရိုး အမှန်ပါ။

<u>နှစ်ခန်းတွဲအုတ်ဂူကြီး</u>

မိဘနှစ်ပါးတို့သည် ကျွန်တော် နောက်ဆုံးနှစ် (၁၉၇၁–၇၂ စာသင်နှစ်)သို့ အရောက်မှာ၊ သားကြီး အောင်လာလျှင်၊ မင်္ဂလာဆောင်ပေးဖို့ အိမ်ကောင်းလိုသည်ဟု တိုင်ပင်ကြပြီး ၄၅–ပေပတ်လည် နှစ်ထပ်တိုက်ကြီး စတင်တည်ဆောက်ပါသည်။ ပန္နက်ရိုက် အုတ်မြစ်ချသည့် အကွက်အကွင်းကို ကြည့်ပြီး အိမ်နီးချင်းတို့က ''ဒီတိုက်ကြီး အပြီးသတ်နိုင်မှာ မဟုတ်ဘူး''ဟူ၍ တီးတိုးပြောဆို ခန့်မှန်းကြပါသတဲ့။ မြင်းခေါင်းတံဆိပ်ဘိလပ်မြေတစ်အိတ် ၃၆/–ဈေးပေါက်သည့် ခေတ်ပါ။ ရွှေဈေးကလည်း ကြည့်ပါဦးလေ။ ၃၆၀/–တဲ့။ အခေါက်ရွှေတစ်ကျပ်သား ထုတ်ရောင်းတာတောင် ဘိလပ်မြေအိတ် ၁၀–အိတ်တင်းတင်း မရချင်ပါ။ ရွှေဈေးဆိုတာ မိမိဝယ်ရင်သာ ပေါက်ဈေးအပြည့်ပေးရ၏။ မိမိက ပြန်ရောင်းတော့ ၁၀/– သို့မဟုတ် ၁၅/– လျှော့ပြီး ပြန်ယူ၏။ ထွက်စား။ ဝင်စား။

သားဖောကပ်ပြီး တိုက်ကြီးဆောက်ရာတွင်၊ ဦးနှောက်ကိုသုံး၊ ပါးစပ်ဖြင့် ညွှန်ကြားရုံမျှ မဟုတ်ပါ။ မိခင်ကိုယ်တိုင် ဟိုစပ်စပ် သည်စပ်စပ် ပါဝင်လုပ်ကိုင်၏။ မေတ္တာအန္တနှု စေတနာဗလပွန့်မို့ တစ်နှစ်အတွင်းတော့ အပြီးသတ်ပါ၏။ မိခင်ခမျာ စိတ်ပင်ပန်း လူပင်ပန်း ဖြစ်ရှာပေလိမ့်မည်။ သားသမီးလေးဦး ကျန်ရှိနေသေး၍၊ လေးအိမ်ထောင် နေနိုင်အောင် စီမံခဲ့ခြင်းပါ။ ကျွန်တော် မင်္ဂလာဆောင်တော့ မနက် မင်္ဂလာဆွမ်းကပ်၊ နေ့ခင်း ညှော်ခံပွဲ၊ ညစာစားပွဲတို့၌လည်း မိခင် ပျာသီပျာသီနှင့် မောရှာပါ၏။ ကျွန်တော်အလုပ်ဝင်ချိန်၌ သားကိုဦးကို ချီရပြီ။ ၁၉၇၃–ခုနှစ်မှာ အလုပ်သင်ပြီးပြီ။ ၁၉၇၄–ခုနှစ်မှာ အိမ်ထောင်ကျပါ၏။ ၁၉၇၅–ခုနှစ် မတ်လဆန်းမှာ သားဦးမွေးဖွါးချိန်အထိ၊ အလုပ်ခန့်စာ မကျသေးသောကြောင့် မိဘများက တင်ကျွေးထားကြ၏။

၁၉၇၅–ခုနှစ် မေလကုန်လောက်မှာ အလုပ်ခန့်စာ ရ၏။ ကလောမြို့ ပြည်သူ့ဆေးရုံတဲ့။ သူငယ်ချင်းများက ''ငါတို့တွေ အလုပ်ကို ၂–နှစ်နီးပါး

ထိုင်စောင့်ကြရင်း အရည်မရ အဖတ်မရ ကိုအောင်ကျော် တစ်ယောက်တော့ မယားနဲ့ သားတစ်ယောက် အဖတ်တင်တယ်'' ဟူ၍ ရယ်မောစရာအဖြစ် ကျီစယ်ကြ၏။ အလုပ်ဝင်ပြီး ၂–လအကြာ၊ ဩဂုတ်လထဲမှာ၊ ပြည်သူ့ဝန်ထမ်း လေ့ကျင့်ရေးကျောင်း ဖောင်ကြီးသင်တန်း တက်ရ၏။ ဖေယျအပတ်စဉ် ၂၃– ဖြစ်ပြီး၊ ကျွန်တော့်ကျောင်းသားနံပါတ်မှာ ကသ ၁၈၀–ပါ။ ဒီဇင်ဘာလကုန် ခါနီးတွင် သင်တန်းဆင်းပါပြီ။ ၁၉ရ၆–ခုနှစ်၊ ဇန်နဝါရီလ ၅–ရက်မှာ၊ အလုပ် ပြန်ဝင်၏။ ယင်းနှစ် နွေဦးကာလမှာ မိဘနှစ်ပါးအတွက် နှစ်ခန်းတွဲ အုတ်ဂူကြီး တည်ရန် အကြောင်းဖန်လာပါသည်။

**<u>နေရာဦးဖို့</u>**

ကျွန်တော်သည် ကလောမြို့သို့ တစ်ဦးတည်း သွားခဲ့၏။ မြေးဦးကို မခွဲနိုင်သော အဘိုးအဘွားတို့က မထည့်လိုက်၍ ကျွန်တော့်ဇနီးနှင့် သားကြီး တို့ တိုက်ကြီးပေါ်မှာ ကျန်ရစ်ခဲ့၏။ စနေ တနင်္ဂနွေ တောင်ကြီး ပြန်တက်၏။ တစ်နေ့၌ မိခင်သည် စကားအဆန်း ဆိုလာ၏။ တိုင်ပင်ခြင်း၊ အသိပေးခြင်း မျှသာပါ။ သို့သော် သားကြီးဖြစ်သူ ကျွန်တော့်မှာ တာဝန်ရှိလာ၍ သားကြီး ဝတ္တရားအတိုင်း ယင်းတာဝန်ကို ယူလိုက်၏။

''သားကြီး၊ မင်းအဖေ အသက်ရလာပြီ။ အမေကတော့ သင်္ချိုင်းဂူကို ကြိုတင်ပြီး လုပ်ထားလိုက်ချင်တယ်''။ ကျွန်တော် ကြိုမစဉ်းစားမိသော ကိစ္စမို့ နဝေတိမ်တောင်ရယ်ပါ။

''အမေကလည်းဗျာ။ အဖေသိရင် စိတ်မကောင်းဖြစ်နေပါဦးမယ်။ ကြို လုပ်ကောင်းလို့လား အမေရယ်''

''ဘာလို့ မလုပ်ကောင်းရမှာလဲ။ မင်းအဘွားအတွက် မင်းအဖေက အဘွားမသေခင် အုတ်ဂူ ကြိုပြီးလုပ်ပေးထားတာကော။ ပန်းရန်ဆရာညှာ လက်ရာပေါ့။ ရွှေတစ်ကျပ်သား ၁၈၀/–ခေတ်တုန်းက အုတ်ဂူအတွက် ၃၅၀/– ကျပါရောလား''

''သြော်–ဟုတ်သားပဲ၊ ကျွန်တော် မေ့သွားလို့ပါ။ ကျွန်တော့်ကို အဖော် ခေါ်လို့၊ မြေနေရာ ရွေးသွားတဲ့ ကိုမောင်အေးနဲ့ ကျွန်တော် သင်္ချိုင်းလိုက် သွားဖူးတာ ပြန်ပြီး သတိရလာပြီ။ အဲဒီတုန်းက ဇရပ်နားမှာ ဘာအုတ်ဂူမှ မရှိသေးဘူး။ ဒန့်ကျွဲပင်တွေ ချုံပုတ်တွေ တောထနေတာ၊''

"ဟုတ်တာပေါ့ သားကြီး။ ဇရပ်ရဲ့ အရှေ့တောင် ခပ်လှမ်းလှမ်းမှာ မင်းအဘွားအုတ်ဂူတစ်လုံးတည်း အကြာကြီးပဲ။ လူတွေက ဂူကြီးလုပ်တာ အံ့ဩလို့ပေါ့"

"အဘွားအုတ်ဂူပတ်လည်မှာ သစ်သားတိုင်တွေ စိုက်ပြီး သံဆူးကြိုး ခတ်ထားတာကိုလည်း အမှတ်ရပါသေးတယ် အမေ"

"မင်းအဘွားရယ်လေ။ အုတ်ဂူတည်ပေးတော့ မငြင်းဆန်ပါဘူး။ ဒါပေမဲ့ သူသေတဲ့အထိ သင်္ချိုင်းကို အသုဘပို့ မြေကျတရားနာ မသွားတော့ဘူးကွယ့်။ အသုဘအိမ်ကိုတော့ သွေးသောက်ထည့် အသုဘရှု သွားပါတယ်"

"ဘာပြုလို့တုံး အမေ"

"ဘာဖြစ်ရမှာတုံး သားကြီးရဲ့။ မင်းအဘွားက သူ့အတွက် အုတ်ဂူကို မြင်တွေ့ရပြီး စွဲလမ်းသေမှာ စိုးလို့တဲ့လေ။ အစွဲနဲ့သေရင် လားရာ မကောင်းဘူး ဟုတ်လား"

"ဒါဆို အမေက ဘာလို့ ကြိုပြီး ဂူတည်ချင်ရတာတုံး အမေ"

"သေခြင်းဆိုတာ အချိန်မရွေး ရာသီမရွေးဘူး မဟုတ်လား။ မိုးတွင်းကြီး မှာ သေခဲ့ရင် လုပ်ရကိုင်ရ ခက်မှာစိုးလို့တဲ့လေ။ ယတြာလို ဖြစ်သွားတယ်နဲ့ တူပါတယ်ကွယ်။ မင်းအဘွား နောက်ထပ် ၁၀–နှစ်ကျော်တောင်မှ အသက် ပိုရှည်ရှည် နေသွားရပါကောလား"

"အမေ ကြိုလုပ်ထားလို့ တော်ပါသေးရဲ့။ အဘွားဆုံးတော့ မိုးတွင်းကြီး နော်။ ဒါနဲ့ အမေ ဂူတည်ချင်တာတော့ ဟုတ်ပါပြီ။ မြေနေရာကော ကြည့်ထား ရွေးထားပြီးပြီလား"

"အဲဒီမြေနေရာလေး ကြိုက်လို့ ဦးထားချင်လို့ အုတ်ဂူ ကြိုတည်ထားချင် တာပါ။ မင်းညီငယ် မောင်သန်းထွန်းအုတ်ဂူရဲ့ မြောက်ဘက် ကပ်လျက်မှာ၊ နှစ်ဂူစာလောက် မြေလွတ် ရှိသေးရဲ့။ တောင်ကုန်းမြင့်လေးပေါ်မှာဆိုတော့ နေရာလည်း ကောင်းလှလို့လေ"

"အမေ့စိတ်ကြိုက် လုပ်လေဗျာ၊ ကျွန်တော် မိဘကျေးဇူး ဆပ်တဲ့အနေနဲ့ ကုန်ကျစရိတ် ကျွန်တော် ခံပါ့မယ်။ အမေ ကြိုပြီး ငွေစိုက်လုပ်နှင့်နော်။ ကျွန်တော် ဖြည်းဖြည်းချင်း ပေးသွင်းသွားပါ့မယ်၊ စိတ်ချချလုပ်၊ ငွေအတွက်ကို စိတ်ချချနေပါ အမေ"

"သာဓု ... သာဓု ... သာဓုကွယ်။ သားကြီး သက်ရှည် ကျန်းမာ တိုးတက်ကြီးပွါးပါစေ၊ တစ်သက်လုံး စိတ်ချမ်းသာပါစေ၊ ဘဝမခြား တရားထူး မြင်တွေ့ ချမ်းမြေ့ပါစေ"

**ရွှေ ၁၆–ကျပ်သား**

သို့နှင့် မိခင်သည် သူ့စိတ်ကြိုက် ဂူကြီး တည်ဆောက်ပါ၏။ မိခင်သည် နေအိမ်တိုက်ကြီး တည်ဆောက်စဉ်က အတွေ့အကြုံတွေ အများကြီး ရပြီး ဖြစ်ရာ၊ အုတ်ဂူကြီး တည်တော့လည်း သင်္ချိုင်းသို့ နေ့စဉ်သွားကာ၊ အသေးစိတ် ကြီးကြပ်ပါ၏။ ဖခင်အတွက်ရော၊ မိခင်အတွက်ပါ နှစ်ခန်းတွဲ၊ လူတစ်ရပ် မက မြင့်သော ကြီးမားခိုင်ခန့် ဂူကြီး ဖြစ်၏။ ဂူကြီးပြီး၍ ပန်းရန်လုပ်သား များ လက်စသိမ်းပြန်ကြပြီ။ ငွေလည်း အပြေရှင်းပေးပြီးပြီ။ မိခင်က မပြီး သေးပါ။ အင်္ဂတေ မကွဲအက်အောင်တဲ့။ ဟိုး – ချောင်းရေကို ဘာလီပုံးနှင့် ခပ်ကာ တောင်ကုန်းပေါ် ဆွဲတင်၏။ နို့ဆီခွက်ဖြင့် စိတ်ရှည်လက်ရှည် ရေ ရွှဲနှစ်နေအောင် လောင်းပေး၏။ တစ်နေ့ တစ်ကြိမ် မဟုတ်ပါ။ မနက်စောစော တစ်ခေါက်၊ ညနေပိုင်း တစ်ခေါက် ဆိုတော့၊ တစ်နေ့ နှစ်ခေါက် ကျ၏။ တစ်ပတ် ဆယ်ရက်ကြာအောင် အပင်ပန်းခံပါသည်။

မည်မျှ ဘိလပ်မြေတွေ သုံးထားသနည်း ဆိုသော်၊ ဟိုး – အထက် တောင်မြင့်ဆီမှ ရောမ ကမ္ဘာလိပ်သည်းကျောက်တုံးကြီးတစ်တုံး အရှိန်ဖြင့် ပြုတ်ကျဝင်ဆောင့်သည်ကို မဖြိုခဲ့သည်အထိပင် ခိုင်ခံ့လွန်းလှ၏။ နွား ကျောင်းသားများ လက်ဆော့ပြီး မကောင်းသူထိပ် ကောင်းသူထိပ် သဘောမျိုး နှင့်၊ ယင်းကျောက်တုံးကြီးကို တွန်းချလိုက်ခြင်းပါ။ အုတ်ဂူတစ်လုံးလုံးဖြင့် ကျောက်တုံးကြီး ဝင်အောင်း၍ ဂူပြိုပျက်လည်း၊ သူတို့ကတော့ဖြင့် ပွဲကြီး ပွဲကောင်းပေါ့လေ။ မိခင်တည်သော အုတ်ဂူကြီးက လိမ့်ဆင်းလာသော ယင်း ကျောက်တုံးကြီးကို ရပ်တန့်စေခဲ့၏။ "ဝုန်း"ဟူသော လိုဏ်ပဲ့တင်သံကြီး မိုးချုန်းသလို ဟိန်းထွက်လာသည်မှ လွဲ၍ အက်ကြောင်းတောင်မှ မထင်စေ ခဲ့ပါ။ ဝန်ပါ အရှိန်ပြင်းတာကိုတောင် လုံးဝမမှု။

သင်္ချိုင်းစောင့်က ဂူတစ်ဂူဂူတော့ဖြင့် ပွင့်ထွက်ကြေမွသွားလောက်ပြီ ထင်ပြီး၊ အပြေးလေး တက်ကြည့်၏။ အင်္ဂတေလွှာ လက်တစ်ဝါးစာမျှသာ ပဲ့ရုံလေး ကွာကျ၏။ ကျောက်တုံးကြီးကတော့ အုတ်ဂူထောင့်မှာ မေးတင်

ရပ်တန့်နေ၏။ တွန်းကြည့်ရာ တုတ်တုတ်မျှပင် မလှုပ်။ နောင်သောအခါ မီးဖုတ်ပြီး တစ်စစီ ဖဲ့ထုတ် ထွင်းထုတ်ယူရပါသည်။ ကျောက်ပွဲ့ငယ် ကျောက်တုံးလေးတွေ တွန်းလှည်းတစ်စီးတိုက် ထွက်၏။ ကျောက်တုံးကြီး၏ အရွယ်အစားကို မှန်းဆကြည့်ကြပါတော့။ အုတ်ဂူကြီးကို ၂–နှစ်ခြားတစ်ကြိမ် ဆေးသုတ်ရ၏။ ဆေးတန်ဖိုးနှင့် ဆေးသုတ်လုပ်သားခပင်လျှင် ထောင်ချီ သောင်းချီ ကုန်ကျ၏။ ငွေကြေးဖောင်းပွမှုနှုန်း အလွန်မြင့်တက်မြန်၍ ဖြစ်၏။ တည်ဆောက်စဉ်က ကျပ်တစ်သောင်း မပြည့်ပါဟု ပြောလျှင် ယုံကြမည် လား မသိပါ။ ဆင်ဖိုးထက် ချွန်းဖိုးက ပိုကြီးကြီးလာသည့် ကိန်းလေ။

မိခင်ကြိုစိုက်ငွေကို ကျွန်တော် တစိမ့်စိမ့် ဖဲ့ဆပ်ရာ၊ ကျပ်ကိုးထောင် ဝန်းကျင်သာ ရှိ၏။ ခေတ်လူငယ်တို့က "တစ်သောင်းမပြည့်တာကိုများကွာ" ဟု ပြက်ရယ်ပြုကြပါလိမ့်မည်။ သူတို့ ခါးပတ်အကောင်းစား၊ ဖိနပ်အကောင်း စားတို့ ဆိုသည်များက တစ်သောင်းကို အများကြီး ကျော်လွန်နေသေးတာကိုး။ ရွှေဈေးက ၇–သိန်းခေတ်ကာလလေ။ ဟိုး ၁၉၇၆–ခုနှစ်တုန်းက ရွှေဈေး ၆၀၀ိ/– မရောက်ရှိသေးပါ။ ငွေ ၅၅၀ိ/–ဝန်းကျင်မို့ ရွှေ ၁၆–ကျပ်သားနှင့် ညီမျှသော ငွေပမာဏ ဖြစ်၏။ ကျွန်တော့်အတွက် တိုက်ကြီးဆောက်တော့၊ ငွေသိန်းကျော် ရွှေသုံးပိဿာကျော်တဲ့။ ကျွန်တော်က မိဘကျေးဇူး ပြန်ဆပ် တော့ တစ်သောင်း မပြည့်ချင်တတ်ပါ။ သို့သော်လည်း မိဘများက ကျေနပ် ဝမ်းမြောက် ဂုဏ်ယူကြ၏။ ကျွန်တော်ကလည်း သမုဒ္ဒရာရေထုမက တုန္နိုင်း မရ အနန္တဂုဏ်အင် ကျေးဇူးရှင်မိဘနှစ်ပါးကို၊ မိုးရေတစ်စက်လေးလောက် ပြန်ဆပ်ခွင့် ရလိုက်၍၊ နည်းနည်း စိတ်ဖြေသိမ့်နိုင်ခဲ့ပါသည်။ ဟော ... ခုတော့ ပြန်ဖြိုဖျက်ရပြန်၏။ သင်္ခါရဓမ္မပါပဲလေ။

**နောက်တစ်ခန်းဖောက်**

ဖခင်အရိုးစုကို ပြာချ၍ အရိုးအိုးကိစ္စ ပြီးသည်နှင့်၊ မိခင်အရိုးကောက်ရန် ပြင်ဆင်ရ၏။ ကပ်လျက် ဂူအခန်းကို ထွင်းဖောက်ခြင်းတွင်၊ ဖခင်ဂူအခန်းကို ဖောက်စဉ်ကကဲ့သို့ပင်၊ တူးရွင်းသံ လေးလေးမှန်မှန် တဒုတ်ဒုတ်မြည်သံနှင့် အလိုက်၊ ကျွန်တော့်နှလုံးခုန်သံကလည်း တဒုတ်ဒုတ် ဖြစ်နေခဲ့ပါပြီ။ စကျင် ကျောက်ပြားချပ် ခွါချပြီးသောအခါ၊ ဝင်ပေါက်နံရံပါးကို၊ စတင်ဖြိုခွင်း ဖောက်ထွင်းရပါပြီ။ မြေနီခဲအုတ်တုံးများ တစ်တုံးချင်းစီ ဖဲ့ထုတ်လိုက်ရာ၊

၅–တုံး ၆–တုံးစာ အပေါက်ငယ်မှတစ်ဆင့် လှမ်းမြင်လိုက်ရသည်ကတော့ အမှောင်ခန်းထဲမှာ အလျားလိုက် ရှည်မျောမျော ငြိမ်သက်နေသော ပေါလစ်ရောင် ကျွန်းခေါင်းကြီးမှိုန်ပျပျ ဖြစ်၏။ ခေါင်းရင်းဘက်မှာ တစ်စုံတစ်ခု ရှိနေသလိုလိုပဲ။ မျက်စိအကျင့်ရလာချိန်၊ အတိတ်ပုံလွှာ ပြန်မြင်လာပြီမို့ "ဩော် – သူငယ်ချင်း ဒေါက်တာစိန်ထွန်းနှင့် ဇနီးဒေါ်ဝေဝေမြင့် တို့၏ မေတ္တာသင်္ကေတ လွမ်းသူ့ပန်းစည်းပါတကား" ဟူ၍ အမှတ်သညာ ပြန်ပေါ်လာပါသည်။ တင်ထားပေးသည့်အတိုင်း နေရာမယွင်းခဲ့ပါ။

ဟုတ်ပါသည်။ ရောင်စုံနှင်းဆီဖူးငုံ မအာတအာ မပွင့်တပွင့် ခေါင်းထောင်ထောင်လေးများကို လှလှပပ ရောခြယ်လျက်၊ ဖဲပြားအနက်လေး စည်းနှောင်ကာ၊ ခေါင်းအဖုံးပေါ်မှာ တင်ပေးခဲ့သည်ပဲလေ။ မိခင်ဆုံးတော့ ၁၉၉၄–ခုနှစ်။ ယခု ဂူဖောက် အရိုးကောက်တော့ ၂၀၀၁–ခုနှစ်၊ ၇–နှစ်တောင် ကြာခဲ့ပြီ။ ၂–လသာသာ လျှော့ရုံလေးပါ။ နှင်းဆီပန်းစည်းလေး ခြောက်သွေ့နေ၏။ မပုပ်မသိုး မှိုမတက်သည့်ပြင်၊ နှင်းဆီနံ့သင်းသင်းလေး မွှေးပျံ့လာသယောင်ယောင် ထင်မှတ်ရ၏။ ဂူလိုဏ်ခန်းသည် လေလုံ၍ ဖြစ်မည်။ ဂူကို အကောင်းခံ တည်ဆောက်ခဲ့သည်ကိုး။

ဖခင်ဂူ ဖောက်စဉ်က၊ ကျူကျူပါအောင် ငိုရှိုက်ခဲ့ရပြီးပြီ။ အရိုးပြာအိုးကိုလည်း လုပ်ဆောင်ပြီးပြေခဲ့ပြီ။ မျက်ရည်မဝေ့ဝဲနိုင်တော့ပြီ ထင်မှတ်ထားခဲ့၏။ ခံနိုင်ရည် ထုသားပေသား ကျလောက်ပြီ အောက်မေ့ခဲ့ရာ မဟုတ်ပါပေ။ မိခင်ခေါင်းအဖုံးကို ဖွင့်လိုက်ချိန်၊ ရှေ့သွားလေးငေါ်ငေါ်နှင့် မိခင်အရိုးခေါင်းကို မြင်လိုက်ရသည့်အခိုက်၊ ဆို့နစ်လေးပင်သောစိတ်နှင့်အတူ လွမ်းဆွေးတမ်းတသော ခံစားမှုဝေဒနာမှာ နက်ရှိုင်းကြီးမားလွန်းရကား၊ မိမိကိုယ်ကို မဟန်နိုင်၊ ထိုင်ချပြီး ခေါင်းကိုဖက်ကာ ရှိုက်ကြီးတငင် ငိုကြွေးရပြန်ပါသည်။ ကျွန်တော့်ကို ကိုးလလွယ်ဆယ်လဖွား၊ နို့ချိုတိုက်ကျွေး၊ လူဖြစ်အောင်မွေး၊ တစ်သက်လုံး မေတ္တာအပြည့်ဖြင့် စောင့်ရှောက်ခဲ့သော မိခင်ပဲလေ။ မလွမ်း ဘယ်သူ ရှိပါ့မယ်။ မတမ်း ဘယ်သူ ရှိပါ့မယ်။ မဆွေး ဘယ်သူ ရှိပါ့မယ်။ မငိုကြွေး ဘယ်သူ ရှိပါ့မယ်။

<u>၇–ဦး၊ ၇–ကြိမ်</u>

ကျွန်တော်တို့ မောင်နှမငါးယောက် ရှိခဲ့ပါသည်။ ယခုအခါ ကျွန်တော့်မှာ မွေးချင်းတစ်ယောက်မျှ မကျန်ရှိတော့ပါ။ အားလုံး တမလွန်ခရီးသို့ ကျွန်တော့်

ထက် စောစီးစွာ ထွက်ခွါသွားနှင့်ကြပါပြီ။ ကျွန်တော့်အောက်ညီငယ် မောင်သန်းထွန်း (၁၉၆၄–ခုနှစ် ဆုံး)၊ ဘွားအေကြီး ဒေါ်သိန်းမြ (၁၉၆၈–ခုနှစ်ဆုံး)၊ ဖခင် ဦးကြီးစိန် (၁၉၈၃–ခုနှစ်ဆုံး)၊ ညီအငယ်ဆုံး မောင်တင်ရွှေ (၁၉၈၄–ခုနှစ်ဆုံး)၊ ညီနို့ညှာ မောင်အောင်ကျော်ဝင်း (၁၉၉၃–ခုနှစ်ဆုံး)၊ နှမငယ် အလယ်လူ မစိန်ကြည် (၁၉၉၄–ခုနှစ်ဆုံး)။ မိခင်ကား နို့ညှာညီ ဆုံးပြီး ၄–လအကြာ၊ ၁၉၉၄–ခုနှစ်မှာ ဆုံး၏။ နောက်ဆုံးလိုက်သွားသူကား နှမ မစိန်ကြည် ဖြစ်၏။ အားလုံး ၇–ဦးမို့ ၇–ကြိမ်တောင်မှ မီးအုံးကြိမ်ကဲ့သို့ ပူဆွေး ငိုကြွေးခဲ့ရပြီးပြီ၊ မျက်ရည်ခန်းကုန်ပြီ အောက်မေ့ခဲ့၏။ မဟုတ်ပါပေ။ အခုတစ်ခါ၊ ဂူတွေပြန်ဖောက်၊ အရိုးပြန်ကောက်၊ ပြာချပြီး၊ အရိုးပြာအိုးကို သင်္ချိုင်းသစ်သို့ ရွှေ့ပြောင်းဆိုတော့၊ အဟောင်းတွေ အသစ်ပြန်ဖြစ်ရပါသည်။ ''ပျောက်သောသူ ရှာလျှင်တွေ့၊ သေသောသူ ကြာလျှင်မေ့''ဆိုရိုးစကား၌၊ ပျောက်သောသူကို တစ်နေ့နေ့တွင် ပြန်တွေ့ကောင်း တွေ့နိုင်ပါဦးမည်။ သေသောသူကိုကား ဘယ်လို မေ့နိုင်ပါမည်နည်း။ အထူးသဖြင့် ကျေးဇူး ကြီးမား မိဘနှစ်ပါးနှင့် ဆရာသမားများ။

''မိဘကျေးဇူး မြင့်မိုရ်ဦး၊ အထူးဆပ်မကုန်'' ဆိုသည့်အတိုင်းပင် ဘယ်လို ဆပ်ဆပ်၊ ဘယ်လောက်ဆပ်ဆပ်၊ ဘယ်လောက်ကြာအောင် ဆပ်ဆပ်၊ ဆပ်လို့ ရယ်မှ ဘယ်မကုန်နိုင်ပါပေ။ **''မြင့်မိုရ်တောင်ဦး မကကျူး ကျေးဇူးကြီးပေ၊ မွေးမေမေ၊ ကျေးဇူးကြီးပေ၊ ကျွေးဖေဖေ''**ဟူ၍ ပမာနှိုင်းပြု၊ ဂုဏ်ထုတင်ကာ ရေးဖွဲ့ဂုဏ်ပြုကြရသည်ပဲလေ။ လွန်ခဲ့သော နှစ်ပေါင်းငါးရာကျော်က ပေါ်ထွန်းခဲ့ သည့်၊ ပေလေးပင် ရှင်လေးပါးစာရင်းဝင် စာဆိုရှင်ကြီး ရှင်မဟာရဋ္ဌသာရ အကျော်၏ အကောင်းဆုံးလက်ရာမွန်၊ စတုဓမ္မသာရကိုးခန်းပျို့ စာပိုဒ် ၅၅– ယာ။ **''မိကို ညာက၊ ဘကို လက်ဝဲ၊ ကိုင်စွဲချီလျက်၊ ပခုံးထက်ဝယ်၊ အသက်ဆုံးအောင်၊ မြတ်နိုးဆောင်၍ အခေါင်အဖျား လုပ်ကျွေးငြားလည်း၊ မွေးဘွား ပိုက်ကျူး၊ ရှေးတင်ဘူးသည့်၊ ကျေးဇူးလှယ်ပြိုင်၊ မဆပ်နိုင်ခဲ့''** (မူရင်းသတ်ပုံ)ကို ပြန်လည်ရွတ်ဆိုကာ၊ မိခင်အရိုးစုတို့ လဲလျောင်းရာ၊ ကျွန်းခေါင်းအား အကြိမ်ကြိမ် ဦးချရှိကျိုး ရှိခိုးကန်တော့နေမိပါတော့သည်။

ဇာပဝါမှ လွှဲ၍၊ ကျန်အဝတ်အစားများကို ဝါဂွမ်းချည်ထည်ချည်းသာ ရွေးချယ်ပြီး၊ အလောင်းကို ပြင်ဆင်ပေးခဲ့၍ အားလုံး ဆွေးမြည့်ကုန်ပါပြီ။

ဦးခေါင်းမျက်နှာကို နိုင်လွန်ဇာပဝါလွှမ်း၊ ခြေစွပ်ကိုလည်း နိုင်လွန်ခြေစွပ် မစွပ်ဘဲ၊ ထည့်ရုံသာ ထည့်ပေးလိုက်သည်မို့ ယင်းဇာပဝါနှင့် ခြေစွပ်တို့သာ မဆွေးမြည့်ဘဲ ကျန်ရှိ၏။ ကျွန်းခေါင်း အကောင်းပကတိ ရှိနေဆဲမို့ အရိုး ကောက်ရလွယ်ကူပြီး အားလုံး ပြည့်စုံစွာ ရရှိပါ၏။ ပြန်မရသည်ကတော့ နီလာနားကပ်တစ်ဖက်။

<u>ထူးဆန်းပုံ</u>

မိခင်အရိုးကို ကောက်သောအခါ၊ လုပ်သားခေါင်းဆောင်ကို "နီလာ နားကပ်လေး ဂရုစိုက် ကြည့်လိုက်ပါ"ဟု သတိပေးထားမိ၏။ သတိပေးလိုက် တော့မှ၊ ဘယ်ဘက်နားကပ်တစ်ဖက် မရလိုက်ပါ။ ဘယ်ဘက်လို့ အဘယ် ကြောင့် တပ်အပ်သေချာ ပြောနိုင်ပါသနည်း။ မေးချင်စရာ ဖြစ်လာပါမည်။ ထူးဆန်းပုံတစ်ချက်ကြောင့် တိကျပြောနိုင်ခြင်းပါ။ မိခင်ညာနားရွက်အဖျား ပိုင်းသည် ခြောက်သွေ့စွာ ဦးခေါင်းခွံရိုး၌ ကပ်နေ၏။ နီလာနားကပ်လေးနှင့် တွဲလျက်သား ဖြစ်နေသောကြောင့်ပါ။ မိခင်သည် သူ မြတ်နိုးစွာ တစ်သက်လုံး ပန်ဆင်ခဲ့သော အမေ့ချစ်သက်လက်ဆောင်၊ တစ်ပွင့်စိန်နားကပ်ကို၊ ကျွန်တော့် ဇနီး၊ သူ့ချွေးမကြီးအတွက် သေတော့ ဖြုတ်ယူပါလေဟု အမွေပေးစကား မှာကြားခဲ့၏။ တစ်ပြိုင်နက်တည်းမှာပင် "ဟောဒီ နီလာနားကပ်ကိုတော့ ပြန်ဝတ်ဆင်ပေးလိုက်ပါ။ အမေ စွဲလမ်းလို့ မဟုတ်ဘူးနော်။ နားပေါက် ဟောင်းလောင်းကို အများကဲ့ရဲ့ကြရင်၊ ကဲ့ရဲ့သူတွေ အပြစ်များမှာ စိုးလို့ပါ" ဟုလည်း မှာကြားရှင်းလင်း ပြောဆိုခဲ့ပါသည်။ စာဆိုကလည်း "ယောက်ျား ဖိနပ်၊ မိန်းမ နားကပ်"တဲ့လေ။ မပါမရှိ မစီး မဝတ်ဆင်လျှင် ကြည့်မကောင်း၊ မတင့်တယ်ဘူး မဟုတ်ပါလား။

မိခင် မစွဲလမ်းသည်ကိုတော့ ကျွန်တော် ယုံကြည်ပြီးသားပါ။ ကျွန်တော်က ဘွားအေကြီး ကျောင်းတက် ဘုရားသွား ကမ္ဘဌာန်းရိပ်သာဝင် တရားနာ အခါခပ်သိမ်း ပါသွားမြဲပါ။ ၁၉၅၀-ပြည့်နှစ်စွန်းစွန်းတုန်းက မူလမင်းကွန်း ကမ္ဘဌာန်းကျောင်း စတင် ခေတ်စားလာ၏။ တရားဝင်ယောဂီတစ်ဦးလျှင် ကမ္ဘဌာန်းကျောင်းငယ် တစ်ဆောင်စီဖြင့် အားထုတ်ကြရသည်။ နောင်တော့ စွန်းလွန်းဂူကျောင်း ခေတ်စားလာသည်။ ၁၉၆၀-ပြည့်နှစ်ဝန်းကျင်မှာ ဖြစ်၏။ ၁၉၆၄-ခုနှစ် လုပ်ငန်းတွေ ပြည်သူပိုင်သိမ်း၏။ ဟိုယခင်တုန်းက ဘွားအေ

ကြီး၏ သင်္ခါရတရားစကားကို အမေ နားခါး၏။ "ပစ္စည်းသင်္ခါရ လူသင်္ခါရ" စကားကို ပိတ်ပင်၏။ နိမိတ်မရှိ နမာမရှိဟု ဆို၏။ ကျွန်တော်သည် ဘွားအေကြီး၏ တရားစကားသံကို သံယောင်လိုက်ကာ ပြောတတ်ရာ၊ မိခင်ရှေ့မှာ အထူးဆင်ခြင်ရ၏။ သင်္ခါရကို မိခင်ကြီး မနှစ်မြို့လှ၍။

ဟော ... ၁၉၆၄–ခုနှစ် သကြံန်အခါ ရှေ့ဦး ပြေလဆန်းထဲမှာ၊ စတိုးဆိုင်ကြီး ပြည်သူပိုင် အသိမ်းခံရ၏။ နောင် ၆–လအကြာ ညီငယ် မောင်သန်းထွန်း ဆုံး၏။ စက်တင်ဘာလကုန်ပိုင်းမှာပါ။ ခုမှ ... တကယ် ပစ္စည်းသင်္ခါရ လူသင်္ခါရ ဖြစ်တော့၏။ မိခင်မျာမှာ၊ ပစ္စည်းလည်းဆုံး လူလည်းဆုံး။ တရား မရမရှိတော့ပြီ။ နှစ်ပတ်ကျော် ကြာပြီးနောက်၊ သီတင်းကျွတ်ပါပြီ။ လပြည့်နေ့၌ ဂျစ်ကားတစ်စီး ငှားကာ၊ ကျောင်းစုံဘုရားစုံ ကန်တော့သွားကြ၏။ နောက်ပိတ်ဆုံး မြစိမ်းတောင်ဘုရား ရောက်၏။ ဆရာဦးချစ်ဖြူသည် ဝတ်ဖြူစင်ကြယ်ဖြင့် သာသနာပြုနေ၏။ စေတီတည်ရန် ပန္နက်ရိုက်၊ အုတ်မြစ်ကျောက်ရိုးစီနေပြီ။ မိခင်သည် သူ့ဘယ်လက်သူကြွယ်မှာ ဝတ်ဆင်ထားသော စိန်မြရံခြယ်လက်စွပ်ကြီးကို ချွတ်ကာ၊ ဌာပနာတိုက်အတွက် လွတ်လွတ် စွန့်လှူလိုက်တော့သည်။ ကျွန်တော့်မှာတော့ နှမြောလို့၊ မိခင်ကမူ ပစ္စည်းရော သားပါ စွန့်ခဲ့ရပြီးပြီပဲလေ။ ဤလက်စွပ်လောက်တော့ အပျော့ပေါ့။

သီတင်းကျွတ်ပြီးသည်နှင့် မိခင်သည် အချိန်အားရလျှင် ရသလို၊ စွန်းလွန်းဂူကျောင်းသို့ သွားပြီး တရားနာ တရားအားထုတ်လေ့ ရှိ၏။ ထိုစဉ်တုန်းက စွန်းလွန်းဂူကျောင်းသို့အသွား လမ်းခရီးသည် လူပြတ်ပြီး တောနည်းနည်း ကြီး၏။ ထို့ကြောင့် ကျွန်တော့်ကို အဖော်ခေါ်သွားလေ့ရှိမြဲပါ။ ကျကျနန ဖွဲ့ခတ်ပြီး ကြိုးစားအားထုတ်ခဲ့ဖူး၍၊ တရားဓမ္မစစ်ကို အထိုက်အလျောက် မြင်တွေ့ခဲ့မည် ယုံကြည်ရ၏။ ထို့နောက်ပိုင်း မိခင်သည် သင်္ခါရ တရားအကြောင်း အတော်ပြောလာနိုင်၍ ဖြစ်၏။ အလှူလည်း ရက်ရော၏။ ဥပုသ်သီတင်း အမြဲမပြတ် ဆောက်တည်၏။ သက်သတ်လွတ် စား၏။ အဓိဋ္ဌာန်ဝင်၏။ ဘုရားဖူးထွက်၏။ မနက်နှင့် ညဥ့်ဦးပိုင်း အမြဲ ဘုရားဆောင်ဝင်၏။ ထိုဝတ်သည် သေသည်အထိ စွဲမြဲ၏။ အိပ်ရာကျောကပ်အချိန်မှာပင်၊ ရင်ဘတ်ပေါ် လက်ယှက်၍ အာရုံပြုနေလေ့ ရှိမြဲပါ။

ထူးဆန်းပုံကို ပြောပြဖို့ ဤမျှ နိဒါန်းသွယ်ခဲ့ရခြင်း ဖြစ်၏။ အလွတ်ပြောပြပါက မယုံကြည်ကြမည် စိုးသောကြောင့်ပါ။ မိခင်အသေကောင်းလိုက်ပုံ

အသေတတ်လိုက်ပုံကို အလောင်းခေါင်းသွင်းချိန်မှာ ထင်ရှားသိရပါ၏။ ဘယ်ဘက်နဖူးပြင်ဝယ် သွေးကြောကြီးတစ်ချောင်း ကောက်ကွေးဖောင်းမို့ ထောင်ထနေပုံမှာ တီကောင်တစ်ကောင် ကပ်နေသည့်အလားပါ။ အလောင်း စံထားစဉ်တုန်းက မရှိပါကဲ၊ ခေါင်းသွင်းချိန် ခေါင်းအုံးအနေအထား နည်းနည်း အဖျားပိုင်းသို့ မို့နေဟန် ရှိ၏။ သွေးပြောင်းပြန်စီးကာ ဖောင်းကြွလာခြင်း ဖြစ်နိုင်၏။ ကျွန်တော်သည် လက်ညှိုးလေးဖြင့် အသာလေး ဆံစဘက်သို့ တွန်းကြည့်၏။ စီးဆင်းသွား၍ ပိန်ချပ်သွား၏။ လက်ညှိုးပြန်အခွါမှာ သွေးကြော ပြန်ဖောင်းပွလာ၏။ ၂–ညသိပ်၊ ၃–ရက်ထားသော အချိန်ကာလတစ်ခုမှာ၊ သွေးသည် ခဲသင့် မာတောင့်သင့်ပါပြီ၊ သွေးမခဲသည့်သဘောကို အခု အထင် အရှား ပြနေချေပြီ။ ဓားဦးချွန်ဖြင့် ထိုးဖောက်ကြည့်လိုက်မည် ဆိုပါက၊ သွေးငေါက်ငေါက် ပန်းထွက်လာမည်မှာ သေချာပါ၏။ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာမှာ တရားအတူတူနာ၊ တရားစခန်း အတူတူဝင်ဖူးသူ၊ အိမ်နီးချင်း ကောင်း ဓမ္မမိတ်ဆွေကြီး ဒေါ်ထားမေကို ကျွန်တော် ခေါ်ပြ၏။ အနီးအနား တွင် ရှိနေသော ဆရာမဒေါ်ခင်အုန်းမြင့်လည်း မြင်တွေ့ခွင့် ရလိုက်ပါသည်။ ဩော် ... အမေ ... အမေ ... သေခြင်းကောင်းလှပါတကား။

**အရိုးပြာချ အတွေးစ**

မိခင်၏ အရိုးစုများကိုလည်း၊ ဖခင်အရိုးစုများ ပြာချသည့်နည်းတူ၊ စိတ်ရှည်လက်ရှည် အချိန်ယူ ပြာချရပါ၏။ ဖခင်တုန်းကလိုပင်၊ မိခင်မျက်နှာကို မြင်ယောင်နေ၏။ မိခင်အသံကိုသာ ကြားယောင်နေမိ၏။ ရုပ်ရှင်ကြည့် ရသကဲ့သို့ အတွေးပိတ်ကားပြင်ပေါ်ဝယ်၊ မိခင် လှုပ်ရှားသွားလာလုပ်ကိုင်ပုံ တို့သည် ပြန်လည်ထင်ရှား ပေါ်လွင်လာကြတော့၏။ အထူးအားဖြင့် စားစရာ မုန့်ပဲသွားရည်စာလေးများကို မိခင်တစ်ဦးတည်း မျိုမကျ၊ အပြင်မှာ ဝယ်စား လေ့ မရှိခဲ့။ ဈေးအပြန် ဝယ်လာခဲ့သော ရာသီစာများဆိုလျှင် မိသားစု စုံလျှင် ဆုံစား၊ မစုံလျှင် ခွဲတမ်းမျှတစွာ ချပေးစမြဲပါ။ ကျွန်တော့်ဆေးခန်း အနောက်ပေါက် မုန့်တံခါးကို တတောက်တောက် ခေါက်လျက်၊ အဆာပြေ မုန့်ခေါ်ကျွေးတတ်လှ၏။ လောကမှာ မိခင်မေတ္တာကို မီအောင် ဘယ်သူမှ မထားနိုင်၍၊ တုနှိုင်းမရ အနှိုင်းမဲ့မေတ္တာဟု တင်စားခြင်း ဖြစ်ချေသည်။ သားကျခွေးပိန်မသည်ပင် အမှိုက်ပုံမှာ ရှာဖွေဝါးမျိုခဲ့သော အစားအစာကို၊ ခွေးကောင်ပေါက်များအား ပြန်လည်အန်ချ ကျွေးမွေးသည်ပဲလေ။ မိခင်

ဖြစ်သည်နှင့် ''မိခင်စိတ်''အလိုလိုကိန်းပြီ။ လူရယ်မှမဟုတ်။ တိရစ္ဆာန်ရယ်မှ မဟုတ်။ လောကနိယာမ တစ်ရပ်ပေကိုး။

အရိုးပြာချစဉ်မှာ ကျွန်တော့်လက်ထဲ၌ မိခင့်နားကပ်တစ်ဖက်ကို မြဲမြဲ ဆုပ်ကိုင်ထား၏။ ဘာလုပ်ရမည်နည်း။ မိခင်သည် စေ့စပ်သေချာစွာ မှာခဲ့ စီစဉ်ခဲ့၏။ ဂူပြန်ဖောက်ပြီး အရိုးကောက်ရလိမ့်မည်ဟု သူ မစဉ်းစားမိခဲ့။ မိခင်မှမဟုတ်။ ကျွန်တော်တို့အားလုံးလည်း တွေးပင် မတွေးမိခဲ့။ သုသာန် ဆိုတာ သေသောသူများ ထာဝရ အိပ်စက်အနားယူရာ မြေနေရာဟု သိထား ခဲ့ကြသည်ပဲ။ ဒါကြောင့်လည်း မိခင်က ဘာမှ မမှာကြားခဲ့ခြင်း ဖြစ်မည်။ ကျန်နားကပ်တစ်ဖက်ကိုလည်း ရှာမတွေ့ခဲ့ပါ။ ကျွန်းခေါင်းထဲကနေ ဘယ်လို ခြေထောက်ပေါက်ပြီး ထွက်ပြေးသွားပါလိမ့်။ အစုံလိုက်ဆိုရင်တော့၊ နီလာ ကျောက်နှင့် ဖြစ်၍ စနေသမီးတစ်ဦးဦးကို ပေးဖြစ်လိမ့်မည်။ မိခင်အတွက် အလှူဖြစ်တာပေါ့။ ရရှိသူလည်း ဝမ်းသာပေမည် မျှော်လင့်ရပါ၏။ လူသေ အလောင်း ခေါင်းထဲက ပြန်ယူခဲ့သည်ကို သိရှိလိုက်လျှင်တော့ ဘယ်လောက် ပဲ အဖိုးတန်တန်၊ စိတ်မသန့်ဖြစ်ကာ လက်ခံလိမ့်မည် မထင်ပါ။ တစ်ဖက် ပျောက်တာကပဲ ခပ်ကောင်းကောင်း ဖြစ်နေ၏။ ''ပစ္စည်းပျောက် ငရဲရောက်'' ဆိုရိုးမှန်၏။ ယုန်ထင်ကြောင်ထင်၊ ပုထုဇဉ်သဘာဝအတိုင်း ဘယ်သူ လက် ဆော့ပြီး၊ အိတ်ထောင့်ထဲ ကောက်ထည့်သွားပါလိမ့်၊ စိတ်အမျှင်တန်းလျက်။

စိတ်အထင် ဆိုသည်ကား အမြင် မဟုတ်ပါပေ။ မမြင်ဘဲနှင့် အထင်ဖြင့် ယိုးစွပ်ရရိုး ထုံးစံ ရှိသည်မဟုတ်။ သက်သေမှ မရှိတာ။ အပြစ်ဖြစ်ရုံသာ ရှိပေရော့မည်။ ထို့ကြောင့်၊ ဘက်ပဲ့နေသည့် ကျန်နားကပ်တစ်ဖက်ကို အရိုး ပြာချသည့် မီးလျှံအတွင်း ပစ်သွင်းလိုက်ရလျှင် မကောင်းပါလား။ ကိစ္စတုံးရော၊ ပြီးပြတ်ရော။ ''ခုတ်စပြီး၊ လှီးစပြတ်ရမည်'' အဆိုကလည်း အရှိသား။ ရွှေပါးပါးနှင့် ကျောက်ပွင့် တော်ရုံသင့်ရုံမို့ တန်ကြေးကလည်း သိပ်မကြီးလှပါ။ တန်ကြေးကြီးဦးတော့၊ မိခင်ကိုတောင် ဆုံးရှုံးလိုက်ရသေးသည်ပဲ၊ သည် နားကပ်တစ်ဖက်ကျမှ၊ တွယ်တာနေရမည် မဟုတ်။ သင့် မသင့် ချင့်ချိန်နေ မိရင်း ထွေဝေစိတ်နှစ်ခွ၊ ထည့်ရှို့လိုက်ရမလား ယူပြန်သွားရမလား၊ ရောင်းပြီး အလှူထဲ ထည့်လှူပေးရမလား။ ပြတ်သားစွာ မဝေခွဲနိုင်ခဲ့။ မိဘများ ချန် ထားရစ်ခဲ့သည့် အမွေအနှစ်တွေ တစ်ပုံတစ်ခေါင်းကြီးပါ။ ဘာမဟုတ်သည့်

ရွှေတစ်ပဲသားဝန်းကျင် နီလာနားကပ်တစ်ဖက်ကျမှ နှမြောနေသလား။ မိခင်များ သိလျှင်၊ ''သားကြီးရယ် ... တရားမမွလိုက်စားတာ ဘာအတွက်လဲ။ ရွှေတစ်ပဲကို တွယ်နေရသလား''ဟူ၍ တရားပြဆုံးမမည်မှာ သေချာပါ၏။ ''ကဲ ... ကဲ ... စိတ်များမနေနဲ့တော့။ ရှိရင်တွယ်နေသေး၊ ကုန်မှအေး''ဟု စိတ်ဒုံးဒုံးချကာ မီးတောက်မီးလျှံထဲ ထည့်လိုက်ပါတော့သည်။

**ကြောက်တတ်လွန်း**

မိခင်သည် ဖခင်ကြီးနည်းတူ ဆေးခန်းဆေးရုံ ကြောက်တတ်လွန်း၏။ ဆေးရုံပေါ်က ဖခင်အဖြစ်ကို ကြည့်ကာ တိုးတိုးမှာ၏။ ''အမေများ မင်းအဖေလိုမျိုး ရောဂါရခဲ့ရင် ဆေးခန်းမပို့ ဆေးရုံမတင်ပါနဲ့နော်။ အမေစိတ်ညစ်ပြီး မြန်မြန်ကိစ္စချောလိမ့်မယ်။ အေး ... အမေ့ကို မပြုစုနိုင်တော့ဘူး၊ မြန်မြန်သေစေချင်ပြီ ဆိုရင်တော့ ဆေးရုံသာ တင်လိုက်တော့''တဲ့လေ။ အဖြစ်တွေကလည်း တူပဲတူနိုင်လွန်းလှ၏။ ''ဖြစ်ခဲ့ရင်'' ကြိုပြောခဲ့သလို၊ တကယ်ပဲ မိခင်သည် ဖခင်လိုပင် အစာအိမ်ရောဂါ ဖြစ်၏။ နှစ်ပေါင်းများစွာ ဖြစ်လိုက်၊ သက်သာလိုက်၊ ပျောက်သွားလိုက်၊ ပြန်ဖြစ်လိုက်တို့ကြောင့်၊ နောက်ဆုံး၌ ကင်ဆာအသွင် ကူးပြောင်းသွားခဲ့ပါပြီ။ ဆွေမျိုးသားချင်းလို ရင်းနှီးခင်မင်ရသော ဒေါက်တာမြင့်မြင့်ရီကို အားကိုးရတော့၏။ လမ်းဟိုဘက် မျက်စောင်းထိုးမှာ ဆေးခန်းထိုင်တာမို့ အိမ်တိုင်ယာရောက် လာကြည့်ပေးဖော် ရပါသည်၊ သူ့ညွှန်ကြားမှုဖြင့် ကုသနိုင်သောကြောင့်၊ ဆေးခန်းဆေးရုံသို့ မရောက်ရတော့ပေ။ မိခင်ကလည်း ကျေနပ်စိတ်ချမ်းသာ၏။

ယင်းမိတ်ဆွေကောင်း ဆရာဝန်မသည်၊ သူ့မိခင်ရင်းလို သဘောပိုက်ပြီး၊ အလွန်ကြောင့်ကြစိုက်ကာ ပြုစုကုသပေး၏။ ပုလင်းကြီးများ ချိတ်ဆွဲရလျှင်၊ အစအဆုံး ထိုင်စောင့်ပေး၏။ မိခင်စိတ်အပြောင်းအလဲဖြစ်အောင် စကားတွေအမျှင်မပြတ် ထိုင်ပြောနေတတ်၏။ အသက်ကလည်းကြီး၊ ရောဂါကလည်း ဖိစီးမို့၊ တစ်စက်ချင်း ဖြည်းဖြည်းဆေးသွင်းရရာ၊ အနည်းဆုံး ၂–နာရီကျော်ကျော် အချိန်ယူပါသည်။ မိခင်ကိုတော့ ရောဂါကြီးကြောင်း၊ ဖခင်နှင့် အဖြစ်တူကြောင်း တစ်ခွန်းမှ ပြောမပြပါ။ စိတ်ချမ်းသာအောင် ထားပေး၍လားမသိပါ။ ဖခင်တုန်းက ဆေးရုံပေါ်ဝယ်၊ ရက် ၅၀–သာ ခံလိုက်ရပေမင့်၊ မိခင်ကျတော့ တစ်နှစ်ခွဲတောင် နေလိုက်ရ၏။ ညီနှိုညာက မွေးသော မြေးကို

လည်း ရှင်ပြုအလှူ လုပ်ပေးနိုင်ခဲ့၏။ ဖခင်ထက် မိခင် များစွာ ကံကောင်းပါသည်။ မိခင် ရည်ရွယ်ရင်း အလှူတို့ ထမြောက်ခွင့် ရှိ၍ပါ။

ဖခင်တုန်းက နောက်လာမည့် နွေကျောင်းပိတ်ရက်မှာ မြေးများကို ရှင်ပြု၊ သားများကို ရဟန်းခံပေးမည်။ လှူရန်ငွေ သူ့မှာ အဆင်သင့်ရှိပါသည်ဟု သူ့အစီအစဉ်တွေကို ဝါဆိုဦးမှာ ကြည်နူးစွာ ဖွင့်ဟပြောပါ၏။ မြေးယောက်ျား လေး နှစ်ယောက်၊ သားယောက်ျား သုံးယောက် ထိုစဉ်တုန်းက ရှိပါ၏။ "ကုသိုလ်ကြွမှာ မမီပါခဲ့" ဆိုရပါမည်။ ဝါမကျွတ်မီမှာပင် ကွယ်လွန်ရှာပြီ။ ဖခင် ခွဲစိတ်ခံလိုက်ရ၍ အသက်ပိုတိုရှာသည်ဟု၊ မိခင်ကြီးက စိတ်စွဲလမ်း၏။ အမှန်မှာ ရောဂါဝေဒနာချင်း တူနိုင်သော်လည်း၊ ကင်ဆာပွါးနှုန်း မတူတတ်ပါ။ အခြေအနေ မတူတတ်၍ ပုံသေကားကျ မပြောနိုင်၊ မတွက်ယူနိုင်ပါ။ အဓိက ကျသည်မှာ ပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ ကံတရား။ တစ်ဦးနှင့်တစ်ဦး ကံတရားချင်း ထပ်တူ မကျနိုင်သောကြောင့်ပါ။ အမြွှာညီနောင်၊ ၁၀–မိနစ်ကြီး ၁၀–မိနစ် ငယ်သော်မှ ဘ၀ဇာတ်ကြောင်းခြင်း မတူနိုင်၊ ဘ၀နိဂုံးချင်း မတူနိုင်ပါပေ။

**တူညီသောအကျိုး**

မိခင်အား ကျွန်တော် ၃၈–ညတိတိ ညအိပ်စောင့်ပြီး ပြုစုပေးခွင့် ရလိုက်သည်ကို ပြန်လည် တွေးတောမိချိန်၌ အားရကျေနပ်၍ မဆုံးတော့ပါ။ အသေးစိတ် ပြုစုဖေးမနိုင်ခဲ့၏။ တရားဟောပြောပြခွင့် ရလိုက်၏။ တရား ဆွေးနွေး ရာ၌ လောကီထွက်ရပ်ပေါက် အထက်ဂိုဏ်းလမ်းစဉ်နှင့် လောကုတ္တရာ သံသရာမှ ထွက်မြောက်သော ဝိပဿနာလမ်းစဉ်တို့ ခြားနားချက် ရှင်းပြခွင့် ရခြင်း၊ နိဗ္ဗာန်၏ အမြိုက်ချမ်းသာအကြောင်း စာပေမှတစ်ဆင့် ဖောက်သည် ချပြခွင့်ရလိုက်ခြင်းတို့က၊ နှစ်ဦးလုံးအတွက် အကျိုးရှိလှ၏။ လက်တွေ့ တရားအားထုတ်ထားပြီးဖြစ်သော မိခင်အတွက် အပြန်အလှန် ဆွေးနွေးရာ၌ မြန်မြန်သဘောပေါက် လက်ခံနိုင်ပါ၏။ မိခင်က ကိုယ်တွေ့မှ အချို့ကိစ္စရပ် များ၌ ကျွန်တော်၏ လစ်ဟာချက်တို့ကိုပင် ထောက်ပြနိုင်ခဲ့ပါသည်။

ကျွန်တော့်မိတ်ဆွေတစ်ဦး၏ မိခင်သည် လေဖြတ်ဝေဒနာကြောင့်၊ သူတို့ မိသားစု ပထမတစ်ညတာ အိပ်ပျက်ကြရ၏။ ဒုတိယညမှာ စပယ်ရှယ်နပ်စ် (အထူးသူနာပြုဆရာမ)တစ်ဦးကို ငှားရမ်းပြုစုစေ၏။ ဆရာမ၏ အကြံပြုချက် အတိုင်း နောက်နေ့ ဆေးရုံတင်ရပါ၏။ အထူးသူနာပြု နေ့တစ်ဦး ညတစ်ဦး

ငှားရမ်း ကြည့်ရှုစေ၏။ ဆေးရုံမှာ ၂–ည လင်းပြီးသည်နှင့် ဆုံးရှာပါသည်။ ဝေဒနာသည်းချိန် အလွန်တိုတောင်းပါ၏။ လေးညနှင့် ငါးရက်မျှသာပါ။ သူတို့တစ်ညတာသာ အိပ်ပျက်ခံ ပြုစုလိုက်ရ၏။ ကျွန်တော့်မိခင်က ယင်းအဖြစ်ကို သိထားပြီး၍ ကျွန်တော် လပေါက်ကျော်အောင်၊ အပင်ပန်းခံ ကိုယ်တိုင် ညအိပ်ပျက်ခံ ပြုစုစောင့်ရှောက်သည်ကို အလွန်မတန် ကျေနပ်အားရပါ၏။ ယုတ်စွအဆုံး စမြင်းဒေါသခံသည်ကို ၂–ရက်ခြားတစ်ကြိမ်၊ ကျွန်တော်ကိုယ်တိုင် လက်ညှိုးလေးဖြင့် ဖွဲထုတ် နှိုက်ထုတ်ပေးရသည်အထိ အစွမ်းကုန်ပြုစုခွင့် ရလိုက်၏။ ဤသည်ကို၊ နောင်တော် ရန်ကုန်တိပိဋက ဆရာတော် သိရှိသောအခါ၊ "အလွန်ကြီးမားသော အတိုင်းအတာတစ်ခုအထိ မွေးမိခင်ကို ပြုစုလိုက်နိုင်သည်ကို အာရုံယူ၍ ကျေနပ်ပါလေ"ဟူ၍ နှစ်သိမ့်စကား ချီးမြှင့်ပေးတော်မူပါသည်။

အပြုစုခံနှင့် ပြုစုပေးသူတို့ ကံတရား ရှိကြပါမှ၊ တိုက်ဆိုင်မှု ပြည့်ဝစွာ ရရှိနိုင်၏။ အထူးသူနာပြုဖြင့် ထားပေးနိုင်ခြင်းမှာ ငွေကြေးပြည့်စုံ၍ပါ။ သားသမီးများကိုယ်တိုင် အားရအောင် မပြုစုပေးရခြင်းတွင်၊ လူနာမိဘများသည် သားသမီးအကျိုးပေး နည်း၍ ဖြစ်နိုင်သလို၊ သားသမီးများကိုယ်၌ ကလည်း ပြုစုပေးခွင့် ကုသိုလ်ကံ နည်းပါးခြင်းကြောင့်လည်း ဖြစ်နိုင်ပါသေး၏။ မွေးမိခင် ကျွေးဖခင်ရင်းများ ဖြစ်နေလင့်ကစား၊ သားသမီးများက ပြုစုစောင့်ရှောက်ခွင့် ကံတရား ပါလာမှ။ မိဘများကလည်း သားသမီးတို့၏ ပြုစုမှုကို ခံယူထိုက်သော ကံတရားပါလာလေမှ။ ယင်းကံတရားချင်း တိုက်ဆိုင်မှု ရှိမှသာလျှင်၊ နှစ်ဦးနှစ်ဖက် အကျိုးများနိုင်ခြင်း ဖြစ်ပါသည်။ တစ်ဖက်ဖက်မှ ကံတရား ပါမလာခဲ့သော်၊ ပြုစုပေးချင်ပါလျက်၊ အပြုစုခံယူလိုပါလျက်၊ အခွင့်မသာ ဖြစ်တတ်ကြပါသည်။ ထို့ကြောင့် မိခင်ကြီးကို ကံကောင်းသည်ဟု ကျွန်တော် ဆိုရခြင်းပါ။ မိခင်၏ ကြည်နူးစရာ စကားတစ်ရပ်ကို ကျွန်တော် ပြန်ကြားယောင်လာ၏။

**စေတနာကံ**

"သားကြီး ပင်ပန်းလှပြီ။ အမေ ကျေနပ်အားရပါတယ်။ သားကြီးကို အမေ မွေးရကျိုး နပ်ပါတယ်။ မင်းအဘွားကို အမေကိုယ်တိုင် မအိပ်မနေ အပင်ပန်းခံ ပြုစုခဲ့တယ်။ သေးဝတ် ချေးဝတ်ကို ကိုယ်တိုင် သုတ်သင်

လျှော့ဖွပ်ပေးခဲ့တယ်။ အဲဒီအကျိုးကို အမေ ခံစားရတာပဲ။ သားကြီးကိုလည်း လိုအပ်သလို ပြုစုပေးမယ့်သူ ပေါ်လာပါလိမ့်မယ်။ စေတနာဟာ ကံတရားပါ။ စေတနာအကျိုးပေးပုံချင်း တူညီတတ်ကြတယ်တဲ့''

မိခင်သည် သားသမီး ချွေးမ မြေးတွေအပြင်၊ အိမ်နားနီးချင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများတို့၏ ခင်မင်လေးစားမှုကို ရရှိသူပီပီ၊ အားလုံးတို့က ဝိုင်းဝန်းဖေးမ ပြုစုကြ အားပေးကြ၍၊ အသက် ပိုမိုရှည်ဟန် တူ၏။ အဓိက မှာ မိခင် စိတ်ထားတတ်ခြင်းနှင့် တရားလက်ကိုင်ရှိခြင်းတို့ကြောင့် ဖြစ်ပါ လိမ့်မည်။ ဝေဒနာကို ရောဂါသည်းချိန် နောက်ဆုံးနေ့ရက်များက လွဲ၍ ပြင်းပြင်းထန်ထန် မခံစားရပါ။ သက်သောင့်သက်သာ ရှိလွန်းဟန် ပေါ်၏။ တရားဖြင့် မှတ်၍ သည်းခံနိုင်စွမ်းအား ရှိခြင်းလည်း ဖြစ်နိုင်ပါသည်။ မနက် တစ်ကြိမ်၊ ညတစ်ကြိမ် ဘုရားဝတ်တက်မပျက်၊ တရားထိုင် မပျက်ပါ။ ကျန် အချိန်တွေမှာလည်း တရားခွေ ဖွင့်နာလျက်၊ လေးချောင်းထိုး သိုးမွေး လက်အိတ်များ, သိုးမွေးခြေစွပ်များ ထိုးနေတတ်၏။ နားက တရားနာ၊ မျက်စိက အထိုးအပ်နှင့် အပ်ချည်ပေါ်မှာ၊ ဉာဏ်က တရားဓမ္မပေါ်မှာ သက်ရောက်၊ ခန္ဓာဝေဒနာ ဖြစ်ပျက်နှင့် တစ်ထပ်တည်း ကိုက်ညီအောင် နှလုံးသွင်း ရှုမှတ်နေ၍လည်း၊ အေးငြိမ်းတည်ငြိမ်မှု ရရှိသည် ဖြစ်ပါလိမ့်မည်။

အစားအစာကိုလည်း ဆင်ခြင်၍ သင့်မြတ်သည်ကိုသာ သင့်တင့်မျှတရုံ စား၏။ ဆေးစား ဆေးလိမ်း မပျင်းခြင်းကလည်း အထောက်အကူ အများကြီး ရရှိနေ၏။ အထူးသဖြင့်ကတော့ တရားဓမ္မနှင့် မွေ့လျော်နေခြင်း ဖြစ်သည်။ ဝိပဿနာတရားအားထုတ်ခြင်းသည် နှလုံးရောဂါမျိုးကိုပင်လျှင် သက်သာ ပျောက်ကင်းစေနိုင်သေးသည်ဖြစ်ရာ၊ အစာအိမ်ကင်ဆာရောဂါကြီးကို တစ်နှစ် ခွဲမျှ အံတုရင်ဆိုင်သွားနိုင်ပုံမှာ အသေးအဖွဲ ဖြစ်သွားတော့၏။ အသက်ကို ရက်ရှည်လများ ဆွဲဆန့်ထားနိုင်သလို ဖြစ်၍ အံ့သြရ၏။ အမှန်က ကံ ဆိုသည်မှာ ပြုလုပ်ခြင်းပင်တည်း။

## ကဲ့ရဲ့ ရှုံးကျူးရာ

အကြောင်းစုံ မသိကြသော အဝေးနေ ဆွေမျိုးများ၊ တရားမလိုက်စား ထားသော မိတ်ဆွေများကတော့၊ သားကြီးကိုယ်တိုင် ဆရာဝန် ဖြစ်ပါလျက်၊ ဆေးခန်းမပြ ဆေးရုံမတင်ခြင်းအတွက် တစ်မျိုးတွေးတော ကဲ့ရဲ့ကြ၏။

ကပ်စေးနဲသည့်တဲ့၊ ရန်ကုန် မန္တလေး သွားပြသင့် ကုသင့်သည် ဝေဖန်ကြ၏။ ကွယ်ရာမှာ ပြောစကား ဖြစ်ပေသည့်၊ ပြန်ကြားရစမြဲပါ။ မတတ်နိုင်ပါ။ ရှင်းမနေတော့ပါ။ မိခင် စိတ်ချမ်းသာရေးကို ဦးစားပေးခဲ့ခြင်း မဟုတ်ပါလား။

ဖခင်တုန်းက နှာခေါင်းပိုက်၊ ဆီးပိုက်၊ လက်မှာလည်း ပိုက်၊ ရှုပ်လွန်း၍ မလွတ်လပ် စိတ်ဆင်းရဲ ကျဉ်းကျပ်သည်ကို မိခင် မကြည့်ရက်နိုင်ခဲ့ပါ။ ကျွန်တော်တို့ သေမင်းလက်မှ ဖခင်ကို လုယူရန် အစွမ်းကုန် ကြိုးစားခဲ့ကြ၏။ ဖခင်ရော ကျွန်တော်တို့ပါ စိတ်ဆင်းရဲ ပင်ပန်းသည်က လွဲ၍၊ အချိန်တန် တော့လည်း၊ သေမင်းနိုင်ငံသို့ ပါသွားရသည်ပင်။ မိခင်ကို ဖခင်ကဲ့သို့ ပိုက် တန်းလန်းတွေနဲ့ ဒုက္ခမပေးချင်တော့ပါ။ မြင်လည်း မမြင်လိုတော့ပါ။ သံသရာ ခရီးကို စိတ်အေးကိုယ်သာ၊ တရားဓမ္မအမှတ်နှင့် ကောင်းမွန်စွာ ထွက်ခွါ သွားပါစေတော့–လားရာသုဂတိ ရှိပါစေတော့–ဟူသော အာသီသသာ ထားပါ တော့သည်။ လူဆိုသည်မှာ အိုမျိုး၊ နာမျိုး၊ သေမျိုးပဲလေ။ အချိန်တန်တော့ အဆင့်တိုင်းကို တစ်ဆင့်ပြီးတစ်ဆင့် ဖြတ်ကျော်ရစမြဲပါ။ လောကဓံတရား ရှစ်ပါးကို လူတိုင်း ကြုံဆုံရမြဲမို့၊ ဓမ္မနှင့်ဝေးသူတို့ ကဲ့ရဲ့ခြင်းကို ဝမ်းမနည်းပါ။ ရင်ထဲမှာပဲ သိမ်းထားလိုက်၏။ ဓမ္မမိတ်ဆွေတွေ ချီးကျူးတာကိုလည်း ဝမ်းမသာတော့ပါ။ မိမိ စေတနာသန့် လိပ်ပြာသန့်ရန်သာ လို၏။ မိခင်၏ နောက်ဆုံးစက္ကန့်များကို တရားဓမ္မဖြင့်သာ ပံ့ပိုးခြင်းသည် အကောင်းဆုံး မဟုတ်ပါလား။ ဖခင်တုန်းက စပ်ဆိုခဲ့သော ကဗျာသုံးပိုဒ်အနက်၊ အိုမည် နာမည် အစချီသော အပိုဒ်သည်၊ မိခင်ဝေဒနာဆိုးချိန်တွင် ပြန်ပေါ်လာ ကြကုန်၏။ တရားဓမ္မ မည်မျှ လိုက်စားထားသည် ဆိုစေဦး၊ ဝေဒနာကို ကျော်လွန်ဖို့ အလွန်ခက်ခဲလှပါဘိ။

▲ အိုမည် နာမည်၊ သေဦးမည်ဟု  
စိတ်ရည်တင်ကြို၊ ရှင်ဆိုသည့်တိုင်၊ ရွယ်မဆိုင်းဘဲ၊ ချိန်ပိုင်းသာကျန်  
အဖန်ဖန်ပွါး၊ ခန္ဓာအားပျော့၊ ဉာဏ်အားပျော့ခဲ့၊ အားပျော့ထွေထွေ  
ရှိပါလေလည်း၊ ဝေဒနာမှတ်၊ သတိကပ်လျက်၊ ထွက်သက်ဝင်သက်  
တစ်ချက်မလွတ်၊ ဖွဲ့အထွတ်တင်၊ ကျွတ်ချင်လွတ်ချင်၊ သံသရာခွင်မှ  
ကျင်လည်ရပ်တံ့၊ ဘယ်မပျံ့အောင်၊ ဆုံးအံ့ပန်းတိုင်၊ တက်မြန်းပိုင်ရေး  
ကြိုးစားပေးဆဲ၊ သဲထဲရေသွန်၊ ကျိုးမပွန်မည့်ကိန်းဆိုက်ပြီ ။ ။

**မိတ်ကောင်းလို**

မိခင်က ဘဝကူးကောင်းခြင်းမှာ ဓမ္မမိတ်ဆွေကောင်းများ ရှိ၍ ဖြစ်ပါသည်။ တရားဓမ္မ အမြဲမပြတ် ဆွေးနွေးပေးကြ၏။ စိတ်ကို ဖမ်းရသည့်အလုပ်အခက်ခဲဆုံးပါ။ သံယောဇဉ်ဖြတ်ဖို့ကား ပို၍ ခက်ခဲ၏။ သက်မဲ့ပစ္စည်း သက်ရှိပစ္စည်း အားလုံးကို စိတ်ပြတ်စွန့်လွှတ်နိုင်ရမည်။ အရေးအကြီးဆုံးကား မိမိကိုယ်မိမိ မတွယ်နေဖို့ ဖြစ်၏။ ဝေဒနာကိုသာ တည့်တည့်မတ်မတ် စိုက်ရှုမှတ်နေရမည်။ ဖြစ်ပျက်နှင့် မဂ် တစ်ထပ်တည်း ကျနေရမည်။ သို့အခြေအနေရောက်ပြီ ဆိုပါက၊ ဥပေက္ခာဝေဒနာ (အသုခ မဒုက္ခ ဝေဒနာ) သိရုံမျှ သိသိနေသော အနေအထား ဆိုက်ရောက်ပါပြီ။ သုခဝေဒနာပေါ် စိတ်မညွတ်သလို၊ ဒုက္ခဝေဒနာကိုလည်း လွှတ်ထားပြီးသည့် အနေအထားရယ်ပါ။ မိခင်မှာ ဓမ္မမိတ်ဆွေကောင်း ရှိခဲ့သည်။ ကျွန်တော်တို့အလှည့်မှာကော ဓမ္မမိတ်ဆွေကောင်း၊ အနီးကပ်စောင့်ရှောက်မည့်သူ ရှိပါမည်လား။ မိခင်လို သေခြင်းကိုတည်ငြိမ်စွာ ဖြတ်ကျော်နိုင်ပါမည်လား၊ ကောင်းရာသုဂတိသို့ လားရောက်နိုင်ပါမည်လား။

ကျွန်တော်သည် ဖခင်နှင့် ရုပ်ဆင်းဆင်တူ၍ ဖခင်သားဟု ဆိုကြ၏။ မိခင်နှင့် လက်ပွန်းတတီး အနေများ၍ မိခင်သားဟုလည်း ဆိုကြပါသေး၏။ ကျွန်တော်ကမူ၊ ဖခင်ကြီးကို အားကျကြည်ညို စံနမူနာ ထားပြီး၊ မိခင်ကြီးကို တွယ်တာမြတ်နိုးပါသည်ဟု ခံယူထားပါသည်။ မိဘနှစ်ပါးတို့၏ သားပေပဲ၊ ကောင်းမွေဆိုးမွေ စုံလျက် ပါရှိပါလိမ့်မည်။ အဆိုးနည်းပြီး အကောင်းများရန်သာ လို၏။ ဤသို့ အတွေးပင်လယ်ဝေနေတုန်းမှာ မိခင်၏ အရိုးပြာအိုးကိစ္စ ပြီးစီးခဲ့ပါပြီ။ အိုးပေါ်မှာ နာမည်ကမ္ပည်း ရေးကပ်လိုက်၏။ ''ဒေါ်အေးမေ'' ဟူ၍။

ဒေါက်တာလွှမ်းဝေ(တောင်ကြီး)

❀❀❀❀❀❀

# ဆေးမျှောအတိတ်

ဒေါက်တာလွမ်းဝေ(တောင်ကြီး)

**ခွေးနှင့်ကြောင်**

ဝုတ်ဝုတ် ... ဝုတ် ... ဝုတ်ဝုတ်ဝုတ် ...

''ဘိုးဘိုးရေ ဟိုမှာ ရွှေဝါလေး ချစ်စရာလေးနော်''

ညောင် ... ညောင် ... ညောင် ...

''ဩော် ဟုတ်တယ် မြေးစုစုရေ... ။ ကြောင်လေးရွှေဝါကို မြင်လို့ ကျားဘိုကြီးက ဖွတ်ဟောင်နေတော့တာကိုးကွယ်''

''ချစ်စရာရွှေဝါလေးကို ကျားဘိုက ဘာလို့ ဟောင်ရသတဲ့လဲ ဘိုးဘိုး''

''ခွေးနဲ့ကြောင်ဆိုတာ ကမ္ဘာ့ရန်သူကွယ့်၊ ဒါကြောင့်မို့လို့ ကြောင်လေး ရွှေဝါကိုမှ မဟုတ်ဘူးလေ။ ဘယ်ကြောင်ကိုပဲဖြစ်ဖြစ် ကျားဘိုက ရန်လိုပြီး၊ ရန်လုပ်နေတော့တာပေါ့ မြေးစုစုရယ်''

''ဟုတ်တယ် ဘိုးဘိုး။ ဟို ... တောင်ဘက်အိမ်က ကြောင် ဖြူလုံးမကြီး ကို မြင်တိုင်းလည်း၊ ကျားဘိုက အသံပြဲကြီးနဲ့ ဟောင်တော့တာ။ လိုက်တော့ တာ။ ဖြူလုံးမကြီးကလည်း ခြံဝင်းကို ကျော်ပြီး ခုန်ပြေးတော့တာ''

''အခု ကျားဘိုကို ကြိုးချည်ထားလို့ တော်သေးတာပေါ့ မြေးစုစုရာ။ မဟုတ်ရင် ကြောင်လေးရွှေဝါခမျာမှာတော့ မလွယ်ကြောပဲကွယ့်။ ခွေးစာ မိလို့ကတော့ သေရှာလိမ့်မယ်''

''ရွှေဝါလေးကလည်း လျင်မှလျင်၊ ရှောင်တာ ခုန်ပြေးတာ မြန်မှမြန်ပဲ ဘိုးဘိုးရေ... ။ ဟော ... မြောက်ဘက်ခြမ်း သူ့အိမ်ဆီကို ခုန်ပြေးသွားပြီ၊ စုစုက ရွှေဝါလေးကို ကိုင်ကြည့်ချင်တာ၊ ဘယ်တော့မှ မလာဘူး''

''ရန်သူခွေး ရှိနေတာ ဘယ်လာပဲ့မလဲကွယ်။ ကြောင်ဆိုတာ အမွေးနုနု လေးတွေနဲ့မို့ ပွတ်သပ်ပေးလို့တော့ ကောင်းပါရဲ့။ သူ့အမွေးကျွတ်တွေ နှာခေါင်းကတစ်ဆင့် အဆုတ်ထဲ ဝင်ရင် ပန်းနာရင်ကျပ် ဖြစ်တတ်တယ်''

''ကြောင်လေးဖြူဖွေး အမွေးတွေ ဝင်ရင်ကော ရောဂါဖြစ်မှာလား ဘိုးဘိုး''

''မြေးစုစု သုံးနှစ်ပြည့်မွေးနေ့တုန်းက ဘွားဘွား ဝယ်ပေးတဲ့ လက်ဆောင် လား၊ မွေးပွကြောင်ဖြူရုပ်လေးကို ပြောတာလားကွယ့်''

''ဟုတ်တယ်လေ ဘိုးဘိုး။ စုစုခေါင်းအုံးဘေးမှာ ထားပြီးအိပ်တာကို ပြောတာလေ''

''အဲဒါက အရုပ်ဟာကိုး၊ အမွေးမကျွတ်ထွက်တတ်ပါဘူးကွယ်''

''အရုပ်က အမွေးမကျွတ်တတ်ဘဲ၊ ရွှေဝါလေးကျတော့ ဘာလို့ အမွေး ကျွတ်ရတာလဲ ဘိုးဘိုး''

''ကြောင်ရွှေဝါက သက်ရှိသတ္တဝါလေ မြေးစုစုရဲ့။ ဘိုးဘိုး၊ ဘွားဘွားနဲ့ မြေးစုစုတို့ ဆံပင်မွေးတွေ ကျွတ်ထွက်တတ်သလို ကြောင်လေးရွှေဝါလည်း အမွေးကျွတ်ထွက်တတ်တာပေါ့ကွယ်''

''စုစုကို ကြောင်လေးတစ်ကောင် မွေးပေးပါလား ဘိုးဘိုး။ ရွှေဝါလေး လို အဝါရောင်မျိုးလေးပဲ လိုချင်တယ်။ မွေးပေးရမယ်နော် ဘိုးဘိုး''

''မွေးတာတော့ ဟုတ်ပါပြီ၊ ကြောင်ကို အစာကျွေးတာတို့ ကြောင်ချေး ကျုံးတာတို့ကိုကျတော့ မြေးစုစုက လုပ်ပေးမှာမို့လားကွယ်''

''စုစုက ငယ်သေးတာပဲ။ ကြီးလာတော့ ကြောင်စာကျွေးပေးပါ့မယ်။ ကြောင်ချေးတော့ မကျုံးချင်ပါဘူး။ နံတယ်။ ညစ်ပတ်တယ်။ ဘိုးဘိုးပဲ ကြောင်ချေးကျုံးပေးလိုက်ပါနော်''

''တယ်တော်တဲ့ မြေးစုစုပဲ၊ ကြောင်ကိုချစ်ရင်၊ ကြောင်စာလည်းကျွေး၊ ကြောင်ချေးလည်း ကျုံးရမှာပေါ့ကွယ်။ ကြောင်ချေးမကျုံးချင်ရင် ကြောင်မမွေးနဲ့ပေါ့ မြေးစုစုရယ်''

''မရဘူး၊ မွေးပေးရမှာပဲ။ ကြောင်မွေးပေးပါ။ မွေးပေးပါ ဘိုးဘိုးရယ်''

''မမွေးချင်စမ်းပါနဲ့ကွယ်။ သံယောဇဉ်ဆိုတာ တယ်ဆိုးတာမျိုးကွယ့် မြေးလေးစုစုရဲ့''

''သံကြောရှည် ဆိုတာ ဘာလဲ ဘိုးဘိုး''

''သံယောဇဉ်ပါကွယ်။ မြေးစုစုကို ချစ်ပြီး အလိုလိုက် အကြိုက်ဆောင် ရတာ၊ မြေးစုစုကို မငိုစေချင်တာ၊ ငိုရင် ချော့မော့ရတာ၊ မြေးစုစု မူကြို ကျောင်းက ပြန်ရောက်မလာသေးလို့ မျှော်ရတာ၊ ဖျားနာတဲ့အခါမှာ မြေးစုစု မြန်မြန်အဖျားပျောက်ပါစေ ဆုတောင်းရတာ၊ အဲဒါတွေအားလုံး သံယောဇဉ် အမျှင်တန်းတာပေါ့ကွယ်''

မြေးလေးစုစုနှင်းအေး လေးနှစ်ပြည့်ပြီးစ ရှိသေး၏။ ကျွန်တော် ရှင်းပြ သည်ကို လုံးစေ့ပတ်စေ့ နားမလည်နိုင်သေး၍ မျက်စိလေး ပေကလပ်နှင့် မျက်တောင်ခတ်ကာ မော့ကြည့်နေရှာ၏။ ကြောင်လေးရွှေဝါမှာ မြောက်ဘက် ခြံဝင်းအစပ်၌ ကပ်ဆောက်ထားသော တစ်ဖက်ရပ် မီးဖိုဆောင်ခေါင်မိုး နိမ့်လျောလေးပေါ်၌ နေဆာလှုံရင်း၊ ညောင်... ညောင်... ဟု ဆွဲဆွဲငင်ငင် ချွဲချွဲပျစ်ပျစ် အသံပေးနေပါ၏။ ဖေဖော်ဝါရီ နောက်ဆုံးပတ်ဆိုပေမင့်၊ တောင်ကြီးဆောင်းနှောင်းကဖြင့် ဆောင်းသူငယ်ပြန်ကာ အတော်လေး အေးစိမ့်နေဆဲပါ။ မြေးအဘိုးနှစ်ဦးသား နေဆာလှုံရင်း၊ ခွေးကျားဘိုနှင့် ကြောင်လေးရွှေဝါတို့ကို အကြောင်းပြုကာ စကားစမြည် ထွေရာလေးပါး အချီအချ ပြောနေကြခြင်းရယ်ပါ။

သူ့ခေါင်းလေးကို ရင်ခွင်ထဲ ဝင်ခွေပြီးသကာလ ''ဘိုးဘိုး ကြောင်လေး မွေးပေးရမယ်နော်''ဟု တောင်းဆိုနေပါတော့၏။ လွန်ခဲ့သော နှစ် ၆၀– ကျော်တုန်းကလည်း မြေးစုစုအရွယ် ကျွန်တော်သည်၊ ဘွားအေကြီးရင်ခွင်ထဲ ခေါင်းထိုးဝင်ကာ ကြောင်တစ်ကောင် မွေးပေးဖို့ တောင်းဆိုခဲ့ဖူးသည်ကို ပြန်လည် အမှတ်ရစေပါတော့သည်။

• • • • • • • • • • • • •

**ဝင်စားကြောင်**

''ချိန်ရာသီခွင်၊ မိန်သဘင်မှာ၊ ငွေစင်ရထား၊ ယန္တရားလည်း၊ အသွား တူညီ၊ ဖဂ္ဂုဏီနှင့်၊ ယှဉ်မှီတွဲကာ၊ ဗျိုင်းတာရာတို့၊ မြိုင်မှာမြိုင်လျောက်၊ ရွှေပိတောက်လည်း၊ ဖူးညှောက်ပွင့်ချိန်၊ သီတာသိမ်ဝယ်၊ သောင်တိမ်ငွေဥ၊ သဲဖွေနုနှင့်၊ ဝက်စုညွှန့်ချို၊ သရဖီမူ၊ ကြိုင်ဆီလှိုင်သတ်၊ ရေဖက်ဆွတ်တည့်''

**(ရှင်ဥတ္တမကျော်)**

ဘွားအေကြီးသည် ခေါင်းလျှော် ရေချိုးထားပြီးပြီ။ မနက်ဖြန် တပေါင်းလဆန်းရှစ်ရက် ဥပုသ်နေ့မို့၊ ဘုန်းကြီးကျောင်းတက်သွားရန် ကြိုတင်ပြင်ဆင်နေ၏။ ဆွမ်းဟင်းချက်ဖို့ မပြင်ဆင်သေးမီ သန့်ရှင်းအောင် ရေချိုး ခေါင်းလျှော်နေကျပါ။ ဖွေးဖွေးလှုပ်နေသည့် ရေစိုဆံပင်ကို အမြန်ခြောက်သွေ့စေရန် ကျောနောက် ဖြန့်ကျင်းလျက်၊ လိပ်ခွံဘီးဖြင့် ဖြီးချနေ၏။ တပေါင်းလဆန်းပေမင့် အေးမြဆဲမို့၊ မြေးအဘွားနှစ်ဦးသား နေဆာလှုံရင်း အေးစိမ့်စိမ့် အချမ်းဖြေရင်း အနွေးဓာတ်ခံယူနေခြင်း ဖြစ်၏။ ကျွန်တော့်ကို ပန်းစေတီ တည်ခိုင်းထား၏။

ပန်းစေတီဆိုသည်မှာ ပန်းများဖြင့် စေတီပုံစံ တည်ဆောက်ခြင်းဟု နားလည်ကြပြီး ဖြစ်ပါလိမ့်မည်။ သံဝါယာကြိုးဖြင့် အမာခံခွေထားသော တစ်တောင်သာသာ စေတီ၏ ဆူးချွန်များတွင် သရဖီပန်းများ တစ်ပွင့်ချင်းစီ ထိုးစိုက်ရ၏။ တပေါင်းလဆန်းလျှင်ပင် သရဖီပန်းများ ပေါ်ဦးပေါ်ဖျား ဈေးမှာ ရောင်းချကြပါပြီ။ ငှက်ပျောဖက်ဖြင့် ထုပ်ပိုးရောင်းချသော သရဖီပန်းတို့မှာ မိုင်းပွန်ဝန်းကျင်ရှိ တောရွာများမှ လာရောက်ရောင်းချခြင်း ဖြစ်ပါသည်။

သရဖီပန်းနံ့ ရလျှင်၊ ပျားပိတုန်းတို့ ဘယ်က ပေါ်လာကြသည် မသိပါ။ တဝဲဝဲနှင့် ပျံချည် နားချည် ပန်းဝတ်ရည်စုပ်ချည်နှင့် ပျားပန်းခတ်နေကြပြီ။ ကလေးပီပီ ကြောက်တတ်သော ကျွန်တော့်အား ဘွားအေကြီးက "ကိုယ့်အလုပ်ကို ကိုယ်လုပ်။ မကြောက်နဲ့။ မခြောက်နဲ့။ ပျားက သူ့ဟာသူဝဲတာ။ ပန်းပေါ်နားပြီး ဝတ်ရည်စုပ်တာ"ဟု ဖျောင်းဖျနားချသော်လည်း စိုးကြောက်စိတ်က ရှိနေဆဲပါ။ "ပျားကလေးတို့ရေ ... ငါဟာ မင်းတို့ရဲ့ ရန်သူ မဟုတ်ပါ။ မင်းတို့ကလည်း ငါ့ရန်သူ မဟုတ်ပါ။ ငါကလည်း ဒုက္ခမပေးပါဘူး။ မင်းတို့ကလည်း ရန်မရှာပါနဲ့နော်"ဟူ၍ ဘွားအေကြီး သင်ပေးထားသည့်အတိုင်း မေတ္တာပို့ရပါသည်။ မေတ္တာဟူသည် အလျားအနံ မရှိသော်လည်း၊ အသွားအပြန်ရှိသည် ဆိုစကား မှန်လှ၏။ ပျားမတုပ်ပါ။

ပန်းတစ်ပွင့်ချင်းစီ ညီညီထိုးစိုက်သွားရာ၊ တစ်ဆင့်ပြီးတစ်ဆင့် မြင့်တက်လာရာမှ၊ ငှက်မြတ်နား၏ အလံဖျားနား ရောက်နေပြီ။ စိန်ဖူးတော်နေရာ ထိပ်တည့်တည့်မှာ အဖူးထွားထွားတစ်ဖူး ထိုးစိုက်လိုက်၏။ ပန်းစေတီ အပြီးသတ်သွားခဲ့ပါပြီ။ သရဖီပန်းစေတီကို ဘုရားဆောင်မှာ ကပ်လှူရန်ကိစ္စမှာ ဘွားအေကြီး အလုပ် ဖြစ်ပါ၏။ ဆံပင်များလည်း ခြောက်သွေ့သွားပြီမို့၊

လိပ်ခွံဘီးလေးမှာ ဆံနွယ်ဖြူဖွေးကို နှစ်ပတ်သုံးပတ်ခန့် ရစ်ပတ်လိုက်၏။ ဘီးမှာ ပတ်ထားသော ဆံထုံးငယ်ပုံ့ပုံ့လေး ထိပ်နားမှာ ရွှေးကျန်အကြွင်း ပန်းသုံးပွင့်ကို ထိုးချပ်လိုက်၏။ မွှေးမြသော ပန်းဆိုလျှင် ဘွားအေကြီး ကြိုက်တတ်လှ၏။ ဘုရားကို မြတ်နိုးစွာ ပူဇော်၏။ လှပမွှေးမြသော ပန်းတို့ ကိုသာလျှင် ရွေးဝယ်တတ်စမြဲပါ။ ထို့ကြောင့် ရာသီပန်းများဖြစ်သော စံပယ်ဖြူ၊ ဒေါင့်တာလိပ်စိမ်း၊ မြတ်လေး၊ စွယ်တော်၊ ပန်းကုံ့ကော်၊ ကရမက်၊ နှင်းဆီ စသည်တို့ကို ပန်းစေတီတည်၍ ဘုရားပူဇော်ရမြဲ ဖြစ်ပါသည်။

"ဟဲ့ ပလုတ်တုတ်။ တယ်လေ ... ဒီကြောင်ပေါက်စနလေးဟာ ..."

ပန်းစေတီကို ကလပ်ပေါ် တင်၍ အိမ်တွင်းသို့ လှမ်းအဝင်၊ နှစ်လသား ခန့်သာ ရှိဦးမည့် ကြောင်ဝါလေးတစ်ကောင်၊ ဘွားအေကြီး ခြေနှစ်ချောင်းကြား ဝင်ကာ၊ သူ့ဦးခေါင်းဖြင့် ပွတ်သီးပွတ်သပ် ခွေ့နေ၍ ခြေလှမ်းမှားပြီး ဟန်ချက် အပျက်မှာ ရုတ်တရက် နှုတ်ဖျားမှ ထွက်လာသော ဘွားအေကြီး၏ အာမေဍိတ်သံ ဖြစ်ပါ၏။

"ကြောင်ဝါလေးက ချစ်စရာလေး ဘွားဘွားရေ ...။ ဖိုးချို မွေးချင် လိုက်တာဗျာ"

"မမွေးချင်စမ်းပါနဲ့ မြေးလေးဖိုးချိုရယ်။ သံယောဇဉ်ဆိုတာ တယ်ဆိုး သကိုးကွယ့်"

"သံညောစင်ဆိုတာ ဘာမျိုးလဲ ဘွားဘွား"

"သံညောစင် မဟုတ်ပါဘူး။ သံယောဇဉ်ပါ မြေးဖိုးချိုရာ။ ဘွားဘွား ဈေးက ပြန်မရောက်လာသေးရင်၊ မြေးဖိုးချိုက အိမ်ရှေ့ထွက်ပြီး မျှော်တယ် မဟုတ်လား။ အဲဒါ သံယောဇဉ်ပေါ့ကွယ်"

"ဟဟား ... ဘွားဘွားက ပြောရှော့မယ်ဗျာ။ ဖိုးချို မျှော်တာက ဘွားဘွား ဝယ်ပြန်လာမယ့် မုန့်ကိုပါနော်"

"အေ့ပါ။ မုန့်ကို မျှော်တာလည်း သံယောဇဉ်ပေါ့ကွယ်။ ကြောင်လေးကို လိုချင်တာ၊ ကျွေးထားမွေးထားချင်တာဟာလည်း သံယောဇဉ်ပဲပေါ့။ နောင် မြေးဖိုးချို ကြီးလာရင်၊ ချင်တွေ အများကြီး ဖြစ်လာမှာ။ အဲဒီချင်အားလုံး သံယောဇဉ်ပဲပေါ့"

"ချင်ဆိုတာက ကိုက်လိုက်တိုင်း ယားဖုထွက်လာတဲ့၊ တဝီဝီမြည်သံပေး ခြင်လားဟင်"

"ဟားဟား ... မြေးဖိုးချိုက လုပ်ရေမယ်။ ရုပ်ကို ကိုက်တဲ့ ခြင်ကောင်ကို ပြောတာ မဟုတ်ဘူး၊ စိတ်ကို ကိုက်တဲ့ ချင်တွေကို ပြောလိုက်တာပါ။ သိပ်မတွေးနဲ့ဦး၊ မြေးဖိုးချိုက ငယ်သေးတယ်။ ကြီးလာမှ နားလည်မှာ။ ကြောင်မမွေးချင်ပါနဲ့"

"ဟင့်အင်း ... ဟင့်အင်း ... မွေးပါရစေ ဘွားဘွားရယ်"

"မွေးတာက ဟုတ်ပါပြီ။ ထမင်းကျွေး၊ ချေးကျုံးရမှာ။ ကြောင်စာကို မြေးဖိုးချို ခွဲတမ်းထဲက ဖဲ့ကျွေးရမယ်ဆိုရင် ဖြစ်ပါ့မလား၊ မင်းကြိုက်တတ်လှတဲ့ ငါးကြော်တို့၊ ရေကြက်ကြော်တို့ကို ချကျွေးနိုင်မယ်လား"

ထမင်းကိုတော့ ကျွန်တော့်ပန်းကန်ထဲမှ နည်းနည်း ခွဲကျွေးနိုင်ပါမည်။ ငါးကြော်တို့ ရေကြက်ကြော်တို့ကို ဖဲ့ချပြီး ကျွေးဖို့ကျတော့ အတော်လေး စဉ်းစားရပါတော့၏။ ကြောင်ဝါပေါက်စနလေးမှာ ဘွားအေကြီး ခြေဖျားဖြင့် ခတ်ထုတ်လိုက်၍ ညောင်သံသေးသေး ပေး၏။ မျက်နှာငယ်လေးဖြင့် ကျွန်တော့်ဆီ မရဲတရဲ လှမ်းလာ၏။ သူ့ခေါင်းလေးဖြင့် ကျွန်တော့်ခြေသားလုံးကို ဖွဖွလေး ပွတ်ချွဲနေတော့၏။ မိခင်နှင့် ကွဲလာခဲ့ဟန် တူ၏။ မိဘနှင့်ခွဲကာ ဘွားအေကြီးထံ လာနေရသော ကျွန်တော်သည် ကြောင်ဝါလေးကို အတော်သနားသွား၏။ "သူ့ကို မွေးရင်တော့ ငါးကြော် ရေကြက်ကြော်တွေ ခွဲကျွေးရမယ်ဆိုလည်း ကျွေးလိုက်ပါ့မယ်" ဆုံးဖြတ်ပြီး "ဘွားဘွားရယ် မွေးပါနော်၊ ကျွေးပါ့မယ်" ဟု အာမဘာန္တေခံလိုက်ပါတော့သည်။ မျက်နှာဝိုင်းပုပု၊ မျက်လုံးလေး မှေးကြည့်ကာ ကျွန်တော့်ကို အသနားခံနေရှာသည့် ကြောင်ဝါလေးခေါင်းကို ပွတ်သပ်ပေးရ၏။ "ညောင် ... ညောင်"ဟု အပြတ်ချွဲနွဲ့နေပါတော့သည်။

"မြေးဖိုးချို ကြိုက်တတ်လှတဲ့ ကြက်ကြော်၊ ငါးကြော်တောင် ကျွေးမယ်ဆိုတော့ အတော် သံယောဇဉ်တွယ်နေပြီပဲ၊ ကြောင်ချေးကော ကျုံးမှာလား မြေးဖိုးချို"

ကြောင်မမွေးစေလိုသော ဘွားအေကြီး စိတ်နည်းနည်း ထွက်လာဟန်တူ၏။ အသံ မဆိုသလောက် မာလာပါပြီ။ မျက်နှာကြော နည်းနည်း တင်းလာ၏။ မျက်လုံးအစုံကလည်း နည်းနည်းပိုပြီး ပြူးကြည့်လာ၏။

"ကြောင်ချေးလည်း ကျုံးပါ့မယ်။ မွေးပါရစေနော် ဘွားဘွား"

"အေး ... အေး ... ကြောင်ချေးမကျုံးလို့ကတော့ ငါနဲ့ အတွေ့ပဲနော်။ ကြောင်ချေးက ပျော့ပျော့နဲ့ တယ်နံလှ။ မင်းလည်း အပျော့ဆွဲနဲ့ အတော်နံမယ့်အကောင် ဖြစ်မယ် ထင်ပါရဲ့"ဟူ၍ ညည်းညူရင်း၊ မြေးဦးအနှစ်မို့ ချစ်လျက် ခွင့်ပြုရတော့၏။

• • • • • • • • • • • • • •

**မိချွေဝါ**

ကျွန်တော် ပူဆာလွန်း၍ ကြောင်မွေးခွင့် ပြုလိုက်သည်နှင့် ဘွားအကြီးခမျာမှာ အလုပ်ရှုပ်ရှာပါပြီ။ ရှေးဦး ကြောင်ချေးတည်ရန်၊ မြေအင်တုံ့ နှုတ်ခမ်းပဲ့လေး၌ ပြာများ ပုံ၏။ စတိုးခန်းထောင့်မှာ ပြာအင်တုံလေးကို နေရာချထားလိုက်၏။ ပြီးတော့ ကြောင်ဝါလေး၏ လည်ကုပ်သားမှ ဆွဲယူ၏။ ရှေ့ခြေနှစ်ချောင်း နောက်ခြေနှစ်ချောင်း ကုပ်လျက်သား ပါလာ၏။ ပြာပုံနှင့် သူ့အမြီးပိုင်းကို ဆောင့်ဆောင့်ပြီး "ချေး ဒီမှာယို၊ သေး ဒီမှာပေါက်"ဟု အကြိမ်ကြိမ်ရွတ်ဆို အမိန့်ပေးပါတော့သည်။

နောက် ဒုတိယအလုပ်မှာ နာမည်ပေးခြင်း ဖြစ်၏။ နာမည်မပေးမိ အထီးလား အမလား စစ်ဆေးကြည့်သောအခါ အမပါတဲ့၊ ထို့ကြောင့် "ညည်းနာမည် မိချွေဝါ"ဟု အကြိမ်ကြိမ် ပြောပြ၏။ မိချွေဝါဟု ခေါ်ပြီးတိုင်း၊ ငါးသားဖွဲ့ခြောက် သုံးလေးကောင် ချကျွေး၏။ ခေါင်းမဖော်တမ်း ဖြည်းဖြည်းချင်းဝါးစားပါတော့သည်။ မိချွေဝါဟု ခေါ်ပြီးတိုင်း အစာစားရသဖြင့် "ညောင်"ဟု ပြန်ထူးဖော်ရ၏။ကျွန်တော့်မှာတော့ သဘောတွေ ကျလို့ပေါ့။ "မိချွေဝါ" "ညောင်"။ "မိချွေဝါ" "ညောင်"။ ဘွားအကြီးနှင့် ကြောင်ဝါလေး အတိုင်အဖောက် ညီနေပါတော့သည်။ ဟောလစ်ပုလင်းလွတ်တွင် ထည့်ထားသော ငါးသားဖွဲ့ခြောက်လည်း အတော်ကြီး လျော့ကျသွားတော့၏။ တော်ပါသေးသည်။ ကျွန်တော့် ငါးကြော်ကို မထိပေလို့။

သို့သော် ညနေပိုင်းမှာ ကြောင်စာထမင်းကျွေးသောအခါ၊ ကျွန်တော့် ငါးကြော် မနေသာပါ။ ဘွားအကြီးက သေးသေးလေး ဖွဲ့ကာဖွဲ့ကာ ထမင်းနှင့်နယ်ကျွေး၏။ ဆီလည်းဆမ်း၊ ဆားလည်း ဖြူးပေး၏။ "ဘွားဘွား၊ မိချွေဝါက ဆီတွေ ဆားတွေ ပါမှ စားတတ်သလားဗျ"ဟု စူးစမ်းလျှင်၊ "ဆီဆားပါရင်

သစ်သားတိုင်တောင် ချိုပါသကော။ ဖိုးချိုလည်းပဲ ထမင်းဆီဆမ်း သားဖြူး ငါးကြော်နဲ့ နယ်ပေးရင် ကြိုက်လှချည့် မဟုတ်ပါလား။ မိချွေဝါလည်း ကြိုက်လှ ချည့်ပေါ့ကွယ်။ ကြည့်ပါလား။ ခေါင်းတောင် မဖော်တော့ဘူး။ တစ်ခါတည်း ငုံ့စားနေလိုက်တာ။ ဘယ်လောက်များ ငတ်ခဲ့သလဲ မသိ။ သူစားတာ ကြွချွေ တော့ အရသားပဲ။ သပ်သပ်ရပ်ရပ်လည်း ရှိပဲ့။ စည်းကမ်းရှိ အကျင့်ကောင်း မယ့် ကြောင်လေးပဲ ဖြစ်မှာ သေချာပါတယ်'' ဟူ၍ ဘွားအေကြီးက စိတ်လို စိတ်ရ ရှည်ရှည်ဝေးဝေးကြီး ရှင်းပြနေပါတော့သည်။

မိချွေဝါသည် သူ့ဒန်ပန်းကန်ပြားလေးတွင်းရှိ သူ့အစာကို ပြောင်စင် အောင် စား၏။ ပြီးတော့မှ ဘွားအေကြီးအား မော့ကြည့်ပြီး၊ ရင်ခွင်တွင်းသို့ ခုန်ဝင်၏။ ဦးခေါင်းလေးဖြင့် ပွတ်ကာ ခွေ့၏။ ကျေးဇူးတင်သည်ဟု ပြောလို တာလား တွေးထင်ရပါ၏။ တစ်အောင့်နေတော့ ကျွန်တော့်ရင်ခွင်ထဲ ခုန်ဝင် ပြောင်းရွှေ့လာ၏။ ကျွန်တော့်လက်ဖမိုးကို သူ့လျှာနုနုလေးဖြင့် လျက်ပေး၏။ ''ညောင်''ဟု အသံပေးကာ၊ ကျွန်တော့်ကို မော့ကြည့်၏။ နားရွက်နှစ်ဖက် ထောင်လျက်၊ ကျွန်တော် ပြောမည့် စကားကို နားစွင့်နေဟန် ရှိပါသည်။ ''မိချွေဝါလေး ထမင်းစားလို့ ကောင်းလား'' ''ညောင်''ဟု ပြန်ထူး၏။

''ဝကော ဝရဲ့လား'' ... ''ညောင် ညောင်''

''ဖိုးချိုတို့နဲ့ နေမှာလား'' ... ''ညောင် ညောင် ညောင်''

ကျွန်တော့်ရင်ခွင်ထဲမှာထိုင်၊ ရင်ဘတ်ကို ခေါင်းနှင့် ပွတ်ခွေ့နေတော့၏။ အမြီးလေးကိုလည်း ဟိုသည်ဝှေ့ယမ်းပြ၍ ကျေနပ်ဝမ်းသာသည့် သဘော ဖြစ်မည် နားလည်ရ၏။ သူ့သခင်ဟု သတ်မှတ်ထားပြီးဖြစ်ဟန်တူ၏။ ကျွန်တော်ကလည်း အထက်ဖော်ပြပါ မေးခွန်းသုံးခုကို အစဉ်အတိုင်း အကြိမ်ကြိမ်မေး၏။ သူကလည်း ထပ်ခါထပ်ခါ ဖြေနေ၏။ ပထမမေးခွန်း အတွက် ညောင် တစ်ခွန်း။ ဒုတိယမေးခွန်းအတွက် ညောင် နှစ်ခွန်းဆင့်။ တတိယမေးခွန်းအတွက်မူ ညောင် သုံးခွန်းဆင့်။ စောစောပိုင်းတုန်းက သိပ် သတိမထားမိပါ။ သုံးလေးကြိမ်မေးလိုက် ထူးလိုက်၊ အတိုင်အဖောက်ညီကာ သတ်မှတ်ချက်ကျ မှန်မှန် ပြန်ထူးသည်ကို ဂရုပြုမိပါပြီ၊ အာဂကြောင်လေးဟု ဘွားအေကြီးက မှတ်ချက်ပြုရ၏။

ညနက်ပိုင်း ရောက်သောအခါ၊ မိချွေဝါ အိပ်ဖို့ ဘွားအေကြီးက ပြင်ဆင် ပေး၏။ မခက်ခဲလှပါ။ ထန်းခေါက်ဖာအဟောင်းလေး၏ အဖုံးကိုယူ၊ စတိုခန်း

ထောင့်မှာချ၊ ဂုံနီအိတ်အဟောင်းလေးကို နှစ်ခေါက်ချိုး ခင်းပေးလိုက်ရုံမျှပါ။ သို့သော် ကြောင်ပါးမိရွှေဝါကတော့ လူ့အနားက မခွါချင်လှပါ။ လူကိုခင်၍ လူ့ကိုယ်ငွေ့နွေးနွေးကို သူ့မိခင်အစား ထင်နေရှာသလား မပြောတတ်ပါ။ ထန်းခေါက်ဖာလေးထဲမှ ခုန်ထွက်လာကာ၊ လူ့ရင်ခွင်ထဲ တိုးဝင်၏။ သူ့ဂေဟာလေးထဲ ပြန်ပို့ ပြန်ခုန်ထွက်နှင့်၊ နောက်ဆုံးမှာ စတိုးခန်းတံခါး ပိတ်ထားလိုက်ရ၏။ ''ညောင်''ဟု အသံပေး၊ တံခါးရွက်ကို သူ့လက်သည်းချွန်ထက်ထက်လေးနှင့် ကုတ်ခြစ်နေတော့၏။ ကျွန်တော်က သနားလှ၍ တံခါးထဖွင့်ပေးတော့၊ ကိုယ်ပေါ်ခုန်တက် တွယ်ဖက်ထားသည်၊ ''ဘွားဘွားရေ ... မိရွှေဝါလေး ဖိုးချိုကိုယ်ပေါ်က မဆင်းတော့ဘူးဗျ''ဟု စစ်ကူတောင်းရ၏။

''ဖိုးချို ... မင်းတော်တော် ရှည်ကဲတာကိုး။ ဘာပြုလို့ တံခါးသွားဖွင့်ရတာတုံး''

''သနားလို့ပါ ဘွားဘွားရယ်။ သူလည်း တစ်ကောင်တည်းဆိုတော့ ပျင်းရှာမှာ။ ကြောက်ရှာမှာပေါ့ဗျာ''

''ဒါဖြင့်လည်း မင်းပါ ကြောင်ဝါလေးနဲ့အတူတူ စတိုးခန်းထဲမှာပဲ အိပ်လိုက်ပေတော့''

ဘွားအေကြီး ကျွဲမြီးတိုချင်နေပြီ၊ စိတ်မရှည်သံ ပေါက်လာပြီ။ ထိုညအဖို့ ကျွန်တော်လည်း အိပ်ပျက်။ မိရွှေဝါလည်း အိပ်ပျက်။ ဘွားအေကြီးလည်း အိပ်ပျက်ပါတော့၏။ မိရွှေဝါ တစ်ညလုံး ညောင်လို့မဆုံး ဖြစ်နေသောကြောင့်ပါ။

မနက်လင်း၍ စတိုးခန်းတံခါး ဖွင့်ပေးလိုက်သောအခါ၊ လွှားခနဲ ကျွန်တော့်ကိုယ်ပေါ် ခုန်တက်လာ၏။ သူ့အညစ်အကြေးသိမ်းရန် ပြာအင်တုံကို ကြည့်လိုက်တော့၊ ချေးတစ်ပုံ ပြာဖြင့် ဖုံးအုပ်ထား၏။ သေးကွက်စိုသော ပြာက နှစ်နေရာ။ သူ့စည်းကမ်းကောင်း၍ အပိုလုပ် သိမ်မလုပ်ရပါ။ နှစ်ရက်တစ်ကြိမ် ပြာအသစ် လဲလှယ်ပေးရုံသာ၊ နောင် နေသားကျလာသော်၊ စတိုးခန်းတံခါး ပိတ်ရန် မလိုတော့ပါ။ သူ့နေရာ သတ်မှတ်ပေးချက် လက်ခံလာပြီ၊ အိပ်ချိန်တန်လျှင် ခေါင်းခွေ့ နှုတ်ဆက်ကာ၊ သူ့ထန်းခေါက်ဖာဂေဟာလေးထဲ ဝင်ကွေး၏။ မနက်စောစော နိုးထလေ့ရှိပြီး ကျွန်တော်တို့အိပ်ခန်းခုတင်ပေါ် ခုန်တက်၏။ ခြေဖွနင်းကာ ခြင်ထောင်ပတ်လည်လျှောက်ရင်း ''ညောင်ညောင်'' အသံပေးပြီး လူကို နှိုး၏။ မွေ့ရာအောက် ခုထားသော ခြင်ထောင်အနားသားကို

ဘွားအေကြီး မသိအောင် ခိုးပင့်ပေးလိုက်လျှင် အသာလေး ခေါင်းလျှိုဝင်လာသည်။ ဘွားအေကြီးနှင့် ကျွန်တော့်ကြားမှာ ဝင်ကွေး၏။ သူ တိတ်တိတ်မနေဘဲ၊ ဂလူး လူး လူ ... ငိုက်မျဉ်းသံပေးလျှင်၊ ဘွားအေကြီးက "ဟင်း... ညည်းနော် ... မိချွေဝါ"ဟု မာန်မဲတတ်၏။ ဘွားအေကြီး စိတ်ဆိုးမှန်းသိလျှင် ပါးနပ်သော မိချွေဝါသည် ဘွားအေကြီးကို ချော့ရှာ၏။

မည်သို့ ချော့ပါသနည်း။ ဘွားအေကြီးခြေသလုံးသားပေါ် တက်၍ သူ့ခြေချောင်းလေးဖြင့် ဖွဖွလေး နင်းနှိပ်ပေးပါသည်။ ဤသည်မှာ ကျွန်တော့် အတုခိုးခြင်း ဖြစ်၏။ ဘွားအေကြီး အကြောအခြင်တက်လျှင် ကျွန်တော်က တက်နင်းပေးနေကျ ဖြစ်သောကြောင့်ပါ။ သူ့ခမျာ သူလုပ်ပေးနိုင်စွမ်းသော နင်းနှိပ်ခြင်းဖြင့် ချော့မော့သည်ကို ဘွားအေကြီး ကျေနပ်နေပါပြီ။

. . . . . . . . . . . . .

## တုံးကျော်မ

"သေနိုင်ပါရိုးလား ... လေဘာတီရယ်။ ပေတစ်ရာဆီ လျှောက်ပါလို့ မြင်သလောက် ပြလိုက်ချင်ပါသည် ..." ဘေးအိမ်က လူပျိုကြီးတစ်ယောက်က ဘာစိတ်ကူးပေါက်သည် မသိပါ။ ရှေးခေတ်ဟောင်းတေးတွေ တစ်ပုဒ်ပြီး တစ်ပုဒ် ဖွင့်နားထောင်နေရာ၊ ဖော်ပြပါ သေနိုင်ပါရိုးလား လေဘာတီရယ် သီချင်းသံက ကျွန်တော့်နားစည်ကို လာရိုက်ခတ်တော့၏။ လေဘာတီသီချင်းတွေကို ကြိုက်တတ်လှသော ကျွန်တော်သည် သံစဉ်ကြားရရုံမျှနှင့် ဘာသီချင်းချက်ချင်းသိပြီး စာသားထည့်ဆိုနိုင်ပါ၏။

"သေတဲ့စကားကိုဖြင့် × မကြားချင်ဘူးနော်အတည်၊ မမုန်းနဲ့နော် အတည် × ရုပ်တော်တော်လှပါသည် × တုံးကျော်မ လေဘာတီ ..."

ကျွန်တော့်အတွေးတွေက ပျံ့လွင့်နေ၏။ သီချင်းတောင်မှ ဆုံးပါတော့မည်။ အချပိုဒ်ကို ရောက်နေပါပြီ။ "တုံးကျော်မရေ...တုံးကျော်မရေ... တုံးကျော်မရေ... မြရင်လေဘာတီ" မိချွေဝါလည်း ကံကောင်းလို့ မသေ၊ တုံးကျော်ခဲ့ဖူးပါသည်။ တုံးကျော်တာမှ လေဘာတီမမြရင်လို တစ်ခေါက်တည်း မဟုတ်၊ နှစ်ခေါက်တောင်မှ မိချွေဝါ တုံးကျော်ခဲ့ပါ၏။ ပထမအကြိမ်မှာ ကျွန်တော်တို့ အိမ်ရောက်ပြီးနောက်၊ နှစ်ပတ်ခန့် အကြာမှာပါ။ မိချွေဝါ အော့အန်နေ၏။ ဘွားအေကြီးကတော့ မိချွေဝါ တောက်တာပါတဲ့။ တောက်

သည်ဆိုသော စကားကို နားမလည်သော ကျွန်တော်က "ဘာမျိုးတုံး ဘွားဘွား"ဟု မေးမြန်းရပါ၏။ "နို့တိုက်ကလေးရှိတဲ့ မအေတွေ အစား မဆင်ခြင်ရင် ကလေး တောက်တော့တာပေါ့ မြေးရယ်။ ဆူးပုပ်တို့ အီကုတ်တို့ စားမိခဲ့ရင် ကလေးချေးစိမ်းပန်း၊ ခေါင်းမွှေးထောင်တော့တာပေါ့ကွယ်" ဟူ၍ ဘွားအေကြီးက ရှင်းပြပါသည်။ (အင်းဓလေ့–ဆံပင်ကို ခေါင်းမွှေး)

"မိရွှေဝါက ချေးစိမ်းမပန်းပါဘူး၊ အစာမကြေဘဲအန်တာပါ ဘွားဘွားရဲ့"

"ဟုတ်တယ်လေ။ မနေ့တုန်းက ဘေးအိမ် ဆူးပုပ်ကြော်ပါရောလား။ အန့်ရတာနဲ့ ဘွားဘွားလေ ကြောင်ဝါလေးကို ပွေ့ချီပြေးပါသေးတယ်။ နည်းနည်းနောက်ကျသွားလို့နဲ့ တူပါတယ်ကွယ်"

"ဆရာဝန်ဦးဘဝင်း ဆေးခန်း သွားပြရအောင်ပါနော် ဘွားဘွား"

"လူ,လူနာကို ကြည့်ပေးတဲ့ ဆရာဝန်ဦးဘဝင်းက ကြောင်,ကြောင်နာကို ဘယ်ကြည့်ပေးနိုင်မှာလဲ မြေးဖိုးချိုရယ်"

"ဒါဆို ဘယ်လို လုပ်ကြမလဲ ဘွားဘွား"

"ကြောင်ရဲ့ ဆေးမြီးတိုက သံပရာသီး။ ဒီတော့ မြေးဖိုးချိုရေ...။ ဟို ကွမ်းရွက်တွေနဲ့ ရောထည့်ထားတဲ့ သံပရာသီးအိုးထဲက တစ်လုံး နှိုက်ယူခဲ့နော်၊ တာအိုးလေးကို သိရဲ့ မဟုတ်လား"

"မီးဖိုခန်း ကြောင်အိမ်ပေါ်က မြေအိုးကို ပြောတာ မဟုတ်လား ဘွားဘွား"

"အေး ... ဟုတ်ပါတယ်၊ ကွမ်းရွက်သံပရာ မခြောက်စေအောင်၊ တာအိုး အောက်မှာ ကြွေဒန်ပန်းကန်ပြား ခံထားတဲ့ဟာနော်"

"သိပါတယ် ဘွားဘွားရဲ့။ အဲဒီဒန်ပန်းကန်ပြားထဲကို ဖိုးချိုပဲ ရေ အမြဲ ဖြည့်ပေးရတာလေ"

ဘွားအေကြီးသည် ကျွန်တော် ယူပေးသော သံပရာသီးကို ထက်ခြမ်းခွဲ၊ ဆားနည်းနည်းတို့ပြီး၊ မရွှေဝါ ပါးစပ်ဖြဲ၊ သံပရာရည် သုံးလေးစက် ညှစ်ချ ပေး၏။ အငြိမ်မနေ ရုန်းကန်၏။ ဦးခေါင်းထိပ်မှစကာ ကျောတစ်လျှောက်၊ မြီးဖျားအထိကို သံပရာသီးခြမ်းဖြင့် ပွတ်သပ်လိမ်းကျံပေး၏။ နားရွက်ပေါက် ထဲ တစ်စက်စီနှင့် စအိုဝပါမကျန် သံပရာရည် ညှစ်ထည့်ပေးတော့၊ မိရွှေဝါ

ထွန့်ထွန့်လူးပါပဲ။ ဝမ်းဗိုက် ခြေလက် အားလုံးနဲ့အောင် လိမ်းပေးပြီး ဆန်ကော ထဲထည့်၊ နေရောင် ပြပေးပါ၏။ သံပရာရည်ကြောင့်၊ အမွေးတွေအားလုံး စုထွေးကပ်ငြိသွားရာ ရုပ်ဆိုးလိုက်တာ၊ ရေမြောင်းထဲ ပြုတ်ကျသည့် ကြွက်စုတ် လေးလိုပါပဲ။

"ဘွားဘွား ... မိရွှေဝါကို နေဆာလှုံခိုင်းတာလားဟင်"

"ဟုတ်တာပေါ့ကွယ်။ ဆောင်းမနက်ခင်းမှာ အချမ်းပြေအောင် မြေးဖိုးချို နေဆာလှုံသလိုမျိုးပေါ့ကွယ်"

"အမွေးတွေ ပြန်ပွလာမှာလား ဘွားဘွား"

"သံပရာရည် ခြောက်သွားရင် အမွေးအရောင် တောက်ပြောင်စိုပြည် လှပလာမှာပါ။ မြေးလေး စိတ်မပူပါနဲ့ကွယ်"

မိရွှေဝါသည် နေဆာလှုံရင်း၊ သူ့လျှာလေးဖြင့် လက်လှမ်းမီသရွေ့ သူ့ အမွေးများကို လျက်နေပါ၏။ ဆေးဖြစ်သော သံပရာရည်များများ ဝင်သွားဖို့ လို၏။ သံပရာသီး တစ်ကြိမ်သာ လိမ်းပေးရ၏။ မိရွှေဝါလေး ပြန်လည် ကျန်းမာလာပါသည်။ "ကံကောင်းလို့မသေ၊ ဆူးပုပ်တောက်တာ ကြောင်တွေ အတွက် အဆိုးဆုံးပဲ။ ဘွားဘွားဖြင့် ကြောင်ဝါလေးကို သေသွားမှာ စိတ်ပူ လိုက်ရတာ။ ခုတော့ တုံးကျော်ပါပြီ။ တုံးကျော်မပေါ့ကွယ်"ဟု ဘွားအေကြီး သက်ပြင်းချရင်း ပြောပြပါသည်။

နောက် ဒုတိယအကြိမ် တုံးကျော်ပုံမှာလည်း အံ့ဖွယ်ဖြစ်၏။ အိမ်ရောက်၍ လေးငါးလခန့် ကြာလျှင် မိရွှေဝါမှာ တစ်သွေးတစ်မွေး ဖြစ်လာပြီ။ ကြောင် အပျိုမတမ်းဟု ဆိုရမည်။ စာကလေးများကို ချောင်းလိုက်တတ်၏။ ခုပ်၍တော့ မရရှာပါ။ ကြွက်လေးများကို ချောင်းခုပ်၏။ ရလေ့ ရှိတတ်၏။ မသေမရှင် ဖမ်းမိသော ကြွက်လေးကို အောင်နိုင်သူပမာ ဝင့်ဝါကြွားဝင့်နေတော့၏။ လွှတ်ပေးလိုက် ပြန်ဖမ်းလိုက်၊ ဘယ်ညာပုတ်ထုတ်လိုက်၊ ပြန်ကုတ်ဆွဲလိုက်၊ မြှောက်ပင့်လိုက် အကျမှာ မိအောင် ပြန်ဖမ်းလိုက်နှင့်သူ့တစ်ကောင်တည်း၊ ဘော့လုံးကစားသလို ကျီစား ဆော့မြူးနေတော့၏။ သူလည်း မောလောက် ရော၊ ကြွက်လည်း အသက်ထွက်ရော။ အခန်းထောင့်တစ်နေရာမှာ အောင်သေ အောင်သားစား၊ ပွဲတော်မြိန်မြိန် တည်ပါပြီ။ "ကြောင်ပုစွန်စား ကျွတ်ကျွတ်ဝါး" ဆိုစကား မှန်လှပါသည်။ ကျွတ်ကျွတ်မြည်အောင်ပင် ဝါးစားနေတော့၏။

ဒုတိယအကြိမ် အအန်ကြီးအန်ကာ သေလုမြောပါး ဝေဒနာခံစားရသော မိရွှေဝါ၏ အမှားမှာ ကင်းလိပ်ချောကို ခုပ်စားမိခြင်း ဖြစ်ပါသည်။ သူ ဘယ်အချိန်တုန်းက ခုပ်ယူစားသောက်ခဲ့သည် မမြင်မိပါ။ ကြမ်းပြင်ပေါ်ဝယ် ဂလူးဂလဲ ပြူးပြူးပြဲပြဲ လူးလှိမ့်အော်မြည်သံ ကြားရသောအခါကျမှ ကျွန်တော်တို့ မြင်မိခြင်း ဖြစ်ပါ၏။ "ဘွားဘွားရေ ... မိရွှေဝါ ဘာဖြစ်သလဲ မသိဘူးဗျ။ အမြန်လာကြည့်ပါဦး"ဟု ကျွန်တော် ဟစ်အော်လှမ်းခေါ်၍ ဘွားအေကြီး အပြေးအလွှား ပေါက်ချလာတော့၏။

"ဟဲ့ ... ဟဲ့ ... ဒီကြောင်ဝါလေးတော့ သေတော့မှာလားကွယ်တို့၊ တစ်ခုခု အစားမှားခဲ့ပြီ။ ဆေးချထားတဲ့ ကြွက်သေကိုများ စားမိခဲ့လေသလား။ အကျိုးတော့နည်းပါပြီ မြေးဖိုးချိုရေ ..."

"သံပရာသီး ယူခဲ့ပေးရမလား ဘွားဘွား"

"ဒီလိုအချိန်မျိုးမှာ သံပရာသီးကော စွမ်းနိုင်ပါဦးမလား။ ရလိုရငြား မြေးလေး ပြေးယူပေးပါဦးကွယ်"

တော်ပါသေး၏။ သံပရာရည် တော်တော်များများကြီး ပါးစပ်ထဲ ညှစ်ထည့်ပေးလိုက်ပြီးနောက်၊ ကျောသပ်ရင်သပ် ပြုစုပေးလိုက်ရာ၊ ဝေါခနဲ ထိုးအန်ပါတော့သည်။ ခရမ်းရောင်၊ အပြာရောင် လက်လက်ထသော အန်ဖတ်ကို ကြည့်ပြီး "ကြောင်ဝါလေးတော့ ကင်းလိပ်ချော ခုပ်စားခဲ့တာကိုး၊ တော်သေးတာပေါ့။ အန်ထွက်လိုက်နိုင်လို့၊ မကြာခင် ပြန်ကောင်းသွားမှာ မြေးဖိုးချိုရေ၊ မင်းသောက်တဲ့ နွားနို့ထဲ သကြားများများ ထည့်ဖျော်ပြီး တိုက်လိုက်ပါကွယ်"

• • • • • • • • • • • • •

ချစ်ဆန်းချိန်

ညောင်ညောင် ... ညောင်ညောင် ... ညောင် ...

တစ်ညချမ်းမှာ ဖြစ်၏။ မိရွှေဝါအော်သံအပြင် အခြားကြောင်ကြီး နှစ်ကောင်ခန့် ပြိုင်အော်မြည်သံပါ ရောနှောထွက်ပေါ်လာ၏။ မိရွှေဝါ၏ ညောင်သံသည်ပင်၊ ခါတိုင်း ဝမ်းဟာထမင်းဆာ၍ အစာတောင်းသံနှင့် မတူဘဲ၊ ချွဲချွဲပျစ်ပျစ် နူတ်ဆက်သံနှင့်လည်း မတူသည့်ပြင်၊ တစ်မျိုးတစ်ဖုံကြီး ထူးခြားနေချေ၏။ အခြားကြောင်ကြီးသံတို့မှာလည်း ရင်ခေါင်းသံကြီး အသံဝါကြီးဟု

ပြောရမလိုပါ။ တစ်ကောင်နှင့်တစ်ကောင် အတိုင်အဖောက်ညီညီ ပြိုင်အော်နေဟန် တူလှပါသည်။

"ဘွားဘွားရေ ...။ မိဋ္ဌေဝါ ဘာဖြစ်နေသလဲ မသိဘူး။ ဖိုးချို အိမ်ပြင်ထွက်ကြည့်လိုက်ဦးမယ်နော်"

"ဟဲ့...ဟဲ့...မြေးဖိုးချို။ ညကြီးမင်းကြီး ထွက်ကြည့်မနေနဲ့။ သူတို့ဘာဝမိတ်လိုက်ချိန်ပဲဟာ။ ကြောင်ထီးကြီးတွေ လူပျိုလာလှည့်နေတာပါ မြေးရဲ့"

ဘွားအေကြီးပြောသံ မစဲခင်မှာပင် တစ်ကောင်နှင့်တစ်ကောင် ပူကပ်လုံးထွေးသံများ ပေါ်ထွက်လာ၏။ ဘွားအေကြီးက မထွက်ပါနှင့် တားမြစ်ခဲ့သော်လည်း၊ မနေနိုင်သော ကျွန်တော့်မှာ အပေါ့စွန့်ရန် အကြောင်းပြထွက်ကာ၊ အကဲခတ်ကြည့်လိုက်၏။ အိမ်ခေါင်မိုးပေါ်မှာ အဝါရောင် အနက်ရောင် အဖြူရောင် ကြောင်သုံးကောင်တို့ ပြေးတမ်းလိုက်တမ်း ကစားနေသည်မျိုး မြင်တွေ့ရ၏။ လဆန်းဆယ်ရက်လရောင်နှင့် ထင်ရှားသဲကွဲစွာ မြင်ရ၍၊ အနက်ရောင်ကြောင်ထီးကြီးကို မှတ်မိလိုက်၏။ တောင်ဘက်နှစ်အိမ်ကျော်မှ "မည်းလုံး"ပါ။ အဖြူရောင်ကြောင်ထီးကြီးကား မြောက်ဘက်အိမ်မှ "ဖြူကြီး" ဖြစ်နေ၏။ မည်းလုံးကား နာမည်နှင့်လိုက်အောင် မိုက်မဲသည့်ပုံ ရှိ၏။ ကြမ်းတမ်း၏။ ဖြူကြီးကတော့ စိတ်ဖြူနူးညံ့သိမ်မွေ့ပုံရှိ၏။ ကျွန်တော့်မိဋ္ဌေဝါကို ဖြူကြီးနှင့်သာ ကြည်ဖြူပါသည်။ မည်းလုံးကို ကျွန်တော် ခဲနှင့် ပစ်ပေါက်လိုက်၏။ သုံးကောင်သား တစ်နေရာစီ ခုန်ထွက် ပျောက်ကွယ်သွားတော့၏။

နောက်တစ်နေ့ မနက်စောစော၊ မိဋ္ဌေဝါ တစာစာနှင့် အစာတောင်းခံနေ၏။ သူ့ညောင်သံမှာ ချွဲပျစ်လွန်း၍ ညတုန်းက အသံနှင့် တခြားစီပါ။ ညတုန်းကအသံကို ဘာသံလို့ ပြောရမှာပါလိမ့်၊ ဒေါသသံ၊ မဟုတ်သေးဘူးဘဲ၊ လောဘသံ၊ ဟုတ်သလိုလို ရှိပေမင့် အပြည့်အဝ မမှန်နိုင်သေးပါ။ ရမ္မက်သံ၊ အင်း ရာဂနှန်းပြည့် မှန်မည် ထင်ရပါသည်။ "အလကား ကြောင်စုတ်မ၊ ကမြင်းမ၊ သွား ... မကျွေးချင်ပါဘူး။ အမြင်ကပ်တယ်၊ ဇာတ်ထဲက ပုဏ္ဏားသံနှင့် ပြောရရင် သောက်ညင်ကပ်နင်းကီးတယ်လို့ ပြောရလိမ့်မယ်။ ဟယ်ကြည့်စမ်း။ နားရွက်နောက်နားမှာ သွေးစို့ဒဏ်ရာနဲ့ပါလား။ ကေန္တ မည်းလုံးလက်ချက်နေမှာ။ ဖြူကြီးက ဒီလို ကြမ်းတမ်းအနိုင်ကျင့်မှာ မဟုတ်ပါဘူး" ဟူ၍ ကျွန်တော့်မှာ မြည်တွန်တောက်တီး၍ မဆုံးနိုင်တော့ပါ။

ကျွန်တော့်ခြေသားလုံးကြားမှာ ခေါင်းလာဝှက်ကာ ချော့နေခွဲနေ၏။ မနေနိုင်တော့လည်း ငါးသားဖွဲခြောက် ထည့်ထားသည့် ဟောလစ်ပုလင်းကို ပွေ့ယူလျက်၊ တစ်ဆုပ်ချင်း ချကျွေးနေမိတော့သည်။ သူ့နားက သွေးစို့အနာကိုလည်း နနွင်းသိပ်ပေးရသေး၏။ တကယ်အလုပ်ပေးသည့် မိရွှေဝါပင်။

သည်လိုနှင့်၊ ဖူးချိန်တန်ဖူး၊ ပွင့်ချိန်တန်ပွင့် ဆိုသလို၊ နောက်ထပ်သုံးလခန့်အကြာမှာ မိရွှေဝါတစ်ကောင် "အပျိုလို မနေမိလို့ ခါးချည့်တဲ့လေး" အဆိုအတိုင်း၊ ဗိုက်ကြီးတစ်ပြည့်ဖြင့် အသွားအလာ နှေးကွေးပြီ၊ အစားပုပ်ပြီး အအိပ်ကြီးပြီ။ "ပျင်းတာမဟုတ်၊ အားမွေးနေတာ"ဟု ဘွားအေကြီးက မှတ်ချက်ပြု၏။ "သူ့ခမျာ မကြာခင် မီးဖွားရတော့မယ့်ဥစ္စာ"ဟူ၍လည်း နောက်ဆက်တွဲစကား ဖြည့်လိုက်ပါသေး၏။ သူ့ဗိုက်ကြီးကားနေပုံက ခုပဲ မွေးချတော့မလိုလို။

တစ်ညဦးမှာ ဖြစ်၏။ မိရွှေဝါတစ်ကောင် ကုန္ဒြေမရလောက်အောင်ပင် လူးလိမ့်လိုက်၊ ညောင်သံ အဆက်မပြတ် ပေးလိုက်၊ ညည်းညူသံပြုလိုက်၊ ကျွန်တော်တို့ကို မျက်စိသူငယ်လေးဖြင့် မော့ကြည့်လိုက်၊ ခေါင်းနှင့် ဝင်ခွေ့လိုက်၊ အမြီးကို တဘုတ်ဘုတ် ကြမ်းပြင်မှာ ရိုက်လိုက်နှင့် ဖြစ်နေတော့၏။ "ဒီလို ရှုးယားခတ် ပျာယာခတ်နေပုံမျိုးဖြင့် ကြောင်ဝါလေး ဒီည ကလေး မွေးတော့မယ် သေချာတယ်"ဟု ဘွားအေကြီး ခန့်မှန်းပြောဆိုတော့၏။ ထိုအချိန်တုန်းက တိရစ္ဆာန်ဆရာဝန်လည်း မရှိသေး၍၊ တိရစ္ဆာန်ဆေးကုခန်းလည်း မဖွင့်သေးပါ။ ကူညီချင်သော်လည်း မကူညီနိုင်၊ လက်မှိုင်ချနေရတော့သည်။

ဘွားအေကြီးကမူ မိရွှေဝါလေးကို သူ့ထန်းခေါက်ဖာ အိမ်ဂေဟာလေးထဲမှာ ထည့်ထားပေးပြီး၊ ခေါင်းသပ်ကျောသပ် ချော့မော့နှစ်သိမ့်ပေးနေပါ၏။ ကြောင်ဝမ်းနာခြင်းမှာ လူလိုပင် တစ်ချက်တစ်ချက် ထိုးအောင့်ပုံ ရှိ၏။ နားနားပြီး နာနေသည်မှာ သေချာ၏။ နားချိန်သည် တဖြည်းဖြည်း နီးကပ်လာပါ၏။ တစ်ခါတစ်ခါ မိရွှေဝါ ရုတ်တရက်ကြီး အာခေါင်ခြစ်သံ စူးစူးရှရှကြီး ဟစ်အော်လိုက်ပုံမှာ သနားစရာ အလွန်ပင် ကောင်းနေပါတော့သည်။

"အင်း ... ငါ့မှာလည်း မြေးဖိုးချိုကောင်းမှုနဲ့ အသက် ၇၀–ကျော်မှ ကြောင်လက်သည် ဖြစ်တော့မယ် ထင်ပါရဲ့"ဟု ပါးစပ်က ညည်းညူရင်း၊

ဝမ်းဗိုက်ဖောင်းဖောင်းမို့မို့ကို အသာအယာ ပွတ်ပေးသပ်ပေးပြီး ခါး အောက်ပိုင်းသို့ ဖြည်းညင်းစွာ သပ်ချပေးနေ၏။ ''ကြောင်အပျိုဗိုက်မို့ ဒီလောက် အမွေးရ ခက်နေရှာတာ။ သနားလိုက်ပါဘိတော့ မိဋ္ဌေဝါလေးရယ်။ မိန်းမတို့ ဓမ္မတာပေပဲ။ လူမမှ မဟုတ်ဘူး။ ကြောင်မမှာလည်း သူ့သဘာဝ သူ့ဒုက္ခကြီးနဲ့ပဲပေါ့။ သည်းခံနော် သည်းခံ။ ဘာမှ အားမငယ်လေနဲ့။ တို့ မြေးအဘွား ညည်းနားမှာ ရှိနေတယ်။ ဒီလိုနဲ့ပဲ တစ်ညလုံး အိပ်ရတော့မယ် မထင်ပါဘူးဟယ် ...''

ဘွားအေကြီး ခန့်မှန်းသည့်အတိုင်းပင်၊ သန်းခေါင်ကျော်မှာ ပထမဆုံး တစ်ကောင် ပြူတစ်နှင့် တစ်ပိုင်းတစ်စ ထွက်လာ၏။ တစ်ဆို့နေ၍ ဘွားအေ ကြီးက မရွံ့မရှာ အသာလေး ဆွဲထုတ်ပေးရ၏။ အသက်ပါမလာပါ။ အသေ ကောင်လေး ဖြစ်၏။ အမွေးလည်း မစုံ၊ သားတစ်နီဖျော့ဖျော့ပျော့ပျော့လေး ရယ်။ ''သေသွားခဲ့တာလား ဘွားဘွားရယ်''ဟု မေးမိ၏။ ''မဟုတ်ရပါ ဘူးကွယ်။ လျှောမွေး အသေလေးပါ။ ဒါ သူ့ထုံးစံပါ မြေးရဲ့။ ကျန်တဲ့ အကောင်တွေကျတော့ အမွေးစုံပြီး အသက်ရှင်လျက် မွေးမှာပါ မြေးရဲ့'' ဟူ၍၊ ပြန်လည် ရှင်းပြပါ၏။ ''ဘွားအေကြီးက အတွေ့အကြုံ ရင့်ကျက်ပြီး သားမို့ ပြောတဲ့အတိုင်း ဟုတ်မှာပါ''ဟု စိတ်ကို ဖြေသိမ့်ရင်း ဆက်လက်ပြူစု စောင့်ကြည့်နေကြရပါသည်။

ထူးဆန်းသည်မှာ ယင်းလျှောမွေးအသေကောင် သားဦးလေးကို မိဋ္ဌေဝါ က ဝါးစားပါတော့၏။ ''ဘွားဘွားရေ ... ကြောင်သေပေါက်စနလေးကို မိဋ္ဌေဝါ ကိုက်စားနေပြီဗျ''ဟု အလန့်တကြား ကျွန်တော် အော်ပြောမိတော့ ''ဒါ သူ့ဆေးဝါးပဲ မြေးရယ်။ ကျန်းမာအားရှိအောင် ဒီလိုပဲ စားရတာမျိုး ကွယ့်''ဟူ၍ ဘွားအေကြီးက တုံ့ပြန်ဖြေကြားရှင်းပြပါသည်။ အတိုချုပ်ရသော် တစ်နာရီလောက် ခြားပြီးမှ၊ တစ်ကောင်နှုန်းဖြင့် မိဋ္ဌေဝါ မီးဖွားရရှာ၏။ ပထမဆုံးထွက်လာသော သက်ရှိကြောင်ငယ်လေးမှာ အနက်ရောင် ဖြစ်နေ၏။ ''ဟွန်း မုန်းစရာကြီး။ မည်းလုံးကလေးပဲ နေမှာပါဗျ''ဟု ကျွန်တော်ပြော၍ ဘွားအေကြီးက ပြုံးသဲ့သဲ့လေး နှုတ်ခမ်းကွေးရုံမျှ ဝှက်ပြုံး၏။

ဒုတိယအကောင်ကျတော့ ရွှေဝါရောင်လေးတဲ့၊ ''မအေတူ ကြောင်ငယ် သားပေါက်လေးပေါ့ဗျာ''။ ကျွန်တော့်မှတ်ချက်ကို ဘွားအေကြီးက ခေါင်းညိတ်

ထောက်ခံ၏။ "ဖြူကြီးကလေးကော မပါဘူးလားဗျ" သိချင်ဇောကို ထိန်းမရဘဲ ပြောမိပါ၏။ နောက်တစ်နာရီခန့်အကြာမှာ ဖြူဖြူဖွေးဖွေးလေး ထွက်ပေါ်လာ၏။ "ဟော ... ဖြူကြီးကလေးပါဗျ" အော်ပြောမိ၏။ မြေးအဘွားနှစ်ဦးလုံး ဝမ်းသာလုံး ဆို့သွားကြ၏။ အရုဏ်လည်း တက်ခဲ့ပါပြီ၊ မိုးသောက်ကြယ်ကြီး ထွန်းလင်းတောက်ပနေဆဲ။

• • • • • • • • • • • • •

## သားသည်အမေ

မိဒွေ့ဝါ မောပန်းနွမ်းနယ်သွားခဲ့ပြီ၊ သူ့ဂေဟာ ထန်းခေါက်ဖာလေးထဲက ထွက်မလာဘဲ မှေးအိပ်နေ၏။ ကြောင်ပေါက်လေးသုံးကောင်တို့ကတော့ နို့သီးလိုက်ရှာပြီး နို့စို့ဖို့ ကြိုးစားနေကြ၏။ မျက်စိက မဖွင့်နိုင်သေးပါ။ ခေါင်းလေးခွေ့၍ နှာခေါင်းလေး ပါးစပ်နှုတ်ခမ်းလေးတို့ဖြင့် နို့သီးလိုက်စမ်းရှာဖွေရင်း၊ တစ်ကောင်နှင့်တစ်ကောင် ပူးကပ်ထပ်ညပ်နေလျက် ရှိကြ၏။ နို့ရည်ကလည်း သိပ်မထွက်နိုင်သေးပါ။ ရေခွက်၊ ထမင်းနှင့် ငါးသားဖွဲ့ခြောက်ခွက်၊ နွားနို့ခွက်တို့ကို ထန်းခေါက်ဖာအနီးမှာ တန်းစီချထားပေး၏။ ရေနှင့်နွားနို့ကိုတော့ မိဒွေ့ဝါ ဖြည်းဖြည်းချင်း သောက်၏။ မနက်ပိုင်းမှာ ထမင်းကို လုံးဝ မတို့ထိသေးပါ။ ညနေပိုင်းကျမှ ဖြည်းဖြည်းသာသာ ဝါးစားနေသည်ကို တွေ့ရ၏။ သူ့နို့သီးခေါင်းနှင့် သူ့ကလေးပါးစပ် တေ့ပေးသည်ကိုပင် သိပ်မကြိုက်ချင်နေပါ။ တဟင်းဟင်းနှင့် မာန်ဖီပြ၏။ သားမာန်တက်နေဟန် ရှိ၏။ ဘွားအေကြီးက လက်ပူမိ၍ ကြောင်ပေါက်တွေ သေကုန်ဦးမည်။ အနားသိပ်မသွားနှင့် ကြောင်မကြီးက စိတ်မချလျှင် သားတော (ရွှေ့ပြောင်း) တတ်သည်ဟူ၍ ကျွန်တော့်ကို ဆုံးမသတိပေးစကား ပြောကြားသွန်သင်ထားပါသည်။

ကြောင်မလေး မိဒွေ့ဝါ မဟုတ်တော့ပါ။ သားသည်အမေ ကြောင်မကြီး မိဒွေ့ဝါ။ ကြောင်မကြီး မိတုံးကျော်မ ဖြစ်နေပါပြီ။ သားပေါက်လေးတွေကို မျက်ခြည်မပြတ် စောင့်ကြည့်၏။ သားဦးဆိုတော့ ပိုပြီးသံယောဇဉ်တွယ်တာဟန် တူပါ၏။ မျက်စိလေးများကို သူ့လျှာဖြင့် လျက်ပေးလိုက်၊ ကိုယ်လုံးတွေကို လျက်ပေးလိုက် အမြဲလုပ်နေ၏။ တစ်ပတ်ဆယ်ရက်ခန့်ရှိမှ ကြောင်သားပေါက်လေးတွေ မျက်စိကောင်းကောင်း ဖွင့်နိုင်ကြ၏။ အချိန်ရှိသရွေ့ သားပေါက်တွေနှင့်သာ နေ၏။ အိပ်၏။ အစာထွက်စား ရေထွက်သောက်

သည်ပင် စိတ်က မချချင်နေပါ။ ကျိုးကန်းတောင်းမှောက် မျက်လုံးများဖြင့် အကဲခတ်ရင်း စားသောက်ရရှာ၏။ ပြော်ဘ် မိခင်မေတ္တာ အနန္တပါတကား။ မိခင်စေတနာ နှိုင်းမရပါတကား။

တစ်လကျော်သောအခါ ကြောင်ပေါက်လေးတွေ ထန်းခေါက်ဖာ အပြင်ဘက်သို့ ကြိုးစားတွယ်ကပ်ထွက်ကြ၏။ မိဇွေဝါက သားပေါက်လည်ကုပ်မှ ကိုက်ချီပြီး သူ့ဂေဟာလေးထဲ ပြန်ပြန်ထည့်၏။ ကြောင်လေးတွေ ထမင်းလုံး ဟင်းလုံး နည်းနည်းစီ ကောက်စားတတ်ပါပြီ။ ချစ်စရာ တစ်သွေးတစ်မွေး ပြောင်ရောင်လာ၏။ အနက်ရောင်ကို 'မည်းလေး'၊ အဝါရောင်ကို 'ရွှေဝါလေး'၊ အဖြူရောင်ကို 'ဖြူလေး'ဟူ၍ နာမည်အသီးသီး ပေးထား၏။ တုတ်ဖျားမှာ စက္ကူလေးတွေ ချိတ်ဆွဲပြီး မြှူဆွယ်လျှင်၊ ဆော့ကစားကြ၏။ သူတို့အမေ မိဇွေဝါ ငယ်တုန်းကလည်း သည်အတိုင်းပင် ဖြစ်၏။ မျက်စိနောက်လောက်အောင်ပင် ခုန်ဆော့ပါသည်။ မိဇွေဝါကြီးကလည်း စာကလေးတို့ ကြွက်ငယ်လေးတို့ ခုပ်လာပြီး အချောင်းသင်ပေး၏။ အခုပ်သင်ပေး၏။ သူတို့ကလည်း အပြိုင်အဆိုင် သင်သလား ဆော့သလား မပြောနှင့်၊ မျက်စိကို နောက်ရော။

တစ်ညနေ ကျောင်းဆင်းအပြန်တွင်၊ ကျွန်တော့်အိမ်အနီးနေ သူငယ်ချင်း တစ်ဦးသည် အိမ်ဝင်လည်၏။ ကြောင်သားပေါက် မွေးထားကြောင်း သူကြားသိပြီးသားပါ။ တွေ့ဖူးချင်၍ သူဝင်လည်ခြင်းပါ။ အခန့်သင့်ပင်၊ ကြောင်ငယ်လေးတွေ ထန်းခေါက်ဖာအပြင်ဘက် ရောက်နေကြ၏။ သူ ကောက်ချီပွေ့တော့၏။ မိဇွေဝါကြီး မာန်ဖီတော့၏။ ကလေးတွေကို ပွေ့ချီသော သူစိမ်းယူငင်သွားမှာ ကြောက်နေ၏။ ကျွန်တော် တောင်းပန် ပြောဆိုတော့မှ၊ ကြောင်လေးတွေကို ပြန်ချပေးပါ၏။ ပြီးတော့ အိမ်ပြန်သွားပါသည်။ ကိစ္စငြိမ်းအေးပြီ ထင်လိုက်၏။ မဟုတ်ပါ။ မအေးငြိမ်းပါ။ အကြောင်းမှာ မိဇွေဝါကြီး သားပေါက်တစ်ကောင်ကို ကိုက်ချီကာ ပြတင်းပေါက်က ခုန်ထွက်သည်ကို ကျွန်တော် မြင်လိုက်ရ၍ ဖြစ်၏။

ထမင်းစားခန်းမှ အိမ်အပြင်သို့ ထွက်ကြည့်တော့၊ ဘေးအိမ် ဂိုဒေါင်ခေါင်မိုးဘက် ကူးသွား၏။ သူ အရှိန်ယူ ခုန်ကူးလိုက်ပုံမှာ သည်းထိတ်ရင်ဖိုစရာပါ။ မှန်းချက်မပေါက်ဘဲ လွတ်ကျသွားလျှင် သေဖွယ်ရာ ရှိပါတော့မည်။ အံ့ဩစရာ ကောင်းလှ၏။ လွှားခနဲ တစ်ချက်တည်းနှင့် မိမိရရ ရောက်၏။

မည်းလေး ပါသွားခြင်းပါ။ ထန်းခေါက်ဖာကို သွားကြည့်တော့ မျက်စိသူငယ်နှင့် ဖြူလေးတစ်ကောင်တည်းသာ ကျန်ရစ်၏။ ဦးဆုံးသားတောသည်မှာ ရွှေဝါလေး ဖြစ်၏။ အချစ်ဆုံးကို အဦးဆုံး သားတောပါသတဲ့လေ။ ဒါဆို မည်းလေးကို ဒုတိယဦးစားပေးပေ့ါ။ ကျွန်တော်က ဖြူလေးကို မည်းလေးထက် ပိုချစ်မည် ထင်ထားခဲ့၏။ မှားနေပါပေ့ါလား။ ဖြူလေးက နောက်ပိတ်ဆုံး ဓားမနောက်ပိတ်ခွေ ဖြစ်နေရှာ၏။ ထိုည၌ နောက်ဆုံး ဖြူလေးကို ချီပြီး လွှားခနဲအခုန်တွင် ကံကောင်း၍ ပြုတ်မကျခြင်းပါ။ သုံးချီသုံးခါဆိုတော့ကာ မိရွှေဝါကြီး မောရှာပြီ နေမှာ။ သီသီလေး လက်မတင်လေး လွတ်မြောက်သွား၏။ ဟူး ... ရင်မောရပါဘိခြင်း။

တစ်ပတ်ခန့် ကြာသွားခဲ့ပါပြီ။ မိရွှေဝါကြီး သားတွေကို ပြန်မတောရွှေ့လာသေးပါ။ တစ်ဖက်အိမ်က ဂိုဒေါင်မှာ ပိုလုံခြုံသည်ဟု သူယူဆထားဟန်တူ၏။ ကျွန်တော်တို့ကလည်း စိတ်ချထားခဲ့၏။ မှားပါသည်။ မည်းလုံးကြီး၏ရန်ကို သတိမပြုမိခြင်းကြောင့်ပါ။ မည်းလုံးကြီးသည် ကြောင်သားပေါက်များကို လိုက်လံကိုက်သတ်တတ်ကြောင်း ကြိုသိမထားခဲ့ပါ။ အထူးသဖြင့် သူ့အရောင်အတိုင်း တစ်ကိုယ်လုံး မည်းနက်နေသည့် သူ့ရင်သွေးသားပေါက်ငယ်များအား ကြီးခွင့် သူမပေးဘဲ ဦးစားပေး ပထမဆုံး ဖြိုခွင်းတတ်ပါသတဲ့။ အထီးလေးတွေကိုမှ ရွေးပြီး သတ်တာ ဆိုပါလား။ သူ့ပြိုင်ဖက်များ ဖြစ်လာမည် စိုးပုံ ပေါ်၏။ အမလေးတွေကိုတော့ ချမ်းသာပေးတတ်မြဲပါတဲ့။ အနံ့ဖြင့်ပင် အထီးအမ ခွဲခြားနိုင်စွမ်းကိုလည်း အံ့ဩမိပါ၏။ မိရွှေဝါ၏သားပေါက်သုံးကောင်လုံး အထီးတွေချည့်မို့ “သားပိတ်”လာတ်ကောင်းသည် ပြောကြ၏။ ပြောကြသည့် အယူထုံးအတိုင်းလည်း ကျွန်တော်တို့အိမ် အတော်လေးအဆင်ပြေခဲ့ပါသည်။

ညည့်နက်နေပါပြီ။ ကြောင်ရန်ဖြစ်သံ၊ အော်ဟစ်သံ၊ ကုတ်ခြစ်သံတွေ ညံနေအောင် ကြားရ၍ ထူးဆန်းနေခဲ့၏။ နောက်မနက်မှာ ဘေးအိမ်က ကြောင်နက်ငယ်လေး “မည်းလေး”အသေကောင်ကို တွေ့ကြောင်း သတင်းလာပေး၏။ လည်ပင်းတွင် ကိုက်သတ်ဒဏ်ရာကြောင့် ညတုန်းက မည်းလုံးကြီးလာဖြိုခွင်းခြင်းဖြစ်ကြောင်း ရိပ်စားမိပါပြီ။ မိရွှေဝါကြီးလည်း ကျန်ကလေးနှစ်ကောင် ရွှေဝါလေးနှင့် ဖြူလေးတို့ကို သူ့ဂေဟာ ထန်းခေါက်ဖာသို့ ပြန်ရွှေ့

လာပါတော့၏။ ကြောင်ပေါက်လေးနှစ်ကောင်ခမျာမှာ ဘာမှ နားမလည်ရှာပါ။ တစ်ကောင်နှင့်တစ်ကောင် ပူးချည်ခွါချည် လုံးသတ်ကစားနေကြ၏။ ကြွက်ခုပ်နည်း၊ ငှက်ချောင်းနည်း၊ လုစ်ခနဲခုန်အုပ်နည်းများကို မိဋ္ဌေဝါကြီးက သင်ကြားပေးနေ၏။ သူခုပ်ခဲ့သော ကြွက်၊ ဖမ်းခဲ့သော စာကလေးများဖြင့် ဟန်ရေးပြလက်တွေ့သင်ပြသည်မှာ ကြည့်လို့ပင် အလွန်ကောင်းလွန်းနေပါ၏။ ''ကျားဆရာကြောင်''ဆိုသည်ကား ဟုတ်မှန်နိုင်ပါသည်။

ရက်များမကြာမီ၊ တစ်နေ့လယ်ခင်းမှာ ဖြစ်၏။ ဖြူလေးတစ်ကောင် ပါးစပ် အမြှုပ်တစီစီနှင့် ကြမ်းပြင်မှာ လူးလိမ့်နေရှာ၏။ သံပရာရည်ညှစ်ကာ ကုစားပေးလည်း မရပါ။ မျက်ဖြူလှန်ကာ သေရှာ၏။ အခန်းထောင့်မှာ စားလက်စ ကင်းလိပ်ချော အနက်နှင့် အညိုစင်းကို တွေ့ရှိတော့မှ မိဋ္ဌေဝါကြီး မှတ်သည်းခြေမရှိဘဲ ကင်းလိပ်ချော ဖမ်းယူလာသည် မှန်းဆမိ၏။ မိဋ္ဌေဝါ တုန်းက အရွယ်အတန် ရလာပြီဖြစ်၍ ခံနိုင်ရည်ရှိသည် ဖြစ်မည်။ ဖြူလေး ခမျာမှာ အရွယ်အတော်နုငယ်သေး၍ အဆိပ်ဒဏ် မခံနိုင်ရှာဘဲ၊ အသေစော ရခြင်းရယ်ပါ။ အတွေ့နောက်ကျ အကုသနောက်ကျခြင်းလည်း ပါနိုင်၏။ ဖြူလေးအသက်ငင်နေစဉ် မိဋ္ဌေဝါကြီးသည် လျှာဖြင့် ကြင်နာစွာ လျက်ပေး၏။ ညောင်ညောင်ဟု အကူအညီတောင်း၏။ သူ့သားဖြူလေးကို ကယ်ပါဦးဟု တောင်းပန်တိုးလျှိုးနေ၏။ အဆိပ်မြှုပ်များကိုပင် မရွံမရှာ မစိုးမကြောက် သူ့လျှာဖြင့် လျက်ပေး၏။ မိခင်စိတ်ဓာတ် အပြည့်ရှိကြောင်း ထင်ရှား၏။ ကျောသားရင်သား မခွဲခြားပါတကား။

သားတောရွှေ့တုန်းက ဖြူလေးကို နောက်ဆုံးထားရွှေ့၍ အချစ်နည်းသည် ထင်ထားတာ မှားနေ၏။ မည်းလေးကို ဘာကြောင့် ဦးစားပေး ရွှေ့ရပါသနည်း။ ကြောင်ဆိုးကြီးမည်းလုံးသွေးကို မေတ္တာပိုနေလေရော့သလား။ ဆိုးသူကို နှစ်ရွှေး အလေးသာခဲ့လေသလားပဲ၊ ဒါမှမဟုတ် ပိုချစ်သော ဖြူလေးကို မောပန်းချိန် အားသွင်း အရှိန်ပြင်းပြင်း တင်နိုင်မည် ဖြစ်သောကြောင့်လား။ ကျွန်တော့် အတွက်တော့ ပဟေဠိ ဖြစ်နေရဆဲပါ။ မသေခင် အစွမ်းကုန် ပြုစုယုယ ပါသော်လည်း၊ ဖြူလေးလည်း ဇိဝိန်ချုပ်ရော၊ ဟော ... တစ်ချက်တည်း ဆွေးဆွေးမြည့်မြည့်ကြီး အော်မြည်ပြီး၊ အခန်းထောင့်တစ်နေရာမှာ သွားခွေနေ၏။ သူ့သားပေါက် ဖြူလေး သေရခြင်းသည် သူနှင့် ဘာမှ မသက်ဆိုင်သလိုလို၊ ကျွန်တော်တို့မှာ မျက်ရည်လည်ရွဲ ဝမ်းနည်းပန်းနည်း

ဖြစ်နေရသော်လည်း၊ သူကဖြင့် သူ့ရင်သွေး မဟုတ်သယောင်ယောင်၊ သခါရ ဓမ္မကို သူ အပြည့်အဝ နားလည်ခံယူထားလျက်၊ လောကဓံဒဏ်ကို သူ ဂရုမစိုက်၊ မမှုတော့သည့်အတိုင်းပင်။ ကျွန်တော်တို့ မြေးအဘွားကို သူကပဲ တစ်ပြန်တစ်လှည့် တရားပြနေချေသေးတော့၏။

• • • • • • • • • • • • •

__ဆွေးဖွယ်နိဂုံး__

ဤအပိုင်းကို ကျွန်တော် ပြန်မတွေးချင်ဆုံး၊ ပြန်မရေးပြချင်ဆုံး ဖြစ်၏။ တွေးမိတိုင်း ဆွေးမိရ၏။ ယင်းအဆွေးကလည်း ဆွေးမျောကြီးဖြစ်လျက်၊ သက်ပြင်းအခါခါ ချမိစမြဲမို့ပါ။ ရေးရမည်ဆိုလျှင်လည်း ရင်တွင်းကျဆင်းသော မျက်ရည်ကို မင်ရည်ဖျော် ရေးသားရပါလိမ့်မည်၊ ဆက်မရေးလို့ကလည်း မဖြစ်၊ ရေးလက်စကြီးတန်းလန်း မထားခဲ့နိုင်ပါ။ ထိုသောအခါ အပ္ပရုပ်ကို အုပ်ဖုံးကာ ယင်းဆွေးမျောအတိတ်ကိုပင် ရင်နာနာနှင့် ရေးပြအဆုံးသတ် ပေးခြင်းဖြင့် စာပေတာဝန်ကို ကျေပွန်ရပါမည်။ ကလောင်မသွက်နိုင်ပေမင့်၊ ပင့်သက် အကြိမ်ကြိမ် ချပြီး၊ နိဂုံးအဆုံးသတ်ပေးရပါတော့မည်။

မည်းလုံးကြီး၏ရန်ကို ဂရုစိုက် ကာကွယ်နေသည့်ကြားကပင်၊ ဖြူလေး ကင်းလိပ်ချောအဆိပ်မိ သေ၏။ ဆယ်ရက်ခန့်သာ ခြားပါလိမ့်မည်။ နေဝင်ရီ သရော အချိန်မှာ ဖြစ်၏။ မည်းလုံးကြီး အိမ်ထဲ ရိပ်ခနဲ ခုန်ဝင်လာပါသည်။ ပထမတုန်းက မည်းလုံးကြီးဟု မရိပ်စားမိခဲ့ပါ။ ညီအစ်ကိုမသိတသိအချိန်မို့ ကြောင်လုံးကလည်း မသဲကွဲပါ။ အရောင်ကိုလည်း မဖမ်းလိုက်မိပါ။ မိရွှေဝါကြီး ပဲ ထင်မိ၏။ မည်းလုံးကြီး ဤမျှရဲတင်းလိမ့်မည်ဟု ထင်မထားခြင်းကလည်း ကျွန်တော်တို့ မဟာအမှားပင်၊ ကြောင်ပေါက်ရွှေဝါလေး၏ တစာစာ ထိတ်လန့်စွာ အော်မြည်သံ၊ မိရွှေဝါကြီး၏ အလန့်တကြား မာန်ဖီတုံ့ပြန်သံ၊ အခြား ကြောင်ကြီးတစ်ကောင်၏ အော်ဟစ်သံ၊ ကုတ်ခြစ်သံ၊ လုံးထွေးသံတို့ကြောင့် ခြေထောက် ရေဆေးနေသော ကျွန်တော် အိမ်ထဲ ပြေးဝင်လိုက်၏။

လူဝင်လာသံကြား၍ ကြောင်ထီးမည်းလုံးကြီး ပြတင်းပေါက်မှ လွှားခနဲ တစ်ရှိန်ထိုး ခုန်ထွက်သွား၏။ မိရွှေဝါကြီးက ထက်ကြပ်မကွာ၊ တရစပ် လိုက်ခုန်ထွက်၏။ ကျွန်တော် အိမ်ပြင်သို့ ထွက်ကြည့်၏။ မှောင်ရီပိုးတဝါး ပေမင့် သဲကွဲစွာ မြင်နိုင်ပါသေး၏။ မည်းလုံးကြီး တစ်ဖက်အိမ် ဂိုဒေါင်ခေါင်မိုး

သို့ လွှားခနဲပင် တအားကြီး ခုန်ကူး၏။ မိရွှေဝါကြီးကလည်း အညံ့မခံဘဲ၊ လွှားခနဲပင် လိုက်ခုန်ကူး၏။ ခေါင်မိုးပေါ်မှာ နှစ်ကောင်သား လုံးထွေး ကိုက်သတ်နေကြ၏။ မိရွှေဝါကြီးကို ဤမျှ စွမ်းဆောင်နိုင်လိမ့်မည်ဟု ကျွန်တော် ထင်မထားမိခဲ့၍ အလွန်အမင်း အံ့သြသွားခဲ့ရ၏။ အာဂကြောင်မကြီး မိရွှေဝါ ပေပဲ။ ချီးကျူးစရာ ကောင်းလှ၏။ မည်းလုံးကြီး၏ တိုက်ကွက်ကို အလစ် မပေးဘဲ တန်ပြန် ခုခံကိုက်၏။ အခွင့်သာလျှင် အတင်းဝင်တိုးပြီး တိုက်စစ် ဆင်၏။ လျှော့တွက်ထားသော မည်းလုံးကြီးပင် အငိုက် အခါခါမိ၏။ မိရွှေဝါ ကြီးသည် အလွတ်မပေးဘဲ အသေအကြေ သတ်မည်ဟု ဆုံးဖြတ်ထားပြီး ဟန် တူ၏။ သားဇောဖြင့် ဖွတ်ဝင်တွယ်နေချေ၏။

တစ်ချိန်မှာ မည်းလုံးကြီး အောက်မှာပက်လက်၊ မိရွှေဝါကြီး အထက်စီးက အုပ်ပြီး ကိုက်နေ၏။ ရုတ်တရက် မည်းလုံးကြီး ပြန်အထ၊ နှစ်ကောင်သား ပူးလုံးနေရာမှ ဟန်ချက်ပျက်ပြီး ဝုန်းဝုန်းအသံနှင့် အတူ လိမ့်ဆင်းလာနေ၏။ မိရွှေဝါကြီးက မည်းလုံးကြီးကို အသေအမိအရ ကုတ်ဖွဲ့တွယ်ဖက်ထားလျက် ဖြင့်ပင်၊ နှစ်ကောင်သား လုံးထွေးပြီး၊ ခေါင်မိုးတံစက်မြိတ်အစွန်းမှ ပြုတ်ကျ ပါတော့သည်။ ''ဘုတ်''ဟူသော အသံကြီးသည်၊ မြေပြင်သမံတလင်းပေါ် အရှိန်အဟုန်ဖြင့် ဆောင့်ကျသံ ဖြစ်၏။ ရင်ခေါင်းသံကြီးနှင့် နှစ်ကောင်သား အော်သံ ပွက်လောညံသွားတော့၏။ ပြီးတော့ အားလုံး ငြိမ်သက်သွားတော့ သည်။ ကျွန်တော် ဟိုဘက်ခြံ ပြေးကြည့်တော့၊ ပါးစပ်မှ သွေးများ ယိုစီးလျက် မည်းလုံးကြီး သေနေပါပြီ။ ရွှေဝါကြီးခေါင်းမှာလည်း သွေးတွေနှင့်ပါ။ မျက်စိ လှန်ကြည့်ရင်း ညောင်သံသေးသေး ပေး၏။ သူ့ရွှေဝါလေးကို စိတ်မချ၍ အသက်ထွက်ရန် အောင့်ထားဟန် ရှိ၏။ ကျွန်တော် ရွှေဝါလေးကို ပွေ့ချီ ယူပြပေး၏။ ဘာမှမဖြစ် ချမ်းသာရာရကြောင်း သိရှိ စိတ်ချသွားတော့မှ ညောင် ... ဟူ၍ တစ်ချက်တည်း ရှည်ရှည်မျောမျောကြီး မြည်တမ်းရင်း ဇက်ကျိုးကျသွားရှာပါသည်။

သူ့အသက်ကို စတေး၍ မည်းလုံးကြီးကို တမလွန်ဘဝ တွန်းပို့ပေးနိုင် တာ တန်ပါသည်။ သူ ကိုယ်လွတ်မရုန်းဘဲ၊ မည်းလုံးကြီးကို သူနှင့်အတူ ဆွဲချသေစေခဲ့ပြီ။ ဘယ်ကြောင်ပျိုမတမ်းကိုမှ အနိုင်မကျင့်နိုင်ရေး၊ ဘယ် ကြောင်သားပေါက်ကိုမှ ကိုက်မသတ်နိုင်ရေး၊ ရွှေဝါကြီးက တစ်ပြိုင်တည်း

ကာကွယ်တားဆီးလိုက်နိုင်ပါပြီ၊ "တာဝန်ကျေပါတယ် မိဗ္ဗေဝါကြီးရေ၊ ဒါပေမယ့် နှမြောလှတယ်။ ဘဝတစ်ကွေ့ ခဏတွေ့ပြီး လွမ်းဆွေးရင်နာဖွယ် အဖြစ်ဆိုးနဲ့ ခွဲခွါကြရတာတော့ မချည့်လှဘူးကွယ်။ ကောင်းရာသုဂတိလားရောက်ပါစေ၊ ကုသိုလ် အမျှ အမျှ အမျှနော် အာဇာနည် မိဗ္ဗေဝါကြီးရေ ..." ဟူ၍ မြည်တမ်းရုံမှတစ်ပါး ...။

• • • • • • • • • • • • •

**အတိတ်နှင့်အတွေး**

နှစ်ပေါင်းခြောက်ဆယ် ဆိုသည်မှာ လျှပ်တစ်ပြက် တစ်ခဏတာဟု ထင်မှတ်ရ၏။ ဘဝဟူသည်ကလည်း အိပ်မက်ပမာ ဖမ်းဆုပ်၍ မရကောင်းသော အရာပါပေ။ မြေးစုစုနှင်းအေး – ကြောင်မွေးပေးပါ တောင်းဆိုချက်ကြောင့်၊ ကျွန်တော့်ဘွားအေကြီးအားလည်း ကြောင်မွေးပါရစေ တောင်းဆိုခဲ့ဖူးသည်ကို ပြန်အမှတ်ရစေ၏။ မှေးမှိန်ကာ အတိတ်မှာ ကျန်ရစ်ခဲ့သော မိဗ္ဗေဝါအကြောင်း ပြန်ပြောင်း အောက်မေ့မိ၍၊ အဟောင်းအသစ် ဖြစ်ရပြန်ပါတော့၏။

ဘွားအေကြီးပင် သံသရာခရီး ထွက်ခွါသွားခဲ့သည်မှာ နှစ်ပေါင်း ၄၃– နှစ် ပြည့်ခဲ့ပါပြီ။ ကျွန်တော်ပင်လျှင် အသက် ၆၅–နှစ် ပြည့်ပြီး၍၊ ၆၆– နှစ်တွင်း ချင်းနင်းဝင်ရောက်လာခဲ့ပါပြီ။ အဘိုးလေးအရွယ် ဆံပင်ဖြူဖြူတွေ မင်းမူလာကြပြီကော။ တစ်ခေါင်းလုံး ဖြူဖွေးကာ၊ ကျက်သရေရှိလှသော ဘွားအေကြီးကို လွမ်းဆွတ်မိသေး၏။

ကျွန်တော့်အတွက် မွေးပေးခဲ့သော မိဗ္ဗေဝါ–မသေမိ ဆောင်ရွက်ခဲ့၊ ပေးအပ်ခဲ့သော အတွေးဒဿနက ပို၍ တန်ဖိုးကြီးလှ၏။

ကျွန်တော်တို့ မသေမိ၊ လောကအကျိုး တစ်စုံတစ်ရာ၊ ပြုခဲ့သင့်၏ဟု မိဗ္ဗေဝါကြီး လက်တွေ့ပြခဲ့ပြီဖြစ်ကြောင်း ကျွန်တော် မှတ်ယူလက်ခံထားခဲ့၏။ စာဖတ်သူတို့ကော သဘောတူညီကြပါသလား။

ဒေါက်တာလွမ်းဝေ(တောင်ကြီး)

❀❀❀❀❀❀

# မေ့ဘဝ အသူရကာယ်အလားနှယ်

ဒေါက်တာလွမ်းဝေ(တောင်ကြီး)

**အခန်း ၁။ <u>စိမ်းမြမြ</u>**

  ❋ တော်တန်ပါပြီမောင်
    အချစ်ဆိုတာ ပူလောင်လွန်းလို့
    တောင်စွန်းတောမြိုင်ယံကို ဖွေရှာ
    သွေ့ခွါတော့မယ် ကြံတွေးရှယ်။

"အမေ ..."

"ဟဲ့ သမီးကြည်ကြည်၊ ဘယ်လို ဖြစ်လာတာတုံး။ အမေ့ကို ပြောပြပါဦး"

တစ်နေ့လယ်ခင်းမှာ ဖြစ်၏။ ဒေါ်အေးခင်တစ်ယောက် စိတ်အေးကိုယ်သာ တရားခွေ နားယူလျက်ရှိစဉ်၊ သမီးကြည်ကြည်ထွေး ရုတ်တရက် ရောက်ချလာ၏။ "အမေ"ဟု တုန်တုန်ရီရီ တစ်ခွန်းတည်း ခေါ်ပြီး၊ ဖက်ငိုပါတော့သည်။ မထိတ်သာ မလန့်သာ။ စကားတစ်ခွန်းမှလည်း နောက်ထပ် မပြောတော့ပါ။ ခေါင်းကိုသာ တွင်တွင်ခါရန်းနေပါတော့သည်။ ခက်ပါပြီ။

"သမီးရယ် ... ဘာဖြစ်လို့ ဒီလောက် ရှိုက်ကြီးတငင် ငိုနေရတာလဲ။ အမေ့ကို ပြောပြမှပေါ့။ အမေတစ်ခု သမီးတစ်ခု ရှိကြတာမှာ၊ အမေ့ကိုမှ သမီးရင်မဖွင့်ရင်၊ ဘယ်သူ့ကို သွားပြီး တိုင်ပင်မှာလဲ သမီးလေးကြည်ကြည်"

ဒေါ်အေးခင်သည်၊ သမီးကြည်ကြည်ထွေး၏ ကျောကို ပွတ်သပ်လျက် ချော့မော့မေးနေရ၏။ သမီးကြည်ကြည်ထွေးကတော့ ဝမ်းနည်းပန်းနည်းကြီး ကျူကျူပါအောင် ဆက်ငိုနေတော့သည်။ ငိုပါစေလေ။ မိန်းမသားဘဝဆိုတာ မျက်ရည်နှင့်သာ အဖော်ပြုရစမြဲ ဟုတ်လား။ ရင်ထဲက အကျိတ်အခဲကြီး ပျော်ကျသွားသည်အထိ အားရပါးရ ငိုကြွေးလိုက်ရလျှင် စိတ်လက်ပေါ့ပါးသွား

ပါလိမ့်မည်။ မျက်ရည်ပေါက်ကြီးတွေနှင့် သောကအကျိတ်ကို အရည်ဖျော်ချပြီးမှပဲ အေးအေးဆေးဆေး ချော့မေးတော့မည်။ အချိန် နည်းနည်းပေးဖို့ လိုသည်ကို ဒေါ်အေးခင် နားလည်ပါ၏။ ရင်ခွင်တွင်းမှာ ခေါင်းဝှက်၍ တသိမ့်သိမ့် ငိုနေသော သမီးလေး ကြည်ကြည်ထွေး၏ ကျောပြင်ကိုသာ ဖွဖွလေး သပ်ချ၍ မိခင်ဒေါ်အေးခင် နှစ်သိမ့် အားပေးနေရရှာသည်။ တည်ငြိမ်အေးဆေးသည့် အသွင်ကို ဆောင်နေရသော်လည်း ဒေါ်အေးခင်၏ ရင်တွင်းမှာတော့ ဗလောင်ဆူဝေနေပါပြီ။

မြေးတစ်ယောက်ယောက် ဘာဖြစ်လို့ပါလိမ့်ဟု ဦးစွာ တွေးမိလိုက်၏။ ဘွားအေဆိုတာကလည်း မြေးချစ်တွေကို ဦးဆုံးသတိရလိုက်ခြင်းရယ်ပါ။ သည်အချိန် ကျောင်းသွားနေကြမှာပါဟု အတွေးတစ်ချက် ဝင်လိုက်မိတော့၊ သားမက်ဘက် အတွေး လှည့်သွား၏။ သားမက် မောင်ကောင်းမြတ်ဟန် တစ်ခုခု ဖြစ်လို့များလား။ မဆိုစကောင်း ဆိုစကောင်း။ မော်တော်ဆိုင်ကယ်ပဲ မှောက်သလား၊ မော်တော်ကားပဲ တိုက်သလား။ မောင်ကောင်းက စိတ်မြန် လက်မြန် ရှိလွန်းလှ၏။ အစီးကြမ်း အမောင်းကြမ်းပါဘိသနှင့်။ စိတ်လျှော့ဖို့ အမြဲသတိပေးနေရတာကိုး။

"ဒါမှမဟုတ် သူတို့ စီးပွါးပျက်ခဲ့ပြီလား။ ချဲထိုးတယ်၊ ရွှေဘော်လုံးလောင်းတယ်ဆိုတာမျိုး သူတို့ မရှိပါဘူးလေ။ သားမက်မောင်ကောင်း သည်လိုဟော့ဟော့ရမ်းရမ်း မလုပ်တတ်ပါဘူး။ ငွေကို ကျစ်ကျစ်ပါအောင် စုဆောင်းတတ်တဲ့ ကပ်စေးနဲ့အိုးပဲဟာ။ ဒါဆို ... သည်မောင် ဖွဲဖောက်လေသလားပဲ၊ မိန်းမသား ဇနီးမယားတစ်ဦးအဖို့ လင်သားဖောက်ပြန်တာ ခံရအခက်ဆုံး ဝေဒနာဆိုးမျိုးလေ။ မုန့်သာ ဝေစားနိုင်မယ်။ အချစ်ကိုတော့ ခွဲဝေမပေးနိုင်ဘူးဆိုကြ မဟုတ်လား" စသည်ဖြင့်၊ ဒေါ်အေးခင်သည် ဖြစ်နိုင်ခြေများကို ပူပင်လွန်းစွာ လျှောက်တွေးနေမိ၏။ သမီးလေး ကြည်ကြည်ထွေးလည်း အားရအောင် ငိုပြီး၍ အတော်လေး တည်ငြိမ်လာပါပြီ။ မိခင်အနေဖြင့် သမီးလေးဟု ယေသေးသည် ထင်နေသော်လည်း ကြည်ကြည်ထွေး အသက် ၄၀–နား ကပ်ခဲ့ပြီလေ။

"သမီးလေး ကြည်ကြည် ... မြေးတစ်ယောက်ယောက် ဘာဖြစ်တာတုံး ပြောပါဦး"ဟု မေးလိုက်ရာ၊ ခေါင်းကိုသာ ခါရမ်းပြ၏။ တော်ပါသေး၏။ မြေးတွေ ဘာမှမဖြစ်ပေလို့။

''ဒါဆို မောင်ကောင်းမြတ်ဟန် မတော်တဆ အတိုက်အခိုက် ဒဏ်ရာကြီးငယ် ရလို့လား''ဟု စဉ်းစားမိသည်ကို မေးရပြန်၏။ ထိုသို့လည်း မဟုတ်ပြန်ပါ။ ခေါင်းကိုသာလျှင် ခါရန်းမြဲ ရန်းပြ၏။

''အင်း တစ်ချက်ပဲ ကျန်တော့တယ်။ မဟုတ်မှလွဲရော၊ မောင်ကောင်းပွေဖောက်ပြီး အငယ်အနှောင်းထားသလား သမီးလေးကြည်ကြည်''ဟူ၍ မမေးရက်ပေမင့်၊ ပွင့်ပွင့်လင်းလင်းပဲ ဒေါ်အေးခင် ဖွင့်ဟမေးမြန်းရတော့၏။ ထိုသောအခါကျမှ၊ သမီးကြည်ကြည်ထွေးသည် သူ့ဦးခေါင်းကို တစ်ချက်တည်း ညိတ်ပြပါတော့သည်။

''အင်း ... ငါထင်ရင် လွဲခဲပါတယ်လေ။ ဘယ်သူနဲ့တဲ့လဲ။ သမီးလေးကြည်ကြည် သေချာရဲ့လား''

''အပုလေးနဲ့ပါ အမေ''

''ဗုဒ္ဓေါ''

ဒေါ်အေးခင် ခမျာမှာ၊ ရင်ဘတ်ပေါ် လက်စုံတင် ဖိလျက် ''ဗုဒ္ဓေါ'' တစ်ခွန်းတည်းသာ မြည်ရွတ်နိုင်တော့၏။ ''ရိုးပုံရိုးလက်နဲ့ သူကောင့်သား မောင်ကောင်း ဆန်းတတ်ပွေတတ်လာပြီတဲ့လား။ တယ်လေ၊ ဘိုကေကို ဆွဲဆောင့်လိုက်ရ''ဟု စိတ်ထဲမှာသာ မြည်တမ်းမိပါ၏။ ''ဖြစ်မှဖြစ်ရလေ။ အပုလေးနဲ့တဲ့လား။ ကိုယ့်အိမ်ကဟာဆိုတော့ ဖုံးဖိနိုင်ပါသေးတယ်'' ဟူ၍ ဆက်တွေးမိပြီး၊ နည်းနည်းတော့ စိတ်ပြေသာသွားခဲ့၏။

အပုလေး ဆိုသည်မှာ သမီးကြည်ကြည်ထွေးတို့အိမ်က အိမ်ဖော်မလေးဖြစ်၏။ မွေးစားသမီးလို မွေးမြူစောင့်ရှောက် သွန်သင်ထားသူလေးပါ။ အသက် ၇–နှစ်အရွယ်ကတည်းက ရောက်လာသူ။ မိဘများ၊ မွေးချင်းများ၊ ဆွေရင်းမျိုးဖျား မရှိ၊ တစ်ကောင်ကြွက်မို့ အပိုင်ရလိုက်သည့် အနေထားမျိုးပါ။ အပုလေး ရောက်လာတုန်းက၊ မြေးဦး ဘုန်းမြင့်မြတ်ဟန် လသားအရွယ်သာ ရှိသေး၏။ သမီးကြည်ကြည်ထွေးသည် ၂–နှစ်ခြား တစ်သား မွေးခဲ့ရာ၊ ဒုတိယကလေး မြေးမကြီး ထက်ထက်ကြည်အေးနှင့် မြေးမငယ် ခက်ခက်ကြည်ထွေး ဟူ၍ မြေးသုံးယောက် ပွါးစီးခဲ့ပါပြီ၊ အငယ်မလေးခက်ခက်တောင် အခု ၅–တန်း ရောက်ပြီ။ အသက် ၁၀–နှစ်ကိုလည်း လစွန်းခဲ့ပြီကော။

အလတ်မထက်ထက်က ၇–တန်း၊ ၁၃–နှစ်တွင်းမှာ၊ အကြီး မြေဦးမောင်ဘုန်းက ၉–တန်း၊ အသက် ၁၅–နှစ်ထဲမှာ။ ဒါဆို အပုလေး အသက် ၂၀–ကျော်ခဲ့ပြီပဲ။ ''ရွှေပင်မှာနားတော့ ရွှေကျေး'' အပုလေး အပျိုဖော်ဝင်ရောညိုချောဝင်းလဲ့လာရော။ မောင်ကောင်း မျက်စိစားပွဲထိုင်ရော။ ဒေါ်အေးခင်အတွေးတွေက မီးခိုးကြွက်လျှောက် ပျံလွင့်လို့ နေ၏။ သမီးလေး ကြည်ကြည်ဒုက္ခမသေးပါလားနော်။

• • • • • • • • • • • • •

**အခန်း ၂။ <u>ကြံတွေးရှယ်</u>**

''အမေ ... သမီး အမေ့အိမ် ပြောင်းခဲ့တော့မယ်''

''ဘယ်လို ... ဘယ်လို ...''

''ဩော် အမေကလည်းနော်။ သမီး အမေ့အိမ်ကို ပြောင်းလာခဲ့မယ်လို့''

''ဟော့ ... ဟော့ ... မိန်းမအိမ်ဆင်းဆိုတာ မကောင်းဘူး သမီးရဲ့''

''ဒီမျက်နှာတွေ ကြည့်မနေချင်တော့ဘူး အမေ''

''အမိုက်မ ... ဘာစိတ်ကူးနဲ့ ဆင်းခဲ့ရမှာလဲ။ အားလုံး အပုလေးအတွက်ဖြစ်ကုန်လိမ့်မယ်။ ငွေ့မြေတွေ ရှိသေးတယ်။ ဟန်မပျက် ဆက်နေပါ သမီးရယ်''

''သစ္စာမရှိတဲ့ ကိုကောင်းနဲ့ ဆက်မပေါင်းချင်တော့ဘူး အမေ''

''သစ္စာဆိုတာ ချက်စားပြုတ်စားလို့ မရဘူး သမီး။ ပိုနေမြဲ ကျားနေမြဲကျွန္တေမပျက် ခပ်တည်တည်နေပါ သမီး။ ဟန်ကိုယ့်ဖို့တဲ့ ...''

''မျက်နှာပြောင်တိုက်လွန်းတဲ့ အပုလေးကိုလည်း စိတ်နာတယ် အမေ''

''အပုလေးဟာ အားနွဲ့တဲ့ မိန်းမသားပါ။ အမေတို့ သမီးတို့လို မိန်းမသားများအဖို့ မြေနိမ့်လုံစိုက်ခံရတာ ခုမှ မဟုတ်ဘဲလေ။ အမေတို့၊ အဘွားတို့၊ ဘွားအေကြီးတို့ ဟိုး ... ရှေးပဝေသဏီကတည်းက ဒီလိုပါပဲကွယ်။ သံတူကြောင်းကွဲ၊ ကြောင်းတူသံကွဲ ... ထမနဲ့နဲ့ ယာဂု အတူတူပါပဲ သမီးရယ်''

''အမေကတော့ အမေ့အပေါ် သစ္စာရှိခဲ့တယ် မဟုတ်လား အမေ''

''အေး ... သမီးအဖေ ဦးချစ်ထွေးလို လင်သား ရှာမှ ရှားပါအေ။ သူတော်ကောင်းကြီး သွားလေသူကြီး ကံနည်းရှာတယ်။ အသက်တိုရှာတယ် သမီးရယ်''

''ယောကျ်ားသားဆိုရင်၊ အဖေ့လိုပဲလို့ သမီးက ထင်ထားခဲ့တာကိုးအမေ''

''သမီးအဖေကသာ ဒီဒုက္ခမျိုး အမေ့ကို မပေးခဲ့တာပါ။ ဖွေဖောက်သူများလှတယ်။ လူသိတာ–မသိတာ၊ ဖုံးဖိနိုင်တာ၊ မဖုံးဖိနိုင်တာ၊ နာမည်ထွက်တာ၊ မထွက်တာ၊ ဒီလောက်ပဲ ကွာတာပါ။ သမီးအဘိုး ဖိုးလွှာတုန်းကလည်း ဘာထူးလို့လဲကွယ်''

''အဘိုး ဖိုးလွှာအကြောင်း သမီး ဘာမှမသိဖူးပါလား အမေ''

''သမီး မသိဆို၊ အမေတို့ကလည်း မပြောခဲ့ဖူးဘူးလေ။ အဘွားပေါင်မုန်းကို ငုတ်တုတ်ထားပြီး၊ ခယ်မပေါင်ဆုန်ကို ယူခဲ့သေးတာပေါ့။ မွေးချင်းဆိုလို့ ဘွားကြီးနဲ့ ဘွားလေး ညီအစ်မနှစ်ယောက်တည်း ရှိတာလေ။ ပေါင်မုန်းခများ ဟန်မပျက် သည်းခံရှာပါတယ်။ ဥမကွဲသိုက်မပျက် တစ်အိမ်ထဲမှာပဲ နေခဲ့ကြရတာ၊ သမီးဒေါ်လေး မေမေ့ညီမငယ် ဒေါ်ထွေးခင်ဟာ ဘွားလေးပေါင်ဆုန်မွေးခဲ့တာကို၊ ဘွားကြီးပေါင်မုန်းက သမီးရင်းအဖြစ် ပြန်ပြီး မွေးစားခဲ့တာပေါ့ကွယ်''

''အံ့သြလိုက်တာ အမေရယ်၊ အမေကိုယ်တိုင် ပြောပြလို့သာပေါ့။ တခြားသူတွေက ပြောပြရင် မလိုတမာနဲ့ နာမည်ဖျက် ပြောရပ်မလားလို့ သမီး စိတ်ဆိုးမိမှာ အမှန်ပါပဲ''

''ပြောကောင်းတဲ့ အကြောင်းအရာမှ မဟုတ်ဘဲကွယ်။ အခု သမီးမှာ အပူတကာ့ အပူလောင်ဆုံး စိတ်သောကနဲ့ ကြုံတွေ့ရပြီမို့ လောကဓမ္မတာ၊ ဖြစ်လေ့ဖြစ်ထရှိတဲ့ အကြောင်းကို ဇာတ်စုံခင်းပြရတော့တာပေါ့။ သူများမိသားစုကို အတင်းမပြောပါဘူး။ ကိုယ့်အသိုက်အဝန်းမှာကိုက ရှိနေတာပဲဟာ။ မောင်ကောင်းလည်း ဘမျိုးဘိုးတူတော့ ရှိမှာပေါ့လေ။ ဇ ဆိုတာ ပြုတတ်စမြဲပဲ သမီးလေးကြည်ကြည်။ သူတို့မျိုးရိုးမှာကိုက ရှိနှင့်ပြီးသားလေ။ ဒါကြောင့် သမီးလေး မောင်ကောင်းနဲ့ ရည်ငံနေပြီ သိသိချင်း၊ အမေ တားမြစ်ခဲ့တာပေါ့ကွယ်''

''ဟုတ်ရဲ့လား အမေ၊ တကယ်ပဲလား၊ သမီးဖြင့် မကြားခဲ့ဖူးပေါင်နော်''

''သမီးရဲ့ ယောက္ခမကြီး ဦးမိုးအောင် ဆိုးလိုက်ပုံများ။ သေပြီးသူ့အကြောင်းတွေအနက် ကောင်းကြောင်းတွေသာ ပြောကောင်းတယ်ကွဲ့။ မကောင်းကြောင်းတွေကို မပြောကောင်းဘူးတဲ့။ အဖြစ်မှန်ကို သိရရင်၊

သမီးလေး စိတ်ဖြေသာလေရဲ့ တွေးပြီး အမေ ပြောပြမှာနော်။ ရင်ထဲမှာပဲ ထား။ ဘယ်သူ့ဘယ်သူကိုမှလဲ ပြန်ပြောပြဖို့ စိတ်တောင် မကူးလေနဲ့။ မောင်ကောင်းကို ဘယ်သူမွေးခဲ့တာလဲ သမီးသိရဲ့လား''

''ကိုကောင်းအမေ ဒေါ်သန်းမြင့် မွေးခဲ့တာပေါ့ အမေ''

''အဲဒါ အမှန်မဟုတ်ဘူး သမီး''

''ဒါဆို ကိုကောင်းအမေရင်းက''

''ဒေါ်သန်းဆင့်တဲ့''

''အဲဒီနာမည်ကို သမီး မကြားဖူးပါဘူး အမေ။ သမီးသိတာ ဒေါ်လေး ဒေါ်သန်းတင့် ဆိုတာကိုပါ''

''ဒေါ်သန်းမြင့်တို့က ညီအစ်မချည်း သုံးယောက် ရှိခဲ့တာပေါ့ကွယ်။ အကြီးဆုံးက ဒေါ်သန်းမြင့်၊ အငယ်ဆုံးက ဒေါ်သန်းတင့်၊ အလယ် အလတ်မက ဒေါ်သန်းဆင့်တဲ့လေ။ မောင်ကောင်းကို မွေးရင်း မီးတွင်းမှာ သွေးဆိပ်တက် ဆုံးရှာတယ်။ ဒေါ်သန်းမြင့်နဲ့က သားသမီး မရဘူးလေ။ ဦးမိုးအောင်က သူ့ခယ်မ ဒေါ်သန်းဆင့်ကိုပါ ယူခဲ့တာလေ။ မောင်ကောင်းကို ကြီးကြီးဖြစ်သူ ဒေါ်သန်းမြင့်က သားအရင်းလို မွေးမြူခဲ့ရတာပေါ့။ သူငယ်ငယ်တုန်းက သိပ်ချူချာတာ။ ပိုးမွေးသလို မွေးမြူခဲ့ရတယ် သမီး''

''သမီးယောက္ခမ ဒေါ်သန်းမြင့်ရော၊ ဒေါ်လေး ဒေါ်သန်းတင့်ရော သမီးကို သိပ်ချစ်ကြပါတယ် အမေ။ ဂရုလည်း စိုက်ကြတယ်''

''သမီးလေးကြည်ကြည် ကံကောင်းတာပေါ့ကွယ်။ ဒေါ်သန်းဆင့် ဆုံးသွားတော့ သူတို့ညီအစ်မနှစ်ယောက် ကျန်တော့တာကို။ ဒေါ်သန်းတင့်ခမျာ ကံဆိုးရှာပါတယ်''

''ဘာကြောင့်တုံး အမေ''

''ဦးမိုးအောင်စက်ကွင်း မလွတ်ခဲ့လို့ပေါ့ကွယ်။ ဒေါ်သန်းမြင့် သွေးဆုံး မီးယပ်ရောဂါ ဖြစ်နေချိန်မှာ၊ ခယ်မဒေါ်သန်းတင့်ကို ဦးမိုးအောင် သိမ်းပိုက်လိုက်တာလေ''

''ဖြစ်ရလေ အမေရယ်။ ယောက်ျားတွေများနော်''

''ဒေါ်သန်းတင့် တစ်ခုတော့ ကံကောင်းသွားတယ်၊ သားသမီး မရရှာတော့ မသိတဲ့သူဆို သူ့ကို အပျိုကြီးပဲ ထင်တတ်ကြတာ၊ မောင်ကောင်း အလယ်တန်း

ကျောင်းသားဘဝ ရ–တန်းလားပဲ ရောက်နေပြီ။ အစ်မကြီးလူမမာကိုလည်း ပြုစု၊ တူလေးမောင်ကောင်းကိုလည်း ကျောင်းပို့ကျောင်းကြို စောင့်ရှောက်ပေးနေရင်း ဦးမိုးအောင် ပွဲဆိုးထဖောက်တာပေါ့။ ဒေါ်သန်းမြင့်ခမျာလည်း မမာလျက်ကြီး မျက်ရည်နဲ့မျက်ခွက်။ ဒေါ်သန်းတင့်ဆိုတာ ပြောမနေနဲ့တော့။ အပူရုပ်ကို ဖုံးအုပ်။ ပြုံးတော့ မချိသွားဖြဲ၊ ဟန်လုပ်အပြုံး။

"သားတို့ သမီးတို့တောင် ကျောင်းဆင်းချိန် ရောက်တော့မယ် အမေ"

"သမီးလေးကြည်ကြည် စိတ်ကူးမလွဲနဲ့။ အိမ်ပြန်တော့။ အခြေအနေမပျက်ပါစေနဲ့။ ငါ့မြေးလေးတွေ စိတ်အားငယ်ကုန်ပါဦးမယ်ကွယ်။ သမီးတစ်ယောက်တည်း ကံကွက်ကျားဖြစ်ရတာ မဟုတ်ဘူးလို့ စိတ်ကို ဖြေပါနော်"

• • • • • • • • • • • • •

**အခန်း ၃။ <u>ခက်ပြန်သေး</u>**

※ မေမလွမ်းချင်ပါဘူး
အသေကျွမ်းတဲ့ ချစ်ဦးကြင်ပေမို့
အရှုံးအမူး ခင်တွယ်စွဲနှစ်ဖူးတာတောင်
အသစ်ကိုမောင် ဆောင်တော်ကူးပြီလားကွယ်
မေ့သားသမီးလေးတွေရယ်ကြောင့်
နှောင့်ဗျာပွေဆွေးဖွယ် ဆီးဖျက်တော့
အပြီးထွက်ဖို့က ခက်ပြန်သေးတယ်။

အမေ နားချဖျောင်းဖျကောင်း၍ အပူရုပ်ကို ဟန်လုပ်ပြီး ကြည်ကြည်ထွေး အိမ်ပြန်ခဲ့ရပါ၏။ ကိုကောင်းမြတ်ဟန်ကတော့၊ သည်အချိန်ဆို သူ့ပွဲရုံမှာ အလုပ်ရှုပ်နေမှာ သေချာ၏။ "ဩော် ကိုကောင်း ကိုကောင်း နာမည်ကသာ ကောင်းတာ မြတ်တာ ဟန်တာကိုးရှင်။ ကိုယ်ကျင့်ကမှ မကောင်း မမြတ် မဟန်လေတော့၊ "ဘုရားမှတ်လို့ ကိုးကွယ်ခဲ့တာ၊ ဖွတ်ထွက်မှ တောင်ပို့မှန်းသိ"ကိန်း ဆိုက်တော့ပါကလား။ ကြည်ထွေးကို ချစ်လှချည့်၊ မြတ်နိုးလှချည့်၊ တန်ဖိုးထားလှချည့် ဆိုစကားသကာပျားတွေ၊ ကြာတော့လည်း၊ ခုတော့လည်း တမာခါးလို၊ နားဝမှာလည်း ခါး၊ ရင်ဝမှာလည်း ခါး၊ အော့နှလုံးနာလှချည့်ရှင်ရယ် ..." ဟူ၍သာ ညည်းညူမိရတော့၏။

"မေကြည်၊ အပုလေး ကျောင်းဆင်းကြိုဖို့ သွားလိုက်ပါဦးမယ်ရှင် ..."ဟု ရှိသေလေးစားစွာဖြင့် ခွင့်ပန်ရင်း၊ ခြံတွင်းမှ ထွက်ခွါသွားလေပြီ။ အရှေ့တောင်ခြေလမ်းဘေးရှိ ခြံဝင်းကျယ်ကြီးသည်၊ သားမောင်ဘုန်း, သမီးထက်ထက်, ခက်ခက်တို့နေသော အထက်တန်းကျောင်းကြီးနှင့် တစ်ခေါ်မျှသာ ကွာဝေးပါသည်။ အပုလေးတစ်ယောက် ခြေကျင်သွား၊ ခြေကျင်ပြန်၊ ကျောင်းပို့ကျောင်းကြိုနေကျပါ။ ခြံဝင်းကြီးက ကိုကောင်းအဖေ ဦးမိုးအောင်၏ မင်္ဂလာလက်ဖွဲ့ပါ။ ကြည်ကြည်ထွေးအဖေ ဦးချစ်ထွေးအမွေ အိုပယ်စလွန်းကားကိုတော့ ပွဲရုံအသွားအပြန် ကိုကောင်းပဲ သုံးနေမောင်းနေကျ ဖြစ်ပါသည်။

မနေ့ညဦးတုန်းက၊ မမျှော်လင့်ဘဲ ဆုံပဲ ဆုံတတ်ပလေ။ တမင်စောင့်ဖမ်းလျှင်တောင် လွဲကောင်း လွဲနိုင်ပါသည်။ ခုတော့၊ ညနေထမင်းစားပြီး သောက်ရမည့် ဆေးကို မေ့ပြီး မသောက်မိခဲ့၍၊ အောက်ထပ် ထမင်းစားခန်းသို့ ဆင်းခဲ့၏။ ကြည်ကြည်ထွေး မျက်စိအစုံ သည်လောက် မမှုန်မမွဲသေးပါ။ ဟိုထောင့်က အပုလေးအခန်းထဲသို့ ကိုကောင်း လုစ်ခနဲ ဝင်သွားခဲ့သည်ကို ရိပ်ခနဲ ထင်ထင်ရှားရှားကြီး မြင်လိုက်ရ၏။ ဦးခေါင်းကြီးကို မိုးကြိုးပစ်ခွင်းလိုက်သည့်နှယ် ထူပူသွားရတော့၏။ ညှော်ခံပွဲမှာ ညစာထမင်းစားဖို့ ရှိ၍၊ ညဥ့်နက်မည့်အကြောင်း ကိုကောင်း ကြိုတင် အသိပေးထား၏။ သည်တော့ ခုချိန်မှာ ကိုကောင်း အိမ်ပြန်မရောက်ရသေးမည့် အချိန်လေ။ ခုတော့ ...။

ခုတော့မှ ပြန်စဉ်းစားမိ၏။ ညှော်ခံပွဲတွေ တစ်ပတ် တစ်ကြိမ် နှစ်ကြိမ်ဆိုသလို ဆက်နေတာ ထူးဆန်းပါတယ် အောက်မေ့မိခဲ့တာ "အို့ဟိုး ... ဒါကြောင့်ကိုး ..."ဟု ကြည်ကြည်ထွေး နားလည်သဘောပေါက်သလို ဖြစ်ရပါတော့သည်။ အသည်းဘီပိုးရောဂါ ဝင်ရောက်ခဲ့သည်ကြောင့်၊ ကြည်ကြည်ထွေး ဆေးကုသခံရင်း၊ နားနားနေနေ မကြာသေးဘူးလိုလိုနှင့် တစ်လကျော်ခဲ့ပြီပဲ။ ကိုကောင်း အိမ်ပြန်နောက်ကျတတ်လာတာလည်း ကြည်ကြည်ထွေး နေမကောင်းဖြစ်သည့် နောက်ပိုင်းမှာ စတင်ခဲ့၏။ အကြောင်းပြချက်လေးတွေကလည်း ကြိုစကားခံထားနေကျဆိုတော့ သံသယစိတ် ကင်းခဲ့၏။ ကိုကောင်း ပြောသလို အိမ်ပြန်နောက်ကျခဲ့သည်ပဲ ထင်ထားမိခဲ့၏။ အိမ်ထောင်သက် ၁၅-နှစ်ကျော်မှာ ကိုကောင်း တစ်ခါမှ သဝေမထိုးခဲ့ဖူးပေ။ နေမကောင်းလို့ ခုတင်ခွဲအိပ်၊ အခန်းခွဲနေသည့် နောက်ပိုင်းမှာ၊ ကိုကောင်း ဖွေဖောက်ခဲ့ဟန်ရှိ၏။ နောက်ကျ ညဥ့်နက်မည် ပြောတိုင်း၊ ယုံကြည်မိခဲ့၏။ ညဥ့်မနက်ဘဲ

စောစောပြန်ကာ အပုလေးအခန်းမှာ စက်ကျနေတာတွေ ရှိနေပြီပေါ့။ လုပ်ရက်ပါပေ့ကွယ် ...။

ခေါင်း နောက်တောက်တောက် ရှိလှ၍၊ အပုလေး ခြံဝင်းကအထွက်၊ ကြည်ကြည်ထွေးလည်း အိမ်နောက်ကုန်းမြင့်ပေါ်သို့ တက်ခဲ့၏။ စက္ကူပန်းခြုံကြီး နွယ်တက်ဖုံးလွှမ်း အုပ်ဆိုင်းနေသည့် ထောပတ်သီးပင်အောက်က သစ်တုံးခုံပုပိုင်းလေးတွေအနက်၊ ထိုင်နေကျတစ်ခုံပေါ်မှာ လေးပင်စွာ ထိုင်ချလိုက်ပါသည်။ တောင်ခြေမီးခြားလမ်းအထိ တစ်မျှော်တစ်ခေါ်ကြီးရှိသည့် မြေကွက်လပ်ဟူသမျှ ''မှော်ချဉ်''တောကြီး ဖုံးလွှမ်းနေပါ၏။ အပွင့်သေးသေး ပန်းခရမ်းနုရောင်တွေ အပြိုင်အဆိုင် ပွင့်နေကြပြီ။ မြေပြင်ကိုတောင် မမြင်တွေ့နိုင်ပါပေ။ မိုးတွေ ဖြိုင်ဖြိုင်ရွာခဲ့ပြီဖြစ်သော ဇူလိုင်လထဲမှာ မှော်ချဉ်ခင်းကြီးက ခြံဝင်းကျယ်ကြီးကို အလှဆင်နေခြင်း ဖြစ်၏။ တစ်နှစ်မှာ ပန်းကော်ဇောကြီး နှစ်ကြိမ် ခင်းမြဲပါ။ မှော်ချဉ်ပန်းခင်းက ဒုတိယ။

ပထမပန်းခင်းကြီးသည်ကား၊ သင်္ကြန်ခါတော်မိဝန်းကျင်မှာ ဖြစ်တတ်မြဲပါ။ သင်္ကြန်ကြိုမိုး ရွာသွန်းဖြိုးဖြစ်ခဲ့လျှင်၊ ''မိုးကြိုပန်း''အဖူးလေးများ ပြူထွက်လာကြပါပြီ၊ သင်္ကြန်ပြီး၍ မိုးနှစ်ကြိမ်လောက် ဆက်သွားလျှင်တော့၊ တစ်ခြံလုံးရှိ မြေပြင်အားလုံးကို ယင်းမိုးဖြိမ်းပန်းတွေ ဖုံးအုပ်သွားသဖြင့်၊ ပန်းရောင်နုရင့်မျိုးစုံ ဆေးရောင်ခြယ်ထားသလို၊ ပန်းချီကားကောင်းကြီးတစ်ချပ် ဖြစ်နေခဲ့ပြီ၊ ဖူးတံစို့ဖျားရှိ အဖူးငုံ ထိုးထိုးထောင်ထောင်လေးတွေကို သေသေချာချာ ကြည့်ပါက ပန်းနုနီစွေးစွေး။ ပန်းပွင့်ထွားထွားကြီးတွေကတော့ ပန်းနုဖျော့ဖျော့ ဖြသွေး။ ဟောသည်တစ်ခြံအပြည့် ပန်းကမ္ဘလာ ပန်းနုသွေး ဖြန့်ကျက်ခင်းကျင်းထားသလို၊ မျက်စိပသာဒ လှပလိုက်သည့် ဖြစ်ခြင်းရယ်ပါ။ ပန်းရောင်လွင်ပြင်ကြီး ဟိုကြား သည်ကြားမှာ ဖူးတံနီရဲရဲလေးတွေ ပြောက်တိပြောက်ကျား လှပဲလှနိုင်လွန်းသေးတော့၊

အတွေးသည် အတွေးသာ ဖြစ်၏။ ဟိုယခင်တုန်းကဆိုလျှင်၊ အတွေးပုံရိပ်တွေ၊ အမြင်ပုံရိပ်တွေကြောင့် ကြည်ကြည်ထွေး ကြည်နူးမိသည်မှာ အမှန်ပါ။ ခုတော့ စိတ်လက်က မကြည်လင်၊ ရင်ထဲမှာက မရှင်းလင်း၊ ငိုင်တိငိုင်တိုင်၊ မှိုင်ထွေသည့်ကြားမှာ၊ တစ်ခါတုန်းက မင်္ဂလာဆောင်ပြီးစ၊ သည်သစ်ပင်အောက်၊ သည်သစ်တုံးထိုင်ခုံလေးတွေပေါ်မှာ ထိုင်ကြရင်း၊

ကိုကောင်းတစ်ယောက် မှော်ချဉ်ဒဿန ပြောပြခဲ့ဖူးသည်ကို ပြန်လည်လို့ အမှတ်ရလာပါတော့သည်။

"ကြည်ထွေးရေ ... ဟောဒီမှာ ကြည့်စမ်းပါဦး။ အသည်းပုံ မှော်ချဉ်ရွက် လွှာ လှလိုက်တာကွာ။ သုံးလွှာစီချည်းပဲ။ သူတို့ထိပ် အဖျားချင်းဆုံတဲ့ ဗဟို တည့်တည့်အောက်က ရိုးတံတစ်ပင်တည်း၊ တစ်ဖြောင့်တည်း ရှိတာနော်။ သုံးလွှာပေါင်းဆုံပါမှ တစ်ရွက်တစ်ခက်မည်တဲ့ မှော်ချဉ်ရွက်လို့ ကဗျာဆန်ဆန် စာဆန်ဆန် ပြောနိုင်တာပေါ့ကွာ"

"ကိုကောင်းက သုံးလွှာပေါင်းပါမှ တစ်ရွက်ဖြစ်တဲ့ မှော်ချဉ်ရွက်ကို အားကျလို့လားဟင်"

"သုံးယောက်ပေါင်း တစ်ဘဝဟာ ပိုပြီး မြိုင်ဆိုင်မှာပေါ့ ကြည်ထွေးရေ"

"ဟွန်း ကိုကောင်းနော်။ ကြည်ထွေးတော့ ဆရာတက္ကသိုလ်ဘုန်းနိုင်ရဲ့ နှစ်လွှာပေါင်း တစ်ရွက်ဖြစ်ရတဲ့ စွယ်တော်ရွက်လို ဘဝမျိုးပဲ ကြိုက်တယ်။ အမြှောင်တစ်လွှာလို အပို ဘယ်က ရချင်သေးလို့လဲ"

"ကြည်ထွေးကလဲကွာ။ ကိုကောင်းဟာ တစ်ဦးတည်းသား ဆိုတော့ အဖော်မက်တာပေါ့"

"အဟား။ ဒါတော့ ကြည်ထွေးနဲ့ စိတ်သဘောချင်း မတိုက်ဆိုင်တော့ဘူး။ ကြည်ထွေးလည်း တစ်ဦးတည်းသော သမီးပါပဲလေ။ ကိုကောင်းလို အဖော် အများကြီး မမက်ပါဘူးနော်။ နှစ်ယောက်တစ်ဘဝဆို တော်ပြီတန်ပြီပေါ့။ နောင်ကို သားတွေ သမီးတွေ အများကြီး မွေးလိုက်ရင် မိသားစု မြိုင်ဆိုင်ရုံ တင်မက၊ နားညည်း မျက်စိနောက်ဖို့ ဖြစ်လာနိုင်တယ်။ ပြဿနာကြီးငယ် မရှုပ်ရင်တောင် ကံကောင်း"

• • • • • • • • • • • • •

**အခန်း ၄။ နာကျင်နှလုံး**

> ✲ မကြည့်ချင် မြင်လျက်သားပေါ့
> မကြားချင် နားခွင်ထဲ ဝင်တိုးလာမြဲလေ
> ရင်ညှိုးပေသော်လဲ အံခဲကာ ပင့်သက်ဖြာ
> မရွှင်မျက်နှာ၊ ဟန်အပြုံးသာ ဆင်ကာထား
> နာကျင်နှလုံးသား ဒဏ်ရာတွေကရယ်
> ခံရလေတယ် ဗရပွ။

အိမ်ထောင်ဦးမှာကတည်းက သုံးလ္ဘာပေါင်း မှော်ချဉ်ရွက်နှင့်၊ နှစ်လ္ဘာပေါင်း စွယ်တော်ရွက်၊ ဝိဝါဒ ကွဲလွဲခဲ့တာ၊ နိမိတ်များ ဖြစ်နေလေရော့သလားပဲ။ ထိုတစ်နေ့တုန်းက စိတ်နည်းနည်းဆိုးချင် နှုတ်ခမ်းစူချင်နေသော ကြည်ကြည်ထွေးကို၊ ကိုကောင်းမြတ်ဟန်က အတော်ကြီး ချော့မော့ခဲ့ရလေသည်။ ဘာမဟုတ်သည့် မှော်ချဉ်ရွက်ဒဿနက ပြဿနာ ဖြစ်ခဲ့သည်ကို။ ကလောင်လက်စလက်နရှိသူ ကြည်ကြည်ထွေးက လင်္ကာတိုလေးတောင် စပ်ဖြစ်လိုက်သေး၏။

※ သုံးလ္ဘာတစ်ခက်၊ မှော်ချဉ်ရွက်ကို၊ တစ်သက်အားမကျ၊ နိုင်ပါပေ။
နှစ်လ္ဘာပေါင်းဖက်၊ တစ်ရွက်မည်တွင်၊ စိမ်းရင့်လွင်မော်၊ ရွက်စွယ်တော်မြ၊ တစ်ဘဝထား၊ ခင်အားကျမိ၊ ဖြစ်ချင်ဘိ ။ ။

"မေမေရေ ... မေမေ ..."

လင်္ကာတိုလေးကို ပြန်နွှေးနေမိတုန်း ရှိသေးသည်။ ဟော ... ကလေးတွေ အသံစာစာနှင့် ခြံဝင်းထဲ ပြေးဝင်လာကြရင်း။ မိခင်ကို အော်ခေါ်တကြော်ကြော် ဖြစ်နေကြပါပြီ။

"ဟေး ... သားမောင်ဘုန်း၊ သမီး ထက်ထက် ခက်ခက်တို့ရေ ... မေမေ ဒီနားမှာကွယ့်"ဟု အော်ပြော အသံပေးရင်း၊ လက်အစုံကိုပါ ဇော့ရန်းပြလိုက်ရပါသည်။ သူတို့လေးတွေအတွက် အမောပြေလိမ့်မော်ရည် အဆင်သင့်ပါ။ အေးအေးလေး သောက်ရအောင် ရေခဲသေတ္တာထဲမှာ ရှိပါသည်။ ကြည်ကြည်ထွေး အတွက်ကတော့ အသည်းရောင်အသားဝါ ပျောက်ကင်းမြန် သည်ဆိုသော ကင်ပွန်းချဉ်ပြုတ်ရည်တစ်လုည့်၊ ကြက်သားဟင်းရွက် ဟင်းချိုရည်တစ်လုည့် သောက်ပေးနေရ၏။ အသားဝါရောဂါ ကျဆင်းသွားခဲ့ပြီးပေမင့် ဘီပိုးက ခန္ဓာကိုယ်ထဲမှာ ကျန်ရစ်နေသေးသတဲ့လေ။

ကင်ပွန်းချဉ်ရွက်ကြမ်းကို ထန်းလျက်ခဲညိုညိုလေးနှင့် ကျိုထားသဖြင့် ချိုပြုံးချဉ်ပြုံးလေးပါ။ သောက်လို့မခက်၊ အနံ့လေးသင်းပြီး၊ ခံတွင်းရှင်းလှပါသည်။ ကြက်သားဟင်းရွက် ဟင်းချိုရည်ကတော့၊ အသားမပါ ငါးမပါ အချိုမှုန့်မခတ်ဘဲနှင့် သူ့ပင်ကိုအချိုဓာတ်ကိုက လေးပင်ချိုမြ၍ နေပါ၏။ ဒါကြောင့်လည်း ကြက်သားဟင်းရွက်ဟု နာမည်ပေးထားခြင်း ဖြစ်ပေလိမ့်မည်။ ကြက်သွန်ဥနီဥဖြူတွေ နိုင်းချင်းဖြင့် ဟင်းရည်ကျအောင် ကျိုချက်ထား၍

မွှေးမြနေ၏။ ဟင်းချိုရည် ခပ်သောက်တော့မည်ဆိုလျှင်၊ ပွက်ဆူအောင် တည်လျက်၊ ဟင်းချိုခွက်ထဲ ကြက်သွန်ဖြူ ထုခြေလှီးဖြတ်ထားသည်ကို ထည့်၏။ ဟင်းရည်ပူပူလေး လောင်းထည့်ပြီးလျှင် မွှေနှောက်သောက်ရုံရယ်ပါ။

ညနေခင်း ကျောင်းဆင်းပြန်လာချိန်၊ သားတို့သမီးတို့နှင့်အတူ၊ ထမင်းစားခန်းမှာ ဆုံပြီး သောက်နေကျပါ။ သည်အချိန်လေးမှာပဲ သားသမီးတို့ ကျောင်းကိစ္စ ပြောစရာရှိ ပြောကြဆိုကြနှင့် ကျွက်ကျွက်ညံနေပါရော။ ပြီးလျှင် ကျူရှင်ဆရာမ ရောက်လာပြီး စာသင်ခန်း ဝင်ကြရပါပြီ။ ကြည်ကြည်ထွေး က စာဖတ်ခန်း ဝင်လေ့ရှိ၏။ အပုလေးကတော့ စားဖိုဆောင်ဝင်ပေါ့လေ။

စာဖတ်ဖို့ စိတ်မဝင်စားနေပါ။ ညတုန်းက ဗလောင်ဆန်အောင် ဆူပွက် ခဲ့ရသည့် ရင်တွင်းဝေဒနာကြောင့် ကာရန်လေးတွေ မချိတ်တချိတ်၊ အသံမသာ တသာ ကဗျာတို အပိုင်းအစလေးကို စာရေးစားပွဲမှာ ထိုင်ပြီး ချရေးဖြစ်နေ ပါသည်။

* မကြည့်ချင် မြင်လျက်သားပေါ့
  မကြားချင် နားခွင်ထဲ ဝင်တိုးလာမြဲလေ
  ရင်ညှိုးပေသော်လဲ၊ အံခဲကာ ပင့်သက်ဖြာ ...

ကြည်ကြည်ထွေးခမျာမှာ ပင့်သက်တွေ အခါခါ ချနေရရှာ၏။ မနက် တုန်းက အိပ်ရာမထဘဲ တမင်ကလာပေပြီး အိပ်နေခဲ့၍၊ ကိုကောင်း ပွဲရုံသို့ ထွက်ခွါသွားလေပြီ။ ရင်မဆိုင်လိုသော ထိုမျက်နှာကို တစ်နေ့တာတော့ သက်သာခွင့် ရရှိပေလိမ့်မည်။ မနက် ၁၀–နာရီခွဲမှာ တစ်ခါ ဖုန်းဆက်လာ သေး၏။ "ကြည်ထွေး နေမကောင်းဘူးလား။ အိပ်ရာက မထသေးဘူးလား" ဟူ၍ ပွဲရုံမှ ကိုကောင်း လှမ်းမေးခြင်းပါ။ အပုလေးကပဲ ကော်ဖီသောက်ပြီး ကြောင်း၊ ဆန်ပြုတ်ကျိုပေးထားကြောင်း ဖြေကြားလိုက်ပါသည်။ ဟော ... ပြောရင်းဆိုရင်း စဉ်းစားရင်းက ကြိုးဖုန်းသံ မြည်လာပါ၏။ မီးဖိုဆောင်မှ အပုလေး ပြေးထွက်လာပြီး ကိုင်ပါသည်။ စာကြည့်ခန်းသို့ အပုလေး ဝင်လာ ပြီး "မေကြည် ... ကိုကြီးကောင်းက ညနေစောစော ပွဲရုံသိမ်းပြန်လာပါမယ်တဲ့၊ ဆေးခန်းပြချင်ရင်လည်း အချိန်မီ သွားနိုင်အောင်လို့ပါတဲ့" ဟု သတင်း ဝင်ပေး၏။

ကြည့်စမ်း။ အခုမှ သတိပြုမိတော့၏။ ကြည်ကြည်ထွေးကို အပုလေးက အမေကြည်တဲ့။ ခေါ်ပုံကိုက။ ကိုကောင်းကျတော့ ကိုကြီးကောင်းတဲ့လေ။ အမှန်မှာ ကိုကောင်းသည် ကြည်ကြည်ထွေးထက် သုံးနှစ်ကျော် အသက်ကြီးပါသေးသည်။ ဟိုယခင်ကလည်း သည်လိုပင် ခေါ်နေကျပါ။ အတွေးနယ်မချဲ့မိခဲ့ဖူးပါ။ အကြောင်းထူးလာတော့လည်း အတွေးတွေက ဆန်းပြားလာလေရော့သလားပဲ။ နိမိတ်လို့ ယူရမှာလား။ ကိုကြီးကောင်းတဲ့။ ဟွန်း ...။

အသက်ရလာပြီမို့လား မသိပါ။ ရင့်ကျက်လာခဲ့ပြီ ဆိုနိုင်ပါမည်။ ညတုန်းကလို အတွေ့အကြုံမျိုးကို အိမ်ထောင်ကျဦးစ အသက်အစိတ်လောက်မှာ ကြုံကြည့်ပါလား။ ဝက်ဝက်ကွဲ ကြည့်ကောင်းလိုက်မည့် ပွဲကြီးပွဲကောင်းဖြစ်ပြီပေါ့။ အပုလေးကို ပါးဆွဲချဖြစ်လိမ့်မည်။ ကိုကောင်းအားလည်း ပါးကွဲအောင် ရိုက်ဖြစ်ကောင်း ရိုက်ဖြစ်လိမ့်မည်။ သီရိဂေဟာ အေးရိပ်သာအိမ်လေးလည်း ပွက်လောညံသည့် ငရဲခန်း ဖြစ်သွားမှာ သေချာပေါက်ပေါ့။ အခုတော့ ... သား လူပျိုပေါက်နှင့် သမီးတွေ အသက်အရွယ် ဆယ်နှစ်ကျော်လာကြပြီမို့၊ သူတို့လေးတွေခမျာ စိတ်ဒဏ်ရာ ရကုန်မှာ စိုးမိ၏။ တစ်ရက်က နှစ်ရက် သုံးရက်ဖြစ်ကာ၊ ရုပ်ဆိုးကုန်မှာလည်း မလိုလား။ ကိုယ့်အရှိန်ကိုသတ်၊ ကိုယ့်ခြေလှမ်းကို ကိုယ့်အိပ်ခန်းဆီ ပြန်လှည့်တက်ခဲ့ရပါတော့သည်။ ဘယ်လိုဘယ်နည်း ကိုယ့်အိပ်ခန်းတွင်း ရောက်လာခဲ့သည် မမှတ်မိတော့။

ရင်တွေဆတ်ဆတ်ခုန်၊ နှလုံးတုန် အူတုန် မောဆို့နေရတာကို တရားသတိနှင့် မှတ်။ အသက်ရှူ မြန်နေတာကို ဖြည်းဖြည်းချင်း လျှော့ချ။ ခုတင်ပေါ်မှာ ခွေခွေလေး လှဲပြီး၊ မှိန်းမှိတ်နေ။ “ငါဘာလုပ်ရပါ့ ... ငါဘာလုပ်ရမလဲ ...” ထပ်ကာတလဲလဲ ကိုယ့်ကိုယ်ကိုယ် အတန်တန် ပြန်မေးနေမိ၏။ အဖြေကား မရှိ။ နတ္ထိ။

ညလုံးပေါက်နီးပါး အိပ်ရေးပျက်ခဲ့သည်မို့ အရုဏ်တက်ခါနီးကျမှ မှေးခနဲ တစ်ချက်၊ တစ်အောင့်တစ်နား အိပ်စက်အနားယူလိုက်နိုင်သည်။ ခဏတာပါပဲ၊ ခြောက်အိပ်မက်ထဲမှာ၊ အပုလေးကို ဆံပင်ဆွဲပြီး ပါးချနေ၏။ ဘယ်ပြန်ညာပြန် ဂျပန်ပါးရိုက်နည်းလိုလေ။ ကိုကောင်းအားလည်း မျက်မျက်စက်စက်၊ ထက်တက်ကွဲ ရန်တွေ့ကာ၊ ကြည်ကြည်ထွေး ရှိုက်ကြီးတငင် ငိုကြွေးနေလိုက်သည်မှာ တကယ်ပဲ ကမ္ဘာပျက်ခမန်း။ အသံထွက်ပြီး ငိုညည်းမိတာကြောင့်

နီးတစ်ဝက် အိပ်မက်ဆိုးမှာ လန့်နိုးထလာပါတော့၏။ မိုးတောင် စင်စင်လင်း ခဲ့ပြီပဲ။ ငါဘာဆက်လုပ်ရပါ့ ...။ ငါဘာလုပ်ရမလဲ ... အဖြေမဲ့မေးခွန်းတွေ ပဲ့တင်ထပ်နေပါရော။

"ခလုတ်ထိမှ အမိတ"ဆိုသော စကားပုံလေး မှန်လိုက်တာလေ။ ဦးဆုံး အမေ့ကို သတိရမိလိုက်၏။ ညတုန်းက မွန်ထူပြီး၊ အမေ့ကို မေ့ထားခဲ့၏။ ဟုတ်ပြီ၊ နေ့ခင်းကျလျှင်၊ အမေ့အိမ်သို့ သွားကို သွားရပါမည်။ အမေတစ်ခု သမီးတစ်ခု ဆိုတော့လည်း၊ အရေးရယ်အကြောင်းရယ်မှာ အမေ့ကိုသာ အားကိုးတကြီး မှီခိုအားထားရသည် မဟုတ်ပါလား။

• • • • • • • • • • • • •

**အခန်း ၅။ <u>အံ့ဖွယ်သုတ</u>**

"စဉ်းစားစီစဉ်ထားသည့်အတိုင်း၊ အမေ့အိမ်သို့ နေ့ခင်းဘက်မှာ သွားဖြစ် ခဲ့ခြင်းက အများကြီး စိတ်ဖြေသာစရာ ဖြစ်ခဲ့၏။ အသက်လေးဆယ်နီးပါး အရွယ်အထိ၊ တစ်ကြိမ်တစ်ခါမှ မကြားခဲ့စဖူးသော အိမ်တွင်းစစ်အေး အကြောင်း၊ အတွင်းလှိုက် တငွေ့ငွေ့လောင်မြိုက်သော ရင်တွင်းအပူမီး အကြောင်း၊ စသည်ဖြင့် ကြားနာခဲ့ရရာ၊ မိန်းမသားဖြစ်ရသည့်ဘဝ၊ ဖက်ရွက် နှယ်ပါတကား။ ဆူးပေါ်ဖက်ကျတော့ ဖက်ပေါက်၊ ဖက်ပေါ်ဆူးကျပြန်တော့ လည်း ဖက်ပဲပေါက်၊ အနာခံဘက်ကချည်းပဲလေ။ မိအေးနှစ်ခါနာ၊ သုံးခါနာ လေးခါနာ။ ကမ္ဘာနာလို့ပဲ နာမည်သစ် ပေးလိုက်ချင်ပါတော့သည်။

သည်ကပ်ကမ္ဘာနာ ရောဂါဝေဒနာဆိုးကြီးကို အဖေတစ်ယောက်တော့ဖြင့် အမေ့ကို မပေးအပ်ခဲ့ပါတဲ့။ အမေ ကံကောင်းလှပါ၏။ ကြည်ကြည်ထွေး မှာ သည်လိုမိတနှစ်ပါးနှင့် ရှားရှားပါးပါး ဆုံစည်းခွင့်ရတာလည်း၊ အလွန်မတန် ကံကောင်းလှပါ၏။ အဘိုး ဖိုးလှော ဆတ်ဆော့ခဲ့တာကြောင့် ဘွားကြီးပေါင်မုန်း ဘွားလေးပေါင်ဆုန်တို့ မည်မျှ သောကဝေဆူခဲ့ရရှာပါလိမ့်၊ အင်းဝလေ့အရ အဘွားကို "အပေါင်"ဟု ခေါ်ဝေါ်သဖြင့်၊ ပေါင်မုန်း ပေါင်ဆုန် တွင်ရခြင်း ရယ်ပါ။ တန်ဆောင်မုန်းလမှာ မွေးဖွား၍ "မမုန်း"တဲ့။ ကဆုန်လမှာ မွေးဖွား သဖြင့် "မဆုန်"တဲ့လေ။ ရိုးတာလှသည့် နာမည်ပေးဝလေ့ကြောင့်၊ ခုခေတ် အနေဖြင့် နာမည်ဆန်းများ ဖြစ်နေ၏။ ပြီးတော့ "မုန်း"တစ်လုံးတည်းသာ။ "ဆုန်"တစ်လုံးတည်းသာ၊

ဟော … နောက်မျိုးဆက်တစ်ဆက်ခေတ်၊ ကိုကောင်းမြတ်ဟန် မိတများ ကျတော့ကောတဲ့။ ထူး၍မဆန်း၊ ရိုး၍မသွားသော အိမ်ထောင်ဆက်များခြင်း ဇာတ်လမ်းဟောင်းကိုသာ ဆက်လက်ကပြရရှာကြသည်။ ဦးမိုးအောင် သရမ်း လိုက်ပုံများ။ ဒေါ်သန်းမြင့် ငုတ်တုတ်ထားပြီး၊ ခယ်မ ဒေါ်သန်းဆင့်ကို လက်ဆက်သည်။ ကိုကောင်းကို မွေးဖွါးစဉ် မီးတွင်းမှာ ဆုံးရှာသတဲ့လေ။ ဒေါ်သန်းမြင့်ကပဲ သားရင်းအမှတ် မွေးမြူယုယရတော့၏။ မိတဆိုး ရက်သား ပုလုကွေးကလေးမို့ကို၊ ဒေါ်သန်းမြင့် သွေးဆုံးကိုင် မီးယပ်နာချိန် ခယ်မငယ် ဒေါ်သန်းတင့်ကို ဦးမိုးအောင် သိမ်းပိုက်ပြန်ရော၊ ယောက်ျားတွေရယ်…သူတို့ အလိုကို မဖြည့်ပေးနိုင် မပြုစုနိုင်ခဲ့လျှင် သည်လိုပဲ ဖွေဖောက်တတ်မြဲလား။ ကြည်ကြည်ထွေး စဉ်းစားကြည့်မိ၏။ မိမိအသည်းရောင်အသားဝါ ဘီပိုးရောဂါ တဲ့။ တစ်လကျော်ကျော်သာ အိပ်ခန်းခွဲ ခုတင်ခွဲရပါသေးသည်။ ကိုကောင်း ဖွေဖောက်ပြီ။

ကြည်ကြည်ထွေး ပို၍ အံ့သြရသည်မှာ၊ ကိုကောင်း ပုံမပျက်ခြင်းကိုပါ။ ကိုကောင်းက ယောက်ျားသားမို့ ဘာအရေးလဲ။ စင်ပေါ်က လူလေ။ ဣန္ဒြေ မပျက်တာ ထားပါတော့။ ခိုကိုးရာမဲ့ တစ်ကောင်ကြွက်၊ မျက်နှာမွဲ မိန်းမသား အားမဲ့သူတစ်ဦးဖြစ်သော အပုလေးကပါ မှုမပျက် ဟန်ပန်မယွင်းတာကို အအံ့သြကြီး အံ့သြရတာတော့ အမှန်ပါ။ ကြည်ကြည်ထွေးတော့ စိတ်မထား တတ်ပါ။ သူ့လို ဟန်မဆောင်တတ်ပုံမျိုးနှင့်တော့ အခက်ပါပဲ။ မကြည့်ချင် မြင်လျက်သားကို ဘယ်လိုစိတ်ထားမျိုးနဲ့ တင်းခံရပါ့မလဲ။ မကြားချင်လည်း နားစည်ကို လာရိုက်ခတ်တဲ့ သူတို့အသံကို အော့နှလုံးနာလွန်းလို့၊ အသည်းနာ လွန်းလို့။ ရင်နာလွန်းလို့။

ရင်မချမ်း စိတ်မလန်းနိုင်တာကို အံလေးတင်းတင်းကြိတ်၊ ပင့်သက် လေးလေးကြီးကို အခါခါချ၊ မျက်နှာချိုသာ မညိုမြအောင် ကြိုးစားပမ်းစား ပြုံးကြည့်ပေးသော်ငြားလည်း၊ မဲ့ပြုံးညိုတိုတိုသာ ဖြစ်နိုင်ပါလိမ့်မည်။ နာကျင် စူးရှလှသော နှလုံးသားဒဏ်ရာတွေက ဗရပွ ခံစားနေရပြီကိုး။ အမေ နားချ ဖျောင်းဖျကောင်းလို့ အိမ်ကိုသာ ဟန်မပျက် ပြန်လာခဲ့ရပါသည်။ ငရဲခန်းထဲကို ဝင်ရောက်ရသည်ထက်ပင် ပူလောင်ညှိုးချုံး ရင်တွင်းငိုမဆုံးနိုင်တော့ပါပေ။

ဝေဒနာခံစားချက်ကလည်းရှိ ကဗျာလိပ်ပြာကလည်း ပူးကပ်လာ၊ ကဗျာ ရှာန်ကလည်း ဝင်စားလို့လား မပြောတတ်ပါ။ ကဗျာမဖွဲ့သီဖြစ်သည်မှာ

ကြာတောင့်ကြာရှည် ရှိခဲ့ပြီသော ကြည်ကြည်ထွေးအဖို့ အကြမ်းချရေးကြည့် လိုက်ရာတွင် ပြေချောနေခဲ့သဖြင့်၊ မိမိကိုယ်မိမိ အံ့ဖွယ်သုတဟု မှတ်ချက် ချမိရပါတော့၏။ အမှန်မှာ ဆယ်ကျော်သက်အရွယ်ကတည်းကပင်လျှင်၊ ကဗျာ ကို ချစ်ခင်စွဲလမ်းခဲ့ ရှာဖွေဖတ်ရှုခဲ့ ကျက်မှတ်ရွတ်ဆိုခဲ့ပေသိ၊ ကြည်ကြည်ထွေး တွင် ကဗျာပါရမီ ရင့်သန်လာခဲ့ဟန် မတူပါပေ။ ခံစားချက်ရှိမှ ကဗျာဖွဲ့သီ နိုင်သည်မှာ မှန်ပါ၏။ ခံစားချက်တစ်ခုတည်းနှင့်လည်း မရနိုင်သေးပါ။ ဘခါ ခပ်သိမ်း ပေမီဒေါက်မီ ကဗျာတစ်ပုဒ် ဖြစ်ထွန်းလာတတ်သည်တော့ မဟုတ် ပေ။ ကဗျာသည် အနုပညာဖန်တီးမှုတစ်ရပ် မဟုတ်ပါလား။

အကြောင်းအရာကောင်းကို ဦးစားပေးမိတော့ ကာရန်အသံမှာ အားနည်း သွားတတ်၏။ အသံကာရန်ကို ရှေ့တန်းတင်မိပြန်တော့လည်း၊ အကြောင်း အရာ အချက်အလက်ပိုင်းမှာ အားနည်းသွားတတ်ပြန်ပါရော။ ပြီးတော့ ရသမြောက်ဖို့ ဆိုတာကလည်း၊ အတွေးဒဿနကို ပီပြင်ပေါ်လွင် ပြေချော အောင် ဖွဲ့ဆိုသီကုံးနိုင်ပါဦးမှ။ စပ်နည်းစနစ်ကို ရွေးချယ်ရာ၌လည်း၊ အကြောင်းအရာနှင့် ကိုက်ညီပါသော ပုံသဏ္ဍာန်သည် လိုက်လျောညီထွေ ရှိဖို့ လိုလာပြန်သေး၏။ အဓိကမှာတော့ ခံစားချက်ဝေဒနာကို တင်ပြပုံ တင်ပြနည်းနှင့် စာဖတ်သူအပေါ် ထားရှိသော စေတနာ၊ မေတ္တာ။ အရေး အကြီးဆုံး တစ်ချက် ကျန်ပါသေး၏။ ယင်းကား အခြားမဟုတ်။ ရိုးသားမှု။ မှန်ကန်မှု။ သစ္စာ။

ကြည်ကြည်ထွေးသည် ခေတ်ကာလသမီးပျို လူလတ်ပိုင်းတစ်ဦးမို့၊ ရှေ့မီနောက်မီဟု ဆိုနိုင်ပါ၏။ စာပေသစ် ကဗျာသစ်တွေ မိုးဝေမဂ္ဂဇင်းခေတ်၊ ၁၉၇၀–ပြည့်နှစ်ဝန်းကျင်မှာ စတင်ပေါ်ထွန်းပြီဆိုတော့၊ ကြည်ကြည်ထွေး ကလေးငယ်ဘဝ အချိန်အရွယ်မှာ ဖြစ်၏။ ရှေးရိုးအဖွဲ့အရေးမှ တစ်ခေတ် ဆန်းသည့် ခေတ်စမ်းစာပေ စတင်ဖြစ်ထွန်းသည်ကတော့ စစ်ကြိုခေတ် ၁၉၃၀–ပြည့်နှစ်ဝန်းကျင်မှာပါ။ ဂန္ထဝင်ဆိုသည်ကတော့ ရှေးရိုး၊ ဒွေးချိုး တြိချိုး လေးချိုး၊ သံချို တေးထပ် ရတု၊ ရကန်၊ ပျို့ စသည်တို့ ဖြစ်၏။ ကြည်ကြည်ထွေး နားလည်ထားသည်မှာ နှစ်ပေါင်းရာကျော်အထိ စင်တင်ခံပြီး စာဖတ်သူတို့ စွဲမက်နေဆဲ လက်ရာမွန်များကို ဂန္ထဝင်စာရင်းပေါက် သတ်မှတ် ပါသည်။ သို့သော် ခေတ်ရေစီးကြောင်းအရ ကာရန်မဲ့ကဗျာများ၊ ပို့မော်ဒန်

များ စသည် ခေတ်စားလာသောအခါ၊ ရှေးရိုးစပ်နည်းစနစ်အတိုင်း ယနေ့ ယခု ရေးဖွဲ့လိုက်လျှင်လည်း ဂန္ထဝင်ပါတဲ့။ မျက်စိကိုလည်းယူပါရော။

ဘာကြောင့်မှန်းမသိ။ ကြည်ကြည်ထွေး စပ်မိလိုက်တိုင်း ရှေးရိုးဂန္ထဝင် ပုံစံခွက်ထဲကိုပဲ ဝင်ဝင်သွားတော့၏။ ခုပဲကြည့်လေ။ လေးချိုးအစပ်၊ ဂန္ထဝင် ဖြစ်နေခဲ့၍ အသက်အရွယ်ကို မသိသူတို့က ဖန်တီးသူကဗျာရှင်ကို အသက် ၆၀–ကျော် ၇၀–ဝန်းကျင် ဖြစ်လိမ့်မည်ဟုပင် ခန့်မှန်းမိကြပါလိမ့်မည်။ ကြည်ကြည်ထွေးခမျာမှာ လူက တစ်ခေတ် နှစ် ၃၀–လောက် ငယ်၊ စာက တစ်ခေတ် နှစ် ၃၀–လောက် နောက်ကျနေသည့် အနေအထားမျိုးမို့ ရယ်ချင်စရာလည်းကောင်း၊ အံ့ဖွယ်သုတ ဖြစ်စရာလည်း ကောင်းနေပြန်ပါ၏။ ထားတော့။ သူ့လက်ရာကို သူ ကျေနပ်အားရပြီး၊ လက်ရေးလှလှ ပိုင်းစက်စက် ဖြင့် အချောကူးရေးလိုက်သည်။ ပြီးတော့မှ တစ်ခုခုလိုနေကြောင်း ခံစားမိ ပြန်၏။ ဟုတ်တာပေါ့။ ကဗျာနာမည် ခေါင်းစဉ်တပ်ပေးဖို့ လိုနေတာကိုး။

အကြောင်းအရာအရကတော့၊ သူ့ဘဝဖြစ်စဉ်ကို ရိုးရိုးလေး ဖွဲ့သီတင်ပြ လိုက်ခြင်းပါ။ အတွေးဒဿနကတော့ သံဝေဂလက်ာသဘောသွားအတိုင်း ဖြစ်၏။ အဆုံးသတ်အပိုဒ်မှာတော့ တရားဓမ္မသံတွေ လွှမ်းနေသည်မို့ တကယ့် ရှေးနိဗ္ဗိန္ဒတေးကဗျာလား ထင်မှတ်မှားနိုင်၏။ စကားလုံးအသုံးအနှုန်းတစ်ခု ကြောင့်သာ၊ မျက်မှောက်ခေတ် ရေးစပ်လက်ရာဟု စာပေကျွမ်းဝင်သူတို့ အလွယ် ဆိုနိုင်ပါမည်။ လွယ်ဆိုလို့ ''ယုဂ်ကမ်''ကို အနက်ဖော်နိုင်ကြပါ့ မလား။ လူကြီးတွေ ပြောလေ့ရှိခဲ့ကြသော ကလိယုဂ်ခေတ်ကြီးထဲမှာ မကောင်းမှုလုပ်ရပ်တွေ များလွန်းလို့ ဆိုစကားမှ ကြည်ကြည်ထွေး ယူလိုက် ခြင်းပါ။ တက်ခေတ် ဆုတ်ခေတ် ယုဂအစုံတွေအနက် ကလိဆိုသည့် မကောင်း မှု ထူပြောသော ယုဂ်ခေတ်တစ်လှည့်သည် ယခုအခါ ကျရောက်နေရာ၊ ဝိပဿနာကျင့်စဉ်ဖြင့် ပျက်သုဉ်းစေမည်။ ပြုလုပ်ခြင်း ကမ္မကို မြန်မာမှုပြု တော့ ''ကမ်'' ''ကံ''မို့၊ အချစာကြောင်း အဆုံးသတ်လေးကို ''ပျက်သုဉ်း စေမယ် ယုဂ်ကမ်ဘဝ''ဟု ရှေ့စာကြောင်းနှစ်ကြောင်း ''ကွက်မှန်းစေမယ် ဝဋ်မှန်သမျှ၊ သက်ဆုံးစေမယ် ရုပ်နာမ်နှစ်ဝ''တို့နှင့်အညီ လှတပတလေး အပိုဒ်ချလိုက်နိုင်ပါ၏။ အားလုံးကို ခြုံငုံမိနေစေဖို့၊ နာမည်ရွေးမှန်ဖို့ အရေး ကြီး၏။ ပညတ်သွားရာ ဓာတ်သက်ပါတတ်ပြီ၊ လူနာမည်တောင် အရေးကြီး သေးတာ၊ ကဗျာခေါင်းစဉ်က ပို၍ အရေးပါလှပါသည်။

အမြိုက်နို့မှာန်ဆိုတာ ဟိုတစ်ချိန်တုန်းက အခုလောက် တမ်းတမ်းတတကြီး မတောင့်တ မရချင်ခဲ့ဖူးသည်ကို ကြည်ကြည်ထွေး အမှန်အတိုင်း ဝန်ခံရပါလိမ့်မည်။ ဘွားကြီးပေါင်မုန့်။ ဘွားလေးပေါင်ဆုန်တို့၏ ကုံ့ကူလက်လှည့် တပည့်ရင်း မြေးဦးပီပီ၊ တရားဓမ္မနှင့် အလှမ်းမဝေးခဲ့ပါ။ သာသနာတော်နှင့် အကျွမ်းတဝင် ရှိခဲ့သည့်အလျောက်၊ နိဗ္ဗာန်၏ အရည်အချင်း လက္ခဏာများကို အမှန်းအဆ စာသိလောက်တော့ ကြည်ကြည်ထွေးမှာ ဗဟုသုတ ရှိခဲ့ပါ၏။ ဘဝတစ်ဖန် ပြန်မဖြစ်တော့၍ မွေး အို နာ သေတည်းဟူသော ဖြစ်စဉ် ရပ်တန့်ချုပ်ငြိမ်းခဲ့ပြီ။ သံသရာတစ်ဖန် ပြန်မလည်တော့ပြီ။ သန္တိသုခဟု ဆိုအပ်သော၊ အပြတ်အတောက် အခြားမရှိ၊ တစ်ဆက်တည်းသော ချမ်းမြေ့အေးငြိမ်းမှု ရှိသည်။ ပူလောင်မှု သောကပရိဒေဝတို့ လုံးဝမရှိဘူးဆိုတော့ ကြည်ကြည်ထွေး တကယ်ကိုပဲ တမ်းတမိပါပြီ။ သို့ဖြစ်၍လည်း ဤလေးချိုးလင်္ကာကို ရေးဖွဲ့မိခြင်း ဖြစ်၏။ ထို့ကြောင့် ''နိဗ္ဗာန်သို့ရှယ်၊ စွန့်ထွက်မယ်''ဟု ရင်တွင်းဖြစ် ကဗျာလေးကို နာမည်ပေး ကင်ပွန်းတပ်လိုက်ရပါတော့သည်။

ကဗျာကိစ္စလေး အပြီးသတ်သွားပြန်တော့ မိမိဘဝဇာတ်ကြောင်းကို ပြန်ဆင်ခြင်တွေးတောနေမိ၏။ ကြည်ကြည်ထွေး ဘဝမှာ ပြည့်စုံကုံလုံ၏။ တိုက်ကြီးနှင့် ခြံဝင်းကျယ်ကြီးနှင့်။ ကားနှင့် ဖုန်းနှင့်။ သားနှင့် သမီးတွေနှင့်။ ပြီးတော့ အိမ်ဦးနတ် ငယ်ချစ်ဦး ကိုကောင်းကလည်း စီးပွါးအရှာကောင်းလှ၏။ ဝတ်ချင်တာဝတ်၊ စားချင်တာစား၊ သွားချင်တာသွား၊ သုံးချင်တာသုံး၊ လှူချင်တာလှူ၊ စိတ်သွားတိုင်းကိုယ်ပါ၊ ဘာမှ လှည့်ကြည့်နေစရာ မလို၊ ချင့်ချိန်ကန့်သတ်နေဖို့ မလို။ ဒါဆို ကဲ ... ဘာလိုသေးလဲ ... မေးလာလျှင် ဘာမှမလိုသော၊ ပြီးပြည့်စုံသော၊ သာသောင့်သာယာ အများသူငါ အားကျစရာ ဂုဏ်ယူဖွယ်ရာ ဘဝမျိုးလေ။ ဤသည်မှာ ပြီးခဲ့သည့်နှစ်လလောက်ကတော့ ဟုတ်ခဲ့ပါသည်။ အခုလက်ရှိမှာတော့ ...။

ကြည်ကြည်ထွေး ရင်ထဲမှာ တနုံ့နုံ့နှင့် နေရခက် ထိုင်ရခက် ဖြစ်နေရ၏။ ဘယ်သူ့ကို စိတ်ထွက် ဒေါသမျက်ရမည်နည်း။ ကိုကောင်းကိုလား၊ သိပ်ဟုတ်တာပေါ့။ သူ ဆတ်ဆော့၍ ဖြစ်ရသည့် ကိစ္စပေပဲ။ ပထမတရားခံပေါ့။ နောက်တော့ အပုလေးမျက်နှာ ပေါ်လာ၏။ သင်းက ဒုတိယတရားခံ။

ကြည်ကြည်ထွေးမျက်နှာကိုမှ မထောက်၊ ကျွေးမွေးစောင့်ရှောက်ရကျိုး မနပ်၊ မြွေပွေးခါးပိုက်ပိုက်မိသလို ဖြစ်ရတာ အသည်းနာလှ၏။ လက်ဝါးနှစ်ဖက် တီးမှ မြည်သည် ဆိုစကားအရ နှစ်ဦးလုံးကို ကြည်ကြည်ထွေး အခဲမကြေ ချင်ပါ။ မိမိ နေမကောင်း မကျန်းမာဖြစ်လိုက်လို့ သည်ကိန်း သည်အခြေ ဆိုက်ရတာပါဟု တစ်မျိုးလှည့်ပြီး တွေးမိပြန်တော့၊ မိမိကပဲ မူလဘူတ ဖြစ်ရဦးတော့မည်။ ယောက်ျားသားများဆိုတာ စိတ်မချရပါကလား။

မွေးသမိခင်၊ အမေဒေါ်အေးခင်ကို တိုင်ပင်ရင်ဖွင့်မိလိုက်တော့မှ ပိုဆိုး တော့၏။ ကိုယ့်သမီး ကြည်ကြည်ထွေးဘက်က မနေ၊ သမီးကို အားကူမပေး သည့်ပြင်၊ တစ်ပြန်တစ်လှည့် ဖျောင်းဖျနားချနေချေသေး၏။ သားမက်ဘက် လိုက်ပါနေသလိုလိုမျိုးမို့ သိပ်တော့ မကျေနပ်ချင်နေပါ။ အဖေ့ကိုလည်း အပြစ် ပုံချချင်နေမိ၏။ ကိုကောင်းမြတ်ဟန်ကို ကောင်းလှချည့်၊ ဟန်လှချည့်ဆိုပြီး သိပ် သဘောတူခဲ့တာလေ။ အယ်...ဟုတ်သေးပါဘူး။ အဖေရေ...ကန်တော့ ... ကန်တော့...။ ကြည်ကြည်ထွေး စိတ်တွေ ယောက်ယက်ခတ်နေသည်မှာ သေချာလှ၏။ စိတ်ဆိုသော စိတ် ... စိတ် ...။ မျောက်စိတ်၊ ဟိုကူးသည်ခုန်။

အချိန်တန်တော့လည်း အိမ်ပြန်၊ သားသမီးသံယောဇဉ်ချည်တိုင်က နေအိမ်ပေပဲကိုး။ သည်အိမ် သည်ခြံ သည်မိသားစုဆီ နွေးထွေးခြေလှမ်း လေးပင်စိတ်ထား အားငယ်စိတ်ဝမ်း မအေးချမ်းစွာဖြင့် ငရဲခန်းသို့ ပြန်ဝင် လာရခြင်းရယ်ပါ။ နတ်ဆိုလားလည်း မဟုတ်။ ပြိတ္တာဆိုလားလည်း မဟုတ်။ ကံကောင်း ကံဆိုး နှစ်မျိုးရောစပ်နေသည့် အသူရကာယ်လို တူမနေဘူးလား လူချမ်းသာ စိတ်ဆင်းရဲ။ ကြည်ကြည်ထွေးဘဝ အသူရကာယ်အလား နှယ်ပါတကား။

• • • • • • • • • • • • • •

## အခန်း ၆။ <u>စွန့်ထွက်ချင်</u>

တိုင်ကပ်နာရီကြီးက တဒင်ဒင်ဖြင့် ငါးချက်မြည်ဟည်းလာတော့မှ၊ ကြည်ကြည်ထွေး အတွေးစ ပြတ်တောက်ပါတော့၏။ အလို ... ခဏလေးလို့ အောက်မေ့လိုက်တာ ညနေ ၅–နာရီတောင် ထိုးပါပေါ့လား။ သားတို့ သမီးတို့ ကျူရှင်ပြီးချိန် ရောက်ပြီ။ ကိုကောင်းလည်း ပွဲရုံစောစောသိမ်း ပြန်လာမှာ

ဆိုတော့ မကြာခင်မှာပဲ ရောက်လာပေတော့မည်။ သည်မျက်နှာပြောင်ကြီးကို ဘယ်လို ရင်ဆိုင်ရပါ့မလဲနော် ... ဟူ၍ အတွေးနက်နေဆဲမှာပင်၊ ခြံဝင်းကြီး ထဲသို့ "ပွမ် ပွမ်" ဟွန်းနှစ်ချက် ဆက်တီးပြီး၊ ကိုကောင်းကား ချိုပြာရောင်လေး မောင်းဝင်လာခဲ့ပါပြီ။ စာဖတ်ခန်းမှ ကြည်ကြည်ထွေး အထွက်၊ ကျူရှင်ခန်း မှ ထွက်လာသော ဆရာမနှင့် ရင်ဆိုင်လျက်သား ဖြစ်ခဲ့၏။ "ဆရာမ ပြန်ပြီ လားရှင့်"ဟု နှုတ်ဆက်လိုက်ရ၏။ ဆရာမက မော်တော်ဆိုင်ကယ်ပေါ်အတက် ကိုကောင်း ကားပေါ်ကအဆင်း၊ အချင်းချင်း ပြုံးနှုတ်ဆက်ကြပါသည်။

လွယ်အိတ်ကိုယ်စီနှင့် ကျူရှင်ခန်းမှ ထွက်လာသော သားသမီး သုံး ယောက်တို့သည်၊ အိမ်တံခါးမကြီးကို ဖြတ်လျက်၊ ကားသော့ကို လက်ညှိုးဖြင့် ရန်းပြီး ဝင်လာသည့် ဖခင်နှင့် ကြုံမိကြ၏။ မပြန်စဖူး အိမ်စောပြန်လာသော သူတို့အဖေကို တွေ့လျှင်တွေ့ချင်း "ဟေး ... ဖေဖေ အိမ်စောစောပြန်လာတာ ရုပ်ရှင်လိုက်ပြရမယ် ..."ဟု အသံစာစာဖြင့် ထွက်ကြိုကြတော့သည်။ သည်နေ့ သောကြာဆိုတော့ မနက်ဖြန်စနေ ကျောင်းပိတ်ရက်ပါ။ တစ်လ တစ်ကြိမ် လောက်တော့ အငြိုးပြေ အပန်းဖြေသဘောမျိုး၊ ကိုကောင်းက သားသမီးတွေ ကို ရုပ်ရှင်ရုံကြီးသို့ လိုက်ပို့ပေးနေကျပါ။ ဧည့်ခန်းဘက် ထွက်လာသော ကြည်ကြည်ထွေးကို လှမ်းပြီး ကိုကောင်း နှုတ်ဆက်ပါသည်။

"ဟေး ... ကြည်ထွေး၊ နေမကောင်းဘူးလားလို့ စိတ်ပူလိုက်ရတာ။ မနက်တုန်းက အိပ်ရာထ သိပ်နောက်ကျတာကို၊ ဖုန်းဆက်မေးသေးတယ်။ အပုလေး ဖုန်းကိုင်ဖြေတယ်။ မေကြည် နေမကောင်းတာ မဟုတ်ပါဘူးတဲ့။ စိတ်ညစ်ညျုးနေတဲ့ ပုံပါတဲ့။ မျက်နှာ အတော်ညှိုးတယ်တဲ့။ ဟုတ်နေမှန်နေ တာပေါ့။ ကြည်ထွေးမျက်နှာ နွမ်းဖတ်နေတာပဲ။ သမားတော်ဆရာဝန်ကြီး ဆေးခန်း လိုက်ပို့ပေးရဦးမလား"စသည်ဖြင့် ပုံစံမပျက် စကားတွေ ဖောခြင်း သောခြင်း ဝေဆာလို့ နေပါတော့သည်၊ ကြည်ကြည်ထွေးကတော့ ဘာတစ်ခွန်း မှ ပြန်မဖြေကြားပါ။ ကိုကောင်းမျက်စိအစုံကိုသာ စူးစိုက်ကြည့်နေမိ၏။ မိမိကိုယ်မိမိ ဤမျှထိ သတ္တိကောင်း ရှိလိမ့်မည်ဟု ထင်မှတ်မထားခဲ့ဖူးပါပေ။

ပါးနပ်လွန်းသည့် ကိုကောင်းကလည်း အမူအရာ ထူးခြားလွန်းနေသည့် ကြည်ကြည်ထွေးကို အကဲခတ်ကာ "ကြည်ထွေး ရိပ်မိသွားခဲ့ပြီလား ..." အတွေးစ ဝင်လာပါပြီ။ ညတုန်းက လေ့ကားထိပ်မှ ကြည်ထွေး ဆင်းလာ

သည်ကို ရိပ်ခနဲ မြင်မိ၍ ကပျာကသီ အပုလေး အခန်းတွင်းသို့ လှစ်ခနဲ ဝင်ရောက်လိုက်ရ၏။ ဝင်ရမှာလား ထွက်ရမှာလား ဆုံးဖြတ်ဖို့ အချိန် မရှိခဲ့။ ခြေတစ်လှမ်းက အပုလေး အခန်းတွင်းသို့ ကျွံနှင့်နေပြီမို့ ပြန်နှုတ်ရခက်၊ ဟန်ပိုပျက်တော့မည် ဖြစ်နေ၍ပါ။ ဝင်လိုက်မိပြီးမှ "ငါ မှားပါပြီလား" ဟူ၍ နောင်တအကြီးအကျယ် ရမိပါတော့၏။ ကြည်ထွေးသာ အပုလေးအခန်းတွင်း ဖွင့်ဝင်လာခဲ့သော် ... ပက်ပင်းပါတိုးပြီး လက်ပူးလက်ကြပ်မိ ဂွခနဲ အခြေအနေ ဆိုးပေရော့မည်။ တော်ပါသေး၏။ ကြည်ထွေး မမြင်မိသည်တော့မဟုတ်။ အခြေအနေ ပိုမဆိုးအောင် ရုပ်သိပ်မဆိုးအောင် ကြည်ထွေး သည်းခံ ထိန်းသိမ်းခဲ့၍သာ ဖြစ်မည်။ တကယ်တော့ မကောင်းမှုဟူသည် ဆိတ်ကွယ်ရာ မရှိ၊ တစ်နေ့မဟုတ် တစ်နေ့နေ့တော့ သိလာမည့် ပြဿနာကြီးပေပဲ။ အနေး နှင့် အမြန်သာ ကွာခြားပါလိမ့်မည်။ ဘူးပေါ်သလို ပေါ်မည် မုချ။

"ကြည်ထွေးကို ကိုယ်ပြောစရာ ရှိတယ်ကွယ်။ စာဖတ်ခန်းထဲ သွားကြရအောင်ပါနော်" ဟူ၍ ချော့မော့ကာ၊ ကြည်ထွေးလက်ကို အသာဆွဲ၊ ပခုံးကို အသာဖေးမပြီး ခေါ်သွင်းလိုက်သည်။ စာကြည့်စားပွဲမှာ မျက်နှာချင်းဆိုင် ထိုင်မိကြသည်နှင့် "ညတုန်းက 'ကိုကောင်း' ဆိုတဲ့ အာမေဍိတ်သံ၊ ကြည်ထွေး နှုတ်ဖျားက တိုးတိုးလေး ထွက်လာခဲ့တာ ကိုယ် ကြားလိုက်ရတယ်ကွယ်" ဟု စကားပလ္လင်မခံ၊ နိဒါန်းမပျိုးဘဲ ကိုကောင်း ပြောထွက်လာတော့၊ ကြည်ကြည်ထွေးတောင် မှင်တက်မိရပါ၏။ ကြည်ကြည်ထွေးကမူ အာမေဍိတ် သံ ထွက်ခဲ့သလား မထွက်ဘူးလား မိမိကိုယ်မိမိ မသေချာပါ။ မိမိကိုလည်း ကိုကောင်း မြင်လိုက်မည်ဟု အထင်ရှိမထားခဲ့ပါ။ ကိုကောင်း ဆက်ပြော လာမည့် စကားကိုသာ နားထောင်ကြည့်ရပါတော့မည်။

"ကြည်ထွေး ... ကိုယ် မှားမိပါတယ်။ အပုလေးမှာ အပြစ်မရှိပါဘူး"

(ဝန်ခံရဲသားပဲ။ အပုလေးကို အကာအကွယ် ပေးတယ်ပေါ့)

"ကြည်ထွေးကို ကိုယ် အနူးအညွတ် တောင်းပန်ပါတယ်။ ကိုယ့်ကို သိပ်ရွံမုန်းသွားပြီလား"

(ကျူးလွန်ပြီးမှ တောင်းပန်တော့ကော နဂိုနေအတိုင်း ဖြစ်မှာတဲ့လား။ ရွံမုန်းတာထက် မိုင်တောင်ပိုသေး)

''ကြည်ထွေး ကိုယ့်ကို စကားမပြောချင်လောက်အောင် နာကြည်းသွားခဲ့ပြီလားကွယ်''

(ဟုတ်တယ်။ သစ္စာမဲ့သူကြီးကို အဖက်လုပ်ပြီး စကားပြိုင် မပြောချင်ပေါင်)

''ဒီလိုကြီးတော့ တုံဏှိဘာဝေ ဆိတ်ဆိတ်မနေပါနဲ့ ကြည်ထွေးရယ်။ တစ်ခုခု လုပ်လိုက်ပါ။ ကိုယ့်ပါးကိုဖြစ်ဖြစ် ရိုက်လိုက်စမ်းပါ။ ဒါမှမဟုတ် ပြန်ပြီး ကက်ကက်လန် ရန်တွေ့လိုက်စမ်းပါကွာ''

(ပါးလည်း မရိုက်ချင်။ လက်သနတယ်။ ရန်လည်းမတွေ့ချင်။ အောက်တန်းကျတယ်)

''ကိုယ်ရှင်းပြပါရစေ ကြည်ထွေး။ အပြင်မှာ ကိုယ်ခြေမရှည်ပါဘူး။ အပုလေးနဲ့ ဖြစ်ရတဲ့ ကိစ္စမှာ ကိုယ်စိတ်မထိန်းနိုင်ဘဲ ဖြစ်သွားခဲ့ရတာပါ။ အဲဒီညတုန်းက အပုလေး ဖျားနေတယ်ဆိုလို့ အပူကြီးသလား သူ့နဖူးကို ကိုယ့်လက်နဲ့ စမ်းကြည့်မိတာ မဟာအမှားပါပဲ။ အငွေ့ကို ရှောင်နိုင်တယ်။ အတွေ့ကို မရှောင်နိုင်ဆိုတဲ့ စကား တယ်မှန်တာကိုး။ ကိုယ်ညံ့ဖျင်းတယ်။ သိပ်ကို ညံ့ဖျင်းသွားခဲ့တယ်''

(ရှင့်အကြောင်းပြက မိုးကြိုးပစ် ထန်းလက်ကာပါ။ လိပ်ကလေး ကိုယ့်ပိုက်အောက် ကိုယ်ခြေလက်ယက်သွင်းတဲ့ ပုံစံမျိုး။ အငွေ့တွေ အတွေ့တွေ ဘေးချိတ်။ အပြင်မှာ ခြေရှည် မရှည် သေချာမသိနိုင်ပေမယ့် အပုလေး ကိစ္စမှာ ရှင်လွန်တယ်။ ညံ့ဖျင်းတာထက် ယုတ်ညံ့တဲ့အဆင့်ပါ)

''ကြည်ထွေး စိတ်ချမ်းသာအောင် တစ်မျိုး လှည့်တွေးပေးစမ်းပါ။ ဒီအိမ်မှာ အပုလေး မရှိရင် မဖြစ်ဘူး ဟုတ်လား။ သူ့လက်သည်း သူ့ခြေသည်းလေ။ သူ တခြားအိမ် ရောက်သွားလို့ မဖြစ်ဘူး။ သူမရှိတော့တာနဲ့ အိမ်ယန္တရား မလည်ပတ်နိုင်တော့ဘူး။ လုံးဝရပ်သွားလိမ့်မယ်။ ရောဂါနဲ့ ကြည်ထွေးလည်း အပြည့်အဝ အနားယူနိုင်အောင် ကိုယ်ရည်ရွယ်ပြီး၊ အသေကပ် အပိုင်ချည်တုပ်လိုက်ရတာပါကွယ်''

(လာလာချည်သေး။ ရှင့်လိုဘပြည့်ဖို့အရေး ကျုပ်ဟာကွက်ကို ဖိနင်းပြောရတယ်လို့။ ငကန်းသေ ငစွေ ပေါ်လိမ့်မပေါ့။ ရှင်က အပုလေးကို လက်မလွှတ်ချင်တော့လို့ ပြောတာ သိလွန်းလို့)

''ဘာပြဿနာကြီးငယ်မှ မဖြစ်စေရပါဘူး။ ကိုယ် အာမခံတယ်။ ဖြည်းဖြည်းထားပြီး ခေါင်းအေးအေးနဲ့ အသေအချာ စဉ်းစားပေးပါဦးကွာ။ ဒီနေ့

တော့ ဟန်မပျက် ရုပ်ရှင်ကြည့် လိုက်ခဲ့ပါ။ ကလေးတွေက ရှိသေးတယ်လေ။ ကြည်ထွေးက လိမ္မာပါတယ်ကွာ''

(ကလေးတွေအတွက် စဉ်းစားပေးတယ်ဆိုရင် ရှင် ဒီလို မလုပ်သင့်ဘူး။ သိပ်မိုက်လိုက်ချင်တယ်။ မိုက်တယ်ဆိုတာ လွယ်ပါတယ်။ လိမ္မာဖို့က ပေးဆပ်ရတာ တစ်နင့်တစ်ပိုးကြီးပဲ)

''ကလေးတွေဆိုလို့ ... အပုလေးခမျာ သူ့လက်ပေါ်ကြီးတဲ့ ကလေးတွေအားလုံးကို သူ သံယောဇဉ်ကြီးရှာတယ်။ ကလေးတွေကလည်း သူ့ကို တွယ်ပြီးသား။ အပုလေး မရှိလို့ကို မဖြစ်တာပါ ကြည်ထွေးရာ''

(ကလေးတွေအတွက်လို့ အကြောင်းပြမနေနဲ့။ ရှင့်အတွက် မရှိရင် မဖြစ်တာ မဟုတ်လား)

ကြည်ကြည်ထွေးသည် နှုတ်ကတော့ တစ်ခွန်းမှ ပြန်ချေပပြောမနေပါ။ ကွင်းစကွင်းပိတ် ဖော်ပြထားသော တုံ့ပြန်စကားများမှာ သူ့ရင်တွင်းက အသံတိတ် ရန်တွေ့သည့်စကားများသာ ဖြစ်၏။ ဒေါသလည်းဖြစ်၊ ဝမ်းလည်းနည်း၊ အပျော့ဆွဲနည်းနှင့် ကြောင်းကျိုးသင့် ရှင်းပြနေခြင်းသည်ပင်လျှင်၊ ကိုကောင်း ပါးနပ်လှ၊ ကိုင်တွယ်ဖြေရှင်းပုံ အသိပေးပုံ သေသပ်လှပ ထောင့်စေ့လှကြောင်း ထင်ရှား၏။

''ကြည်ထွေးရာ ... စကားတစ်ခွန်းလောက်တော့ ပြန်ပြောပါဦးကွာ။ ကိုယ့်ကို အသည်းပေါက်အောင် မျက်လုံးစိမ်းကြီးတွေနဲ့ စိုက်ကြည့်မနေပါနဲ့တော့။ မျက်ရည်တွေလည်၊ ရင်တုန်နှလုံးခုန်ဖြစ်နေတာကိုလည်း ကိုယ်သိပါတယ်။ ကိုယ့်ကို ခွင့်လွှတ်ပါ။ ရုပ်ရှင်ကြည့်ဖို့လည်း လိုက်ခဲ့ပါ။ ဣန္ဒြေမပျက်ပါစေနဲ့ကွာ။ ကိုယ် အနူးအညွတ် အလေးအနက် တောင်းပန်ပါတယ်''

(ဒီလောက် ပါးနပ်တဲ့ လူလည်ကြီး၊ ဘာပြုလို့ မှားယွင်းရသလဲ၊ ပြန်ပြင်လို့ကော ရနိုင်တဲ့ ကိစ္စမှ မဟုတ်တာ။ ပျော့ပျော့နဲ့ နံတဲ့ ကြောင်ချေး။ အလကားလူစား)

ဤသို့တွေးမိသောအခါ၊ ဆိုးလွန်းလှသည့် မိမိကံတရားအတွက် ဝမ်းနည်းပန်းနည်း ငိုမိရတော့၏။ အသံမထွက်အောင် ကြိတ်ငိုရခြင်းသည် ပင်ပန်းလွန်းလှ၏။ မျက်ရည်တွေဆိုတာ၊ တာရိုးကျိုးပေါက်သွားသလို ဒလဟော သွန်ကျလာတော့၏။ ကိုကောင်းက ကြင်နာယုယစွာ၊ သူ့လက်ဖဝါး အသား

ပြည့်ပြည့်ဖြင့် ကြည်ကြည်ထွေးပါးပြင်နုနုပေါ်က မျက်ရည်အဉအဉလိုက် စီးဆင်းနေသော မျက်ရည်စီးကြောင်းကို အသာအယာ သိမ်းသုတ်ပေးရှာပါသည်။ "ဝဋ်ဆိုတာ ဒါပဲလေ။ ပြတ်သလားဆိုတော့ မပြတ်နိုင်။ သုံးလွှာဆိုမှ တစ်ရွက် ဖြစ်ရတဲ့ မှော်ချဉ်ရွက်လို အနေအထားမျိုး။ အိမ်ထောင်ဦးကျစကတည်းက မှော်ချဉ်ရွက်ဘဝမျိုး။ သူစုံမက်ခဲ့တာ ပြောခဲ့တာ နိမိတ်ပြဖြစ်နေပါပေါ့လား။ မိမိကတော့ နှစ်လွှာပေါင်းမှ တစ်ရွက်မည်လေတဲ့ စွယ်တော်ရွက်ဘဝကိုပဲ တန်ဖိုးထား မြတ်နိုးပါတယ်"ဟူ၍ ကြည်ကြည်ထွေးတွေးတောခံစားနေမိ၏။ မူးနောက်မွန်းကျပ် အသက်ရှူမဝချင်တော့ပေ။

"တိတ်ပါတော့ ကြည်ထွေးရယ်။ ပင်ပန်းလှပါပြီ။ ကိုယ် ဖွင့်ဟဝန်ချတောင်းပန်တာကို ကျေနပ်ပါကွယ်။ ကျေနပ်ရင် ခေါင်းညိတ်။ မကျေနပ်ရင် ခေါင်းခါ"

ကြည်ကြည်ထွေးသည် ခေါင်းလည်းမညိတ် ခေါင်းလည်းမခါ၊ စာကြည့်စားပွဲပေါ်မှာ အဆင်သင့် ရှိနေသော၊ စောစောက ရေးကူးခဲ့သည့် "နီဗ္ဗာန်သို့ရှယ် စွန့်ထွက်မယ်" ကဗျာစာရွက်ကိုသာ၊ လက်ကမ်းပေးလိုက်၏။ ကိုကောင်းယူပြီး ဖတ်ကြည့်နေပါသည်။ ပြီးတော့ လေးနက်ရမည့် ကိစ္စကို ပေါ့ပျက်ပျက် ပြောထွက်ရက်ပါသည်။ တင်းမာနေသည်ကို ပျော့စေလို၍ ဖော့လိုက်လေသလား မသိပါ။

"အဟား ... ကိုယ့်ကြည်ထွေးက အဟုတ်ကြီးပဲ။ အနောက်နန်းမတော် မပြေလေးတို့၊ လှိုင်ထိပ်ခေါင်တင်တို့ကို မီသဗျား။ ဘာတဲ့။ နောက်ဆုံးအပိုဒ်ကို အကြိုက်ဆုံးပဲ။

* ဝဋ်ပေဟောင်းရှိက ကျေရစ်စေလိုတယ်မောင်
ဝဋ်သစ်ဆို ငြိတွယ်နှောင်မနေတော့ပါဘု
ချစ်ကြွေးထောင်ထုကိုလဲ မေမမှုဘဲဆပ်မှာ
ကပ်ကမ္ဘာတွင်း မြန်မယွင်းပင် အောင်ခြင်းအောင်ချင်လို့
နိဗ္ဗာန်သောင်မင်း ရောင်အဆင်း ပြောင်ဝင်းစစ်ဖို့ရယ်
မဂ္ဂင်ရှစ်စင်း မြားပစ်ခွင်းသလိုသို့နှယ်
ကျင့်စဉ်အခင်းကိုကွယ် ရှောင်မကွင်းစေဘဲ
ဆောင်ရင်းတပေပေနဲ့ သွေလွဲမှာစိုးကြောက်သမို့

မိုးအောက်မြေပြင် ဓမ္မစဉ် အမြဲတွဲဖက်တော့မယ်
သေပွဲထက်တိုင် ဖြစ်ပျက်ခိုင်ခိုင် ရှုသုံးကာသာရယ်
ကွက်မုန်းစေမယ် အမိဝဋ္ဋမှန်ဆိုသမျှ ။ ။
သက်ဆုံးစေမယ် မငြိရုပ်နာမ်ထိုနှစ်ဝ ။ ။
ပျက်သုဉ်းစေမယ် ကလိယုဂ်ကမ်ခိုဘဝ ။ ။

ကောင်းလိုက်တာ ကြည်ထွေးရာ။ တောထွက်ဖြစ်ရင်တော့ ကိုယ့်ကို တရားဦးဟောခဲ့ဖို့ မမေ့နဲ့ဦး။ ခုလောလောဆယ်တော့ ရုပ်ရှင်ကြည့်သွားဖို့ ဖြီးလိမ်း အဝတ်အစားလဲပေတော့ ကြည်ထွေးရေ့''

''မေမေရေ ... ဖေဖေရေ ... သားတို့ ညနေစာ စားပြီးပြီ။ ရုပ်ရှင်ပြ မမီဘဲ နေဦးမယ်။ မြန်မြန်''ဟု ကလေးတွေ နှိုးဆော်သံကြောင့် ညီလာခံ စဲရတော့၏။ အမုန်းကို အပြုံးဖြင့် ဟန်ဆောင်ပေဦးတော့ပေါ့လေ။ ရုပ်ရှင်ရုံဆီ ချီတက်ကြဖို့ ပြင်ဆင်ရပြီ။ စိတ်ကမပါ။ ပျော်နိုင်မည်လည်း မထင်။ အသူရကာယ်ဘဝမျိုးနော်။

ကြည်ကြည်ထွေး တစ်ဦးတည်းအဖို့တော့ စွန့်ထွက်သွားနိုင်လျှင် အကောင်းဆုံးနည်းလမ်း ဖြစ်ပါ၏။ ကျန်သူတွေ၊ အမေအိုနှင့် အထူးသဖြင့် သားသမီးလူမမယ်တွေအတွက်ကတော့ အခက်ကြီး ခက်ကုန်ရော့မည်။ အသိုက်ပျက်ငှက်ငယ်တွေ မျက်နှာငယ်ရုံမျှမက ဘဝပါ ပျက်ကုန်ကြမှဖြင့်။ ဤသို့ နောက်ဆွဲတံ့ငင် သံယောဇဉ်ကြိုးတွေကြောင့် စွန့်ထွက်ချင်လည်း အခက်ကြီးခက်၊ စွန့်မထွက်ရက်နိုင်ပေ။ သံယောဇဉ်ကြိုးဆိုတာ ပိုးချည်မျှင် လို သေးသွယ်သော်လည်း ဖြတ်လို့မလွယ် ပြတ်ခဲပေတာကိုး။ ထိုညဥ္စဦးက ကြည်ကြည်ထွေးသည် ရုပ်ရှင်ကြည့် လိုက်ပါသွားရ၏။ သားတို့ သမီးတို့က ပျော်မြူးအူရွှင်လို့။ ကြည်ကြည်ထွေးရင်တွေ ပူလောင်လို့။

• • • • • • • • • • • • •

## အခန်း ၇။ <u>ဝဋ္ဋအမြဲ</u>

ရုပ်ရှင်ကားပိုင်းရှည်၍ ည ၉–နာရီကျော်မှ အိမ်ပြန်ရောက်ကြ၏။ ဘုရား ဆောင် ဝင်နေကျအတိုင်း ကြည်ကြည်ထွေး မပျက်မကွက် ဝင်၏။ ပုံမှန်ဘဲ ပျက်ကွက်သည်ကတော့ အာရုံကောင်းကောင်း မရခြင်းပါ။ စိတ်လက် မကြည်

ရှင်ခြင်းသည် နောက်ကျူနေသော ရောက်နှင့် တူ၏။ ပုံရိပ်ထင်ရှားပြတ်သားစွာ မပေါ်လွင်နိုင်ပေ။ ကြည့်ဖြစ်သည့် မြန်မာရုပ်ရှင်ကားက သရုပ်ဆောင်တွေ သိပ်မဆိုးပါ။ တော်ကြပါ၏။ သို့သော် မဲပြာပုဆိုးဇာတ်လမ်းမျိုးမှ ရိုးအီနေပါပြီ၊ တွေ့ဆုံ ချစ်ကြိုက် ဖျက်ပျက် ပြန်ဆုံ ဤသမားရိုးကျမှ ဖဲမထွက်လာနိုင် သေးပါ။ ဇာတ်ကို ကြိုပြီး ခန့်မှန်းနိုင်သည်က ဆိုး၏။ ခန့်မှန်းသလိုလည်း မှန်နေပြန်ရောလေ။

ပြည့်စုံချမ်းသာသည့် အိမ်ထောင်တစ်ခု၏ဦးစီး သူဌေးပေါက်စလေးကို မြူဆွယ်သော ချောချောလှလှ အတွင်းရေးမှူးမလေးကြောင့် ပြဿနာတက် ရသော ဇာတ်လမ်း။ အိမ်ရှင်မ သူဌေးကတော်လေး သိလိုက်ရလျှင်၊ ကုမ္ပဏီ ရုံးခန်းသို့ လိုက်သွားကာ ပွဲကြမ်းသည့် အခန်း ပီပြင်လွန်း၏။ ရင်တလှပ်လှပ် ဖြစ်အောင် သရုပ်ဆောင်နိုင်ပါ၏။ ရုပ်ရှင်ကြည့်ပရိသတ်အများစုတို့ မင်းသမီး သရုပ်ဆောင်ကောင်းလှချည့်ဟု အားရကျေနပ်ကြပေလိမ့်မည်။ ကြည်ကြည် ထွေးကတော့ မကြိုက်။ လူကြီးလူကောင်းမဆန်။ စိတ်မထိန်းနိုင်ဘဲ ငါးစိမ်း သည်မလို အာကြမ်းလျှာကြမ်း စရိုက်ကြမ်း ဘီလူးသဘက်စီး ဒေါသထွက် ကက်ကက်လန် ရန်ဖြစ်ပြခြင်းမှာ ရိုင်းလှသည်။ အဆင့်အတန်းမရှိ။ ဣန္ဒြေ ပျက်လွန်းလှ၏။

တိုက်အပေါ်ထပ်သို့ တက်ရန် လှေကားထိပ်ဦးအရောက်မှာ ကိုကောင်းက ''ကြည်ထွေးကို အများကြီး ကျေးဇူးတင်တယ်ကွာ''ဟု ချီးကျူးစကား ဆိုလာ ၏။ ရုပ်ရှင်ရုံသို့ လိုက်ခဲ့၍လား၊ ဒါမှမဟုတ်၊ ရုပ်ရှင်ဇာတ်ကားထဲကလို မပေါက် ကွဲဘဲ ထိန်းထိန်းသိမ်းသိမ်း၊ မသိလိုက် မသိဖာသာ သိုသိပ်စွာ နေပေးခဲ့၍ လား။ နှုတ်သီးကောင်းလျှာပါးဖြင့် သူ့ကို ရန်မတွေ့ ပြဿနာမရှာ၍လား။ တစ်ခုခုကြောင့်ပဲ ဖြစ်မည်။ ပညာတတ်တွေမို့ ဂုဏ်သိက္ခာနှင့် နေခဲ့ကြသူ တွေပဲ၊ သည်လောက်တော့ ထိန်းသိမ်းနိုင်စွမ်း ရှိရမှာပေါ့။ မိဘဘိုးဘွားတို့၏ သွန်သင်ဆုံးမမှုအောက်မှာ ကြီးပြင်းလာရသည့် အဆင့်တစ်ခု ရှိသူတွေပဲလေ။

ကြည်ကြည်ထွေး ဘုရားဝတ်ပြုပြီး တရားတစ်ထိုင် ရှုမှတ်၏။ တရား ဖြုတ်တော့ ကြေးစည်တီးပြီး အမျှဝေ မေတ္တာပို့၏။ အပုလေး ဖန်မတ်ခွက် ကို ကိုင်၍ ဝင်လာပြီ၊ မနက် ဘုရားရှိခိုးပြီး တစ်ကြိမ်နှင့် ည ဘုရားရှိခိုးပြီး တစ်ကြိမ်၊ ကင်ပွန်းချဉ်ပြုတ်ရည်နွေးနွေးလေး လာပို့ပေးနေကျပါ။ ခြံဝင်းကျယ်

ကြီးထဲမှာ ကိုကောင်းအမေ ဒေါ်သန်းမြင့် စိုက်ပေးခဲ့သော ကင်ပွန်းချဉ်ခြုံကြီးမှာ တောထနေ၍ မကြာခဏပင် ရှင်းလင်းပေးရ၏။ ရွက်ကြမ်းလား။ ရွက်နုအညွှန့်လား။ ကြည်ကြည်ထွေးကတော့ ရွက်ကြမ်းကို ပြုတ်ရည်လုပ်သောက်၏။ ရွက်နုအညွှန့်များကို ဟင်းရည်ချက်သောက်၏။ အပုလေးသည် ခြေရင်းမှာထိုင်ကာ ကြည်ကြည်ထွေးကို ကန်တော့၏။ သူဆောင်ရွက်နေကျဝတ္တရားပါ။ သို့သော် ရှိုက်ငိုသံ ထွက်လာ၍ ထူးဆန်း၏။

"မေကြည်။ အပုလေးကို စိတ်ဆိုးနေသလား။ နေစရာအိမ်မရှိ၊ ခိုမှီစရာဆွေမျိုး မရှိလို့ သည်းခံကြိတ်မှိတ်နေရပါတယ်။ နှင်မထုတ်ပါနဲ့နော်"

"အင်း ဒုက္ခ ဒုက္ခ။ ငါလည်း ဝဋ်ကြီးတယ်။ နင်လည်း ဝဋ်ကြီးတယ်။ ဘယ်လို လုပ်မလဲကွယ်၊ ကလ္လေမပျက် ဆက်နေပေါ့။ သူများကိုလည်း မပြောနဲ့၊ ကြားလား။ ကလေးတွေလည်း မရိပ်မိစေနဲ့ဦး"

"စိတ်ချပါ မေကြည်။ ကလေးတွေကို အပုလေး တစ်သက်လုံး စောင့်ရှောက်သွားမှာပါ။ မရှုပ်ထွေးရအောင် တားဆေး မှန်မှန် စားပါတယ်။ ဘာပြဿနာမှ မဖြစ်စေရပါဘူး မေကြည်ရယ်"

အပုလေးကို ဘယ်လိုပြောရပါ့မလဲဟု ကြည်ကြည်ထွေး အတွေးကျပ်နေတုန်း တိုးလျှိုးတောင်းပန်လာ၍ အခက်အခဲတစ်ရပ်ကို ဖြတ်ကျော်လိုက်နိုင်၏။ ပြောချင်သည့်စကား ပြောမထွက်နိုင်ပေ။ ၁၅-နှစ်ကျော်တောင်မှ မွေးစားသမီးလို အိမ်သားတစ်ဦးအဖြစ် ဒိုးတူပေါင်ဘက် နေထိုင်လာသူအပေါ် စိတ်ဒဏ်ရာဖြစ်ဖွယ် စကားမျိုးကို မပြောဆိုချင်ပါ။ ခုတော့ အလိုက်သိစွာ သူ့အခြေအနေကို အသိပေးလာတော့ အလွန်သနားမိ၏။ ကျောင်းထားပေးသေး၏။ ၉-တန်း ကျ၍ ဆက်မတက်ဖြစ်ပေ။ သူ့အားသာချက်ကတော့ စာဖတ်ဝါသနာကြီးပြီး၊ တစ်နေ့စာမဖတ်လျှင် မနေတတ်ခြင်းပါ။ ကြည်ကြည်ထွေးကလည်း ဖတ်သင့်ဖတ်ထိုက်ရာရာ စာအုပ်များ ရွေးချယ်ပေး၏။ အထူးသဖြင့် သုတရသစုံ မဂ္ဂဇင်းများ။ ထို့ကြောင့် ဤမျှ ဗဟုသုတရှိပြီး၊ ပြေလည်အောင်သူ့ဟာသာသူ စီစဉ်ဖြေရှင်းနိုင်ခြင်း ဖြစ်သည်။ ကိုကောင်း၏ အကြံဉာဏ်များလည်း ပါရှိပေလိမ့်မည်၊ တစ်သွေးတစ်မွေး အပုလေးကို သူက လက်မလွှတ်နိုင်တော့လည်း။ ဉာဏ်နီဉာဏ်နက်တွေက ထွက်လုချည့်ပေါ့လေ။

"အေးကွယ် ...။ မိန်းမသားဘဝမှာ တစ်ပန်းရှုံးတာပဲ။ ကိုယ်ချင်းစာပါတယ်။ သွားအိပ်တော့"

မဟုတ်မှလွဲရော၊ ကိုကောင်း အပုလေးကို လက်တို့ အခါပေးလိုက်ဟန် တူသည်။ ရှေ့ဆက် ဘာလုပ်သင့်သလဲ။ အမေပြောသလို "ပိုနေမြဲ ကျားနေမြဲ" သည်သာ အဆင်အပြေဆုံး ဖြစ်မည်။ တရားအခြေခံ ရှိ၍သာ၊ ကြည်ကြည်ထွေး စိတ်အေးတည်ငြိမ်ထားပြီး ပုံမှန်နေနိုင်ခြင်းပါ။ ဟန်ဆောင်နိုင်ခြင်းဟု ပြောမှ ပိုမှန်ပါလိမ့်မည်။ မနေ့ညက ညလုံးပေါက်နီးပါး အတွေးချာလပတ်လည်ပြီး အိပ်ပျက်ခဲ့ရသေးသည် မဟုတ်ပါလား။ သည်ညအဖို့တော့ အိပ်ပျော်အောင် ကြိုးစားအိပ်စက်ရပါဦးမည်။ စိတ်ပူလောင်သောကဟူသမျှတို့သည် အကုသိုလ်စိတ် ဖြစ်၏။ စိတ်ထောင်းကိုယ်ကြေသည့်အပြင်၊ ငရဲသို့ ဆွဲခေါ်သွားပေလိမ့်ဦးမည်။ မွေနှင့် တားဆီးပါမှ သက်သာခွင့်ရမည်။ ဝဋ်မှာ အမြဲ၊ ငရဲမှာအပ ဆိုကြသည်လေ။ တစ်မဂ်တစ်ဖိုလ် ဆိုက်ရောက်နိုင်လျှင် အပါယ်တံခါးပိတ်ပြီ၊ ဝဋ်ဆိုတာကတော့ ရှိလျှင်၊ ကျေအောင် ဆပ်ပေတော့ပေါ့။

ကိုယ့်ကို သူက သိပ်ချစ်ခြင်း၊ သိပ်မုန်းခြင်းသည် ဝဋ်တစ်ပါး ဖြစ်၏။ ကိုယ်က သူ့ကို သိပ်ချစ် သိပ်မုန်းခြင်းသည်လည်း ဝဋ်တစ်ပါး ဖြစ်၏။ မချစ်မမုန်း ကြားနေစိတ်ထား မွေးမြူနိုင်ပါမှ၊ ကံ ကံ၏ ကြောင်းကျိုးပေပဲဟု နှလုံးသွင်းခန့်မှန်းနိုင်ပါမှ စိတ်ချမ်းမြေ့နိုင်ပေမည်။ "ဝဋ်ဟောင်းရှိက ကြေရစ်စေလိုတယ် မောင်၊ ဝဋ်သစ်ဆို ငြိတွယ်နှောင်မနေတော့ပါဘူး" လို့ ကဗျာ နောက်ဆုံးပိုဒ်မှာ ထည့်စပ်ဖြစ်ခဲ့သေးတာလေ။ ဝဋ်မှန်သမျှ ရွံမုန်း၍ ရုပ်နာမ် ကုန်ဆုံး၊ ကံဘဝပါ ပျက်သုဉ်း၊ ချုပ်ဆုံးနိဗ္ဗာန် ဝင်နိုင်ပါမှ၊ ထာဝရအေးချမ်းနိုင်မှာပါ။ သိကားသိ၏။ ကျင့်နိုင်ခဲ၏။ သည်တော့ သံသရာခွင်မှာ ကျင်လည်ပေဦးပေါ့-ဆိုသည့်ကိန်း ဆိုက်ကြရရောလေ။ ကြည်ကြည်ထွေးခေါင်းထဲ ကဗျာတစ်ပိုင်းတစ်စ ဝင်ရောက်လာ၏။

"တသန္ဓေဝေ၊ တပေလျှဉ်းလျှဉ်း၊ တညှင်းဆိုးဆိုး၊ တညိုးလျှလျှ၊ တတ လွှမ်းလွှမ်း၊ တသမ်းဟယ်ဟယ်၊ တတွယ်တာတာ၊ တဟာလှိုက်လှိုက်၊ တရှိုက် ငင်ငင်၊ တပင်ပန်းပန်း၊ တဝန်းလျားလျား၊ ရဟတ်ချားသို့၊ လှည့်များဘဝ၊ သံသာရတွင်၊ ငကစတု၊ ငါးခုခန္ဓာ၊ ရှိရှားစွာခဲ့" **(မူလသတ်ပုံအတိုင်း)**

ရှင်မဟာရဋ္ဌသာရ၏ ကိုးခန်းပျို့မှ ဖြစ်ပါသည်။ ကြည်ကြည်ထွေး ကြိုက်လွန်း၍ အလွတ်ကျက်မှတ်ထားခဲ့တုန်းက ယခုလောက် အဓိပ္ပါယ် မလေးနက်၊ ခံစားချက် မနက်နဲခဲ့ပါ။ လုံးထပ်ကာရန်လေးတွေကို၊ ကျော့ကာ

ကျော့ကာ ချိတ်ဆက်သွားပုံ လှလွန်းသည့်အပြင်၊ ဘဝအမောကို သရုပ်ဖော်ရာ၌ ဝေါဟာရများဖြင့် ဆင့်ကာဆင့်ကာ ရှည်လျားထွေပြားစွာ သယ်ယူသွား၍ ဖတ်ရရွတ်ရသူတို့ တကယ်မောလျရပါ၏။ အခု ကြည်ကြည်ထွေးလည်း စိတ်မောလူမော ဖြစ်နေရရှာပါပြီ။

ကြည်ကြည်ထွေး တန်ဖိုးထား ရှာဖွေခဲ့သော စံပြအမျိုးသားသည် ကိုကောင်းမြတ်ဟန် ဖြစ်နိုင်သည်ဟု တထစ်ချ မှတ်ယူမိခဲ့သည်မှာ အလွဲကြီး လွဲခဲ့ပါပြီ။ "လူတစ်ဦးတစ်ယောက် တကယ်ကောင်းတော်ကြောင်း မသေသေးမီ စောမပြောလေနှင့်၊ သေ၍ အလောင်းမြေချစဉ် တကယ်တော်ကောင်းခဲ့ပါလား သေချာပြီဆိုတော့မှ ချီးကျူးပါလေ"ဟု ဖတ်မှတ်ဖူးပါ၏။ မှန်ပါသည်။ အဘိုးဖိုးလှသာကြောင့် ဘွားအေကြီးပေါင်မုန်း ဘွားလေးပေါင်ဆုန်တို့ သောကမျက်ရည်ဝေခဲ့ရ၏။ ကိုကောင်းဖခင် ဦးမိုးအောင်ကြောင့်၊ ဒေါ်သန်းမြင့်၊ ဒေါ်သန်းဆင့်၊ ဒေါ်သန်းတင့် ညီအစ်မသုံးဦးလုံး စိတ်ညှိုးနွမ်းလျ မျက်ရည်ကျခဲ့ကြရ၏။ ကြည်ကြည်ထွေးဖခင် ဦးချစ်ထွေး ကောင်းတော်၍ မိခင်ဒေါ်အေးခင် စိတ်အေးကိုယ်သာ နေနိုင်ခဲ့ရ၏။ အပြည့်အဝတော့ မဟုတ်။ အနည်းအကျဉ်း စိတ်ပူပန်ရသေး၏။ အပျော်သဘော လောင်းကစားဝါသနာထုံခဲ့၍။

ယောက်ျားတစ်ဦးကို မှတ်ကျောက်တင်ကြည့်ရန် အချက်သုံးချက် ရှိ၏။ (၁) အရက်မူးယစ်ဆေး သုံးခြင်း၊ (၂) လောင်းကစားလုပ်ခြင်း၊ (၃) မိန်းမလိုက်စားခြင်း ဟူသော သုံးချက်အနက် အနည်းဆုံး အချက်တစ်ချက်တော့ ငြိတတ်ပါသတဲ့လေ။ ကိုကောင်း သုံးချက်လုံးနှင့် ကင်းရှင်းသည်ဟု အထင်ကြီးခဲ့မိ၏။ အပုလေးနှင့် ငြိသောအခါ သိက္ခာရေစုန်မျောတော့၏။ "သူလည်းလေ ကောကီသားပေမို့ ..." အမေဒေါ်အေးခင်က မဲတင်းပေး၏။ ယောက်ျားတော်ကောင်းစာရင်းမှ လျှောကျသွားရသည်တော့ အမှန်ပါ။ ပုထုဇဉ်ပေမို့လား။

အိမ်ထောင်ကျစဉ်း ခြံဝင်းကျယ်ကြီးထဲက မော်ချဉ်တောကို ကြည့်ပြီး သုံးလွှာပေါင်းဆုံပါမှ တစ်ရွက်မည်ရသည့် ပုံနိမိတ်။ ကိုကောင်း ကြိုက်ခဲ့ခြင်း ပင်လျှင်၊ သူ့အတွင်းစိတ်ကို လှစ်ဟပြရာကျ၏။ မော်ချဉ်ဆိုသည့်အတိုင်း အချဉ်ဓာတ် လွန်ကဲ စူးရှပါ၏။ ကိုကောင်း၊ ကြည်ကြည်ထွေးနှင့် အပုလေးတို့ သုံးဦးပေါင်းမှ အိမ်ယန္တရား လည်ပတ်ပြည့်စုံနိုင်မည်တဲ့။ ချဉ်စူးသည့် အသူရကာယ်ဘဝမျိုးပေပဲ။ "ဘဝဆက်တိုင်း ဤအဖြစ်ဆိုးမျိုးနှင့် မတိုးရပါ

စေနှင့် ဘုရား''ဟု ကြည်ကြည်ထွေး ဆုတောင်းရုံမှတစ်ပါး အခြားမရှိပါပြီ။ နိဗ္ဗာန်ဆိုသည်က ဟိုး … အဝေးကြီးမှာလေ။

ဝေးဆို ကြည်ကြည်ထွေးခမျာမှာ သားသမီးသံယောဇဉ် မဖြတ်နိုင်ဘူးကို၊ အစွဲတွေအားလုံးပြုတ်အောင် ဖြတ်မတောက်နိုင်လျှင်၊ နိဗ္ဗာန်ဆိုသည်မှာ အနီးကလေးတဲ့။ ဘယ်လောက် နီးပါသလဲ။ တစ်လံမျှလောက်သော ဤခန္ဓာကိုယ်ကို မှီ၍၊ သီးခြားတည်ရှိ အေးငြိမ်းနေကြောင်း ကျမ်းစာတို့၌ လာရှိပါသည်။ ကိုကောင်း စာကြည့်စားပွဲပေါ်၌ ထားရစ်ခဲ့သော ကဗျာစာရွက် လေးကို ကြည်ကြည်ထွေး တစ်ခေါက် ပြန်ရွတ်ကြည့်၏။ ဝေဒနာနှင့် ရင်း၍ သိကုံးသောကြောင့်လားမသိ။ အသံသာသာနှင့် အဆင်ပြေလိုက်ပုံမှာ တစ်သက်တစ်ခါ ဖန်တီးဖြစ်လိုက်ခြင်းပါ။ ဘဝနှင့် ရင်း၍ ရရှိလိုက်သော ကဗျာစာရွက်ကို အမှတ်တရဖြစ်အောင် ယွန်းအစ်ငယ်ထဲ သိမ်းထားလိုက်၏။ ဘဝနှင့် အလဲအထပ်ပြုခဲ့ရသော ကဗျာ။ တန်ကော တန်နေပါရဲ့လား။ မအိပ်မီ ကြည်ကြည်ထွေး တစ်ကျော့ တိုးတိုး ရွတ်ဆိုနေမိပြန်သည်။

## နိဗ္ဗာန်သို့ရှုယ်၊ စွန့်ထွက်မယ်

▲ တော်တန်ပါပြီမောင်
အချစ်ဆိုတာ ပူလောင်လွန်းလို့
တောင်စွန်းတောမြိုင်ယံကို ဖွေရှာ
သွေ့ခွါတော့မယ် ကြိတွေးရှုယ်။

▲ မေမလွမ်းချင်ပါဘူး
အသေကျွမ်းတဲ့ ချစ်ဦးကြင်ပေမို့
အရှူးအမူးခင်တွယ် စွဲနစ်ဖူးတာတောင်
အသစ်ကိုမောင် ဆောင်တော်ကူးပြီလားကွယ်
မေ့သားသမီးလေးတွေရယ်ကြောင့်
နှောင့်ဗျာပွေ ဆွေးဖွယ်ဆီးဖျက်တော့
အပြီးထွက်ဖို့က ခက်ပြန်သေးတယ်။

▲ မကြည့်ချင် မြင်လျက်သားပေါ့
မကြားချင်နားခွင်ထဲ ဝင်တိုးလာမြဲလေ
ရင်ညှိုးပေသော်လဲ အံခဲကာ ပင့်သက်ဖြာ

မရှင်မျက်နှာ ဟန်အပြုံးသာ ဆင်ကာထား
နာကျင်နှလုံးသား ဒဏ်ရာတွေကရယ်
ခံရလေတယ် ဗရပွ။

▲ ဝဋ်ပဟောင်းရှိက ကျေရစ်စေလိုတယ်မောင်
ဝဋ်သစ်ဆို ငြိတွယ်နှောင်မနေတော့ပါဘု
ချစ်ကြွေးထောင်ထုကိုလဲ မေမမှုဘဲဆပ်မှာ
ကပ်ကမ္ဘာတွင်း မြန်မယွင်းပင် အောင်ခြင်းအောင်ချင်လို့
နိဗ္ဗာန်သောင်မင်း ရောင်အဆင်း ပြောင်ဝင်းစစ်ဖို့ရယ်
မဂ္ဂင်ရှစ်စင်း မြားပစ်ခွင်းသလိုသို့နှယ်
ကျင့်စဉ်အခင်းကိုကွယ် ရှောင်မကွင်းစေဘဲ
ဆောင်ရင်းတပေပေနဲ့ သွေလွဲမှာစိုးကြောက်သမို့
မိုးအောက်မြေပြင် ဓမ္မစဉ်အမြဲ တွဲဖက်တော့မယ်
သေပွဲထက်တိုင် ဖြစ်ပျက်ခိုင်ခိုင် ရှုသုံးကာသာရယ်
– ကွက်မှန်းစေမယ် အမိဝဋ်မှန်ဆိုသမျှ ။
– သက်ဆုံးစေမယ် မငြိရုပ်နာမ်ထိုနှစ်ဝ ။
– ပျက်သုဉ်းစေမယ် ကလိယုဂ်ကမ်ခိုဘဝ ။ ။

ဒေါက်တာလွှမ်းဇေ(တောင်ကြီး)

❀❀❀❀❀❀

▲ <u>**အဇာတိနိဗ္ဗာန်**</u>

**ဘဝဇာတိ၊ သူရှိပြန်လျှင်၊ အိုသေပူဆွေး၊ ငိုကြွေးထိုပြင်**
**ကိုယ်စိတ်ဆင်းရဲ၊ ထန်သည်းပူပင်၊ သို့ဖြစ်ရ လုံးဝဆင်းရဲပင်။**

**ဇာတိ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ၊ ဥပါယာသ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကြီး လည်ပတ်သွားတာကို ပြောပါတယ်။ ဒီစက်ရဟတ် မပြတ် လည်ပတ်နေတာက အမှန်မသိမှု အဝိဇ္ဇာ၊ တပ်မက်မှုတဏှာ၊ စွဲလမ်းမှု ဥပါဒါန်၊ ပြုလုပ်မှု ကံ။ ဒီကံတွေကြောင့် ဘဝသစ် ဇာတိ ဖြစ်ရတယ်။ ဇာတိကြောင့် အိုမှု သေမှုတွေ ဖြစ်ရတယ်။ ကိုယ်ဆင်းရဲ၊ စိတ်သောက၊ ငိုကြွေးရတာတွေ၊ ပူလောင်ပင်ပန်းရတာတွေ ဖြစ်ရတယ်။ ဇာတိဆင်ခြင်၊ အပြစ်မြင်၊ ရှာလျှင် နိဗ္ဗာန်ရောက်မည်တည်း။**

# ကျွန်မ၏ ချစ်စံအိမ်

ခင်မြင့်မြတ်ဦး

(က)

ရှင်လိင်ပြန်သောနေ့၊ မင်္ဂလာဆောင်သောနေ့၊ ထောင်မှထွက်သောနေ့များသည် ဘဝ၏ အပျော်ဆုံးနေ့များ ဖြစ်သည်ဟု ကျွန်မ ကြားသိမှတ်သားဖူးပါသည်။ ကျွန်မဘဝ၏ အပျော်ဆုံးနေ့မှာမူ အိမ်ငှားဘဝမှ ကျွတ်လွတ်ပြီး မိမိကိုယ်ပိုင်အိမ်လေးသို့ ပြောင်းရွှေ့ရသောနေ့ ဖြစ်ပါသည်။ ထိုနေ့ကို ကျွန်မ ဘဝတစ်သက်တာတွင် ဘယ်သောအခါမှ မေ့လိမ့်မည် မထင်တော့ပါ။

ထိုနေ့က ကိုယ်ပိုင်ကားရှိသော တောင်ဘက်အိမ်မှ ကိုသိန်းဝင်းက သူ့ကားဖြင့် ဘုရားပင့်ကာ၊ ညောင်ရေအိုးမှာ ပန်းသပြေဝေဆာစွာ ထိုး၍ ဆန်ဆီဆား အပြည့်အိုးတို့ဖြင့် ဦးဆုံး အိမ်သစ်တက်ခဲ့ကြသည်။ ရပ်ကွက်လူကြီး ဦးပြုံးက သူ့ဂျီအမ်စီကားကြီးဖြင့် အိမ်ထောင်ပရိဘောဂများကို တစ်ခေါက် သယ်ပေးသည်။ ကျန်ပစ္စည်းအချို့ကို ကိုသိန်းထိုက်လိုင်းကားဖြင့် သယ်ယူကြသည်။ အိမ်နီးချင်းမိတ်ဆွေများက အိမ်တိုင်ယာရောက် လိုက်ပါပို့ဆောင် သယ်ယူရွှေ့ပြောင်းပေးကြသည်။ ချစ်မိတ်ဆွေများကို ပျော်ပျော်ပါးပါး ထမင်းတစ်နပ် ကျွေးလိုက်ရသည်။

ပျဉ်ခင်းပျဉ်ကာ ပေနှစ်ဆယ်ပတ်လည် သွပ်မိုးအိမ်လေးသည် ထင်းရှူးနံ့ သစ်ရနံ့များ သင်းပျံ့မွှေးကြိုင်နေပြီး၊ ရင်မှာ လန်းဆန်းတက်ကြွနေပါသည်။ ထိုအချိန်တုန်းက ခင်ပွန်းသည်မှာ အလုပ်တာဝန်ဖြင့် ရန်ကုန်သို့ ရောက်နေသောကြောင့်၊ ကျွန်မကိုယ်တိုင် ဦးစီးကာ၊ ပျဉ်ခင်းပျဉ်ကာအိမ်လေးကို

ဆောက်လိုက်ရသည်။ ၁၉၉၅–ခုနှစ်က ကုန်ကျငွေ တစ်သိန်းကျော်မျှသာ ရှိသည်။ မြေကိုမူကား ယောက္ခမကြီးက လာဝယ်ပေးသွားခဲ့သည်။ မြေ မညီညာသော်လည်း အနံပေ ၇၅–နှင့် အလျားပေ ၁၀၀–ခန့် ရှိသော ခြံဝင်းကျယ်ကြီး ဖြစ်ပေသည်။ ထိုအချိန်ဝန်းကျင်မှာပင် ကျွန်မခင်ပွန်းသည်က မင်္ဂလာလက်ဖွဲ့ရငွေများဖြင့် ရွှေညောင်မှာ မြေနှစ်ကွက်၊ ဘုရားဖြူမှာ မြေတစ်ကွက် ဝယ်ထားခဲ့သေးသည်။

ဘုရားဖြူမှ မြေကွက်ကို ကျပ် ခုနစ်သောင်းဖြင့် ရောင်းချခဲ့ပြီး၊ ခြံတွင်း တစ်နေရာမှာပင် အလျား ပေ ၃၂–နှင့် အနံ ပေ ၂၀–ရှိသော ဖောင်ဒေးရှင်း ကြီးတစ်ခုကို အုတ်မြစ်ချခဲ့သည်။ ယင်းပေါ်တွင် တိုက်ဆောက်ရန် ငွေ မလုံ လောက်သဖြင့်၊ ၎င်းနှင့်ကပ်လျက်မှာ ခြေနိုင်လက်နိုင် ပျဉ်ထောင်အိမ်ငယ်လေး ကိုသာ ဦးစွာ ဆောက်လုပ်ခဲ့ရသည်။ ထိုစဉ်က သမီးကြီး စတုတ္ထတန်း၊ သမီးငယ် တတိယတန်း။ မြို့မရပ်ထဲရှိ အမက(၆)မှာ အမေဆရာမနှင့် တစ်ကျောင်းတည်း တက်နေကြသည်။ သမီးတို့ အတန်းဖော်သူငယ်ချင်း များကလည်း ကျောင်းပိတ်ရက်တွေမှာ အိမ်လာ၍ ပျော်ရွှင်စွာ ဆော့ကစား ကြသည်။ အိမ်ပြောင်းပြီး မကြာမီ၊ ဘုန်းကြီးငါးပါးပင့်၍ အိမ်သစ်တက်မင်္ဂလာ ပြုလုပ်ကြတော့၊ ကျောင်းမှ ဆရာ ဆရာမများ၊ ကလေးများကို လိုင်းကား အပြည့်တင်၍ ကြိုပို့လုပ်ပေးရသည်မှာလည်း ပျော်ရွှင်ကြည်နူးဖွယ်အတိပင်။

ခြံကျယ်ကြီးထဲမှာ ကလေးတွေ တရုန်းရုန်းနှင့် ပြေးလွှားဆော့ကစား ကြတာကို ကြည့်ပြီး၊ ရင်မှာ ပီတိဝေဖြာမိရသည်။ နောင်နှစ်များမှာ အိမ်ကို အရှေ့ဖီ တစ်ထပ်ဆွဲရင်း၊ အိမ်ဘေးခြံစည်းရိုးနေရာကို မြေသားနံရံ ကာရံ ကြရသည်။ အိမ်ဆိုသည်မှာ ထည့်လေဝင်လေမို့ ဘယ်လောက်ထည့်ထည့် ပြည့်စုံသည်မရှိ၊ မိမိတို့ကိုယ်တိုင်က ဝန်ထမ်းများဖြစ်သည့်ပြင်၊ ကျွန်မဘက် မှ ခေါ်ယူထားသော ညီမနှစ်ဦးကလည်း ဝန်ထမ်းများ ဖြစ်ကြတာမို့၊ ရွှေညောင်မှ မြေနှစ်ကွက်လုံးကို ရောင်းချပြီး အိမ်ကို ပြင်ဆင်မွမ်းမံကြရသည်။

ခင်ပွန်းဖြစ်သူသည် အစိုးရအလုပ်တာဝန်ဖြင့် ရန်ကုန်မှသည် ကျိုင်းတုံ သို့ ပြောင်းရွှေ့ရပြန်၏။ ဘဝ၏ရွှေရောင်နေ့များနှင့် မုန်တိုင်းထန်သော နေ့ရက် များကား တစ်လှည့်စီ ဖြစ်နေတော့သည်။

• • • • • • • • • • • • •

(၈)

ကျွန်မတို့ လက်ထပ်ပြီး တောင်ကြီးမှာ အိမ်ငှားနေကြတော့ ၁၉၈၅-ခုနှစ်တုန်းက အိမ်လခ နှစ်ရာကျပ်သာ ပေးရပြီး၊ ငွေငါးဆယ်ဖိုး ဈေးသုံးလျှင် ခြင်းအပြည့်အမောက်ရသော ခေတ်ဖြစ်လေသည်။ ထိုအိမ်ခန်းလေးမှာ နေရင်း သမီးနှစ်ယောက်ကို ဖွားမြင်ခဲ့သည်။ သမီးလေးတွေ ထိန်းကျောင်းရင်း ကျောင်းတက်ရန်အတွက်၊ ကျွန်မညီမများလည်း တစ်နှစ်တစ်ယောက်နှုန်း နယ်မှ ရောက်လာကြသည်။ အမေမုဆိုးမကြီးနှင့် ကြီးတော်အပျိုကြီးကလည်း တစ်လှည့်စီ လာနေကြပြန်ရာ၊ လူကများများလာ၍ အိမ်ရှင် မကြည်ချင်တော့ပါ။

အမေရင်းကဲ့သို့ ချစ်ရသော အိမ်ရှင်အဘွားကြီး ကွယ်လွန်သွားတော့ သားကြီးဖြစ်သူက ကျွန်မတို့ကို အလိမ္မာနည်းဖြင့် နှင်ထုတ်ပါတော့သည်။ "နင်တို့ကို ငှားစက လင်မယားနှစ်ယောက်တည်းဆိုပြီး ငှားပေးခဲ့တာ၊ ခုတော့ အမေတွေရော၊ ညီမတွေရော ရောက်လာတယ်။ ပစ္စည်းတွေကလည်း များများ လာတော့ အိမ်က တစ်ခြမ်းစောင်းနေပြီ။ ပြင်မှ ဖြစ်တော့မယ်။ မဟုတ်ရင် အိမ်ကြီး ပြိုကျသွားလိမ့်မယ်"

"ဒါကတော့ ဦးရယ်။ ဥတကာနဥ္စသင်္ဂဟော ဆိုတဲ့ ဘုရားဟောနဲ့ အညီပေါ့။ ဆွေမျိုးတွေကို ထောက်ပံ့ရတာ မင်္ဂလာတစ်ပါးပဲ မဟုတ်လား ။ အိမ်ပြင်ချင်ရင်လည်း ပစ္စည်းတွေကို အောက်မှာ ခဏချပုံထားလို့ ရတာပဲလေ။ အမြန်ပြင်ပြီး ဆက်ငှားပေးပါနော်။ အိမ်လခလည်း ဦးတောင်းသလောက် ကာလပေါက်ဈေးအတိုင်း ပေးမှာပါ"

အိမ်လခတွေ တစ်နှစ်တစ်ကြိမ်တိုးရင်းဖြင့် ၁၉၉၅-ခုနှစ်မှာ ၂၀၀၀ိ/- ဖြစ်လာခဲ့သည်။ မိမိရသော လခထက်မက ဖြစ်လာတော့ တောင်းပန်ပြီး ဆက်မနေတော့ဘဲ ပြောင်းရွှေ့ရန် ကြိုးစားရတော့သည်။ မိမိလက်မှာ စုဆောင်းငွေ၊ ပညာရေးငွေစုငွေချေးမှ ချေးယူငွေများဖြင့် မလုံလောက်သောကြောင့် ခင်မင်ရင်းနှီးရ၊ လေးစားအားထားရသော မိတ်ဆွေဆရာဝန်တစ်ဦးထံမှ ငွေခေတ္တ ချေးယူခဲ့ရသေးသည်။ ဟံသာဦးရပ်ကွက်၊ ကိုစိုင်းသစ်စက်နှင့် ဝါးပြား ရပ်ကွက် ကိုလွင်သစ်ဆိုင်မှ သစ်တချို့တစ်ဝက်ကို အကြွေးစနစ်ဖြင့် ယူသုံးခဲ့ရသည်။ ယခုအခါ ထိုမိတ်ဆွေစစ်များ၏ ဂုဏ်ကျေးဇူးကို တစိမ့်စိမ့်တွေးရင်း သတိရလျက် ရှိပါသည်။

ဖျဉ်ထောင်အိမ်လေး၌ ရ–နှစ်ခန့် နေပြီးချိန်မှာ၊ ခင်ပွန်းသည်၏ ဖခင်နှင့် မိခင်တို့ ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်သွားကြသည်။ သူတို့မြို့မှာ ရှိနေသော အိမ်ခြံမြေများကို အမွေခွဲရာ၊ ကျွန်မ၏ ခင်ပွန်းက၊ အနံပေ ၄၀၊ အလျားပေ ၁၀၀–ရှိ မြေကွက်တစ်ကွက်နှင့် ဆောက်ထားသော ဖျဉ်ထောင် အိမ်လေးတစ်လုံး အမွေရလိုက်သည်။ ထိုအိမ်လေးသည် ထိုမြို့၏ အချက် အချာကျသော လမ်းမကြီးဘေးတွင် ရှိ၍၊ သူ့ညီနှင့် ညီမများက၊ ကာလ ပေါက်ဈေးဖြင့် လဲယူလိုက်ကြသည်။ ထိုအမွေရသော အိမ်ရောင်းရငွေများနှင့် အုတ်မြစ်ချထားသော ဖောင်ဒေးရှင်းပေါ်တွင် နံကပ်နှစ်ထပ်တိုက်ကြီး ဆောက် ဖြစ်လိုက်ပါတော့သည်။ ထိုအချိန်က ခင်ပွန်းဖြစ်သူသည် ကျိုင်းတုံသို့ ရောက် နေပြန်၍၊ ကျွန်မကိုယ်တိုင် ပန်းရန် လက်သမားများကို ဦးစီးဦးဆောင်လုပ်၍ မတတ်တတတ်ဖြင့် ဆောက်လိုက်ရာ ခန့်မှန်းသည်ထက် ပိုကုန်သွားပါသည်။

သို့သော်လည်း နံကပ်နှစ်ထပ်တိုက်ကြီးတစ်လုံး မြို့ပတ်လမ်းဘေးမှာ မားမားမတ်မတ် ဖြစ်ပေါ်လာ၍၊ အတိုင်းမသိ ဝမ်းသာကြည်နူးမိသည်။ ရာသီဥတု သာယာသော၊ ဟင်းသီးဟင်းရွက်တွေ လတ်ဆတ်သော၊ ပန်းများ အချိန်ပြည့် ဖူးပွင့်ဝေဆာသော တောင်ကြီးမြို့ကြီးမှာနေ၍၊ သည်မြို့မှာပဲသေရန် စိတ်က ဆုံးဖြတ်မိသည်။ သို့သော်လည်း ကျွန်မတို့ မိသားစုကံကြမ္မာသည် အအေးပိုင်းဒေသတွင် အခြေတကျ နေထိုင်ခွင့် မသာခဲ့ပါချေ။ ပူပြင်းလှသော ရာသီဥတုဒဏ်ကို ကျောကော့ပြီး ခံစေရန် ဖန်လာခဲ့ပြန်သည်။ မပျော်သာ တော်ရာမှာ နေရသော လူ့ဘဝ၏ ထုံးစံအတိုင်း ရာသီဥတုကပူပူ၊ လူတွေ ကလည်း ဆူညံလှပေသော၊ မန်းမြို့တော်သို့ ပြောင်းရွှေ့ခဲ့ရပြန်လေသည်။

• • • • • • • • • • • • •

(ဂ)

၂၀၀၂–ခုနှစ်၊ သမီးကြီး ၁၀–တန်းကို ထူးချွန်စွာ အောင်မြင်ခဲ့ခြင်းကို အပြစ်တင်ရမလား။ တောင်ကြီးမှာ အိမ်စောင့်ရင်း အအေးလွန်ကဲ၍ လေဖြတ် သွားသော မိခင်ကြီးကိုပဲ အပြစ်တင်ရမလား မသိနိုင်တော့ပါ။ သမီးကြီးသည် ကျွန်မတိုက်ဆောက်ပြီးသည့် နှစ်ထဲမှာပဲ ၁၀–တန်းအောင်၍ ဆေးတက္ကသိုလ် ဝင်ခွင့် ရသွားသည်။ တောင်ကြီးစာစစ်ဌာနမှ အောင်၍ မကွေးဆေးတက္ကသိုလ် သို့ သွားတက်ခဲ့ရသည်။ တိုက်သစ်တက်မင်္ဂလာနှင့် သမီး အပထအောင် ဂုဏ်ပြုပွဲကိုလည်း တိုက်သစ်ကြီးမှာ ပြုလုပ်ကျင်းပပေးခဲ့သည်။ ဘုန်းကြီး

ငါးပါး ပင့်၍၊ ဘုရားအနေကဇာတင်၊ ဝါဆိုသင်္ကန်းကပ်၊ ကျောင်းဆောက်ရန် အလှူငွေထည့် စသော ကောင်းမှုကုသိုလ်များ ပျော်ရွှင်ကြည်နူးစွာ ပြုလုပ်ခဲ့ကြသည်။

ခင်ပွန်းသည်က တာချီလိတ်မှာ၊ သမီးကြီးက မကွေး၊ သမီးငယ်နှင့် ကျွန်မတို့ ညီအစ်မများ မိခင်ကြီးတို့က တောင်ကြီးမှာ၊ သုံးနေရာကွဲ၍ စားအိုး သုံးအိုး ဖြစ်နေရာ၊ ဝန်ထမ်းမိသားစုများ ဖြစ်၍၊ ဘယ်လိုမှ အဆင်မပြေ တော့ပါ။ ခင်ပွန်းက ရန်ကုန်ရုံးချုပ်ရှိ အထက်လူကြီးများထံ ပြောင်းရွှေ့ရေး အတွက် အသနားခံစာ တင်လိုက်သည်။ သဘောကောင်းပြီး ညှာတာ ထောက်ထားသော အဘညွှန်ချုပ်ကြီးမှ ခြောက်လအတွင်း၊ ကျွန်မ၏ အမျိုးသားကို မန္တလေးသို့ ပြောင်းရွှေ့မိန့် ထုတ်ပေးခဲ့သည်။ မိသားစုများ အတူတကွ ဆုံဆည်းခွင့် ပေးခဲ့သော အဘ၏ ကျေးဇူးတရားကို မမေ့လျော့ဘဲ၊ အမြဲထာဝရ ဦးထိပ်ပန်ဆင်လျက် ရှိပါသည်။

ဖခင် အလုပ်ပြောင်းသော မြို့သို့၊ သမီးလည်း ဘာအခက်အခဲမှ မရှိဘဲ ပြောင်းရွှေ့လာရသည်။ သမီး၏ ဆေးတက္ကသိုလ်ပညာသင် ကာလ တစ်လျှောက်လုံး၊ ပူပင်သောက တစိုးတစိမျှ မရှိဘဲ၊ မိဘအရိပ်အောက်မှာ ငြိမ်းချမ်းစွာ သင်ယူခဲ့ပေသည်။ နောက်နှစ်မှာ သမီးငယ်ပါ ၁၀–တန်း အောင် ပြန်၍၊ မန္တလေး UFL တက်ရောက်ခွင့် ကျလာပြန်သည်။ သမီးငယ်၏ ၁၀–တန်းအောင် ဂုဏ်ပြုပွဲလေးကို တိုက်အိမ်ပေါ်မှာ ဒုတိယအကြိမ် ကျင်းပ ပေးရပြန်သည်။ နှစ်စဉ်နှစ်တိုင်း အလှူဒါန တစ်ခုမဟုတ် တစ်ခု လုပ်ဖြစ် ခဲ့သော ကျွန်မတို့၏ မင်္ဂလာရှိသော စံအိမ်မွန်ကြီးပါ။

သားအဖသုံးဦးလုံး မန္တလေး ရောက်သွားလေတော့၊ သူတို့၏ စားဝတ် နေရေး ပညာရေးကိစ္စများအတွက်၊ ကျွန်မကပါ မဖြစ်မနေ အလုပ်ပြောင်းရွှေ့ လာခဲ့ရသည်။ ကျွန်မ၏ ကျောင်းပြောင်းရွှေ့ရေးအတွက် စေတနာသက်သက် ဖြင့် အထူးကူညီပေးခဲ့သော ဒုတိယညွှန်ကြားရေးမှူး ဗိုလ်ကြီးကိုလည်း ယနေ့ တိုင် မမေ့နိုင်ဘဲ အထူးဂါရဝပြုအပ်ပါသည်။

သည်လိုနှင့် မန္တလေးမှာ အနေကြာလာတော့၊ အပူဒဏ်ကို ခံနိုင်ရည် ရှိကာ၊ မိသားစုအားလုံး ကျန်းမာဝဖြိုးလာသည်။ သမီးတို့လည်း ကျောင်းပြီး ကာ အလုပ်ကိုယ်စီ ဖြစ်လာချိန်၊ ဖခင်ဖြစ်သူကလည်း ပင်စင်ယူရတော့မည်။ မန္တလေးမှာ ကိုယ်ပိုင်အိမ် အတည်တကျနှင့် အခြေချနေထိုင်နိုင်ရန် စီစဉ်

ရလေသည်။ တောင်ကြီးရှိ မိမိတို့ စံအိမ်မွန်ကို ရောင်းလိုက်ရုံမှတစ်ပါး အခြားနည်းလမ်း မရှိပါပြီ။ မိသားစု စုံစုံညီညီ တိုင်ပင်ကြပြီး ရောင်းရန် ဆုံးဖြတ်လိုက်သည်။ လေဖြတ်နေသော မိခင်ကြီးအတွက် အပူပိုင်းရာသီဥတုက ပို၍ သင့်မြတ်သည်မို့ မိခင်ကြီးနှင့် ပြုစုနေသူ ညီမအပျိုကြီးကိုပါ မန္တလေးခေါ်ထားရန် စီစဉ်ရသည်။

သက္ကရာဇ် ၂၀၁၁–ခုနှစ်၊ နွေရာသီကာလသည် ကျွန်မအတွက်တော့၊ အသည်းနှလုံးတို့ ကွဲအက်ကြေပြုန်းပြီး ရင်မချိအောင် ခံစားရသော အချိန်ပင် ဖြစ်သည်။ အိမ်ရောင်းဖို့ ဆုံးဖြတ်ပြီးချိန်မှစ၍ နှလုံးစိတ်ဝမ်း မအေးချမ်းရသည်မှာ ယနေ့တိုင်ပင် ကြာခဲ့ချေပြီ။ မိမိ၏နှလုံးသည်းပွတ်ကို ဖဲ့ခွဲကာ သူတစ်ပါးလက်သို့ အပ်လိုက်ရတော့မည်။ စရန်ငွေ ယူပြီးသည့် နေ့မှ စ၍ ယူကျုံးမရ အပူလုံးကြွ၍ ငိုလို့ မဆုံးနိုင် ဖြစ်ရပါသည်။ မန္တလေးမှသည် တောင်ကြီးသို့ ခေါက်တုံ့ခေါက်ပြန် သွားခဲ့လာခဲ့သည့် ယခင်ခရီးစဉ်များသည် မိမိအိမ်သို့ ပြန်ရမည့်အသိ၊ မိခင်နှင့်တွေ့ရမည့် အသိဖြင့် ပျော်ရွှင်မြူးတူး တက်ကြွခဲ့ရသည်။ အိမ်ရောင်းရငွေလက်ကျန် အကြေယူရန် သွားမည့် အခေါက်မှာတော့ ကားပေါ်မှာ တစ်လမ်းလုံး ခေါင်းမဖော်နိုင်အောင် ပူဆွေးဝမ်းနည်းငိုကြွေးခဲ့မိသည်။

“အစက သည်လောက် ခံစားရမယ်မှန်း သိခဲ့ရင်၊ သည်အိမ်ကို မရောင်းခဲ့ပါဘူး။ ခုတော့ ကိုယ် ချစ်ခင်တွယ်တာရတဲ့ အိမ်ကြီးရယ်၊ မိတ်ဆွေအပေါင်းအသင်းတွေရယ်၊ နှစ်သက်မက်မောခဲ့ရတဲ့ တောင်ကြီးမြို့ကြီးရယ်ကို အပြီးတိုင် စွန့်လွှတ်ရတော့မှာပါလား။ ရာသီဥတုအေးချမ်းသာယာပြီး စိတ်သဘောထား ဖြူစင်ပြည့်ဝကြတဲ့ တောင်ပေါ်သား ချစ်မိတ်ဆွေတွေကို မကြာခင် လမ်းခွဲနှုတ်ဆက်ရတော့မယ်။ တောင်ကြီးက လက်ဖက်ခြောက်ကမွှေးတယ်၊ တောင်ပေါ်ထွက် ရှမ်းကြက်သွန်ဖြူကိုမှ သုံးတတ်တယ်၊ တောင်ကြီးနယ်က ထွက်တဲ့ ငရုတ်သီးကမှ တစ်ကယ်စပ်တာ၊ နနွင်းမှုန့်ကမှ တကယ်စစ်တာ။ ပအိုဝ်ပြေပဲဆန်လေးကမှ စားလို့ ဆိမ့်တာလို့၊ မက်မောတမ်းတထင်မြင်ခဲ့တဲ့ ကျွန်မလေ – ခုတော့ ကျွန်မချစ်တဲ့ မြို့နဲ့ အရာအားလုံးကို စွန့်လွှတ်ရတော့မှာပါလား”

ပစ္စည်းသင်္ခါရ လူသင်္ခါရဟု စိတ်ကို ဘယ်လို ဖြေသိမ့်ပေမယ့်၊ တွေးလေတွေးလေ ဆွေးမပြေနိုင်အောင် ဖြစ်ရပါသည်။ ကျွန်မ၏ ချွေးနှဲစာ၊ ခင်ပွန်း၏

ကံအကျိုးပေးဖြင့် ရလာခဲ့သော တိုက်တာများသည် တစ်ခဏအတွင်း သူတစ်ပါးလက်သို့ ဝကွက်အပ်ခဲ့ရလေပြီ။

**"ဥစ္စာစု–ထိုက်သူဖို့"** ဟူသော ရှေးသူတော်ကောင်းတို့၏ အဆိုအမိန့်မှာ သွေးမျက်ရည်ကျအောင် မှန်လွန်းလှပေစွတကား။ နှစ်ပေါင်းများစွာ ရှာဖွေစုဆောင်း တည်ဆောက်ခဲ့သော တိုက်တာအိုးအိမ်တို့ကို တစ်မနက်နှင့် ထိုက်တန်သူတို့ထံ အပ်နှံခဲ့ရပြီ။

**"ခန္ဓာစု–မြေကျွေးဖို့"** မဖြစ်စေရန် ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးကို မြင်အောင် ရှု၍ တရားဘာဝနာများ စီးဖြန်းအားထုတ်ရပါဦးမည်။ ငါသည် မုချသေရမည်။ အချိန်ပိုင်းသာ လိုတော့သည်ဖြစ်၍ အသေမဦးခင် ဉာဏ်ဦးအောင် တရားတော်ကို ကြိုးစားပွါးများ အားထုတ်ရပါမည်။

**"ဒါနစု–မိမိဖို့"** ဖြစ်စေရန်၊ အပါယ်လေးပါးမှ လွတ်မြောက်ပြီး လူချမ်းသာ နတ်ချမ်းသာဘဝသို့ ရောက်ရှိစေရန်၊ အလှူရေစက် လက်နှင့် မကွာ ပြုလုပ်ပေးကမ်း စွန့်ကြဲလှူဒါန်းရပါဦးမည်။

မန္တလေးသို့ ပြန်ဖို့ ကြိုတင်လက်မှတ် ဖြတ်ထားပြီးပြီ၊ ပြန်ဖို့ တစ်ရက်အလို ညနေခင်းမှာ၊ စူဠာမုနိဘုရားကုန်းတော်ပေါ်သို့ တက်ရောက်ဘုရားဖူး၏။ လမ်းဘေးတစ်လျှောက်နှင့် ဘုရားကုန်းတော်ဘေးဝန်းကျင်ပတ်လည်မှာ စိန်ပန်းပြာပင်တွေ ပင်လုံးကျွတ် နီလာသင်တိုင်းကြီးကို ဝတ်ရုံထားကြ၏။ ငုစပ်ချယ်ရီတွေကတော့ ပန်းရောင်သင်တိုင်းကိုယ်စီနှင့် ဖြစ်၏။ ထင်းရှူးပင်တွေကတော့ မြစိမ်းရောင်သင်တိုင်းပေါ့။ နွေဆိုပေသော်လည်း လှပအေးမြလို့ နေပါ၏။ ခွဲရတော့မည်ဟု တွေးမိတိုင်း ဆွေးမိပါသည်။ အခွင့်သာသည့်အခါ တောင်ကြီးသို့ ပြန်ရောက်ချင်နေသည်ကို အထူးဖော်ပြလိုသေး၏။ ရင်ထဲမှာလည်း အကြိမ်ကြိမ် ဆန္ဒပြုနေမိ၏။

ဗုဒ္ဓမြတ်စွာသာသနာတော် ကြီးကို အထက်တန်းကျကျ မျက်နှာပန်းလှလှ အားပေးထောက်ပံ့ လှူဒါန်းနိုင်သော ကိုယ်အဖြစ်နှင့် ပြန်ရောက်ရပါစေသား အရှင်ဘုရား … ဟု ရှိခိုးဆုတောင်းနှုတ်ဆက်ရင်း … ။

ခင်မြင့်မြတ်ဦး

၅/၁၀/၁၁။

✻✻✻✻✻✻

# ကျေးဇူးကုဋေ ဆုမွန်ခြွေသည်

▲ တောင်ကြီးမြို့အခြေပြု၊ ဆေးကုသည့်ဆရာ<br>
ဒန္တ၏ ဒေါက်တာပါ၊ စေတနာစွေမိုး<br>
ဆွေသဟာအခြေတိုးစေဖို့၊ ရွှေအိုးသို့အသွင်<br>
ကောင်းနိုးရာ စာသီပြုတယ်၊ သိမှုစုံလင် ။ ။

▲ စာမူအတွက် လက်မခံ၍၊ ဘက်ပြန်လျှင်ပင်<br>
သက်နှံ့ပမာ မက်လွန်း၍၊ အသက်သွန်းဖန်ခါခါ၊ ထုတ်ဝေဖို့ရှာ<br>
အခါသင့်လို့ အခွင့်သာသော်၊ ပွင့်ငုံအာ ရွှေကြာပန်းပမာသို့<br>
အသင့်စုံစွာ ထွေလာကျမ်းစာတချို့<br>
အခွင့်ကြုံလာ ဆွေသဟာလန်းဖြာဖို့<br>
တွေးပါလို့ အမှန်ပဲ့၊ ပကာသနမဖက်ပေါင်<br>
ပေးပါသဗျို့ ကြံဆ၊ ဓမ္မဒါနလက်ဆောင် ။ ။

▲ ညွှန်ပေါ့တကယ် စေတနာထားတဲ့<br>
လွန်တော့တယ် တွယ်တာစရာပွါးမယ့်<br>
"ကျွန်တော့်အပယ်ရတနာများ"ရဲ့ စာအုပ်ကိုလေ<br>
အချက်မှန်သမျှ ထက်သမို့၊ သက်ပန်သမျှ မက်လို့<br>
လက်ခံလျက်မို့ ကျေးဇူးကုဋေ ။ ။

▲ ပြုစုလှူရ ဉာဏ်ဒါနတွေသည်<br>
စိတ်သန်ရာ ဖွေရှာထားသမို့၊ နိဗ္ဗာန်ရှာ သေချာသွားဖို့<br>
ဟိတ်ဟန်မပါ စေတနာထားလို့ ဆုတောင်းပါသည် ။ ။

▲ အားသာလွန် ရောက်ရာတောင်ပေါ်အထိ သွားမည့်<br>
သွားဆရာဝန် ဒေါက်တာအောင်ကျော်သမား၏<br>
မိသားစုအပေါင်းအဆွေသည်၊ ပန်းပမာ လန်းဖြာ၍<br>
ကျန်းမာချမ်းသာ ဝမ်းသာတော်မူကြပါစေအကြောင်း ။ ။

ဦးကျော်ထွန်း (HGP)<br>
ဟိုပုံးမြို့နယ်၊ နမ့်ခုတ်။<br>
၂၀/ ၇/ ၂၀၀၂။

❁❁❁❁❁❁

# သုံးကြိမ်သာဓု ခေါ်ဆိုပြုပါ၏

▲ လွန်တော်မူ ပဋ္ဌမမြောက်
ကျရောက်သည့် မွေးနေ့
သက်တော်ပြည့် ခြောက်ဆယ့်ငါး
ကမ္ဘာအေးမှာ စံစား
တိပိဋက ဆရာတော်အား
သွား/ဆရာဝန် ညီငယ်
လှူဒါန်းဖွယ် မွေးနေ့ဓမ္မဒါန
ရသဝတ္ထုခြောက်ပုဒ်ပါ
စာတစ်အုပ် ဖြန့်ချိ
ပေးဝေဘိ ဆွေသဟာတို့
ရရှိကြလို့ ဝမ်းမြောက်ဝမ်းသာ
ဆရာ့တောင်းဆု နိဗ္ဗူတာ
လျင်မကြာ ရောက်စေရာ
သာဓု သာဓု သာဓု သုံးကြိမ်ပါ
ခေါ်ကြပါ၏ ဆရာခင်ပျား ။ ။

မင်းကြော့ရှိန်
၁၀/ ၅/ ၂၀၁၁။

# အင်းသားလူမျိုးတို့၏
# အနုစာပေသဇင် ပန်းတော်ဝင်

**အင်းလေးသန္တာခင်**

အင်းသားလူမျိုးတို့၏ တိုက်တေးသည် အနုစာပေဖြစ်သည်။ တစ်နည်းဆိုရသော နှုတ်တက်ဆောင်စာပေ ဖြစ်သည်။ စာရေးစာဖတ် မကျွမ်းကျင်လှပေမဲ့ တေးစပ်တေးဆိုကောင်းသူများ ရှိကြောင်း သိရပါသည်။ အင်းသားလက်တန်းစာဆိုများသည် မိမိဒေသ အလှသဘာဝများ၊ ကောင်းကင် ရေပြင် တောတောင်များ ပန်းများ လမင်းနှင့် ကြယ်ပွင့်လေးများပါမကျန် အလျဉ်းသင့်သလို စပ်ဆိုကြသည်။

ယခု ဖော်ပြမည့် တိုက်တေးများမှာ လမင်းကို တင်စား၍ အမျိုးမျိုးဖွဲ့ကာ သီဆိုသွားသည့် တေးများ ဖြစ်သည်။

* ရွှေလမှာ ကြယ်တွေ ဝိုင်းပါလို့
  မောင်ကြံတိုင်း မယ်မပါ
  ဝေးတဲ့ဖူးစာ ။
* ရွှေဖူးစာ မပါလို့ ထင်ရဲ့။
* ပဒုမ္မာရွှေကြာဖူးကို
  စိတ်ကူးဝေးခဲ့ ။ ။

ရွှေလမှာ ကြယ်တွေ ဝိုင်းနေသလို၊ မယ့်ကို ကြိုက်သူများ ဝိုင်းဝိုင်းလည်နေသဖြင့်၊ မောင့်မှာ ချစ်အားငယ်ရကြောင်း ဆိုသောအခါ၊ မောင်တကယ်ကြံလျှင်ဖြင့် ပေါင်းရန် နီးစပ်ပါမည်။ အဟုတ်တကယ် မကြံမှာကို တိုးလို့ပူပန်မိကြောင်း မယ်က ဆိုပြန်သည်။

* ရွှေလမင်း တုန်ကာ လှုပ်ပါလို့
အဟုတ်များ မောင်မကြဲ
တိုးလို့ ပူပန်။
* မောင်မကြဲ
ပေါင်းကံနှင့်မမျှ။
* မြင်ရုံသာ ရွှေလဝန်း
လွမ်းရရုံပ ။ ။

လမင်းနှင့် မယ်ကို နှိုင်းဆိုသော တေးများ ရှိသလို၊ အဆင့်အတန်း မြင့်လွန်းသော မောင်နှင့် လမင်း တူလှပါသည်။ မယ်ယူလို့ မရပါ။ အညာမြဲသော လဖြစ်၍ ဆွဲလို့ မရနိုင်ပါဟု ဆိုသော တေးလည်း ရှိပါသည်။

* အရှေ့ကထွက်တဲ့ လမင်းဖြူ
ဘုန်းမောင်နဲ့တူ။
* တူသာတူ
မယ်ယူလို့ ရဘဲ။
* ရွှေလလို အညာမြဲ
ဆွဲလို့ရဘဲ ။ ။

လမင်းကဲ့သို့ တင့်တယ်လှသော မောင့်ကို မယ်ယူလို့ မရနိုင်ပါ။ အလှမ်းဝေးလှသည်။ အညာမြဲသော လ ဆွဲလို့ မရနိုင်ပါဟု ဆိုထားပါသည်။

လကိုပင် အညာမြဲသည်ဟု ဖွဲ့ဆိုသူ မှုကွဲတစ်ပုဒ် ရှိပါသေးသည်။ အလှနတ်တူမယ်ကလေးသည် လမင်းနှင့်တူသော မောင်ကို မရနိုင်ပါ။ မယ့်အဖြစ်သည် စံပယ်ဖြူပန်းကို နေပူမှာ ပစ်ထားသလို နွမ်းနယ်နေပါပြီ။ ညှိုးငယ်နေပါပြီ။ အညာမြဲသော လလို (လမင်းကို ဆွဲယူလို့ မရနိုင်သလို) ဆွဲမရပါဟု နွမ်းနွမ်းနယ်နယ် လွမ်းစဖွယ် သီဆိုထားပါသည်။

* အလှတဲ့ နတ်တူ
စံပယ်ဖြူ နေမှာပစ်
နွမ်းကျန်ရစ်သူ။
* လွယ်တကူ
မယ်ယူလိုက်ချင်လှ။

※ ရွှေလလို အညှာမြဲတယ်
ဆွဲလို့မရ ။ ။

"ရွှေလလို အညှာမြဲ"ဟု ခက်ခဲမှုကို တင်စားထားသလို၊ ရေမှာ ထိုးကျ လျက်ရှိသော ဖြာကျလျက်ရှိသော လမင်း၊ လရိပ်လရောင်ကို တကယ့်လမင်း လရိပ်လရောင် ထင်လို့ ကူးရှာမိပါသည်။ ရေထဲကအရိပ်ကို တကယ်ထင်၍ ရေထဲတွင် ကူးရှာမိတယ်ဟု ဆိုထားသော တေးတစ်ပုဒ်ကို ရွေးထုတ်ပြလိုက် ပါသည်။

※ ရွှေလရောင် ရေမှာ ထိုးပါလို့
ရစနိုး စိတ်ကရွယ်
ကူးရှာမိတယ်။

※ စိတ်ကရွယ်
တကယ်မှ ရနိုး။

※ ရွှေလရောင် ရေမှာထိုးတယ်
ကူးရှာရနိုး ။ ။

အင်းသားလူမျိုးတို့၏ တိုက်တေးကို ကျွန်မသည် "တိုက်တေးရတနာ"ဟု တင်စားဖူးပါသည်။ အမြတ်တနိုး တန်ဖိုးဖြတ် မရနိုင်တာ ရတနာ၊ ဆင်မြန်း သောအခါ နှစ်သက်ပီတိဖြစ်ရသောအရာ၊ ကျွန်မကဲ့သို့ပင် နှစ်သက်ပီတိ ဖြစ်စေချင်၍ လက်ဆင့်ကမ်းလိုက်ရပါသည်။

**အင်းလေးသန္တာခင်**
**၂၆/၁/၂၀၀၆။**

❀❀❀❀❀❀

▲ **<u>ဧနရိုးရာတေးသံ</u>**

– **ထင်းရှူးပင်ငုတ်၊ အရင်းယားလို့ အဖျားခုတ်**
**အငုတ်ထင်းရှူး ဆူလေလော၊ ဆူလေလော။**
**မောင်က ကြိုက်လို့ လိုက်လည်ရင်၊ ရဝူးလော။ ရဝူးလော။**

– **ကြက်ဥနှံသာ ဆီပူထိုးလို့ ကြာရင်၊ ကြက်ဥကွဲမစိုး။ ကွဲမစိုး။**
**မောင်ကကြိုက်လို့ လိုက်လည်ရင်၊**
**မယ်မွေ့လ မယ်တို့အဖ ဆဲမစိုး။ ဆဲမစိုး။**

# ဖြစ်မှဖြစ်ရလေ သူငယ်ချင်းရယ်

**သိန်းသန်းထွန်း**

(၁)

ကျုပ်နာမည် ငနွဲ့မဟုတ်။ သို့သော် ဟုတ်၏။ သူ့နာမည် ငမော မဟုတ်။ သို့သော် ဟုတ်၏။

လူပျော့ဆိုပြီး သူခေါ်၍ ကျုပ် ငနွဲ့ ဖြစ်နေ၏။ လူမာဆိုပြီး ကျုပ်ခေါ်၍ သူ ငမော ဖြစ်နေ၏။ ကျုပ်အရပ် ငါးပေငါးလက်မ မြင့်၏။ သူ့အရပ် ခြောက်ပေ နှစ်လက်မ မြင့်၏။ ရင်ဆိုင် ရပ်ပြောကြလျှင်၊ ကျုပ်မေး နည်းနည်းမော့နေ၏။

(၂)

ကျုပ် ကဗျာရေး ဝါသနာကြီး၏။ ကျုပ် ကြာပွင့်ပေါ် ပက်လက်လှဲ၊ လမင်းကြည့်။ တစ်သက်လုံး သီချင်းဆို၏။

သူ အပင်စိုက် ဝါသနာကြီး၏။ သူက တောထဲမှာ ရှာမှ ရပြီး၊ နည်းနည်းသာ ရလေ့ရှိသော ရှားပါးအပင်မျိုးတွေ စိုက်ခင်းလုပ်ပြီး၊ စီးပွါးဖြစ်နေ၏။ ကင်ဆာရောဂါ သက်သာသည်ဆိုသော တစ်ပင်တိုင်မြနန်းဆေးပင်၊ အခင်းကြီး စိုက်ထား၏။ ကြော်စား သိပ်ကောင်းသော ဖလန်တောင်ဝှေးပင် အခင်းကြီး စိုက်ထား၏။ သစ္စေးဈေးကောင်းသော သစ်စေးပင်တောကြီး စိုက်ထား၏။ ဤသုံးမျိုး၏ အခင်းကျယ် မြိုင်ကျယ်ဖြစ်အောင် စိုက်ပြီး၊ စီးပွါးကောင်းနေ၏။ ချမ်းသာနေ၏။ ကျုပ်တော့ ကြာပွင့်ပေါ်မှာ သီချင်းအမြဲဆိုနေ၏။ သူငယ်ချင်း ငမောနှင့် မတွေ့တာ ဆယ်နှစ်ခန့် ကြာသွား၏။

(၃)

သူဖိတ် သူ့ဆီရောက်၏။ တောထဲ ရှာရရှားအပင်များ မရှားတော့ဘဲ၊ စိုက်ခင်းကြီးတွေ တွေ့ရ၏။

ကြာပွင့်ပေါ် အိပ်တုန်းပဲလားတဲ့။ ပန်းလက်သီးကဗျာတွေ ကြာပွင့်ပေါ်မှာ သိပ်ဖြစ်တယ်ကွ။ အလကားကောင် တဲ့။

သူ့စိုက်ခင်းကြီး ခြံစည်းရိုးတွင်၊ ပေတစ်ရာကျော်မြင့်သော ညောင်ပင်ကြီးတွေ၊ ရေးကတည်းက ဝိုင်းပေါက်နေသည်ကို သတိထားမိလိုက်၏။

(၄)

မတွေ့ ဆယ်နှစ်ခန့် ကြာသွားပြန်၏။ သူဖိတ် သူ့ဆီ ရောက်၏။ ခြံစည်းရိုးက ပေတစ်ရာကျော် ညောင်ပင်ကြီးတွေ မတွေ့ရတော့ပေ။ လေးပေခန့် ညောင်ပင်ငယ်လေးတွေသာ စိစိညီညီ ဝိုင်းပေါက်နေသည်ကို မြင်ရ၏။

''အသစ်စိုက်ထားတာလား''

''မဟုတ်ဘူးကွ''

''ဘယ်လိုဖြစ်တာလဲ ကွ''

''ကြီးတာကို ငယ်သွားအောင် လုပ်တဲ့ဆေး ဖော်ပြီး၊ ညောင်သားထဲ ထိုးထည့်ထားလို့၊ ငယ်ကုန်ကြတာဟေ့''

''ဟာ ...မင်းသိပ်ထူးဆန်းတဲ့ ကောင်ပဲ''

သူ ကျားပြုံး ပြုံးသွား၏။

''ကြီးတာတွေဟူသမျှ ငယ်အောင် ငါလုပ်နိုင်တယ်ကွ'' တဲ့။

''ငယ်တာကိုလဲ ကြီးအောင်လုပ်ပါလားကွာ''

''ဟဲ့ ... ငနဲ့ ဘာပြောတယ်''

''ဩော်ကွာ... ခြောက်ပေကျော်လောက်သာ မြင့်တတ်တဲ့ အပင်ငယ်မျိုးဖြစ်တဲ့ ကော်ဖီပင်ကို၊ ပေတစ်ရာကျော် ညောင်ပင်လောက် ဖြစ်အောင် လုပ်ပါလားကွာ။ ပေတစ်ရာကျော် ကော်ဖီပင်တောကြီး ဖြစ်နိုင်ရင်၊ မင်း... ကမ္ဘာ့ကော်ဖီသူဌေးကြီး ဖြစ်သွားမှာ သူငယ်ချင်းရာ။ ငယ်တာကို အကျိုးရှိတဲ့ အကြီးမျိုးဖြစ်အောင် လုပ်စမ်းပါလား''

''ဟာ ... မလုပ်ချင်ပါဘူးကွာ''

"ဘာဖြစ်လို့လဲ"

"ကြီးတာကိုပဲ ငယ်အောင် လုပ်ရတာ ကြိုက်တယ်ဟာ့"

"မင်းကတော့ ဆန်းပဲကွာ"

"ဟော့ကောင် ... ငနဲ့၊ ငါလေ ပန်းအိုးထဲ ညောင်ပင်ပုပုလေးတွေ စိုက်ပြီး ရောင်းစားနေတယ်။ တရုပ် ဂျပန် ကိုရီးယားက ပင်ပုသက်ရှည် ဘွန်ဆိုင်းပင်မျိုးတွေ ရောင်းစားသလိုပေါ့"

"မင်းကလည်းကွာ၊ သူ့ဘာသာသူ ကြီးနေတာကိုများ၊ သေးအောင် ငယ်အောင် လုပ်ပစ်ရတယ်လို့"

"ငါကလေ ကြီးတာကို ငယ်အောင် လုပ်ရင်း၊ ငါ့အစွမ်းကို ငါ ဂုဏ်ယူတဲ့ အရသာပဲ ခံတယ်ကွ"

"ကဲ ... ဒီလိုဆိုရင် မင်းအရပ်ခြောက်ပေကျော်ကို၊ တစ်ပေလောက် ဖြစ်အောင် လုပ်ပါလား"

"ဟာ ... ကောင်စုတ် ... ငါကတော့ ပေခြောက်ရာကျော်လောက်တောင် အရပ်မြင့်ချင်တာဟာ့"

ကျုပ် ပါးစပ်ဖြင့် မရယ်ဘဲ၊ လက်သီးရယ် ရယ်မိသွား၏။ သူနှင့် ရင်ဆိုင် ပြောနေစဉ်၊ ကျုပ်မေး သိပ်မမော့တာကို သတိမထားမိ၊ စိတ်လှိုင်းကြက်ခွပ် တွေ ရှရှ ရှရှ ဖြစ်နေ၏။

"မင်း တော်တော်ကြောင်တဲ့ကောင်"

"ဘာကွ"

"ငါ မင်းဆီ နောက်ထပ် မလာတော့ဘူးကွာ"

"မလာ နေပေါ့"

"မလာတော့ဘူး"

"ဟော့ကောင် ... မင်းအရပ် တစ်လက်မလောက်ပဲ ဖြစ်သွားအောင်၊ ငါ ခု လုပ်လိုက်ရမလား"

"တယ် ..."

(၅)

မလာတော့ဘူးဟု စိတ်ထဲ တကယ် ရှိပါ၏။ သို့သော်၊ သူဖိတ် သူ့ဆီ ရောက်မိပြန်ပါ၏။ နောက်ထပ် ဆယ်နှစ်ခန့်ကြာမှ ရောက်သွားခြင်း ဖြစ်၏။

သူ့ခြံထဲဝင်။ မတ်တပ်ရပ်။ ဟိုကြည့်။ ဒီကြည့်။ ဆန်းနေ၏။ စိတ်ထဲ၌ အဆန်းလေပွေ မွှေ့နေ၏။ ဟိုကြည့်။ ဒီကြည့်။ အရောင်သုံးမျိုးရှိသော မြက်ခင်းကျယ်ကြီးတွေသာ မြင်နေရ၏။ သူ့စိုက်ပင်တွေဟူသမျှ မြက်ပင်ပုပုလေးတွေလို ဖြစ်နေကြ၏။ သူငယ်ချင်း မောကိုလည်း လုံးဝ မမြင်ရ။

"ဟော့ ... မော ... မော" အော်ခေါ်မိ၏။ သုံးလေးခါ အော်ခေါ်နေရပါ၏။

"ဟော့ ... မောရေ့ ... မော။ ငါလာပြီကွ"

"ဟော့ကောင် ... ငနဲ့၊ နောက်ဆုတ်ပြီး ရပ်ပါကွာ" တဲ့။

"ဘာဖြစ်လို့လဲ"

"ငါ့ တက်နင်းမိမယ် သူငယ်ချင်းရယ်"

"ဟင် ဘာတွေ ပြောနေတာလဲ"

"မင်းညှပ်ဖိနပ်ထိပ်နားမှာ ငါ မတ်တတ်ရပ်နေတယ် သူငယ်ချင်းရာ"

အရင်ကလို တောကျီးကန်းသံ အကျယ်မဟုတ်။ နှံပြီစုတ်ငှက်ကလေး၏ အသံမျိုး စူးတူးတူးလေး ကြားလိုက်ရ၏။

"သူငယ်ချင်းရယ်၊ ငါ့တက်နင်းမိမယ်လို့ ဆိုနေ"

အသံဆီ ငုံ့ကြည့်၏။ မမြင်ရ၊ ထိုင်ငုံ့ကြည့်ရ၏။ မြင်တော့၏။

"သူငယ်ချင်းရယ် ငါ့မနင်းမိအောင် နောက်ဆုတ်ပေးပါလားကွာ" တဲ့။

(၆)

မော၏ အရပ် တစ်လက်မခန့်ဖြင့် မော့အော်သံ၊ တုန်အက်နေပါ၏။

(၇)

ဖြစ်မှ ဖြစ်ရလေ သူငယ်ချင်းရယ်။ ။

**သိန်းသန်းထွန်း**

❀❀❀❀❀❀

# ကျေးဇူးကြီးစွာ မြတ်ဆရာ

သျှိ (အင်ကြင်း)

ဆရာဟူသည်၊ ဤလူ့ပြည်ဝယ်
လူ့ရည်လူချွန်၊ ကောင်းမွန်ခြင်းကို
ဖန်ဆင်းပေးသူ မွန်မြတ်သူ။

အတွေးပင်လယ်ကမ်းစပ်တွင် ''မြတ်ဆရာ''တို့၏ အကြောင်းကို တွေးမိပြီး ထိုကဗျာလေး ပေါ်လာသည်။ ဆရာသည် လောက၏ ရတနာတစ်ပါး ဖြစ်ပါသည်။ လောကကြီး၏ အနာဂတ်တိုးတက်မှုအဆင့်ဆင့်ကို ဖန်ဆင်းသော ပညာအပေါင်းတို့သည် ဆရာတည်းဟူသော ပုဂ္ဂိုလ်များ၏ လမ်းညွှန်သွန်သင်မှုများမှ ပေါ်ထွက်လာခြင်းသာ ဖြစ်ပါသည်။ ကျွန်မကို ဆရာတည်းဟူသော အတွေးပင်လယ်ကျယ်၏ ကမ်းစပ်သို့ ရုတ်ခြည်းပို့ပေးသူမှာ ''စာလေးတစ်စောင်''သာ ဖြစ်ပါသည်။ ထိုစာနှင့်အတူ စာညွှန့်ကဗျာများ ရေးဖွဲ့ထားသော လက်ကမ်းစာစောင်လေးတစ်စောင် ပုံကြီးချဲ့ အဖွဲ့လိုက် စုရိုက်ထားသော ဓာတ်ပုံတစ်ပုံ ပါဝင်ပါသည်။ ထိုစာရှင်မှာ စာပေစိတ်ဓာတ်ဖြင့် ခင်မင်ရသော စာရေးဆရာ ဒေါက်တာအောင်ကျော်(သွား/ဆရာဝန်) ဖြစ်သည်။

**ဆရာမ သျှိ(အင်ကြင်း) ခင်ဗျား ...**

ကဗျာချစ်တတ်တဲ့ ဆရာမကို ကျွန်တော့်ကဗျာလေး သုံးပုဒ် လက်ဆောင် ကမ်းလိုက်ပါတယ်။ ဦးရွှေဖြိုးဆိုတာ တောင်ကြီးမြို့နယ်ပညာရေးမှူးဘဝကနေ အနားယူလိုက်ရသူပါ။ အလွန်သဘောထားပြည့်ဝပြီး၊ တပည့်အတွက် အနစ်နာခံလိုက်ရသူမို့ ကျွန်တော်တို့ အလွန်အလွန် နှမြောရသူ ဖြစ်ပါတယ်။

တပည့်မကောင်း ဆရာ့ခေါင်းဆိုတဲ့ စကားလေးက မှန်လိုက်တာဗျာ။ တိုင်းပြည်အတွက် လူကောင်းလူတော် ဝန်ထမ်းကောင်းတစ်ဦး ဆုံးရှုံးလိုက်ရပေမယ့်၊ ဆရာကြီးအတွက်ကတော့ တရားဓမ္မ လိုက်စားနိုင်ဖို့ အချိန်ပို ရသွားတာပေါ့လေ။

တပည့်တွေ စုပေါင်းပြီး ဆရာကြီးမွေးနေ့ ဂါရဝပြုပွဲကို စိန်ရတုအကြို ၂၀၀၂–ခုနှစ်ကတည်းက နှစ်စဉ် မပျက်မကွက် ကန်တော့လာကြတာဆိုတော့ ဆယ်စုနှစ်တစ်စု နီးပြီပေါ့။ ဆရာကြီးရဲ့တပည့် မဖြစ်ခဲ့ဖူးပေမယ့်၊ ကလောမြို့မှာ တာဝန်ထမ်းဆောင်ကြစဉ်၊ ဝန်ထမ်းဘဝနဲ့ ကျွန်တော်တို့ ဆုံခဲ့ဖူးပါတယ်။ ဆရာဘဝကို မြတ်နိုးဂုဏ်ယူတတ်ပြီး ဆရာဖြစ်ချင်ခဲ့ပေမယ့် ကုသိုလ်ကံမလိုက်ခဲ့သူ ကျွန်တော်ဟာ ဆရာ ဆရာမတွေကို ကြည်ညိုချစ်ခင်တတ်သူပါ။ ဒါကြောင့် ဆရာကြီးမွေးနေ့ပွဲအတွက် ကဗျာစာမူတောင်းလာတော့ လိုလိုလားလား စိတ်နှစ်ပြီး ဂုဏ်ပြုသီကုံးပေးဖြစ်ခဲ့ပါတယ်။ ကဗျာပါရမီ နည်းခဲ့ပေမဲ့ ရွက်ကြမ်းရေကျိုအဆင့်တော့ ရှိမယ် ထင်ပါရဲ့ဗျာ။ ဆရာမ ဖတ်ရှု ခံစားကြည့်ပါဦး။

ဩော် ပြီးခဲ့သည့်နှစ်က ပူဇော်ပွဲအပြီး စုပေါင်းဓာတ်ပုံရိုက်ဖြစ်ခဲ့တယ်။ ဆရာကြီးသိန်းသန်းထွန်းနဲ့ ဆရာမကြီးဒေါ်ခင်ညွန့် (အင်းလေးသန္တာခင်) တို့လည်း ပါတာကြောင့်၊ ဆရာမအတွက် တစ်ပုံ လက်ဆောင်ပေးလိုက်ပါတယ်။ အများစုကတော့ ဆရာကြီးရဲ့ လုပ်ဖော်ကိုင်ဖက် တပည့် ဆရာ ဆရာမများ ဖြစ်ကြပါတယ်တဲ့။ လူငါးဆယ်ကျော်ရှိတော့ ပုံကြီးချဲ့ခိုင်းလိုက်ရတယ်။ ကျွန်တော့်ဆောင်းပါးနှစ်ပုဒ်အတွက် ချီးမြှင့်ငွေ ကျပ်တစ်သောင်း တိတိ ရရှိတာ၊ ဓာတ်ပုံ ၁၀–ပုံ ကူးပြီး မျှဝေလှူဒါန်းတာပါ။ သာဓုခေါ်ပါ ဆရာမခင်ဗျား...။

**စာပေစိတ်ဓာတ်ခင်မင်မှုဖြင့်**

**ဒေါက်တာအောင်ကျော်(သွား/ဆရာဝန်)**

ဆရာဒေါက်တာအောင်ကျော်ရဲ့ စာထဲမှာ အတွေးပွါးစရာတွေ အများကြီး ပါဝင်နေပါသည်။ သို့သော် ဆယ်စုနှစ်တစ်ခုနီးပါး၊ ယခုထိ နှစ်စဉ်မပျက်မကွက် ဆရာကြီးကို ပူဇော်ကန်တော့ပွဲ ကျင်းပနေဆဲဖြစ်သော တပည့် ဆရာ ဆရာများ၏ သဒ္ဓါတရားက အံ့ဩကုန်နိုင်ဖွယ်ဟု ခံစားရသည်။

ဤသို့ဆိုလျှင် ဆရာကြီးမှာ "အာစရိယဂုဏ်ရည်" များစွာ ရှိနေမည်ကို မှန်းဆကြည့် သိနိုင်၏။ ကျွန်မသည် အတွေးပင်လယ်ကမ်းစပ်မှတစ်ဆင့် ခြေလှမ်းများ ပင်လယ်ပြင်ထဲသို့ တစ်လှမ်းချင်း စဆင်းကြည့်သည်။ ဆရာဟူသော ဝေါဟာရကို စတင်တွေ့ထိရသည်။ ရှေးအကျဆုံး မြန်မာစာ အရေးအသားတွင် ဆရာကို "ဆရ္ဍ"ဟူသော စာလုံးပေါင်းကို ပုဂံမြို့ သက်စိုးတောင် အနီးမှ အနော်ရထာမင်းလက်ထက် သက္ကရာဇ် ၄၀၀–ကျော်တွင် ရေးထိုးထားသော ကျောက်စာ၏ ကြောင်းရေ ၁၈–တွင် တွေ့နိုင်ကြောင်း၊ စာပေမှတ်တမ်းများတွင် ဖတ်ရှုရသည်။ ရှေးဟောင်းမြန်မာကျောက်စာများ ပထမတွဲ စာမျက်နှာ ၁၉–တွင်လည်း တွေ့နိုင်ပါသည်။

ထိုကျောက်စာတွင် "လူနတ်တကာ ဆရာဖြစ်ရလို၏"ဟု ရေးသားထားရာ၊ ယင်းစာသားသည် "မြတ်စွာဘုရား"ကို ခေါ်ဝေါ်ခြင်း ဖြစ်သည်။ ထို့ကြောင့် ဆရာဟူသည် ဘုရားနှင့်တစ်ဂိုဏ်းတည်း အပြခံရသော၊ ဦးခိုက်ရှိခိုးထိုက်သည့် ပုဂ္ဂိုလ်ဖြစ်သည်။ အနန္တော အနန္တငါးပါးဟူသည် ဘုရား၊ တရား၊ သံဃာ၊ ဆရာ၊ မိဘတို့ ဖြစ်ကြသည်။ ဘုရား တရား သံဃာကို ရတနာမြတ်သုံးပါးဟု ခေါ်လေ့ ရှိကြသည်။ ထိုသို့ မြတ်နိုးစွာ ခေါ်လေ့ခေါ်ထကို အတုယူလျက်၊ အနန္တော အနန္တငါးပါးကို ရတနာငါးပါးဟု ခေါ်ဆိုကြပြန်သည်။ ထို့ကြောင့် ဆရာဟူသည် ရတနာတစ်ပါး အမှန်ဖြစ်သည်။ စိန် ရွှေ ပတ္တမြား စသော ကျောက်မျက်ရတနာများ မဟုတ်ပါ။ မြင့်မြတ်သော ရတနာ၊ ဦးခိုက်ဖွယ်ရာ ရတနာ၊ အားကိုးမှီခိုဆည်းကပ်ဖွယ် ရတနာများသာ ပေတည်း။

ဆရာဟူသည် စာသင်ပေးသော ကျောင်းဆရာကိုသာမက ဆရာအမျိုးမျိုး ရှိပါသည်။ လောကသုံးပါး၏ ဆရာကား မြတ်စွာဘုရား ဖြစ်သည်။ "တိလောကဂုရု" ဟူသော ပါဠိစကားလည်း ရှိသည်။ ကျောင်းမနေမီ ဆရာများမှာ မိဘနှစ်ပါး ဖြစ်သည်။ "**လက်ဦးဆရာ မည်ထိုက်စွာ ပုဗ္ဗာစရိယ မိနှင့်ဘ**" ဟု ဆိုရိုးစကားပင် ရှိ၏။ ကျောင်းနေသော အရွယ် ရောက်၍ ကျောင်းနေသောအခါမှာ ကျောင်းဆရာ၏ တပည့် ဖြစ်လာသည်။ မြန်မာနိုင်ငံတွင် ရှေးအကျဆုံး ဆရာတို့မှာ ရဟန်းတော်များ ဖြစ်ကြသည်။ ဘုန်းကြီးကျောင်းပညာ ထွန်းကားသော ကာလ ဖြစ်သောကြောင့်ပါ။

မင်းကေရာဇ်များ အလေးအမြတ်ထားပြီး ကိုးကွယ်သော ဆရာတော်ကို ''မင်းဆရာ''ဟု ခေါ်ကြသည်။

မည်သို့ဆိုစေ ဆရာဟူသည် တပည့်အား ပညာတည်းဟူသော မြတ်ရွှေအိုးကို စေတနာအပြည့်ဖြင့် ပေးသူ ဖြစ်သည်။ တပည့်တို့အား ပညာဂုဏ်ဖြင့် ပွဲလယ်တင့်အောင် အမြဲတစေ လမ်းညွှန်ပေးသူများ ဖြစ်ကြသည်။ မင်းတုန်းမင်း၏ ဆရာတော် စံကျောင်းဆရာတော် ဦးစန္ဒိမာကဲ့သို့သော ဆရာသည် မျက်မှောက်ကာလအတွက် သင်ကြားရုံသာမက၊ အနာဂတ်ကာလကိုပါ မျှော်ပြီး လမ်းညွှန် သွန်သင်နိုင်သူ ဖြစ်သည်။ ဆရာတော်က အပ်နှံသိမ်းဆည်းထားခိုင်းသော ငါးခြောက်ပြား ပျောက်သွား၍ အလွန်နာကျင်အောင် အရိုက်ခံရသူ မင်းသားလေးသည် နောင်တစ်ချိန် မင်းတုန်းမင်းဘဝမှာ တိုင်းပြည်ကို ဗြိတိသျှလက်သို့ ကျရောက်မသွားအောင် ပျောက်မသွားအောင် ထိန်းသိမ်းနိုင်ခဲ့ခြင်းသည် စံကျောင်းဆရာတော်၏ အဆုံးအမများနှင့် သက်ဆိုင်သည်ဟု ယူဆဖွယ် ဖြစ်သည်။

အဘယ်ကြောင့်ဆိုသော်၊ **''ငါးခြောက်လေးတောင် မပျောက်အောင် မထိန်းသိမ်းနိုင်လျှင် နောင်အခါ တိုင်းပြည်ကို နင် ဘယ်လို ထိန်းနိုင်တော့မှာလဲ''**ဟု ရိုက်နှက်ရင်း ပြောဆိုဆုံးမစကားသည်၊ စေတနာရှင် ဆရာတော်နှင့် နာခံယူသူ မင်းတုန်းမင်းသားလေးတို့၏ ဆရာတပည့်နှစ်ဦး နှောင်တည်းမှု တန်ဖိုးကို သိသာစေသောကြောင့် ဖြစ်၏။ **''ရှေးရှုမေတ္တာ၊ ကရုဏာနှင့်၊ နာနာကျင်ကျင်၊ အပြစ်မြင်တိုင်း၊ ဝမ်းတွင်းမသို၊ ဟုတ်တိုင်းဆို၍၊ ကျိုးလိုစိတ်က၊ ဆုံးမတတ်သူ၊ ဆရာဟူလော့''**ဟု စံကျောင်းဆရာတော်ကို ဂုဏ်တင်ထိုက်ပါ၏။

''တပည့်မကောင်း ဆရာ့ခေါင်း'' ''ဆရာကောင်းတပည့် ပန်းကောင်းပန်'' ''ဆရာမပြ နည်းမကျ''စသည့် ရိုးစင်းသော ဆိုရိုးစကားများစွာတို့သည် ဆရာဟူသည် အမှန်ပင် အားကိုးရာတစ်ပါးဖြစ်ကြောင်း ပွင့်လင်းစွာ ဖော်ညွှန်းနေပါ၏။ မျက်မှောက်ကာလခေတ်၌ ''ဆရာဟူသည် တပည့်မရှား၊ တစ်ပြားမရှိ၊ ပီတိကိုစား အားရှိပါ၏''ဟု ညွှန်းဆိုကြပြန်သေးသည်။ လူနေမှုစရိတ်မြင့်မားလွန်းလှသော ဤကာလမှာ ပီတိကိုစားပြီး အားရှိနိုင်ပါ့မလား။ တပည့်ကတော့ မရှားပါဘူး။ တစ်ပြားမှ မရှိတာ ခက်တယ်ဟု ညည်းညူစရာအခြေအနေပါလားနော်ဟူ၍ ဆက်လက်တွေးတောချင့်စဖွယ်ပင်။

ယခု ကျွန်မ လက်ခံရရှိသော ဒေါက်တာအောင်ကျော်(သွား/ဆရာဝန်)၏ စာထဲမှာတော့ တပည့်များ ခြွေရံလျက်၊ ပီတိကိုစား၍ အားရှိ အသက်ရှည် နုပျိုနေသော "ဆရာကြီး"၏ ရုပ်ပုံလွှာကို တွေ့မြင်နေရပါသည်။

၁။ မျက်နှာပြုံးပြုံး၊ ပြုံးပြုံးလေးနဲ့
စာသင်ပေးတဲ့ ဆရာကြီးဖြိုး။ ။
၂။ လေသံအေးအေး၊ အေးအေးလေးနဲ့
ဓမ္မဆေး တိုက်ကျွေးတဲ့ ဆရာကြီးဖြိုး။ ။
၃။ မေတ္တာများများ၊ များများကြီးနဲ့
တပည့်ကြီးငယ်၊ စေတနာကြွယ်တဲ့ ဆရာကြီးဖြိုး။ ။
၄။ မှားခဲ့သူကို၊ "ခွင့်လွှတ်"ဆိုနဲ့
ပိုမိုအားနာ၊ ကူညီပါတဲ့ ဆရာကြီးဖြိုး။ ။
၅။ ရှင်လည်းရှိသေ၊ လူရှိသေနဲ့
တပည့်တွေချစ်၊ မိတ်ဆွေချစ်ကြ
နှစ်လိုဖွယ်နှောင်၊ များကျိုးဆောင်ရှာ
အောင်ပါလေငြား၊ မပလွှားဘဲ
အမြဲအေးအေး၊ ငြိမ်းငြိမ်းလေးနေ
ဖြည်းဖြည်းသာသာ၊ သွားကာလာကာ
သံသရာခရီး၊ ဖြောင့်ဖြောင့်ကြီးတန်း
နိဗ္ဗာန်နန်းထိ၊ မြန်းမည့်ဟန်ကို
ကြည်ညိုမဆုံး၊ လုံးလုံးအားကျမိပါသည်။ ။
၆။ ဆရာကြီးဖြိုး
တိုးမြင့်ချမ်းသာ၊ ကျန်းမာသက်ရှည်
ဝေဒနာကင်း၊ ဘယာရှင်း၍
ကောင်းခြင်းမင်္ဂလာ ပြည့်စေသော်။ ။

မင်းသန့်ဦး(တောင်ကြီး)

ဆရာဒေါက်တာအောင်ကျော်၏ ကလောင်ခွဲတစ်ခုဖြစ်သော မင်းသန့်ဦး (တောင်ကြီး)အမည်ဖြင့် ရေးဖွဲ့ထားခြင်း ဖြစ်၏။ ဆရာပေးသော စာမှာ

ဆရာ စပ်ဆိုသော ကဗျာသုံးပုဒ် ပါသည်။ စာမျက်နှာကို ငဲ့၍ ကောက်နုတ်၍သာ တင်ပြလိုပါ၏။

▲ သည်ရေ သည်မြေ
သည်ရပ်ဆွေကို၊ အသေခင်လို့
ဘယ်မြို့ဘယ်ရွာ၊ ဘယ်ဂေဟာနှင့်
ရိပ်သာဘိုးဘွား၊ မစဉ်းစားပါ
များစွာစောင့်ရှောက်၊ ထွန်းတောက်ကြည်ညို
ထိုထိုငယ်သား၊ တပည့်များကြောင့်
ခြေဖျားခေါင်းဆုံး၊ တုံးလုံးသည်ဝယ်
ခေါင်းချမယ်ကွာ၊ မိန့်ဆိုမြဲ ။ ။

ဆရာမင်းသန့်ဦး(တောင်ကြီး)၏ "အုံ့ချီးဖွယ်စိတ်ဓာတ်" ကဗျာရှည်မှ နိဂုံးတစ်ပိုဒ် ဖြစ်ပါ၏။ လူပျိုကြီးဖြစ်သော ငယ်ဖြူဆရာကြီး ဦးရွှေဖြိုးသည် တစ်ကိုယ်တည်းထီးထီး ဖြစ်၍ အနီးကပ်စောင့်ရှောက်ခြင်းငှာ မစွမ်းကြသော တပည့်အချို့က ဆရာကြီးကို ရိပ်သာဂေဟာတစ်ခုခုသို့ အေးချမ်းစွာ နေနိုင်ရန်၊ ပို့ပေးလိုကြောင်း ပြောပါလိမ့်မည်။ ထိုအခါ ဆရာကြီး၏ စကားပြန်ကို ဆရာမင်းသန့်ဦးက အုံ့ချီးဖွယ်စိတ်ဓာတ် ကဗျာဖွဲ့၍ ညွှန်းဆိုခဲ့သည်ဟု ကျွန်မ ခံစားရ၏။ လက်ကမ်းစာစောင်ငယ်မှာ ဆရာကြီးဦးရွှေဖြိုး B.A (Ed.) B.Ed.၏ အသက် ၈၁–နှစ်အဝင် မွေးနေ့ဂါရဝစာစောင်ဟု ရေးသားထားပြီး၊ ဆရာကြီးဖြိုး ဓာတ်ပုံ ဖော်ပြထား၏။ ဆရာကြီး၏ မျက်နှာမှာ အေးငြိမ်း တည်ကြည်နေ၏။ မောင်သက်ဆွေ(တောင်ကြီးပညာရေးကောလိပ်)၊ သာဒိုးကျော် (အင်းလေး)၊ ဦးသိန်းသန်းထွန်း၊ အင်းလေးသန္တာခင်၊ မျိုးသန့်၊ ခင်နှင်းဆီ၊ ဆရာမင်းသန့်ဦး တို့၏ ကဗျာနှင့် စာညွှန့်များ ပါဝင်သည်။ မလိမ္မာသေးတဲ့ ဆရာ့တပည့် A.M ဟူသော အမည်ဖြင့် ရေးဖွဲ့ထားသော "ဆရာဆိုတာ" ကဗျာလေးက ထူးခြားနေပါသည်။

▲ ဆရာဆိုတာ ... ကိုယ်ကျင့်ကောင်းရမယ်။
ဆရာဆိုတာ ... စည်းကမ်းကောင်းရမယ်။
ဆရာဆိုတာ ... စာသင်ကောင်းရမယ်။
ဆရာဆိုတာ ... စံပြပုဂ္ဂိုလ် ဖြစ်ရမယ်။

ဆရာဆိုတာ ...

ဆရာဆိုတာ ...

A teacher is many things တဲ့။

အဲဒီထဲမှာ many things ကို ကျော်လွန်သွားတဲ့

many things ထက် ထင်ရှားတဲ့

many things ထက် ထူးခြားတဲ့

အချက်တစ်ချက် တို့ဆရာမှာ ရှိတယ်။

အဲဒါကတော့ ဘဝလွတ်မြောက်ရေးအတွက် ကျင့်ကြံအားထုတ်ဖို့

ဆန္ဒဓိပတိရှိဖို့၊ ဝီရိယဓိပတိ ထားဖို့၊ ပညာဓိပတိဖြစ်ဖို့

တွေ့တိုင်းဆုံတိုင်း (ဘယ်မှာတွေ့တွေ့) ပြောဆိုဆုံးမနေတာပဲ။

ဒါပေမယ့်...ကျွန်တော်တို့ကတော့...အထူးသဖြင့် ကျွန်တော်ကတော့...

မလိမ္မာသေးတဲ့ ဆရာ့တပည့် A.M ရဲ့ ကဗျာလေးက ကျွန်မကို "ဆရာ" ဆိုတဲ့ အတွေးပင်လယ်နက်နက်ထဲ တွန်းပို့လိုက်သလိုပါပဲ။ တွေးသမျှ ရေးချရလျှင် ကုန်နိုင်ဖွယ် မမြင်ချေ။

ဆရာဒေါက်တာအောင်ကျော်ရေ ... ဆရာ့စာတစ်ပုဒ်ကြောင့် ကျွန်မ အတွေးရှုပ်နေပါပြီ။ နိပါတ်တော်လာ ဆရာကောင်းနဲ့ တပည့်ဆိုး(ဒေဝဒတ်)၊ ဆရာဆိုးနဲ့ တပည့်ကောင်း(အင်္ဂုလိမာလ)လို တွေးစဉ်းစားမိ ပြန်တော့... ။

မည်သို့ဆိုစေ၊ အကောင်းအဆိုး ဒွန်တွဲနေတဲ့ လောကကြီးထဲမှာ "**ဘယ်သူ ကောင်းကောင်း မကောင်းကောင်း မိမိကောင်းဖို့ လိုတယ်၊ လောကကို အလှဆင်နိုင်သူ ဖြစ်ကြ**"ဟု ဩဝါဒပေးခဲ့ကြသော ဆရာဆရာမများ၏ စေတနာဆုံးမစကားကို နာခံရင်း၊ မြတ်သော ဆရာ ဆရာမများ၏ ကျေးဇူးများကို ဤစာစုဖြင့် ကန်တော့ပါ၏။ သို့သော် ကျေးဇူးကြွေးများကား ဘယ်တော့မှ ဆပ်၍ ကုန်နိုင်မည် မဟုတ်ပါချေ။ ဆောင်းပါးရေးဖြစ်လို့ ဆရာဒေါက်တာအောင်ကျော်ကို ကျေးဇူးတင်ပါသည်။

သျှီ(အင်ကြင်း)

❀❀❀❀❀❀

## သံဝေဂ

ဒေါ်ခင်ထွေး(တောင်ကြီး)

**ဖွားရာ၊ ပွင့်ရာ၊ စက်လှည့်ရာ**
**စံရာ ဤလေးမည်။**
**"သံဝေဇနိယ" လေးဌာန**
**ဖူးကြအလီလီ။**
**အပါယ်လေးဝ၊ မရောက်ရ**
**လားရာ လူနတ်ပြည်။**

မြန်မာနိုင်ငံ ဗုဒ္ဓဂယာသာသနာပြုအဖွဲ့ချုပ်၏ အမှတ် ၁/၂၀၀၁–ခုနှစ်၊ ဇန်နဝါရီလတွင် ၁၆–ည၊ ၁၇–ရက် ခရီးစဉ်အဖြစ်၊ အစ်မဖြစ်သူ ဒေါ်ခင်လှလှ (ကမ္ဘောဇမဉ္ဇူ)နှင့်အတူ ဘုရားဖူးအဖွဲ့ ၂၈–ဦးတို့သည် အိန္ဒိယနှင့် နီပေါနိုင်ငံသို့ ဘုရားဖူး ရောက်ရှိခဲ့ကြပါသည်။

နီပေါနိုင်ငံ လုမ္ဗိဏီဥယျာဉ်၊ ဗုဒ္ဓမြတ်စွာဘုရားအလောင်း ဖွားမြင်တော်မူရာသို့ ရောက်ရှိသောအခါ၊ မြတ်စွာဘုရားအား မဖူးမြင်လိုက်ရသည့်အတွက် ရင်ထဲမှာ ခံစားမှုတစ်မျိုး ခံစားရပါသည်။ သံဝေဂလည်း ဖြစ်မိပါသည်။ မြတ်စွာဘုရား ဖွားမြင်တော်မူသည့် နေရာနှင့် မလှမ်းမကမ်းတွင် ရှားရှားပါးပါး အင်ကြင်းပင်တစ်ပင်တည်းသာ တွေ့မြင်ရပါတော့သည်။ အင်ကြင်းပင်အစား ရင်းတိုက်ပင်များက ရှင်သန်ပေါက်ရောက်နေကြပါသည်။

ဗုဒ္ဓဂယာ ဗောဓိပင်ရင်းသို့ ရောက်သောအခါမှာလည်း၊ မြတ်စွာဘုရား မြေမှ ပေါက်သည့် ရွှေပလ္လင်ထက်တွင်၊ တင်ပလ္လင်ခွေလျက်၊ ဘုရားအဖြစ်သို့

ရောက်ရှိတော်မူပုံ၊ သတ္တသတ္တာဟ ၇-ဌာနတွင် မြတ်စွာဘုရား သက်တော်ထင်ရှားရှိနေစဉ်က စံနေတော်မူပုံများကို မျှော်မှန်း၍ ကြည်ညိုသဒ္ဓါပွါးမိပါသည်။

ဗာရာဏသီ မိဂဒါဝုန်တောသို့ ရောက်ရှိသည့်အခါ၊ မြတ်စွာဘုရားအား ပဥ္စဝဂ္ဂီငါးဦးတို့ ခရီးဦးကြိုဆိုသည့်နေရာ "ခန္တီစေတီ"သို့လည်းကောင်း၊ မြတ်စွာဘုရား ဓမ္မစကြာတရားဦး ဟောတော်မူသည့်နေရာ "ဓမ္မရာဇိက" အထိမ်းအမှတ် စေတီတော်ကိုလည်းကောင်း၊ အနတ္တလက္ခဏာသုတ် ဟောတော်မူသည့်နေရာ "ဓမ္မေခစေတီ"ကိုလည်းကောင်း ဖူးမြော်ပူဇော်ရပါသည်။ ဓမ္မေခစေတီတော်နေရာတွင် ဘုရားဖူးအားလုံး ဓမ္မစကြာတရားတော် ရွတ်ဖတ်ပူဇော်ကြပါသည်။

ကောသလတိုင်း သာဝတ္ထိပြည်တွင် မြတ်စွာဘုရားသည် ၂၅-ဝါတိုင်တိုင် အနာထပိဏ်သူဌေး လှူဒါန်းသော ဇေတဝန်ကျောင်းတော်နှင့် ဝိသာခါ ကျောင်းအမကြီး လှူဒါန်းသော ပုဗ္ဗါရုံကျောင်းတော်တို့တွင် တစ်လှည့်စီ အလှည့်ကျ သီတင်းသုံး ဝါဆိုတော်မူခဲ့ပါသည်။

ဇေတဝန်ကျောင်းတော်အတွင်း ထူးခြားသည့် ဗောဓိပင်ကိုလည်း ဖူးမြင် ကြည်ညိုခဲ့ရပါသည်။ မြတ်စွာဘုရား ဒေသစာရီ ကြွမြန်းသည့် အချိန်များတွင်၊ ဘုရားရှင်အား မဖူးမြင်လိုက်ရသည့်အတွက်၊ ရဟန်းရှင်လူများ ဝမ်းနည်း ပက်လက်နှင့် ပြန်သွားရသည့်အကြောင်း၊ မြတ်စွာဘုရားအား ရှင်အာနန္ဒာမှ လျှောက်ထားရာ၊ "ငါဘုရား၏ ကိုယ်စား။ ဗောဓိပင်ကို ကိုးကွယ်ဆည်းကပ်လေ။ ငါဘုရား သက်တော်ရှိစဉ်မှာပင် ဗောဓိပင်သည် စေတီထိုက်၏"ဟု မိန့်တော်မူရာတွင်၊ ရှင်အာနန္ဒာသည် ရှင်မောဂ္ဂလာန်ကို အသိပေး၍၊ ရှင်မောဂ္ဂလာန်သည် တန်ခိုးတော်ဖြင့် မြတ်စွာဘုရား ပွင့်တော်မူရာ မဟာဗောဓိပင်သို့ ကြွတော်မူလျက်၊ ပင်ထက်မှ အလိုလို ကြွေကျလာသော အသီးမှည့်ကို၊ မြေမခမီ သင်္ကန်းဖြင့် ခံယူ ဆောင်ကျဉ်းပေးပါသည်။ ထိုအသီးကို ရှင်အာနန္ဒာက ကောသလမင်းကြီးအား ပေးပါသည်။ ကောသလမင်းကြီးက တစ်ဖန် အနာထပိဏ်သူဌေးအား ပေးပါသည်။ အနာထပိဏ်သူဌေးသည် ရတနာခုနစ်ပါး စီခြယ်ထားသော ရွှေဖလားတွင် ဗောဓိညောင်စေ့ကို ထည့်၍ စိုက်ပျိုးလိုက်သည်နှင့်၊ တူရိယာငါးပါးတို့၏ အသံများ တစ်ပြိုင်နက် ထွက်ပေါ်လာပြီးနောက်၊ ချက်ချင်းပင် ဗောဓိပင်ပျို ပေါက်လာသဖြင့်၊ ထိုဗောဓိပင်ပျို

အောက်တွင် ဗုဒ္ဓဘုရားရှင်သည် ညလုံးပေါက် ဖလသမာပတ် ဝင်စားတော်မူခဲ့ပါသည်။ စိုက်ပျိုးချိန်တွင် ကောသလမင်းကြီး၏ မိဖုရား၊ မှူးကြီးမတ်ရာ၊ သေနာပတိ၊ ဝိသာခါကျောင်းအမကြီး၊ မင်းစိုးရာဇာ၊ ပုဏ္ဏား၊ သူကြွယ်သူဌေးများ ဝန်းရံလျက် ရှိကြသည်။ ညီတော်အာနန္ဒာကိုယ်တိုင် ကြီးမှူးစိုက်ပျိုးခဲ့သဖြင့်၊ ''အာနန္ဒာဗောဓိ''ဟု အမည်တွင်ပါသည်။

မြတ်စွာဘုရား ၆–ဝါလွန်မြောက် ၇–ဝါ ရောက်ရှိသည့်အချိန်၊ သာဝတ္ထိပြည် သရက်ဖြူပင်ရင်းတွင်၊ တိတ္ထိများအား တန်ခိုးပြာဋိဟာ ပြပြီးနောက်၊ တာဝတိံသာနတ်ပြည်သို့ ကြွတော်မူ၍ ဝါတွင်း ၃–လပတ်လုံး၊ မယ်တော် မိနတ်သားအား အဘိဓမ္မာ ၇–ကျမ်း ဟောတော်မူသည်။ သီတင်းကျွတ်လပြည့်နေ့တွင် လူ့ပြည် သင်္ကဿနဂိုရ်ပြည်သို့ ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြားစောင်းတန်းတို့ဖြင့် သိကြားမင်း၊ ဗြဟ္မာမင်း၊ နတ်မင်းများ ခြံရံလျက် ဆင်းသက်တော်မူသည်။ လက်ယာခြေဖဝါးတော် မြေကြီးပေါ်သို့ ချသည့်နေရာကို၊ မြတ်စွာဘုရား ရှိစဉ်က စေတီတစ်ဆူ ပူဇော်ထားသည်။ ယခု မရှိတော့ပါ။ (မြတ်စွာဘုရား တာဝတိံသာနတ်ပြည်သို့ ကြွမြန်းသည့်အချိန်မှာရော၊ လူ့ပြည်သို့ ပြန်ကြွလာသည့် အချိန်မှာပါ လူအများ ဖူးမြော် ကြည်ညိုပူဇော်နိုင်ကြသည်)

**သီ၊ ဟော၊ မြဲနေ၊ ဆင်းနတ်ပြည်**

**လေးထွေဌာန "အဝိဇဟိတ"။**

သာဝတ္ထိ ဇေတဝန်ကျောင်းဆရာတော် အရှင်ဦးဩဘာသ ရှင်းလင်းမိန့်ကြား၍ သိရှိခဲ့ရပါသည်။

ဗုဒ္ဓမြတ်စွာဘုရားရှင်သည် ၄၅–ဝါတိုင်တိုင် သတ္တဝါဝေနေယျတို့အား တရားရေအေး အမြိုက်ဆေးဖြင့် တိုက်ကျွေးတော်မူခဲ့ပြီးနောက်၊ သက်တော် ၈၀–အရွယ်တော်တွင် ကုသိနာရုံမှာ ပရိနိဗ္ဗာန် စံဝင်တော်မူပါသည်။ ပရိနိဗ္ဗာန် စံဝင်နေပုံ ရုပ်ပွါးတော်ကို ဖူးမြင်ရသောအခါ၊ ရင်ထဲမှာ လှိုက်၍ ဝမ်းနည်းကြေကွဲရပါသည်။ သံဝေဂ ဖြစ်မိပါသည်။ သုံးလောကထွတ်ထား မြတ်ဘုရားသည်ပင်လျှင် ပရိနိဗ္ဗာန်စံဝင်တော်မူရသေးလျှင်၊ နတ် လူ သတ္တဝါအားလုံးတို့သည် အဘယ်မှာ မသေဆိုဖွယ်ရာ ရှိပါတော့အံ့နည်း။ အနိစ္စ မမြဲခြင်းသဘောတရားတို့ကို ဆင်ခြင်နှလုံးသွင်းမိပါသည်။

ကျေးဇူးတော်ရှင် အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်ကြီး သိမ်တောင် ဆရာတော်ဘုရားကြီး ဘဒ္ဒန္တဆန္ဒာဓိကမဟာထေရ် ပျံလွန်တော်မမူမီ (၂၀/၁/၂၀၀၆)နေ့စွဲဖြင့် စာရေးသူ၏ မှတ်တမ်းစာအုပ်တွင် ရတနာသုံးပါး ကိုးကွယ်ဆည်းကပ်ရန်၊ မေတ္တာပွါးများရန်၊ တရားနှလုံးသွင်းရန် ဆုံးမဩဝါဒ စကားအပြင် **"အိုခြင်းတရားသည် မလွန်မြောက်နိုင်။ နာခြင်းတရားသည် မလွန်မြောက်နိုင်။ သေခြင်းတရားသည် မလွန်မြောက်နိုင်။ အမြဲမပြတ် ဆင်ခြင် သုံးသပ်ထိုက်၏"** ဟူ၍လည်းကောင်း၊ **"တစ်နေ့ထွက်ပြီး တစ်နေ့ဝင်သွား ခြင်းဟာ ကိုယ့်အတွက် ဒီခန္ဓာ၊ ဒီအိုးအိမ်၊ ဒီကျောင်း၊ ဒီသားသမီး၊ မိတ်ဆွေ တို့နဲ့ နေဖို့ရာ တစ်ရက် လျော့သွားပါတယ်။ အစားထိုးလို့ မရတော့ပါ"** ဟူ၍လည်းကောင်း ရေးသားပေးတော်မူခဲ့ပါသည်။ ၂-နှစ် ၈-လအကြာ၊ ၁၃၇၀-ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၂-ရက်နေ့ (၁၆/၉/၂၀၀၈) တွင်၊ တစ်ဘဝ ချုပ်ငြိမ်းတော်မူပါသည်။

သေခြင်းတရား မလွန်ဆန်နိုင်ရကား၊ စာရေးသူ၏ ကျေးဇူးရှင်ဖခင်ကြီး "အဖိုးခင်"သည် သားဖြစ်သူ ဦးခင်မောင်သိန်း၏ ရင်ခွင်ကို မှီလျက်၊ ညင်သာ စွာပင် ဝိညာဉ်ချုပ်ခဲ့ပါသည်။ ကျေးဇူးရှင် မိခင်ကြီး "အဖွားရွှေ"သည်လည်း အိပ်ရာထက်တွင် ညာဘက် ခေါင်းစောင်းလျက်၊ ညင်သာစွာပင် ဝိညာဉ်ချုပ် ပါသည်။

ဤကမ္ဘာလောကကြီးတွင် သက်ရှိသတ္တဝါအားလုံး သေကြရမည်မှာ မလွဲကေန် ဖြစ်လေသောကြောင့်၊ ဗုဒ္ဓရှင်တော်ဘုရား ၁၇၉၂-ကြိမ် တိုင်တိုင် မိန့်မှာတော်မူခဲ့သည့်အတိုင်း **"အပ္ပမာဒ"** မမေ့မလျော့ မပေါ့မဆသော သတိတရားဖြင့် ကြိုးစားနေထိုင်သွားကြရန် လိုအပ်လှပေတော့သည်။

သတ္တဝါမှန်သမျှ တရားရ၊ အေးမြချမ်းသာ ရှိကြပါစေသောဝ်။

**ဒေါ်ခင်ထွေး(တောင်ကြီး)**

❀❀❀❀❀❀

# လှိုင်ကျော်စမြဲ နံ့မရှဲသို့

သာဒိုးကျော်(အင်းလေး)

အငြိမ်းစား မူလတန်းပြ ဆရာမကြီးတစ်ဦး။ အသက် ၈၄–နှစ်ကွယ်လွန်ခြင်း။ အလောင်းမြေချသည်မှ ဆွမ်းသွတ်တရားနာသည့်တိုင် ရေစုပွဲနောက်ပွဲ ကာလနေ့ရက်များ။ ဤရက်များတွင် စိတ်အားထက်ထက် သန်သန်နှင့် တက်တက်ကြွကြွ ဖြစ်နေကြသော လူငယ်လူရွယ်လေးများကို သတိပြုမိသည်။ စပ်စုမိသည်။ စူးစမ်းမိသည်။

ထိုမှ သူတို့လေးတွေ၏ စေတနာကို သိခွင့် ရလိုက်သည်။ လုပ်ရပ်တို့ကို နားလည်ခွင့် ရလိုက်သည်။ သဒ္ဓါတရား ပြည့်ဝမှုတို့ကို သဘောပေါက်လိုက်ရသည်။ အုံ့ဩစရာ ချီးကျူးစရာ လေးစားစရာ ဂုဏ်ယူစရာ အပြည့်တို့ ပါတကား။

(၁)

လူငယ်လူရွယ်တစ်စု သူတို့လေးတွေ၏ အသက် ရှိလှကြ ၃၀–ကျော် ဝန်းကျင်၊ သူတို့လေးတွေ၏ မျက်နှာသည် ကြည်လင်နေသည်။ ဝင်းပနေသည်။ ရှင်းသန့်နေသည်။ သူတို့လေးတွေ၏ အတွင်းအဇ္ဈတ္တစေတနာသည် သူတို့လေးတွေ၏ မျက်နှာအသီးသီးတွင် ထင်ဟပ်နေသည်ဟု ဆိုပါလျှင် ပို၍ မှန်ကန်လိမ့်မည် ထင်ပါသည်။

“ကတညုတ ကတဝေဒီ” သူ့ကျေးဇူးကို သိခြင်း ဟူသော မွန်မြတ်သော တရားတို့သည် သူတို့လေးတွေ၏ ရင်ဝယ် အမြဲကိန်းအောင်းနေကြဟန် တူပါသည်။

"ကတညုတာ" သူ့ကျေးဇူးကို သိတတ်မှု၌ သူတို့လေးတွေသည် ...

"ကတညူ" သူ့ကျေးဇူးကို သိသူတို့၏ အောင်လံကို မြင့်မားစွာ လွှင့်ထူထားကြသည်။

သို့ဆိုပါလျှင် ...

မည်သူ၏ ကျေးဇူးကို သိခြင်း၊

မည်သူ၏ ကျေးဇူးကို သိတတ်မှု၊

မည်သူ၏ ကျေးဇူးကို သိသူတို့ ဖြစ်နေကြပါဘိ။

(၂)

လူ့လောကကြီးတွင် လူဟူ၍ လူတစ်လုံးသူတစ်လုံး ဟန်ကျပန်ကျ ဖြစ်လာစေရန်၊ ပဲ့ပြင်သွန်သင် ဆုံးမလမ်းညွှန်ပေးသောသူသည် အရေးကြီးအရေးပါလှသည်ကို မည်သူမျှ မငြင်းနိုင်။ လက်ဦးဆရာ၊ ကန့်ကူလက်လှည့်ဆရာ၊ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ စသည် စသည် ...။

လက်ဦးဆရာ အပါအဝင် ကျန်ဆရာအားလုံးသည်၊ လူတစ်ယောက်၏ ဘဝ၌ အရေးအပါဆုံး အခန်းကဏ္ဍ၌ ရပ်တည်နေသည်ဟု အခိုင်အမာဆိုရပါမည်။ ထိုထိုဆရာတို့၏ လမ်းညွှန်မှု၊ ပဲ့ပြင်မှုတို့သည် အကြင်တပည့်တစ်ဦး၏ ဘဝကို၊ အထွတ်အထိပ်သို့လည်း ရောက်စေနိုင်၏။ လူတကာ၏ အောက်နှလုံးနာရသော အဖြစ်မျိုးသို့လည်း ရောက်သွားစေနိုင်၏။ ဆရာဒေဝဒတ်၏ လွဲမှားသော လမ်းညွှန်မှုကို ခံယူကျင့်သုံးခဲ့သည့် တပည့်အဇာတသတ်။ ယခုတိုင် အပါယ်ငရဲမှ မကျွတ်လွတ်နိုင်သေး။

(၃)

**▲ ဟုတ်သောအကြံ မှန်သောအကျင့်**
**သင့်သောအယူ ဖြူသောနှလုံး**
**သူတော်ထုံး ။** **(ဆုံးမစာ၊ ရှင်မဟာရဋ္ဌသာရ)**

ကို လူတစ်ယောက်၏ နှလုံးသားတွင် ထာဝစဉ် ကိန်းအောင်းနေဖို့ဆိုပါလျှင်၊ လူမမည်ကလေးဘဝ ကျောင်းအရိပ်သို့ စတင် ဝင်ရောက်ခိုလှုံသည်မှ၊ ကျောင်းအရိပ်ကို စွန့်ခွါထွက်သွားသည့်တိုင်၊ အခိုင်အမာ အရိပ်မိုးပေးခဲ့သော ဆရာတို့သည် အဓိကပြုပြင်သူ၊ အဓိကသွန်သင်သူ၊ အဓိကလက်ဆင့်ကမ်းသူ၊ အဓိကအခရာ။

ဆရာ–ဟူသည်က နုနယ်သော တပည့်တို့အား စာကိုလည်း သင်သည်။ အမူအရာအားဖြင့်လည်း ဦးဆောင်သည်။ အပြောအဆိုအားဖြင့်လည်း လမ်းပြသည်။ ဗဟုသုတများဖြင့်လည်း မျိုးစေ့ကို ချသည်။ တမင်တကာ လုပ်ယူတာမျိုးတော့ မရှိ။

သို့သော် နုနယ်သော တပည့်တို့၏ နှလုံးသားဝယ်၊ အကြင်ဆရာ၏ အပြုအမူ၊ အပြောအဆို၊ အဆုံးအမတို့သည် ခိုင်မာစွာ တည်စွဲသွားတတ်စမြဲ။ အားလုံးကိုတော့ မဆိုလို။ စရိုက်အမျိုးမျိုး၊ အကျင့်အဖုံဖုံ၊ လူအမျိုးမျိုး၊ နတ်အထွေထွေ၊ မိတစ်ရာသားများ မဟုတ်တုံလော။

ထိုထိုမြတ်ဆရာတို့၏ စေတနာစမ်းရေကြည် မေတ္တာရေအလျဉ်သည် အေးမြစွာ တသွင်သွင် စီးဆင်းနေဆဲ။ စီးဆင်းနေမြဲ။ သူတို့လေးတွေဆီက ဘာလာဘ်လာဘကိုမျှ မမျှော်ကိုး၊ သူတို့လေးတွေ အောင်မြင်လျှင်၊ ကြည်နူးမြဲ၊ ပီတိဖြာမြဲ။ မုဒိတာပွါးမြဲ။ အဆင်မပြေလျှင် မချိတင်ကဲ။

အသက် ၇၀–ကျော် ၈၀–ဝန်းကျင်ရောက် ဆရာကြီး ဆရာမကြီးများ၏ အငြိမ်းစားဘဝများမှာမူ တကယ့်နေဝင်ချိန်။ အိုမင်းမစွမ်းမို့ တညီးလျလျ။ ကျောထောက်နောက်ခံ မရှိလျှင် ပိုဆိုးတော့သည်။

စုခဲ့ရ ဆောင်းခဲ့ရအောင် ဆိုသည်ကလည်း၊ ကျောင်းဆရာမို့ စာကိုပဲ သင်ကြားပေးခဲ့သည်။ တပည့်လေးတွေ၏ အညွှန့်တလူလူ ဖြစ်ရေးကိုသာ အားစိုက်ပေးခဲ့သည်။ မိမိ လုပ်ရမည့် တာဝန်ကို မိမိ လုပ်ခဲ့ရခြင်းသည်သာ။ သည်လိုနှင့် ကျောင်းခန်းက ခွါခဲ့ရသည်။ သည်လိုနှင့် ဘဝသည် နေညိုချိန်သို့ ချဉ်းခဲ့ပြီ။

သို့သော် ကျေနပ်သည်။ ရောင့်ရဲသည်။ လောကဓံဆိုသည်က မည်သို့မျှ ရှောင်လွှဲ၍မရ၊ လိပ်ပြာသန့်စွာသာ ဘဝကို ရင်ဆိုင်သွားရမည်။ ကမ္ဘာဝါဒီအဖြစ် မွေးဖွားလာခဲ့သော ဘဝသည်သာ အဖိုးအနဂ္ဃပါပေ။

လောက၌ တွေ့ရခဲသော ပုဂ္ဂိုလ်နှစ်မျိုးအနက် ပထမပုဂ္ဂိုလ်မှာ သူတစ်ပါး၏ ဘဝကို ထူးထူးခြားခြား ပြောင်းလဲတိုးတက်အောင် အကျိုးပြုနိုင်သူ၊ ပြုခဲ့သူ၊ ကျေးဇူးပြုခွင့်ရခဲ့သူ။ ကျောင်းဆရာ။

ဤအခြေမျိုးသို့ ရောက်သွားစေဖို့ မျှော်ကိုးခဲ့မှုမျိုးကိုတော့ လုံးဝ မရွယ်ကိုးခဲ့ရိုး အမှန်ပင်၊ ချုံတို့ကို ခုတ်ထွင်ရှင်းလင်းခဲ့ရာမှ ကွင်းပြင်ကျယ်ကြီး ဖြစ်သွားရခြင်းသည်သာ။

(၄)

မိမိ အမှတ်မထင် ပျိုးခဲ့သော အပင်၊ အညွှန့်တလူလူ တက်နေသော အဖြစ်ကို တွေ့ရသောအခါ အားရရစမြဲ ပီတိဖြစ်ရရစမြဲ။ သူတို့လေးတွေ၏ ကျယ်ပြန့်သော မြင့်မြတ်သော စေတနာလုပ်ရပ်တို့ကို ချီးကျူးမိသည်မှာ အမှန်၊ ဂုဏ်ယူမိသည်မှာ အမှန်။ စကားလုံးတို့ဖြင့် မဖော်ပြနိုင်စွမ်းသော ပီတိဖြစ်မှုသည် ရင်တွင်း၌ အံ့ဩကြည်နူးစွာ။

(၅)

ကြည့်။ သူတို့လေးတွေ၏ လုပ်ရပ်က အံ့ဘနန်း အံ့မခန်း၊ သူတို့လေး တွေမို့ လုပ်နိုင်စွမ်းသည် ဆိုရမလား မသိ။ သူတို့ခေတ်ကို သူတို့ ထူထောင် လိုက်ကြသည်။ သူတို့သမိုင်းကို သူတို့ ရေးလိုက်ကြသည်။ ဤနှယ် သူတို့ ဘဝလုပ်ရပ်ကို သူတို့ ပြဋ္ဌာန်းနိုင်စွမ်းရှိသည်ကို အံ့ဩရသည်။ မိမိတို့မှာကား မှုန်ဝါးဝါး။ ဟိုး ... အဝေးကြီးမှာ ကျန်ရစ်ခဲ့ကြပေပြီ။

ဤလုပ်ရပ်ကို သူတို့ ပြုနေကြခြင်းမှာ ကျော်ကြားလို၍လည်း မဟုတ်။ ထင်ပေါ်လို၍လည်း မဟုတ်။ လူအထင်ကြီးခံရလို၍လည်း မဟုတ်။ ငါတို့ သာလျှင် လုပ်နိုင်စွမ်းသည်ဟု မာနထောင်လွှားနေခြင်းလည်း မလျှင်းမရှိ။ ပကတိ ရိုးသားဖြူစင်စွာ သဒ္ဓါတရား ပြဋ္ဌာန်း၍ စေတနာသုံးတန်ပြတ်ပြတ် ဖြင့် သူတို့ ကြိုးစားနေကြသည်မှာ ထင်ရှားသည်။

ဤမြင့်မြတ်သော လုပ်ရပ်၊ တန်ဖိုးစက်၍ မရနိုင်သော စေတနာအတွက်၊ သူတို့လေးတွေ စိတ်တူသဘောတူ အလိုလို ပေါင်းစည်းမိနေကြသည်၊ ဆော်ဩ စုစည်းနေစရာ မလို။ သတင်းရလျှင်ရချင်း ကြားလျှင်ကြားချင်း မိမိတို့၏ ချွေးနဲ့စာ ဓမ္မိယလဒ္ဓကို အခြေပြုလျက်၊ လူအား ဉာဏ်အား ပစ္စည်းအား ငွေကြေး ထောက်ပံ့လှူဒါန်းမှုများသည်၊ အလိုလို စုစည်းမိလျက်သား ဖြစ်သွား ကြသည်မှာ မယုံနိုင်စရာ။ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်သွားမှု များကလည်း ဩချလောက်သည်ပင်။

လောက၌ တွေ့ရခဲသော ပုဂ္ဂိုလ်နှစ်မျိုးအနက် ဒုတိယပုဂ္ဂိုလ် – မိမိဘဝ ကို ထူးခြားပြောင်းလဲ တိုးတက်အောင် အကျိုးပြုခဲ့သူ ဆရာတို့ကို ပြန်လည် ကျေးဇူးဆပ်သူ။ ကျေးဇူးကို ရှာ၍ သိတတ်သူများ။

(၆)

ထိုသို့လျှင် အသိတရားရှိ၍ အရိုတရားကို ပွါးများသော၊ သူတို့လေးတွေ၏ ဖြူစင်သော ရိုးသားသော စေတနာအဟုန်ကြောင့် သက်ကျားအို ဆရာကြီး ဆရာမကြီးများသည်၊ သူတို့ဘဝ၏ နောက်ဆုံးရက်များကို အေးငြိမ်းစွာ ကျော်လွှားသွားနိုင်ခဲ့ကြသည်။ ချမ်းမြေ့စွာ ခေါင်းချသွားနိုင်ခဲ့ကြသည်။ နောက်ဆုံးထွက်သက် မရဏာသန္နဇောအထိ သူတို့လေးတွေ ကျေးဇူးပြုနိုင်စွမ်း ပေစွတကား။

(၇)

- ▲ မိမိတို့၏ လူမမည်ဘဝ၊ နှာရည်တယိုယို ချွေးတစိုစို၊ ညှင်းသိုးသိုး အနံ့တို့ကို စိတ်မကွက် စိတ်မပျက်ခဲ့ကြသော မြတ်ဆရာ။
- ▲ မိမိတို့၏ဘဝ အလိုလိုကြီးပြင်းရသော အဖြစ်မျိုး ရောက်မသွားရလေအောင်၊ ကြံဆောင်ထိန်းသိမ်း တယုတယ ပြုစုပျိုးထောင်ခဲ့ကြသော မြတ်ဆရာ။
- ▲ ဘယ်နံ့ရောကာလရောက်ရောက် တပည့်တို့အပေါ် မေတ္တာတရားကြီးမားနေတတ်သော မြတ်ဆရာ။
- ▲ တပည့်တို့၏ အကျိုးကိုသာ အမြဲလိုလား၍ မလိုတမာစိတ် မထားတတ်သော မြတ်ဆရာ။
- ▲ ငါနှင့်ငါသာ နိုင်းစရာ၊ ငါမှငါဟု ကာလသုံးပါးလုံး မာနအလံ မလွှင့်ထူတတ်သည့် မြတ်ဆရာ။
- ▲ လမ်းမှန်ကို ဖြောင့်ဖြောင့်တန်းတန်း လျှောက်စေတတ်၍ လမ်းမပျောက်ရလေအောင် ကြံဆောင်ပေးတတ်သော မြတ်ဆရာ။
- ▲ ဘဝ ဘဝတို့၏ မှန်အိမ်တို့ကို မမှိန်မပျရလေအောင် ထွန်းညှိပေးခဲ့သော မြတ်ဆရာ။
- ▲ အစဉ်ထာဝရ တောက်ပနေမည့် မီးရှူးတိုင်ကြီးကို ခိုင်ခိုင်မာမာ စိုက်ထူပေးခဲ့သော မြတ်ဆရာ။
- ▲ သံသရာတစ်ခိုတွင် အဖန်တစ်ရာ မညှိုစေချင်ဘဲ၊ ဝံ့ဝံ့ရဲရဲ ဖြစ်စေလိုသော မြတ်ဆရာ။

ဤသို့နှယ် သူတို့ရင်ဝယ် ငြိတွယ်နေသော မြတ်ဆရာတို့၏ ဂုဏ်ကျေးဇူး အဖြာဖြာကို သူတို့ သူတို့လေးတွေ ... "အာစရိယဂုဏော အနန္တော"ဟု ယုံမှတ်စွာ သဒ္ဓါတရား ထက်သန်နေကြခြင်း ဖြစ်နေကြသည်မှာ ဒွိဟဖြစ်စရာ မလိုတော့ပြီ။

မြတ်ဘုရား မြွက်ကြားခဲ့သည့် **"ပူဇာစ ပူဇနေယျာနံ ဧတံ မင်္ဂလ မုတ္တမံ"** ဟူသော မင်္ဂလာတရားတော်နှင့်အညီ လိုက်နာကျင့်ကြံ ပွါးများ အားထုတ်နေကြသော သူတို့ကို၊ လူ နတ် ပြဟ္မာတို့ သာဓု အနုမောဒနာ ပြုကြမည်မှာ မလွဲပါပေ။ မြင့်မြတ်လှသော ဇီဝိတဒါနကို ပြုနိုင်ကြသူများ ပါတကား။

▲ **သာရဂန္ဓ၊ စန္ဒနလျှင်**
**ပင်လှညှိုးရော်၊ ခြောက်သွေ့သော်လည်း**
**လှိုင်ကျော်စမြဲ၊ နံ့မရှဲသို့ ။**

**(ရှင်မဟာရဋ္ဌသာရ ကိုးခန်းပျို့၊ စာ ၉၆၊ ပုဒ်ရေ ၁၄၆)**

ဟူဘိသကဲ့သို့ ... အပင်အခေါက်တို့ မည်သို့ပင် ညှိုးရော်ခြောက်သွေ့ သွားသော်ငြားလည်း၊ စန္ဒကူး၏ သင်းပျံ့သော ရနံ့သည်၊ ထာဝရ ကြိုင်လှိုင် မြဲ ကြိုင်လှိုင်နေသည့်နှယ် ... သူတို့လေးတွေ၏ ဂုဏ်သတင်းရနံ့သည်လည်း ထာဝရ ကြိုင်လှိုင်နေကြပါစေသတည်း။

(အငြိမ်းစား သက်ကျားအို ဆရာကြီး ဆရာမကြီးများ၏ ဘဝလုံခြုံရေး အတွက် ကြိုးစားနေကြသော၊ နိုင်ငံတစ်ဝန်းလုံးမှ ကျောင်းသား ကျောင်းသူ ဟောင်းကြီးများ၊ တောင်ကြီးမြို့ အထက (၁)မှ ဆရာမဒေါ်ထွေးလှ (ငြိမ်း) နှင့် ကျောင်းသား ကျောင်းသူဟောင်းများကို ရည်ညွှန်းပါသည်။)

သာဒိုးကျော်(အင်းလေး)
၁၃၇၁–ခု၊ တန်ဆောင်မုန်းလပြည့်နေ့၊ တနင်္ဂနွေနေ့။
၁/၁၁/၂၀၀၉။ ည ၁၂း၀၀ နာရီ။

❀❀❀❀❀❀

# အမေးခွန်းကျောင်းသား

မြမြင့်မိုရ်(တောင်ကြီး)

အမိကျောင်းတော်ဆိုတဲ့ တက္ကသိုလ်ကြီး နယ်မြေထဲမှာပေါ့။ ပင်အိုကြီးတွေ အောက်မှာ၊ လေပြေညှင်းထဲ ယိမ်းနွဲ့ကစားပြီး၊ ဝေဆာဖူးပွင့်နေတဲ့ အလှပန်းရောင်စုံလေးတွေ၊ တစ်ပွင့်ကနေ တစ်ပွင့် ဝဲကာဝဲကာ တောင်တောင်အီအီ ကခုန်ပျံသန်းနေတဲ့ အရောင်စုံလှလှ လိပ်ပြာလေးတွေလို၊ တက်ကြွစွာ သွားလာလှုပ်ရှားနေကြတဲ့ မျိုးဆက်သစ် ပညာသင်လေးတွေအကြား ရောက်သွားလို့များလား။ စိတ်ရောကိုယ်ပါ ကြည်လင်စွာနဲ့ ခွန်အားသစ်တွေ တိုးပြီး၊ စာတမ်းဖတ်ပွဲရှိရာ ဘွဲ့နှင်းသဘင်ခန်းမဆီကို ခြေအစုံက သွက်လက်စွာ လှမ်းလို့ ချီတက်နိုင်ခဲ့ပါတယ်။

တက္ကသိုလ်မှာ ဆရာလုပ်နေတဲ့ သူငယ်ချင်း မောင်ဘဦးက သူ တင်ပြဖတ်ကြားမယ့် စာတမ်းကို နားထောင်ဖို့ ဖိတ်ကြားထားတာရော၊ တက္ကသိုလ်နှစ်ပတ်လည်နေ့ အခမ်းအနား စာတမ်းဖတ်ပွဲကြီးကိုရော တက်ချင်လို့ပါ။ တက္ကသိုလ်ကျောင်းတော်ကြီး ဆိုတာက၊ ပညာရှင်ကြီးငယ်များကို စုဝေးထားပြီး၊ ပညာသင်လူငယ်များဖို့ တစ်ဦးချင်းစီနဲ့ အများလူမှုပတ်ဝန်းကျင်ကြီးပါ တိုးတက်အောင်၊ ဘယ်လို ဖန်တီး တည်ဆောက်ယူရမယ်ဆိုတဲ့၊ ပညာဖြန့်ဖြူးဝေငှရာ ရပ်ဝန်းဒေသ မဟုတ်ပါလား။ ကိုယ် ငယ်စဉ်က ပညာသင်ယူဆည်းပူးခဲ့ရတဲ့ပုံနဲ့၊ ဒီကနေ့ လူငယ်တွေ ဘယ်လို ပညာကို စူးစမ်းရှာဖွေပြီး၊ ကိုယ့်အကျိုး ပြည့်အကျိုးပြုဖို့ ကြိုးစားနေကြပုံ ဘယ်လို ကွာခြားတယ် သိချင်တာလည်း ပါပါတယ်။

မျိုးဆက်သစ်လေးတွေ ပညာသင်ယူနေကြတဲ့ တက္ကသိုလ်ကြီးရဲ့ ဒီပညာပဒေသာပွဲတော်ကြီးမှာတော့ စုံလင်လှတဲ့ ပညာရပ်ဌာနအသီးသီးက ပညာရှင်ဆရာကြီးတွေနဲ့ ပညာသင်ဆရာငယ်တို့က ကြိုးကုတ် အားထုတ် တင်ပြကြပါမယ်။ ပညာဗျူဟာတွေက ''ကျမ်းမျိုးစုံမှ ဉာဏ်ဟုန်ပြင်း၊ နည်းမျိုးစုံမှ ရန်ပုံခွင်းနိုင်မယ်'' ဆိုတဲ့ ဆောင်ပုဒ်ကို ကြွေးကြော်ရင်း ပညာခေတ်ကြီးကို အမီတက်လှမ်းနေတဲ့ ခြေလှမ်းတွေမို့လို့ အားရဖွယ်ပါ။ ဟိုတုန်းကထက် ဒီနေ့ လူငယ်တွေဟာ ပိုမိုကြိုးစားကြတာကို တွေ့ရလို့ ဝမ်းသာပီတိ ဖြစ်မိပါတယ်။

သူငယ်ချင်းမောင်ဘဦးဟာ ဥပဒေပညာဌာနက ဖြစ်လို့ ''အခွန်တော်ဥပဒေနှင့် အခွန်ဘဏ္ဍာအကြောင်း သိကောင်းစရာ''ဆိုတဲ့ စာတမ်းကို တင်သွင်းရပါတယ်။ သူ့စာတမ်းမှာ တွေ့ဖူးနေကျ ပုဒ်ထီး ပုဒ်မတွေနဲ့ မြန်မာတို့တောင် ဖတ်ဖို့ နားလည်ဖို့ ခက်မယ့် ဗမာစာနဲ့ ရေးသားထားတဲ့ ပညာရှင်စာတမ်းမျိုး မဟုတ်ဘဲ၊ အခွန်တော်အကြောင်း အများသိရှိနားလည် မှတ်သားဖွယ် ဆောင်ရွက်သင့်တာတွေကို၊ စကားပြေလေးနဲ့ ရေးပြီး ဖတ်ကြားတင်ပြသွားတာ ဖြစ်ပါတယ်။ သူ တင်ပြပုံက စကားပြောနဲ့ အေးဆေးတည်ငြိမ်စွာ ရှင်းပြတာမို့ ခန်းမထဲ ပရိသတ်က သိသင့်တာတွေ၊ မသိရသေးတာတွေကို သိခွင့်ရလို့ ကျေနပ်တဲ့ အသွင်တွေနဲ့ပါ။

သူ့တင်ပြမှုကြောင့် အခွန်တော်ဆိုတာကို ဥပဒေနှင့်အညီ ဘယ်လိုသတ်မှတ်ကောက်ခံရတယ်၊ ပြည်သူတွေရဲ့ ချွေးနဲ့စာကို အသင့်အတင့်သာကောက်ခံစုဆောင်းထားတဲ့ ပြည်သူ့ဘဏ္ဍာဖြစ်ကြောင်း၊ သည်ဘဏ္ဍာတော်နဲ့ နိုင်ငံအကျိုး၊ ပြည်သူတွေရဲ့ အကျိုးစီးပွါးတွေကို ဖော်ဆောင်ပေးရပြီး၊ ကာကွယ်ပေးထားရတာ ဖြစ်ကြောင်း၊ ''မင်းဘဏ္ဍာ ကိုယ့်ဟာမှတ်ပါလို့ ဖြုန်းကြမလေ သုံးကြမယ်လေ'' မလုပ်သင့်ကြောင်း၊ ပြည်သူတွေရဲ့ ချွေးနဲ့စာနဲ့ စုဆောင်းထားတဲ့ ပြည်သူ့ဘဏ္ဍာကို မျှဝေစားသုံးကြတဲ့ ပြည်သူ့ဝန်ထမ်းတွေကလည်း အခွန်ထမ်းပြည်သူတွေအပေါ် တာဝန်ကျေကြရမယ့်အကြောင်းအထိ၊ ရှင်းပြသွားတာတွေက ပြည့်စုံပါတယ်။

သူ့စာတမ်းအပေါ် ဆွေးနွေးချင်၊ မေးမြန်းချင်တဲ့သူတွေရဲ့ အမေးကို ဖိတ်ခေါ်လိုက်တဲ့အခါမှာတော့ မေးခွန်းရှင်ရဲ့အမေးက ငိုက်နေသူတွေတောင် အငိုက်ပျက်ပြီး၊ မျက်လုံးတွေ ကျယ်သွားမယ်လို့ ထင်ပါရဲ့။

မေးခွန်းက "ဆရာတို့ ဥပဒေသမားတွေ အမြဲလိုလို ဘာလုပ်လုပ် သည့်လို ဥပဒေအတိုင်း လုပ်ကိုင် ပြောဆိုနိုင်ကြရဲ့လား"တဲ့။ အခန်းထဲရှိ ပရိသတ်ကို လှမ်းကြည့်မိတော့၊ အားလုံး ပါးစပ်ကလေးတွေ အပိုင်းသားနဲ့၊ ကိုယ်တောင် စိတ်ထဲကနေ "အောင်မယ်လေးဗျာ"လို့ ရုတ်တရက် မြည်တမ်းမိပါရဲ့။

ရှင်ပြုအလှူတော်မင်္ဂလာတစ်ခုမှာ လှူဒါန်းရခြင်းရဲ့ အကျိုးတရားကို၊ နိုင်ငံကျော်ဓမ္မကထိက ဆရာတော်ကြီးတစ်ပါးက ဟောကြားချီးမြှင့်နေတုန်း စကားအရာကို မဆင်ခြင်တာလား၊ မတရား တမင်တကာ ဆိုလေလားလို့ ပြောရမလား မသိပါဘူး။ ဒကာတစ်ဦးက "ဗုဒ္ဓမြတ်စွာ ဟောကြားတဲ့ တရား ဒေသနာတော်တွေနဲ့ ပညတ် သတ်မှတ်ပေးခဲ့တဲ့ ဝိနည်းတော်တွေကို၊ ရဟန်း သံဃာတော်အားလုံးက လိုက်နာကျင့်သုံးအားထုတ်နိုင်ကြပါရဲ့လား"လို့ ထပြီး မေးလိုက်တာကို သွားသတိရမိတယ်။ ဩော် … ဒုက္ခ … ဒုက္ခ။

ပညာရှင်အများ စုဝေးထားရာ တက္ကသိုလ် ကျောင်းတော်ဆီမှာ၊ ပညာသင်များကို ပညာမျှဝေပေးရတဲ့ သူတစ်ဦးရဲ့ မေးခွန်းက၊ ဆရာတော် ကြီးကို "မိကျောင်းမင်း ရေကင်းပြု" လုပ်တဲ့ ဒကာလို အမေးလေ။ ဒါကြောင့် ခုနေအခါ လူအများ ရယ်စရာလုပ် ပြောပြောနေကြတဲ့ "ငါပြောသလိုလုပ်၊ ငါလုပ်သလို မလုပ်နဲ့"ဆိုတဲ့ စကားဟာ ကိုယ့်ကိုယ်ကိုယ် ငါပြောတဲ့အတိုင်း ငါ လုပ်မိပါရဲ့လားလို့ နေ့စဉ် ဆင်ခြင်ပြီးနေရမလိုပါပဲ။

စာတမ်းဖတ်ပွဲနားတော့၊ မောင်ဘဦးတစ်ယောက် ရင်ကျပ်သလို အစာ မကြေသလို ဖြစ်နေပြီ။ ငယ်ပေါင်းသူငယ်ချင်းမို့ သူငယ်စဉ်က လေ့ကျင့် သင်ယူ ဆည်းပူးလာခဲ့ရပုံကို ရင်ဖွင့်တာ ကြားရတော့၊ မှတ်သားစရာများ တွေ့ရပါတယ်။ ကျေနပ်စရာပါ။

ဘဦးတို့အဖေဟာ သိပ်စည်းကမ်းကြီးသူပါ။ သူ့သားသမီးတွေကိုလည်း ငယ်စဉ်ကတည်းက စနစ်ဇယားနဲ့ အလုပ်လုပ်တတ်သူတွေ ဖြစ်လာအောင် လေ့ကျင့်ပေးခဲ့တာပါ။ သားသမီးတွေကို မူလတန်းအောင်တဲ့အထိ လူကြီးတွေ က သင်ပေး ပြင်ပေးပါတယ်။ ငါးတန်းတက်တော့၊ မနက်အိပ်ရာကထတာနဲ့ အိပ်ရာကို သေသေသပ်သပ် ခင်းကျင်းသလား၊ ခေါင်းဖြီးပြီးမှ အခန်းအပြင် ထွက်လာတာလား၊ ကျောင်းသွားချိန် အဝတ်အစား သပ်ရပ်မှု ရှိရဲ့လား။

ဆံပင်ကို ဖြောင့်တန်းအောင် ခွဲပြီး ဖြီးသင်ထားလား ကြည့်ပြီးမှ၊ ကျောင်းသွားခွင့် ပေးပါတယ်။ အဲ့ဒီပြစ်ချက် တစ်ခုချင်း မှတ်ထားတယ်။ ဆူပူရိုက်နှက်ဆုံးမတဲ့ အလုပ်ကို လုံးဝမလုပ်ဘူး။

ညနေ ကျောင်းက ပြန်လာလို့ ကစားချိန် စားချိန် ပြီးတာနဲ့ ကျောင်းက ပေးတဲ့ အိမ်စာကို စစ်တယ်။ မနက်က ပြစ်ချက်တစ်ခုစီ တွေ့ထားလို့ကတော့၊ ကျောင်းက ခိုင်းလိုက်တဲ့ အိမ်စာကို အပြစ်တစ်ခုအတွက် တစ်ကြိမ်စီ စာအုပ် သီးခြားထားပြီး၊ အပိုထပ်လုပ်ခိုင်းတဲ့ ပြစ်ဒဏ်ကို ပေးတယ်တဲ့။ ငယ်တုန်းက ဘဦးတို့ စိတ်ညစ်တာပေါ့။ ကြီးလာမှ အလုပ်လုပ်တဲ့အခါ လေ့ကျင့်ခန်းများများ လုပ်ပေးခဲ့တဲ့ အဖေ့သင်တန်းကြောင့် အလုပ်ထဲမှာ အကြီးအကဲ ဆရာသမားတွေ ချီးကျူးဂုဏ်ပြုတဲ့အခါကျမှ အဖေ့ကျေးဇူးတွေပဲလို့ အောက်မေ့သတိရတယ်လို့ ဆိုပါတယ်။

ဘဦးခမျာ စည်းနဲ့ကမ်းနဲ့ လေ့ကျင့်ခံလာရသူမို့လား မသိ၊ ဆယ်တန်းအောင်လို့ ဆေးတက္ကသိုလ် စက်မှုတက္ကသိုလ်ဝင်ဖို့ အမှတ်မီနေပေမယ့်၊ ဥပဒေပညာကို သင်ယူဖို့ လျှောက်ထားတယ်။ အလုပ်ဝင်ပြန်တော့လည်း ဥပဒေဌာနတဲ့လေ၊ ဖောင်ကြီးသင်တန်း တက်တော့ ဖခင်ကြီး ပေးလိုက်တဲ့ ခေါက်ရိုးကြောင့် စံပြသင်တန်းသား ဖြစ်၊ အဲဒီကျောင်းမှာပဲ သင်တန်းနည်းပြ တာဝန်ကို တစ်ဆင့်တိုးရာထူးနဲ့ ထမ်းဆောင်ခဲ့ပြီး၊ ကြိုးစားမှုတွေကြောင့် အခု ဥပဒေပညာဌာနမှူးအဖြစ်ကနေ ပါမောက္ခ ဖြစ်လာတော့မယ့် သူဆိုတော့... ဥပဒေသမား ဥပဒေအကိုင်း နေရဲ့လား ဆိုတဲ့အမေးကို၊ ချဉ်ငံစပ် ဖြစ်သွားရတာ မဆန်းပါဘူး။ ဒါပေမဲ့ သူ့စိတ်က နူးညံ့ပျော့ပျောင်းလွန်းတာမို့ တက္ကသိုလ်မှာ ဌာနမှူးအဆင့်ရှိသူ ဆရာချင်း မမေးအပ်ဘူးလို့ ဝမ်းနည်းနေတာပါ။ ဒီခံစားချက်ကို ပျောက်ပျက်ပေါ့ပါးသွားအောင် ရင်ဖွင့်လိုက်ရရင်၊ သူ့နှလုံး အေးသွားလိမ့်မယ်လို့ သူ့စကားတွေကို နားထောင်ရင်း ကိုယ်က အားပေးစကား ဆိုရပြန်တယ်။

"သူငယ်ချင်းရေ ... လူ့လောကထဲမှာ တော်တော်ဆိုးတဲ့ လူတွေ ရှိတယ်၊ ကိုယ့်ကိုယ်ကိုယ်ကျတော့ ကြက်မွေးလေးနဲ့ ပွတ်၊ သူတစ်ပါးကိုကျတော့ ဒူးရင်းသီးအခွံနဲ့ ပွတ်ပြီး၊ ဝေဖန်သုံးသပ်သူတွေ များတယ်ကွ။ ကိုယ့်မျက်စိနှစ်လုံးတောင် တစ်လုံးနဲ့ တစ်လုံး မြင်ရတာမှ မဟုတ်ဘဲ၊ ကိုယ့်မျက်ချေး

ကိုယ်မမြင်ရ သူများမျက်ချေးကိုသာ မြင်နိုင်တယ်ဆိုတဲ့ ဆင်ခြေလဲ မှန်တာပေါ့ လို့တောင် ပြောနေကြတာ။

အေး ... ကိုယ့်မျက်ချေး ကိုယ်မမြင်ဘူး ဆိုတဲ့သူတွေဟာ၊ ဘုရားရှင် ဟောကြားတဲ့ တရားတော်များရဲ့ အနှစ်သာရကို သိရဖို့၊ လက်တွေ့ကျင့်ကြံ အားထုတ်မှု မပါဘဲ၊ ပါးစပ်က ဘုရား ဘုရားနဲ့၊ လက်က ကားယား ကားယား တွေ များနေတာကြောင့်ပါ။

သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ရဲ့ အဓိပတိ၊ စစ်ကိုင်းဝါးချက်ဆေးရုံကြီးရဲ့ ပဓာန နာယကဆရာတော်ကြီး ဒေါက်တာအရှင်ဉာဏိဿရဟာ ဓမ္မသဘင် တွေ မစခင်၊ အောင်မြင်ခန့်ညားတဲ့ အသံနဲ့ တရားနိဒါန်းအစပျိုးမှာ ...

***"Our Buddhism is not to be pray but to be practice."***

**"တို့များရဲ့ ဗုဒ္ဓတရားတော်မြတ်တွေဟာ ရွတ်ဖတ်သရဇ္ဈာယ်ပြီး ဆုတောင်းနေရတဲ့ တရားမျိုး မဟုတ်ဘဲ၊ လက်တွေ့ကျင့်ကြံ အားထုတ်ပွါးများ ကြရမယ့် တရားများ ဖြစ်တယ်"**လို့ အဖွင့်သြဝါဒကို မြွက်ကြားလေ့ ရှိပါတယ်။

ဆရာတော်ကြီးနဲ့ ရှေးလူကြီးများ မိဘများ ဆိုဆုံးမမှုမှာလည်း ဗုဒ္ဓမြတ်စွာ ဓမ္မအနှစ်သာရဟာ၊ ကိုယ် နှုတ် နှလုံး လုပ်ကိုင် ပြောဆို စိတ်ကူးကြံစည်မှု တိုင်းမှာ၊ ပညာနဲ့ ယှဉ်တဲ့ သတိကို ထားရှိဖို့၊ ညွှန်ပြထားတာ ဖြစ်တယ်လို့ နားကြား မှတ်သားထားမိပါတယ်။ ပါရမီအခံကောင်းသူများက ဒီအဆုံးအမကို လေ့ကျင့်ပွါးများ အားထုတ်နေရင် ကိုယ့်မျက်ချေးကို မြင်နိုင်တယ်လို့ ယုံကြည် ပါတယ်။ သူတစ်ပါးကို လက်ညှိုးထိုးသူတိုင်းဟာ ကိုယ့်ဘက်ကို လက်ချောင်း သုံးချောင်း ပြန်ထိုးခံရကြောင်း သတိရှိရပါမယ်။ သူငယ်ချင်း ဘဦးရေ ... လူတွေဟာ ကိုယ်တိုင်ကော လုပ်ကြရဲ့လား ဆိုတာက လူတစ်ဦးချင်းစီနဲ့ ဆိုင်ပါတယ်။ သင်ကောင်းရင် ကိုယ်မဆိုးပါလို့ ဆိုနေကြတဲ့ သူတွေဟာ၊ ဘုရားဟောနဲ့ ဆန့်ကျင်နေပြီ ဆိုတာကို သတိမရှိဘဲ၊ စကားအဆန်း ထွင် ပြောတတ်တဲ့ မောဟပိတ်ပုံးနေသူ တစ်ဦးလို့သာ မှတ်ရုံပါ။

ဘဦးရေ ... ကိုယ့်မိတ်ဆွေကြီး ဦးသီလအကြောင်းလေး နားထောင် ကြည့်၊ သူက သိတတ်တဲ့အရွယ်ကစပြီး သက်သတ်လွတ်စားနေသူပေါ့။ နေ့စဉ် လည်း ဘုရား၊ ကျောင်းကန်၊ ဓမ္မာရုံ၊ တရားရိပ်သာ၊ တရားပွဲ၊ နာရေး

ဆိုတဲ့ ကုသိုလ်ကောင်းမှု ဆည်းပူးနိုင်တဲ့ နေရာတစ်ခုခုမှာ အချိန်များများ ပေးနေသူပါ။ သိပ္ပံပညာနဲ့ ဘွဲ့ရတစ်ဦး။ လောဘမတက်ဘဲ သမ္မာအာဇီဝ အလုပ်အဖြစ် လျှပ်စစ်ပစ္စည်းများကို ပြင်ဆင်တဲ့ လုပ်ငန်းနဲ့၊ အသက်မွေး ဝမ်းကျောင်းမှု ပြုပါတယ်။ သူ့အိမ်မှာတော့ မှောင်ရိပ်ခိုသတ္တဝါလေးများဟာ ပျော်မွေ့စွာ ရှင်သန်မြူးထူးခွင့် ရပါတယ်။ တစ်ခါတစ်ရံ သူ့အိမ်ရောက်သွားလို့ စကားပြောနေခိုက်၊ ခြေထောက်ပေါ် ကြွက်ဖြတ်ပြေးလို့ ခေါင်းမွေးထောင် ရသလို၊ ကိုက်လာတဲ့ခြင်ကို ရိုက်ချင်တာတောင် သူ့ အားနာရတဲ့အတွက်၊ အသက်မသတ်တဲ့ ကုသိုလ်တောင် ရလိုက်သေး။

တစ်နေ့ ... သူက လျှပ်စစ်ပစ္စည်းတစ်ခုကို၊ သူ့အလုပ်ခွင်ဖြစ်တဲ့ ရင်စို့ လောက်ရှိတဲ့ ဗီရိုပေါ်တင်ပြီး ပြင်ဆင်ဖို့ ဖြုတ်နေခိုက်မှာပေါ့။ ပင့်ကူငယ်လေး တစ်ကောင် ဖြတ်ပြေးလာတာ တွေ့လို့တဲ့။ ထိခိုက်မိရင် အသက်ဆုံးရှုံးမှာ စိုးရိမ်လို့၊ လေနဲ့ မှုတ်ဖယ်ထုတ်လိုက်တာမှာ၊ ပင့်ကူလေးဟာ ဗီရိုပေါ်ကနေ အင်္ဂတေအခင်းပေါ် ကျပြီးနောက်၊ တုတ်တုတ်မျှ မလှုပ်ဘဲ ငြိမ်သွားတယ်။ ဒါကို မြင်မိလို့ ကိုယ်က ဝင်အာချောင်လိုက်မိပါတယ်။

''ဩော် ... သက်သတ်လွတ်ဆရာကြီးရယ်။ အသက်သေမှာစိုးလို့ လေလေးနဲ့ အမှုတ်ခံလိုက်ရတဲ့ ပင့်ကူလေးဟာ နာဂစ်နဲ့ တိုးပြီး သူ့အတွက် အသူတစ်ထောင်မက မြင့်တဲ့ ချောက်ထဲ ကျပြီး၊ ဇိဝိန်ချုပ်သွားရရှာပေါ့''လို့။

ဦးသီလက သူ့လက်က ပစ္စည်းကို ပြင်ဆင်နေရင်း ...

''ကျုပ်က သေမှာစိုးရိမ်ပြီး၊ စိတ်ကောင်း စေတနာကောင်းနဲ့ ဖယ်ရှား တာပါ။ သေစေလိုတဲ့ ဆန္ဒမပါဘဲ၊ သူ့အသက်ကို ကယ်တယ်ဆိုတဲ့ စိတ်က အဓိကကျနေလို့ အသက်သတ်ခြင်း မမည်ဘူးဗျ။ ဥပဒေမှာတောင် ရှိတယ် မဟုတ်လား။ မတော်တဆ ပေါ့ပေါ့လျော့လျော့ လုပ်မိလို့ သူ့အသက် ဆုံးရှုံး တာကို လူသတ်မှု မဟုတ်၊ လူသေမှုလို့ ခင်ဗျားတို့ဥပဒေက ဆိုထားသေး တာပဲ၊ ပင့်ကူလေးကို ကျွန်တော် မသတ်ရပါဘူး... တဲ့။

ဒါပေမဲ့လေ – လူပဲဥစ္စာ။ သူများမျက်ချေးကို မြင်တဲ့ သဘာဝပါဆို။ ကိုယ့်မြင်ကွင်းမှာ တွေ့နေရတာလေးကို ဆက်ပြောချင်ပေမဲ့ သူ့ကို အားနာလို့ ပါးစပ် အပ်နဲ့ချုပ်၊ နှုတ်ကို ဒက်စတော့ ဘရိတ်အုပ်ထားလိုက်ရတယ်

သူငယ်ချင်းရာ။ ဘရိတ်နင်းပြီး ရပ်ထားတဲ့ ကားကို စက်မပိတ်သေးရင်တော့ အင်ဂျင်စက်က နိုးနေမြဲဆိုသလို၊ နှုတ်မှုကိုသာ စောင့်စည်း အောင့်အည်းထားရပေမဲ့ မျက်စိနှစ်လုံးရဲ့ အမြင်အာရုံကတော့ ရုပ်မြင်သံကြားဖလ်သားပြင်ပေါ်က ကြည်လင်နေတဲ့ ပုံရိပ်သွင်ကိုတော့ ထင်ရှားစွာ မြင်ရသေးတာပေါ့။ အေး ... ဘာများလဲကွာလို့ မေးမလို့ ဟုတ်လား။ မြင်ကွင်းကတော့ ... ဝါ့မိတ်ဆွေကြီး လက်ထဲ ပြင်ဆင်နေတဲ့ လျှပ်စစ်ပစ္စည်းကိရိယာလေးက၊ ခလုတ်နှိပ်လိုက်တဲ့အခါ လောင်တိုက်မှာ ကျင်စက်နဲ့ တို့ပြီး အသေရိုက်ချနိုင်တဲ့ ခြင်ရိုက်ဘက်တံလေးပါ။

ဒါကြောင့်လဲ သူတကာက ပြက်ရယ်ပြုတဲ့ စကား "ငါပြောသလိုလုပ်၊ ငါလုပ်သလို မလုပ်ကြနဲ့" ဆိုတာလေ။ အများကို လုပ်ဖို့ ညွှန်ပြပြောဆိုသူက ကိုယ်တိုင်လည်း လုပ်ပြမှ၊ သူတကာလည်း လိုက်လုပ်တော့မှာပေါ့။ အပြောနဲ့ အလုပ် ညီညွတ်ဖို့ လိုတာပေါ့။ ကိုယ်က ပညာတတ်ထားတဲ့အတိုင်း လက်တွေ့မပါဘူး။ မလုပ်ကြဘူးဆိုရင်၊ တတ်ထားတဲ့ ပညာ မေ့ပျောက်သွားပြီး၊ ပညာရှိဆိုတဲ့ နေရာကို ရောက်မှာ မဟုတ်ဘူးလေ။ သူငယ်ချင်းရာ စိတ်မကောင်းဖြစ်မနေပါနဲ့။ အမေးနွားကျောင်းသား အဖြေဘုရားလောင်းပဲ မှတ်လိုက်ပါ။

မင်း တွေ့ဖူးတယ်လေ။ ဟိုမျောက်ကလေးသုံးကောင်အရုပ်။ လက်ဝါးနှစ်ဖက်နဲ့ တစ်ကောင်က နားနှစ်ဖက်ကို၊ တစ်ကောင်က မျက်စိနှစ်ဖက်ကို၊ တစ်ကောင်က ပါးစပ်ကို ပိတ်ထားတဲ့ အရုပ်လေးတွေလေ။ အကုသိုလ်တရားနည်းအောင်၊ နား၊ မျက်စိ၊ပါးစပ်တို့နဲ့ ကြား၊ မြင်၊ အသံပြု ဆိုတဲ့ အာရုံ ၃-ပါးကို ပိတ်ထားလိုက်ရင် ပြီးရောပေါ့။ မြင်တာကို မြင်တယ်လို့ မမှတ်နိုင်ဘဲ၊ စိတ်သွားရာကို လိုက်နေရင်၊ သူများကို အဘိဇ္ဈာနဲ့ အကုသိုလ်ပွါးရာ ရောက်ပြီး ကိုယ်ပဲ စိတ်ဆင်းရဲရမှာပေါ့။ မြင်တယ်၊ ကြားတယ်၊ သိတယ် ဆိုတဲ့ နေရာမှာပဲ ဖြတ်ထားလိုက်ကြတာပေါ့ သူငယ်ချင်းရာ။"

**မြမြင့်မိုရ်(တောင်ကြီး)**

❀❀❀❀❀❀

# မစံပယ်နှင်းကြူသို့ ...

ရင်ရင်မော် (အာမခံ)

ဆီအိုးကွဲလျှင် အိုးရော ဆီပါ ဆုံးသည်။ ဆန်အိုးကွဲလျှင် အိုးသာ ဆုံးသည်။ ဆန်တွေ ပြန်ရနိုင်သည်။ ဤသို့ပင် စေတနာဖြူစင်သော အတတ် ပညာရှင်၊ အသိပညာရှင်၊ အနုပညာရှင်၊ ဥစ္စာရှင်များ ကွယ်လွန်သည့်အခါ နောင်လာနောက်သားတို့အတွက် ကောင်းမွေများ ထားခဲ့ကြသည်။ ဆန်အိုး ကြီးများနှင့် တူသည်။ ဥပမာ စာပေကျမ်းဂန်များ၊ ပုဂံရှေးဟောင်းဘုရားများ၊ စေတီပုထိုးများ၊ ရေတွင်းရေကန်များ၊ ဘုရားတန်ဆောင်း၊ ကျောင်းများ၊ ပိဋကတ်တိုက်များ၊ လူမှုရေး ဘာသာရေးအသင်းအဖွဲ့များ၊ သူအိုရုံများ၊ ဆေးရုံများ စသည် … စသည် …။ သူတို့ကျေးဇူးကြောင့် မျိုးဆက်သစ်များ အကျိုးခံစားရသည်။

ဒေါက်တာအောင်ကျော်သည် စာပေသာသနာပြု၊ ထေရဝါဒ ဗုဒ္ဓဘာသာ၊ သာသနာပြုနေသည့် ဆန်အိုးကြီး ဖြစ်ပါသည်။ သူသာ မဟုတ်ပါ။ သူ့သမီး မစံပယ်နှင်းကြူကိုပါ လက်တွဲခေါ်လာသည်။ သမီးလေးကလည်း နာသုံးနာ ဆရာလုပ်ရန် တာစူနေသည်။ ဖခင်၏ ကိုယ်ပွါးမိတ္တူလည်း ဖြစ်နိုင်သည့် လက်စလက်နများကို ပြနေသည်။ သည်တော့ စာရေးသူက အလွန်အားပေး ချင်သည်။ လက်ကမ်းကြိုဆိုချင်သည်။ ဗယာကြော်ရောင်းသော ကုလား အတွက်၊ ဘွဲ့ဒီဂရီမရှိလည်း ဖြစ်သည်။ ဆရာများအဖို့ ဘွဲ့ဒီဂရီပညာ လိုအပ် သည်။ အသိပညာ အလိမ္မာမှာမူ လူတိုင်း လူတိုင်းအတွက် လိုအပ်သည်။ ရဟန်းတော်များပင်လျှင် လိုအပ်သည်။ အသိပညာ အလိမ္မာပြည့်စုံလျှင်၊ လူချွန်လူမွန် လူကောင်းလူတော် ဖြစ်နိုင်သည်။

အသိပညာ အလိမ္မာကို နေရာတိုင်းမှာ ရနိုင်သည်။ လောကကြီးသည် အသိပညာ အလိမ္မာပေးသည့် တက္ကသိုလ်ကြီး ဖြစ်သည်။ သိတတ်မြင်တတ် ယူတတ်လျှင် ပညာ ရနိုင်သည်။ ထို့ပြင် မဟာကရုဏာရှင် ဗုဒ္ဓက၊ သိသင့် သိထိုက်သော အသိပညာများကို ပေးခဲ့သည်။ ဤသည်ကို တန်ဖိုးထားကာ ယူတတ်လျှင် အလွန်အကျိုးပြုနိုင်ပါသည်။

အသီးတစ်လုံးကို အပင်စိုက်လျှင်၊ အချိန်အခါ သင့်သောအခါ အသီး ပေါင်းများစွာ သီး၍လာ၏။ ဆရာများသည် အသိပညာများကို ဆည်းပူးကာ၊ တပည့်များအား သင်ကြားပို့ချပေးပါက၊ လိမ္မာသည့် တပည့်ကောင်းများ များစွာ ပေါ်ထွက်လာနိုင်ပါသည်။ ထို့ကြောင့် အသိပညာ တိုးတက်စေရန်၊ ဗုဒ္ဓ လမ်းညွှန်ပြသည့် နည်းလမ်းကောင်းများကို စုဆောင်းကာ "ဘုရား ပေးသည့် ဆေးဝါးဓာတ်စာများ" အမည်ဖြင့် ပြုစုထားပါသည်။ ၎င်းစာအုပ် ကို သမီးလေး မစံပယ်နှင်းကြူအား "ဝမ်းစာ" ဖြည့်ပေးပါသည်။

"အိတ်ဖောင်း"အောင် ပညာယူ၍ တပည့်များ "အိတ်ဖောင်း"အောင် ဖြည့်ဆည်းပေးပါ။ နာသုံးနာဆရာမ ဖြစ်ရုံမက၊ ဖခင်ကဲ့သို့ ဆန်အိုးကြီး ဖြစ်လာမှာ မလွဲပါ။

**ရင်ရင်မော်**

**တူမောင် ဒေါက်တာအောင်ကျော် –**

လေးလေးမော်က စာပေရေးရာ၊ ဓမ္မရေးရာများနှင့် ပတ်သက်လျှင် "တက်ကျိုးရင် လက်ထိုးလော့မယ်"ဆိုတဲ့ ဖွဲ့ရှိတယ်။ ဒါပေမဲ့ အခုတော့ ဇရာနှင့် ဗျာဓိပေါင်းပြီး၊ အထောင်းခံရတော့ လက်နက်ချရပါပြီ။

**"အပ္ပမာဒေန သမ္ပာဒေထ – မမေ့မလျော့ သတိရှိပါ"**လို့ ဟောဖော် ညွှန်ပြ မြတ်ဗုဒ္ဓကို ဦးနှိမ်ရိုကျိုး၊ လွန်မြတ်နိုးစွာ၊ ရှိခိုးပူဇော်ကာ ပြုံးသေ သေဖို့ ကြိုးစားနေရပါတော့တယ်။ ကျန်းမာသက်ရှည်၊ စာပေဖြင့် ဓမ္မဒါန ဆက်လက်ရေးသား ဖြန့်ဝေနိုင်ပါစေကြောင်း၊ ဆုမွန်ကောင်း တောင်းခြွေ ပေးလိုက်ပါတယ်။ မိသားစု ကျန်းမာချမ်းသာကြပါစေ၊ ဘဝမခြား တရားထူး တရားမြတ် မြင်တွေ့ မျက်မှောက်ပြုနိုင်ပါစေ။

အမြဲ မေတ္တာပို့သလျက်ပါ တူမောင်။

**လေးလေးမော်**

❀❀❀❀❀❀

# များများကြိုးစားရပါဦးမည်

**မစံပယ်နှင်းကြူ(ပညာရေးကောလိပ်)**

ကျွန်မတို့ တောင်ကြီးပညာရေးကောလိပ်၊ ဆရာအတတ်ပညာဒီပလိုမာ အပတ်စဉ် ၁၃/၀၈–သင်တန်းဆင်းအားလုံး ၂၀၁၁–ခုနှစ်၊ ဇွန်လ ၁–ရက် နေ့မှစ၍ မူလတန်းပြဆရာမများ ဖြစ်ကြပါပြီ။ ကျွန်မတာဝန်ကျရွာမှာ မန်ကျည်းပင်ဖြစ်၏။ ခရီးလမ်း ထောင့်၏။ တောင်ကြီးမှ ရွှေညောင်သို့ ၁၂–မိုင်ဆင်းက ရပ်စောက်လမ်းခွဲ ရောက်၏။ ရပ်စောက်လမ်းအတိုင်း မြောက်သို့ ၄–မိုင် ဆက်သွားလျှင်၊ ရွာအဝင် မြေနီလမ်းခွဲ တွေ့မည်။ အနောက်သို့ ၂–မိုင်ခန့် ချိုးဆင်းရပါသေးသည်။

၂၉/၅/၁၁–မနက်ပိုင်းတွင် သတင်းပို့ရန် ခရီးစတင်ခြင်းသည် ဘဝ တက္ကသိုလ်တက်ခြင်း ဖြစ်ပါ၏။ ကြိုတင်အကြောင်းကြားထား၍ ရွာမှ နွားလှည်း ဖြင့် လာကြို၏။ ၂၈/၅/၁၁ တစ်ညလုံး မိုးကြီးရွာချထားရာ၊ မော်တော် ဆိုင်ကယ်, ထော်လာဂျီ, မော်တော်ကား ဘာယာဉ်မှ မောင်းမရပါ။ ရွှံ့ပေါက် ရေတင်နေ၏။ ၂–မိုင်ခန့်ခရီးကို တစ်နာရီနီးပါး ခြေကျင်လျှောက်ရ၏။

ရွာအဝင်လမ်းထိပ်အနီး၌ စာသင်ကျောင်း ရှိ၏။ သွပ်မိုး၊ ဝါးထရံကာ၊ ကြမ်းအုတ်ခင်းပါ။ ကျွန်မ နေရမည့် တဲအိမ်လေးမှာ ကျောင်းဝင်းအတွင်းမှာ ရှိပြီး သက်ငယ်မိုး ဝါးထရံကာ ခြေတံရှည်အိမ်ငယ် ဖြစ်ပါသည်။ အိမ်နောက် ၌ တစ်ရွာလုံးက အားထားရာ နမ့်လပ်ချောင်းလေး စီးဆင်းနေ၏။ နေသာ ရက်ဆက်လျှင် ချောင်းရေ စိမ်းကြည်၏။ မိုးရွာရက်ဆက်လျှင် မြေနီရွှံ့နောက် ဖြစ်သွားတော့၏။

တောင်ကြီးမြို့မှ မဝေးလှ၍ ဖွံ့ဖြိုးရွာ ဖြစ်မည် ထင်မိခဲ့၏။ တက်တက်စင် လွဲတော့၏။ အိမ်ခြေ ၆၀–ရှိပြီး မြေနီလမ်းဘေးမှာ ဓာတ်ကြိုးတိုင်များ တန်းစီနေသော်လည်း ရွာ၌ လျှပ်စစ်မီး မရှိပါ။ အများစု လယ်စိုက်၍ စပါး သိမ်းချိန် ကြက်သွန်ဖြူ စိုက်ကြ၏။ တံငါအနည်းအကျဉ်း လုပ်သည်ကလွဲ၍ အခြား ဘာလုပ်ငန်းမှ မရှိပါ။ နွမ်းပါးကြ၏။

ကျောင်းစဖွင့်သော မနက်စောစောမှာပင်၊ ဖြူစိမ်းဆင်တူဝတ် ကလေး တွေ ပျော်ပျော် ရောက်လာကြပြီ။ ကျောင်းလေးမှာ အမိုးလုံသော်လည်း၊ အကာမလုံရှာပေ။ လေပြင်းတိုက်စဉ်၊ သစ်ကိုင်းကျိုးကျဒဏ်ကြောင့် ဝါးထရံ အချို့ ပေါက်ပြဲလန်ကျခဲ့ရကြောင်း သိရ၏။ ကျောင်းငယ်မို့ အားလုံး ၅၀– မပြည့်ပါ။ သူငယ်တန်း ၁၂–ဦး၊ ၁–တန်း ၅–ဦး၊ ၂–တန်း ၁၂–ဦး၊ ၃– တန်း ၄–ဦးနှင့် ၄–တန်း ၁၂–ဦးမျှသာ ရှိ၏။ ဝန်ထမ်းကလည်း ၂–ဦး တည်းသာ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ကျွန်မ။

ကျွန်မသည် ၃–တန်းနှင့် ၄–တန်း ဘာသာစုံ၊ သူငယ်တန်း အင်္ဂလိပ်စာ တွဲဖက်ပြရ၏။ သူငယ်တန်းမှာ ကျွန်မ အခက်အခဲတွေ့၏။ ရွာ၌ မူကြိုကျောင်း မရှိ၍ အင်္ဂလိပ်ဗျည်း ABC များကို အဖတ်စသင်ကာ၊ ပြီးမှ အရေးသို့ တက်ပေးရ၏။ ဆရာမကြီးက ၁–တန်း၊ ၂–တန်း ဘာသာစုံနှင့် သူငယ်တန်း မြန်မာ သင်္ချာ သိပ္ပံတို့ကို တွဲဖက်ယူပေး၏။ ဦးရေမများလှသော်လည်း အတန်းစုံ ဘာသာစုံကို လပိုင်းမာတိကာအတိုင်း ပြီးအောင် အတော်ကြိုးစား သင်ကြား ပေးရ၏။ ရွာကျောင်းမှာ မူလတန်းပြီးမြောက်လျှင် အလယ်တန်းတွက်၊ ဆည်ကြီးပန်းတောရွာ အလကသို့ သွားတက်ရ၏။ အလယ်တန်းပြီးလျှင် တောင်နီအထကသို့ ပြောင်းရွှေ့ရပြန်၏။ သွားလာရေးခက်ခဲမှုနှင့် နွမ်းပါးမှု တို့ကြောင့် ဆယ်ဦးတွင် တစ်ဦးလောက်သာ ကျောင်းဆက်နေဖြစ်၏။ ၁၀– တန်းအောင်ပြီး ရွာကျောင်းသားတစ်ဦးပင်လျှင် တက္ကသိုလ်ကောလိပ် ဆက် မတက်ဖြစ်ဘဲ ရွာမှာ လယ်လုပ်နေရှာ၏။ ဤသို့ ဖြစ်ရခြင်းမှာ ရွာလူထု အများစုတို့ ပညာရေးခံယူချက် နည်းပါးခြင်းကြောင့်ဟု မြင်မိပါသည်။

ငွေရလွယ်သော ကျပန်းအလုပ်၊ လယ်လုပ် ငါးဖမ်းတို့ကိုသာ စိတ် ထက်သန်ကြ၍ ဖြစ်မည်။ စာဖတ်လေ့လည်း မရှိသလောက်ပါ။ ရေဒီယို၊ ကက်ဆက်၊ တီဗွီ အလွန်နည်းပါး၏။ ဘက်ထရီအိုး ဆိုလာပြား တတ်နိုင်သူ

တစ်ဦး နှစ်ဦးတို့၏ အိမ်သို့ သွားရောက်အပန်းဖြေဖို့သာ ရှိ၏။ အားလုံး အတွက်လည်း မဖြစ်နိုင်ပြန်ရာ၊ မျက်စိငယ် နားငယ် ဖြစ်ကြရပြီး၊ အတွေး အမြင် မကျယ်နိုင်ရှာကြတော့ပါ။ အလုပ်မောမောနှင့် နားအိပ်လေ့ရှိ၍ ကလေး များကို မသွန်သင်နိုင်ကြပါ။

သတင်းစာ ဂျာနယ် ဖတ်နိုင်လျှင် ကောင်းမည်။ စာဖတ်အားရှိလျှင်ပင်၊ ဗဟုသုတ ဖွံ့ဖြိုးတိုးတက်ကာ၊ အမြင်ကျယ်နိုင်၏။ တိုးတက်မှုလမ်းစ ရှာနိုင် မည်။ အတွေးအမြင်ကောင်း ရနိုင်ဖို့၊ ကျွန်မတို့ ကျောင်းဆရာမများက တပည့်များကို မျက်စိဖွင့် နားစွင့် ရင်ဘတ်ကျယ်စေအောင်၊ စိတ်ဓာတ်သွင်း ကြရပါလိမ့်မည်။ ကျောင်းစာသင် တတ်နေရုံနှင့် မပြည့်စုံနိုင်သေးပါ။ အခြား အမြင်အတွေးပညာ ပြည့်စုံအောင် စာဖတ်လေ့ကျင့်ပေး စာဖတ်အားမြှင့်တင် ပေးဖို့လည်း လိုအပ်ပါသေးသည်။

ရွာသို့ရောက်စ၊ စိတ်ဓာတ်ကျချင်သော ကျွန်မသည်၊ အပြစ်ကင်းစင် နေသည့် တပည့်လေးများ မျက်နှာတို့ကြောင့်၊ ကျွန်မလုပ်ပေးချင်တာတွေက များနေပါ၏။ ရှေ့ဦး ရွာစာကြည့်တိုက်လေး ဖြစ်မြောက်အောင် ကြိုးစားပေး ရပါဦးမည်။ သို့မှသာ နိုင်ငံတော်၏ ရည်မှန်းချက်ဖြစ်သော ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်လာမည် မဟုတ်ပါလား။

ကျွန်မတို့ များများကြီး ကြိုးစားကြရပါဦးမည်။

**မစံပယ်နှင်းကြူ(ပညာရေးကောလိပ်)**

❀❀❀❀❀❀

▲ <u>အတွေ့အကြုံ ဆင်ခြင်တုံ</u>

– **အတွေ့အကြုံမဲ့သော ဆင်ခြင်တုံတရားသည် အကန်းနှင့် တူ၏။**
– **ဆင်ခြင်တုံတရားမဲ့သော အတွေ့အကြုံသည် အချည်းနှီးဖြစ်၏။**

ပညာရှင် ***Kant.***

# C.C.A ကလေးဗဟိုပြုသင်ကြားရေးစနစ်၏ အကျိုးကျေးဇူးများ

**မစံပယ်နှင်းကြူ(ပညာရေးကောလိပ်)**

ကျွန်မသည် တောင်ကြီးမြို့နယ် မန်ကျည်းပင်ကျေးရွာ အမက၌ တာဝန်ထမ်းဆောင်နေသော ဆရာမတစ်ဦး ဖြစ်ပါသည်။ မျက်မှောက်ကာလသည် နည်းစဉ်နှင့်အမျှ တိုးတက်နေသော သိပ္ပံခေတ်ကြီး ဖြစ်သည်။ ဆရာ/ဆရာမတို့သည်လည်း ခေတ်စနစ်နှင့် လျော်ညီစွာ သင်ကြားရေးကို ပြောင်းလဲရပါသည်။

ယခင်တုန်းက ဆရာဗဟိုပြု သင်ကြားရေးစနစ်ဖြင့် ပညာရေးခရီးလမ်းမပေါ်တွင် လျှောက်လှမ်းခဲ့ကြသည်။ ယခုအခါတွင်မူ ကလေးများကိုယ်တိုင် ပါဝင်လုပ်ဆောင်မှု၊ တီထွင်မှု၊ တွေးခေါ်မှုများ ဖြစ်စေသော C.C.A ကလေးဗဟိုပြုသင်ကြားရေးစနစ်သစ်သို့ ပြောင်းလဲခဲ့ပေပြီ။

ထို့ကြောင့် ဆရာ ဆရာမများသည်လည်း C.C.A (Child Centre Aprof) ကို ကြိုးပမ်းဆောင်ရွက်လျက် ရှိကြပါသည်။ ယင်းစနစ်ဖြင့် ချီတက်သော ကျောင်းများ၊ ဆရာ ဆရာမများထဲတွင် ကျွန်မတို့ မန်ကျည်းပင်ကျောင်းရှိ ဆရာမများသည်လည်း ပါဝင်ခဲ့ပေသည်။

ကျွန်မတို့ မန်ကျည်းပင် အမကကျောင်းသည် ဆည်ကြီးပန်းတောမူလွန်၊ ဘုရားငါးဆူ အမက (၁)၊ တောင်နီအထကခွဲတို့နှင့် C.C.A လုပ်ငန်းကို ပူးပေါင်းဆောင်ရွက်ရသည်။ ကျွန်မတို့၏ ကျောင်းနယ်မြေမှူးမှာ တောင်နီအထကခွဲ ဖြစ်ပါသည်။ C.C.A သရုပ်ပြသင်ကြားရာ၌ သင်ခန်းစာများကို

မဲနှိုက်ရွေးချယ်ကြရ၏။ တစ်ခါတစ်ရံတွင်မူ အတန်းလိုက် ဘာသာရပ်ပြ ဆရာ ဆရာမများက သင်ကြားရသည်။ သရုပ်ပြသင်ကြားခြင်း၏ ပထမဆုံး အကြိမ်၌ ကျွန်မ၏ ကျောင်းအုပ်ဆရာမကြီးက သင်ကြားမှု တာဝန်ကျခဲ့ ပါသည်။ နိုဝင်ဘာလ ပထမပတ်၌ ကျွန်မ၏ သင်ကြားရေးအလှည့် ကျရောက် လာပါတော့သည်။

ကျွန်မတို့သည် သင်ခန်းစာကို လက်တွေ့မသင်ကြားမီ ကြိုတင်ပြင်ဆင် မှု များစွာ ပြုလုပ်ရပါသည်။ သင်ကြားရေးဟူသည် တစ်ဦးတစ်ယောက်တည်း ၏ အမြင်ဖြင့် မပြည့်စုံနိုင်ပေ။ ကျောင်းအုပ်ဆရာမကြီးနှင့် ကျွန်မသည် အုပ်စုခေါင်းဆောင်ဖြစ်သော ဆည်ကြီးပန်းတောကျောင်းသို့ အပတ်စဉ် သောကြာနေ့တိုင်း သွားရောက်ကာ၊ သင်ခန်းစာများကို ဆွေးနွေးခဲ့ပါသည်။ ထိုကျောင်းမှ ဆရာ ဆရာမများ၏ ဝေဖန်မှု အကြံပြုမှုများကို ရယူခဲ့ပါသည်။

သင်ခန်းစာတစ်ခုကို သင်ကြားရာ၌ သင်ကြားရေးအထောက်အကူ (Teaching aids) သည် အဓိကလိုအပ်မှုပင် ဖြစ်သည်။ ထို့ကြောင့် ဆည်ကြီး ပန်းတောကျောင်းအုပ်ဆရာကြီး ဦးမြင့်သန်း ပြုလုပ်ထားသော သင်ထောက် ကူခန်းသို့ သွားရောက်လေ့လာရပါသေးသည်။ ကျွန်မ သင်ရမည့် ခေါင်းစဉ် မှာ စတုတ္ထတန်းမှ "ပညာရှိဖားကွက်" သင်ခန်းစာ ဖြစ်ပါသည်။ သင်ထောက် ကူ အနေဖြင့် ဖားကွက်, ဆင်, မျောက်တို့၏ ပုံများအပြင်၊ ဖတ်စာအုပ်၏ သင်ခန်းစာပါပုံကိုလည်း ကိုယ်ပိုင်ရေးဆွဲခဲ့ပါသည်။

သင်ထောက်ကူ၊ သင်ပြမှုပုံစံတို့ စုံလင်ပြီဖြစ်၍ သင်ကြားရေးလုပ်ငန်း စတင်ခဲ့လေပြီ။ ကျွန်မ သင်ကြားသမျှကို ကလေးများ နားလည်ကြသည်။ မေးသမျှကိုလည်း ပြန်လည်ဖြေဆိုနိုင်ခြင်း၊ စိတ်ဝင်စားမှုရှိခြင်း စသည်တို့ကို တွေ့ရသည်။ ထို့ကြောင့် ကျွန်မသည် သင်ကြားရေး အဆင်ပြေသည်ဟု ယူဆခဲ့သည်။ သင်ချိန်အားလုံး ပြီးဆုံး၍ အကဲဖြတ်၊ အကြံပြုချက်ပေးမည့် အချိန်သို့ ရောက်ရှိလာခဲ့သည်။

အကဲဖြတ် ဆရာ ဆရာမများထဲမှ တစ်ဦးက ကျွန်မသင်ကြားမှုကို "ပညာရှိဖားကွက်"သင်ခန်းစာ၌ ပါဝင်သော တိရစ္ဆာန်များအပြင် အခြား တိရစ္ဆာန်များကိုပါ ထည့်ပြောသင့်ကြောင်း အကြံပြုပေးပါတော့သည်၊ ထိုအခါမှ

အရာရာ ပြီးပြည့်စုံပြီဟု ယူဆခဲ့သော ကျွန်မ၏ သင်ခန်းစာသင်ကြားမှုသည် လစ်ဟာမှုတစ်ခု ရှိနေကြောင်း သိရှိခဲ့ရပါသည်။ ထို့ကြောင့် C.C.A သရုပ်ပြမှု ပြုလုပ်ရန် ညွှန်ကြားသူများအား ကျေးဇူးတင်မိပါသည်။

အဘယ်ကြောင့်ဆိုသော် သရုပ်ပြသင်ကြားရေးအစီအစဉ်များ ရှိခြင်းတို့ကြောင့်၊ တစ်ကျောင်းနှင့်တစ်ကျောင်း ပိုမိုရင်းနှီးမှု ရရှိစေခြင်း၊ တစ်ဦး၏ အတွေးကို တစ်ဦးက သိရပြီး အမှားကို ပြုပြင်နိုင်ခြင်း၊ သင်ထောက်ကူ တီထွင်ပြုလုပ်တတ်ခြင်း၊ သင်ခန်းစာ ကြိုတင်ပြင်ဆင်မှု ရှိလာခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိလာစေသောကြောင့် ဖြစ်ပါသည်။ ထို့ပြင် ဆရာမ တစ်ဦး၏ လက်နက်ဖြစ်သည့် သင်ကြားရေးစွမ်းရည်များ ပိုမိုတိုးတက်လာ စေပါသည်။ ထိုသို့ တိုးတက်လာခြင်းကြောင့် ကလေးများအား သင်ကြားရာ၌ ပိုမိုထိရောက်စေပါ၏။ ပညာတန်ဆောင်၏ ကားချပ်များလည်း ကောင်းလှသည်။ အကျိုးကျေးဇူးကား ခေတ်နှင့်အညီ တွေးခေါ်ကြံဆတတ်ကာ တီထွင် ဖန်တီးနိုင်သော ကလေးများ အမြောက်အမြား ပေါ်ထွန်းလာနိုင်မည်ဖြစ်သည်။

ထို့ကြောင့် ကလေးဗဟိုပြု ချဉ်းကပ်နည်းသည် နေရာဒေသမရွေး၊ ကျောင်းမရွေး မဖြစ်မနေ ပြုလုပ်ဆောင်ရွက်သင့်ပါသည်။ C.C.A စနစ်ဖြင့် သင်ကြားမှုစွမ်းရည် ပြည့်ဝသော ဆရာ ဆရာမ တိုးတက်ကာ၊ ပညာရည် ချွန်သော တပည့်ကောင်း နိုင်ငံ့ရတနာများ အင်နှင့်အားနှင့် ပေါ်ထွန်းလာမည် ဖြစ်ကြောင်းကို ရေးသားတင်ပြရပါသည်။

**မစံဝယ်နှင်းကြူ(ပညာရေးကောလိပ်)**

❋❋❋❋❋❋

▲ <u>မြတ်ပညာ</u>

ပညာပြည့်ဝ၊ နှလုံးလှသော်၊
ကိစ္စကြီးငယ်၊ ဆောက်သဖွယ်လျှင်၊
ကျဉ်းကျယ်ထွင်းဖောက်၊ ဖြတ်တောက်လိုရာ၊
ပြီးနိုင်စွာ၏။

**မန်လည်ဆရာတော်၏ မဃဒေဝလင်္ကာသစ်မှ**

# ကြုံဆုံသောကွဲ မမြဲသောတရား

ကမ္ဘောဇမဥ္စူ

၁၃၇၃–ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၆–ရက်၊ အင်္ဂါနေ့။
အပတ်စဉ်သံဃာအပါး ၂၀၀ ဆွမ်းလောင်းလှူနေ့။ ၁၈/၁၀/၁၁။
သာသနာသက္ကရာဇ် ၂၅၅၅+၄၅=၂၆၀၀–ပြည့်နှစ်။
ဗ–ပါးသီလ ရက်ပေါင်း ၁၆၀–အဓိဋ္ဌာန် ၁၅၀–ပြည့်နေ့။

**လေးစားရပါသော တူမောင်ဆရာရေ ...**

မိသားစုအားလုံး နေကောင်းကြတယ်နော်၊ စာအဆက်ပြတ်နေပေမယ့်၊ နေ့စဉ် တရားထိုင်တိုင်း မေတ္တာပို့သလျက်ပါ။ ဆရာက သေခြင်းတရားအကြောင်း စာအုပ်ထုတ်မယ်လို့ ညီမလေး''ထွေး''ဆီက သတင်းရပါတယ်။ တိုက်တိုက်ဆိုင်ဆိုင် ဖတ်လေသမျှ ဆောင်းပါးတွေက သေခြင်းတရားအကြောင်းတွေချည်းမို့ ဘွားလှမှာ ရေးစရာတွေ ကုန်ကြမ်းတွေက အများကြီး။

ဒီလိုလေ သားရယ်၊ ခုတလော စာကြည့်တိုက်တွေ အနယ်နယ်အရပ်ရပ်မှာ ဖွင့်လှစ်ကြတယ်မို့လား။ အဲဒါ ဘွားလှတို့ စမ်းချောင်းမြို့နယ် ''ကံမြင့်ကျောင်း တရားပွဲဖြစ်မြောက်ရေးမှာ ကမကထလုပ်တဲ့ (တူဆရာနဲ့ နာမည်ခပ်ဆင်ဆင် ဒေါက်တာအေးကျော် တစ်လုံးတည်းလွဲတာလေ– လွဲတာတောင် တနင်္ဂနွေနံမှာ တူနေသေး) သူက ကိုးထပ်ကြီးဘုရားမှာ စာကြည့်တိုက်ဖွင့်မှာမို့ စာအုပ်လှူပါလို့ မေတ္တာရပ်ခံလာပါတယ်။

ပြီးတော့ အဘိုးနေဝင်းတို့ရဲ့ ရုပ်ရှင်ကောင်စီကလည်း (အကယ်ဒမီဦးဆန်နီတင်)ဆီမှာ စာအုပ်ဟောင်းတွေ အလှူခံပြန်တယ်၊ ဒါနဲ့ တစ်နေ့တစ်နေ့ စာအုပ်တွေ ထုတ်ဟယ်ပိုးဟယ်၊ ပြန်ပြန်ပြီးဖတ်ဟယ်။ ဩော် ... မောလိုက်တာ အသက်က စကားပြော။ ဟော ... ဖတ်မိသမျှ သေခြင်းတရား။

အလုပ်ညီအစ်မ ဒေါ်ခင်စောတင့်လေးကလည်း၊ သူ့မိတ်ဆွေတွေ၊ ရင်းနှီးတဲ့ သူငယ်ချင်းတွေ သေတဲ့အကြောင်း၊ ဆရာချစ်နိုင်(စိတ်ပညာ)ကလည်း၊ သူ နိုင်ငံခြားရောက်နေတဲ့ အချိန်မှာ အဖေက ဆုံးတော့၊ စရိတ်စကကြီးတာက တစ်ကြောင်း၊ အချိန်မပေးနိုင်တာက တစ်ကြောင်း၊ အမိနိုင်ငံကို ပြန်မလာနိုင်၊ အမေဆုံး၊ မိတ်ဆွေသင်္ဂဟတွေပါဆုံး၊ သံဝေဂရစရာတွေ ရေးထားလိုက်တာ၊ လူ့ဘဝတိုတိုလေးမှာ ကြေကွဲစရာ၊ ဝမ်းနည်းစရာတွေ။

အဲဒီလို ဆောင်းပါးတွေ ဖတ်လို့ မဆုံးခင်၊ ကိုယ်နဲ့ သိနေ ရင်းနှီးနေတဲ့ စာရေးဆရာ မမျှော်လင့်ဘဲ အသက်လည်းမကြီးလှသေးတဲ့ ဦးကျော်နန္ဒအောင် ဆုံးရှာပြီတဲ့လေ။ သတင်းဂျာနယ်တွေထဲမှာ၊ မကြာခင်မှာပဲ ဒဿနိက Philosophy ပါမောက္ခ စာရေးဆရာ နန္ဒာသိန်းဇံ ဆုံးပြန်ပြီတဲ့လေ။

ဆရာရေ ... တက္ကသိုလ်က မြတ်ဆရာပူဇော်ပွဲတွေ တစ်ပွဲပြီးတစ်ပွဲ နွှဲလိုက်တာ၊ မကြာခင်မှာ ကိုယ့်ရဲ့ညာဘက်မှာ ထိုင်တဲ့ ဆရာမကြီးတစ်ယောက် နောက်တစ်ပွဲမှာ မတွေ့ရတော့ဘူး။ ကိုယ့်ရဲ့ဘယ်ဘက်မှာ ထိုင်အပူဇော်ခံတဲ့ ဆရာမကြီး သွားပြန်ပြီ။ ကိုယ့်နောက်တန်းမှာ ထိုင်တဲ့ သူငယ်ချင်းဆရာမ ဆုံးသွားပြန်ပြီ။ တရားရစရာ ကောင်းလိုက်တာ ဆရာရယ် ...။

ရုပ်ရှင်သရုပ်ဆောင်ထဲက အဘွားလှ ကြိုက်တဲ့ မင်းသမီးကြီး အသက် သိပ်မကြီးလှသေးတဲ့၊ ဒေါ်တင်တင်လှ ဆေးစစ်ရင်းက ဆုံးသွားသတဲ့။ စိတ်မကောင်းလိုက်တာ။ ပြော် ... သေခြင်းတရား ဘယ်သူ့ကိုမှ မျက်နှာမလိုက်ပါလားနော်။ ရုပ်ရှင်မင်းသမီးဆိုလို့ နာမည်ကြီးလှတဲ့ Liz Taylor လည်း သနားစရာ။ ရောဂါဝေဒနာတွေ ခံစားပြီး ဘဝနိဂုံးချုပ်သွားရှာပြီ။

ဆရာရေ လူ့ဘဝမှာ ဘယ်တော့မှ ချစ်၍မဝနိုင်တဲ့ မိဘသားချင်း ဆွေရင်း သွေးရင်း စပ်တော် မိတ်အဖော်တွေကို၊ သေမင်းကြီးက မညှာမတာ ခေါ်သွားလေခြင်းဆိုပြီး စာဖွဲ့လို့ မပြီးကြ၊ နှမြောတသလို့ မဆုံးကြဘူးပေါ့နော်၊ ဒါပေမယ့် လူ့ဘဝနဲ့ တစ်ဆက်တည်းမှာ သံယောဇဉ်တွယ်ရတဲ့ ကိုယ် မွေးထားတဲ့ ကြောင်ကလေး ခွေးကလေး ငှက်ကလေးတွေ၊ ကိုယ့်မျက်စိရှေ့မှာ အကြောင်းအမျိုးမျိုးနဲ့ သေသွားတော့လည်း ဝမ်းနည်းကြေကွဲကြရတာ၊ ဆရာ့ ဆောင်းပါးတွေက အများကြီး သက်သေခံပါတယ်။ အဲဒီထဲမှာ မှတ်မှတ်ရရ အဘွားမေ့မရတဲ့ မြင်ကွင်းတစ်ခု ပြောပြချင်ပါသေးတယ်။

အဘွားက တက္ကသိုလ်နယ်မြေမှာ ကြာညောင်းရက်ရှည်ခဲ့တာ ဆရာ အသိပဲနော်။ ၁၉၅၂–ကနေ ၁၉၉၂–အထိပေါ့။ တက္ကသိုလ်နယ်မြေက အိမ်တွေမှာ နေခဲ့၊ တက္ကသိုလ်က ကျွေးတဲ့ ထမင်းစားခဲ့၊ သားသမီးလေးယောက် တို့ကလည်း တက္ကသိုလ်နယ်မြေမှာပဲ ကြီးပြင်းခဲ့ကြတာလေ။ နောက်ဆုံး ၈–နှစ်ကြာအောင် နေထိုင်ခဲ့ရတဲ့ နေရာလေးက လှိုင်တက္ကသိုလ်နယ်မြေပါ။ အရှေ့တောင်အာရှကျွန်းဆွယ်အားကစားပြိုင်ပွဲ SEAP games အတွက် ဆောက်လုပ်တဲ့ အိမ်ဆင်တူ ၉၀–ရှိတာပေါ့လေ။ အရင်က တောကြီးဆိုတော့ မြွေတွေလည်း ပေါ။ အန္တရာယ်တော့ မပြုပါဘူး။ ဘွားလုတို့အိမ် မီးဖိုဘက်မှာ သွားလာနေတဲ့ မြွေကြီးတစ်ကောင်ကို တစ်ဖက်အိမ်က ကားမောင်းသမား လေးက သတ်လိုက်တော့၊ စိတ်မကောင်းလိုက်တာ။ တက္ကသိုလ်ရိပ်သာ အိမ်မှာ နေခဲ့စဉ်က (၁၉၆၀–ပြည့်နှစ်စွန်းစွန်းတုန်းကပေါ့လေ) တက္ကသိုလ် ဆရာများ အဆောင်နဲ့ ဆရာမများအဆောင်ကြားက လေးအိမ်ထောင်စာ လုံးချင်းတိုက် (4 units)ကလေးမှာ ဘေးက တောကြီးကိုး။ အဲဒီမှာတုန်း ကလည်း မြွေကြီးတွေ လာတာပေါ့။ တစ်ညနေ မိုးချုပ်ပါပြီ။ မြွေကြီး တစ်ကောင်က ဘွားလုတို့ အိမ်ရှေ့ တစ်ထစ်တည်းရှိတဲ့ လှေကားထစ်ပေါ်မှာ ပါးပျဉ်းကြီးထောင်ပြီး နေတယ်။

အဲဒီမြွေကြီးက အိမ်ထဲကို မဝင်ဘူး။ အိမ်နားနီးချင်းတွေလည်း ဝိုင်း ကြည့်နေကြပါတယ်။ ဒါနဲ့ ဘွားလုက သူ့ကို "တရားနာချင်လို့ လာတာလား" ဆိုပြီး၊ မေတ္တာပရိတ် ရွတ်ပါတယ်။ သူက အစအဆုံး နားထောင်နေတယ်။ ဘွားလုက ရွတ်လို့ ပြီးသွားတော့၊ "ကဲ ... တရားလည်း နာပြီးပြီ။ အိမ်မှာ ကလေးငယ်တွေလည်း ရှိတယ်။ သွားလိုရာကို ချမ်းချမ်းသာသာ သွားပေ တော့" လို့ ပြောလိုက်တာ၊ နားလည်သလိုပဲ ခေါင်းလေးငုံ့ပြီး တောထဲကို ဝင်သွားတယ် ဆရာရေ့...။

ဘွားလု ဒီအကြောင်းကို ပြောနေတာ ဆရာ့ကို ပြောပြစရာ အဖြစ်မှန် ဝတ္ထု (True story) နှစ်ပုဒ် ရှိလို့ပါ။ တစ်ပုဒ်က မြွေကြီးအကြောင်းပါပဲ။ နိုင်ငံခြားမှာ ဖြစ်ပျက်ခဲ့တဲ့ အကြောင်းပါ။ ၄–နှစ်သမီးလေး တစ်ယောက်ဟာ သူ့အမေဆီက နွားနို့ ပန်းကန်ပြားနဲ့ ထည့်ပေးဖို့ တောင်းသကဲ့။ အမေ လုပ်သူကလည်း သမီးလေး နွားနို့သောက်မှာကို သဘောကျပြီး ပန်းကန်ပြားထဲ ထည့်ပေးပါသတဲ့။ နောက် ၃, ၄–ရက် ကြာတော့မှ (သူက အိမ်အလုပ်မာဟိရ

တွေ များနေတာကိုး) စဉ်းစားမိသတဲ့။ ဒီကလေးမလေးက နွားနို့ကို ပန်းကန်ခွက်နဲ့ မထည့်ခိုင်းဘဲ၊ ပန်းကန်ပြားနဲ့ ထည့်ခိုင်းတာ ဆန်းနေပါတယ်ပေါ့။

ဒါနဲ့ ကလေးမလေး နွားနို့ ယူသွားတော့ နောက်က လိုက်ချောင်းပါလေရော။ လား...လား...အိမ်က ခြေတံမြင့်အိမ်ကိုး၊ အိမ်တိုင်လေးဘေးမှာ မြွေနက်ကြီးတစ်ကောင်ကို နွားနို့ပန်းကန် ချပေးတာကိုး။ အောင်မယ်လေး...အမေလုပ်သူမှာ လန့်ဖျပ်ပြီး ရင်ကို အသာဖိရင်း အိမ်ထဲ ဝင်သွားပါတယ်။ ညနေဘက် ကလေးအဖေ အလုပ်က ပြန်လာတော့ အကြောင်းစုံ ပြောပြပါသတဲ့။

အဖေလုပ်သူက နောက်တစ်နေ့မနက် "သမီးတောင်းတဲ့ နွားနို့ ထည့်ပေးလိုက်ပါ။ ငါ ကြည့်ရှင်းမယ်"ဆိုပြီး၊ သမီးလေးက မြွေကြီးကို နွားနို့တိုက်နေတုန်း၊ အဖေက ချုံထဲကနေပြီး သေနတ်နဲ့ ပစ်လိုက်တာ၊ မြွေကြီးရဲ့ခေါင်းက ပြုတ်ကျသွားပါသတဲ့။ ကလေးမလေးက ရင်ကွဲနာကျပြီး၊ ဘာမှ မစားမသောက်တော့ဘူး၊ ဆရာဝန်တွေက ဘယ်လိုမှ လုပ်ပေးလို့ မရ၊ နောက်ဆုံး သူ့မိတ်ဆွေ မြွေကြီးအတွက်၊ သူ့အသက်ပါ ပေးလိုက်ပါတယ်။ ရင်နင့်စရာ အဖြစ်ပေါ့နော်။

စာကတော့ ရှည်သွားပြီ ဆရာရေ၊ ဒါပေမယ့် ပြောပြချင်တာ ရှိသေးလို့ သည်းခံ ဖတ်ပါနော်။ တစ်နှစ်လုံး စာမရေးရလို့ အတိုးချရေးလိုက်ပါတယ်။ လိုင်တက္ကသိုလ်နယ်မြေမှာ နေခဲ့စဉ်ကပေါ့ ဆရာရယ်။ ဘွားလှ မမေ့နိုင်တဲ့ မြင်ကွင်းတစ်ခုပါ။ တစ်ညနေ စာသင်လို့အပြီး မောမောဟိုက်ဟိုက်နဲ့ ရန်ကုန်ပင်မ ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ်ကြီးကနေ ဘတ်(စ်)ကားနဲ့ လှိုင်နယ်မြေကို အပြန်၊ ကားပေါ်က ဆင်းပြီး၊ အိမ်ရောက်အောင် တော်တော်လျှောက်ရပါတယ်။

လမ်းတစ်ဝက်လောက်မှာ ကုလားတစ်ယောက်က နွားကြီးကို ကြိုးနဲ့ဆွဲလာပါတယ်။ နွားကြီးက ဘွားလှနဲ့ မျက်နှာချင်းဆိုင် လျှောက်လာရင်း၊ ဘွားလှကို တည့်တည့်ကြည့်ပြီး၊ မျက်ရည်တွေ တတွေတွေ ကျနေပါတယ်။ ဘွားလှရင်ထဲမှာ ဘယ်လို ခံစားရမှန်း မသိပါဘူး၊ သူက သားသတ်ရုံကို သွားနေတာ။ ဘွားလှ ဘယ်လိုမှ မကယ်နိုင်ဘူးလေ။ စိတ်ထဲမှာ မကောင်းလွန်းလို့ အဲဒီညနေ ထမင်းတောင် မစားနိုင်ပါဘူး၊ လယ်တီဆရာတော်ဘုရားကြီးကို ပြေးပြီးသတိရပါတယ်။ နွားသားမစားဖို့ တရားတွေ ဟောလိုက်တာ၊ သူတို့ ထွန်ယက်ပေးတဲ့ ဆန်စပါးစားနေတာ ကျေးဇူးရှင် မဟုတ်လား။

ကဲ ... နောက်အဖြစ်မှန်ဇာတ်လမ်းတစ်ခုမှာ သားကောင်တွေကို လျှပ်စစ်သေနပ်နဲ့ ပစ်သတ်ရတဲ့ အလုပ်တာဝန်ကျ ထောင်သားတစ်ယောက်ဟာ သားကောင်ပေါင်းများစွာ သတ်ပြီးမှ၊ တစ်နေ့မှာ သူသတ်ရမယ့် နွားကြီးတစ်ကောင်ဟာ သူ့ကို တည့်တည့်ကြည့်ပြီး မျက်ရည်တွေ တတွေတွေ ကျနေပါသတဲ့။ ဒီတော့ သူ့စိတ်ထဲမှာ ထိခိုက်လွန်းလို့၊ သေနတ်ကိုလည်း မကိုင်နိုင်တော့ဘူး။ သူ့ကို ပေးချင်တဲ့ အပြစ်ပေးပါတော့၊ ဘယ်သားကောင်ကိုမှ မသတ်တော့ပါဘူးလို့ ပြောပါသတဲ့။ ပြီးတော့ သူက အသက်ထက်ဆုံး ဘာအသားမှ မစားတော့ဘဲ သက်သတ်လွတ်သာ စားပါတော့သတဲ့။

သေခြင်းတရားအကြောင်းနဲ့ ဆက်စပ်ပြီး အတွေးဝင်သွားလိုက်တာမှာ–

- ▲ တစ်နေ့ကုန်ပြန်၊ သင့်ရုပ်နာမ်၊ သေရန်တစ်ရက်နီးခဲ့ပြီ။
- ▲ သေခြင်းတရား၊ အဖန်ဖန်ပွါး၊ ပယ်ရှားမာနမီး။
- ▲ ဇနီးမယား၊ သမီးသားနှင့်၊ လင်သားအိမ်ရာ၊ အဖြာဖြာကို
  ငဲ့ကာဖင့်နွေး၊ အချိန်ရွေးက၊ သေဘေးသင့်ကို၊ ဦးလိမ့်တည်း။
- ▲ ငါသည်မုချ၊ တစ်နေ့ကျ၊ သေရပါဦးမည်။

စတဲ့ လင်္ကာဆောင်ပုဒ်လေးတွေ၊ သံဝေဂမွလေးတွေ ခေါင်းထဲက တစ်စီတစ်တန်းကြီး ထွက်လာပါတယ်။ ဆရာတော်ဘုရားကြီးရဲ့ အဆုံးအမတွေ။

ဆရာရေ ... ခုတစ်လော ကြားရတဲ့ သတင်းတွေကလည်း ကြောက်ခမန်းလိလိပဲနော်။ အရှေ့အလယ်ပိုင်းမှာ ငတ်မွတ်ခေါင်းပါးလို့ သေ၊ နေရာတကာ ရေတွေကြီး၊ ငလျင်တွေလှုပ်၊ မြေတွေပြို၊ မိုးလေဝသတွက်ကိန်းအရ နောက်ထပ် နောက်ထပ် ဖြစ်စရာတွေ အများကြီး၊ ရှေးရှေးက နက္ခတ်တာရာ ပညာရှင်များ ဟောကိန်းထုတ်ထားတာတွေနဲ့လည်း တိုက်ဆိုင်နေတယ်လို့ ဆိုပါတယ်။ သဘာဝဘေးဒဏ်တွေ၊ နက္ခတ်တာရာတွေ ပြောင်းလဲမှုတွေကြောင့် ကမ္ဘာမှာ ဆိုးကျိုးတွေ ဖြစ်ရဦးမယ်။ သန်းပေါင်းများစွာ ရှိတဲ့ ကမ္ဘာ့ဦးရေဟာလည်း သန်းပေါင်းအနည်းငယ်သာ ကျန်မယ်တဲ့။

အဲဒါတွေ ဖတ်ရတော့ အဘွားလုတို့ ကလေးဘဝက ကြားဖူးတာတွေ သတိရမိပါတယ်။ သာသနာတော်စောင့်နတ်၊ ကမ္ဘာစောင့်နတ်တွေက၊ လူတွေကို ''တရားကျင့်ကြ၊ ကမ္ဘာကြီးမှာ ကပ်တွေ အမျိုးမျိုးဆိုက်ပြီး သေကျေကြမယ်။ တရားကျင့်တဲ့သူလောက်သာ နောက်ဆုံးကျန်မယ်''လို့ ကြွေးကြော်

ပါမယ်တဲ့။ ပြီးတော့ ''ယက်သဲ့ကြွားငါးတင်၊ တင်တဲ့ငါး ကြောင်က,စား၊ ကျန်တာကိုမှ ဘုရားကယ်မယ်''ဆိုတဲ့ တဘောင်ကိုလည်း ကြားဖူးပါတယ်။

ဆရာရေ ... ခုလောလောဆယ်မှာ ရေဘေးသင့်လို့ သေကြတာ မနည်းပါလား။ သားသမီးတွေ ကိုယ့်မျက်စိရှေ့မှာ ရေထဲ မျောပါသွားတာ၊ မိုးခိုရင်း မိုးခိုနေတဲ့ တဲရော၊ လူတွေပါ မျောပါသွားတာ၊ ဟော... ဘန်ကောက်မြို့ကြီးလည်း ရေတွေ လွှမ်းနေတာ၊ တီဗွီမှာ မြင်ရပါတယ်။ နောက်ဆက်တွဲ ရောဂါဆိုးကျိုးတွေ လာဦးမယ်နော်။ သေခြင်းတရားတွေ စဉ်းစားနေရင်းက တီဗွီမှာ နေ့စဉ် ကမ္ဘာတစ်လွှား ကပ်ဆိုက်နေတာတွေ မြင်နေရပါတယ်၊ ဆရာ့စာအုပ်ရိုက်တဲ့ ကုန်ကျစရိတ်ထဲမှာ အလှူငွေ နည်းနည်းပါးပါး ပါရအောင် စဉ်းစားနေပါတယ်၊ ဖြစ်ရပ်တွေက အများကြီး၊ လှူစရာဌာနတွေကလည်း အများကြီး။

ဩစတြေးလျက သားငယ်ရဲ့ မိတ်ဆွေတစ်ယောက်က ဆရာ့စာအုပ် ''မေတ္တာသည်သာလျှင်...'' ''Only loving kindness ...'' အင်္ဂလိပ်ဘာသာပြန် ဖတ်ရင်း ဘာသာခြားကနေ ဗုဒ္ဓဘာသာ ဖြစ်လာတာ သိရတော့ ဝမ်းသာလိုက်ရတာ။ ဆရာလည်း ဝမ်းသာပီတိ ဖြစ်မှာပါပဲ။ သူက ဘွားလုနဲ့ ဆက်သွယ်ပြီး ''Opening the door of your heart ...''ဆိုတဲ့ စာအုပ်ပို့လာတယ်။ အဲဒီထဲက ဖြစ်ရပ်နှစ်ခုက ဘွားလုကိုယ်တွေ့နဲ့ တိုက်ဆိုင်နေပါတယ်၊

ဒီတော့ ဘွားလုက ''မြွေရယ်၊ ငါးရယ်၊ နွားရယ်၊ ဘွားလုရယ်''ဆိုပြီး ဆောင်းပါးရေးချင်စိတ် ဖြစ်မိပါတယ်၊ အတိုဆုံး ပြောပြပါမယ်။ မြွေနဲ့ ဘွားလုရင်ဆိုင်ခဲ့ရတဲ့ ဖြစ်ရပ်တွေက အများကြီး။ ကိုယ့်ရဲ့မေတ္တာကြောင့် သူက ရန်မမူပါဘူး။ ဘွားသောင်းရဲ့သမီးအိမ်က ငါးလှောင်ကန်ထဲက ငါးကြီးတစ်ကောင်ဟာ၊ ဘွားလုကို စကားပြောလိုက်တာ။ မျက်နှာအမူအရာပါ အံ့ဩစရာ။ ဘွားလုကလည်း ''အင်းပေါ့ ... အင်း ဟုတ်တာပေါ့ ...''နဲ့ ပြန်ပြောတော့၊ သူက ပြောလိုက်တာ၊ ပြောလိုက်တာ သူ့ဘဝအကြောင်း။ တခြားငါးတွေကတော့ ဘာမှ သိပုံ မရဘူး ...။ အဲဒီငါးကြီး ဘွားလုကို စကားတွေ ပြောပြီး မကြာခင် သေသွားရှာပါတယ်။ ဂျာနယ်တစ်စောင်မှာ ငါးကြင်းကြီးတစ်ကောင်ဟာ မျက်နှာဟာ လူမျက်နှာလိုပဲ၊ ဩော် ဘဝသံသရာ ကြောက်စရာကြီးနော်။

▲ <u>မေတ္တာရနံ့ သင်းပျံ့ပျံ့</u>

– တောင်ထိပ်မှာနေခြည်၊ စေတီနှင့်တန်ဆောင်း ။
များဝေနေအစဉ်ချမ်းအောင်၊ သွန်းရေစက်လောင်း ။ ။

– သူလည်းမာ၊ ငါလည်းကျန်း
ချမ်းသာဖို့စိတ်ရည်၊ မြတ်ကြည်တဲ့စိတ်ထား ။
တောင်ဝန်းကျင်မေတ္တာနံ့ငယ် သင်းပျံ့မနား ။ ။

– တောပန်းကဝေဝေ၊ စမ်းရေကကြည်အေး ။
နေခြည်မှာ စေတီမြတ်ကို၊ ဦးညွှတ်တယ်လေး ။ ။

မင်းသုဝဏ်

သားငယ်ရဲ့ သူငယ်ချင်းကို ဘွားလှက စာအုပ်ထဲက ဖြစ်ရပ်နဲ့၊ ဘွားလှရဲ့ မြင်ကွင်းက တိုက်ဆိုင်ကြောင်း ပြောပြတော့၊ သူက အဲဒါကို ဘာသာပြန်ပေးမယ်တဲ့။ ဆရာ့စာအုပ်အတွက် မိချင်မှ မိမှာပါ။ "the little gril and her friend" က မြွေကြီးနဲ့ ကလေးမလေးအကြောင်းပါ။ တစ်နေ့က 7 Day News ထဲက ဆောင်းပါးတစ်ပုဒ်မှာ၊ တစ်ကမ္ဘာလုံး နေရာအနှံ့ သဘာဝဘေးဒဏ်တွေအကြောင်း ဖတ်ရတာ ကြောက်ခမန်းလိလိ၊ သံဝေဂပွါးစရာတွေချည်းပါပဲ။

တူမောင်စာရေးဆရာက စာရေးသိပ်ကောင်းတဲ့ စာရေးဆရာမို့ သေခြင်းတရားနဲ့ ပတ်သက်လို့ အချက်အလက်တွေ အများကြီး ရှိနှင့်ပြီးသား ဖြစ်မှာပါ။ အချိန်ရရင် စာရေးဦးနော်။ ဒါမှမဟုတ် မထွေးနဲ့ ပြောကြတာ ဖုန်းဆက်လိုက်ပါဦးနော်။ အားလုံး ကျန်းမာချမ်းသာကြပါစေ။

မေတ္တာများစွာဖြင့်
ဘွားလှ (ကမ္ဘောဇမဂ္ဂ)

❋❋❋❋❋❋

# စာဖတ်ရှိန် မြှင့်တင်ကြပါစို့

**ဒေါက်တာအောင်ကျော် (သွား/ဆရာဝန်)**

ကျွန်တော့်သမီးမစံပယ်သည် တောင်ကြီးပညာရေးကောလိပ်မှ ၂–နှစ်သင်တန်း အောင်ပြီးနောက်၊ ၂၀၁၁–၁၂ စာသင်နှစ်မှာ မူလတန်းပြဆရာမဖြစ်ပါပြီ။ ရွှေညောင်–ရပ်စောက် ကားလမ်းအနီး၊ မန်ကျည်းပင်ရွာ၌ တာဝန်ကျ၏။ ကားလမ်းမှ မှုန်ပျပျ လှမ်းမြင်နိုင်၏။ မြေနီလမ်းခွဲမှ ရွာသို့ ၂–မိုင်ခန့် ချီးဝင်ရ၏။ မိုးစွေလျှင် ရွံ့ပေါက်၊ နေပူလျှင် ဖုံထူလမ်းမျိုးပါ။ ဝဲယာလယ်ကွင်းများကြားမှ ဖြတ်ဖောက်ထား၏။ ယင်းတာရိုးလမ်းဘေးမှာ ဓာတ်ကြိုးတိုင်တို့ တန်းစီနေကြသော်လည်း ရွာ၌မူ လျှပ်စစ်မီး မရှိပါ။

ရွာမှာ တောင်ကြီးမြို့မှ ၁၈–မိုင်ခန့်သာ ကွာဝေးပြီး၊ အိမ်ခြေ ၆၀–ရှာဖျားခမ္မာရုံ၊ ဘုန်းကြီးကျောင်းငယ်နှင့် စာသင်ကျောင်းငယ်တို့သာ ရှိ၏။ ကျောင်းအုပ်ဆရာမကြီးနှင့် သမီးဆရာမသစ်တို့က အတန်း ၅–ခန်းရှိ တပည့် ၄၀–တို့ကို ခွဲဝေသင်ကြားပေးရ၏။ သွပ်မိုးထရံကာကျောင်းငယ်သည် အမိုးလုံသော်လည်း၊ ထရံများ ပေါက်ပြဲလန်ကျနေ၍ လေမလုံပါ။ လေတိုးလျှင် ဆရာတပည့်အားလုံး ချမ်းတုန်ဖျားနာကုန်ရော့မည်။ နံကပ်အုတ်စီလျှင် အုတ်နှင့်ဘိလပ်မြေဖိုး ကျပ် ၃–သိန်းခန့်၊ တံခါးပြတင်း ကျည်းပေါင်ခွေဖိုး ကျပ် ၈–သိန်းခန့် ကုန်မည်။ တံခါးရွက်များလည်း လိုမည်။ ကျွန်တော်က ငွေ ၃–သိန်း၊ သားက ငွေ ၂–သိန်း၊ ပေါင်းကျပ် ၅–သိန်း မတည်ပေးခဲ့၏။

ရွာကျောင်းဘုန်းကြီးငယ်ကို ဦးစွာကန်တော့၏။ ရွာလူကြီးများနှင့် တွေ့ပြီး သမီးငယ်ကို အပ်ရ၏။ သင့်သလို စာအုပ်များ လက်ဆောင်ပေး၏။ ထူးဆန်းသည်မှာ ကျွန်တော့်ကလောင်ကို သိမနေကြပါ။ စာအုပ် ၂၇–အုပ် ထွက်ခဲ့ပြီ။ စာမူအပုဒ်ပေါင်း ၈၀၀–ခန့် ဖော်ပြခံရပြီးပြီ။ သူတို့ စာမဖတ်ကြတာ

သေချာ၏။ ရွာအုပ်ချုပ်ရေးမှူးသမီးက ကျွန်တော့် "တစ္ဆေတကယ် ရှိ–မရှိ" စာအုပ်ကို ဖတ်ဖူးကြောင်း ပြောဖော်ရ၍ တော်ပါသေး၏။ ရွာမှာက သူတစ်ဦးသာ ဘွဲ့ရ ရှိတာကိုး။ ၁၀–တန်းအောင် ကျောင်းသားတစ်ဦး လယ်လုပ်နေပါသတဲ့။ တက္ကသိုလ် ဆက်မတက်ပါ။

ကျောင်းအုပ်ဆရာမကြီးအား "ကျွန်တော်လှူသော စာအုပ် ရသလား" မေးတော့ နဝေတိမ်တောင်။ "ဪ ... ဒုက္ခ"ဟု ရင်ထဲ ညည်းညူမိ၏။ ကျွန်တော့်သမီး စာမူ ၂–ပုဒ်အပြင်၊ တောင်ကြီးပညာရေးကောလိပ် ကျောင်းအုပ်ကြီး၊ မြို့နယ်ပညာရေးမှူး၊ အထက်တန်း အလယ်တန်း ကျောင်းအုပ်တို့၏ စာမူများလည်း ထည့်ရိုက်ထား၏။ ဆရာများ တပည့်များ အားလုံး ဖတ်စေချင်၍ အုပ် ၂၀၀၀–ခန့် ပညာရေးဌာနတွေကို လှူခဲ့၏။

တောင်ကြီးပညာရေးကောလိပ်ဝန်ထမ်းများ၊ ကျောင်းသူများအားလုံးနှင့် လေ့ကျင့်ရေးကျောင်းဝန်ထမ်းများအားလုံးတို့ကို ဦးစားပေး လှူခဲ့၏။ တောင်ကြီး မြို့နယ်၊ ညောင်ရွှေမြို့နယ်၊ ကလောမြို့နယ်၊ ပင်းတယမြို့နယ်အတွင်းရှိ ထက် လယ် မူ ကျောင်းအားလုံးအတွက်၊ သက်ဆိုင်ရာမြို့နယ်ပညာရေးမှူးရုံး မှတစ်ဆင့် လှူခဲ့၏။ ကျောင်းတိုင်းစေ့ တစ်အုပ်စီ ကျောင်းစာကြည့်တိုက် အတွက် ကျွန်တော်ကိုယ်တိုင် နာမည်ထိုး လှူခြင်းပါ။ လစာထုတ်ရက်တွင် လက်မှတ်ထိုး ယူကြရန်သာပါ။ ကျောင်းတိုင်း၌ စာကြည့်တိုက် မရှိ၍လား။ ဂရုတစိုက် ယူမသွားခြင်းလား၊ စာမဖတ်ကြ၍ တန်ဖိုးမထားခြင်းလား မပြော တတ်ပါ။ ကြုံကြိုက်၍ စုံစမ်းလိုက်လျှင် ၃–ဦးမှာ ၂–ဦးက စာမဖတ်ပါတဲ့။ ဖြစ်ရလေ။

စာတတ်ပါလျက် စာမဖတ်လျှင် အရှုံးကြီးရှုံး၏။ မျက်စိပါလျက်နှင့် မမြင် သည့်အလားပမာပါ။ မျက်မှောက်ခေတ်၌ မဂ္ဂဇင်းဂျာနယ်စာစောင်တွေ ပလူ ပျံနေ၏။ လူဦးရေလည်း တိုးပွါးလာ၏။ စာအုပ်စာစောင် ရောင်းမစွံ၊ ရှုံး၍ ပြုတ်ကုန်၏။ စာဖတ်အားနည်းရခြင်း အကြောင်းများမှာ၊ ရုပ်မြင်သံကြား ဇာတ်လမ်းတွဲများ၊ စီဒီသီချင်းခွေများ၊ တီဗွီဂိမ်း၊ အင်တာနက်ကဖေး ချက်တင်များ အလွန်ခေတ်စားလာ၍ ဖြစ်၏။ ယင်းတို့က မျက်စိအာရုံ၊ နားအာရုံခံစားမှု ရသစုံကို တစ်ပြိုင်နက် ပေး၏။ စိတ်အာရုံဖြင့် ခံစား ဖတ်ရှုရသော စာပေကို ပျင်းကြခြင်းနှင့်၊ စာအုပ်ငှားခ ဈေးကြီးခြင်းတို့က လည်း စာဖတ်ရှိန် ကျဆင်းစေပြန်ပါသည်။

ကျောင်းသင်စာချည်း မလုံလောက်ပါ။ ပြင်ပဗဟုသုတ ဆည်းပူးရန် များစွာ လို၏။ ဆရာတွေကိုယ်၌ မိမိဉာဏ်စွမ်းရည်ကို အမြဲဖြည့်ပေးနေရမည်။ တစ်နေ့ စာမဖတ်လျှင်၊ တစ်ခေတ် နောက်ကျသွားတော့၏။ ဆရာကို တပည့်များက ကြည်ညိုလေးစားကာ၊ သူ့ရဲ့ကောင်းတမျှ အားကျအထင်ကြီးကြ၏။ ဆုံးမညွှန်ပြသည့်အတိုင်း လိုက်နာကျင့်သုံးကြ၏။ ပြင်ပစာကောင်းပေမွန်များများဖတ်ရန် ညွှန်ကြားလျက်၊ ဖတ်သင့်ရာရာ ညွှန်းနိုင်လျှင်၊ နောင်တစ်ခေတ်၏ အရည်အချင်းပြည့် နိုင်ငံ့ခေါင်းဆောင်ကြီးများ ပေါ်ထွန်းလာနိုင်ပါ၏။ အနည်းဆုံးတော့ နောက်လိုက်ကောင်းများ ဖြစ်လာနိုင်ပါမည်။

ယခုအခါ ကျေးရွာအထိ စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရန် အားပေးကူညီနေ၏။ စာကြည့်တိုက်များ ဖြစ်ထွန်းခြင်းသည် အကျိုးထက်ဝက်ကျော်ရှိသွားပြီ။ စာအုပ်များ အမြဲဖြည့်ပေးကာ၊ စာဖတ်သူ စာအုပ်ငှားသူ အမြဲဝင်ထွက်စည်ကားနေပါက ရာနှုန်းပြည့် အောင်မြင်ပါပြီ။ အရေးအကြီးဆုံးကား စာဖတ်ရှိန် မြှင့်တင်ပေးရေး ဖြစ်၏။

ကျွန်တော် အသက် ၆၅–နှစ် ပြည့်ခဲ့ပြီ၊ ငယ်စဉ်မှာ လူ့လောကကြီးထံက၊ တိုင်းပြည်ထံက အသိပညာ အတတ်ပညာ ဥစ္စာတို့ကို ရယူခဲ့ပြီးပြီ၊ တစ်နေ့ ပြန်ထွက်ခွါသွားဖို့ ရှေးကထက် ပိုနီးလာပြီ၊ တိုင်းပြည်တွက် လူ့လောကကြီးတွက်၊ မိမိစွမ်းနိုင်တာ ပြန်လည်ပေးဆပ်သင့်သည်ဟု ခံယူပြီး၊ စာအုပ်များ ရေးသားရိုက်လှူပါ၏။ စာဖတ်ကြရန် အမြဲနှိုးဆော်တိုက်တွန်း၏။ လိမ္မာတတ်သိလျက် စိတ်ထားမြင့်မြတ်စေချင်လွန်း၍ ဖြစ်ပါသည်။ အလိမ္မာ စာမှာ ရှိသည် မဟုတ်ပါလား။

ကျောင်းသား ကျောင်းသူအရွယ်ငယ်ကပင် စာဖတ်ဝါသနာ ပါသွားလေအောင်၊ ကျောင်းဆရာ ဆရာမများ တပည့်တွေကို တိုက်တွန်းလမ်းညွှန်ပေးကြပါဟု မေတ္တာရပ်ခံပါ၏။ အမြဲလေ့လာဆည်းပူးနေရသော ဆရာတို့ကိုယ်တိုင်လည်း စာဖတ်နာပြီး ဆင့်ပွါးပညာ ဗဟုသုတ ဖြန့်ဝေပေးနိုင်ကြပါစေကြောင်း တောင်းဆုခြွေလိုက်ရပါသည်၊ စာဖတ်ရှိန် မြှင့်တင်ကြပါစို့၊

**ဒေါက်တာအောင်ကျော်(သွား/ဆရာဝန်)**

သေချာ၏။ ရွာအုပ်ချုပ်ရေးမှူးသမီးက ကျွန်တော့် "တစ္ဆေတာကယ် ရှိ–မရှိ" စာအုပ်ကို ဖတ်ဖူးကြောင်း ပြောဖော်ရ၍ တော်ပါသေး၏။ ရွာမှာက သူတစ်ဦးသာ ဘွဲ့ရ ရှိတာကိုး။ ၁၀–တန်းအောင် ကျောင်းသားတစ်ဦး လယ်လုပ်နေပါသတဲ့၊ တက္ကသိုလ် ဆက်မတက်ပါ။

ကျောင်းအုပ်ဆရာမကြီးအား "ကျွန်တော်လှူသော စာအုပ် ရသလား" မေးတော့ နဝေတိမ်တောင်။ "ဩော် ... ဒုက္ခ"ဟု ရင်ထဲ ညည်းညူမိ၏။ ကျွန်တော့်သမီး စာမူ ၂–ပုဒ်အပြင်၊ တောင်ကြီးပညာရေးကောလိပ် ကျောင်းအုပ်ကြီး၊ မြို့နယ်ပညာရေးမှူး၊ အထက်တန်း အလယ်တန်း ကျောင်းအုပ်တို့၏ စာမူများလည်း ထည့်ရိုက်ထား၏။ ဆရာများ တပည့်များ အားလုံး ဖတ်စေချင်၍ အုပ် ၂၀၀၀–ခန့် ပညာရေးဌာနတွေကို လှူခဲ့၏။

တောင်ကြီးပညာရေးကောလိပ်ဝန်ထမ်းများ၊ ကျောင်းသူများအားလုံးနှင့် လေ့ကျင့်ရေးကျောင်းဝန်ထမ်းများအားလုံးတို့ကို ဦးစားပေး လှူခဲ့၏။ တောင်ကြီး မြို့နယ်၊ ညောင်ရွှေမြို့နယ်၊ ကလောမြို့နယ်၊ ပင်းတယမြို့နယ်အတွင်းရှိ ထက် လယ် မူ ကျောင်းအားလုံးအတွက်၊ သက်ဆိုင်ရာမြို့နယ်ပညာရေးမှူးရုံး မှတစ်ဆင့် လှူခဲ့၏။ ကျောင်းတိုင်းစေ့ တစ်အုပ်စီ ကျောင်းစာကြည့်တိုက် အတွက် ကျွန်တော်ကိုယ်တိုင် နာမည်ထိုး လှူခြင်းပါ။ လစာထုတ်ရက်တွင် လက်မှတ်ထိုး ယူကြရန်သာပါ။ ကျောင်းတိုင်း၌ စာကြည့်တိုက် မရှိ၍လား။ ဂရုတစိုက် ယူမသွားခြင်းလား၊ စာမဖတ်ကြ၍ တန်ဖိုးမထားခြင်းလား မပြော တတ်ပါ။ ကြုံကြိုက်၍ စုံစမ်းလိုက်လျှင် ၃–ဦးမှာ ၂–ဦးက စာမဖတ်ပါတဲ့။ ဖြစ်ရလေ။

စာတတ်ပါလျက် စာမဖတ်လျှင် အရှုံးကြီးရှုံး၏။ မျက်စိပါလျက်နှင့် မမြင် သည့်အလားပမာပါ။ မျက်မှောက်ခေတ်၌ မဂ္ဂဇင်းဂျာနယ်စာစောင်တွေ ပလူ ပျံနေ၏။ လူဦးရေလည်း တိုးပွါးလာ၏။ စာအုပ်စာစောင် ရောင်းမစွံ၊ ရှုံး၍ ပြုတ်ကုန်၏။ စာဖတ်အားနည်းရခြင်း အကြောင်းများမှာ၊ ရုပ်မြင်သံကြား ဇာတ်လမ်းတွဲများ၊ စီဒီသီချင်းခွေများ၊ တီဗွီဂိန်း၊ အင်တာနက်ကဖေး ချက်တင်များ အလွှန်ခေတ်စားလာ၍ ဖြစ်၏။ ယင်းတို့က မျက်စိအာရုံ၊ နားအာရုံခံစားမှု ရသစုံကို တစ်ပြိုင်နက် ပေး၏။ စိတ်အာရုံဖြင့် ခံစား ဖတ်ရှုရသော စာပေကို ပျင်းကြခြင်းနှင့်၊ စာအုပ်ငှားခ ဈေးကြီးခြင်းတို့က လည်း စာဖတ်ရှိန် ကျဆင်းစေပြန်ပါသည်။

ကျောင်းသင်စာချည်း မလုံလောက်ပါ။ ပြင်ပဗဟုသုတ ဆည်းပူးရန်များစွာ လို၏။ ဆရာတွေကိုယ်၌ မိမိဉာဏ်စွမ်းရည်ကို အမြဲဖြည့်ပေးနေရမည်။ တစ်နေ့ စာမဖတ်လျှင်၊ တစ်ခေတ် နောက်ကျသွားတော့၏။ ဆရာကို တပည့်များက ကြည်ညိုလေးစားကာ၊ သူ့ရဲ့ကောင်းတမျှ အားကျအထင်ကြီးကြ၏။ ဆုံးမညွှန်ပြသည့်အတိုင်း လိုက်နာကျင့်သုံးကြ၏။ ပြင်ပစာကောင်းပေမွန်များများဖတ်ရန် ညွှန်ကြားလျက်၊ ဖတ်သင့်ရာရာ ညွှန်းနိုင်လျှင်၊ နောင်တစ်ခေတ်၏ အရည်အချင်းပြည့် နိုင်ငံ့ခေါင်းဆောင်ကြီးများ ပေါ်ထွန်းလာနိုင်ပါ၏။ အနည်းဆုံးတော့ နောက်လိုက်ကောင်းများ ဖြစ်လာနိုင်ပါမည်။

ယခုအခါ ကျေးရွာအထိ စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရန် အားပေးကူညီနေ၏။ စာကြည့်တိုက်များ ဖြစ်ထွန်းခြင်းသည် အကျိုးထက်ဝက်ကျော်ရှိသွားပြီ။ စာအုပ်များ အမြဲဖြည့်ပေးကာ၊ စာဖတ်သူ စာအုပ်ငှားသူ အမြဲဝင်ထွက်စည်ကားနေပါက ရာနှုန်းပြည့် အောင်မြင်ပါပြီ။ အရေးအကြီးဆုံးကား စာဖတ်ရှိန် မြှင့်တင်ပေးရေး ဖြစ်၏။

ကျွန်တော် အသက် ၆၅–နှစ် ပြည့်ခဲ့ပြီ၊ ငယ်စဉ်မှာ လူ့လောကကြီးထံက၊ တိုင်းပြည်ထံက အသိပညာ အတတ်ပညာ ဉစ္စာတို့ကို ရယူခဲ့ပြီးပြီ၊ တစ်နေ့ ပြန်ထွက်ခွါသွားဖို့ ရှေးကထက် ပိုနီးလာပြီ၊ တိုင်းပြည်တွက် လူ့လောကကြီးတွက်၊ မိမိစွမ်းနိုင်တာ ပြန်လည်ပေးဆပ်သင့်သည်ဟု ခံယူပြီး၊ စာအုပ်များ ရေးသားရိုက်လှူပါ၏။ စာဖတ်ကြရန် အမြဲနိုးဆော်တိုက်တွန်း၏။ လိမ္မာတတ်သိလျက် စိတ်ထားမြင့်မြတ်စေချင်လွန်း၍ ဖြစ်ပါသည်။ အလိမ္မာ စာမှာရှိသည် မဟုတ်ပါလား။

ကျောင်းသား ကျောင်းသူအရွယ်ငယ်ကပင် စာဖတ်ဝါသနာ ပါသွားလေအောင်၊ ကျောင်းဆရာ ဆရာမများ တပည့်တွေကို တိုက်တွန်းလမ်းညွှန်ပေးကြပါဟု မေတ္တာရပ်ခံပါ၏။ အမြဲလေ့လာဆည်းပူးနေရသော ဆရာတို့ကိုယ်တိုင်လည်း စာဖတ်နာပြီး ဆင့်ပွါးပညာ ဗဟုသုတ ဖြန့်ဝေပေးနိုင်ကြပါစေကြောင်း တောင်းဆုခြွေလိုက်ရပါသည်။ စာဖတ်ရှိန် မြှင့်တင်ကြပါစို့၊

**ဒေါက်တာအောင်ကျော်(သွား/ဆရာဝန်)**

❀❀❀❀❀❀

# ငြိမ်းချမ်းကမ္ဘာ တည်ဆောက်ပါ

ကိုသောင်းညွှန့် (ရွှေမန်းသား)

▲ သမိုင်းမဖြစ်
အတိတ်နှစ်က၊ ကျောက်ခေတ်လူများ
နှလုံးသားသည်၊ သွေးများဖြူဥ
သွေးနီဥဖြင့်၊ ပေါင်းပြုဖွဲ့စည်း၊ ထားလေသတည်း။

▲ ထိုခေတ်လူသား
သန်မာထွားး၏၊ ခေါင်း ခါး ခြေ လက်
ကြံ့ခိုင်လျက်ဖြင့်၊ သွက်လက်ခွန်အား
ပြည့်စုံငြားသည်၊ လူသားစင်စစ်၊ ဖြစ်ပေတော့သည်။

▲ သမိုင်းအစ
မနုဿတို့၊ မျှတစိမ်
စုပေါင်းကြံ၍၊ စားလုံအတွက်
ကျောက်လက်နက်ဖြင့်၊ စစ်မက်အန္တရာယ်၊ စုကာကွယ်ခဲ့။

▲ လူသားဆင်းသက်
ထိုအချက်ကို၊ နှောင်းတက်လူများ
သိဉာဏ်ပွါးရန်၊ ရေးသားတင်ပြ
လူ့အစကို၊ *ဒါဝင်*ညွှန်ပြ၊ သိကြရ၏။

▲ ရာစုခေတ်ပြောင်း
နှစ်တွေဟောင်း၍၊ အကြောင်းမမျှ
ဝိသမဖြင့်၊ ဒေါသထွေပြား
လောဘသားတို့၊ မောဟနယ်ကျယ်၊ တရားကွယ်ခဲ့။

▲ သတ္တဝါကျား
လူကိုစားလည်း၊ လူသားရှောင်ကွင်း
မှန်လွတ်ကင်း၏၊ ကြီးနိုင်ငယ်ညှဉ်း
လူသားချင်းကား၊ ရှောင်ကွင်းမရ၊ ခံကြရ၏။

▲ ထိုမှတစ်ဖန်
လက်တုံ့ပြန်လျက်၊ ဒုတိယမ်ဖြစ်
ကမ္ဘာစစ်တွင်၊ အသစ်ထွင်သုံး
ဏုမြူပုံးကြောင့်၊ သက်ပေါင်းများစွာ၊ ဆုံးရှုံးရှာခဲ့။

▲ သက်ကိုစတေး
ဘဝပေး၍ ကျေးကျွန်မခံ
နယ်ချဲ့ရန်ကို၊ လေ့ခွက်ချည်းကျန်
အလံမလှဲ၊ ဆင်နွှဲကြ၏၊ ဖွဲ့သတ္တိအပြည့်။

▲ အနိဋ္ဌာစစ်
ဝေးကျန်ရစ်တော့၊ ခေတ်သစ်ကမ္ဘာ
တည်ဆောက်ပါရန်၊ ကမ္ဘာလူသား
လူအများတို့၊ ခွန်အားစိုက်ကာ၊ တားဆီးပါလေ့။

▲ စစ်ပွဲစကား
နောင်မကြားရန်၊ ပုံးမိုးအသံ
နောင်မကျန်ရန်၊ သွေးနီအလား
စည်းလုံးထား၍ သွေးဖြူအလား
ငြိမ်းချမ်းသားတို့၊ လူလိုလူချင်း
ငြိုးမာန်ကင်း၍ လူသားလူချင်း
စာနာခြင်းဖြင့်၊ လူချင်းတူမျှ
လူ့ဘဝတွင်၊ အချင်းမများ
မေတ္တာထား၍ ပြဟ္မာစိုရ်တရား
လက်ကိုင်ထားကာ၊ ငြိမ်းချမ်းကမ္ဘာ၊ တည်ဆောက်ပါလော့။

ကိုသောင်းညွန့် (ရွှေမန်းသား)

မှတ်ချက်။ ။ *ဒါဝင်* = ချားလ်ဒရာဘတ်ဒါဝင်(၁၈၀၉-၁၈၈၂)၊ အင်္ဂလိပ်လူမျိုး သဘာဝတ္တပညာရှင်။

❀❀❀❀❀❀

# စာရေးသူ၏ နိဂုံးအမှာစာ

၁၃၇၃-ခုနှစ်၊ ပြာသိုလဆန်း ၄-ရက်။

လေးစားရပါသော စာဖတ်ပရိသတ်များခင်ဗျား ...

ကွန်ပျူတာစီစာမူကို ပထမအကြိမ် စစ်ပြင်ပြီး၍ နိဂုံးအမှာစာကို ဖြည့်စွက်လိုက်ရပါသည်။ စာပေမိတ်ဆွေ ခင်မြင့်မြတ်ဦး၏ "**ကျွန်မ၏ချစ်စံအိမ်**" ဘဝအမောဝတ္ထုလေးသည် လူလတ်တန်းစားဘဝကို ကိုယ်စားပြုဖြစ်၍ နှစ်ခြိုက်ကြလိမ့်မည် မျှော်လင့်ပါ၏။ ကျွန် ကျွန်တော့်ဘဝ ဝတ္ထု ၅-ပုဒ်အနက် "**မေ့ဘဝ အသူရကာယ်အလားနှယ်**"ကို အချိန်ပေး စိတ်နှစ်ပြီး ဖတ်ကြည့်လျှင်၊ ရသအရသာ ပိုခံစားနိုင်ပါလိမ့်မည်။ ကျွန်တော်ပေးချင်သော ဒဿနများကိုလည်း ပါးပါးလေး ထည့်ထားရာ၊ မိအောင်ဖတ်ပြီး ဆက်တွေးစေချင်၏။ အဆုံးသတ် မေ့သံဝေဂ နိဗ္ဗိန္ဒလင်္ကာလေးကို ခံစားဖတ်ရှု၊ ဖြစ်နိုင်လျှင် ရွတ်ဆိုကြည့်ရင်း၊ တရားနှလုံးသွင်း ဆင်ခြင်ပွါးများစေလိုပါသေးသည်။ ယင်းသုံးပွင့်ဆိုင်ဇာတ်လမ်းလေးကို ကြည်ကြည်ထွေး ဘက်က ခံစားပြီး ရေးသားရာ၌၊ မပီပြင်ခဲ့သော် ကျွန်တော့်ချွတ်ယွင်းချက်သာ ဖြစ်ပါကြောင်း ဝန်ခံရပါလိမ့်မည်။

ဝတ္ထုများသည် ပုံသဏ္ဌာန်မျိုးစုံဖြင့် ရေးသားတင်ဆက်နိုင်သော အလွတ်လပ်ဆုံး စကားပြေရေးနည်းဖြစ်သည်ဟု ဆရာကြီးဒဂုန်တာရာက မိန့်ခြွေဖူးပါသည်။ "***Truth is more stranger than fiction***"ဟူသော သိုးဆောင်းအဆိုတစ်ရပ် ရှိပါ၏။ အမှန်တရား (ဝါ) ဖြစ်ရပ်မှန်တို့သည် စိတ်ကူးယဉ်ထက် ဆန်းကြယ်သည်ဟု မြန်မာပြန်လျှင် သင့်နိုး ထင်မိပါသည်။ သုံးပွင့်ဆိုင်ဇာတ်လမ်းများစွာ ရှိသည့်အနက်၊ ကျွန်တော် ခံစားဖန်တီးလိုက်သော ကိုကောင်း၊ ကြည်ထွေးနှင့် အပုလေးတို့လို ဇာတ်လမ်းမျိုးကား မဆန်းလှသော်လည်း ရိုးတာမသွားနိုင်သည့် အဖြစ်အပျက် တစ်ရပ်ပါ။

ပေါင်းပင်တစ်မျိုးဖြစ်သည့် မှော်ချဉ်မှာ အညတြပင်နုသေးလေး ဖြစ်၏။ အသည်းပုံ သုံးလွှာဆုံလျက်၊ တစ်ရွက်မည်ရသော သူ့အဖြစ်ကလည်း ဆန်းထွေသည့် သဘာဝမေ့တစ်ရပ်ပါ။ ကျွန်တော် ကြိုးစားဖွဲ့သီပြလိုက်သော သုံးပွင့်ဆိုင်ဇာတ်လမ်းလေးအတွက် အကောင်းဆုံး "နိမိတ်ပြ"ပုံအဖြစ် ရွေးချယ်မိသည့်ပြင်၊ မမြင်ဖူးသူတို့အတွက်၊ မျက်နှာဖုံးပေါ်တင်ကာ ဖော်ပြလိုက်ရ၏။ ပန်းပင်လက်ဆောင်ပေးသူ မေ့မိတ်ဆွေ ဒေါက်တာသန်းငွေက

"ရှမ်းအိုးစည်ပန်း"ဟု ဆိုသော၊ အနီရဲ ခေါင်းပွပန်းလုံးချင်းများ စုဝေးနေသည့် ပန်းဆုပ်ပုံကလည်း၊ ချင်းတောင်မှ တောင်ဇလပ်ပန်းနှင့် ဆင်ဆင်တူနေ၏။ ယင်းပန်းလုံးလေး တစ်ခုချင်းစီမှ အဝါရောင်အလွှာ တစ်ထပ်တည်းရှိသော စံပယ်ပန်းလို ပန်းပွင့်တို့က ပြူထွက်လာပြန်သေးရာ၊ ကျွန်တော်ကတော့ "နှစ်ဆင့်ပန်း"ဟူ၍ အမည်သစ် ကင်ပွန်းတပ်လိုက်ပါသည်။

အနီရဲနှင့် အဝါတောက်တောက်တို့သည် ထွန်းလင်းတင့်တယ်သော အရောင်တွဲဖြစ်ပြီး၊ ထင်ပေါ်လွှမ်းအောင် သဘာဝတရားက ဖန်ဆင်းတတ်လိုက်တာဟု ချီးကျူးမိရပါ၏။ မျက်နှာဖုံးအလယ်ဗဟိုမှာ နေရာချလျက်၊ မြစိမ်းရောင်စို မှော်ချဉ်ရွက်အသေးအကြီးငါးရွက်တို့ ဝန်းရံပေးလိုက်ပါသည်။ ယင်းဓာတ်ပုံများကို စိတ်ရှည်ရှည် ရိုက်ကူးပေးသော ဆရာဦးကျော်မိုး (သာဒိုးကျော်–အင်းလေး)အားလည်း အထူးကျေးဇူးတင်ရှိနေပါကြောင်း မှတ်တမ်းတင် ဖော်ပြအပ်ပါသည်။

Novel ဟု ဆိုသော ရသဝတ္ထုရှည်အမျိုးအစားသည်၊ တကယ့်ထိပ်သီး ဂန္ထဝင်မြောက် ဝတ္ထုရှည်ကြီးမျိုးဖြစ်ရာ၊ အချက်အလက်နှင့် အဖြစ်မှန် (facts and fiction) တို့ကို အခြေခံပြီး၊ ခံစားမှုများ ရသမြောက်အောင် ရေးဖွဲ့တတ်ရပါ၏။ ကျွန်တော့်စာအုပ်ပါ သုံးပွင့်ဆိုင်ဇာတ်လမ်းလေးကိုလည်း၊ ရသမြောက်အောင် ကြိုးစားဖွဲ့သီသည့်တိုင်၊ မဂ္ဂဇင်းဝတ္ထုရှည် (ရှေးကမဂ္ဂဇင်းဝတ္ထုလတ်အနေအထား)ခန့်သာ ရှိ၍၊ ကျွန်တော့် အနုပညာဖန်တီးနိုင်စွမ်းအားကို အားမရခဲ့ပါကြောင်း ရိုးသားစွာ ဝန်ခံရပါမည်။ တစ်စုံတစ်ရာအဆင့်မျှလောက် ရသဂုဏ် ရှိပါသည်ဟူ၍ စာဖတ်သူတို့ ခံစားရပါလျှင် ကျွန်တော် ကြိုးပမ်းရကျိုး နည်းနည်းနပ်နိုင်ပါပြီ။

နိဂုံးချုပ်အနေနှင့် မှာကြားလိုသည်မှာ၊ ကျွန်တော် စာပေဒါနပြုလိုက်သော ဤဘာဝ ဝတ္ထု ၆–ပုဒ် စာအုပ်ငယ်ကို ကြိုက်နှစ်သက်သည် ဆိုပါက၊ အခြားသူများ ဖတ်ရှုခံစားနိုင်စေရန်၊ ကျေးဇူးပြု၍ လက်ဆင့်ကမ်း မျှဝေကြပါလေဟု တိုက်တွန်းမေတ္တာရပ်ခံအပ်ပါသည်။ ဆက်လက်ကြိုးစားပါဦးမည်။

**မေတ္တာများစွာဖြင့်**

**ဒေါက်တာအောင်ကျော် (သွား/ဆရာဝန်)**

၂၈/၁၂/၂၀၁၁။

ညနေ ၂း၃၅ နာရီ။

❀❀❀❀❀❀

# ပတ္တိဒါန အမျှပေးဝေ

(အရှိုညီ၊ အချညီ၊ ပါဒညီ ပိုဒ်စုံရတု)

မင်းသန့်ဦး(တောင်ကြီး)

▲ **ဘဝဟူသည်၊ ရယူမရှိ**
ပေးဆပ်ဘိကာ၊ သေသည့်တိုင်ပင်၊ ရင်ဆိုင်ဒုက္ခ၊ ရှန်းကန်ရမြဲ
သုခမူကား၊ မြူသားပမာ၊ ပါးလွှာနည်းကျဉ်း၊ အခင်းအကျင်း
ဆင်းရဲခြင်းဆက်၊ မက်စက်ချမ်းသာ၊ ပမာနှမ်းပြား၊ ကွာခြားပါလဲ
သာယာစွဲငြိ၊ တွယ်တာမိကြောင့်၊ ထောင့်ထောင့်ကွေ့ကွေ့၊ သံသရာရွေ့လည်
တွေ့ရှည်ငရဲ၊ နေမြဲအိမ်စောင့်၊ အမှောင့်မှောင့်တည်း၊ ဗျာနှောင့်မမှု
အပြစ်စုပေါင်း၊ ပြုလုပ်ကြောင်းသည်၊ ဝဋ်ဟောင်းဝဋ်သစ်၊ အရစ်ရစ်နှောင်
ပဆစ်ဆောင်သို့၊ ထောင်သောင်းမက၊ ကျင်လည်ရပြီ၊ သိန်းမျှသန်းထိ
ကုဋေထိလဲ၊ မရှိသံဝေ၊ တပေပေနှင့်၊ ထွေထွေဘဝ
ခံရများစွာ၊ နည်းစွာစံရင်း၊ ကရွတ်ကင်းလျှောက်၊ မယွင်းနှောက်ခဲ့
တောက်တဲ့ကပ်လို၊ ထိုထိုသောက၊ ပေါလှဖျင်ဖျင်၊ ဆင်ခြင်သတိ
ရှိသင့်ပါပြီ၊ **ရတီရောင်လွှင့် မြင့်မြင့်သောဝ်** ။ ။

▲ **အလှမြူခြည်၊ မျှတူရည်တည့်**
ကြည်ကြည်ညွတ်ညွတ်၊ နူးဆွတ်ဆွတ်လျှင်၊ ထွတ်ထွတ်ရှင်တော်၊
တန်ခိုးတော်ကြောင့်၊ မွေတော်ခာတ်မြူး၊ ခြောက်ရောင်ကူး၍
ကျူးကျူးဝန်းကျင်၊ ဝဥ္စာပြင်ထက်၊ ရွှင်ရွှင်တက်သား၊
ထူးခြားခြားလွှင့်၊ မိုးဖျားမြင့်တိမ်၊ ဦးကျိုးနှိမ်ကာ
ကြိမ်ကြိမ်ရှိခိုး၊ မြတ်မြတ်နိုး၏၊ အကျိုးသီလ၊ များဒါနပြင်
ကျင့်ကြဘာဝနာ၊ ကမ္ဘဋ္ဌာန်းမှာလဲ၊ မကွာသမထ၊ စိတ်ဈာနဖြင့်

တည်လှသမာဓိ၊ ဝိပဿနာ၊ ခဲလေပါမှ၊ နှစ်ဖြာနာမ်ရုပ်
တဟုပ်ဟုပ်ဖြစ်၊ တညစ်ညစ်ပျက်၊ တဆက်ဆက်မြင်၊ တလျှဉ်လျှဉ်တွေး
တရေးရေးပေါ်၊ တလျော်လျော်ကျွမ်း၊ တလွှမ်းလွှမ်းတ၊ တမမထိတ်
တညိတ်ညိတ်ကြောက်၊ တစ်ထောက်မနား၊ ဆက်တိုက်ပွါးမှ၊ ဆုံးသွားမဂ်ဖိုလ်
ဇာတိတိုမည်၊ ထိုထိုဓမ္မ၊ သိမြင်ထမို့၊ ဆင်းမြပီပီ
စိတ်တည်ကြည်ပြီ၊ **သရီပြောင်ဝင့် ပွင့်ပွင့်သော်** ။ ။

▲ **တမျှကူမည်၊ တူညီမခြား**
မကွဲပြားနိုင်၊ ကြွားကြွားဝင့်ဝင့်၊ ရင်ဖွင့်ဖွင့်ထား၊ ဆင့်ဆင့်ပွါးလိမ့်
တသိမ့်သိမ့်သာ၊ စိမ့်စိမ့်ဖြာတက်၊ ရှိုက်မက်မက်မော၊ သက်ထက်ကြောရေး
တတွေးတွေးတည့်၊ ဆွေးနွေးကာသာ၊ ညီညွတ်စွာဖြင့်၊ သွားကာလာကာ
ကုသိုလ်ရှာကြ၊ စိတ်တူမျှ၍၊ ကူကြကျွတ်လွတ်၊ မိုးတမွတ်သို့
အဆွတ်အငင်၊ မပင်မပန်း၊ အထမ်းအချီ၊ အလီလီပင်
မသီမဖင့်၊ အဆင့်ဆင့်တိုး၊ အမြင့်မျိုးတို့၊ အဆိုးမပါ
အကောင်းသာနှော၊ အပြောမဟုတ်၊ အလုပ်လက်တွေ့၊ အကွေ့ကွေ့တိုင်း
မဆိုင်းမတွ၊ ပါဝင်ကြသည်၊ သူကတစ်ထောင်၊ အယ်နောင်တစ်သောင်း
မယ်နှောင်းတစ်သိန်း၊ ကိန်းသန်းကုဋေ၊ အထွေထွေထွေ၊ ကောင်းမှုရေးမို့
မနှေးအမြန်၊ "အမျှ"သံသည်၊ နဘံထက်စု၊ ဘဝဂ်ပုအောင်
သာဝုသံညီ၊ **နရီဆောင်ဆင့် တင့်တင့်သော်** ။ ။

ခင်းသန့်ဦး(တောင်ကြီး)
၂၀/၁၂/၂၀၁၁။
ညနေ ၄း၃၀ နာရီ။

မှတ်ချက် ။ ။ အယ်နှင့်မယ်သည် အင်းလေးအခေါ်
မောင်နှင့်မ ဖြစ်ပါသည်။ အယ်နောင်–ခင်ကြီး။ မယ်နှောင်း–မထွေး။

# ကျမ်းပြီးတောင်းဆုပတ္ထနာ

မင်းသန့်ဦး(တောင်ကြီး)

▲ စာပေဒါန၊ ပြုရပုည
မြတ်ဘာဂကြောင့်၊ များလှထွေထွေ၊ ဉာဏ်ရင့်စေလျက်၊ ရင့်ကျက်အတွေး
ပညာဖွေးလက်၊ တွေးချက်သုံးသပ်၊ ဆုံးဖြတ်မှန်ကန်၊ ရင့်သန်ပါရမီ
အကျင့်သီလ၊ ညီမျှစွမ်းအား၊ ကျင့်ပွါးသန်သန်၊ ပြည်နိဗ္ဗာန်နန်း
တစ်ဖက်ကမ်းသို့၊ တက်လှမ်းနိုင်ရေး၊ သည်းခံပေး၍၊ ဖွဲပေးမထောက်
အရောက်မှန်းချိုင်၊ ပိုင်ပိုင်မင်္ဂဖိုလ် တိုင်စေသောဝ် ။ ။

▲ ဘဝမခြား၊ တရားမမိ
ကျင်လည်ဘိတိုင်၊ ထိသိမှတ်သဲ၊ သတိမြဲ၍၊ ပြုဆဲကုသိုလ်
မငြိုငြင်သား၊ နောင်များပြုမည့်၊ ကုသိုလ်များထွေ၊ မိုးများစွေသို့
ထွေထွေကောင်းမှု၊ အစုစုလျှင်၊ ပြုရန်မနှေး၊ ဇောအားပေးစေ
ရွေးကထောင်ထု၊ ကုသိုလ်စုလဲ၊ သာဓုထပ်ကာ၊ ဝမ်းသာနုမော်
တကြော်ကြော်သာ၊ ခေါ်နိုင်ကြွေးနိုင်ပါစေသောဝ် ။ ။

▲ ပညာရှိတွဲ၊ ဗာလလွဲ၍
မြဲနှလုံးလှ၊ အသုံးကျလျက်၊ ဒိဋ္ဌကောင်းကျိုး၊ ပြုနိုင်နိုးကြား
တိုးပွါးဥစ္စာ၊ ဖြာဖြာခနေ၊ ပြည့်စုံရပြီး၊ ဒါနပြုချင်
မတွန့်လျှင်ဘဲ၊ လျင်လျင်ပြုရေး၊ တုံ့မနှေးစေ၊ ရှေးရှေးယခု
ပြုခဲ့ပြုဆဲ၊ ကောင်းမှုခဲကို၊ ခွဲခြားမရှိ၊ များဘိဝေနေ
ပေးမျှဝေသည်၊ ကောင်းထွေသာဓုခေါ်စေသောဝ် ။ ။

မင်းသန့်ဦး(တောင်ကြီး)
၂၀/၁၂/၂၀၁၁။
ညနေ ၄:၅၅ နာရီ။

ကုသိုလ်အမျှ ... အမျှ ... အမျှ ... ယူတော်မူကြပါကုန်လော့။
သာဓု ... သာဓု ... သာဓု ပါဘုရား။

❁❁❁❁❁❁

▲ **သိဖို့အချက်များ၊**

၁။ အနိတိတို့ ဦးတည်တာက အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနဲ့ တကယ့်စစ်မှန်တဲ့ ဒီမိုကရေစီအဆောက်အအုံတွေကိုအမြစ်တွယ်အောင်လုပ်ရေးလေ။

၂။ အဓိကအရေးကြီးတာက ယုံကြည်မှုပဲ။ တစ်ယောက်ပေါ် တစ်ယောက် ယုံကြည်မှုပဲ။ ယုံကြည်မှုတည်ဆောက်တဲ့နေရာမှာ ပထမလိုအပ်တာက ရိုးစင်းမှုပဲ။

၃။ ဒီမိုကရေစီရဲ့လိုအပ်ချက်တစ်ခုက ဒီမိုကရေစီဆန်တဲ့ ရွေးကောက်ပွဲတစ်ခုကို ဦးတည်တယ်။

၄။ လူငယ်တွေဟာ နိုင်ငံရေးဟာ သူတို့အနာဂတ်နဲ့ဆိုင်တယ်ဆိုတာကို ပထမဆုံး မြင်ဖို့လိုတယ်။

၅။ ပညာဆိုတာ နှစ်မျိုးရှိရာမှာ၊ ကျောင်းက သင်ပေးလိုက်တဲ့ ပညာနဲ့ ကိုယ့်ဘာသာကိုယ် ဆည်းပူးရှာဖွေလိုက်တဲ့ ဗဟုသုတ။

၆။ မြန်မာတွေဟာလေ ညီကိုမညီညွတ်ချင်ဘူး။ တစ်ပြောင်းတစ်လွဲတော့ ညီညီညွတ်ညွတ်နဲ့ အားလုံးကစုစုဝေးဝေးနဲ့ ငါတို့နိုင်ငံအောင်မြင်အောင် လုပ်မယ်ဆိုတဲ့ သဘောထားကြီးတဲ့ စိတ်ကို ထားစေချင်တယ်။

၇။ အမျိုးသား ပြန်လည်သင့်မြတ်ရေးဆိုတာ မတူတဲ့ သဘောထားတွေကို အခြေခံပြီး တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန် ဆွေးနွေးပြီး ပြေလည်အောင်အဖြေရှာ ရမှာပေါ့။

ဒေါ်အောင်ဆန်းစုကြည်နှင့်တွေ့ဆုံခြင်း၊ရန်ကုန်တိုင်းဂျာနယ်မှ။

▲ <u>တောင်းဆုပတ္တနာ</u>

★ ပညာရှိတွဲ၊ဟာလလွှဲ၍ မြနလုံးလှ၊ အသုံးကျလျက်၊ ဒီဋ္ဌကောင်းကျိုး၊ ပြုနိုင်နီးကြား တိုးပွားဥစ္စာ၊ ဖြာဖြာခနေ၊ ပြည့်စုံရပြီး၊ ဒါနပြုချင်၊ မတွန့်လျှင်ဘဲ၊ လျင်လျင်ပြုရေး တုံ့မနေးစေ၊ ရေးရေးယခု၊ ပြုခဲ့ပြုဆဲ၊ ကောင်းမှုခဲကို ၊ခွဲခြားမရှိ၊ များဘိဝေနေ ပေးမျှဝေသည်၊ ကောင်းထွေသာဓု ခေါ်စေသောဝ်။

မင်းသန့်ဦး (တောင်ကြီး)

<u>စာပေဒါနအလှူရှင်</u>

ဒေါက်တာအောင်ကျော် + ဒေါ်နင်းကြူ

သား - မောင်ထင်အောင်ကျော်ဦး + မအေးအေးငြိမ်း

မြေး - မစုစုနင်းအေး ၊မောင်အောင်အောင်စိုးမိုး

သမီး - မစံပယ်နင်းကြူ (မညာဏသိင်္ဂီ)

၇၉ ၊မြို့ပတ်လမ်း၊ ကံသာရပ်၊ တောင်ကြီးမြို့။